

စာပေဗိမာန် စာမူဆုရ
သမိုင်းခြေရာ ဖွေရှာခြင်း
မောင်ချစ်ထွေး
(မဟာဝိဇ္ဇာ)

၁၉၉၉ ခုနှစ်၊ စာပေဗိမာန်စာမူဆု
စာပဒေသာတတိယဆုရ

SARPAY BEIKMAN PUBLIC LIBRARY
Acc No..........

# သမိုင်းခြေရာ ဖွေရှာခြင်း

မောင်ချစ်ထွေး (မဟာဝိဇ္ဇာ)

စီစဉ်တည်းဖြတ်သူ - ဦးညွန့်[illegible] (ကွန်ရိုက် - [illegible])
[illegible] (တာဝန်ခံ)

စာပေဗိမာန်ထုတ်ပြန်သူလက်စွဲစာစဉ်

၂၀၀၃ ခုနှစ်၊ ပထမအကြိမ်၊ အုပ်ရေ ၂၀၀၀

SARPAY BEIKMAN PUBLIC LIBRARY

တန်ဖိုး ၂၅၀ ကျပ်

ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း
စာပေဗိမာန် စာတည်းမှူးချုပ် ဦးမောင်လှိုင် (မောင်ဆွေငယ်) က
မှတ်ပုံတင်အမှတ် ၉၆၁ (ယာယီ) ဖြင့် ရိုက်နှိပ်၍
မှတ်ပုံတင်အမှတ် ၂၈၅ (ယာယီ) ဖြင့် ထုတ်ဝေသည်။
ကွန်ပျူတာစာစီ .......... ဗဟိုပုံနှိပ်စက်ရုံ

## ဒို့တာဝန်အရေးသုံးပါး

★ ပြည်ထောင်စုမပြိုကွဲရေး ... ဒို့အရေး
★ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ... ဒို့အရေး
★ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ... ဒို့အရေး

SARPAY BEIKMAN PUBLIC LIBRARY

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေ စိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်းဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့် ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# အမှာစာ

မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာနိုင်ငံတော်ဖြစ်ပါသည်။ မြန်မာနိုင်ငံအတွင်းမိုတင်းနေထိုင်သည့် စာရေးသူတို့၏ ဒေသဝန်းကျင်တွင်လည်း ဗုဒ္ဓသာ သနာတော်ထွန်း ကားပါသည်။ စေတီ၊ ဘုရား၊ တန်ဆောင်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေတွင်း၊ ရေကန်များလည်း ပေါများလှသည်။ အစဉ်အလာကြီးမားခဲ့သည့် မြန်မာတို့၏ယုံကြည်ကိုးကွယ်မှုနှင့် ယဉ်ကျေးမှုသရုပ်ကို ဖေါ်ထုတ် ပြသနေသကဲ့သို့ရှိတော့သည်။ အချို့စေတီဘုရားများသည် မြန်မာနိုင်ငံ တော်တွင်ပွဲတော်ရဘုရားများရဖြစ်ကြ၏။ ထင်ရှားကိုးကွယ်တန်ခိုးကြွယ်ခဲ့သည့် စေတီဘုရားသမိုင်းများကိုလည်းရှာဖွေဖော်ထုတ်ကာပြထားပါသည်။

ကျွန်တော်တို့၏ဝန်းကျင်တွင် တကောင်း၊ ကြည့်ုပ်၊ စမွာယ်မကို၊ မလည်၊ မြဲတောင်၊ ချွန်းတောင်၊ ထီးချိုင့်– စသည့်ရှေးဟောင်းမြို့များလည်းရှိခဲ့ဖူးသည်။ ထိုမြို့ဟောင်းများတွင် မြို့ဟောင်းများ၏ အသွင်သဏ္ဍာန်များဖြစ်သည့် မြို့ရိုး၊ ကျုံး၊ မြောင်း၊ သာသနိက အဆောက်အအုံများအထင်အရှားရှိနေကြပါသည်။ စာဖတ်သူတို့ကို ထိုမြို့ဟောင်းများနှင့်လည်းရင်းနှီးစေလိုသည်။

မြန်မာနိုင်ငံသမိုင်းနှင့်အတူ ကျွန်တော်တို့၏ဝန်းကျင်ဒေသများလည်း လိုက်ပါပြောင်းလဲခဲ့ကြသည်။ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် ရဟန်းရှင်လူပြည်သူအများ ကောက်စိုက်မများပါမကျန် ပါဝင်ခဲ့ကြသည့် သမိုင်းအထောက်အထားများလည်းတွေ့ရသည်။

ယခုအခါ စနစ်ဟောင်းခေတ်ဟောင်းမှ အဖြစ်အပျက်ဟောင်းများကုန်ဆုံးလွန်မြောက်ခဲ့ပြီ၊ တိုးတက်ပြောင်းလဲလျှက်ရှိပါသည်။ ကျွန်တော်တို့ဝန်းကျင်တွင် သုံးစားမကုန်နိုင်သည့် သယံဇာတများပေါ

များသည်။ မြေလွှတ်မြေရိုင်းများကလည်းကျယ်ပြောလှသည်။ သဘာဝ၏ အခြေအနေပေးမှုကို လူသားတို့၏ စွမ်းအားဖြင့်ပေါင်းစည်းခဲ့ရာ ရတနာရွှေမြေများဖြစ်ခဲ့ပြီ၊ ဆည်မြောင်းချောင်းကန်၊ လမ်း၊ တံတားများ တည်ဆောက်လျှက်ရှိသည်။ နှစ်ဆယ့်လေးနာရီလျှပ်စစ်ဓာတ်အားရရှိပြီး လျှပ်စစ်စွမ်းအားဖြင့် လောကနိဗ္ဗာန် တည်ဆောက်ရန်ကြိုးပမ်းနေကြသည်။

ခြုံ၍ဆိုရသော် ယခင်အခါများက တိုးတက်ဖွံ့ဖြိုးမှုနောက်ကျခဲ့ရသည့် ကျွန်တော်တို့ဝန်းကျင်ဒေသများ၏ ပြောင်းလဲတိုးတက်မှုများကိုသိမြင်စေလိုသည့် စေတနာရှေ့ထား၍ဤသမိုင်းခြေရာဖွေရှာခြင်းစာမူကိုတင်ပြရခြင်းသာဖြစ်ပါသည်။

မောင်ချစ်ထွေး(မဟာဝိဇ္ဇာ)

# မာတိကာ


| အခန်း | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| | အမှာစာ | | |
| ၁။ | နယ်ချဲ့တွန်းလှန်ထုတ် သွန်းလုပ်ထုထား | ... | ၁ |
| ၂။ | ထီးချိုင့်မြို့ မြသိန်းတန်စေတီတော် | ... | ၂၇ |
| ၃။ | ကျော်လေးဆူဝင် အညာသီဟတောဘုရား | ... | ၃၁ |
| ၄။ | ရှင်အရဟံတည်ထားတော်မူခဲ့သော မော်ဆယ်ရွာ စေတီတော် | ... | ၄၄ |
| ၅။ | ထီးချိုင့်မြို့ ရွှေစည်းခုံစေတီတော်နှင့် ရွှေစည်းခုံ ကျောင်းတိုက် | ... | ၄၉ |
| ၆။ | ရွှေလီမြစ်ကမ်းမှ လောင်းတော်ဦးစေတီတော် | ... | ၅၄ |
| ၇။ | မဲဇာမြစ်ဦးခေါင်းတုံးမြို့ ရွှေဂူတော်ဘုရား | ... | ၆၂ |
| ၈။ | မင်းလက်ဝဲသုန္ဒရ၏ မဲဇာကမ်းမှလွမ်းစေတီများ | ... | ၇၀ |
| ၉။ | နန်းမွန်းတောင်တန်းငြိမ်းချမ်းသာယာ | ... | ၈၀ |
| ၁၀။ | ကျောက်စာများကပြောသည့် အလှူရှင်များ | ... | ၈၉ |
| ၁၁။ | မြတောင်ရွာ ဖောင်တော်ဦးစေတီတော် | ... | ၉၄ |
| ၁၂။ | မြတောင်မြို့ မဟာသုတဘောဂသူဌေးမင်းဦးစီး | ... | ၉၈ |
| ၁၃။ | ထူးခြားပေသည့် ကျောက်စေတီ | ... | ၁၀၀ |
| ၁၄။ | မြန်မာမျိုးကိုးကြိစရာ ဖြိုးကြွသာသနာတော် | ... | ၁၁၀ |
| ၁၅။ | သမိုင်းခြေရာ ရှာဖွေခြင်း | ... | ၁၂၀ |

| အခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၆။ | တကောင်းပြသနာ အဖြေရှာ ... | ၁၂၇ |
| ၁၇။ | နိုင်ငံခြားငွေ ရှာဖွေကြိုးပမ်း ခရိုမိုက်ထုတ်လုပ်ငန်း ... | ၁၄၇ |
| ၁၈။ | မြစ်ရောကမ်းနံဘေးက စပွာယ်နဂိုရ်ကင်းမြို့ ... | ၁၅၇ |
| ၁၉။ | မလည်မြို့ဟောင်း (သို့မဟုတ်) သုနပရန္တတိုင်း၏ခံမြို့ ... | ၁၆၄ |
| ၂၀။ | ရွှေမင်းဝံတောင်ခြေက ချွန်းတောင်မြို့ဟောင်း ... | ၁၇၂ |
| ၂၁။ | ကတူးကနန်းတို့၏အောင်ပွဲများ ... | ၁၈၁ |
| ၂၂။ | ဝန်းသိုနယ်က နယ်ချဲ့ဆန့်ကျင်ရေး ... | ၁၉၀ |
| ၂၃။ | မင်းလောင်းဘွဲ့ မန်လည်သံချို ... | ၁၉၈ |
| ၂၄။ | ကောက်စိုက်သမများ၏ မျိုးချစ်တေးသံ ... | ၂၀၃ |
| ၂၅။ | ရှေးဟောင်းလယ်ယာများပြန်လည်ဖော်ထုတ်ခြင်း ... | ၂၀၈ |
| ၂၆။ | ရွှေဥဒေါင်းစာပေဆု ... | ၂၁၆ |
| ၂၇။ | စခန်းအောင်မြေ ... | ၂၂၆ |
| ၂၈။ | မဲဇာ–ရောဝတီဖြတ်လမ်း ... | ၂၃၄ |
| ၂၉။ | နွေကိုအန်တုရ၍ ... | ၂၃၈ |
| ၃၀။ | မန္တလေး–ကသာ–ဗန်းမော် ရောဝတီအရှေ့ခြမ်း လမ်းမကြီး သပိတ်ကျင်း– တကောင်း– ကသာလမ်းပိုင်း ... | ၂၄၁ |
| ၃၁။ | လွှမ်းလို့ကျန် ... | ၂၅၁ |
| ၃၂။ | သွေးချင်းတို့၏အောင်ချမ်းသာ ... | ၂၆၂ |
| ၃၃။ | အလှတိုးသည့် ထီးချိုင့်နယ်မြေ ... | ၂၇၁ |


## နယ်ချဲ့ရန်တွန်းလှန်ထုတ် သွန်းလုပ်ထုထား

ကသာမြို့သည် စစ်ကိုင်းတိုင်းရှိ ခရိုင်မြို့ကြီး တစ်မြို့ဖြစ်သည်။ စစ်ကိုင်းတိုင်းမြောက်ဘက်စွန်း ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့နှင့် ဆက်စပ်နေ၏။ ကသာမြို့သည် ရောဝတီမြစ်အနောက်ဘက်ကမ်းထိပ်၌ တည်ရှိပြီး၊ နောက်ခံတောင်တန်းများဖြင့် လွန်စွာတင့်တယ်သော မြို့တစ်မြို့ ဖြစ်သည်။ မြန်မာ့စွယ်စုံကျမ်းအတွဲ(၁) ၌ –

"ကသာမြို့သည်ကသာခရိုင်အစိုးရဌာနအသီးသီး ရုံးစိုက်ရာ မြို့ကြီးဖြစ်၏။ ရောဝတီမြစ်ဆိပ်ကမ်းမြို့တစ်မြို့ဖြစ်၏။ ထို့ပြင် စစ်ကိုင်း၊ မြစ်ကြီးနား မီးရထားလမ်းသည် နဘားမှတစ်ဆင့် မီးရထားလမ်းခွဲဖြင့် ကသာမြို့နှင့်ဆက်သွယ်လျက်ရှိသော ကြောင့် စည်ကားလေသည်။ ခရိုင်မြို့ကြီးဖြစ်သည့်အတိုင်း တရားရုံးတော်များ၊ ရဲဌာန၊ ဈေး၊ စာတိုက်၊ ဗိုလ်တဲ၊ အကျဉ်းထောင် စသည်များဖြင့် စည်ကားလှသည်။ မြို့လယ်တွင် ထင်ရှားသော"မြစေတီဘုရား"တည်ရှိပြီး မြို့၏တောင်ပိုင်းနှင့် မြောက်ပိုင်းခွဲခြားထားသည်။"

ဟု ဖော်ပြထားသည်။

ကသာမြို့နှင့်ပတ်သက်၍ အဓိပ္ပာယ်အမျိုးမျိုး ဖွင့်ဆိုကြသည်။ "ကံကာယံ၊ သောဓေန္တိ၊ ဧတ္တောတိကသာ" ဧတ္တေ၊ ဤအရပ်၌။ ကံကာယံ၊

ကိုယ်ကို။ သောဇေန္တိ၊ စင်ကြယ်ကုန်၏။ ဣတိတသ္မာ၊ ထိုသို့ကိုယ်ကို စင်ကြယ်ရာဌာနဖြစ်သောကြောင့်ကသာ၊ ကသာမည်၏ဟု ဝိဂြိုဟ်ဆို၍ မိမိကိုယ်ကို စင်ကြယ်အောင် ပြုပြင်ရာဌာန ဖြစ်သောကြောင့် ကသာဟုခေါ်ကြောင်း ပြောဆိုကြသည်။

ပါဠိဘာသာ လိုက်စားကြသောပုဂ္ဂိုလ်အချို့ ကမူကား "အသောဘဒြောကသာမိဓ" ရေးအခါကကြိမ်လုံးများ ထွက်ရှိရာမြို့ဟု အဓိပ္ပာယ်ဖွဲ့ဆိုကြသည်။ အချို့ကလည်း "တက်ဆာ" ဟူသော ရှမ်းဘာသာစကားမှရွေ့လျောလာသည်ဟုဆိုကြ၏။ တတ်သာဟူသည် "သာယာသောဈေးမြို့"ဟူသော အနက်အဓိပ္ပာယ်ရကြောင်း ပြောဆိုကြ၏။ ကသာ၏ ဗျုပ္ပတ်အသီးသီးတွင် "သာယာသောဈေးမြို့"ဟူသောစကားသည် မှန်ကန်ဖွယ်ရှိနိုင်ပါသည်။ ကသာဟူသောအက္ခရာနှစ်လုံးအနက် "သာ"သဒ္ဒါသည် သာလွန်းခြင်း၊ သာယာငြိမ်းအေးခြင်း၊ ငြိမ့်ညောင်းသာယာခြင်း စသည်အနက်အဓိပ္ပာယ်များရှိပါသည်။

ထိုစဉ်က "တကောင်းမြို့"မှာ"ဆိပ်ကမ်းမြို့"မြို့ဖြစ်၏။ "ကသာမြို့"မှာ ကုန်ပစ္စည်းများရောင်းဝယ်ရာ"ဈေးမြို့" ဖြစ်သည်ဟုယခုတိုင် အစဉ်အလာဆိုရိုးစကားရှိကြသည်။ ဤအကြောင်းကို ဗြိတိသျှ ခရီးသည် ကပ္ပတိန် ဆိုင်မွန်ဟန်နေ၏ မှတ်တမ်းကထောက်ခံထားသကဲ့သို့ရှိသည်–

"ဧရာဝတီမြစ်အထက်ပိုင်း ခရီးဗန်းမော်နှင့် အင်းဝအကြားမြို့ကြီးဆို၍"ကသာမြို့သာရှိလေသည်။ ဧရာဝတီနှင့်ချင်းတွင်းမြစ်ကို ပိုင်းခြားထားသော တောင်ခြေရင်းတွင်"ကသာမြို့"တည်ရှိ၏။ "ကသာဈေး"တွင် မြန်မာလူမျိုးနှင့် တောင်ပေါ်တိုင်းရင်းသားအများ အပြားကို တွေ့ရသည်။ ဈေးသည်များမှာ တရုတ်၊ မြန်မာ ရောထွေးနေ၏။ "ကသာမြို့"၌



ရက်အနည်းငယ်နားနေကြရာ မြို့သူမြို့သားများက ပွဲလမ်းသဘင်များဖြင့် အလွန် ဧည့်ဝတ်ပျူငှာစွာ ဧည့်ခံကြလေသည်။ "ကသာဈေး"၌ အင်္ဂလန်နိုင်ငံလုပ် ကုန်ပစ္စည်းအနည်းငယ်ကိုပင် တွေ့ရသည်"ဟု ဖော်ပြထားသည်။

သမိုင်းဆိုင်ရာအထောက်အထားများအရ သာသနာတော် သက္ကရာဇ်(၂၂၄)တွင် ကသာမြို့မြစေတီဘုရားကြီးကို စတင်တည်တော်မူသည်ဟုတွေ့ရှိရသဖြင့် ကသာမြို့၏ သက်တမ်းသည်ကား လွန်စွာရှည်ကြာလှပြီဖြစ်သည်။

ကောဇာသက္ကရာဇ် ၃၉၅ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက် သောကြာနေ့တွင် ပုဂံပြည်ရှင်အနော်ရထာမင်း၏အမိန့်ဖြင့် ကသာမြို့ကို ကင်းမြို့အဖြစ် သတ်မှတ်တည်ထားလေသည်။ ထိုစဉ်က ကင်းချထားသော မြို့ဦးရေမော်အရပ်ကို "ကင်းမော်ဦး" ဟု ယနေ့တိုင်ခေါ်တွင်လျက်ရှိသည်။

မှန်နန်းရာဇဝင်တော်ကြီးတွင်–

"သက္ကရာဇ်(၈၃၈) ခုနှစ်တွင် မိုးညှင်းစော်ဘွားနှင့် မိုးကောင်းစော်ဘွားတို့စစ်ကူတော်မူပါဟု နားတော်လျှောက်ထား၏။ ဘုရင်သီဟသူရသည် သားတော်အိမ်ရှေ့မင်းကို မြို့စောင့်ခန့်တော်မူ၍ သားတော်အငယ် ရမည်းသင်းမင်းရဲကျော်စွာတို့ငါးတပ်ကို တိုက်ဆင် သုံးရာ၊ မြင်းခြောက်ထောင်၊ စစ်သည်သူရဲနှစ်သောင်းနှင့် ကြည်းကြောင်းချီသည်။ ဘုရင်သီဟသူရသည် ရေကြောင်း တစ်ဆယ့်နှစ်တပ်စီရင်တော်မူ၏။ စစ်သည်သူရဲ ခုနစ်သောင်းနှင့် ရွှေဖောင်တော်စီး၍ ချီတော်မူ၊ "ကသာဆိပ်"သို့ ရောက်တော်မူလျှင် မိုးညှင်းသို့ချီတော်မူသည်။"

ဟု ဖော်ပြထားရာ ကသာမြို့သည် ထိုစဉ်က မိုးညှင်းမိုးကောင်းသို့ ချီရာ စစ်လမ်းကြောင်းမြို့ဖြစ်ခဲ့၏။

သက္ကရာဇ် ၉၃၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက်နေ့တွင်လည်း ဆင်ဖြူများရှင်သခင် ဘဝရှင်မင်းတရားကြီးသည် စစ်သည်ဗိုလ်ပါ ရဲမက်များဖြင့် "ကသာ"သို့ချီတက်ခဲ့ကြောင်းတွေ့ရသည်။

ဗဒုံမင်းလက်ထက် ၁၁၄၅ ခုနှစ် ၁၁၆၄၊ စစ်တမ်းများအရ မြို့ရွာ လူနေအိမ်ခြေ စာရင်းများကိုလေ့လာခွင့်ရခဲ့သည်။

ကုန်းဘောင်ခေတ်ဦး မြို့ရွာလူနေအိမ်ခြေစာရင်း

| မြို့ရွာ | အသက် | စုခြား | ၂စုအိမ် |
|---|---|---|---|
| ကသာ | ၈၀ | ၂၇ | ၁၀၇ |
| ကျောက်မြောင်း | ၅၈ | ၃၂၅ | ၃၈၃ |
| မိုးတား | ၁၆၅ | ၂၉ | ၁၄၂ |

ကသာမြို့၏ ဗုဒ္ဓသာသနာတော် ကျက်သရေကိုဆောင်နေသည်တို့ကား စေတီတော်များ ဖြစ်ကြပါသည်။ ဧရာဝတီမြစ်အတွင်းမှ လှမ်းမျှော်ကြည့်လိုက်သောအခါ စေတီတော်လေးဆူကို ရွှေရောင်မှန်ရောင် တပြောင်ပြောင်ဖြင့် မြို့တွင်းမှထိုးထွက်၍ တင့်တယ်လျက်ရှိနေကြသည်။ ကသာမြို့တောင်ဘက်စွန်းတွင် သာဝတီ သာမဟာစေတီတော်၊ မြို့လယ်တွင် မြစေတီတော်၊ မြို့မြောက်ဘက်၌ ရွှေဂူကြီးစေတီတော်နှင့် မြို့ဦးတွင် သုံးလောက မုနိအမည်ရှိသော စေတီတော်များရှိသည်။

ကုန်းဘောင်ခေတ်ဗဒုံမင်းလက်ထက်တွင် နိုင်ငံတော်အတွင်း၌ ရွှေဂူဘုရား(၂၈၀) ကို တစ်ပြိုင်နက်တည်ခဲ့ဖူးသည်။ ယင်းရွှေဂူဘုရားများ တည်ခဲ့သည့်ရည်ရွယ်ချက်မှာ ယင်း၏နိုင်ငံရေး၊ မြို့နယ်ပယ်အခိုင်အမာ စိုက်ထူလိုက်ခြင်းသည် ပဓာနအရင်းမူလဖြစ်သော်လည်း သာသနာတော် ပြန့်ပွားတည်ထွန်းစေလိုခြင်း၊ လမ်းပန်းဆက်သွယ်ရေး ပြေပြစ်စေလိုခြင်း



တို့လည်း တွဲဖက်ပါဝင်ခဲ့သည်ဟု ဆိုနိုင်သည်။ ယင်းမြို့ရွာများတွင် ဧရာဝတီမြစ်ကမ်း၌"ကသာ"၊ "ကျောက်မြောင်း"၊ "မိုးတား"မြို့များပါဝင်သည်။

ကသာမြို့၏အလယ်တွင် တည်ထားတော်မူသော မြစေတီ စေတီတော်ကြီး၏ ဒါယကာသည် သီရိဓမ္မာသောကမင်းကြီးဖြစ်သည်။ စေတီတည်သောနှစ်ကား သာသနာသက္ကရာဇ် (၂၂၄) ခုနှစ်ဖြစ်သည်။ အနော်ရထာမင်းစောသည် ဗုဒ္ဓသာသနာတော်ကြီး ထွန်းလင်းရန် အားထုတ်နေသောပုဂ္ဂိုလ်ဖြစ်၍ ကင်းမြို့များကိုတည်သောအခါ မြို့အင်္ဂါနှင့်ညီညွတ်စေရန် စေတီပုထိုးများ အသစ်တည်ထားခြင်း၊ အဟောင်းပြုပြင်မွမ်းမံခြင်း ပြုလုပ်လေသည်။ ကသာမြို့တွင် သီရိဓမ္မာသောကမင်းကြီး၏ ကောင်းမှုတော်ဖြစ်သော မြစေတီဘုရားထင်ရှားတည်ရှိနေသောကြောင့် ထိုစေတီ ကို ထပ်မံတိုးချဲ့၍ တည်ထားလေသည်။ ဉာဏ်တော်၁၅ တောင်အမြင့်ရှိခဲ့၏။

ပုဂံပြည့်ရှင်အနော်ရထာမင်းမြတ်ပြုပြင်တော်မူခဲ့သော ကသာမြို့ မြစေတီဘုရားကို ကောဇာသက္ကရာဇ် (၄၇၄) ခုနှစ် ပုဂံထီးနန်းကိုသိမ်းမြန်း စိုးစံတော်မူသော အလောင်းစည်သူမင်းကြီးသည် တတိယအကြိမ် ထပ်မံပြုပြင်တော်မူခဲ့သည်။

ကုန်းဘောင်မင်းဆက် မင်းတုန်းမင်းတရားကြီးလက်ထက်တော်တွင် ကသာမြို့ မြစေတီဘုရားကိုပြန်လည်ပြုပြင်သော အမှတ်အသားများကိုတွေ့ရသည်။ မင်းတုန်းမင်းသည် ကောဇာသက္ကရာဇ် (၁၂၁၄) ခုနှစ်၊ မြန်မာ့ရွှေနန်းသိမ်းမြန်းစိုးစံပါသည်။ ထိုစဉ်က အင်္ဂလိပ်နယ်ချဲ့တို့သည် ပြည်မြို့အထိအောက်မြန်မာပြည်ကို သိမ်းယူပြီးဖြစ်သည်။ မင်းတုန်းမင်းဘုရင်ဖြစ်သောအခါ အင်္ဂလိပ်တို့နှင့် စစ်ပြေငြိမ်းရန် ကုလားဝန်မဟာမင်းခေါင် သီဟသူ၊ အမြောက်ဝန်မင်းလှ

သိရိမင်းထင်တို့ကိုပြည်မြို့သို့ စေလွှတ်ရာ အင်္ဂလိပ်တို့နှင့်ဆွေးနွေးပြီးနောက် အင်္ဂလိပ်တို့က ရခိုင်ဘိုးခေါင်တောင်ဦးထိပ်မှအရှေ့တည့်တည့် မြေထဲမြို့၊ တပ်အလံကိုင်မြောက်၊ အင်္ဂလိပ် ခြောက်တိုင် အကွာကသည် အဖြောင့် အတန်းစိုက်၍ စစ်တောင်းနှင့်ကရင်နီ နယ်နိမိတ်ထိ အပိုင်းအခြားပြု၍ လက်မှတ်ထိုးခိုင်းရာ မြန်မာနိုင်ငံအပါများသောကြောင့် လက်မှတ်မထိုးခဲ့ချေ။ သို့သော် ထိုစဉ်က အင်္ဂလိပ်များသည် လက်နက်အင်အား မြန်မာများထက် အဖက်ဖက်သာလွန်ကောင်းမွန်ခြင်းကြောင့် မြန်မာမင်းက အညံ့ခံ၍ ငြိမ်းချမ်းရေးပြုခဲ့ကြသည်။

အားမတန်၍ မာန်လျှော့ရသော်လည်း အင်္ဂလိပ်တို့၏လက်နက်အားကိုး၊ ဓားမိုး၍အနိုင်ကျင့်မှုကို မြန်မာတို့လုံးဝလက်မခံနိုင်ပါ။ မြန်မာများသည် ရှေးနှစ်ပေါင်းပဝေသဏီကပင် ကိုယ့်ဘုရင်ကိုယ့်သခင်ကိုယ့်မင်းကိုယ့်ချင်း၊ ကိုယ့်ဘာသာ၊ ကိုယ့်သာသနာ သီးခြားယဉ်ကျေးမှုနှင့်နေထိုင်ခဲ့ကြသူများဖြစ်သည်။ ယခုကဲ့သို့ တိုင်းခြားပြည်ခြားအယူဝါဒခြင်း၊ ယဉ်ကျေးမှုခြင်း၊ လူမျိုးခြင်း မတူသည့် အင်္ဂလိပ်လူမျိုးများက မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်၍ မြန်မာနိုင်ငံအောက်ပိုင်းတို့အား အဓမ္မသိမ်းယူကြသောအခါ မြန်မာများမခံမရပ်နိုင် ဖြစ်လာကြသည်။ အခွင့်သာတိုင်းအင်္ဂလိပ်တို့ကို ဆန့်ကျင်နည်းအမျိုးမျိုး ဖြင့်ကြိုးပမ်းလာကြသည်။ ထိုကြိုးပမ်းမှုများအနက် ကသာမြို့ မြစေတီဘုရားကြီး၏ အင်္ဂါထောင့်တွင်ရှိသောခြင်္သေ့ရုပ်တုသည် အင်္ဂလိပ်နယ်ချဲ့များကို တော်လှန်ဆန့်ကျင်သည့် အမှတ်အသားတစ်ခုဖြစ်သည်။

ကသာမြို့သည်ဆိပ်ကမ်းမြို့တစ်မြို့ဖြစ်သည်။ ဧရာဝတီဆိပ်ကမ်းတွင် အမြဲတမ်း လူစည်ကားနေသည်။ ဧရာဝတီဆိပ်ကမ်း၊ ကမ်းနားလမ်းနှင့် ကုန်သည်လမ်းထောင့်တွင်မြစေတီဘုရားကြီးတည်ရှိသည်။ မြစေတီ



ဘုရား အုတ်တံတိုင်းထောင့်တွင်ခြင်္သေ့ရုပ်တုတစ်ခု ဧရာဝတီ မြစ်ကမ်းသို့ မျက်နှာ မူနေသည်ကိုတွေ့ရသည်။ သတိမမူ ဂူမမြင်ဆိုသကဲ့သို့ သာမန်အားဖြင့်ကြည့်ရှုလျှင် ခြင်္သေ့ရုပ်ကြီး ထိုင်နေသည်ဟု ထင်ရသော်လည်း သေချာစွာလေ့လာကြည့်ရှုသည့်အခါ နယ်ချဲ့ဆန့်ကျင်ရေးသမိုင်း၏ တစ်ပိုင်းတစ်စ ကောက်ကြောင်းကို တွေ့မြင် ရသည်။

မင်းတုန်းလက်ထက် မြစေတီဘုရားကြီးအားပြန်လည်မွမ်းမံသောအခါ မြစေတီဘုရား၏ ရာဟုထောင့်အရပ်၌ နယ်ချဲ့ဆန့်ကျင်ရေး၊ အင်္ဂလိပ်ဆန့်ကျင်ရေး အဓိပ္ပာယ်ပါရှိသော ခြင်္သေ့ရုပ်တုတစ်ခုထုလုပ်ခဲ့ပါသည်။ သာမန်အားဖြင့်ကြည့်လျှင် ခြင်္သေ့ရုပ်တုဆောင့်ကြောင့်ထိုင်နေသည်ဟုထင်ရသည်။ သေချာစွာကြည့်ရှုသော် ထိုင်နေသည့်ခြင်္သေ့၏ရှေ့လက်များသည် ခြင်္သေ့လက်မဟုတ်ပါချေ။ နဂါးရုပ်ကိုလက်ဖြင့်ကိုင်၍ ခြေကြီးနှင့် ဆောင့်နေသောခြင်္သေ့ရုပ်ပါတည်း။ ခြင်္သေ့၏ရှေ့ခြေလက်များသည် နဂါးရုပ်ဖြစ်နေပါသည်။ နဂါးရုပ်ကိုခြင်္သေ့၏ရှေ့ခြေလက်သဏ္ဌာန်ထုလုပ်ထားသည်။ ခြင်္သေ့ကြီးသည် ဆောင့်ကြောင့်ထိုင်၍ နဂါးကိုစိတ်ရှိလက်ရှိ ကိုင်ဆောင့်နေသည်။ မသေမချင်းကိုင်ဆောင့်နေသည်။ ထိုခြင်္သေ့ရုပ်တုကား သရုပ်ပါလှ၏။ အားမာန်အပြည့်ပါရှိ၏။ နယ်ချဲ့ဆန့်ကျင်ရေးအနှစ်သာရ အပြည့်အဝပါရှိ၏။ အဓိပ္ပာယ်ကား–

မင်းတုန်းမင်းကြီးသည်အင်္ဂါသားဖြစ်၍ အင်္ဂါခြင်္သေ့ဆိုသည့်အတိုင်း ခြင်္သေ့ရုပ်သည်အင်္ဂါသားဖြစ်သော မင်းတုန်းမင်းကြီးကို ရည်ရွယ်ခြင်းဖြစ်၏။ နဂါးဆိုသည်မှာကား–စနေနံ အင်္ဂလိပ်များကို ရည်ရွယ်ဆိုလိုခြင်းဖြစ်သည်။ မင်းတုန်းမင်းတရားကြီးသည် နယ်ချဲ့အင်္ဂလိပ်များကို အားရပါးရ ကိုင်ဆောင့်နေပုံကို သရုပ်ဖော်ထားခြင်းဖြစ်ပါသည်။

## ရုပ်စုံဘွဲ့လေးဆစ်

သီဟနှင့်နာဂါ၊ သူနိုင်ငါနိုင်ရန်ပြုကြတာ၊
သီဟက မင်းတုန်းပါ၊ နာဂါက ကုလား။
နယ်ချဲ့ရန်တွန်းလှန်ထုတ်၊ သွန်းလုပ်ထုထား။

(ထိုစဉ်ကနယ်ချဲ့အင်္ဂလိပ်များကိုကုလားဖြူဟု မြန်မာများကခေါ်ဝေါ်ကြပါသည်)

မြန်မာတို့၏ နယ်ချဲ့စနစ်ဆန့်ကျင်ရေး၊ အင်္ဂလိပ်ဆန့်ကျင်ရေး စိတ်ဓာတ်သည် မည်သည့်အခါမျှမေ့လျော့ခြင်း၊ လျော့ပါးခြင်းမရှိပါပေ။ အခွင့်သာလျှင် နေရာဒေသမရွေး ဖော်ထုတ်ပြတတ်ကြသည်၊ ဘုရားတည်၊ ကျောင်းဆောက်၊ ဘုန်းတော်ကြီးပျံ၊ အလှူမင်္ဂလာပွဲပါမကျန် အလျဉ်းသင့်သလို မြန်မာတို့၏ မျိုးချစ်စိတ်ဓာတ်ကို ဖော်ထုတ်ပြသခဲ့ကြသည်။

ကသာမြို့မြစေတီဘုရားကြီးသည် လှူစည်ကားရာတွင်တည်ထားကိုးကွယ်ထား၏။ မြစေတီဘုရားပြန်လည်မွမ်းမံသည့်အခါ လူစည်ကား၍ အသွားအလာများသည့် အင်္ဂါထောင့်တွင် အထက်ဖော်ပြပါ ခြသေ့်ရုပ်တုကို ထုလုပ်ထားသည်။ နေ့စဉ်သွားလာလှုပ်ရှားနေကြသူများ မြင်သာထင်သာသည့်နေရာဖြစ်၏။ မြင်တွေ့ကြရသူမှန်သမျှ နယ်ချဲ့ အင်္ဂလိပ်ကို မုန်းတီးရွံရှာပြီး အမျိုးကိုချစ်သည့်စိတ်၊ တိုင်းပြည်ကို ချစ်သည့်စိတ်များ တဖွားဖွားပေါ်ပေါက်စေရန် ရည်သန်၍ ထုလုပ်ထား ဟန်ရှိသည်။ နယ်ချဲ့ဆန့်ကျင်ရေး သမိုင်းဝင်တစ်စိတ်တစ်ဒေသကို ဖော်ညွှန်းပြသနေပြီး မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးအတွက် လှုံ့ဆော်သတိပေးနေသယောင် ရှိတော့သည်။

မြစေတီဆိုသည်မှာ ပါဠိဘာသာ“အမရ”ဟူသောပိဒ်ကို“မ”နှင့်ကပ်၍“မြ”ဟု အသံထွက်လာသည်။ အမရဟူသောပုဒ်ကား



သေခြင်းကင်းရာ နိဗ္ဗာန်ဟူသောအနက်ကိုဟောပါသည်။ ထို့ကြောင့် စေတီတော်ကိုဖူးမြော်ကြသူများသည် နိဗ္ဗာန်အထိအကျိုးရနိုင်ပါသည်ဟူသောရည်ရွယ်ချက်ဖြင့် “မြစေတီ”ဟုသမုတ်ခြင်းဖြစ်တန်ရာသည်။

သာယာလှပသည့်ကမ်းသာမြို့ကိုရောက်လျှင်မြစေတီဘုရားကြီးနှင့် ဘုရားစုံဖူးမြော်နိုင် ကြပြီးနယ်ချဲ့ဆန့်ကျင်ရေး သရုပ်ကိုဖော်ထုတ်ပြသနေသည့် မြစေတီဘုရားထောင့်ရှိခြသေ့ရုပ်ထုကိုလည်း လေ့လာနိုင်ပါကြောင်း ရေးသားလိုက်ရပေသည်။

ချမ်းသာ – လှမ်းကာ – မြို့ကမ်းသာ

မြို့ကမ်းသာ – – – ဧရာမြတွင်၊ သဲငွေပြင်ဝယ်
ဖော်ကြင်တွဲကာ၊ ရွှေဟင်္သာနှင့်
ဝဲကာစင်ရော်၊ တွန်ကျူးကျော်၍
ဟစ်အော်ဒေါင်ဒင်၊ တံငါယာဉ်တို့
ပျော်ရွှင်လှုပ်ရှား၊ ထက်အောက်သွားသည်
လှအားရက်စွာ မြို့ကမ်းသာ။ ။

ညို့လှမ်းကာ – – – နီလာအရောင်၊ ကံ့ကော်တောင်လည်း
ညိုရောင်အဆင်း၊ ဧရာမင်းနှင့်
ရောင်ခြင်းတူပြိုင်၊ အလှပြိုင်၍
ပွင့်ခိုင်ဖြူနီ၊ လှပန်းချီတည့်
ပြာရီဆန်းစွာ၊ ညို့လှမ်းကာ။ ။

ဒို့ချမ်းသာ – – – စိတ်မှာလည်းအေး၊ ကိုယ်လည်းအေး၍
ကြည်အေးသာယာ၊ မြို့“ကသာ”ကား
သာသနာ့အရောင်၊ ထွန်းလင်းပြောင်၍

တန်ဆောင်မွေသရီ၊ စေတီနှင့်ကျောင်း
ရဟန်းကောင်းတို့၊ ခညောင်းပရိယတ်
ပဋိပတ်နှင့်၊ သိတတ်မနည်း
ကုသိုလ်ဆည်းလည်း၊ စောင့်စည်းသီလာ
ဒို့ချမ်းသာ။ ။

ရွှေထီးဏ္ဍနှရာ

## ဗန်းမော်မြို့ ရွှေကျီးနားစေတီတော်

ဗန်းမော်မြို့သည် ဧရာဝတီမြစ်၏ လက်ယာဘက်ကမ်းပေါ်၌ တည်ရှိပြီး ဧရာဝတီမြစ်ကြီး၏ ပထမမြစ်ကျဉ်းနှင့် ဒုတိယမြစ်နှစ်ခုကြား တွင် တည်ရှိသည်။ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၅၃ မိနစ်မှ ၉၇ ဒီဂရီ ၂၄ မိနစ်၊ မြောက်လတ္တီတွဒ် ၂၃ ဒီဂရီ ၅၄ မိနစ်မှ ၂၄ ဒီဂရီ ၆၂ မိနစ် အကြားတွင်ဖြစ်ပါသည်။ ဗန်းမော်မြို့နယ်၏ အရှေ့ဘက်တွင် မိုးမောက်မြို့နယ်၊ အနောက်ဘက်တွင် ရွှေကူမြို့နယ်၊ တောင်ဘက်တွင် မန်စီမြို့နယ်၊ မြောက်ဘက်တွင် မြစ်ကြီးနားမြို့နယ်တို့ဝန်းရံလျက်ရှိသည်။

ဗန်းမော်မြို့သည် ဧရာဝတီသင်္ဘောကြီးများ အဆန်ခရီးတွင် ခရီးလမ်းဆုံး သင်္ဘောဆိပ် မြို့တစ်မြို့ဖြစ်သည်။ အဝေးမှမျှော်ကြည့်လိုက်လျှင် စိမ်းညို့ညို့ကုက္ကိုပင်ကြီးများ အုပ်ဆိုင်းနေသော ဗန်းမော်သင်္ဘောဆိပ်မှာ ဧရာဝတီနှင့်ပနံရလှသည်။ ဧရာဝတီသင်္ဘောကြီးများ၊ မော်တော်များ၊ ပဲ့ထောင်များ၊ လှေများ၊ ဝါးဖောင်၊ သစ်ဖောင်များဖြင့် ဗန်းမော်ဆိပ်ကမ်းတွင် စည်းကားလျက်ရှိသည်။

တာပင်မြစ်သည် စင့်ကင်ကျေးရွာအနီး ဧရာဝတီမြစ်သို့ ပေါင်းဆုံစီးဝင်သည်။ ဧရာဝတီမြစ်အတွင်းသို့ ပထမဆုံးစီးဝင်သည့် မြစ်လက်တက်ဟုခေါ် ဆိုနိုင်သည်။ ဧရာဝတီနှင့်တာပင်မြစ်တို့ဆုံရာ မြစ်ဝှမ်းဒေသ



သည် ဧရာဝတီ၏အထက်ပိုင်းတွင် အကျယ်ပြန့်ဆုံးဒေသဖြစ်ပြီး မြေနုကျွန်းများ၊ စိုက်ပျိုးသီးနှံများဖြစ်ထွန်းရာဒေသဖြစ်သည်။ ဗန်းမော်မြို့သည်ခရီးလမ်းဆုံးခရိုင်မြို့ကြီးဖြစ်သည်။ ဗန်းမော်မှ မန္တလေး မြစ်ကြီးနားမြို့များသို့ လေယာဉ်ခရီးဖြင့်သွားနိုင်သည်။ မြစ်ကြီးနား ရွှေလီ နမ့်ခမ်းသို့ ကားလမ်းဖြင့်လည်းသွားလာနိုင်သည်။ မြန်မာနိုင်ငံ အထက်ပိုင်း၏ ဝင်ပေါက်ထွက်ပေါက်မြို့ဖြစ်သည်။

ဗန်းမော်မြို့တွင် သဘာဝထွက်ကုန်စုံလင်လှသည်။ တိုင်းရင်းသားမျိုးနွယ်စုံတို့ နေထိုင်ကြသည်။ ဘာသာစကားလည်းစုံလင်လှသည်။ ဗန်းမော်ဈေးတွင် ရောင်းကုန်ပစ္စည်းများကလည်းစုံလင်လှသည်။ ထို့ကြောင့်ဗန်းမော်ဈေး၊ သင်္ဘောဆိပ်၊ ကားဂိတ်များတွင် အထူးစည်ကားလှ၏။ နယ်စပ်သို့ ကားများဖြင့်သွားလာနိုင်သည်။

ဗန်းမော်မြို့၏ ရှေးဟောင်းအမည်သည် စမ္မာနဂိုရ်ပြည်သမိုင်းအရ "စမ္မာနဂိုရ်ကောင်းစင်"ဖြစ်၏။ အနော်ရထာမင်းစော၏ ကင်းမြို့(၄၃)မြို့တွင်"ကောင်းစင်"သည်ထိပ်ဆုံးမှဖြစ်၏။ ပုဂံခေတ်မြန်မာမင်းများ အာဏာစက်ဖြန့်ကျက်ရာဒေသဟု ဆိုနိုင်သည်။

ဗန်းမော်မှ "မန်မော်" ဟုသော ရှမ်းဘာသာစကားမှ ဆင်းသက်လာသည်ဟုလည်း ဆိုကြ၏။ အဓိပ္ပာယ်မှာ (မန် – ရွာ၊ မော် – အိုး) အိုးလုပ်သောရွာဟုဆိုလိုသည်။ အိုးလုပ်သောရွာနေရာတွင် မြို့တည်သောကြောင့် "မန်မော်"ဟုတွင်ခဲ့ရာမှ "ဗန်းမော်"ဟု ခေါ်တွင်ကြောင်းအဆိုရှိသည်။

သက္ကရာဇ် ၂၀၀ ခန့်တွင် ခမည်းတော် ဝိစိတ္တရာဇာမင်းသားနှင့် သားတော်ဝိလာသမင်းသားတို့သည် စမ္မာနဂိုရ်ပြည် ထီးနန်းစိုးစံတော်မူသည်။ ထိုစဉ်က မဇ္ဈိမဒေသ၌ မောရိယမင်းမျိုးဖြစ်သော သီရိဓမ္မာသောကမင်းကြီး ဘုန်းမီးနေလထွန်းတောက်ပလျက် ဗုဒ္ဓရှင်တော်မြတ်၏ သရီရ

ဓာတ်တော်မွေတော်တို့ကို ရာဇဂြိုလ်ပြည်မှ ဖော်ထုတ်ပင့်ယူလျက် ကမ္ဘာမြေပြင် ကြီး၌ စေတီပေါင်းရှစ်သောင်းလေးထောင်တည်ထားတော်မူလေသည်။ စမ္ပာနဂိုရ်ပြည်သည် မဇ္ဈိမတိုက်နှင့်ဟူးကောင်းတောင်ကြားလမ်းမှဖြတ်သန်း၍ အဆက်အသွယ်ရှိခဲ့သောကြောင့် သိရိဓမ္မာသောကမင်းထံမှ စေတီ ဘုရားတည်ထားကိုးကွယ်ရန် ဓာတ်တော်လေးဆူ ဝေစုရရှိခဲ့သည်။ ဝိစိတ္တရာဇာမင်းကြီးနှင့် သားတော် ဝိလာသမင်းသားတို့သည် ထိုလေးဆူသော ဓာတ်တော်တို့ဖြင့် –

စမ္ပာနဂိုရ်မြို့တာပင်မြစ်ဦး၌ – ပုထိုးရွှေကျိုးနား
မန်မော်ဌာန၌ – ပုထိုးရွှေစေတီ
ကောင်းတုံဌာန၌ – ပုထိုးရွှေစည်းခုံ
ငဆောင်းချမ်းဌာန၌ – ပုထိုးမြစေတီ ဟု

စေတီလေးဆူတည်ထားကိုးကွယ်တော်မူသည်။

စေတီတော်လေးဆူတည်ထားကိုးကွယ်တော်မူပြီး ဝိစိတ္တရာဇာမင်းကြီး သည် သားတော်အား ထီးနန်းလွှဲအပ်တော်မူ၍ မြတ်သောရဟန်းအသွင်ဖြင့် စမ္ပာနဂိုရ်မြို့မှ မိုင် ၂ ကွာတာပင်မြစ်ကွေ့တစ်ခုသောတောင်ယံ၌ ကမ္မဋ္ဌာန်းတရားပွားများအားထုတ်နေတော်မူသည်။

သားတော်ဝိလာသမင်းသားသည် စမ္ပာနဂိုရ်မြို့တွင်နေထိုင်ခြင်းမပြုဘဲ မြို့တော်အနီး အိုးလုပ်သူတို့၏ နေထိုင်ရာဖြစ်သော ဗန်မော်ဌာနသို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။ ထိုစဉ်က မန်မော် (ခေါ်) ဗန်းမော်မြို့၏ နယ်မြေ အပိုင်းအခြားမှာ –

(၁) အရှေ့အလား – လွယ်လိုင်တောင်ရိုးအထိ ရှမ်းမြေနှင့် ကျောခိုင်း။

(၂) အနောက်အလား – ရောဝတီအနောက်ဘက် တကျည်းကုန်းမြေပုံထိ မိုးညှင်းမြေနှင့် ကျောခိုင်း။



(၃) မြောက်အလား – လွယ်ငိုတောင်ရိုးထိ ခန္တီးမြေနှင့် ကျောခိုင်း။

(၄) တောင်အလား – ရွှေလီမြစ်အထိ မိုးမိတ်မြေနှင့် ကျောခိုင်း။

စမ္ပာနဂိုရ်မြို့ မူလမင်းဆက်ပြတ်သောအခါ ရှေးဦးစွာမှူးမတ်တို့သည် ဗန်းမော်မြို့ အုပ်ချုပ်ရေးဌာနသို့ ပြောင်းရွှေ့၍ အုပ်ချုပ်ခဲ့သည်။ ထိုစဉ်က ပုဂံနေပြည်တော်တွင် အနော်ရထာမင်းစောသည် ဘုန်းမီးနေလထွန်းလင်းတောက်ပသည်ဖြစ်၍ မြန်မာပြည်မြောက်ပိုင်း၌ သူတစ်လူငါတစ်မင်းအသင်းစုကွဲပြား၍ နေကုန်သော ရှမ်းစော်ဘွားတို့သည် အနော်ရထာမင်း၏ လက်ရုံးတော်အောက်သို့ခိုဝင်ခဲ့ကြပြီးဖြစ်သည်။ ထို့ကြောင့် ဗန်းမော်စား သိုလျှင်ဘွားသည် သီးခြားမင်းတစ်ပါးမဟုတ်တော့ဘဲ အနော်ရထာမင်း၏ လက်အောက်ခံ စော်ဘွားတစ်ဦးဖြစ်ခဲ့လေသည်။

စမ္ပာနဂိုရ်သမိုင်းအရ သက္ကရာဇ် ၇၅၀ အထိ စော်ဘွားမြို့ဝန်ပေါင်း ၂၃ ဦးရှိလေသည်။ ၎င်းနောက် ပေါမိုင်းလေးဆက်နှင့် အမတ်များ အုပ်ချုပ်လာခဲ့ပြီး သက္ကရာဇ် ၁၁၁၃ ခုနှစ်တွင် ဦးမြတ်အောင်အုပ်ချုပ်လေသည်။

သက္ကရာဇ်၁၂၄၆ ခုနှစ်တွင် လွှတ်တော်စာရေးကြီးဦးလူကြီးကို မြို့ဝန်ခန့်အပ်ပြီး ၁၂၄၇ ခုနှစ်တွင် မလွန်(၃)မြို့ဝန် လွှတ်တော်ဝန်ထောက်ဦးစိုးလှစီရင်ရကာ စစ်ကဲဦးထွန်းကြွယ်၊ ဦးဖိုးထွန်း၊ နာခံဦးကြီးဦးဖေ၊ မြို့စာရေးဦးချိန်တို့ မြို့ထိန်းသိမ်းအုပ်ချုပ်စဉ် ၁၂၄၇ ခုနှစ် နတ်တော်လအတွင်း နယ်ချဲ့အင်္ဂလိပ်များ ဗန်းမော်မြို့ကို သိမ်းပိုက်သည်။

ဝိစိတ္တရာဇာမင်းကြီးနှင့် သားတော်ဝိလာသမင်းသားတို့တည်ထားကိုးကွယ်ခဲ့သော ရွှေကျိုးနားစေတီတော်သည် သက္ကရာဇ် ၁၁၈၀ ပြည့်နှစ်ရောက်သောအခါ တာပင်မြစ်ရေစား၍ ကမ်းပါးပြိုကျသဖြင့် ရေသို့ကြွမည့် အခြေအနေသို့ ရောက်ခဲ့လေသည်။

ထိုအခါ မြို့ဝန်မင်းနှင့်တကွ ဘဒ္ဒန္တသီလဝံသ ဓဇမဟာဓမ္မရာဇာ ဂုရုဘွဲ့ တံဆိပ်တော်ခံ သာသနာပြုနွယ်ငြိမ်း ဆရာတော်၊ ကုန်းခါးဆရာတော်၊ ကောင်းစင်ဆရာတော်၊ ညောင်ပင်သာဆရာတော်၊ ကျွန်းကြီးအလယ်ကျောင်းဆရာတော်၊ ကမ်းနီဆရာတော်၊ စင့်ကင်ဆရာတော်၊ ခံနောင်ဆရာတော်၊ မြို့ဟောင်းဆရာတော်၊ တာပင်ကျွန်းဆရာတော်၊ ရေရှင်ဆရာတော်၊ တောင်လေးလုံးဆရာတော်၊ ပန်းပဲကုန်းဆရာတော်၊ တပ်တွင်းဆရာတော်စသော သံဃာတော်အရှင်သူမြတ်တို့သည် ဒါယကာ၊ ဒါယိကာမတို့အားတိုက်တွန်းနှိုးဆော်တော်မူ၍ စေတီတော်ကို ကုန်းပြင်ဌာန အိုက်ခေါ်တော်စေတီအနီး ပြောင်းရွှေ့တည်ထားကြလေသည်။ ထိုသို့ တည်ထားစဉ်ကာလ ဗန်းမော်မြို့ဝန်မင်းက ဒါယကာပြုလုပ်၍ နတ်မုန်၊ နတ်လှေကား၊ အုတ်ပြာသာဒ်၊ တန်ဆောင်းတို့ကိုပါ တည်ထားလှူဒါန်းခဲ့လေသည်။

ရတနာပုံနေပြည်တော် ထီးနန်းကို တည်ထောင်တော်မူသော ပဋ္ဌမ သင်္ဂါယနာတင် ဘဝရှင် မင်းတုန်းမင်းတရားကြီးသည် သက္ကရာဇ် ၁၂၂၇ ခုနှစ် မှစ၍ ရွှေကျိုးနားစေတီတော်ကို ဖိနပ်တော်ပေ ၃၀၊ ဉာဏ်တော်အမြင့် အံတောင် ၆၀ ဆန်းကြယ်စွာခြံငုံ၍ အသစ်တည်ထားတော်မူသည်။ ထိုသို့တည်စေ၍ မွမ်းမံခြယ်လှယ်ပြီး ၁၂၂၈ ခုနှစ် ဝါဆိုလဆုတ် ၇ ရက် နေ့မှစ၍မြင်းကွန်းအရေးတော်ပေါ်လာသဖြင့် ထီးမတင်ရဘဲ ခေတ္တဆိုင်းငံ့ထားရလေသည်။

ထိုအရေးတော်ဖြစ်ပေါ်စဉ် ကြေးမြင်မင်းသားသည် ရွှေကျိုးနားဘုရားကို ရွှေထီးတော်လှူနိုင်ပါက ဘုရင်ဖြစ်လိမ့်မည်ဟုသတင်းစကားဖြစ်ပွားလာသဖြင့် နေပြည်တော်မှ ရွှေလုံ့ဖိုလ်မှူးအား အရန်တပ်သားငါးရာပေးအပ်၍ ရွှေကျိုးနားစေတီတော်အား ရွှေထီးအပြီးအမြောက်တင်လှူတော်မူသည်။



သက္ကရာဇ် ၁၂၅၇ ခုနှစ် မြေငလျင်တုန်လှုပ်ရာ ရွှေကျိုးနားစေတီတော်သည်ခရာသီးမှစ၍ကွဲအက်ခဲ့လေသည်။ ထိုအခါမြို့အုပ်မင်းဦးထွန်းကြွယ်နှင့်တကွ ဗန်းမော်မြို့ ရွှေကျောင်းဂိုဏ်းချုပ်ဆရာတော် ဦးဇောတ၊ မင်းစည်း ဂိုဏ်းအုပ် ဆရာတော် ဦးပရမ၊ ရွှေကျိုးနားဆရာတော် ဦးမုတ်ဆိတ်တို့ကြီးကြပ်ပြီး မြို့ရောနယ်ပါ ဒါယကာ၊ ဒါယိကာမတို့၏ အကူအညီတို့ဖြင့် စိန်ဖူးတော်မကျန် ထပ်မံပြုပြင်ခဲ့သည်။

သက္ကရာဇ် ၁၂၉၃ ခုနှစ်တွင် ငလျင်တစ်ဖန် တုန်လှုပ်ပြန်ရာ ရွှေကျိုးနားဘုရား ထီးတော်မြတ် ယိမ်းယိုင်လာသဖြင့် ဝန်ထောက်မင်း ဦးထွန်းကြွယ်၊ ရေရှင်ဂိုဏ်းချုပ်ဆရာတော်ဦးအာလောကတို့ ခေါင်းဆောင်လျက် သူတော်ကောင်းအပေါင်းတို့က ရွှေထီးတော်ကိုတင့်တယ်စွာဖြင့် ပြင်ဆင်၍ ခရာသီးမှခေါင်းလောင်းများအထိ ရွှေဆိုင်းပေါင်း တစ်သောင်းဖြင့် ၁၂၉၄ ခုနှစ်တွင် ရွှေသင်္ကန်းကပ်လှူခဲ့သည်။

ဒုတိယကမ္ဘာစစ်ကြီးသည် မြန်မာနိုင်ငံသို့ကူးစက်လောင်ကျွမ်းခဲ့လေသည်။ မြန်မာနိုင်ငံတစ်ဝန်းလုံး နေ့ညမစဲ တသဲသဲဖြင့်ဗုံးမိုးစက်သေနတ်မိုး ရွာသွန်းဖြိုးခဲ့လေသည်။ ၁၃၀၆ ခုနှစ်၊ ဝါခေါင်လဆုတ် ၈ ရက် နံနက် ၁၁ နာရီအချိန်တွင် မဟာမိတ်တို့၏ ဗုံးဒဏ်ကြောင့် ရွှေကျိုးနားစေတီတော်သည် ခေါင်းလောင်းနားအထိ ပြိုအက်တော် မူခဲ့လေသည်။

ဤသို့ပျက်စီးရာ၌ ရွှေထီးတော်သံတိုင်သည်ဗုံးဒဏ်ကြောင့် စေတီမှလွင့်ပျံတက်၍ တာပင်ချောင်းကမ်းဦး၌ ကျရောက်သွားလေသည်။ စေတီတော်လည်း အထက်ပိုင်းတစ်ခုလုံး ပျက်စီးသွားလေသည်။ သို့သော် ရွှေထီးတော်မှာမူကား လုံးဝအထိအခိုက်အပျက်အစီးမရှိဘဲ ပျက်စီးလေပြီး သော စေတီတော်အထက်ပိုင်း၌ ပကတိအတိုင်းတည်နေတော်မူသည်။ ရွှေကျိုးနားစေတီတော်၏ အံ့ဖွယ်တစ်ပါးဖြစ်ပါသည်။

မဟာမိတ်တို့၏ဗုံးဒဏ်ကြောင့်ပျက်စီးသွားသော ရွှေကျီးနားစေတီတော်မြတ်ကို ရွှေကျီးနားဂိုဏ်းအုပ်ဆရာတော် ဦးနန္ဒဝံသကိုယ်တော်တိုင် လုံ့လဝီရိယစိုက်ထုတ်တော်မူ၍ ဗန်းမော်မြို့သံဃာတော်များ၊ မြို့တော်ဒါယကာ ဒါယိကာမများ အကူအညီဖြင့် ၁၃၀၉ ခုနှစ်မှစ၍ပြုပြင်တော်မူခဲ့ရာ ၁၃၁၀ ခုနှစ်တွင်အလုံးစုံပြီးမြောက်အောင်မြင်တော်မူသဖြင့် မူလထီးတော်ကို ရွှေကျောက်တို့ဖြင့် မွမ်းမံခြယ်လှယ်လျက် တပေါင်းလပြည့်နေ့တွင် ထီးတော်တင်ပွဲ ကျင်းပပူဇော်နိုင်ခဲ့ပါသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် သမိုင်းဝင်စေတီ၊ ဘုရား၊ ပုထိုးများ၊ သာသနိကအဆောက်အအုံများ၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းပြုပြင်စောင့်ရှောက်လျက်ရှိပါသည်။ ဗန်းမော်မြို့ ရွှေကျီးနားစေတီမြတ်ကြီးကိုလည်း ဘက်စုံပြုပြင်မွမ်းမံလျက်ရှိပါသည်။ ဗုဒ္ဓပူဇနိယပွဲတော်ကိုလည်း နှစ်စဉ်တပေါင်းလပြည့်နေ့မှစတင်၍ ကျင်းပလျက်ရှိပါသည်။ သဒ္ဓါကြည်လင် ပါရမီရှင် အပေါင်းတို့သည် မိမိတို့တတ်စွမ်းသမျှ လှူဒါန်းပူဇော်ကြပြီး ဘုရားဒါယကာ၊ ဒါယိကာမအဖြစ်ခံယူနိုင်ကြပါသည်။ နယ်မြေကလည်းအေးချမ်း၊ ခရီးလမ်းဆက်သွယ်ရေးကလည်း လုံခြုံချောမွေ့သဖြင့် ရွှေကျီးနားစေတီတော်မြတ်ကြီးကို ဖူးမြော်ကြည်ညိုရင်း ကချင်ပြည်နယ်၏ သဘာဝအလှ၊ တိုးတက်ပြောင်းလဲနေသည့်လုပ်အားအလှများကို တစ်ဝကြီး လေ့လာကြည့်ရှုနိုင်ကြပါရန် ဖိတ်ခေါ်လိုက်ရပါသည်။

## ရွှေပေါ်ကျွန်းစေတီတော်

ရွှေကူမြို့သည်လည်း ဧရာဝတီဆိပ်ကမ်းမြို့ကြီးတစ်မြို့ဖြစ်လေသည်။ ပုဂံခေတ်ဦးကာလက အနော်ရထာမင်းတည်ခဲ့သည့် ကင်းမြို့ဟုမှတ်သားရသည်။ ရွှေကူသင်္ဘောဆိပ်တွင် ခရီးသည်အတက်အဆင်းများနှင့် သက်ဝင်



လှုပ်ရှားနေသည်။ သင်္ဘောပေါ်မှကြည့်မိရာ ဆိပ်ကမ်းကုန်းမြင့်လမ်းကို မြင်ရသည်။ ဆိပ်ကမ်းပေါ်ရှိလမ်းတွင် မြင်းလှည်းများကိုတွေ့မြင်ရပြီး ဆိပ်ကမ်းတွင်မူ စက်လှေများကိုတွေ့ရသည်။

ရွှေကူမြို့၏ဆိပ်ကမ်းရှုခင်းတွင် အမိကထင်ရှားသည့် ပစ္စည်းများမှာ လက်ရာပြောင်မြောက်လှသည့် မြေဖြင့်ပြုလုပ်ထားသည့်လက်ရာ အမျိုးမျိုးပင်ဖြစ်သည်။ ဤမြို့နယ်သည် လက်မှုလုပ်ငန်းဖြင့် အညာဒေသတွင် နာမည်ကြီးသည့် မြို့ဖြစ်သည်။ မြို့ကိုအကြောင်းပြု၍ ရွှေကူအိုးများ ဟုခေါ်သည်။

မြေရေအိုးများမှာ အရွယ်အစားအမျိုးမျိုးရှိသည်။ ရောင်စုံပန်းပွင့်များခြယ်သထားသည့်အိုးများကိုလည်းတွေ့ရသည်။ အိုးသားအရောင်မှာနီညိုနှဖြစ်သည်။

ရွှေကူမြို့နယ်တွင်သဘာဝသစ်တောကြီးများ စိမ်းရှိနေ၏။ ထို့ပြင် လယ်ယာကိုင်းကျွန်းများကမြရောင်ရွှေဝါရောင် လွှမ်းနေသည်။ မြို့နယ်အနှံ့တွင်အင်းများရှိနေသဖြင့် ရေထွက်လုပ်ငန်းများ ရာသီမရွေး လုပ်ကိုင်နိုင်ပါသည်။ ရွှေကူမြို့နယ်သည် သဘာဝသယံဇာတများ ပေါများသည့် မြို့နယ် တစ်ခုဖြစ်ပါသည်။ ရတနာရွှေမြေဖြစ်သဖြင့် နေရာအနှံ့ရွှေများ ထွက်ရှိရာ ရွှေလုပ်ငန်းသည်လည်း ဖွံ့ဖြိုးပါသည်။

ရွှေကူမြို့၏ဝဲယာအနှံ့တွင် တောတောင်များ၊ စိုက်ခင်းများရှိပါသည်။ အရှေ့တောင်ဘက်မိုင် ၂၀ ခန့်တွင်"ကျောက်ဆူးတောင်" ကြီးတစ်ခုရှိသည်။ ထိုကျောက်ဆူးတောင်မှ ၃ မိုင်ခန့်ဆက်သွားပါက "ကျောက်တံခါး" တောင်သို့ရောက်သည်။ ထိုတောင်ကြီး၏အလယ်တွင် လိုဏ်ဂူကြီးတစ်ခု ရှိ၏။ ထိုဂူကြီးထဲသို့ဝင်လိုက ဖယောင်းတိုင်ကြီးများ ထွန်းညှိ၍ဝင်ကြရသည်။ တစ်နေကုန်ဝင်သွားသော်လည်း ဂူကြီးသည်ရှည်လျားလွန်း၍ မဆုံးနိုင်ဟုဆိုသည်။

ထို့ပြင် ကျောက်တံခါးတောင်မှတက်၍ ၇ မိုင်ခန့်သွားပါက နမ့်ဖားချောင်းသို့ရောက်၏။ ထိုချောင်းအနီးတွင် သဘာဝ "ကျောက်မဏ္ဍပ်ကြီး" တစ်ခုရှိ၏။ ကျောက်တို့ဖြင့် သဘာဝမှ ဖန်တီးထားသော"မဏ္ဍပ်ကြီး" ဖြစ်သည်။ ထိုမဏ္ဍပ်ကြီးသည် အလှူမင်္ဂလာပွဲများတွင် ထိုးထားသည့် မဏ္ဍပ်ကဲ့သို့လူပေါင်း(၁၅၀) ခန့် ဝင်ရောက်ထိုင်နိုင်သည်။ မိုးရွာသော်လည်း မိုးရေမစိုချေ။ မဏ္ဍပ်ကြီး၏ ကြမ်းခင်းသည် သိသာနေ၏။ သဲနုများခင်း ထားသကဲ့သို့ပင် ထိုကျောက်မဏ္ဍပ်ကြီး၏ အမိုးအမြင့်မှာ ငါးတောင်ခန့်မြင့်၏။ သဘာဝ၏ ထူးဆန်းအံ့သြဖွယ်ရာပင်။

ရွှေကူမြို့၏မြောက်ဘက်မိုင် ၂၀ အကွာတွင်"အမတ်ကြီးကုန်းရွာ" ရှိသည်။ ထိုရွာ၏အရှေ့မြောက်ဘက် သုံးမိုင်ခန့်အကွာတွင် ရေပူလွင် တစ်ခု ကိုတွေ့ရ၏။ ရေတွင်းတစ်ခု၏ ရေများက သဘာဝအတိုင်း ပူနေသဖြင့်"ရေပူလွင်" ဟုခေါ်ခြင်းဖြစ်၏။ ထိုရေပူတွင်းအနီးမှ ချောင်းကလေးကမူ ရေပူတွင်းနှင့် ဆန့်ကျင်လျက်အေးမြနေ၏။ ထို့ကြောင့် ဆန့်ကျင်ဘက်အမည်ဖြင့် "ရေအေးချောင်း" ဟုခေါ်ကြသည်။ ရေပူလွင်နှင့် ရေအေးချောင်းတို့သည် သဘာဝ၏အံ့သြဖွယ်တို့ပင်ဖြစ်သည်။

ထို့ပြင်"ကျောင်းဆင်ရုပ်လွင်"၊ "ခြေရာကြီးစခန်း"စသည့်ထူးဆန်းသည့်နေရာများလည်းရှိသေး၏။ ရွှေကူမြို့နယ်ကို သဘာဝတောတောင်များကထူးခြားဆန်းပြားသည့် ပုံရိပ်များဖြင့်အလှဆင်ထားသည်။ ရွှေကူးမြို့နယ် သဘာဝအလှအပများက ရှုမငြီးဖွယ်ရှိလှသည်။ ဆက်လက်၍ သုတေသနပြုဖွယ်ရာများရှိနေပါသေးသည်။

နောင်တော်ကိုးကျိပ်ကိုးယောက်ကို သတ်၍ နန်းရပ်ထီးဖြူအုပ်စိုးတော်မူသော စဏ္ဍာသောက(ကြမ်းကြုတ်သောအသောက)ဟူ၍လည်းကောင်း၊ နောင်သောအခါ ဗုဒ္ဓ၏ဓမ္မတရားအရသာကို သောက်သုံးစားမျိုရသဖြင့်

၉၀၃.၂ / ချိ / B/ 99641. 250/-
နယ်ချဲ့ရန်တွန်းလှန်ထုတ် သွန်းလုပ်ထုထား ၆၇.၀၄

စိတ်နှလုံးနူးညံ့သိမ်မွေ့လျက် တရားသဘောလွန်စွာသက်ဝင်လာသောကြောင့် (ဓမ္မာသောက) ဟူ၍လည်းကောင်း ကျမ်းဂန်တို့၌ မှတ်တမ်းတင်ခြင်းကို ခံတော်မူရသော ပါဋလိပုတ်ပြည့်ရှင် "သီရိဓမ္မာသောကမင်းတရား" သည်ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်တို့ကို ရည်ရွယ်၍ ဇမ္ဗူဒိတ် မြေအပြင်၌ ရှစ်သောင်းလေးထောင်သော ကျောင်းအာရာမ်၊ ရေတွင်း ရေကန်တို့ကို တည်ထားတော်မူပြီးနောက် ကြွင်းကျန်သော ဓာတ်တော် မွေတော်ပေါင်း ၇၇၇၇ ဆူဖြင့် ဗုဒ္ဓကုရ၊ ဘုရားလောင်းလျာကျက်စား နေထိုင်ရာဖြစ်တော်မူဖူးသော "ဇေယျာဘုမ္မိ" ရပ်ဌာန"ရွှေပေါ်ကျွန်း" မည်သောစေတီတော်ကို တည်ထားကိုးကွယ်တော်မူခဲ့သည်။

ရွှေပေါ်ကျွန်းစေတီတော်မြတ် စံရာကျွန်းတော်မြေကိုလည်း "ဇေယျာဘုမ္မိ" ဟု သမိုင်းကျောက်စာ၌ ဆိုသောကြောင့် ရန်အောင်မြေ၊ မြေမြတ်ဟူ၍ မှတ်သင့်ပေသည်။ အောင်မြေ (သို့မဟုတ်) မြေမြတ်၏ အင်္ဂါ လက္ခဏာကို ရာဇသေဝကဒီပနီမည်သော ကျမ်းကြီး၌-

(၁) စေ့စပ်သိပ်သည်း မြဲမြံခိုင်ခံ့သောမြေ၊
(၂) ပကတိအားဖြင့် မွှေးကြိုင်သောရနံ့ရှိသောမြေ၊
(၃) နံ့သာမျိုးသစ်ပင်များ ပေါက်ရောက်သောမြေ၊
(၄) ရေလက်ယာစီးသောမြေ၊
(၅) နွယ်သစ်ပင်တို့ လက်ယာရစ်ပေါက်သောမြေ၊
(၆) တူးစွသော် ရွှေဝါရောင်ရှိသောမြေ၊
(၇) ညီညွတ်သောအပြင်ရှိသောမြေ၊

ဇေယျာဘုမ္မိကျွန်းတော်မြေသည် မြုပ်ကျွန်းမဟုတ်၊ ပေါ်ကျွန်းဖြစ်သည်။ ထို့ကြောင့် မြတ်သောအနက်အဟောရှေ့သဒ္ဒါဖြင့် အထူးပြု၍

(ရွှေပေါ်ကျွန်း)ဟုခေါ်ဝေါ်ကြလေသည်။ ယခုအခါ မြန်မာနိုင်ငံတော်ဝယ် "ဧယျာဘုမ္မိ မည်သောရွှေပေါ်ကျွန်း" သည် ကချင်ပြည်နယ်၊ ရွှေကူမြို့ အနီး၌တည်ရှိပြီး မန္တလေးမြောက်ဘက် ဧရာဝတီမြစ်လမ်း အတိုင်း ၂၃၈ မိုင်ခန့်သာ ကွာဝေးပါသည်။

ပုဂံပြည်အနော်ရထာမင်းစောသည် တိုင်းခန်းလှည့်လည်တော်မူလာစဉ် ဧယျာဘုမ္မိကျွန်းတော်ဦးသို့အရောက်တွင် ခြောက်သွယ်သောရောင်ခြည်တော်တို့သည် တစ်ခဲနက်ဖြစ်ပေါ်လာသဖြင့် အနော်ရထာမင်းစော သည်အားကြီးသော ပီတိသောမနဿဖြစ်လှ၍ မကိုင်ရသဖူကို လှူတော်မူပြီးလျှင် စေတီတော်မြတ်အားတံတိုင်း၊ နတ်ရုပ်၊ မနုဿီဟ၊ ခြင်္သေ့တို့ဖြင့် တင့်တယ်စွာပြုတော်မူသည်ဟုလာရှိသည်။

ထို့နောက်မိုးမိတ်စော်ဘွားသည် ရွှေပေါ်ကျွန်းစေတီတော်တိုး ချဲ့၍ ဉာဏ်တော်အမြင့် ၂၃ တောင်၊ လုံးပတ် ၁၀၄ တောင်ရှိသော စေတီတော်ကို တည်ပြီးလျှင်တံတိုင်း၊ မီးတားကာရံ၍ စေတီပူဇော်ပွဲကို ပြုလေသည်။ ထိုသို့စေတီဘုရားတည်ထားတော်မူပြီးနောက် မူလကသစ္စာပြုသည့် အတိုင်း–

- မြောက်သို့လားသော် ဧရာဝတီမြစ်ဖျားအထိ
- အရှေ့တောင်သို့လားသော် တော်လန်ခင်ပုတ်ခေါ်ခဲတောင်ရိုးနှင့် စက္ကလာချောင်းအထိ
- အနောက်သို့လားသော် ကွင်းချောင်းအထိ
- တောင်သို့လားသော် ခေါ်လဲတောင်ရိုးစက္ကလားချောင်းဖျားအထိ။

ဤနယ်နမိတ်နယ်ပယ်များကို သတ်မှတ်၍ ရွှေပေါ်ကျွန်းစေတီတော်အား ရေစက်သွန်းလောင်း၍ လှူဒါန်းပူဇော်လေသည်။



ကောဇာသက္ကရာဇ် ၈၀၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁ ရက် သောကြာနေ့တွင် (သီရိတြိဘဝနာဒိတျာပဝရနရပတိ၊ မဟာဓမ္မရာဇာဓိပတိ) ဘွဲ့ခံတော်မူသော နရပတိမင်းသည်အထက်အညာသို့ ကြည်းတပ် (၁၃) တပ်မှာ တိုက်ဆင်ခြောက်ရာ၊ မြင်းရှစ်သောင်း၊ စစ်သူရဲတစ်သောင်းငါးထောင်၊ ရေတပ်မှာကုရှပ်သမ္ဗာန်တိုက် လှေခြောက်ရာ၊ လှော်ကားသံလှေ သုံးရာ၊ စစ်သည်သူရဲတစ်သိန်းနှစ်သောင်းနှင့် ရွှေဖောင်စီးတော်မူ၍ ရေအားကြည်းအားချီတက်တော်မူရာ မိုးစစ်သို့ရောက်လျှင် ရွှေပေါ်ကျွန်း ဘုရားပြိုပျက်လျက်ရှိသည် ကို အသစ်ထပ်မံ၍တည်ထားတော်မူသည်။

ကောဇာသက္ကရာဇ် ၁၀၇၆ ခုနှစ်တွင် အင်းဝ၌ သီရိပဝရမဟာဓမ္မရာဇာဓိပတိဘွဲ့တော်ခံသော မှန်နန်းရှင်မင်းတရား၊ ထီးနန်းစိုးစံတော်မူသည်။ မင်းတရားကြီးအမိန့်တော်ဖြင့် ဗန်းမော်မြို့စား သိုဆိုင်ဘွားက ၁၀၉၀ ခုနှစ်တွင် အသစ်တစ်ဖန် ထပ်မံပြုပြင်ပါသည်။

သက္ကရာဇ် ၁၁၁၃ ခုနှစ်တွင်အင်းဝပျက်လေသော် မြန်မာနိုင်ငံတော်သည် မငြိမ်မသက်တုန်လှုပ်ချောက်ချားခြင်းဖြစ်လျက် သူတစ်လူငါတစ်မင်း ဖြစ်ခဲ့ပြီးနောက် ၁၁၁၅ ခုနှစ်တွင် အလောင်းမင်း တရားကြီး ဦးအောင်ဇေယျသည်ရွှေဘိုမြို့ကိုဗဟိုပြု၍ စုစည်းခဲ့သည်။ ၎င်းနှစ် ပြာသိုလဆန်း ၁၀ ရက်နေ့ သားတော်ညီတော်၊ မှူးမတ်သူရဲ အခြံအရံဖြင့် အလောင်းမင်းတရားကြီး အင်းဝမြို့ကို ဝင်တော်မူ၍ ပျက်စီးလေကုန်သော ပုထိုး၊ ဂူ၊ ကျောင်း၊ စေတီမြတ်တို့ကို ပြင်ဆင်စေပြီး လျှင် ပြာဆိုလဆန်း ၁၅ ရက် နေ့တွင် ရဟန်းသံဃာမြတ်တို့အား ဆွမ်းလုပ်ကျွေးတော်မူသည်။

ထို့နောက် မင်းရဲကျော်သူကို အင်းဝမြို့စောင့်ခန့်အပ်တော်မူပြီး သားတော်သတိုး ဓမ္မရာဇာနှင့် သတိုးမင်းစောတို့ကို ရေတပ်တင်တော်မူ၍

သက္ကရာဇ် ၁၁၁၅ ခု၊ တပို့တွဲလပြည့်ကျော် ၈ ရက်နေ့ ရတနာရွှေဖောင်တော်ဖြင့် အင်းဝမှ အညာဆင်ဘိုမှန်ကင်းအထိချီတက်တော်မူသည်။ ယင်းနေ့တွင် "မင်းရွာ"တွင်စခန်းချပြီး၊ ထိုမှ "စစ်ကိုင်း"တွင် စခန်းချသည်။ ထိုမှ "ငါးဘတ်ချောင်း"တွင် စခန်းချသည်။ တပို့တွဲလပြည့်ကျော်၁၂ ရက်နေ့ တွင်"ကျောက်မြောင်း"သို့ရောက်သည်။ ကျောက်မြောင်းတွင် ၃ ရက်ကြာ ၍ ဆန်တက်တော်မူရင်း "သီဟတောဘုရားရှင်" ကိုပူဇော်သက္ကာရ ပြုတော်မူသည်။ ထိုမှဆန်၍ ကသာမြို့သို့ရောက်သည်။ တပေါင်းလ ပြည့်ကျော် ၃ ရက်ကသာမှဆန်တက်တော်မူပြီး ရွှေအင်ပင်ရွာကို ငွေပြားပျော်ဘွယ် သမုတ်တော်မူသော ကျွန်းတွင် စံနေတော်မူသည်။ ထိုကဆန်၍ "ငါးဘတ်ဝ" သို့ရောက်သည်။ တပေါင်းလပြည့်ကျော် ၈ ရက်ရွှေပေါ်ကျွန်းသို့ရောက်လျှင် ရွှေပေါ်ကျွန်းဘုရားရှင်ကို ရွှေတန်ဆောင်း၊ ငွေတန်ဆောင်း စသော အထူးထူးသော ပူဇော်သက္ကာရ တို့ဖြင့်ပူဇော်သည်။

ထိုမှအစဉ်အတိုင်း အင်းဝမှ(၂၂) စခန်းဖြင့် ဆင်ဘိုအရောက်ချီတက်တော်မူ၍ သူပုန်သူကန်၊ ရန်မာန်ခပ်သိမ်း တို့ကိုရှင်းလင်းတော်မူပြီးနောက် ပြန်လည်စုနေတော်မူရာ တန်ခူးလဆန်း ၇ ရက်နေ့ ရွှေပေါ်ကျွန်း သို့ဆိုက် ရောက်တော်မူလျှင် ရွှေပေါ်ကျွန်းဘုရားဦးတွင် အာရုံခံရွှေဇရပ်ကြီး ဆောက်လုပ်တော်မူ၍ ရွှေမှန်ကင်း [illegible]လှူတော်မူသည်။

ဆင်ဖြူရှင်မင်းတရားနန်းစံ(၅) နှစ်မြောက်ဖြစ်သောကောဇာသက္ကရာဇ် ၁၁၃၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၁၃ ရက်၊ စနေနေ့ မြေငလျင်ပြင်းစွာတုန်လှုပ်လေရာမြန်မာနိုင်ငံတော်အရပ်ရပ်ရှိ စေတီပုထိုးအများအပြားပြိုကွဲပျက်စီးလေသည်။



ရွှေပေါ်ကျွန်းစေတီတော်မြတ်လည်း အက်ကွဲပြိုကျတော်မူသဖြင့် ဖိနပ်တော်အသစ် ၁၂ တောင် ၄ သစ်တိုးချဲ့၍ ဉာဏ်တော်အမြင့် ၂၅ တောင်၊ မုခ်လိုဏ် ၄ မျက်နှာ အာရုံခံတံတိုင်းနှင့် ထပ်မံပြုပြင်တော်မူ၍ ထိုနှစ်တပေါင်းလပြည့်နေ့ အနုမောဒနာပြုတော်မူသည်။

မင်းတုန်းမင်းတရားကြီးလက်ထက် ကောဇာသက္ကရာဇ် ၁၂၃၇ ခုနှစ်တွင် မိုးသည်းထန်စွာရွာသွန်းသောကြောင့် ရွှေပေါ်ကျွန်းစေတီတော်မြတ်ကြီး များစွာပျက်စီးချွတ်ယွင်းပြန်ရာ ရွှေကူမြို့အောင်ကျင်းဂိုဏ်းအုပ်ဆရာတော် ဦးဓမ္မသာမိအရှင်သူမြတ်အမှူးထား၍ မြို့နယ်သံဃာတော်မြတ် အပေါင်းတို့က ဘုရားကြီးပြုပြင်လိုပါကြောင်းဖြင့် မင်းတုန်းမင်းတရားကြီးထံမေတ္တာရပ်ခံလေရာ မင်းတရားကြီးက ကုသိုလ်တော်ငွေဒင်္ဂါး ၁၅၀၀ ပါဝင်လှူဒါန်းတော်မူသည်။

ရွှေကူမြို့စားသား၊ မယ်တော်တို့ကလည်း ငွေဒင်္ဂါး ၅၀၀ အလှူဝင်လေသည်။ ထိုငွေ ၂၀၀၀ ကိုမတည်၍ ကောဇာသက္ကရာဇ် ၁၂၃၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက်၊ တနင်္ဂနွေနေ့ တစ်ချက်တီးကျော်အာယာ(၃)ဖဝါးရသောအချိန်တွင် ရွှေကူမြို့နယ် သံဃာတော်အရှင်မြတ်တို့နှင့်တကွ ရွှေကူ၊ မိုးညှင်း၊ ကောင်းတုံ၊ သုံးမြို့ဝန်မင်း မင်းလှသီရိသင်္ခယာ၊ စစ်ကဲနာခံ၊ မြို့သူကြီး၊ မြို့ထိမ်း၊ မြို့စာရေးတို့မှစ၍ ဗိုလ်ပါပရိသတ်တို့ သည် စေတီတော်မြတ်အား ပြန်လည်ပြုပြင်ကြသည်။

၁၃၀၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၇ ရက်၊ တနင်္ဂနွေနေ့ညနေ ၃ နာရီခန့်တွင် မဟာမိတ်လေယာဉ်ပျံတစ်စုသည် ခပ်နိမ့်နိမ့်ပျံဝဲလာ လျှက်ဗေယျာဘုမ္မိကျွန်းတော်မြတ်ကို ဗုံးရှစ်လုံးကြဲချလေသည်။

ထိုကြဲသောဗုံးရှစ်လုံးတို့တွင် တစ်လုံးမှာတော်တွင်သို့ကျလေသည်။ ဗုံးတစ်လုံးမှာကျောင်းဝင်းအတွင်းသို့ကျလေသည်။ ထိုဗုံးဒဏ်ကြောင့်ဇရပ်

တစ်ဆောင်နှင့်သိမ်(၃)လုံးပျက်စီးခဲ့ပြီး ကျောင်းတပ်တာများမီးလောင်ခံရလေသည်။ ဖုံးလေးလုံးကား ရွာအတွင်းသို့ကျ၍ရွာကို မီးလောင်လေသည်။ ဖုံးတစ်လုံးကား ဘုရားရင်ပြင်တော်သို့ကျကွဲပြီး ဖုံးယမ်းများစွာမီးမကူးဘဲ ပန်းများကြဲဖြန့်ထားဘိအလား ဖြစ်၍နေလေသည်။

ကျန်ဖုံးတစ်လုံးမှာ ဓာတ်တော်ကြွတ်များ သီတင်းသုံးစံပယ်တော်မူရာဖြစ်သော ကျောင်းဆောင်ကို မှန်၍ကွဲပြီး ဖုံးယမ်းများစွာမူကား မီးစွဲငြိခြင်းမရှိဘဲ လူစုပုံထားသကဲ့သို့ တစ်စုတည်းစုပုံ၍နေသောကြောင့် ကျောင်းဆောင်ရော ဘုရားရှင်ပါပျက်စီးခြင်းမရှိခဲ့ပေ။

ပြာသိုလဆန်း ၃ ရက်နေ့တွင် မဟာမိတ်တပ်မှ အရာရှိများ။ စေတီကျောင်းအနောက်နတ်ပင်အလွန်၌ လေယာဉ်ပျံနှင့်ဆင်းသက်၍ ၎င်းတို့ချထားသောဖုံးများကိုလာရှာလေသည်။ ဖုံးများရှာမတွေ့သဖြင့် တပေါင်းလဆုတ် ၁၀ ရက်နေ့တွင် ကျွန်းတော်တောင်တွင် လေယာဉ်ပျံနှင့်ဆင်းပြီးရှာပြန်လေသည်။ ထိုအခါကွဲသောဖုံးခွံနှင့် မီးမကူးသောဖုံးဆန်များကို ပြသသောအခါ ဖုံးချသောအရာရှိများမှာ လွန်စွာအံ့သြလျက် ယမ်းဆန်ဖုံးများကို ဘုရားအနီးထားပြီး ဘုရားနှင့်ကျောင်းဆောင်ကို ဓာတ်ပုံရိုက်ယူလေသည်။ ထို့နောက်ကျွန်းတော်ဆရာတော်ကြီးထံ ဗုဒ္ဓနှင့် ဖုံးခွံများကိုပြတိုက်မှာထားပြီး ကိုးကွယ်လိုပါသည်။ တစ်ဆူပေးပါဟုတောင်းသောကြောင့် ဆရာတော်ကြီးက ကြေးဆင်းတုတစ်ဆူပေးအပ်လိုက်ရလေရာ ထိုဖုံးခွံနှင့် ကြေး ဆင်းတုတော်ကိုလေယာဉ်ပျံနှင့်ပင့်ဆောင်ယူသွားလေသည်။

### ရွှေကျွန်းစေတီတော်မြတ်၏ အံ့ဖွယ်ရှစ်ပါး

(၁) ဖုံးကြဲခြင်းကိုစွပြီး၍ စေတီတော်နှင့်ဓာတ်တော် အကြောင်းကို ရှင်းလင်းသောအခါ စက်သေနတ်ဆန်နှင့်ဖုံးခွံများ ရေနံဆီပုံးကြီးဖြင့် နှစ်ပုံးအပြည့်ရလေသည်။ ထိုမျှများပြားလှသော



စက်သေနတ်တို့ဖြင့် တရစပ်ပစ်ခတ်ခဲ့သော်လည်း ဘုရားစေတီတော်ကြီးကို လည်းကောင်း၊ ဓာတ်တော်ကျောင်းကို လည်းကောင်း တစ်ချက်မျှ ထိမှန်ခြင်း မရှိခဲ့ပါ။ ဘုရားရှင်သရီရဓာတ်တော်တို့၏တန်ခိုးရှင်တော် အာနုဘော်တော်များဖြစ်၍ ရွှေပေါ်ကျွန်းစေတီတော်မြတ် ကြီး၏ အံ့ဖွယ်ရာတစ်ပါးထင်ရှားလှသည်။

(၂) ရွှေပေါ်ကျွန်းစေတီတော်မြတ်၏ ပွဲတော်ကို တပေါင်း လဆန်း ၈ ရက်မှ တပေါင်းလပြည့်နေ့အထိ နှစ်စဉ်နှင့်တိုင်းကျင်းပမူဖော်မြဲဖြစ်လေသည်။ စေတီပွဲကြီးကျယ်စည်ကားမည်ဖြစ်လျှင် သဲသောင်ပြင်သည် စည်မျက်နှာပြင်ကဲ့သို့ ညီညွတ်စွာထွန်းပေါ်ပြီး စေတီပွဲတော် စည်ကားမည်မဟုတ်လျှင် သဲသောင်ပြင်သည် မညီမညွတ်ပေါ်ရ လေသည်။

(၃) ရောဝတီမြစ်ရေတိုးသောရက်သည် ရွှေပေါ်ကျွန်း ဘုရားပွဲတော်ပြီးသောနေ့နှင့် နှစ်တိုင်းကြုံကြိုက်သဖြင့် ထိုရေကို သောင်ဆေးရေ ဟုခေါ်သည်။ ပွဲတော်ပြီးတိုင်း သောင်ဆေးရေတိုးရခြင်းသည် အံ့ဖွယ် တစ်ပါးဖြစ်ပါသည်။

(၄) ပွဲတော်အတွင်း မည်သည့်အခါမျှ ခိုက်ရန်ဒေါသမဖြစ်ခြင်းသည်လည်း အံ့ဖွယ်တစ်ပါး ဖြစ်ပါသည်။

(၅) အာသောကမင်းသွန်းလုပ်လှူခဲ့သော ဓာတ်တော်မြတ်များပင့်ဆောင်တိုင်း လေသော်လည်းကောင်း၊ မိုးသော်လည်းကောင်း တိုက်ခိုက်ရွာသွန်းခြင်းသည် အံ့ဖွယ်တစ်ပါးဖြစ်ပါသည်။

(၆) စေတီတော်မြတ်၏အရိပ်တော် မြေသို့မခြင်းသည်လည်း အံ့ဖွယ်တစ်ပါးဖြစ်ပါသည်။

(၇) ဧရာဝတီမြစ်ရေသည် ပကတိကျွန်းမြေကို မည်သည့်အခါမျှ တိုက်စားခြင်းမရှိ။

(၈) ရွှေပေါ်ကျွန်းစေတီတော်မြတ်တည်ရာ ဓေယျာဘုမ္မိကျွန်းမြေပေါ်တွင် စေတီတော်များပြည့်သိပ်လျက်ရှိရာ မည်သူကမျှ အရေအတွက် မပြနိုင်ပါချေ။ ရှေးဆရာတို့က "တီတီတူးတွန်တူးတော်" ကျွန်းတော်ဘုရားပေါင်းဟူသော လင်္ကာကို ဆိုလျက် စေတီတော်ပေါင်း (၇၇၇၇၇၇) ဆူရှိသည်ဟု ပြောဆိုကြရာ ဤမျှအရံစေတီတော် များပြားခြင်းသည်လည်း အံ့သြဖွယ် တစ်ပါးဖြစ်လေသည်။

## အံ့ဖွယ်တေးရှစ်ပါးဘွဲ့

ပွဲဂုဏ်ကိုသဲခုံပြ ပွဲကုန်ကရေတိုးတယ်။
ပွဲတော်မှာခိုက်ရန်များ၊ ဘုရားပြည့်ကြွယ်၊
အရိပ်တော်မြေမနင်း၊ ရေကွင်းတဲ့ကုန်းတော်လယ်။
ဖုံးရယ်မှုပန်းဟန်နွဲ့။
မွေတာတ်စုံဆောင်ပင့်သော်အာကာဘုံက
ရွှေပစ္စုန်ရင်အုံသွန်းရတယ်
အံ့ဖွယ်တော်"ရှစ်"ဂုဏ်ထွန်းပါတဲ့
ကျွန်းတော်မြတ်ပဲ........။ ။

## ထီးချိုင့်မြို့ မြသိန်းတန်စေတီတော်

ဗုဒ္ဓဘုရားရှင်၏ သရီရဓာတ်တော်အစစ်အမှန် ကိန်းဝပ်စံပယ်တော်မူရာသက်တမ်းအားဖြင့်(၂၃၁၄) နှစ်ရှိပြီဖြစ်သော ထီးချိုင့်မြို့မြသိန်းတန်စေတီတော်ကြီး၏ ရွှေသင်္ကန်းကပ်လှူပူဇော်ရန်နှင့် မြသပိတ်လောင်းလှူပွဲကို နှစ်စဉ်ကျင်းပမြဲဖြစ်သည်။

စစ်ကိုင်းတိုင်း ထီးချိုင့်မြို့နယ်သည် ဗုဒ္ဓသာသနာတော်ထွန်းလင်းရာဒေသဖြစ်ခြင်းကြောင့်ထီးချိုင့်မြို့နယ်အတွင်း သာသနာ့အဆောက်အအုံများဖြစ်သော စေတီဘုရား၊ တန်ဆောင်း၊ သိမ်ကျောင်း၊ ဇရပ်များဖြင့် တင့်တယ်လျက်ရှိသည်။ ထီးချိုင့်မြို့နယ်၏ သာသနာတော်သက်တမ်းရှည်ကြာသည်နှင့်အမျှ ရှေးဟောင်းသာသနာ့အဆောက်အအုံများကလည်း ပေါများသည်။

ထီးချိုင့်မြို့တည်ရှိရာသည် ကံ့ကော်တောင်တန်းကြီး၏အဆုံး၌ တည်ရှိသောကြောင့် တောင်ငယ်များ၊ ကုန်းမြေများဖြင့် ဝန်းရံလျက်ရှိသည်။ ထီးချိုင့်မြို့ဝန်းကျင်တောင်ထိပ်များ၌ ထင်ရှားသောစေတီတော်များကိုဖူးမြော်နိုင်သည်။ ယင်းစေတီတော်များအနက် ထီးချိုင့်မြို့၏ ကျက်သရေဆောင် ထီးချိုင့်မြို့ဦး မြသိန်းတန်တောင်တော်ထူးတွင် ကြည်ညိုဖွယ် တည်ထားကိုးကွယ် တန်ခိုးကြွယ်ခဲ့သည့် မြသိန်းတန်စေတီတော်ကြီးကို အဝေးမှပင် ဖူးမြော်နိုင်ပါသည်။ သက်တမ်းကြီးရင့်လှသည့် စေတီတော် တစ်ဆူလည်းဖြစ်သည်။

သာသနာတော်သက္ကရာဇ် ၁၂၂၄ ခုနှစ်တွင်ဒေဝါနံပိယဒသီဘွဲ့မည်နာမပိုင်သခဲ့သည့် သာသနာ့ဒါယကာ သီရိဓမ္မာသောကမင်းကြီးသည် ဗုဒ္ဓဘုရားရှင်၏ သရီရဓာတ်တော်များကိုပင့်ဆောင်၍ ဇမ္ဗူဒိတ်မြေပြင်အနှံ့ ကုသိုလ်တော်စေတီများတည်ပြီး သာသနာပြုခဲ့ရာ သုဝဏ္ဏဘူမိခေါ် မြန်မာနိုင်ငံတော်အတွင်း ထီးချိုင့်မြို့ဦးမြသိန်းတန်စေတီမှာလည်း ကုသိုလ်တော်စေတီတစ်ဆူ ဖြစ်ပေသည်။

ကောဇာသက္ကရာဇ် ၃၉၅ ခုနှစ်တွင် အနော်ရထာမင်းကြီးသည် ကမ္ဘောဇတိုင်းနှင့် တမ္ပဒီပတိုင်းသို့ မရောနှောစိမ့်သောငှာ ထီးချိုင့်မြို့ကို တပ်မြို့အဖြစ်တည်စဉ် မြသိန်းတန်စေတီတော်မြတ်ကြီးကို ကြည်ညိုထက်သန်စွာဖြင့် ထပ်မံပြုပြင်ပြီး စေတီတော်နှင့် ကျွှန်းကိုလှူဒါန်းပူဇော်ခဲ့သည်။ ဒေသဆိုင်ရာမြို့စား၊ ရွာစားတို့ကိုလည်း အမိန့်တော်ဖြင့် ထိန်းသိမ်းစောင့်ရှောက်စေခဲ့သည်။ ကောဇာသက္ကရာဇ် ၄၂၆ ခုနှစ်တွင်နန်းတက်တော်မူသော ကျန်စစ်သားမင်းသည်လည်း မြန်မာနိုင်ငံအတွင်းရှိ သီရိဓမ္မာသောကမင်း၏ ကုသိုလ်တော်စေတီပုထိုးများကို အထူးပြန်လည်မွမ်းမံ၍ သာသနာပြုခဲ့သည်။

ကောဇာသက္ကရာဇ် ၄၅၇ ခုနှစ်တွင် အလောင်းစည်သူမင်း ကြီးသည် တိုင်းခန်းလှည့်လည်ရင်း ဤစေတီတော်၏ခြေတော်ရင်း ဧရာဝတီမြစ်ကမ်းနဖူးတွင် ဖောင်တော်ဆိုက်ကပ်ပြီး ဖောင်တော်ဦးတွင် တည်ထားကိုးကွယ်သော သစ်ကနက်ရုပ်ပွားတော်ကို စေတီတော် လိုဏ်မုခ်ပြုလုပ်၍ ပြုပြင်မွမ်းမံကြည်ညိုသဒ္ဓါထက်သန်စွာ ပူဇော်ခဲ့ပြန်သည်။ မိဖုရားကြီးကလည်း သဒ္ဓါစိတ်လွှန်ကဲလျက် တစ်သိန်းတန် သော မြတဘက်တော်ကို လှူဒါန်းပူဇော်ခဲ့သောကြောင့် မြို့ဦးမြသိန်းတန် စေတီတော်ဟု ဘွဲ့မည်နာမ ဖြစ်ခဲ့ကြောင်း သမိုင်းဟောင်းများတွင် ဖော်ညွှန်းပြဆိုခဲ့သည်။



ကောဇာသက္ကရာဇ် ၁၂၁၆ ခုနှစ် မြတောင်မြို့စား အညာမြစ်ဝဲခြေဘက်မြို့ဝန်မင်းသတိုးမင်းလှကျော်သူနှင့် ဒါယကာ၊ ဒါယိကာမတို့က ထပ်မံပြုပြင် တော်မူခဲ့ပြန်သည်။ အမြင့်သံတော်ခြောက်ဆယ်ရှိသော မှန်စီရွှေချဟသာင်္ာရုပ်တပ်တန်ခွန်တိုင်ကြီးကိုလည်း စေတီတော်ကြီး အဂ္ဂိလေယာင့်မျက်နှာတွင် စိုက်ထူပူဇော်ခဲ့သည်။ ကြေးချိန် ၁၈၇ ပိဿာ၂၀ ကျပ်သားပိုသော မဟာ ဝဏ္ဏခေါင်းလောင်းတော်ကြီးကိုလည်း သွန်းလုပ်ပူဇော်တော်မူခဲ့သည်။

ထီးချိုင့်မြို့မြသိန်းတန်စေတီတော်မြတ်ကြီးသည် မြတ်ဗုဒ္ဓ၏သရီရဓာတ်တော်အစစ်အမှန် ကိန်းဝပ်စံပယ်တော်မူရာ စေတီတော်မြတ်သည်က တစ်ကြောင်း၊ ရှေးမင်းကောင်းမင်းမြတ်အဆက်ဆက်တို့ စဉ်ဆက်မပြတ် ကြည်ညိုသဒ္ဓါထက်သန်စွာဖြင့် ပြုပြင်မွမ်းမံပူဇော်ခြင်း အစဉ်အလာကောင်းရှိသည်ကတစ်ကြောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအစိုးရကာလအတွင်း အဆင့်ဆင့်သော ပံ့ပိုးမှုများဖြင့် မြသိန်းတန် စေတီတော်မြတ်ကြီးကို အထူးဦးစားပေးပြီး ဘက်စုံပြုပြင်မွမ်းမံပူဇော် ဆောင်ရွက်လျက်ရှိပါသည်။

ခေတ်အဆက်ဆက်၊ မင်းအဆက်ဆက်တို့ပြုပြင်မွမ်းမံစောင့်ရှောက်ခဲ့ကြသဖြင့် ဗုဒ္ဓသရီရဓာတ်တော်အစစ် ကိန်းဝပ်တော်မူရာ မြသိန်းတန် စေတီတော်ကြီးသည် သက်တမ်းကြီးရင့်ကြာရှည်လှသော်လည်း ယခုထက်တိုင် ထင်ရှားခိုင်ခံ့သပ္ပာယ် ကြည်ညိုဖွယ် ဖူးမြော်နိုင်ပါသည်။ မြသိန်းတန်စေတီ တော်မြတ်ကြီးကို ရွှေသင်္ကန်းကပ်လှူပူဇော်ပြီး ဗုဒ္ဓပူဇနီယပွဲတော်ကို နှစ်စဉ် ကျင်းပမြဲအစီအစဉ်အတိုင်း ကျင်းပလျက်ရှိပါသည်။ စေတီတော်ကြီး အစွန့် ရှည်ကြာတည်တံ့ခိုင်မြဲစေရန် ၉ လက်မ ပတ်လည်ကြေးပြားခံ ရွှေသင်္ကန်းများကိုလည်း ကပ်လှူပူဇော်မည်

ဖြစ်ပါသည်။ ဗုဒ္ဓသာသနာတော် အစွန့်ရှည်တည်တံ့ခိုင်မြဲစေရန် သဒ္ဓါတတ်အားသမျှပါဝင် လှူဒါန်းနိုင်ကြပါကြောင်း ဘုရားဒါယကာ၊ ဒါယိကာမအပေါင်းတို့အား စေတနာကောင်းဖြင့် နှိုးဆော်လိုက်ရပေသည်။

## မြသိန်းတန် ဘွဲ့တေးထပ်

မြစ်ရောစီးခွေကျို့၊ ထီးရွှေမြို့ရပ်မှာ
ကြီးနေသို့မြတ်သမ္ဘာငယ်၊ ပဗ္ဗတာတောင်မင်း။
မှိုင်းညိုညိုသေလာရုံသည်၊ ဒေဝါဖန်ထွန်းတောက်ထိန်လင်း။
အသောကနရိန္ဒာလျှင်၊ ရှိန်သဒ္ဓါထန်ပြင်း။
မမှိန်ပညာဏ်အလင်းရယ်နှင့်အရဟံသနင်းတာတ်တော်၊
မြေပြင်ငယ်တခေတ်ကောင်းစေဖို့ရှစ်သောင်းနှင့် လေးထောင်
အကျော်
တည်ထားခဲ့နေပြည်ပေါ်ဝယ်၊ စေတီတော်မြင့်ကြယ်တမျှသာပ၊
တင့်တယ်လှမြသိန်းတန်၊ ဦးညွှတ်ကြရန်၊
တန်ခိုးတော်ပြောင်ကြည်လျှံတယ်၊
ရောင်ခြည်ယမကာနေမင်းပြိုင်လို့လေး ။

ထီးချိုင့် နတ်စိုး

## ကျော်လေးဆူဝင် အညာသိဟာတောဘုရား

ဧရာဝတီမြစ်ကြီးသည် အရှေ့တောင်အာရှရှိ အခြားမြစ်များနှင့် မတူဘဲ တစ်မူထူးခြားသည်။ မြန်မာနိုင်ငံအတွင်း၌ပင် မြစ်ဖျားခံ၍ မြန်မာနိုင်ငံအလယ်တည့်တည့် မြောက်မှတောင်သို့ ဖြတ်သန်းစီးဆင်းကာ မြန်မာ့ပင်လယ်ကမ်းခြေမှ မြန်မာ့ပင်လယ်ထဲသို့ စီးဝင်ခဲ့သော မြန်မာမြစ်စစ်စစ်ကြီးပင် ဖြစ်သည်။ ဧရာဝတီမြစ်စီးဆင်းရာတစ်လျှောက်တွင် မြစ်ကျဉ်း များရှိခဲ့ရာ ပထမမြစ်ကျဉ်း၊ ဒုတိယမြစ်ကျဉ်း၊ တတိယမြစ်ကျဉ်း၊ စတုတ္ထမြစ်ကျဉ်းစသည်ဖြင့် အမည်နာမများရှိခဲ့သည်။ ဧရာဝတီမြစ်စီးဆင်းရာ ဝဲယာ တစ်လျှောက်ရှိ တောင်ကုန်း တောင်တန်းများတွင် ရွှေရောင်၊ မှန်ရောင်၊ ထုံးသင်္ကန်းရောင်တို့ဖြင့် စေတီပုထိုးများကို နေရာတိုင်းလိုလိုပင် တွေ့မြင်ရသည်။ ဤသည်ပင်လျှင် မြန်မာတို့၏ ထူးခြားသော သရုပ်သကန် ကို ဖော်ထုတ်ပြသနေသကဲ့ရှိသည်။ ဤသည်ပင်လျှင် မြန်မာတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုပင် ဖြစ်သည်။

ဧရာဝတီမြစ်၏ တတိယမြစ်ကျဉ်းသည် မန္တလေးတိုင်း၊ သပိတ်ကျင်းမြို့အထက်မလယ်ရွာမှစတင်၍ ကျောက်မြောင်းမြို့အထိရှည်လျားသည်။ တတိယမြစ်ကျဉ်း အရှေ့ဘက်ကမ်းသည် မန္တလေးတိုင်းဖြစ်၍၊ အနောက်ဘက်ကမ်းသည် စစ်ကိုင်းတိုင်းဖြစ်သည်။

တတိယမြစ်ကျဉ်းနှင့် ပတ်သက်၍ ဗြိတိသျှခရီးသည် ကပ္ပတိန် ဆိုင်မွန်ဟန်နေက တစ်ဖက်ပါအတိုင်းမှတ်တမ်းတင်ထားသည် -

"အင်းဝအထက်သို့ ရောက်သောအခါ ကမ်းတစ်ဖက်တစ်ချက်ရှမျှော်ခင်းမှာ – တောင်ကမ္ဘားပေါ်များလာသည်။ မြစ်ကျဉ်းနှင့်နီးလေ တောင်ထူထပ်လာလေလေ ဖြစ်၏။ ထိုခရီးစဉ်သို့ရောက်သောအခါ လှေထိုးသားများသည် ကမ်းပါးစောက်သောကြောင့် ကြိုးဖြင့်မဆွဲနိုင်တော့ဘဲ လှော်တက်ကို အသုံးပြုရ၏။ ဤဒေသ၌ ဧရာဝတီမြစ်မှာ မြစ်နှင့်မတူ တောင်ချိုင့်ဝှမ်းအိုင်ကြီး တစ်အိုင်နှင့်တူ၏။ မြစ်ကွေ့များသို့ရောက်လျှင် ရှေ့၌ တောင်ကမ်းပါးကြီးမိုးလျက်မြင်ရ သောကြောင့် ထွက်ပေါက်မှရှိပါ့မလားဟုအောက်မေ့ ရ၏။ ကမ်းပေါ်မှ သစ်ပင်ရိပ်များ ဧရာဝတီမြစ်အတွင်းသို့မိုးပြီး သစ်ပင်ပေါ်မှ မျောက်အုပ်ကြီးများသည် လှေနောက်သို့ တကောက်ကောက် သစ်ပင်ပေါ်မှ ဝိုင်းအုံလိုက်လေ့ရှိကြောင်း တွေ့ရသည်။"

စစ်ကိုင်းတိုင်းအတွင်း တတိယမြစ်ကျဉ်းအလယ်တွင် ကျော်လေးဆူ အဝင်အပါ အညာသိဟတောဘုရားမြတ်ကို ကြည်ညိုဖူးမြော်နိုင်ပါသည်။ အညာသိဟတောဘုရားပွဲကို နှစ်စဉ် တပေါင်းလဆန်း ၈ ရက်နေ့မှ တပေါင်းလပြည့်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။ ဘုရားပွဲတော်ရက်များတွင် အစုန်အဆန် ဧရာဝတီသင်္ဘောကြီးများ ဘုရားရင်ပြင်တော်တွင် ဆိုက်ကပ်ခွင့်ပြုလေသည်။

ကင်းဝန်မင်းကြီး၏ စခန်းစဉ်အလင်္ကာတွင် –

"အရှေ့စာရံ၊ ပုဂံအနောက်၊ တောင်မြောက်ရင်မျှော်၊ သိဟတောဟု၊ လောကဓာတ်တွင်၊ ခြောက်ရောင်လင်းသား၊ သနင်းမှန်ကူ ကျော်လေးဆူ"

ဟုရှေးသူဟောင်းတို့ မှတ်သားခဲ့ကြသည်။ တိုင်းအထက် မြန်မာနိုင်ငံတွင် ထင်ရှားကျော်ကြားပြီး တည်ထားကိုးကွယ်တန်ခိုးကြွယ်ခဲ့ကြသည့် ဘုရားလေးဆူ ရှိပါသည်။ ယင်းတို့မှာ အရှေ့ဘက်တွင် ရွှေစာရံဘုရား၊



အနောက်ဘက်တွင် ပုဂံရွှေစည်းခုံဘုရား၊ တောင်ဘက်တွင် မိတ္ထီလာ ရွှေရင်မျှော်ဘုရား၊ မြောက်ဘက်တွင် အညာသိဟတောဘုရားများ ဖြစ်ကြသည်။

အညာသိဟတောစေတီတော်၏ သမိုင်းကြောင်းကားကြာညောင်းလှပြီဖြစ်သည်။ ဤအချက်ကို သက်သေပြနိုင်ရန်အတွက် ကျောက်စာ၊ ပုရပိုက်၊ ပေစာ၊ ရာဇဝင်ကျမ်းများကို အထောက်အထားပြုရပေမည်။ အမရပူရမြို့တည် နန်းတည်မင်းတရားကြီး (ဘိုးတော်ဘုရား) ရေးထိုးခဲ့သော သိဟတောကျောက်စာတွင် –

"အညာ ဧရာဝတီမြစ်လယ် သိဟတောဝယ် ဓမ္မာသောကမင်းတည်ထားသောစေတီကို အလောင်းစည်သူမင်းကြီးသည် သရက္ခန်စစ်လက်နှံ့ရှိသော အဖျား ပဋ္ဌမပိုင်းရုပ်တုတော်ကို သိဟတော်စေတီတွင် လိုဏ်ပြုလုပ်ပြီးလျှင် သွင်းထား၍ ဝတ္တုကံလှူသောမြေ၊ အတုလသီရိမဟာ ဓမ္မဒေဝီမိဖုရား လှူသစ်မြေရပ်များကို လှူရင်းတိုင်းမြဲမြံစွာ တည်စိမ့်သောငှာ ကျောက်စာမော်ကွန်းအသစ်ထုလျက် ဆင့်ရှယ်လှူဒါန်းတော်မူပြန်သတည်း။"

ဟုဖော်ပြထားလေသည်။ (စာလုံး ပေါင်းမူရင်းအတိုင်း) ဤကျောက်စာပါ စကားရပ်များအရ –

(၁) သိဟတောစေတီတော်ကို ဓမ္မာသောကခေါ် သိရိဓမ္မာ သောကမင်းကြီး စတင်တည်ထားကိုးကွယ်ခဲ့သည်။

(၂) ၎င်းစေတီတော်ကို အလောင်းစည်သူမင်းကြီးကပြုပြင်ပြီး သရက္ခန်ရုပ်ပွားဆင်းတုတော်ကို လိုဏ်ဂူပြုလုပ်ပြီးကိုးကွယ်ခဲ့သည်။

(၃) ၎င်းစေတီ၏ ဝတ္တုကံမြေ မြေအဖြစ်အလောင်းစည်သူမင်းကြီးနှင့် မိဖုရားသီရိမဟာဓမ္မဒေဝီတို့က မြေများလှူဒါန်းခဲ့သည်။

စသည့်အချက်များ သိရှိရလေသည်။

သာသနာမှတ်တမ်းတစ်ခုအရ သာသနာသက္ကရာဇ် ၂၁၈ ခုနှစ်တွင် ပျူကန်အရပ် လူမျိုးတို့၏ အကဲများကသံတောင်လေးတောခန့်ရှိ ဝါဖတ်ခြင်း ပုံတော်ရှိသောစေတီတော်ကို တည်ထားကိုးကွယ်ခဲ့ကြသည် ဟုဆိုပါသည်။

ထို့ပြင်သက္ကရာဇ် ၄၆၂ ခုနှစ်တွင် အလောင်းစည်သူမင်းကြီးသည် ဤကုန်းတော်ပေါ်တွင်စေတီတော်ရှိရပြီး ဆက်လက်တည်ထားခဲ့သည် ဟုလည်း မှတ်သားရပါသည်။ စေတီတော်တည်ရာဌာနကို ဟတ္ထိဓေယျဘုမ္မိကျွန်း၊ ဓေယျမ္မိဘုကျွန်း၊ သီဟဓေယျဘုမ္မိကျွန်း ဟုရှေးရှေးကာလများကတည်းက အစဉ်အဆက်ခေါ်ဝေါ်ခဲ့ကြသည်။

အလောင်းစည်သူမင်းကြီးသည် ရှင်ဖြူရှင်လှဘုရားနှစ်ဆူကို မင်းဝံတော်ထိပ်တွင် ဘုရားတည်ကာ လိုဏ်ဂူသွင်း ပူဇော်ခဲ့ကြသည်။ သရက္ခန်ဆင်းတုတော်များကို ပခန်းကြီးစည်သူရှင်ဘုရား၊ ဆင်ကျိုးရွှေဂူ ဘုရား၊ ပခုက္ကူရွှေတန့်တစ်ဘုရား၊ ရှင်မတောင်ဘုရား (၎င်းရှင်မတောင် ဆင်းတုတော်မှာ ပခန်းကြီးစည်သူရှင်ဘုရားမှာပင်ကိန်းဝပ်တော်မူသည်။) မြတ်ပေါင်းမညှာဘုရား (ယခုပခန်းစည်သူရှင်ဘုရားမှပင်ကိန်းဝပ်တော်မူသည်။) သီဟတောဘုရားများတွင်ကိုးကွယ်စေသည်။

အညာသီဟတောဘုရားတွင် သရက္ခန်ဆင်းတုတော်ကို လိုဏ်ဂူ ပြုလုပ်ကိုးကွယ်ပြီးနောက် အလောင်းစည်သူမင်းကြီး ဝတ်မိုးဝတ်မြေများကို လှူဒါန်းသည်။ မိဘုရားကြီးအတုလသီရိဓမ္မဒေဝီကလည်း အလားတူဝတ္တကမြေများ ထပ်မံလှူဒါန်းသည်။ ထိုသို့လှူဒါန်းသောမြေများကို အလားအစပ်များနှင့်တကွ အသေးစိတ်ဖော်ပြထားသည်များကို ဘိုးတော်ဘုရားစပ်ထိုးသီဟတော ကျောက်စာတွင်ဖတ်ရှုလေ့လာနိုင်ကြပါသည်။

အညာသီဟတောဘုရားသည် မြန်မာ့သမိုင်းတစ်လျှောက်တွင် ပုဂံခေတ်မှစ၍ မျက်မှောက်ခေတ်တိုင် မင်းအဆက်ဆက်၊ အစိုးရအမျိုးမျိုးနှင့်တကွ တိုင်းသူပြည်သားတို့၏ အကိုးကွယ်ခံဘုရားတစ်ဆူဖြစ်၏။



မင်းနှင့်ပြည်သူတို့သည် အညာသီဟဘုရားဖူးထွက်လေ့ရှိခြင်း၊ ဘုရားပွဲတော်ကျင်းပခြင်း၊ စေတီတော်များအားပြုပြင်မွမ်းမံခြင်း၊ သာသနိက အဆောက်အအုံများ ထပ်မံဆောက်လုပ်လှူဒါန်းခြင်းတို့ ပြုခဲ့ကြသည်။

ကုန်းဘောင်မင်းဆက်တွင် အလောင်းမင်းတရားကြီး၊ ဘိုးတော်ဘုရား၊ ဘကြီးတော်မင်း၊ မင်းတုန်းမင်းတို့သည် သီဟတောဘုရားအား ပြုပြင်မွမ်းမံခဲ့ကြသည်။ ဘိုးတော်မင်းတရားကြီးလက်ထက်တွင်သုနန္ဒာဘိဓဇမဟာရာဇ်ရာဇဂုရု ဘွဲ့တံဆိပ်တော်ရ မအူဆရာတော်ကြီး၏ မေတ္တာရပ်ခံချက်အရ သီဟတော ဘုရားပတ်ဝန်းကျင်ကုလလေးတာငါးရာတွင်းသား ငှက်တိရစ္ဆာန် များအား ဘေးမဲ့ပေးခဲ့၏။ (ကုလလေးတာ – တစ်တာလျှင်လေးတောင် ဖြစ်သည်။)

စစ်ကိုင်းမင်းခေါ် ဘကြီးတော်မင်း (၁၁၈၁ – ၁၁၉၉) လက်ထက်တွင် သီဟတောဆင်းတုတော်ကိုစစ်ကိုင်း ရှင်ဖြူရှင်လှဘုရား၊ ရွှေတန့်တစ် ဘုရား ဆင်းတုတော်များနှင့် အတူရွှေနန်းတော်အတွင်းသို့ ပင့်ဆောင်ပြီး တန်ဆောင်းသုံးထပ်နှင့်ထား၍ ကိုးကွယ်တော်မူခဲ့လေသည်။ ညီတော် သာယာဝတီမင်း (၁၁၉၉ – ၁၂၀၈) လက်ထက်တွင်လည်း သီဟတော ဆင်းတုတော်ကို နန်းတော်အတွင်းတွင် ဆက်လက်၍ ကိုးကွယ်ခဲ့ကြောင်း ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီးတွင် ဖော်ကြထားသည်။

မန္တလေးနေပြည်တော်ကြီးကို နယ်ချဲ့အင်္ဂလိပ်တို့ သိမ်းပိုက်သော အခါတွင် သီ ဟတောသရက္ခန် ဆင်းတုတော်ကို နန်းတော်ထဲတွင် တွေ့ရှိရကြောင်း၊ ရွှေဘိုခရိုင်ဂေဇက်တီးယား (အတွဲ – က)တွင် တွေ့ရှိရသည်။ သို့ဖြစ်ရာ သာယာဝတီမင်း၏ နောက်တွင်စံမြန်းသော ပုဂံမင်း၊ မင်းတုန်းမင်း၊ သီပေါမင်း တို့သည်လည်း သီဟတောဆင်းတုတော်ကို နန်းဦးတွင် ဆက်လက်၍ ကိုးကွယ်ခဲ့ခြင်းဖြစ်ကြောင်း ထင်ရှားနေလေသည်။

နယ်ချဲ့အင်္ဂလိပ်တို့ မြန်မာနိုင်ငံကိုသိမ်းပိုက်ပြီးနောက် သီဟတော ဆင်းတုတော်ကို မန္တလေးမြို့ရှိ အလောင်းစည်သူမင်း၏သားတော် မင်းရှင်စောတည်ထားကိုးကွယ်ခဲ့သော "ရွှေကျီးမင်း"ဘုရား ဂေါပကသို့

လွှဲအပ်ပြီးတစ်နှစ်တစ်ကြိမ် ဘုရားပွဲတော်ရက်အတွင်း အညာသီဟတောသို့ အခမ်းအနားဖြင့် ပင့်ဆောင်တော်မူခဲ့ကြသည်မှာ ယနေ့ထက်တိုင် ဖြစ်ပေသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးစချိန်တွင် အညာသီဟတောတည်ရှိရာအရပ်ဒေသသည် သောင်းကျန်းသူများ၏ နှောင့်ယှက်မှုကြောင့် လုံခြုံမှုမရှိပေ။ ဤအခြေအနေမှာပင် ရာကျော်ဆရာတော်ဘုရားကြီး၏ ဩဝါဒကို ခံယူပြီး မြန်မာသက္ကရာဇ် (၁၃၁၆) ခုနှစ်စတင်၍ အညာသီဟတောဘုရားအား ကမကထပြုလုပ်ပြီး ပြုပြင်မှုများ ဆောင်ရွက်ခဲ့သည့် ပုဂ္ဂိုလ်မှာ သစ်တောမင်းကြီး၊ သီဟဗလသီရိပျံချီဘွဲ့ရဦးစောလင်းဖြစ်ပေသည်။ သစ်တော်မင်းကြီး ဦးစောလင်းဦးဆောင်ဦးရွက်ပြု၍ ကသာခရိုင်သစ်တောဝန်များ၊ ကုသိုလ်ရှင်များက အလှူဒါနပြုခဲ့ကြသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် တိုင်းပြည်တာဝန်ကို ထိန်းသိမ်းခဲ့ပြီးနောက် သာသနိကအဆောက်အအုံများ၊ ဘုရား၊ ပုထိုး၊ ကျောင်း၊ ကန်၊ ဇရပ်၊ သိမ်၊ ကျောင်း၊ ပြာသာဒ်များ၊ သမိုင်းဝင်ရှေးဟောင်းအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ပြုပြင်မွမ်းမံခဲ့ပါသည်။

အလားတူပင် သမိုင်းဝင်အညာသီဟတောဘုရားကိုလည်း သဒ္ဓါတရားထက်သန်စွာဖြင့် လုပ်သားပြည်သူများနှင့် ပူးပေါင်း၍ (၂-၂-၈၉) မှစတင်စမ်းသပ်မှုများပြုလုပ်ပြီး ဘက်စုံပြုပြင်မွမ်းမံခဲ့ရာ (၁၆-၃-၉၀) ရက်နေ့တွင်ပြီးစီးအောင်ဆောင်ရွက်နိုင်ခဲ့ပြီး (၁၈-၃-၉၀)နေ့တွင် သီဟတောဘုရားထီးတော်တင်ပွဲပြီးသည်အထိ ကုန်ကျငွေပေါင်း ကျပ်-၅၀၉၆၈၅၀/၆၃ပြား ဖြစ်သည်။

၎င်းနောက် ၁၉၉၁ ခုနှစ်တွင် အညာသီဟတောဘုရားဘက်စုံပြုပြင်မှုများကို ဆက်လက်ဆောင်ရွက်ခဲ့ရာ ကုန်ကျငွေ ကျပ်-၁၅၇၃၀၃၆/၃၀ပြား ထပ်မံသုံးစွဲကုန်ကျခဲ့ပါသည်။



၁၉၉၃ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့တွင်အောက်ဖော်ပြပါလုပ်ငန်းများကို အကောင်အထည် ဖော်ဆောင်ရွက်ခဲ့ပါသည် -

| | | |
|---|---|---|
| (၁) | လျှပ်စစ်မီးစက်ရုံတည်ဆောက်ခြင်းလုပ်ငန်း | ၈၀၁၀၀ ကျပ် |
| (၂) | ရင်ပြင်တော်ကြမ်းခင်းပြုပြင်ခြင်းလုပ်ငန်း | ၁၁၆၀၀၀ ။ |
| (၃) | အုတ်ရေကန်နှစ်ကန်ပြုပြင်ခြင်းလုပ်ငန်း | ၃၄၁၀၀ ။ |
| (၄) | အာရုံခံတန်ဆောင်းများရေဆေးသုတ်ခြင်း | ၁၁၂၀၀ ။ |
| (၅) | ဘုရားကုန်းမြေပိုင်ရိုက်ခြင်းလုပ်ငန်း | ၄၃၀၀၀၀ ။ |
| | စုစုပေါင်း | ၆၇၁၄၀၀ ။ |

၁၉၉၄ ခုနှစ်ဧပြီလ ၂၃ ရက်နေ့တွင် အညာသီဟတောဘုရား ထပ်မံပြုပြင်မွမ်းမံမှုများပြုလုပ်ခဲ့ရာအရပ်ရပ် ကုန်ကျငွေမှာ ၄၁၃၆၀၀၀ ကျပ်ဖြစ်သည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ တာဝန်ယူခဲ့သည့်ကာလအတွင်း အညာသီဟတောဘုရားကြီး ဘက်စုံပြုပြင်မွမ်းမံခဲ့သည်မှာ ကျပ်သိန်းပေါင်း တစ်ရာကျော်ခဲ့ပြီဖြစ်သည်။

ထို့ပြင် အညာသီဟတောဘုရားကြီးကို ဆက်လက်၍ပြုပြင်မွမ်းမံထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက်ငွေပင်ငွေရင်းအဖြစ် ငွေကျပ် တစ်ဆယ်သိန်းကို ငွေစုလက်မှတ်ဝယ်ယူ၍ ငွေပဒေသာပင်စိုက်ထူထားပါသည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်တွင်လည်း အညာသီဟတောဘုရားကြီး ဘက်စုံပြုပြင်မွမ်းမံနိုင်ရန်အတွက်ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

သဒ္ဓါကြည်လင်ပါရမီရှင်များအနေဖြင့် သမိုင်းဝင်စေတီတော်မြတ်ကြီးအား အဘက်ဘက်မှဆက်လက်ပြုပြင်မွမ်းမံနိုင်ရေးအတွက် စေတနာထက်သန်စွာ ပါဝင်လှူဒါန်းကြပါရန် တိုက်တွန်းနှိုးဆော်ရပေသည်။

## ကင်းမြို့တော်ဟောင်းကြံညှပ်

ဧရာဝတီမြစ်၏ တတိယမြစ်ကျဉ်း (ကျောက်တွင်း) အထွက်တွင် မလယ်၊ စမ့်ယ်နဂိုရ်စသည့် ရှေးဟောင်းမြို့များကို တွေ့ရသည်။ စေတီဘုရား

ပုတိုးများဖြင့် တင့်တယ်လှ၏။ မြစ်ကျဉ်းဝဲယာတွင် ကျောက်တောင်မြို့များနီးကပ်စွာမြင်တွေ့ရသော်လည်း မြစ်ကျဉ်းလွန်သော တောင်များကားဧရာဝတီနှင့် တဖြည်းဖြည်းဝေးစပြုကြပြီ၊ မြစ်ကမ်းဝဲယာတွင် ကျယ်ပြန့်သောနုန်းတင်မြေနုလွင်ပြင်ကြီးကိုမြင်တွေ့ရ၏။ ကျွန်းများပေါ်တွင် စိုက်ခင်းများကို စိမ်းစိမ်းစိုစိုတွေ့ရသည်။ စိုက်ခင်းများကို တောင်နံ့ရံ များဖြင့် အနားသတ်ထား၏။ တောင်စဉ်တောင်တန်းများသည် တိမ်လိပ်၊ တိမ်တိုက်များဖြင့် ရောထွေးနေသည်ကို တွေ့ရသည်။ ဧရာဝတီ မြစ်အတွင်း ဖြူလွှလွှသောင်များတွင် ဝမ်းဘဲ၊ ဟင်္သာ စသောရေ၌ ကျက်စားတတ်သည့် သတ္တဝါများကို တွေ့ရသည်။ တစ်ခါတစ်ခါ အညာမှရုန်မျောလာသည့်ဝါးဖောင်များကို တသီတတန်းကြီးတွေ့ရသည်။ မြေနုကျွန်းများကို လွန်သော် မြန်မာတို့၏ရှေးမြို့ဟောင်း"ကြံညှပ်"သို့ရောက်သည်။

"ကြံညှပ်"သည်ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်းတွင်တည်ရှိပြီး၊ အနော်ရထာမင်း၏ကင်းမြို့များတွင် ပါဝင်သည့်မြို့ဖြစ်သည်။ ဆင်ဖြူရှင်မင်းတရားလက်ထက်တွင် အပြင်းအထန်လုပ်ကြံဖျက်ဆီးခံရပြီး သက္ကရာဇ် ၉၃၆ ခုနှစ် မင်းရဲနန္ဒမိတ်(ညောင်ရမ်းမြို့စား) လက်ထက်တွင်ထပ်မံပြုပြင်တော်မူသည်။

ကြံညှပ်မြို့ဟောင်းသည် မန္တလေးမြို့အထက် ရေမိုင် ၁၀၇ မိုင်၊ ၁၂၈မိုင်တွင်ရှိသည်။ ယခုအခါရွာကြီးတစ်ရွာမျှသာဖြစ်သည်။ မန္တလေးတိုင်း သပိတ်ကျင်းမြို့နယ်အတွင်းပါရှိပြီး "ကြံညှပ်"တိုက်နယ်ဟုခေါ်ကြသည်။ တကောင်းမြို့ဟောင်းနှင့်ရေမိုင်တာမိုင်ကုန်းမိုင် ၂၀မိုင်ဝေးကွာပြီး၊ ဒေသအခေါ်ခရီးတစ်သောင်းကွာဝေးသည်ဟုဆိုကြသည်။ "ကြံညှပ်" မြို့ဟောင်း၏ ထင်ရှားသောအမှတ်အသားများမှာမြစ်ကမ်းစေတီတော်သုံးဆူကို အဝေးမှဖူးတွေ့နိုင်ခြင်းပင်ဖြစ်သည်။ ယင်းစေတီတော်များမှာ ကြံညှပ်မြို့ဦး၊ "ရွှေမာလည်းစေတီ"၊ မြို့လယ်ရှိ"ရွှေမြင်ဦးစေတီ" တော်နှင့်



မြို့စွန်ရှိ "ရွှေရပ်သာဆုတောင်းပြည့်စေတီတော်"များဖြစ်ကြသည်။ ယင်းစေတီတော်များ၏ထူခြားချက်မှာ ဧရာဝတီမြစ်ကမ်းနဖူးတွင် အကွာအဝေးအညီအမျှ တည်ထားခြင်းပင်ဖြစ်သည်။ ဖောင်တော်ဦး၊ ဖောင်တော်ချက်နှင့် ဖောင်တော်ဖျားဟုလည်း အချို့ကဆိုကြသည်။ သမိုင်းဝင်ထင်ရှားသည့် စေတီပုထိုးများပင်။

မြတ်စွာဘုရားပရိနိဗ္ဗာန် စံတော်မူပြီးနောက် သရီရဓါတ်တော်များကို သာသနာသက္ကရာဇ် ၂၃၅၊ ဘီစီ ၃၀၈တွင် ရှင်မဟာမောဂလိပုတ္တတိဿမထေရ်ကြီး၏ ညွှန်ကြားချက်အရ သီရိဓမ္မာသောကမင်းကြီးသည် သာသနာတော်ပြန့်ပွားသည်ထက်ပြန့်ပွားအောင် စေတီတော်များကို တည်ထားကိုးကွယ်ခဲ့ပါသည်။ ကိုးတိုင်းကိုးဌာနသို့ သာသနာပြုအဖွဲ့များ စေလွှတ်ရာတွင် အရှင်သာမနမထေရ်နှင့် အရှင်ဥတ္တရမထေရ်တို့သည် အမှူးပြုသောအရှင်မြတ်သို့ည် သုဝဏ္ဏဘူမိမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်၍ စေတီပုထိုးများတည်ဆောက်တော်မူရာတွင် ကြံညှပ်မြို့ "ရွှေမာလည်းစေတီတော်"သည်လည်းအပါအဝင်ဖြစ်ပါသည်။

အနော်ရထာမင်းကြီးလက်ထက် ကင်းမြို့များကိုတည်ရာတွင် ထပ်မံပြုပြင်ခဲ့သည်။ အလောင်းစည်သူမင်းကြီးသည် ကျော်လေးဆူတွင် အပါအဝင်ဖြစ်သော အညာသီဟတောဘုရားကိုတည်ထားကိုးကွယ်တော်မူပြီး နောက် သုံးဆယ်သုံးမိုင်မျှဝေးသော ကြံညှပ်မြို့တွင်းရှိ ယခင်ဉာဏ်တော်ကိုးတောင်ရှိသော ရွှေမာလည်းစေတီတော်ကို ဉာဏ်တော် ၂၇ တောင် အထိတိုးမြှင့်ကာ ဘုရားကိုငုံ၍ တည်တော်မူသည်။ ရွှေမာလည်းရုပ်ပွားတော် တစ်ဆူနှင့် သစ်ကနက်ဖောင်တော်ထိပ်တွင် အမြဲအလံတိုင်ထူလေ့ရှိသော စကားသားကို ဘုရားကိုးဆူထုလုပ်ကာ ရွှေမာလည်းစေတီတော်တွင် ရွှေစကားကြီးဘုရား တစ်ဆူအဖြစ်ပူဇော်ကိုးကွယ်သည်။ ရွှေမာလည်းဘုရားပွဲတော်ကိုလည်း နှစ်စဉ်တပို့တွဲလဆန်း ၇ ရက်မှ လပြည့်နေ့အထိကျင်းပ

နိုင်ရန် ဝက်လယ်၊ ကန်လယ်များ (ယခုပင်လယ်ကြီးဖောင်းကိုးပင်ရွာအနီးတွင်ရှိသည်) ဘုရားကျွန်များကိုလည်း လှူဒါန်းတော်မူခဲ့သည်။

နရပတိစည်သူမင်းလက်ထက်တွင်လည်း ဘေးလောင်းတော်တို့၏ကောင်းမှုတော်ဘုရားများကို ဖူးမြော်ခြင်းနှင့် ပြန်လည်ပြုပြင်ခြင်းတို့ပြုလုပ်ခဲ့ပါသည်။ ကြံ့ညှပ်မြို့ ရွှေမာလည်းဘုရားသို့ရောက်ပြီး အလောင်းစည်သူမင်းကဲ့သို့ပင်ရွှေမာလည်းရုပ်ပွားတော်တစ်ဆူကိုပုံတူထုလုပ်လှူဒါန်းခဲ့ခြင်းကြောင့် ရုပ်ပွားတော်နှစ်ဆူဖြစ်လာကာ"ရွှေမာလည်း ညီတော်နောင်တော်"ဟု အမည်တွင်ပြန်သည်။ မှန်နန်းရာဇဝင်တော်ကြီး ပဌမတွဲတွင် –

"နရပတိစည်သူမင်းကြီးကား သစ္စာလည်းစောင့်၏။ မင်းတရားဆယ်ပါးနှင့်လည်းပြည့်စုံတော်မူ၏။ ဘေးတော် အနော်ရထာမင်းစောကဲ့သို့ တောင်ဘက်မြောက်ဘက်၊ အရှေ့ဘက်၊ အနောက်ဘက် နိုင်ငံတော်မြန်မာပြည်အနှံ့အစပ်၊ မိဖုရား မောင်းမမိဿံခြံရံလျက် စစ်အင်္ဂါလေးပါးနှင့်တကွ တင့်တယ်သပ္ပါယ်စွာ တိုင်းခွင်လှည့်လည်တော်မူ၏။ ကန်ချောင်း၊ ဆည်မြောင်း ပြုစုတော်မူသည်ကားများ၏။ နေပြည်တော်ကို ပုဂါရာမသို့ရောက်တော်မူလျှင် လှေတော်သစ်ကနက်ဦးစကားသားကို ဘုရားကိုးဆူထုလုပ်တော်မူ၍ ခပ်သိမ်းသော သတ္တဝါအပေါင်းတို့၏ စီးပွားရေးအလို့ငှာ သာသနာတော်ငါးထောင်တည်ရစ်စေမူ၍ ကလေးမြို့တစ်ဆူ၊ မင်းကင်းမြို့တစ်ဆူ၊ မြေဒူးမြို့တစ်ဆူ၊ စည်ပုတ္တရာမြို့တစ်ဆူ၊ ကြံ့ညှပ်မြို့တစ်ဆူ၊ စဉ့်ကူးမြို့တစ်ဆူ၊ မုဆိုးဖိုမြို့ တစ်ဆူ၊ စမွန်းတစ်ဆူ၊ စစ်ကိုင်းမြို့တစ်ဆူ ဤကိုးဆူကို ဂူတည်၍ သီးတင်းသုံးနေတော်မူ၏။ ဤဘုရားကိုးဆူထုလုပ်၍ လွင့်စင်သောစူးစာ၊ ဆောက်စာတို့ကို စုရုံး၍လုပ်သောမံဘုရားတစ်ဆူကိုလည်း အမြင့်မြို့၌ သီတင်းသုံးနေတော်မူရ၏"ဟုအဆိုရှိရာ ကြံ့ညှပ်မြို့တွင် "ရွှေစကား"ဘုရားကို ယနေ့တိုင် ဖူးမြော်နိုင်ပါသည်။ ရွှေစကားရုပ်ရှင်တော်မြတ်သည် အကြိမ်ကြိမ်တန်ခိုးပြခဲ့ကြောင်း သိရသည်။



ကြံ့ညှပ်မြို့ဟောင်းဝန်းကျင်တွင် သမိုင်းဝင်ရှေးဟောင်းစေတီဘုရားပုထိုးများပေါများလှပါသည်။ စေတီဘုရားပုထိုးဟောင်းများကယဉ်ကျေးမှုထွန်းကားခဲ့သည့် မြို့တစ်မြို့ဖြစ်ကြောင်း ဖော်ညွှန်းနေသကဲ့သို့ရှိသည်။ ကြံ့ညှပ်ဆရာတော်ဘုရားကြီးက –

"ကြံ့ညှပ်မြို့ဟောင်းမှာ ဘယ်နေရာတူးတူး အုတ်ခဲတွေချည်းတွေ့နေရတယ်။ ဟောဒီဘက်မှ အုတ်တံတိုင်းတွေ ကာရံထားတယ်၊ ဒီအုတ်တံတိုင်းတွေဟာ ဒုတိယကမ္ဘာစစ်အတွင်းမှာ မဟာမိတ်တွေ့ရဲ့ခံတပ်ဖြစ်ခဲ့တယ်။ ဟောဒီဘက်ကဇရပ်တန်းလို့ခေါ်တယ်၊ ဇရပ်တစ်ရာကျော်ရှိတယ်၊ စစ်အတွင်းမှာ မီးလောင်ပျက်စီးခဲ့ရတယ်"ဟူ၍ ရှင်းလင်းပြောပြခဲ့ပါသည်။

ထို့ကြောင့်လည်း အစိုးရကစောင့်ဘိန်းသည်ဟု ကြော်ငြာသောအဆောက်အအုံများတွင် ကြံ့ညှပ်နှင့် မြင်သာရွာများ၊ ရွှေမြင်ဦးနှင့်ရွှေမာလည်းစေတီများ၊ ဝတ္တကမြေအတွင်း ၎င်းတို့နှင့်စပ်လျဉ်း၍ဖြစ်စေ၊ ၎င်းမှတ်ဝန်းကျင်၌ဖြစ်စေ ရှိသော ကျောက်၊ သစ်စသည်တို့ဖြင့်ပြုလုပ်သောအရုပ်၊ ပင်စာများ၊ ထုလုပ်ထားသည့်အရာများ၊ ရုပ်ပွားဆင်းတုတော်များ၊ ကွင်းရုပ်များ၊ ကမ္ဗည်း ကျောက်စာများနှင့် အခြားအလားတူဝတ္ထုပစ္စည်းများအပြင် ထိုဘုရားများနှင့်ဆိုင်သည့် အောက်ပါနယ်နိမိတ်အတွင်းရှိ စေတီပုထိုး အဆောက်အအုံများ–

အရှေ့ရွှေစကားဘုရားလမ်းပေါ်ရှိ မှတ်တိုင်မှ မြောက်ဘက်ဘုရားနီမြောက်ချောင်းအထိ၊ ထိုလမ်းမှ မြင်သာရွာတောင်ဘက်သုသာန်အထိ၊ တောင်သရက်ဥယျာဉ်နှင့် ကပ္ပတိန်ကောင်းဟင်းနှင့် ၎င်းစစ်သားများသင်္ချိုင်း၊ အနောက်ဧရာဝတီမြစ်၊

ပုံ

ဒမ်ဇစ်အစ်ဘက်အမ်

ခုနှစ်အောက်တိုဘာလ၁၃ ရက်

## ပုံ
## ဂျေအာမက်ပါဆမ်
## အတွင်းဝန်အိန္ဒိယအစိုးရ

အထက်ဖော်ပြခဲ့သည့် အစိုးရကစောင့်ထိန်းခဲ့သည့် အဆောက်အအုံများနယ်နိမိတ်သတ်မှတ်ရာတွင် ကပ္ပတိန်ဘောင်းဟင်းနှင့် ၎င်းစစ်သားများ သချိုင်းဟူ၍ ဖော်ပြထားပါသည်။ အထက်ပါကျောက်စာမှတ်တိုင်သည် လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်း၏ တစ်စိတ်တစ်ဒေသကိုဖော်ညွှန်းသည့် သမိုင်းမှတ်တိုင်တစ်ခုဖြစ်သည်။

မြန်မာရှေ့ပြေးတော်လှန်ရေးသမားကြီး ဝန်းသိုစော်ဘွားကြီး ဦးအောင်မြတ်သည် အင်္ဂလိပ်နယ်ချဲ့တို့ကိုတိုက်ပွဲဝင်ခဲ့ပါသည်။ ကောလင်းရွာမနှင့် ကျိုင်းခွင်တိုင်ပွဲများအပြီးတွင် ဗန်းမောက်နယ်မဲဇာ ချောင်းနားရှိ မန်လောင်းမန်စီဒေသများတွင် အင်္ဂလိပ်တို့နှင့် အကြိမ်ကြိမ်တိုက်ပွဲပြင်းထန်စွာဖြစ်ပွားခဲ့သည်။ ဗန်းမောက်နယ်ကျွဲတောကြီးချောင်းမှလည်းကောင်း၊ ပင်ပုံကျောက်သုံးလုံးစခန်းမှလည်းကောင်း၊ ဆည်ကြီးတောင်၌ ဆင်ခလုတ် မြင်းခလုတ်များစီရင်၍ သဲသဲမဲမဲခုခံတိုက်ခိုက်သည်။ မန်စီအရှေ့ကုန်းတွင်လည်း အင်္ဂလိပ်များနှင့်ပြင်းထန်စွာတိုက်ခိုက်ကြသည်။ ဝန်းသိုစော်ဘွားကြီးသည် ဒေသခံတို့၏ ထောက်ခံကူညီမှုဖြင့် သပိတ်ကျင်းမြို့နယ်သို့ ရောက်ခဲ့သည်။ အင်္ဂလိပ်များ ရှမ်းပြည်နယ်ဘက်သို့ ဆက်လက်မတက်နိုင်ရန် သပိတ်ကျင်းမှ ကျောက်မောင်းများဆင်၍ ခုခံခဲ့သည်။ တိုက်ပွဲပေါင်းများစွာဖြစ်ပွားခဲ့သည်။ ဗြိတိသျှတို့သည် ပန်ဂျပ်အမှတ် ၆ ရှေ့တန်းတပ် တစ်တပ်ကို သပိတ်ကျင်းမြို့နယ် ကြံညှပ်ရွာတွင် တပ်စွဲထားသည်။ ထိုရှေ့တန်းတပ်ကို ကပ္ပတိန်ဘောင်းဟင်းဆိုသူက အုပ်ချုပ်ခဲ့သည်။

ထိုစဉ်က ကြံညှပ်ရွာသူကြီး ဦးဖိုးရသည် ဝန်းသိုစော်ဘွားနှင့် ဆက်သွယ်၍ နယ်ချဲ့အင်္ဂလိပ်တို့ကို တိုက်ထုတ်ရန်စီစဉ်ခဲ့သည်။ လူသူ



လက်နက်များ စုဆောင်းခဲ့သည်။ ၁၈၅၇ ခုနှစ် ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် ကပ္ပတိန်ဘောင်းဟင်းကျဆုံးသည်။ ထို့ကြောင့် နယ်ချဲ့ဆန့်ကျင်ရေးသမားကြီးဖြစ်သည့် ဦးဖိုးရနှင့်အပေါင်းပါများကို အင်္ဂလိပ်တို့က ကြိုးပေးသတ်ခဲ့သည်။ ဦးဖိုးရနှင့်အပေါင်းပါများ သတ်ဖြတ်ခဲ့သည့်နေရာကို ယနေ့တိုင် "စက်တိုင်ကုန်း" ဟု ခေါ်ဝေါ်ကြသည်။ ယင်းနေရာ၌ပင် ကပ္ပတိန်ဘောင်းဟင်းနှင့် အပေါင်းပါများ အသတ်ခံရကြောင်းကို ကျောက်စာဖြင့် ကမ္ပည်းရေးထိုးမှတ်တမ်းတင်ထားသည်။

ကြံညှပ်မြို့ဟောင်းတွင် လေ့လာစရာများကား များပြားလှပါသည်။ ကြံညှပ်မြို့ဟောင်းသည် အနော်ရထာမင်းကြီးလက်ထက် ကင်းမြို့ (၄၃) မြို့တစ်ပြိုင်နက်တည်းတည်ရာတွင် မြို့တစ်မြို့အဖြစ်ပါဝင်ခဲ့သည်။ ထို့ပြင် လက်နက်စွဲကိုင်စုကျ တပ်သားတစ်ရာပေးရသော ရာပြမြို့လည်းဖြစ်သည်။ ယနေ့တိုင် သမိုင်းဆိုင်ရာတာဝန်များကို ကျေပွန်စွာထမ်းဆောင်နေပါသည်။ သမိုင်းဝင်စေတီဘုရားပုထိုးဟောင်းများ၊ ရှေးဟောင်းအနုပညာလက်ရာများ သမိုင်းဝင် ကပ္ပတိန်ဘောင်းဟင်းနှင့် ၎င်းစစ်သားများ ကျဆုံးခဲ့သည့် ကျောက်တိုင်၊ ထို့ပြင် ဒဏ္ဍာရီဆန်ဆန်ပြောဆိုယုံကြည်နေကြသည့် "သောင်းဗုက်တောင်" ၊ "ကောက်တာဂူကြီး" ၊ ပန်းပဲမောင်တင့်တယ် ပန်းပဲထုလုပ်ခဲ့သည်ဆိုသည့် "သံထိုဝဋ္ဋနတောင်" (ယနေ့တိုင် သံဆူးများ၊ ချော်ခဲများ ရှိနေသည်) ကြံညှပ်မြို့ဟောင်းတစ်ဘက်ကမ်းရှိ "ရွှေညောင်ပင်တမောဝ"ဘုရားများစသည်စသည်ဖြင့်ကြံညှပ်မြို့ဟောင်းတွင် လေ့လာစရာ သုတေသနပြုစရာများကား များစွာကျန်ရှိသေးသည်။

# ရှင်အရဟံတည်ထားတော်မူခဲ့သောမော်ဆယ်ရွာစေတီတော်

မြန်မာနိုင်ငံတော်သည် ဗုဒ္ဓ၏ဓာတုစေတီအမြောက်အမြားတည်ရှိသောကြောင့် ရွှေစေတီနိုင်ငံဟုခေါ်ကြသည်။ ဤရွှေစေတီများကားအလှအပသဘောဖြင့်တည်ထားခြင်းအဟုတ်၊ ဤသို့သော စေတီတော်အများအပြား တည်ထားကိုးကွယ်သည်ကိုထောက်၍ မြန်မာနိုင်ငံတော်၌ သာသနာတော်ပွင့်လင်း၍ အရိယဖြစ်သောပုဂ္ဂိုလ်များ အမြောက်အမြားပေါ်ထွက်မည်ဟု အဓိပ္ပာယ်သက်ရောက်ပါသည်။

သမ္မာသမ္ဗုဒ္ဓသုံးလောက သင်းကျစ်ဓမ္မရာဇ်ဖြစ်တော်မူသော ဘုရားရှင်၏ စေတီတော်များသည်ကား –

(၁) ဘုရားရှင်၏ဓာတ်တော်များကို ဌာပနာ၍တည်သောသာရီရိကမည်သော ဘုရားရှင်၏ဓာတုစေတီ။

(၂) သပိတ်ပရိက္ခရာ ဗောဓိပင်စသောဘုရားရှင်၏ အသုံးအဆောင်ပရိဘောဂစေတီ။

(၃) ဘုရားရှင်၏ ဂုဏ်တော်ကိုမှန်းရွယ်ထုလုပ်သောရုပ်ပွားတော်စသောဥဒ္ဒိဿစေတီ။

(၄) ပိဋကတ်သုံးပုံတည်းဟုသောဓမ္မစေတီ

ဟူ၍ စေတီ ၄ ပါးပြား၏။ ထိုလေးပါးသော စေတီတို့တွင် မြန်မာလူမျိုးများစေတီဟုအသိမှတ်ပြုသော စေတီသည်ကားဓာတ်တော်ဌာပနာသောဓာတုစေတီသာဖြစ်လေသည်။



သက္ကရာဇ် ၃၇၉ ခုနှစ် ပုဂံနေပြည်တော်၌ အနော်ရထာမင်းကြီးစိုးစံတော်မူသည်။ အနော်ရထာမင်းသည် မိရိုးဖလာ ဗုဒ္ဓဘာသာဝင်မင်းဖြစ်တော်မူသည်။ သို့တော်ယင်းကိုးကွယ်ခဲ့သော ဗုဒ္ဓဘာသာသည်ကား ထေရဝါဒဗုဒ္ဓဘာသာမဟုတ်ချေ။ မြန်မာနိုင်ငံတော်အတွင်း၌ မဟာယနဂိုဏ်းပျံ့နှံ့နေစဉ်သုဝဏ္ဏဘူမိခေါ် သထုံဘက်၌ကား ထေရဝါဒသာသနာတော်သည် ထွန်းကားလျက်ရှိနေသည်။ အရှင်အရဟံ ပုဂံသို့ရောက်လာသည့်မှစ၍ ထေရဝါဒသာသနာတော်သည်ကား တစ်စတစ်စထွန်းကားလာခဲ့သည်။

မြန်မာနိုင်ငံမြောက်ပိုင်း စစ်ကိုင်းတိုင်းတွင် ဟိမဝန္တာတောင်ကြီးမှဖြာဆင်းလာကြသော တောင်တန်းကြီးသုံးသွယ်တို့ရှိကြသည်။ ၎င်းတို့ကား ကုံကော်တောင်တန်း၊ မင်းဝံတောင်တန်းနှင့် မှန်ကင်းတောင်တန်း တို့ဖြစ်ကြသည်။ ထိုတောင်တန်းသုံးသွယ်အနက် မှန်ကင်းတောင်တန်းသည် တောင်တန်းသုံးသွယ်၏ အနောက်ဘက်၌တည်၍ ဗန်းမောက်မြို့နယ်မှ ကောလင်းမြို့နယ်အထိ ရှည်လျားသည်။ ဝန်းသိုနယ်၌တည်ရှိသော မိုင်းသုံတောင်ထွတ်သည် ပေပေါင်း ၁၆၁၂ ပေမြင့်၏။ ၎င်းတောင်တန်းမှ ချောင်းငယ်များစုပေါင်း၍ မူးမြစ်ဖြစ်ပေါ်လာသည်။ မှန်ကင်းတောင်တန်းသည် အလွန်တောနက်လှ၍ ရှေးကာလတောလူများပင် ရှိသည်ဟုဆိုကြသည်။ ယနေ့အခြေအနေကား အရှေ့ဘက်လွင်ပြင်၌ ကတူးလူမျိုးများနေထိုင်၍ မှန်ကင်းတောင်တန်း၏အနောက်ဘက်လွင်ပြင်၌ ကနန်းလူမျိုးများနေထိုင်ကြသည်။

ကတူးလူမျိုးများကို မော်လူမျိုးများဟုလည်းခေါ်ကြသည်။ မော်ဆိုသည်မှာကား ရွှေ ငွေ ဆား ကျောက်ထုတ်လုပ်သည်ကိုဆိုလိုသည်။ (မိုင်းနှင်တူသည်)၊ မှန်ကင်းတောင်၏ အထွတ်သည်ကား မိုင်းသုံးတောင်ကြီးဖြစ်လေသည်။ ထိုမိုင်းသုံးတောင်၌ ဆားကျင်းများ ရွှေတွင်းများ၊ ငွေတွင်းများစသည့် သတ္တုတွင်းများရှိရာ ထိုသတ္တုတွင်းများကို တူးဖော်လုပ်ကိုင်

စားသောက်ကြသူများဖြစ်၍၊ ကတူးလူမျိုးများကို မော်လူမျိုးဟုခေါ်ဆိုကြသည်။ ရှေးကာလက မောရွာပေါင်း (၁၀) ရွာရှိသည်။ ၎င်းတို့မှာ (၁)ကမ္ဘာရွာ၊ (၂) မော်ဟိုင်းရွာ၊ (၃) နန်းမားရွာ၊ (၄) စွန်းဖာရွာ၊ (၅)မော်ခွင်ရွာ၊ (၆) စည်းနန်းရွာ၊ (၇) မော်တိတ်ရွာ၊ (၈) မော်ချုံးရွာ၊ (၉)ကနန်းရွာ၊ (၁၀) မန်အင်ရွာများဖြစ်သည်။

ထိုရွာ (၁၀) ရွာတို့တွင် (၁) ကမ္ဘာ၊ (၂) မော်ဟိုင်း၊ (၃) နန့်မား၊ (၄)စွန်ဖား၊ ဤလေးရွာကို ကမ္ဘာ ၄ ရွာဟုခေါ်သည်။ (၁) မော်ခွင်၊ (၂)စည်နန်း၊ (၃) မော်တိတ်၊ (၄) မော်ခါး၊ ၎င်း ၄ ရွာကို မော်ခွင် ၄ ရွာခေါ်သည်။ (၁) ကနန်း၊ (၂) မန်အင်း၎င်းနှစ်ရွာကို ကနန်း ၂ ရွာခေါ်ပါသည်။

အနော်ရထာမင်းလက်ထက်တွင် မိုင်းသုန်းတောင်တစ်ဝိုက်၌ ဤမော် (၁၀)ရွာမျှသာရှိသေးသည်။ ရှင်အရဟံသည် ထိုအရပ်ဒေသကို ဘုရားရှင်၏ကိုယ်စားတော် စေတီပုထိုးတည်ထားရပါမူ ကောင်းပေလိမ့်မည်ဟုယူဆတော်မူ၍ အရှင်ဓမ္မာသာရနှင့် တိုင်ပင်တော်မူပြီးလျှင် ဘုရားရှင်၏သိရီရဓာတ်တော်နှင့် သွားတော်ဓာတ်တို့ကို ရိုသေစွာပင်ဆောင်ခဲ့၍ မော် (၁၀) ရွာ ဒါယကာတို့အား တရားဓမ္မဟောပြတော်မူပြီးလျှင် ဤမော်ဆယ်ရွာ စေတီတော်ကြီးကို တည်ထားတော်မူလေသည်။

အရှေ့ရောဝတီ၊ အနောက်သလွာဝတီမြစ်တို့ကြား မှန်းကင်းတောင်တန်း၌ ဤမော်ဆယ်ရွာစေတီတော်သည်အဦးအစဖြစ်၏။ အရှင်အရဟံနှင့် အရှင်ဓမ္မာသာရတို့သည် မေမော်ဆယ်ရွာတစ်လျှောက် တရားဓမ္မဟောပြ၍ ရဟန်းသာမဏေပြုလုပ်လိုသူများကိုလည်း ပဥ္စင်းသာမဏေပြုပေးတော် မူပြီး ပုဂံရာမသို့ပြန်ကြွတော်မူကြသည်။

မော်ဆယ်ရွာစေတီတော်တည်စဉ်က မော် ၁၀ရွာမျှသာရှိသေးသည်။ နောင်သောအခါ ဆားတွင်းဘော်တွင်းမျှသာမက ခဲတွင်း၊ သံတွင်း၊ ကြေးတွင်း၊ ကျောက်ချဉ်တွင်း၊ ဗဟန်းသတ္တုတွင်း၊ ရွှေတွင်း၊ ရွှေဆတ်တွင်းနှင့် အဖိုးတန်ကျောက်တွင်းများပေါ်လာသဖြင့် မော် ၁၅ ရွာ ဖြစ်လာလေသည်။



မော် ၁၅ ရွာကား (၁) မော်ခွင်၊ (၂) မော်တိတ်၊ (၃) စက်တော၊ (၄)မော်ခါး၊ (၅) မော်လင်၊ (၆) စီးနန်း၊ (၇) မော်ဟိုင်း၊ (၈) နန်းမား၊ (၉)ကမ္ဘာ၊ (၁၀) စွန်ဖား၊ (၁၁) ချိုးထောင်၊ (၁၂) မော်နိုင်း၊ (၁၃) ခေါက်ခက်၊ (၁၄)မန်စင်၊ (၁၅) ကနန်းရွာများ ဖြစ်ကြပါသည်။ ၎င်းကျေးရွာများကို ရွှေမှူးရွှေစည်များက အုပ်ချုပ်သည်။

ရှင်အရဟံနှင့် ရှင်ဓမ္မသာရတို့ မော်ဌာနသို့ကြွရောက်သာသနာပြုသောအခါ ရှမ်းဌာနနှင့် မော်ဌာနတို့၌သာသနာတော် တစ်စတစ်စနှင့် လင်း၍လာပါသည်။ မော်ဆယ်ရွာစေတီတော်ကြီး၌ ကြီးလေးကြီး ရှိလေသည်။ ကြီးလေးကြီးဆိုသည်မှာ စေတီတော်ကြီးနှင့် တံခွန်တိုင်ကြီး သုံးလုံးဖြစ်သည်။

အင်းဝသတိုးမင်းစောလက်ထက်တွင် ကတူးလူမျိုးများ ရွှေခွန်းမှူး၊ ငွေခွန်မှူး ဖြစ်သောအထိမ်းအမှတ်အဖြစ်မော်ဆယ်ရွာ စေတီတော်ကြီးအနီးတွင် သမိုင်းဝင်တံခွန်တိုင်ကြီး စိုက်ထူကြပါသည်။

မော်ဆယ်ရွာစေတီတော်ကြီးသည် အနော်ရထာမင်းလက်ထက် ရှင်အရဟံတည်ထားခဲ့ခြင်းဖြစ်၍ ထိုမော်နယ်တစ်ဝိုက်၌ ရှေးဦးအကျဆုံး စေတီတော်ဖြစ်ပါသည်။

မှန်ကင်းတောင်တန်းကြီး၏ အထွတ်ဖြစ်သော တောင်ကြီးကို မိုင်သုန်းတောင်ဟု ခေါ်ကြပါသည်။ ထိုမိုင်သုံးတောင်ကြီးကိုအမှီပြု၍ မှုန်မြစ် ဖြစ်ပေါ်ခဲ့သည်။ မိုင်သုန်းတောင်မှစီးဆင်းသောချောင်းများကား များပြားလှသည်။ ယင်းတို့အနက် မော်လင်ချောင်း၊ ဆန်ဖျားချောင်း၊ ချောင်းစုံ၊ ဒေါင်းရွှးချောင်းများမှာ ကြီးမားသောချောင်းကြီးများ ဖြစ်ကြသည်။

ရှင်အရဟံစတင်တည်ထားခဲ့သော မော်ဆယ်ရွာစေတီတော်ကြီးအား ရှေးဗုဒ္ဓဘာသာဝင်များသည် ၎င်းတို့စွမ်းအားရှိသလောက် ပြုပြင်ခဲ့ကြပါသည်။ အနော်ရထာမင်းလက်ထက် သက္ကရာဇ် ၃၇၉–၄၂၁ ခန့်က တည်ထားခဲ့သော

မော်ဆယ်ရှာစေတီတော်၏ သက်တမ်းသည်ကား အလွန်ကြာမြင့်လှပြီဖြစ်သည်။ အသက်တော်ကြီးမားသည့်နှင့်အမျှ အရွယ်အိုလာတော်မူသော ဤမော်ဆယ်ရှာစေတီတော်ကြီးကို ပြန်လည်ပြုပြင်ကြရန်ကား ကျွန်ုပ်တို့ဗုဒ္ဓဘာသာဝင်များ၏ တာဝန်သာဖြစ်သဖြင့် မိမိတို့ကျရောက်လာသော တာဝန်ဝတ္တရားများကို မပျက်မကွက်ဆက်လက်ဆောင်ရွက်ကြရန် နိုးဆော်တိုက်တွန်းလိုက်ရပါသည်။

## ထီးချိုင့်မြို့ရွှေစည်းခုံစေတီတော်နှင့်ရွှေစည်းခုံကျောင်းတိုက်

စစ်ကိုင်းတိုင်း၊ ထီးချိုင့်မြို့နယ်သည် ဗုဒ္ဓသာသနာတော် ထွန်းကားရာဒေသဖြစ်ခြင်းကြောင့် မြို့နယ်အတွင်း သာသနာ့အဆောက်အအုံများဖြစ်ကြသော ဘုရား၊ တန်ဆောင်း၊ သိမ်ကျောင်း၊ ဇရပ်များဖြင့် တင့်တယ်လျက်ရှိသည်။ ထီးချိုင့်မြို့သည် ရှေးဟောင်းမြို့တစ်မြို့ဖြစ်သည်နှင့်အညီ မြို့နယ်၏ သာသနာတော်သက်တမ်းသည်လည်း ရှည်ကြာလှပြီဖြစ်လေသည်။ ထီးချိုင့်မြို့ပေါ်ရှိ စေတီပုထိုးများအနက် မြို့လယ်ရှိသမိုင်းဝင်ရွှေစည်းခုံစေတီတော်မြတ်ကြီးကို ရွှေစည်းခုံကျောက်စာမှထုတ်နုတ်၍ အကျဉ်းချုပ်တင်ပြလိုပေသည်။

ကောဇာသက္ကရာဇ် ၉၅၅ ခုနှစ်တွင် ပုဂံမြို့ရွှေစည်းခုံစေတီတော်ကြီး၏ တောင်မျက်နှာ၊ ဝက်ကြီးအင်းသေလန္တရာရာမကျောင်းတိုက်ရှိ အရှင်ပုညဝါသီနှင့် အရှင်ဓမ္မနန္ဒမထေရ်မြတ်နှစ်ပါးတို့သည် မြန်မာ့သမိုင်းတွင် ထင်ရှားခဲ့သည့် "မြန်မာအစ တကောင်းက" ဟု ရှေးသူဟောင်းတို့ အဆိုရှိခဲ့သော တကောင်းမြို့ဟောင်းကို ကြည့်ရှုလေ့လာလိုသော ဆန္ဒဖြင့် တကောင်းမြို့သို့ ကြွရောက်တော်မူကြသည်။ တကောင်းမြို့မှတစ်ဆင့် အိမ်နီးချင်းဖြစ်သည့် မြတောင်မြို့ဟောင်းကိုလည်း လေ့လာကြည့်ရှုရန် ကြွရောက်ခဲ့ကြပြန်လေသည်။ ထိုအခါ မြတောင်မြို့ဒါယကာများ၏ ပင့်လျှောက်မှုကြောင့် အရှင်ပုညဝါသီသည် မြတောင်မြို့၌ သီတင်းသုံးတော်မူသည်။ ထီးချိုင့်မြို့ဒါယကာများ ပင့်လျှောက်မှုကြောင့် အရှင်ဓမ္မနန္ဒ သည် ထီးချိုင့်မြို့၌ သီတင်းသုံးတော်မူသည်။

ထိုအရှင်များသည် ပုဂံမြို့ရွှေစည်းခုံအနီးမှ ကြွလာသည်ဖြစ်၍ ၎င်းတို့ သီတင်းသုံးရာကျောင်းတိုက်ကိုလည်း "ရွှေစည်းခုံကျောင်းတိုက်" ဟု ခေါ်တွင်ခဲ့ကြသည်။

ကောဇာသက္ကရာဇ် ၉၅၈ ခုနှစ်တွင် အရှင်ဓမ္မနန္ဒသည် ဇာတိမြေဖြစ်သော ပုဂံပြည်သို့ ခေတ္တပြန်ကြွတော်မူ၍ ထီးချိုင့်မြို့အပြန်တွင် ပုဂံမြို့ ရွှေစည်းခုံစေတီတော်ကြီးတည်ရာ နဂါးရစ်ကျောက်နှင့် ဘုရားရှင်၏ ဓာတ်တော်များကို ပင့်ဆောင်၍ကြွလာပြီးလျှင် သက္ကရာဇ် ၉၆၂ ခုနှစ် ထီးချိုင့်မြို့ ရွှေစည်းခုံစေတီတော်ကို စတင်တည်လေသည်။

## ရွှေစည်းခုံစေတီတော်ဘွဲ့ ၈၀ ပေါ်
## လူးတားညှပ်တေးထပ်

ဆဗ္ဗညုရဲ့ ဖြာရောင်လင်းလို့၊
ပြာမှောင်အရှင်၊ ပြုံးပြက်ဝေ၊
ဝဏ္ဏာအောင်တွင်း၊ ရှိုးရှက်တွေတယ်၊
ဖြိုးလက်ခြည်ရွှေ၊ တိမ်မြေခွင်း၊
နီလပီတ၊ အရည်တမျှလည်သည်၊
ဒီပရုံသီ၊ ရောင်ညွှန့်ပျံ့လိုလင်း၊
အို – ဝဇီရလျှံကြည်၊ ပြောင်ကွန့်လျှံလို့ဝင်း။

### လူး တားညှပ်

ရစ်သောင်းလေးထောင်၊ နှစ်ပြန်ဆောင်သည်၊ မာန်အောင်တုလွှတ်၊ ရွှေတောင်ထွတ်ဟု၊ တမွတ်ရတနာ၊ ဝတီသာဝယ်၊ ကမ္ဗလာပဏ္ဍု၊ လဲဝါနုသို့၊ ရွှေးရှုလာနီ။ မြတ်စေဘထီးကား၊ မာန်ကြီးထန်ပွား၊ တိတ္ထိများကို၊ ထင်ရှားသိစေ၊ ယမိုက်ခြွေလျက်၊ မီးရေအစုံ၊ ပြသည့်ပုံသို့၊ မကြွစကောင်း၊ ရောင်းမောင်းမောင်းဖြင့်၊ အပေါင်းပြုံးပြက်၊ နိဝါယက်သည်၊ လျှပ်စစ်မီးဟုန်



"ရွှေစည်းခုံ" ၌၊ ရောင်းစုံသီးသီး၊ ထိန်ထိန်ညီးသည်၊ ရေမီးရောင်ပြိုင် ဝဲတည့်လေး .....

မှောင်စိုင်တည့်ဖြိုခွဲ၊ တိမ်တိုက်ထဲ၊ မြှောက်ကြွပန်းမီးလို၊ စီးယိုတည် ရောင်းဝင်း မြေကိုခွင်း ။ ။

### တေးထပ်ဆက်

နဘံကြွသည့် အရဟံဖျော့ဗုဒ္ဓဝယ်
ကဏ္ဍာရုကွေ့ သရက်ဖြူရင်း
မာန်ကြွမိစ္ဆေ ဖက်သူကင်းအောင်
ငြိုးဟုန်မီးစုံ ထီးခမုံခ
စည်းခုံဘုရား ကြည်ရွှန်းဝေလို့စုံ
မြို့လယ်ကုန်းမြင့် ဘုန်းဆင့်ခြံတယ်
ဘုန်းတင့်မတုန် လှုပ်ဝါကြွသို့
ပသာသရ ပြုံးပြက်ပြာဝါနီ
မိုးထက်ဖြာဖြာကြည်။
လျှပ်စက်ပန်းတို့ ကာသန်းလည်သည်
လစန်းဘာရတည် ရှင်မြူးတည်လို့လေ။
အို ... တပ်မက်မှန်းလို့ သဒ္ဓါလမ်းကြည်တယ်
အမတမှန်းရည် တင်ဦးချိုလို့လေး ။ ။

ထီးချိုင့်မြို့ ရွှေစည်းခုံကျောင်းတိုက်ကို သက္ကရာဇ် ၉၅၆ ခုနှစ်တွင် အရှင်ဓမ္မနန္ဒမထေရ် စတင်တည်ထောင်ခဲ့သည်။ သက္ကရာဇ် ၁၂၅၁ ခုနှစ် ၁၂၆၁ ခုနှစ်များတွင် မန်လည်ဆရာတော်ဘုရားကြီးသည် ထီးချိုင့်မြို့၌ ဝါဆိုတော်မူသည်။ ၁၂၅၃ ခုနှစ်တွင်ဗြိတိသျှအစိုးရတို့ကကျောင်းအာရာမ်ကို အပိုင်စီးပြီး ကျောင်းဝင်းအရှေ့ဘက်ကို ရုံးအဆောက်အအုံ၊ ကျောင်းဝန် အနောက်ပိုင်းကို စာတိုက်အဆောက်အအုံ ပြုလုပ်ရန် စီမံပြီး စာတိုက်ကို

ဦးစွာဆောက်လုပ်ခဲ့လေသည်။ ထိုအခါ ထီးချိုင့်မြို့ဗုဒ္ဓဘာသာဝင်အပေါင်းတို့ကဆူပူကန့်ကွက်ကြပြီး ဤအကြောင်းကိုမန်လည်ဆရာတော်ဘုရားကြီးထံလျှောက်ထားကြလေသည်။ သို့သော်မန်လည်ဆရာတော်လည်း မည်သို့မျှမပြောပိုင်သောကြောင့်သံချိုတစ်ပုဒ်ရေးသား၍ ညည်းတွားတော်မူခဲ့ရလေသည်။

"ဝိခေတ်ဟာမို့၊ စိတ်ဓာတ်အညစ်ဗရပွာဟောင်လို့၊ မသမာ
ရောင်သန်းခေါင်တမျှပါပဲ၊ ရာဇာတောင်အမှောင်ချပ၊ ခေါင်
တယ်မလုံတော့ နယ်ဘုံမှာလူဗိုလ်ညိုးကြပေလိမ့် ထိုးပုံကရုံစဖွယ်။

မဟာဝင်စာတဆိုနှင့် ညှိခဲ့လျှင်၊ အသံဗရချာပါပဲ၊
မင်းပါပါဠောရတို့သော်မှ၊ ဗုဒ္ဓစေတီဖြိုတော့၊ သည်အလိုငါတာ
ဖြစ်သည်ဟုအပြစ်ကိုဝန်ခံ၍၊ လွန်မတန်မြေမှအိပ်လို့၊ လှည်း
အကြိတ်ကိုယ်တိုင်ခံသတဲ့၊ မင်းထုံးစံစားအထွက်ပါကပဲ၊ သူ့ဘာ
သာယူမဖျက်ပါဘူး၊ ရှေးအထက်ဝယ်။

ခါအခုမှာတော့၊ ဘယ်သူလူမထင်ဘူး၊ သူ့ဘုရင်ထင်
တိုင်းသာပ၊ သူ့မြင်းကိုသူနှင်စိုင်း၍၊ စစ်ကိုင်းကျော်လို့ဆိုက်စေ
တော့၊ ရွှေပြည်သူယူမလိုက်ပြီဘူး၊ အမိုက်ဗိုလ်ထင်လို့၊ ငြိုငြင်
ကာဘယ်သူမုန်းသော်လည်း ရှေးထုံးကိုမစာနာဘဲ၊ သာသနာ
ဘာသာဖျက်ချေပေါ့ စိတ်ပျက်ဖွယ်မြန်တစ်နယ်၊ ကံငယ်တဲ့အခါပဲ

အတော်ရမ်းကုန်ပေါ့၊ ရဟန်းသူမထိတဲ့ပြင်၊ မွေသရီ
စေတီဖျက်ပါလို့၊ ရက်စက်စွာမညှာချေဘူး၊ ဝနာနေဓားပြဂိုဏ်း
လိုပ၊ သာသနာမြေတောင် အရပိုင်ကုန်ပေါ့၊ အရှိုင်းမကျန်လေ
တော့၊ ကံခေသူဘယ်လိုပြောရပ၊ လောကဗရမူမွေလို့၊ မူအခြေ
ပျက်သွေယွင်းတာမို့၊ စိတ်တင်းကာမာန်ကိုဖြေ၍၊ ဉာဏ်သံဝေ
ဂျကာသုံးပါလို့၊ ဝနာနေခုခါပုန်းလိမ့်မယ်၊ ထုံးကတလွဲ။"



ဤသို့သာသနာ့မြေနှင့်ပတ်သက်၍ ဗုဒ္ဓဘာသာဝင်တို့ကလည်း ဆူပူတောင်းကြသည်။ မန်လည်ဆရာတော်ဘုရားကြီးကလည်း စာချိုးတော်မူသည်။ သို့အတွက်ကြောင့် ထီးချိုင့်နယ်ပိုင်ဝန်ထောက်သည် ဗုဒ္ဓဘာသာဝင်လူကြီးတို့အား ဖိတ်ခေါ်၍ကျောင်းအာရာမ်အရှေ့ပိုင်းကို ပြန်လည်ပေးအပ်ပြီးလျှင် ယခုစာတိုက်ဆောက်လုပ်သော မြေကိုလည်း ခေတ္တမျှငှားရမ်းယူခြင်းဖြစ်၍ အနှစ် ၄၀ အတွင်း စာတိုက်ကိုပြောင်းရွှေ့၍ သာသနာမြေကိုပြန်လည် ပေးအပ်ပါမည်ဟု ငှားရမ်းခြင်းအထိမ်းအမှတ်စာတမ်းကို လက်မှတ်ရေးထိုးကာ ပေးအပ်ခဲ့လေသည်။

ထိုစာတမ်းအရ ၁၃၂၅ ခုနှစ် နယုန်လပြည့်နေ့တွင် တော်လှန်ရေးအစိုးရက စိစစ်၍ သာသနာ့မြေကို သာသနာတော်သို့ ပြန်လည်အပ်နှံပြီး စာတိုက်ပြောင်းရွှေ့ပေးခဲ့ပါသည်။

ထီးချိုင့်မြို့လယ် ရွှေစည်းခုံ စေတီတော်ကြီးသည် မြို့ကျက်သရေဆောင်စေတီတော် တစ်ခုဖြစ်ပြီး၊ ရွှေစည်းခုံကျောင်းတိုက်ကြီးသည်ကားပုဂံဆရာတော်အရှင် ဓမ္မနန္ဒ မထေရ်စတင်တည်ထောင်ခဲ့ပြီး၊ ကုန်းဘောင်ခေတ်နှောင်း စာပေလောကတွင် နေတစ်ဆူလတစ်ပါးပမာ ထင်ရှားကျော်ကြားခဲ့သည့် အဂ္ဂမဟာပဏ္ဍိတ၊ မကာရလောပအကျော်ကျေးဇူးတော် အရှင်မန်လည်ဆရာတော် ဘုရားကြီးစောင့်ရှောက် ထိန်းသိမ်းခဲ့သည်။ ဆဋ္ဌသံဂါယနာတိသြဝါဒါစရိယနှင့် ဇာတကဘာသာဋီကာ၊ နိုင်ငံတော်သြဝါဒါစရိယဖြစ်တော်မူသော ဘဒ္ဒန္တကုဏ္ဍလ ယာဘိသီရိဝံသမထေရ်မြတ်ကြီးသီတင်းသုံးတော်မူရာ ကျောင်းတော်ကြီးဖြစ်ပြီး၊ နိုင်ငံတော်သြဝါဒါစရိယ၊ မြန်မာစာသြဝါဒါစရိယ၊ မဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ရကျေးဇူးတော်ရှင် ထီးချိုင့်မြို့တည်တော ဆရာတော် ဘုရားကြီးဘဒ္ဒန္တဒေဝိန္ဒာဓိပတိ (ထီးချိုင့်နတ်စိုး) အရှင်မြတ်စာပေသင်ကြားဆည်းပူးခဲ့ရာ သမိုင်းဝင် ကျောင်းတော်ကြီး ဖြစ်ပါသည်။

## ရွှေလီမြစ်ကမ်းမှလောင်းတော်ဦးစေတီတော်

## လောင်းတော်ဦးစေတီတော်ဘွဲ့(၈၀)ပေါ် တေးထပ်

- နမ့်မောနဒီ ရွှေလီမြစ်
ရေကြည်ခွေရစ်မြအဟန်
တောင်တော်ရှမညောင်းရေကြောင်း ကမ်းပါးရံမှာ
လေ့လောင်းသဏ္ဌာန်တည်နေကြား
ဖြူပြာကနုတ် ကြွေရုပ်အလှပြိုင်သည်
ပုပ္ဖပနိုင် မြိုင်မြတ်ရံ၍ထား။ ။
- တောင်တော်မွေထိပ် ရေရိပ်လယ်ဝယ်
ဝေဖိတ်ရောင်ခြည် စေတီဘုရား
လှနုတ်ဖြဟွာ သတ္တဝါအများတို့
မြတ်သဒ္ဓါပွား ဖူးမြော်ရန်
ပုဂံတော်မဟာ အနော်ရထာမင်းက
မျှော်သဒ္ဓါသွင်းဝပ်ခင်းတည်ခဲ့ပြန်။ ။
- လောင်းတော်ဦးဟု ဘွဲ့ထူးဖန်သည်
ကွန်မြူးယမကာ နေခြည်မညိုးသို့
ရွှေလီတစ်ရိုး ဟိုးဟိုးရွှေတောဇာ
တန်ခိုးဝေဖြာ
သုံးလူကိုယ့်စား မြသားဇလာမှာ
ဘုရားဘဂဝါ မျှော်မွေ့စံလိုလေး
လက်အုပ်ချီမိုး ရှိခိုးပါလျှင်
ထက်မိုးအဇရာ ဆောင်ပို့ပါလိမ့်လေ။ ။

ထီးချိုင့်နတ်စိုး





သက္ကရာဇ်၄၆၀ပြည့်နှစ်ကဆုန်လဆန်း ၂ရက်စနေနေ့တွင် အလောင်းစည်သူမင်းကြီးသည် မြတောင်မြို့၌ စေတီတော်တည်ထားကိုးကွယ်ခဲ့ပြီး မြတောင်နယ်မြေအပိုင်းအခြား သတ်မှတ်ပေးခဲ့သည်။

အရှေ့အလား – ကမ်းသီတာကြီး၊ ကမ်းသီတာငယ်၊ နတ်ထိပ်၊ ကျွန်းပင်ပို့ကြီး၊ "လောင်တော်ဦး"၊ လောင်းတော်ပုံအထိ။

အနောက်အလား – ရွှေစင်ချောင်းစီးလဲရေကျ။

တောင်အလား – တကောင်းမြေရင်းအထိ

မြောက်အလား – ကူမွှေးတောင်၊ နတ်ဆုံတောင်အထိ

မြတောင်နယ်အဝန်းကား ၂၃ ယူဇနာ၊ ၃ ဂါဝုတ်၊ ဥသဘ ၃၅ ရှိလေသည်။

သာယာဝတီမင်းခေါ် ကုန်းဘောင်မင်း (၁၁၉၉ – ၁၂၀၈) ခုနှစ်တွင် မြတောင်မြို့စားရေးသူကြီး အခေါင်အကြီးတို့နှင့် မိုးမိတ်မြို့အမတ်၊ စစ်ကဲ၊ မြို့စာရေးတို့ကို ရှေ့တော်သို့ခေါ်၍ နယ်မြေပုံများကို အသီးသီးရေးသား ဆက်သွင်းစေပြီးလျှင် နယ်မြေသတ်မှတ်ပေးတော်မူသည်။

အမိန့်တော်မူကား –

"မိုးမိတ်နှင့်မြတောင်မြို့နယ်မြေမှာ"လောင်းတော်ဦး"၊ လောင်းတော်ဦးပုံဘုရားက ရွှေလီချောင်း အလယ်ကြော၍ လျှောက်၍ချောင်းကောက်ကောက်စင်းစင်း ဧရာဝတီထိ မီးသွေးသား သတ်မှတ်တော်မူသည့်အတိုင်း မိုးမိတ်မြို့နယ်မြေဖြစ်စေ၊ မိုးမိတ်မြို့သို့ ပါသည့်အချင်းဖြစ်ကျေးရွာနယ်မြေက အခွန်ကွမ်း ဘိုးတို့ကိုမြတောင်ကသနားခံစေ။"

သက္ကရာဇ် ၁၂၈၆ ခု၊ တပို့တွဲလဆန်း ၁၃ ရက်ဘုရားအမိန့်တော် မင်းတုန်းမင်းတရားကြီးလက်ထက်တွင် မြတောင်နှင့် မိုးမိတ်

နယ်မြေကိုလွှတ်တော်ဝန်ကြီးကို ဆုံးဖြတ်စေပြီး အမိန့်တော် ထုတ်ပြန်ခဲ့သည်။

## လွှတ်တော်ပြန်တမ်းအမိန့်တော်

"မိုးမိတ်နှင့် မြတောင်နယ်မြေမှာ "လောင်းတော်ဦး" လောင်းတော်ပဲ့ဘုရားက သည်မိုးမိတ်စီရင်စုဝက်တူးငါးရပ် နယ်မြေကျေးရွာများကို ချန်လှပ်၍ ရွှေလီချောင်းအလယ်ကြော ချောင်းကောက်ကောက်စင်းစင်း ရောဝတီထိ မီးသွေးသတ်မှတ် တော်မူသည့်အတိုင်း တောင်ဘက်ကို မြတောင်နယ်မြေ၊ မြောက်ဘက်ကိုမိုးမိတ်နယ်မြေဖြစ်စေ၊ သက္ကရာဇ် ၁၂၂၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက်နေ့နာခံတော်နေမျိုး နော်ရထာ ပြန်တမ်းအမိန့်တော်။"

အထက်ဖော်ပြပါ မြတောင်နှင့် မိုးမိတ်နယ်ခြားလွှတ်တော်မှတ်တမ်းများကိုလေ့လာသည့်အခါ "လောင်းတော်ဦး"ဘုရားကို အဓိကထား၍ နယ်မြေပိုင်ခြားထားကြောင်း သိရသည်။ ဤသည်မှာ မြန်မာမင်းအဆက်ဆက်တို့သည် ရှေးဘောင်းတော်ဘိုးလောင်းတော်တို့လက်ထက်မှ နယ်မြေသတ်မှတ်ချက်များကို အစဉ်အဆက်လေးစားလိုက်နာခဲ့ကြကြောင်း တွေ့ရသည်။ "လောင်းတော်ဦး"ဘုရားသည် အနော်ရထာမင်းကြီးကိုယ်တိုင်နယ်မြေသတ်မှတ်ပေးခဲ့သည့် ထင်ရှားသော အမှတ်အသားဖြစ်ကြောင်း သိရသည်။

အနော်ရထာမင်းစောသည် ပုဂံနေပြည်တော်ကိုဗဟိုပြု၍ မြောက်ဘက် ကတူးတို့၏ အချက်အချာဖြစ်သော "တကောင်း"နယ်ကို စည်းရုံးသိမ်းသွင်းသည်။ တကောင်းကိုအောင်နိုင်သောအခါ တကောင်းမြို့အထက်နား ရွှေလီမြစ်တိုင်နယ်နိမိတ်တိုးချဲ့စည်းရုံးစေခဲ့သည်။ ရွှေလီမြစ်ကို စစ်လမ်းအဖြစ်အသုံးပြုခဲ့ကြောင်း၊ ရွှေလီမြစ်ကမ်း "ငါးအိုးရွာ"အနီးနားတလည် စေတီမှရရှိသော အထောက်အထားများအရ သိရသည်။



ယင်းအထောက်အထားများမှာ ထေရဝါဒဗုဒ္ဓဆင်းတုတော်များ၊ မဟာရင်ဂိုဏ်း၊ ဗောဓိဆက်ဘုရားလောင်း ရုပ်ထုတော်အုတ်ခွက်များဖြစ်သည်။ ထိုအုတ်ခွက်များအနက် နောက်ကျောတွင် ပါဠိစာသုံးကြောင်းပါသော အုတ်ခွက်တစ်ခုကို တွေ့ရသည်။

ဧသောဘဂဝါ မဟာရာဇာသီရိ
အနုရုဒ္ဓဒေဝေနကတောဝိမုတ္တတ္ထံ
သဟတ္ထေ နေဝါထိ။

အနော်ရထာမင်းသည် ရွှေလီမြစ်ကြောင်းအတိုင်း ဆန်တက်၍ စေတီပုထိုးများကိုလည်း တည်ထားခဲ့ဟန်ရှိသည်။ ရွှေလီမြစ်ကမ်းရှိ "မြကြီးလိမ်" စေတီတော်ပုံသဏ္ဌာန်မှာ ပုဂံခေတ်ကတည်းက တည်ထားကိုးကွယ်ခဲ့သော စေတီများ၏ပုံသဏ္ဌာန်နှင့်တူသည်။ ကျုံးဟောင်းများလည်းတွေ့ရသဖြင့် ရန်သူများကျူးကျော်လာလျှင် ကာကွယ်နိုင်ရန် အစီအမံပြုလုပ်ထားသည်ဟု ယူဆရသည်။

ရွှေလီမြစ်ဝန်းနေ မြန်မာနှင့် ရှမ်းတို့သည် တစ်မြေတည်းနေ တစ်ရေတည်း သောက်သွေးချင်းတူညီသည့် မြန်မာပြည်ဖွား တိုင်းရင်းသားညီအစ်ကိုများဖြစ်ကြသည်။ တစ်ဦးကိုတစ်ဦးတိုက်ခိုက်ခြင်း၊ ရန်လိုခြင်း အလျဉ်းမရှိခဲ့ကြပေ။ ထိုသို့ ညီညွတ်မှုတခြင်း ရှိပါသော်လည်း နယ်နိမိတ်အပိုင်းအခြားမရှိပါက တစ်ဦးနှင့်တစ်ဦး ရောထွေးလျက်တင်လျက် သံသယများ ဝင်လာနိုင်သည်။ ထိုကြောင့် နှစ်ဦးနှစ်ဖက် သဘောတူညီသော နယ်ခြားသတ်မှတ်ရန်အတွက် အနော်ရထာမင်းကြီးကိုယ်တိုင် စစ်အင်္ဂါလေးပါးဖြင့် ရွှေလီချောင်းသို့ ချီတက်ခဲ့လေသည်။

ရွှေလီချောင်းတစ်နေရာတွင် "ပွဲစမိတ်" အမည်ရှိသောရွာငယ်တစ်ရွာ ယနေ့တိုင်ထင်ရှားစွာ တွေ့မြင်နိုင်သည်။ ထိုရွာငယ်တည်နေရာကား မြန်မာဘုရင်နှင့် ရှမ်းမျိုးနွယ်စုများ လက်စုံစားရာနေရာဖြစ်သည်။ ပွဲစမိတ်ဟူသည်

"ပွဲကျင်မိတ်" ဟုသော ရှမ်းစကားမှလာကြောင်း "ပွဲ" ဟူသည်မှာ မြန်မာ အခေါ်ပွဲနှင့် အတူတူပင်ဖြစ်သည်။ ကျင်မှာစားသည်။ မိတ်မှာ မိတ်ဆုံ၊ မိတ်ဆက်၊ လက်ဆုံကမင်းစားသည်ဟု အဓိပ္ပာယ်ရသည်။ အဓိပ္ပာယ်မှာ မြန်မာဘုရင်နှင့် ရှမ်းတိုင်းရင်းသားခေါင်းဆောင်များ ချစ်ကြည်ရင်းနှီးစွာ လက်စုံထမင်းစားရာနေရာဌာန ဟုအဓိပ္ပာယ်ရပေသည်။

ဤအဓိပ္ပာယ်အရဆိုလျှင် ဤပွဲစမိတ်အရပ်သည် အနော်ရထာမင်းနှင့် ရှမ်းတိုင်းရင်းသားခေါင်းဆောင်များ ရင်းနှီးစွာတွေ့ဆုံကြပြီး တစ်ဦးနှင့်တစ်ဦး ချစ်ကြည်လေးစားစွာ ထမင်းဆုံစားရာ ဒေသဖြစ်သည်။ ထမင်းလက်ဆုံစားပြီးနောက် နှစ်ဦးနှစ်ဖက်သဘောတူ နယ်နိမိတ်ပိုင်းခြားသတ်မှတ်ခဲ့သည်။

လောင်းတော်ဦး၏မြောက် ချောင်းငယ်၏အထက်ကား ရှမ်းပြည်နယ်တည်း၊ လောင်းတော်ဦး၏အောက် ရွှေလီချောင်းကောက်ကောက်စင်းစင်း နွားတလည်အရပ်အထိ ရွှေလီမြစ်၏ လက်ယာကမ်းတစ်လျှောက်ကား ရှမ်းပြည်နယ်၊ လက်ဝဲဘက်ကမ်းတစ်လျှောက်သည်ကား မြန်မာပြည်နယ်တည်း။

ထိုပြည်နယ်ခြား အထိမ်းအမှတ်အဖြစ် လောင်းတော်ဦးက ကမ်းထိပ်တွင် မိုးမိတ်စော်ဘွားက စေတီတည်သည်။ ထိုစေတီတော်ကို လောင်းတော်ဦးဟူ၍ ယနေ့ထိခေါ်ကြသည်။ လောင်းတော်ဦး စေတီတော်နေရာသည် မြန်မာပိုင်နက်နယ်မြေအဆုံး ဖြစ်၏။ လောင်းတော်ဦးသည် မြတောင်နယ်မြေဖြစ်သည်။ မြန်မာပိုင်နက်နယ်မြေတွင် ရှမ်းမင်းကနယ်ခြားစေတီတည်သည်။

နွားတလည်အရပ်သည်ကား ရှမ်းပြည်နယ်အဆုံး ရှမ်းပြည်နယ်နယ်မြေဖြစ်၍ ထိုရှမ်းပြည်နယ်မြေ၌ အနော်ရထာမင်းက စေတီတည်၏။ ရှမ်းမင်းပိုင်နက်နယ်မြေ၌ မြန်မာမင်းက စေတီတည်ရခြင်းကား ချစ်ကြည်ရေးသဘောပင်ဖြစ်သည်။ ထိုရှမ်းမြန်မာနယ်မြေသတ်မှတ်သည့် ပွဲတော်ကြီးသည်ကား ရွှေလီမြစ်ကမ်းတွင် အလွန်ကြီးကျယ်စည်ကားခဲ့ကြောင်း ဒဏ္ဍာရီများ ပုံပြင်များတင်ကျန်ရစ်ခဲ့သည်။



ကောဇာသက္ကရာဇ် (၃၉၅) ခုနှစ်၊ နတ်တော်လတွင် အနော်ရထာမင်းနှင့် ရှမ်းစော်ဘွားဆောဟံဖတို့သည် ပွဲစမိတ်အရပ်၌ ထမင်းလက်ဆုံစား၍ နယ်ခြားသတ်မှတ်ကြပြီးနောက် မြန်မာဘက်သို့ ကျရောက်သော လောင်းတော်ဦးနယ်မြေ၌ ဆောဟံဖကနယ်ခြားစေတီတော်ကို တည်သည်။ ဆောဟံဖတည်သော လောင်းတော်ဦး ဘုရားတွင် သင်္ကန်းဝတ်မကိုင်ရုံဆောင်၊ အဝလောကီတေသွာရရုပ်ပွားတော်များကို ဌာပနာခဲ့သည်။

ထိုအချိန်တွင် အနော်ရထာမင်းကြီးသည် သထုံပြည်ကိုပြန်လည်သိမ်းယူပြီး ဖြစ်သောကြောင့် သထုံမှရရှိသော ဗုဒ္ဓဒ္ဓဟ္ဓများကိုဆောင်ယူ၍ မြန်မာနိုင်ငံတော်အဝန်း စေတီများတည်ထားကိုးကွယ်ခဲ့ရာ လောင်းတော်ဦးစေတီအတွင်း၌ ဗုဒ္ဓဒ္ဓဟ္ဓတစ်ဆူထည့်သွင်း ပူဇော်ခဲ့သည်။

ထိုစဉ်က ဆောဟံဖတည်ထားသောစေတီတော်သည် ဖိနပ်တော်ခုနှစ်တောင်၊ အမြင့်ဉာဏ်တော် ကိုး တောင်မျှသာရှိသည်။ ထိုစေတီတော်ကို အစည်းအဝေးအပြီးတွင် နှစ်ရက်မျှဖြင့် လုပ်အားနှင့်တည်ထားကြောင်း သိရသည်။ စေတီတော်တည်ရာတောင်ကုန်းသည် ရွှေလီမြစ်အလိုက် လောင်းလှေသဏ္ဌာန်နှင့် တူလေသည်။ ထိုတောင်ကုန်းဦး၌တည်ထားသောကြောင့် လောင်းတော်ဦးဟုအမည်ရလေသည်။

ကောဇာသက္ကရာဇ် ၉၃၇ ခုနှစ် မိုးမိတ် ဆောစပ်ဖလက်ထက်တွင် ထိုလောင်းတော်ဦး စေတီကို ပြန်လည်ပြုပြင်ခဲ့သည်။ လောင်းတော်ဦးတည်ရာနယ်မြေသည် မြန်မာပိုင်နက်ဖြစ်၍ ထိုစဉ်က မြတောင်မြို့ကပိုင်ဆိုင်သည်။ (ယခုမူကား ကသာမြို့နယ်ဖြစ်၏)

သက္ကရာဇ် ၉၄၀ ပြည့် တပေါင်းလပြည့်ကျော် ၄ ရက်၊ ကြာသပတေးနေ့ မွန်းယိမ်း ည – ဖဝါးတစ်ဆုံတွင် မိုးလိုင်ကုန်းကိုတည်ပြီး ဝဏ္ဏကံဖိုးမြေရှုဒါန်းတော်မူသည်။ သက္ကရာဇ် ၉၄၁ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက်တွင် လောင်းတော်ဦး၊ လောင်းတော်ပဲ့ခေါ်ဘုရားနှစ်ဆူကို ထပ်မံပြုပြင်တော်မူသည်။

မိုးမိတ်ရာဇဝင်သစ်တွင်စပ်ပုံ၊ ထပ်မံ၍ လောင်းတော်ဦးဘုရား တည်ခဲ့ကြောင်း မှတ်သားတွေ့ရသည်။

လောင်တော်ဦးစေတီတော်တည်ရာ တောင်ကုန်းသည်ကား အခြားမည်သည့်တောင်နှင့်မျှ ထိစပ်ခြင်းမရှိဘဲ လောင်းလေ့သဏ္ဍာန် သီးခြားတည်၍ဦးပိုင်းက ရွှေလီမြစ်အတွင်း သက်ဆင်း၍ နေသည်။ လောင်းလေ့သဏ္ဍာန်တောင်ကမူသည် နှစ်ပေါင်းများစွာတည်နေသော်လည်း မြစ်ရေတိုက်စားခံရခြင်းမရှိကြောင်း တွေ့ရသည်။ ရေစားပျက်စီး ခြင်းမရှိသဖြင့် ကျောက်တောင်ဟုထင်ရသော်လည်း အမှန်လေ့လာကြည့် သောအခါ မြေတောင်မျှသာဖြစ်ပါသည်။ ရွှေလီမြစ်ရေကား အတက်ကြမ်းပြီး ရေစီးအလွန်သန်သည့် မြစ်ဖြစ်ပေရာ၊ လောင်းတော်ဦးဘုရားအား ရေတိုက်စားခြင်းမပြုသည်မှာ လောင်းတော်ဦးစေတီတော်၏ ထူးခြားမှုတစ်ခုပင်ဖြစ်သည်။

### မြစ် ရွှေ လီ

- မှိုင်းဝေလွင် ဟေမဝါအစပ်ဆီက
  တိုင်းမြေပြင် ခွေကာပတ်ပါလို့
  ရေစာတ်ဘယ်ကြည်လင်လင်နှင့်
  နဒီပြင် ရောသိုဆင်းလာခဲ့
  မြစ်မင်းတဲ့ မြစ်ရွှေလီ။
- အပြစ်ကင်း
  ချစ်ခြင်းလွန်ခိုင်မာတဲ့
  ရှမ်းမြန်မာနောင်ညီနှစ်ဦး ငဲ့ပြင်
  ညီထူးနွှယ်ကချင်တို့
  ဤမြစ်ပြင်နဒီထဲမှာလ
  သေအတူရှင်မကွဲပါဘူး



  လက်တွဲကာဘဝတူရုန်းခဲ့ကြတယ်
  ပြုံးမျက်ကြည်ကြည်။
- သယံဇာတ ရွှေမိုင်းငဲ့ပြင်
  မြန်တိုင်းစည်ပင်သာယာမို့
  မြစ်ဝဲယာမြေရောင်ညွှန်းပါတဲ့
  ကျွန်းသစ်အင်ကညင်တို့
  ယူငင်လျှင်မကုန်ပြားပေဘူး
  ကြိမ်ဝါးကထူအတည်
  တုမမှီလွန်များ။
- ကြွားမဖက်ပြီဘူး
  စားအတွက် ရွှေပြည်တန်တဲ့
  စပါးဆန်ကောက်နှံပဲငဲ့ပြင်
  မြစ်ဝဲယာ သြဇာထွန်းပါတဲ့
  ကိုင်းကျွန်းမြေပဒေသာ၌
  ဝေဆာဆာမျှော်မဆုံးပြီဘူး
  ရှုမြင်သူဘဝင်ပြုံးလောက်တဲ့
  နောင်ဘုန်းရယ် မြန်မာနှင့်
  ကံမကွာညီနောင်ရှမ်းငယ်တို့
  ချစ်ကျွမ်းအောင်နှောင်ခြည်ရစ်ပါတဲ့
  ရေကြည်ကြည်ရွှေလီမြစ်ကယ်
  မြနှင့်မခြား။ ။

ထီးချိုင့်နတ်စိုး

## မဲဇာမြစ်ဦး ခေါင်းတုံးမြို့ရွှေဂူတော်ဘုရား

ကမ္ဘာ့မြေပုံတွင် လတ္တီတွဒ် ၂၅ ဒီဂရီ လောင်ဂျီတွဒ် ၉၆ ဒီဂရီတွင် ပင်လယ် မြေမျက်နှာပြင်အထက် ၁၇၀၈ ပေမြင့်သောတောင်သုံးလုံးကို တွေ့မြင်ရသည်။ ထိုတောင်သုံးလုံးကား ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းတို့၏နယ်ခြားဒေသဖြစ်သည်။ ထိုတောင်သုံးလုံးအနီးတွင် ကလပ်တောင်ကြီး ရှိရာ မဲဇာတောင်ကလပ်ကြီးဖြစ်ပြီး မြန်မာနိုင်ငံအတွင်းရှိ တောင်ကလပ်များအနက်အကြီးဆုံး တောင်ကလပ်ကြီးဖြစ်သည်။

မဲဇာမြစ်သည် တောင်သုံးလုံးတောင်အလပ်တို့မှ မြစ်ဖျားခံ၍ တောင်ဘက်သို့ စီးဆင်းရာ တကောင်းမြို့အထက်နားတုံငယ်အရပ်၌ ဧရာဝတီမြစ်အတွင်းသို့ သက်ဆင်းသောကြောင့် "တုံငယ်ဝ"ဟုခေါ်သည်။ ယခုအခါ ထီးချိုင့်မြို့အောက်ဘက်ရှစ်မိုင်ခန့်အကွာ ညောင်ပင်သာရွာအနီး "ဂိုထောင်ဝ"တွင် ဧရာဝတီသို့ ပေါင်းဆုံစီးဝင်သည်။

မဲဇာမြစ်ဖြတ်သန်းစီးဆင်းရာ သုံးနယ်ကို အစွဲပြု၍ မဲဇာမြစ်ကို အပိုင်း- ၃ပိုင်းခွဲခြားထားသည်။ မဲဇာမြစ်ဖျားပိုင်းမှာ ယခင်ခေါင်းတုံးမြို့အပိုင် (ယခုဗန်းမောက်မြို့အပိုင်)၊ မဲဇာမြစ်အလယ်ပိုင်းမှာ ယခင်မန်လည်ငါးရပ်အပိုင် (ယခုအင်းတော်မြို့နယ်ပိုင်)၊ အောက်ပိုင်းမှာ ယခင်မြတောင်မြို့အပိုင် (ယခုထီးချိုင့်မြို့နယ်အပိုင်) ဖြစ်သည်။

မဲဇာမြစ်ဦး ခေါင်းတုံးမြို့သည်ကား "တစ်ကျွန်းလောက်ပင် ဝေမည်ထင်ခဲ့၊ စီးသွင်းညိုရစ်၊ မဲဇာမြစ်လည်း၊ ထစ်ထစ်ထွန်းဘိ၊ ချုံအတိနှင့်၊ တောကြီးဆိတ်ညံ"ဟု လက်ဝဲသုန္ဒရအမတ်ကြီး မင်းမျက်သင့်၍ မဲဇာသစ်တောသို့



အပို့ခံရစဉ် အမတ်ကြီးရေးစပ်ခဲ့သော မဲဇာတောင်ခြေချီ ရတု ပိုဒ်စုံပါ မဲဇာမြစ်ဖျား၌ တည်ရှိပါသည်။ ထိုမဲဇာမြစ်ဖျားတွင် "ဘုံးတောင်း"၊ "ခေါင်းတုံး"၊ "ကထာပ်"၊ "နောင်မို" ဟူ၍ ရွာလေးရွာတည် သောကြောင့် ခေါင်းတုံးရွာကို မဲဇာမြစ်ဦးရွာဟုခေါ်ကြသည်။ ခေါင်းတုံးသည်ယခုနေ အခြေအနေအရ ရွာဟုခေါ်ဆိုကြသော်လည်း သက္ကတုမ္ဗသမိုင်းအရ ရှေးအခါကမြို့ကြီးတစ်မြို့ဖြစ်ကြောင်း သမိုင်းအထောက်အထားများ တွေ့ရသည်။

ခေါင်းတုံးမြို့သမိုင်းကို ဝိဋူဍူပ အရေးမှပင် စတင်ခဲ့သည်ဟု ဆိုနိုင်ပေသည်။ ဘီစီ ဖြာစုတွင် "ပသေနဒီကောသလမင်း" သားတော် "ဝိဋူဍူပ" နှင့်သာကီဝင်တို့ မသင့်မတင့်ဖြစ်ပြီး သာကီဝင် "ဓဇရာဇာ"သည် မဇ္ဈိမဒေသမှ စွန့်ခွာ၍ ဒုတိယ တကောင်းမင်းဆက်ကို တည်တောင်ခဲ့သည်။ ဝိဋူဍူပအရေးကြောင့် အမိတ္တောဒနမင်း၏ တူဖြစ်သောဝိဇိတကုမ္ဘာမင်းသားနှင့် ညီအဇိတကုမ္ဘာတို့သည် နောက်လိုက် နောက်ပါအခြံအရံတို့နှင့် ထွက်ခွာခဲ့ပြီး နောင်တော်သည်မောရိယဟူသော အမည်ဖြင့် ပြည်ရွာတည် ထောင်နေ၏။ ညီတော်လည်း ပဉ္စာရာဇ်အမည်ဖြင့် တည်ထောင်စံနေ၏။ သားတော်များအား အစဉ်အတိုင်း ထီးနန်းစံကြရန် ခမည်းတော်မှာခဲ့ ငြားလည်း ဒီဃအာယုမင်းလက်ထက်တွင် ညီတော်ဒီဃရသအား ထီးနန်းမလွှဲအပ်မူ၍ သားတော်အားအိမ်ရှေ့နှင်းသဖြင့် ညီတော် ဒီဃရသသည် ပဉ္စာရာဇ်ပြည်မှ အလုံးအရင်းဖြင့် ထွက်ခွာ၍ ယခုသက္ကတုမ္ဗမြို့ကိုတည်လေသည်။ မြို့တည်နှစ်ကား သာသနာတော် ၆၅၀ ခုနှစ်ဖြစ်သည်။

သက္ကတုမ္ဗပြည်တွင် ဒီဃရသမင်းမှ သုဗြဟ္မမင်းအထိ မင်းဆက် ၈၈ ဆက်အုပ်စိုးခဲ့သည်။ သာသနာတော် ၁၀၇၂ ခုနှစ်တွင် သက္ကတုမ္ဗမြို့တော် ပျက်သည်။ သက္ကတုမ္ဗမြို့ပျက်သောကြောင့် သုဗြဟ္မဒေဝမင်းသည် အလုံးအရင်းဖြင့် ထွက်ခွာခဲ့ရာ သလ္လာဝတီမြစ်အနီးဗန်ကျို ၉၉ ရွာတွင်တပ်ချပြီးနောက် မဟာဝန်တော်ကြီးကို အောင်မြေအဖြစ် သတ်မှတ်၍

မဟာပုရံမြို့ဟုတည်သည်။ မြို့တည်နှစ်ကား သာသနာတော်သက္ကရာဇ် ၁၀၇၈ ခုနှစ်ဖြစ်သည်။ မဟာဝုန်တော်၌ မဟာပုရံမြို့တည်ပြီးနောက် သုဗြဟ္မဒေဝမင်းမှ ဗြဟ္မဒတ်မင်းအထိ မင်းဆက်မျိုးတူ ၅၀၊ မျိုးခြား ၁၅၊ ပေါင်း ၆၅ ပါးအုပ်ချုပ်မင်းလုပ်ခဲ့သည်။

ဗြဟ္မဒတ်မင်းနတ်ထီးလူသောအခါ ခွန်တုံ၊ ခွန်ရုံဟူသောသားတော် နှစ်ပါးကျန်ရစ်သည်၊ ခွန်တုံ၊ ခွန်ရုံတို့ ထီးနန်းမရမီ မဟာပုရမြို့ပျက်၍ ညီနောင်နှစ်ပါးသည် အလုံးအရင်းဖြင့် သလ္လာဝတီမြစ်ကို ဆန်တက်၍ ဥရချောင်း (ဝသင္ဂန်ဒေသ) ၌ သုံးနှစ်ရပ်တည်နေပြီးလျှင် ဥရချောင်းကို ဆန်တက်၍ ပင်းသက်၌ သုံးနှစ်နေ၏။ ပင်းသက်မှ အရှေ့တောင်သို့အကျ၌ မိုးကောင်းသို့ရောက်သည်။ သာသနာတော် ၁၆၄၂ ခုနှစ်တွင် မိုးကောင်း စော်ဘွားက ခေါင်းတုံးအရပ်၌ နေရာခြထားပေးခဲ့သည်။ သက္ကတုမ္ဗသမိုင်း အလို အားဖြင့်ခွန်တုံးက ခေါင်းတုံမြို့ကို စတင်တည်ထောင်ခဲ့ပြီး ခွန်တုံမှ ဘီယန်း အထိမင်း ၁၅ ဆက်အုပ်ချုပ်ခဲ့သည်။ ကောဇာသက္ကရာဇ် ၉၅၉ ခုနှစ် တွင် ဆင်ဖြူများရှင်၏သားတော် အငယ်မင်းရဲရန္တမိတ်သည် ညောင်ရမ်းမင်း တရားအမည်ဖြင့် အင်းဝနန်းကိုသိမ်းမြန်းစိုးစံတော်မူ၏။ သက္ကရာဇ် ၉၆၁ ခုနှစ်တန်ဆောင်မုန်းလဆန်း ၁ ရက်နေ့တွင်သားကြီးကို မိုးကောင်းမိုးညှင်း သို့ ချီစေသည်။ ထိုစဉ်က ဥပရာဇာတပ်မင်း၏ ကြည်းကြောင်းတွင် ဘီးယန်း၏သားကြီးဘီကွန်းလိုက်ပါ၍ မြန်မာဘက်မှ ကူညီအမှုထမ်းခဲ့သည်။ ထိုစဉ်က ခေါင်းတုံးမြို့စားမှာ ဦးစွာသစ္စာတော်ခံ သောကြောင့် သူ့ရဲကောင်း အဆောင်အရွက်နှင့်တကွ အကြောင်းစာပေးအပ် တော်မူသည်။

ဟံသာဝတီရောက်မင်းတရားလက်ထက်တွင် ခေါင်းတုံးမြို့၌ လူဦးရေ တိုးပွားလာသောကြောင့် ကွမ်းချောင်း၊ တန်ခွန်တိုင်၊ ပုံပုလဲ၊ ခိုချည်အရပ်များ သို့ မြို့တိုးချဲ့ခဲ့ရသည်။

သက္ကရာဇ် ၁၁၁၇ ခုနှစ် အလောင်းမင်းတရားကြီးဟံသာဝတီသို့ ချီတက်ရာတွင် ခေါင်းတုံးမြို့စားသည် ညောင်ရမ်းမင်းပေးသော အဆောင်



အယောင်ဖြင့် လိုက်ပါဆောင်ရွက်သဖြင့် အလောင်းမင်းတရားကြီးက ငဖြူ၏သား ငရွှေစစ်ကို အစီးအနင်းနှင့်တကွ ခေါင်းတုံးမြို့စားအဖြစ် တပ်၍ ခန့်အပ်တော်မူသည်။

ဗဒုံမင်းလက်ထက်စစ်တမ်းများအရ မြို့ရွာလူနေအိမ်ခြေစာရင်းများကို ဖော်ပြရာ၌ အသည်နှင့်စုခြား ဟူ၍နှစ်မျိုးဖော်ပြသည်။ အသည်မှာ အမှုထမ်းမဟုတ်သောအခွန်တော်နှင့် မင်းမှုတော်ကိုရောက်လျှင်ထမ်းဆောင် ကြရသည့် ပြည်သူများကိုဆိုလိုသည်။ စုခြားမှာ မင်းမှုထမ်းအစု အမျိုးမျိုးတွင်ပါဝင်ကြသူများကို ရည်ညွှန်းခြင်းပင် ဖြစ်သည်။ လူနေအိမ်ခြေ ကို ဖော်ပြရာ၌မြို့အလိုက်၊ တိုက်အလိုက်၊ ဝန်စုအလိုက်၊ သူကြီးအုပ်ချုပ်ရာ ရပ်ရွာအလိုက် ဖော်ပြသည်။ ကုန်းဘောင်ခေတ်ဦးအသည်နှင့် စုခြားနှစ်မျိုးရှိ သောမြို့ရွာလူနေအိမ်ခြေစာရင်းတွင် ခေါင်းတုံးမြို့ သည် အသည်(၁၆၅) ဟု ဖော်ပြထားသည်ကို တွေ့ရသည်။

၁၈၂၄–၂၆ ခုနှစ်တွင် ဖြစ်ပွားခဲ့သော ပထမအင်္ဂလိပ် မြန်မာ စစ်ပွဲ၌ မြန်မာတို့စစ်ရှုံးခဲ့ရသည်။ မင်းနှင့်တကွ ပြည်သူတို့ လွန်စွာတုန်လှုပ်ခဲ့ရသည်။ ထို့ကြောင့် နောင်စစ်များတွင် ထိုသို့မဖြစ်ရအောင် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားရမည်ဟု ကောင်းစွာသဘောပေါက်ခဲ့သည်။ ထို့ကြောင့် ၁၈၂၉– ၁၈၅၅ ခုနှစ်တွင် သွေးသောက်စုများ ထပ်မံတိုးချဲ့ဖွဲ့စည်းခဲ့သည်။ ဖွဲ့စည်းခဲ့ သောသွေးသောက်စုနှင့် အခြားအရေးပါသော မြောက်တပြင်ကျေးရွာများမှ (အက္ခရာစဉ်အလိုက်) ကျီဝန်စု ရွှေအရှေ့ကြောင်း၊ ကျီဝန်စု ရွှေအလယ် ကြောင်း၊ ကျောက်မြောင်းဥယျဉ် (၄)ရွာ၊ ခေါသန္တိမြို့၊ ခက်သင်ရွာ၊ "ခေါင်းတုံးမြို့"၊ ခန္တီးမြို့၊ ငါးပတ်ချောင်းရွာ၊ တမူးခမ်းပတ်၊ ဝန်းသို စသည့် မြို့များပါဝင်သည်။

ဘိုးတော်မင်းတရားလက်ထက်တော်တွင် မင်းကွန်းစေတီတော်ကြီး၊ ကန်တော်ကြီး၊ ခြင်္သေ့ကြီးတို့ကို တည်လုပ်ခဲ့သည်။ ဆင်ဖြူ၊ ဆင်နီ၊ ပေါက်မ

၁၂၀ တိုကိုရတော်မူသည်။ ရွှေစကား စေတီတော်၊ ရွှေလင်းပင်စေတီတော်၊ ဆင်ကျိုးရွှေကူစေတီတော် တို့ကိုလည်း တည်ထား၍ ရှေးမင်းများကောင်းမှု စေတီတော်အများအပြားကိုလည်း မွမ်းမံပြုပြင်တော်မူခဲ့သည်။ ကောဇာ သက္ကရာဇ် ၁၁၄၅ ခုနှစ်တွင် နိုင်ငံတော်အားလုံးအိမ်ခြေစာရင်း စစ်ဆေး၍ မြို့ရွာနယ်နိမိတ်အပိုင်းအခြား၊ မြို့ရွာအိမ်ခြေစာရင်းများကို ရွှေတိုက်တော် မှာသွင်းစေသည်။ ဘေးလောင်းတော်၊ ဘိုးလောင်းတော်များကဲ့သို့ နိုင်ငံတော် အတွင်း၌ "ရွှေဂူဘုရားများ"တည်လုပ်အံ့ဟုအကြံတော်ဖြစ်၍ ဌာပနာရန် ဓာတ်တော်မွေတော်၊ ရွှေကြုတ်၊ ငွေကြုတ်၊ ရွှေရုပ်တု၊ ငွေရုပ်တု၊ ကျောက်ဖြူရုပ်တုများနှင့်တကွ အုတ်၊ အင်္ဂတေတန်ဖိုး၊ ကံကြေး၊ လက်ခငွေတော်များကို စော်ဘွား၊ မြို့စား၊ မြို့ဝန်၊ စစ်ကဲ၊ သူကြီး၊ မြေတိုင်၊ ကလန်၊ သံပျင် တို့ကို အသီးသီးပေးအပ်တော်မူ၍ (၂၃၀) သောရွှေဂူတော် များကိုတည်စေသည်။ ယင်းသို့ရွှေဂူစေတီများတည်ရာ၌ ခေါင်းတုံးမြို့ လည်း တစ်မြို့အပါအဝင် ဖြစ်သည်။

ဘိုးတော်ဘုရားသည် ရွှေဂူတော်(၂၃၀) တို့ကို သက္ကရာဇ် ၁၁၄၅ ခုနှစ် နတ်တော်လတွင် တစ်ချိန်တစ်ခါတည်း တည်လုပ်စေပြီးလျှင် ချရားသီးက သည် မြေကြီးအထိ ရွှေသင်္ကန်းကပ်လှူ၍ ရွှေထီးအထွတ်တင်လှူတော် မူသည်။ ရွှေဂူတော်စေတီတော်များကို နတ်တော်လဆန်း ၈ရက်နေ့စတင် တည်ထား၍ လပြည့်နေ့ ရွှေထီးအထွတ်ကပ်လှူသည်။

ဘိုးတော်ဘုရားသည် ရွှေဂူတော်များတည်ထားကိုးကွယ်ရာတွင် သာသနာတော်ပြန့်ပွားတည်တွန်းစေလိုခြင်း၊ လမ်းပန်းဆက်သွယ်ရေး ပြေပြစ်စေလိုခြင်း၊ ယင်း၏ဩဇာနယ်ပယ်ကို အခိုင်အမာစိုက်ထူလိုက်ခြင်း စသည်ဟု ယူဆနိုင်ပါသည်။ ရွှေဂူတော်ဘုရား(၂၃၀) တည်ထားကိုးကွယ် ရာမြို့များကို လေ့လာသောအခါ မြောက်ဘက်တွင် ကောင်းတုံ၊ ဗန်းမော်၊ အရှေ့ဘက်လဲချား၊ မိုင်းမွန်၊ ကျိုင်းတုံ၊ တောင်ဘက်ထားဝယ်၊ မြိတ်၊ ပုသိမ်၊ အနောက်ဘက်သောင်သွယ်၊ မော်တုံ၊ မော်ကယ်အထိ စသည်ဖြင့်



ရွှေဂူတော်ဘုရား စေတီတော်များတည်ထားကိုးကွယ်ခဲ့ရာ ဘိုးတော်ဘုရား လက်ထက်အာဏာစက်ကျရောက်သည့် နယ်ပယ်များကိုလည်း ခန့်မှန်း သိရှိနိုင်ပါသည်။

ခေါင်းတုံးစော်ဘွား ငရွှေစစ်သည် ဘိုးတော်မင်းတရား နန်းတက်ခိုက် တွင်တိုက်ကြွသဖြင့် ရွှေဂူတော်(၂၃၀) အပါအဝင် ရွှေဂူတော်ဘုရားကို ခေါင်းတုံးမြို့လယ်၌တည်ထားပူဇော်ခဲ့သည်။ စော်ဘွား ငရွှေစစ်သည် ဤရွှေဂူတော်တစ်ဆူမျှမက မုက္ကဝတီခေါ်သော မဲဇာမြစ်အရှေ့ဘက်တွင် သီးသန့် စေတီတော်တစ်ဆူ၊ သုံးထပ်ဇေတဝန်ကျောင်းတော်ကြီး ဆောက်လုပ်တည်ထား ကိုးကွယ်ခဲ့သည်။

ထိုစဉ်ခေါင်းတုံးနယ်မြေသည် –

| | | |
|---|---|---|
| အရှေ့အလား | – | မိုးတားတောင်ရိုးထိ၊ တစ်ဘက်မိုးစစ်မြေနှင့်အစပ်။ |
| အရှေ့တောင်အလား | – | ကွမ်းဘောင်တောင်ရိုးထိ၊ တစ်ဘက်မန်လည်ငါးရွာနယ်မြေနှင့် အစပ်။ |
| တောင်အလား | – | ချောင်းမောင်နှမအထိ၊ တစ်ဘက်ဝန်းသိုမြေနှင့်အစပ်။ |
| အနောက်တောင်အလား | – | မဲဇာချောင်းအထိ၊ တစ်ဘက်မန်အင်ရွှေမြေနှင့်အစပ်။ |
| အနောက်မြောက်အလား | – | တောင်သုံးလုံးအထိ၊ ဥရုဆယ်ရွာနှင့်အစပ်။ |
| မြောက်အလား | – | စခန်းတောင်ရိုးထိ၊ တစ်ဘက်မိုးညှင်းမြေနှင့်အစပ်။ |

နယ်ရှစ်ရပ်သတ်မှတ်ခဲ့သည်။

ခေါင်းတုံးမြို့ ရွှေဂူတော်စေတီသည် ၁၁၄၅ ခုနှစ်က ဘိုးတော်မင်းတ ရားတည်ထားခဲ့သည်ဖြစ်၍ ယခုအခါသက်တမ်းအားဖြင့် ၂၁၆ နှစ်ရှိပြီ

ဖြစ်ပါသည်။ ခေါင်းတုံးမြို့သည် သာကီယနွယ်ဖွားများတည်ထောင်ခဲ့သော မြို့ဖြစ်၍ မဲဇာမြစ်ဦးတွင် အလွန်စည်ကားသာယာခဲ့သော မြို့တစ်မြို့ဖြစ်ခဲ့ပါသည်။ ရွှေဂူတော်ဘုရားသည်လည်း ခေါင်းတုံးမြို့တွင် ထင်ရှားကိုးကွယ်တန်ခိုးကြွယ်ခဲ့ပါသည်။ လောကအတွင်း ဖြစ်ခဲ့သောအရာဝတ္ထုမှန်သမျှကား လောကဓံစက်ကွင်းနှင့် မလွတ်ကင်းသောကြောင့် ယခုအခါ ခေါင်းတုံးမြို့သည် ရွာငယ်တစ်ရွာမျှသာဖြစ်ပြီး ရွှေဂူတော်စေတီကြီးသည်လည်း ပြိုကျပျက်စီး၍ တောင်ကုန်းပမာရှိနေပါတော့သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရလက်ထက်တွင် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို ပြန်လည်ပြုပြင်လျက်ရှိရာ မဲဇာမြစ်ဦးခေါင်းတုံးမြို့ဟောင်းရှိ ရွှေဂူတော်ဘုရားကြီးအားလည်း ဘက်စုံပြုပြင်လျက်ရှိပါကြောင်း သတင်းကောင်းပါးလိုက်ပါသည်။

- မဲဇာဦးတွင် အထူးအသွင်လှသမို
  ဖြူရှင်စရာ ခေါင်းတုံးနယ်
  အမွှုးရှင်ပဝ အမှောင်ဆုံးကွယ်အောင်
  အရောင်ဖုံးတယ် လွှန်ထင်ရှား။
  ရွှေဂူတော်မြတ် နှစ်ရာသုံးဆယ်တွင်
  ဘဂဝဘုန်းကြွယ် ဤ၌တည်ရှိထား။ ။
- လောကဓံမှ မလွန်သာပါပြီ
  အလွန်တရာခိုင်သော်ငြား
  ရက်မကြာမသက်သာ ပျက်တာများလို
  ခက်ပါကလား မတည်ငြိမ်။
  ရှေးကရွှေဂူ နေတစ်ဆူလင်းသော်လည်း
  အခြေမှယွင်း ပျက်ငြားယခုအချိန်။ ။



- ရွှေဂူတော်မြတ် နောင်တစ်ခေတ်မမှိန်အောင်
  အရောင်တစ်ထိန်ဆရာတော်ဘုရားတို့နှင့်
  ဒကာ ဒကာမများ အမှောင်ဆုံး ရွှေပြည်ခေါ်
  ခေါင်းတုံးစေတီတော်။
  တစ်ဖန်သစ်မို မြန်တစ်ခေတ်ပေါ်ဝယ်
  ရန်စစ်မပေါ်ကြည်အေး ရန်ဖို့လေး။ ။
- အမှောင်ဆုံးဆိုသည်မှာ အမှောင်ကုန်ဆုံးခြင်းကိုဆိုလိုသည်။

ရွှေထီးဣန္ဒရာ

## မင်းလက်ဝဲသုန္ဒရ၏ မဲဇာကမ်းမှလွှမ်းစေတီများ

လတ္တီတွဒ် ၂၅ ဒီဂရီနှင့် လောင်ဂျီတွဒ် ၉၆ ဒီဂရီတွင် ရေမျက်နှာပြင် အမြင့်ပေ ၇၀၈ ပေမြင့်သော တောင်သုံးလုံးကို တွေ့မြင်ရသည်။ ထိုတောင်သုံးလုံးကား ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းတို့၏ နယ်စပ်ဒေသဖြစ်သည်။ ထိုတောင်သုံးလုံးအနီးတွင် တောင်ကာလပ်ကြီးရှိသည်။

မဲဇာမြစ်သည် ထိုတောင်သုံးလုံးတောင်ကာလပ်တို့မှ မြစ်ဖျားခံ၍ တောင်ဘက်သို့စီးဆင်းလာရာ ရှေးအခါက ဧရာဝတီမြစ်၏ အနောက်ဘက်ကမ်း၌ တည်ရှိသောမလယ်ရွာကြီးအနီး၌ ဧရာဝတီမြစ်အတွင်းသို့ စီးဝင်သဖြင့် မလယ်ချောင်း၊ မလယ်မြစ်ဟု ခေါ်ဝေါ်သည်။ ထို့နောက် တကောင်းမြို့ဟောင်းအထက်နား တုံငယ်အရပ်တွင် ဧရာဝတီမြစ်အတွင်းသို့ သက်ဆင်းသောကြောင့် မဲဇာမြစ်ဟူသော အမည်ကိုရောက်ရှိသည်။ ယခုအခါ ထီးချိုင့်မြို့အောက်ဘက် ရှစ်မိုင်ခန့်အကွာ ညောင်ပင်သာရွာအနီး ဧရာဝတီမြစ်သို့ ပေါင်းဆုံစီးဝင်သည်။ မဲဇာမြစ်သည် ရှေးအခါက ခေါင်းတုံးနယ်၊ မန်လည်နယ်၊ မြတောင်နယ်များကို ဖြတ်သန်းစီးဆင်းသည်။ ယခုအခါ ဗန်းမောက်မြို့နယ်၊ အင်းတော်မြို့နယ်၊ ထီးချိုင့်မြို့နယ်များ ဖြစ်သည်။

မဲဇာမြစ်ဟူသည် "ရေမည်း (မဲ)မြစ်"ဟူ၍အဓိပ္ပါယ်ရသည်။ ဂျော့စကော့၏ မှတ်တမ်းတွင်–



"မဲဇာမြစ်သည် ကသာခရိုင် အနောက်မြောက်စွန်း တောင်သုံးလုံးအကြား စီးဆင်းသောမြစ်ငယ်ဖြစ်သည်။ ယင်းမြစ်သည် အရှေ့တောင်ယွန်းယွန်းသို့ စီးဆင်းကာ ထီးချိုင့်မြို့အနီး ဧရာဝတီမြစ် အတွင်းစီးဝင်သည်။ မြန်မာမင်းများ လက်ထက်တွင် ဥတုသပ္ပာယမမျှသဖြင့် နိုင်ငံအဝန်းမှ အပြစ်ရှိသူတို့ကို ပို့ဆောင်ရာဒေသဖြစ်ခဲ့လေသည်။"

ဟူ၍ ဖော်ပြထားသည်။ ဂျပ်ဆင်အဘိဓာန်တွင်–

"မဲဇာချွေလီသည် အထက်မြန်မာနိုင်ငံရှိ မြစ်နှစ်သွယ်ဖြစ်သည်။ ထိုဒေသသည် မြန်မာမင်းများလက်ထက်က မင်းပြစ်မင်းဒဏ် သင့်သူများအားနယ်နှင်ရာ ဒေသတစ်ခုဖြစ်သည်။ ငှက်ဖျားရောဂါ အလွန်ထူထပ်သဖြင့် ထိုဒေသို့နယ်နှင်မှုများပြုလုပ်ခြင်းသည် သေဒဏ်ပေးသည့်သဘောဖြစ်သည်ဟု လူအများက လက်ခံယူဆထားသည်။"

ဟူ၍ ရေးသားထားသည်။ ဇမ္ဗူဒီပဥဆောင်းကျမ်းတွင်–

"သက္ကရာဇ် ၂၂၈–ခု တပေါင်းလပြည့်ကျော် ၉ –ရက်ဗုဒ္ဓဟူးနေ့ သန်လွှဲရဖဝါးတွင် သီရိဓမ္မာသောကမင်းကြီး တည်ထားပြုစုခဲ့သည့်အတိုင်း ထပ်မံ၍ သက္ကရာဇ် ၉၆၈–ခု တပို့တွဲလပြည့်ကျော် ၁၀– ရက် နေ့တွင် ညောင်ရမ်းမင်းတရားကြီး အစုလုပ်ငန်းမြေ၊ နယ်မြေစားမည်၊ ပယ်ခြားနယ်ခြားလေးရပ်၊ သစ်စည်ဝါးစည် မြို့ပြကျေးရွာနယ်ပယ်၊ အစိုးအဝန်းစစ်တမ်း လူစုဖြင့်ဖွဲ့ဖြည့် သွင်းပေးသည့် အခါကာလအတွင်း အမတ် သရေပျံချီနန္ဒ ယော်ဓါ တို့ကို စေ၍၊ အထက်မြစ်စဉ်တလျှောက် မြို့ပေါင်း ကောင်းတုံမြို့၊ ကောင်းစင်မြို့၊ ယင်းခဲမြို့၊ ထီးချိုင့်မြို့၊ ငါးရုံမြို့၊

မြဲတောင်မြို့၊ ချွန်းတောင်မြို့၊ တကောင်းမြို့၊ ကြံညှပ်မြို့၊ စပ္ပာယ်နဂိုရ်မြို့၊ ငါးပယ်ရွာ၊ ပစဉ့်ကူးမြို့၊ ကျောက်ငွား၊ ကျောက်မြောင်းမြို့၊ မန်လည်ငါးရွာ၊ ရေပေါ်စီးငါးရွာ၊ မဲဇာ၊ မိုးတားမြို့၊ ဝါရင်မြို့၊ ရွှေကူမြို့နှင့် အောက်မြစ်စဉ်အတိုင်း မြို့ပေါင်း (၅၂၈) မြို့၊ ရွာပေါင်း (၁၂၄၅) ရွာတည်သမုတ်ခဲ့သည်။"

ဟူ၍ဖော်ပြထားရာ "မဲဇာ" ဟူသောအမည်သည် သမိုင်းကြောင်းရှည်ကြာလှပြီဖြစ်သည်။ "မဲဇာ" ဟူသည့်အမည်သည် ထင်ပေါ်ကျော်ကြားလူသိများရန် အကြောင်းဖန်လာပြန်သည်။ မဲဇာတောင်ခြေရတုပိုဒ်စုံသည် မြန်မာနိုင်ငံတော်၌ ထင်ရှားခဲ့သည်။ ထိုရတုပိုဒ်စုံကို အမှီပြု၍ မဲဇာတောင်ခြေပတ်ပျိုး၊ မဲဇာတောင်ခြေသီချင်း၊ မဲဇာတောင်ခြေလူးတား၊ မဲဇာတောင်ခြေဂါထာ၊ မဲဇာတောင်ခြေလေးချိုး၊ မဲဇာတောင်ခြေတေးထပ် စသည်ဖြင့် ကဗျာဂီတအမျိုးမျိုး ပေါက်ဖွားလာခဲ့သည်။ မဲဇာတောင်ခြေချီရတုပိုဒ်စုံ ပေါ်ပေါက်လာရသည့်အကြောင်း ရှိခဲ့ပါသည်။

ဦးမြတ်စံကို ရွှေဘိုမြို့တောင်ဘက် မန်ကျီးတုံ့ရွာတွင် မြင်းစီး မျိုးရိုးမှ ဖွားမြင်သည်။ စာပေသင်ရန် အရွယ်ရောက်သော် မိဘများက မန်ကျီးတုံ့ရွာ ရွှေဘုံသာကျောင်းဆရာတော် ရှင်ဝရသမ္ဘောဓိ ထံတွင်အပ်နှံစာပေသင်ကြားခဲ့သည်။ အသက် (၁၁)နှစ်အရွယ်တွင် ရတနာပူရအင်းဝမြို့တွင် ထင်ရှားသော ဒုတိယမှန်စီဆရာတော်ဘုရားကြီးနှင့် စစ်ကိုင်းမင်းဝံတောင်ရိုးရှိ ကမ္ဘောဇမထေရ်တို့ထံ ခိုလှုံ၍ ပိဋကတ်သုံးပုံကို အဋ္ဌကထာ၊ ဋီကာနှင့်တကွ သင်ကြားပေးလေသည်။ သာမဏေဘဝ၌ ရှိစဉ် အသက် (၁၃)နှစ် (၁၄)နှစ်အရွယ်၌ မဟော်ပျို့ကို စပ်ဆိုခဲ့သည်။

အလောင်းမင်းတရားကြီးသည် ကုန်းဘောင်ရွှေပြည်ကို ပြန်လည်သိမ်းမြန်း၍ ထီးနန်းစံတော်မူသောအခါ ဦးမြတ်စံသည်



ရွှေမြို့တော်သို့ ဆိုက်ရောက်လာ၍ ဥပရာဇာအိမ်ရှေ့မင်း နောင်တော်ကြီးမင်းထံ၌ ခစားထမ်းရွက်သည်။ အိမ်ရှေ့မင်း၏ လျှောက်ထားပေးချက်အရ အလောင်းမင်းတရားကြီးက ဦးမြတ်စံအား သားတော်အမြင့်မြို့စားအိမ်တွင် အကြီးတော်အရာသို့ ခန့်အပ်တော်မူသည်။ အမြင့်မြို့စားထံတွင် ထမ်းရွက်ဆဲမှာပင် ရွှေမြို့တော်ကိုခေါ်တော်မူ၍ "လက်ဝဲသုန္ဒရ" ဟူသောဘွဲ့ထူးနှင့် မှူးမတ်အဖြစ် ချီးမြှင့်မြှောက်စားကာ အဆောင်အယောင်ပါပေးအပ်ပြီး လျက်မြောက်ဘက်ကိုးသင်းမြင်းခြေနှင့်တကွ ယင်းတော်ရွာကို သနားတော်မူသည်။

ဆင်ဖြူရှင်မင်းတရားလက်ထက် ညီတော်အမြင့်မြို့စား၏ အိမ်တော်တွင် အကြီးတော်အရာဖြင့် ထမ်းရွက်ခိုက် အမြင့်မြို့စားမင်း၏ လူပျိုတော်မောင်ထင်ကျော် (အချို့အမှတ်အသားများတွင် မောင်အောင်တင်ဟုဆိုပါသည်။) အပျိုတော်မိတ်နှင့် ချစ်ကြိုက်၍ နန်းတော်အနောက်တံခါးတွင် ချိန်းချက်စကားပြောနေသည်ကို အနောက်ဝန်နှင့် စာရေးတို့သိရှိ၍ ဖမ်းကြလေရာ ငထင်ကျော်လက်လွတ်ထွက်ပြေးသဖြင့် ငထင်ကျော်ကို ဖမ်းပေးရန်အမြင့်မြို့စားမင်းထံ တောင်းလေသည်။ အမြင့်မင်းလည်း မပေးဘဲနေသောကြောင့် မင်းသားအားအစစ အရာရာ ဆုံးမသွန်သင်ရန် အပ်ထားပါလျက် အဆုံးအမအသွန်အသင်မရှိ၍သာ ဖြစ်ရသည်ဟု ဘကြီးတော်လက်ဝဲသုန္ဒရပေါ် အမျက်တော်ရှကာ အထက်အညာ မဲဇာသစ်တောပို့ရန်မင်းတရားကြီးက အပြစ်ဒဏ်ခတ်သည်။

ထိုစဉ် မင်းနှင့်ပတ်သက်၍အဆုံးစီရင်ရသော ရာဇဝတ်မှုကြီး (၅) မျိုးရှိသည်။ ၎င်းတို့မှာ

(၁) မင်္ဂလာဆင်တော်၏အစွယ်ကိုချိုးခြင်း၊ အမြီးဖြတ်ခြင်း။

(၂) မြို့ရိုးတံခါးကိုကျော်နင်းဝင်ရောက်ခြင်း။

(၃) ဘုရင်ကိုပုန်ကန်ခြင်း။

(၄) မင်းစက်တော်မှူရာ တံခါးမင်းတုပ်ကို ဖျက်ဆီးခြင်း။

(၅) ကိုယ်လုပ်တော်ပြစ်မှားကျူးလွန်ခြင်း တို့ဖြစ်သည်။

ဤရာဇဝတ်မှုကြီး (၅) ပါးကို " ဆင်မြီးပြတ်သော်၊ မြန်းကျော်ဖုန်းစား၊ တံခါးမင်းတုပ်၊ ကိုယ်လုပ်ပြစ်မှား၊ ဤငါးပါး ကြီးမားရာဇဝတ်မှု"ဟုအကျဉ်းစပ်ဆိုထားလေသည်။ ဤရာဇဝတ်မှုကြီး ငါးပါးအနက်မောင်ထင်ကျော်သည်အမှတ်စဉ်(၅) ရာဇဝတ်မှုကိုကျူးလွန်ထွက်ပြေးသောကြောင့် အိမ်ရှေ့မင်းကို ကြီးကြပ်ရသူလက်ဝဲသုန္ဒရအပေါ်တာဝန်ကျရောက်လာသည်။ ထိုတာဝန်ကြောင့် သေမိန့်ကျခံစေရာ ဘုရင့်မယ်တော်ကြီးမေတ္တာရပ်ခံသောကြောင့်သာ မဲဇာသစ်တောသို့အပို့ခံရလေသည်။

မင်းလက်ဝဲသုန္ဒရသည် မဲဇာသို့အပို့ခံရသောအခါ ရာသီဥတုနှင့်မဲဇာဌာန၏အခြင်းအရာတို့ကို စာဆိုပီပီရတုပိုဒ်စုံဖြင့် မှတ်တမ်းတင်ခဲ့သည်။ မြတ်လေးပွင့်၍အစချီ ပထမရတုပိုဒ်စုံသည် ရာဇဝတ်သင့်၍မဲဇာသို့အပို့ခံရသောလကို မှတ်တမ်းတင်ထားသည်။ " မြတ်လေးပွင့်၍" ဟုအစချီထားသောကြောင့် မြတ်လေးပွင့်သောနယုန်လ၌ ရာဇဝတ်မှုစတင်ဖြစ်ပွားခဲ့၍ " ပုန်းညက်ပျံ့ကြိုင်..... ရွှေညာဆန်၍"ဟုစပ်ဆိုထားသောကြောင့် ပုန်းညက်ပန်းပွင့်သောဝါဆိုလတွင် မဲဇာဌာနသို့အပို့ခံရသည်ဟု ဆိုနိုင်သည်။

" နတ်ရေးသင့်၍"နှင့် " မှတ်တွေးချင့်၍"ချီ ဒုတိယနှင့်တတိယအပိုဒ်တို့သည်ကား မဲဇာရပ်၏ ပုံသဏ္ဌာန်ကိုချယ်မှုန်းထားခြင်း ဖြစ်သည်။ ထိုအပိုဒ်များအရ ထိုခေတ်မဲဇာအရပ်သည် မဲဇာထက်အောက်လမ်းပေါက်ရေစီးလျက်ချုံကြီးချုံငယ် တောကြီးတောင်ငယ်တို့ဖြင့်ကြောက်မက်ဖွယ်ရာဖြစ်၍ လွမ်းစရာဌာနပင်ဖြစ်နေပေသည်။



"အဆိုင်းဆိုင်းလျှင်၊ တောမြိုင်လည်လှည့်၊ ကမ်းလုံးပြည့်မျှ၊ ကြည့်ရှုလေရာ၊ ကြောက်ဖွယ်သာတည့်၊ ပြာပြာလူ ့ပွဲ၊ မှိုင်းပြေမှောင်မှောင်၊ တောနှင့်တောင်လည်း၊ တိမ်တောင်မိုးရှု ထွေးရှက်ငြိမျှ၊ လွမ်းမိစဖွယ်၊ ကောင်းကင်လယ်ဝ က်၊ တောင်လယ်တောင်ထိပ်၊ မိုးညိုရိပ်၍၊ တိမ်လိပ်ဆော်ညှ ၊ စ၍ထွန်းသည်၊ နေဝန်းပေါ်လွင်ချင်ဘိသည်။" ဟူ၍ စပ်ဆို ထားပေသည်။

မဲဇာအရပ်သည် တောတောင်များဖြင့်လွှမ်းအုပ်နေသောကြောင့်ဆောင်းရာသီတွင်နှင်းထန်၍ မိုးရာသီတွင်မိုးသည်းထန်လေသည်။ ထိုအခါလက်ဝဲသုန္ဒရအမတ်ကြီးသည် နေပြည်တော်ကိုလည်းကောင်း၊ ဇနီးမယားနှင့်သမီးသားများကိုလည်းကောင်း လွန်စွာပင်သတိရလွမ်းဆွတ်ကြေကွဲရှာလိမ့်မည်။ ထိုအခါ ကုသိုလ်လည်းရ၊ အလွမ်းလည်းပြေစေရန်မဲဇာအရပ်၌ စေတီတော်များကို တည်ထားကိုးကွယ်ခဲ့ပါသည်။

စစ်ကိုင်းတိုင်း၊ ထီးချိုင့်မြို့နယ်၊ လေသာကျေးရွာအုပ်စု မဲဇာမြစ်၏အရှေ့ဘက်ကမ်းမဲဇာလေးရွာဦးတွင်စေတီတော် ၁၃ ဆူကိုယနေ့တိုင်ဖူးမြော်နိုင်ပါသည်။ ထိုစေတီတော်များကို လက်ဝဲသုန္ဒရအမတ်ကြီးမဲဇာသို့ အပို့ခံရစဉ်က တည်ထားခဲ့ခြင်းဖြစ်သည်။ ရာဇဝတ်သားအမတ်ကြီးသည် မဲဇာသစ်တောတွင်မပျော်ပိုက်နိုင်ဘဲ ယိုဖိတ်ဖြန့်ကြက်သည့်လွမ်းစိတ်များပြေပျောက်ရန် ရည်သန်လျက် နေပြည်တော်ရှိ စေတီများကိုရည်မှန်း၍ မဲဇာဒေသတွင်စေတီတော်များကို တည်ထားကိုးကွယ်ခဲ့လေသည်။ စေတီတော်၏ဘွဲ့အမည်များကိုလည်း နေပြည်တော်ရှိ စေတီများ၏ ဘွဲ့နှင့်ထပ်တူပြုထားလေသည်။ ဤအကြောင်းကို "နတ်ပန်း ဝေမြိုင်၊ မြတ်ပန်းဝေလိုင်၊ ပတ်သန်းဇွေအိုင် " အစချီသောမိုးဘွဲ့ ရတုပိုဒ်စုံတွင်အမတ်ကြီးက ထည့်သွင်းစပ်ဆိုထားသည် –

"ပတ်သန်းစေ့အိုင်၊ တဖြိုင်ဖြိုင်လျှင်၊ ရှာနိုင်လေခြင်း၊ ငယ်ကရင်း၍၊ သက်နှင့်အတူ၊ ထောင်တသူနှင့်မတူအကွ၊ ဆုံပါစေဦး၊ နှစ်မကျူး လည်း၊ နှစ်ကူးရုံမျှ၊ လင့်ကောင်းစွတည်း၊ မိုးကရင်ရှု၊ သူကတတွေ့၊ သို့စဉ် မွေ့သော်၊ ပျောက်ပြေပါအောင်၊ ကြံရေးဆောင်လျက်၊ "တန်ဆောင်တစည်း"၊ "ပန်းလည်တစ်စုံ"၊ "စည်းခုံတစ်ဆူ"၊ "ရွှေကူနံ့သင့်"၊ ဘုန်းတော်နှင့်ကို ရက်မြင့်မရှည်၊ စုံတော့မည်ဟု၊ ညွှန်ကြည်ဆုယူ၊ တောင်းမှတ်မူသည်၊ တစ်ဆူသာကိုးကွယ်တော့၏။"

လက်ဝဲသုန္ဒရအမတ်ကြီးသည် မဲဇာရွာ၌ တည်ထားကိုးကွယ်ခဲ့သည့် စေတီတော်များ၏ ဘွဲ့အမည်များမှာ ဇမ္ဗူဆီမီးတစ်ဆူ၊ ဂူကြီးနှစ်ဆူ၊ ရွှေလင်းပင်တစ်ဆူ၊ ရွှေခြသေ့တစ်ဆူ၊ မြွေစေတီတစ်ဆူ၊ ရွှေတန်ဆောင်တစ်ဆူ၊ ရွှေတန်ဆည်တစ်ဆူ၊ ရွှေပန်းလဲတစ်ဆူ၊ စည်းခုံနှစ်ဆူ၊ ရွှေကူတစ်ဆူ စုစုပေါင်း (၁၃) ဆူဖြစ်ရာ ထိုစေတီများကို မဲဇာမြစ်ကမ်းရှိ မဲဇာလေးရွာထိပ်တွင် ယနေ့တိုင်ဖူးတွေ့နိုင်ပါသည်။ မီးရထားလမ်းရှိ မဲဇာရွာကြီးကို သံလမ်းမဲဇာ၊ အထက်မဲဇာ၊ မဲဇာကြီးဟုခေါ်၍ အင်းတော်မြို့နယ်တွင်ရှိသည်။ လက်ဝဲသုန္ဒရဘုရားများတည်ခဲ့သည့် မဲဇာရွာကို မဲဇာလေး၊ အောက်မဲဇာ၊ ထီးချိုင့်မဲဇာဟုခေါ်တွင်သည်။

အမတ်ကြီးရေးသားခဲ့သည့် စာပေများအနက် မဲဇာသစ်တောသို့ အပို့ခံရစဉ် ရေးသားသီကုံးခဲ့သည့် "မဲဇာတောင်ခြေ"ရတုသည် အထင်ရှားဆုံးဖြစ်၍ "သာဓိနပျို့" သည် အကောင်းဆုံးဖြစ်သည်ဟု ဆိုကြသည်။ အမတ်ကြီး၏ နှလုံးသားမှ လွင့်ထွက်လာသည့် ရေးသားသီကုံးမှုကြောင့်လည်း "မဲဇာ"သည် သမိုင်းတွင် မှတ်တမ်းတစ်ခုအဖြစ် ထင်ကျန်ရစ်ခဲ့ပေသည်။ "မဲဇာ"အရပ်မှာကုန်းမြေလည်းမြင့်၊ တောင်လည်းဆင့်၍ တောနှင့်



ဝိမ့်စမ်း၊ ပြိုးပြွမ်းရောယှက်ရာ အရပ်ဖြစ်လေရာ အမြဲလိုလိုပင်စွတ်စိုထိုင်းမှိုင်း၊ ဆီးနှင်းများဆိုင်းဆို့မှိုင်းညို့၍ နေသောကြောင့် တုန်ခိုက်အောင်အေးချမ်းလှသည်။ မဲဇာဒေသ၏ ပကတိအခြေအနေကို အမတ်ကြီးက ပြဆိုလိုက်ခြင်းပင်ဖြစ်သည်။

လက်ဝဲသုန္ဒရအမတ်ကြီးဟုဆိုလျှင် လူတော်တော်များများက "မဲဇာတောင်ခြေ" ရတုကို သတိရပြီးအလွမ်းသမားဟု မှတ်တမ်းတင်ကြပေလိမ့်မည်။ အမှန်မှာ လက်ဝဲသုန္ဒရသည် အလောင်းဘုရားကိုယ်တိုင်ဦးစီးတိုက်ခိုက်ခဲ့သည့် စစ်ပွဲများတွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ခဲ့သူ တစ်ဦးဖြစ်ပါသည်။ "လက်ဝဲသုန္ဒရ"၊ "လက်ဝဲနော်ရထာ"၊ "လက်ဝဲဘိနန်သူ"၊ "ဘယနန္ဒမိတ်"၊ "သရေသခိယာ" ဆိုသည့်ဘွဲ့ထူးများပိုင်ရှင်ဖြစ်ပါသည်။

ကုန်းဘောင်ခေတ်သို့ ရောက်သောကာလ နယ်ချဲ့တို့၏ ကျူးကျော်ရန်စမှုများမှ ပိုမိုဆိုးဝါးလာခဲ့သည်။ ထို့ကြောင့် စာဆိုများက မျိုးချစ်စိတ်ဓာတ်ရှိပြီး နိုင်ငံတော် ကာကွယ်စောင့်ရှောက်လိုစိတ်များ နိုးကြားတက်ကြွလာစေရန်လှုံ့ဆော်ရေးသားခဲ့ကြသည်။ ဥပမာ– အလောင်းမင်းတရားအရေးတော်ပုံကျမ်းတွင် တတိယမြန်မာနိုင်ငံကို စည်းရုံးတည်ထောင်သော အလောင်းမင်းတရားကြီး၏ လက်ရုံးရည်၊ နှလုံးရည်ကြောင့် အိမ်နီးချင်းနိုင်ငံများကပါ မြန်မာကိုလေးစားရပုံ၊ အရေးကြုံလာလျှင် မြန်မာသူရဲကောင်းများ နိုင်ငံ့အတွက် အသက်စွန့်ကာကွယ်ပုံတို့ကို ဇာတိမာန် တက်ကြွဖွယ်၊ ဂုဏ်ယူဖွယ်ရေးသားခဲ့သည်။

လက်ဝဲသုန္ဒရသည် သူ၏ပထမဦးဆုံး နန္ဒီသေနပျို့ခေါ် မြန်မာစစ်ပညာကျမ်းကို မြန်မာသက္ကရာဇ် ၁၁၂၈ ခုနှစ်၊ ခရစ်နှစ် ၁၇၆၆ ခုနှစ်တွင်ရေးသားပြီးစီးပါသည်။ သေနင်္ဂဗျူဟာပျို့ကို သက္ကရာဇ် ၁၇၈၅ ခုနှစ်တွင် ရေးသားခဲ့ပြီး ဗျူဟာစက္ကပျို့ကို ခံရစ်သက္ကရာဇ် ၁၇၀၁ ခုနှစ်တွင် ရေးသားပြီးစီးခဲ့သည်။ နန္ဒီသေနပျို့တွင် –

"သက်စွန့်များသူ၊ နိုင်မြဲယူလော့၊ လူတို့မှတ်ရိုး၊ စစ်မက်ထိုးသော်၊ အားကြွတင်းတင်း၊ လူချင်းချင်းကို၊ ဘယ်မင်းဘက်ပြိုင်၊ ဘယ်တပ်ဆိုင်အံ့၊ သူ့နိုင်ငံသား၊ သံမှုန်စားမှု၊ ထိုခါးတုံးမည်၊ မှတ်တော်တည်လော့"

ဟူ၍ နိုင်ငံတော်ကာကွယ်ရေးအတွက် သက်စွန့်ကြိုးပမ်း ဆောင်ရွက်စေရန် အားမန်သွင်းပေးသကဲ့သို့ –

"မြိုင်ဝေတောကြီး၊ ဤခရီး၌၊ ချည်နှီးသက်သက်၊ သေသောသက်ကား၊ ဆက်လက်ကူညီ၊ တစီတလျဉ်၊ သားစဉ်မြေးမြစ်၊ ပြောဆုံးဖြစ်အောင်၊ တစ်စစ်တစ်မက်၊ ကိုယ်နှင့်သက်ကို၊ နှင်းဆက်တိုက်မည်၊ အားသန်ရည်၍၊ ဦးလည်မသုံ၊ ထမ်းပါကုန်လော့"

ဟုတိုင်းပြည်နှင့် လူမျိုးအတွက် သားစဉ်မြေးဆက် ပြောစမတ်တွင်ရစ်အောင်ဦးလည်မသုံ အားထုတ်ကြိုးပမ်းကြရန် တိုက်တွန်းနှိုးဆော်ခဲ့သည်။

လက်ဝဲသုန္ဒရအမတ်ကြီးသည် သူ၏ပထမဆုံး မြန်မာ့စစ်ပညာကျမ်းဖြစ်သော "နန္ဒိသေနပျို့"ကို မြန်မာသက္ကရာဇ် ၁၀၂၈ ခုနှစ်၊ ခရစ်သက္ကရာဇ်၁၇၆၆ ခုနှစ်တွင် ရေးသားခဲ့ပြီး ဖြစ်သည်။ အလော့(စ်)ဝစ် သည် ခရစ်သက္ကရာဇ် ၁၇၈၀ ခုနှစ်တွင် မွေးဖွားခဲ့သည်။

လက်ဝဲသုန္ဒအမတ်ကြီး၏ မဲဇာစေတီတော်များတည်ရာဌာန သည် မဲဇာချောင်းနှင့် ကွမ်းဘောင်ချောင်းတို့ဆုံရာ ဌာနဖြစ်သည်။ ထိုမဲဇာနှင့် ကွမ်းဘောင်ချောင်းရေတို့သည် တစ်နှစ်လျှင်တစ်ကြိမ်၊ နှစ်ကြိမ် စေတီတော်များတည်ထားသော ကုန်းမြေပေါ် လွှမ်းမိုးတတ်သည်။ ထိုသို့ နှစ်စဉ်နှစ်တိုင်း ရေလွှမ်းမိုးမှုကြောင့် စေတီတော်များ ညွှန်နစ်ခြင်းခံရသည်။ ဤသို့လျှင် ရေလွှမ်းမိုးသောဒဏ်၊ အပူအအေးဟူသော ရာသီဥတုဒဏ်၊



ကာလရှည် ကြာခြင်းဒဏ်၊ လျှော့ စသောဒဏ်များကြောင့် စေတီတော်များအားလုံး ပျက်စီးခဲ့ရပြီး အုတ်ပုံများပမာ ဖြစ်နေသည်။ သမိုင်းဝင်ဖြစ်သော ထိုစေတီများကို ပြန်လည်ပြုပြင်ရန် ရဟန်းရှင်လူပြည်သူများအားထုတ်ခဲ့ကြသည်။ သို့သော် အခြေအနေမပေးသဖြင့် ထမြောက်အောင်မြင်ခြင်းမရှိခဲ့ပါ။ ၁၃၃၀ ပြည့်နှစ်တွင် ကသာမြို့ ရဲမင်းကြီးဦးမြလှိုင် ကိုယ်တိုင် လာရောက်ပြုပြင် မွမ်းမံသဖြင့် စေတီတော်တစ်ဆူ အချောသပ်ပြီးစီးခဲ့သည်။

ဟိုပင်မြို့ မြသီတာဆေးတိုက်ပိုင်ရှင် ဦးကံဆက် (စာရေးဆရာ ရွှေလီစကြော်၊ ကသာကံဆက်) နှင့် ဇနီး ဒေါ်စောခင် (မန္တလေးမြို့ ရှမ်းစု တတိုက်၊ မင်းသားစုရပ်ကွက်) တို့သည် မဲဇာအရပ်ရှိ စေတီများကို ပြုပြင်ရန် ငွေကျပ်တစ်သိန်းမတည်ခဲ့ပါသည်။ ယင်းမတည်ငွေဖြင့် ထီးချိုင့်မြို့ ဘည့်သော ဆရာတော် ဘုရားကြီး ဦးစီးနာယကပြု၍ စတင်ပြုပြင်ခဲ့သည်။ မြန်မာနိုင်ငံအဝန်းမှ စေတနာရှင်များ၏ အလှူငွေများ ဒေသခံများ၏ အလှူငွေ၊ လူအားငွေအားပါဝင်မှုကြောင့် နှစ်ပေါင်းနှစ်ရာကျော်ပျက်စီးယိုယွင်း ခဲ့သော မဲဇာမြစ်ကမ်းမှ သမိုင်းဝင်စေတီတော်များ သည် ယခုအခါ သပ္ပာယ်ကြည်ညိုဖွယ်ဖြင့် မြင်သူအများဖူးမြော်ချင်လောက်အောင် မဲဇာမြစ်ကမ်းတွင် အထူးတင့်တယ် စံပယ်တော်မူနေလျက်ရှိနေကြပြီးဖြစ်ပါသည်။

## နန့်မွန်းတောင်တန်းငြိမ်းချမ်းသာယာ

စာရေးသူသည် ငယ်စဉ်ကျောင်းသားဘဝက ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် ကျောင်းနေခဲ့ဖူးသည်။ မြစ်ကြီးနားကောလိပ် စတင်ဖွင့်လှစ်စချိန်က ဖြစ်ပါသည်။ ထိုစဉ်က ကချင်ပြည်နယ်မှ မြစ်ကြီးနားခရိုင်၊ ဗန်းမော်ခရိုင်၊ ပူတာအိုခရိုင်၊ စစ်ကိုင်းတိုင်းမှ ကသာခရိုင်၊ ရွှေဘိုခရိုင်၊ မုံရွာခရိုင်များသည် မြစ်ကြီးနားကောလိပ်တွင် ဆက်လက်၍ ပညာသင်ယူကြရသည်။ စာရေးသူတို့နှစ်တွင် ထူးထူးခြားခြား ရှမ်းပြည်နယ် မိုးမိတ်မြို့နယ်များမှ ကျောင်းသားများ ပါဝင်လာသည်။

ကချင်ပြည်နယ်သည် သဘာဝအလှအပများ စုဝေးရာဒေသဖြစ်ပါသည်။ မြေပြန့်မှ ကျောင်းသားများအဖို့ သဘာဝအလှအပများသည် အထူးအဆန်းသဖွယ် ဖြစ်နေပါသည်။ ကျောင်းပိတ်ရက်တွင် ဒေသတွင် ထူးခြားသည့် နေရာများသို့ လေလာရေးခရီး ထွက်ကြသည်။ မေခနှင့် မလိခမြစ်နှစ်သွယ် ပေါင်းဆုံရာ “မြစ်ဆုံ”သို့လည်း ရောက်ကြ၏။ မြစ်ဆုံတွင် ရေကူးရသည်မှာ ပျော်စရာ၊ “ကရိန်နော်ဥယျာဉ်”တွင်လည်း အပန်းဖြေကြသည်။ “စီတာပူ၊ မိုင်းနား”စသည့် ဒေသများသို့လည်း ရောက်ကြ၏။ စီတာပူနှင့် မိုင်းနာတွင် ယခုအခါ ဧရာဝတီမြစ်ကူးတံတား “ဗလမင်းထင်”တံတားကြီး တည်ဆောက်ပြီးစီးသဖြင့် ဝမ်းသာရပါသည်။

မြစ်ကြီးနားမှ ဧရာဝတီမြစ်တစ်ဘက်ကမ်းသို့ ကူးတို့ဖြင့် ကူးလျှင်“ဝိုင်းမော်”ရွာကြီးသို့ရောက်၏။ ဝိုင်းမော်ရွာကြီးမှတစ်ဆင့် “ဝါရှောင်ဆည်”သို့လေ့လာရေးခရီး ထွက်ကြသည်။ ဝါရှောင်ဆည်သည်



ကချင်ပြည်နယ် စိုက်ပျိုးရေး၏ အသက်သွေးကြောတစ်ခုဖြစ်သည်။ ကချင်ပြည်နယ်တွင် နေထိုင်ခဲ့ရသည်မှာ ပျော်ရွှင်ပါသည်။ သဘာဝအလှအပများကလည်း ပေါများလှသည်။ တိုင်းရင်းသူတိုင်းရင်းသားတို့၏ စိတ်ထားများကလည်း ဖြူစင်သန့်ရှင်းလှသည်။ ရပ်ဝေးမှ လာရောက်နေထိုင်ကြသည့် ကျောင်းသားကျောင်းသူများအား သွေးသားရင်းပမာ ပြုစုစောင့်ရှောက်ကြသည်။ ကချင်ပြည်နယ်တွင်နေထိုင်ခဲ့ရသည်မှာ နွေးထွေးလှပါသည်။

သို့ရာတွင် ကချင်ပြည်နယ်တွင်နာမည်ကြီးသည့် “ အင်းတော်ကြီးရွှေမဉ္ဇူဘုရားပွဲတော်”သို့ကား မရောက်ဖူးခဲ့ပါ။ ယခုအချိန်ကာလကဲ့သို့နယ်မြေအေးချမ်းသာယာမှုအပြည့်အဝမရှိသောကြောင့် ဖြစ်ပါသည်။

အနှစ်သုံးဆယ်နီးပါးရှိခဲ့ပါပြီ တစ်ချိန်ကအယူအဆသဘောထားများကွဲလွဲ၍လက်နက်ကိုင် ဆန့်ကျင်ခဲ့ကြသူများသည် ယခုအခါ နိုင်ငံတော်၏စေတနာနှင့်ဖြစ်ရပ်မှန်များကိုသိရှိကြပြီး လက်နက်ကိုင်လမ်းစဉ်ကိုစွန့်လွှတ်ကာ ဥပဒေဘောင်အတွင်းဝင်ရောက်ခဲ့ကြသည်။ နိုင်ငံတော်မှလည်း စိတ်ဆိုး၍နေအိမ်မှထွက်သွားသည့်ညီအစ်ကိုရင်းများ စိတ်ပြေ၍မိမိနေအိမ်သို့ပြန်လာသည့်အခါ မိသားစုဝင်များကနွေးထွေးစွာကြိုဆိုရမည်ဆိုသည့်သဘောရင်းစာတမ်းအတိုင်း ခရီးဦးကြိုဆိုခဲ့ကြသည်။ ယင်းတို့နှင့်ယင်းတို့၏မိသားစုများအဖွဲ့အစည်းများအတွက် စားဝတ်နေရေးများ ကူညီဆောင်ရွက်ပေးခဲ့ပါသည်။ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို နိုင်ငံတော်နှင့်လက်တွဲ၍ ဆောင်ရွက်နေကြပါသည်။ ကချင်ပြည်နယ်တွင်လည်းထိုသို့ဆောင်ရွက်လျက်ရှိရာ နယ်မြေအေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်လျက်ရှိပါသည်။

အင်းတော်ကြီးရွှေမဥ္ဇူဘုရားပွဲတော်သို့ သွားရောက်ရန်ဟိုပင်မြို့သို့ရောက်ရှိခဲ့ပါသည်။ ဟိုပင်မြို့တွင် ကျောင်းနေဘက်သူငယ်ချင်းများနှင့်တွေ့ရသည်။ ငယ်စဉ်ကအကြောင်းများ စကားလက်ဆုံပြောမကုန်နိုင်အောင် ရှိနေကြသည်။ သူတို့လည်းဘဝကိုယ်စီ၊ အလုပ်ကိုယ်စီ၊ တာဝန်ကိုယ်စီနှင့် ရှိနေကြပြီ။ သူငယ်ချင်းဆရာမကြီးတစ်ဦးသည် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းနှင့်အလုပ်များနေသည်။ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတွင်လည်း အတွင်းရေးမှူးဟုဆိုသည်။ ပိုလီယိုအကြောသေရောဂါကာကွယ်ဆေးတိုက်နေ့များအတွက် အလုပ်များနေသည်။ နွေရာသီကျောင်းပိတ်ရက်ဖြစ်သော်လည်း သူတို့တစ်တွေအနားမယူနိုင်၊ နိုင်ငံတော်အတွက်တစ်တပ်တစ်အား မနေမနားဆောင်ရွက်နေကြသည်ကို ဝမ်းမြောက်ဖွယ်တွေ့ခဲ့ရသည်။

ဘုရားပွဲတော်ရက်တွင် ဟိုပင်နှင့်အင်းတော်ကြီးပြေးဆွဲသည့်လိုင်းကားများအထူးများပြားလှသည်။ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးကားများကလည်း စုံလင်လှသည်။ အသင်းအဖွဲ့အလိုက်ဘုရားဖူးလာကြသည်။ မိသားစုအလိုက်ဘုရားဖူးလာကြသည်။ ဟိုပင်ကားဂိတ်တွင် စည်ကားလှုပ်ရှားနေ၏။

ဟိုပင်မှထွက်သော် လယ်ရိုးပြတ်ကွင်းကြီးများကို ဖြတ်သန်းခဲ့ရသည်။ မကြာမီ " ရွာသစ်ကြီး"ရွာကို ကျော်ဖြတ်ရသည်။ ရွာသစ်ကြီးသည် မရောက်ဖူးသော်လည်း ရင်းနှီးကျွမ်းဝင်ပြီးရှိနေသည်။ မြစ်ကြီးနားကောလိပ်တွင်တစ်တန်းတည်း၊ တစ်ခန်းတည်းနေခဲ့သောသူငယ်ချင်းသည် ဟိုပင်ရွာသစ်ကြီးသား တိုင်းရင်းသားတစ်ဦးဖြစ်၏။ ဒုတိယနှစ်တွင် တပ်မတော်သို့ ဝင်ရောက်အမှုထမ်းခဲ့သည်။ တစ်ဦးနှင့်တစ်ဦးကွဲကွာသွားကြသည်မှာကြာပြီဖြစ်သော်လည်း အပေါင်းအသင်းတို့၏ ကောင်းသတင်းများကို ကြားနေရဆဲဖြစ်ပါသည်။



ရွာသစ်ကြီးလွန်သော် ရိုးပြတ်ကွင်းပြင်များမှ တဖြည်းဖြည်းတောရိပ်တောင်ရိပ်များနှင့် နီးကပ်လာ၏။ " ပြည့်ဦး"ဆိုသည့် ရွာငယ်တစ်ရွာတွေ့ရသည်။ လမ်းဆုံရွာကလေးဖြစ်၏။ မျှားမကြာမီ နန့်မွန်းတောင်တန်းသို့ချဉ်းကပ်မိလေပြီ။ နန့်မွန်းတောင်တက်လမ်းကို ကွေ့ကောက်ပြီး တက်ရသည်။ လမ်းကျဉ်းသဖြင့် အတက်အဆင်းကားများ သတိထားမောင်းနှင်ကြရသည်။ မကြာမီ နန့်မွန်းတောင်ထိပ်သို့ ရောက်ရှိ၏။ နန့်မွန်းတောင်ထိပ်မှလှမ်းမျှော်၍ကြည့်လိုက်လျှင် တောင်များဝန်းရံပြီး တောင်ပေါ်ပင်လယ်ကြီးအလား အင်းတော်ကြီးပြင်ကျယ်ကြီးကို မျက်စိတစ်ဆုံးတွေ့မြင်နိုင်သည်။ နန့်မွန်းတောင်ထိပ်မှလွန်သော် တောင်ခြေရွာကြီးဖြစ်သည့်နန့်မွန်းရွာကြီးသို့ ရောက်၏။

နန့်မွန်းရွာကြီးတွင်ခေတ္တနားကြသည်။ အပန်းဖြေကြသည်။ စားသောက်ကြသည်။ နန့်မွန်းရွာကြီးတွင် စားသောက်ဆိုင်ကြီးများ စုံလင်လှသည်။ စားသောက်ဘွယ်အမျိုးမျိုးပေါများလှသည်။ ထူးခြားသည်မှာတောတောင်နှင့်အင်းရေပြင်အကြားရှိသော နန့်မွန်းရွာကြီးသည် လျှပ်စစ်မီးများထိန်ထိန်ညီးနေသည်။ လမ်းဘေးဝဲယာတွင် လျှပ်စစ်မီးတိုင်များဖြောင့်တန်းစွာ စိုက်ထူထားသည်။ ထိုနန့်မွန်းရွာကြီးတွင် အခြေခံပညာအထက်တန်းကျောင်းရှိပြီး၊ စာစစ်ဌာနလည်းရှိကြောင်း သိရသည်။ ပို၍ထူးခြားသည်မှာ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံနှင့် အဝေးပြောတယ်လီဖုန်းစက်ခလုတ်ခုံ ရှိနေခြင်းပင်ဖြစ်သည်။

နန့်မွန်းကိုလွန်သော် မိုင်းနောင်ရွာ၊ မမုံတိုင်ရွာ၊ လုံးတုံ့ရွာများကိုဖြတ်ကျော်ရသည်။ လုံးတုံ့ရွာမှတစ်ဆင့် ကျောက်စိမ်းတွင်းတာမခံသို့ သွားသောလမ်းခွဲရှိသည်။ လုံးတုံ့မှကျောက်စိမ်းတွင်းဒေသ ဆိုင်းတောင်သို့သွားရာလမ်းအတိုင်း ခရီးဆက်ခဲ့ရာ နန့်ပဒဲရွာလမ်းခွဲသို့ရောက်သည်။ နန့်ပဒဲ

ရွာမှ ရွှေမဥ္ဇူဘုရားလမ်းခွဲအတိုင်း ခရီးဆက်ခဲ့ရာ မကြာမီရွှေမဥ္ဇူဘုရားသို့ ရောက်သည်။

အင်းတော်ကြီးဒေသသည် အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီနှင့် ၉၇ ဒီဂရီ၊ မြောက်လတ္တီတွဒ် ၂၅ ဒီဂရီနှင့် ၂၆ ဒီဂရီ၊ မြန်မာနိုင်ငံမြောက်ပိုင်း ကချင်ပြည်နယ် မိုးညှင်းမြို့နယ်တွင် တည်ရှိသည်။ အင်းတော်ကြီးအင်း (အိုင်) သည် အလျား ၁၆–မိုင်၊ အနံ ၈–မိုင်ရှိသည်။ အင်းတော်ကြီးအိုင်သည် မိုးကောင်းချောင်းဖျားခံရာ၌ ရှိသည်၊ အရှေ့ဘက်တွင် မိုးကောင်းမြို့နယ်၊ ဟိုပင်မိုးညှင်း (ကကျော်) တောင်ကြားအထိ၊ တောင်ဘက်တွင် စစ်ကိုင်းတိုင်း၊ ဟုမ္မလင်းမြို့နယ်၊ စီမံကြီးအထိ။ အနောက်မြောက်ဘက်တွင် ဟုမ္မလင်း၊ ဗန်းမောက်မြို့နယ်၊ တာမိုင်းမြို့နယ်အထိ ဧရိယာတစ်ခုလုံးကို အင်းတော်ကြီးဒေသဟု အသိအမှတ်ပြုခေါ်တွင်လေသည်။

အင်းတော်ကြီးဒေသ၏ လူဦးရေမှာ ၁၉၈၈ ခုနှစ်၊ မတ်လ ၃၀ ရက်စာရင်းအရ အိမ်ထောင်စုပေါင်း ၆၉၂၃ အိမ်နှင့် လူဦးရေပေါင်း ၃၇၂၁၅ ဦးခန့်ရှိသည်။ ရှမ်း၊ ကချင်၊ မြန်မာစသော တိုင်းရင်းသားများနေထိုင်ကြသည်။

အင်းတော်ကြီးဒေသ၏ စီးပွားရေးမှာ ငါးဖမ်းလုပ်ငန်းနှင့် စိုက်ပျိုးရေး စပါး၊ ဆီထွက်သီးနှံ၊ ကြက်သွန်၊ အာလူး၊ နှစ်ရှည်သီးနှံလုပ်ငန်းများ အဓိကလုပ်ကိုင်သည်။ ၁၉၈၅–၈၆ ခုနှစ်တွင် စပါးစိုက်ဧက ၁၄၀၂၇ စိုက်ပျိုး၍ စပါးတင်းကိုးသိန်းခန့်ထွက်ရှိသည်။ သစ်တောထွက်ပစ္စည်း ထုတ်လုပ်သောလုပ်ငန်း၊ သယံဇာတသဘာဝတွင်းထွက် ရွှေလုပ်ငန်းနှင့် အခြားလုပ်ငန်းများ တွဲဖက်လုပ်ကိုင်သည်။ ရွှေမဥ္ဇူဘုရားပွဲတော်ချိန်သည် ရာသီဥတုကလည်း ပွင့်လင်းရာသီဖြစ်သည်။ နယ်မြေဒေသလည်း အေးချမ်းသဖြင့် နိုင်ငံ့ရတနာဖြစ်သည့် ကျွန်းရွှေဝါများထုတ်လုပ်နေသည်ကို တွေ့ခဲ့ရသည်။ မိုင်းနောက်ကျေးရွာဝန်းကျင်လမ်းဘေးဝဲယာတွင် ညီညာစွာ



စုပုံထားသည့် ကျွန်းရွှေဝါများ၊ ဖြောင့်ဖြူးသည့် ကျွန်းသစ်လုံးများ၊ သစ်တိုက်ကားစခန်းများကို မြင်တွေ့ခဲ့ရသည်။ နိုင်ငံတော်၏ စီးပွားရေးအတွက် တအားတက်စရာဖြစ်သည်။ အင်းတော်ကြီးဒေသမှ ကျွန်းသစ်နှင့် အခြားအဖိုးတန်သစ်များကို နန့်မွန်းတောင်ကျော်၍ မြေပြန့်ရထားလမ်း၊ ကားလမ်းသို့ သယ်ယူ နေသည်ကိုလည်း တွေ့ရှိခဲ့ရသည်။

အင်းတော်ကြီးဒေသ၏ လမ်းပန်းဆက်သွယ်ရေးမှာ မိုးညှင်းမြို့မှ ဟိုပင်မြို့အထိ ၁၈ မိုင်၊ ဟိုပင်မှအင်းတော်ကြီး လုံးတုံအထိ ၂၇ မိုင်(နွေ၊ မိုး၊ ဆောင်း) လုံးတုံမှ ညောင်ပင်အထိ ၁၅ မိုင်(ဆောင်း၊ နွေ)၊ ညောင်ပင်မှ ချောင်းဝအထိ ၁၂ မိုင်၊ နန့်မွန်းမှ လုံးခင်းအထိ ၁၃ မိုင်၊ နန့်မွန်းမှ မိုးညှင်းအထိ (ကကျော်) လမ်း ၁၅ မိုင်ခန့် မော်တော်ကားသွားလာနိုင်သည်။ ဟိုပင်မှညောင်ပင်အထိ ရာသီမရွေးသွားလာနိုင်သည်။ အင်းတော်ကြီးအတွင်း အဓိကသွားလာရေးမှာ ရေကြောင်းဖြစ်သည်။ လုံးတုံမှချောင်းဝအထိ ၃၂ မိုင်နှင့်အင်းပတ်လည်ရွာများသို့ ရာသီမရွေး၊ အချိန်မရွေး မော်တော်ရေယာဉ်များ၊ စက်လှေများသွားလာနိုင်သည်။ ၃၀–၃–၉၃ နေ့အထိမှတ်ပုံတင်စာရင်းအရ ရေယာဉ် (စက်လှေ) မည/၃၈၁ စီးရှိသည်။

၁၉၉၃ ခုနှစ်စာရင်းအရ ကျေးရွာအုပ်စု ၁၁ အုပ်စု၊ ကျေးရွာပေါင်း ၃၆ ရွာ၊ ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်း ၃၂ ကျောင်း၊ ကချင်ဘာသာကျောင်းတစ်ကျောင်း၊ ခရစ်ယာန်ဘာသာဝတ်ပြုကျောင်း ၃ ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း ၁ ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း ၃ ကျောင်း၊ တွဲဖက်အလယ်တန်းကျောင်း ၃ ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း ၄၁ ကျောင်းရှိသည်။ တိုက်နယ် ၁၆ ခုတင်၊ ပြည်သူ့ဆေးရုံ ၂ ရုံ၊ ကျေးလက်ကျန်းမာရေးဌာန ၂ ဌာန၊ သားဖွားဆရာမ၊ အရန်သားဖွားဆရာမတို့ကို ကျေးရွာအုပ်စုတစ်စုတွင် တစ်ဦးစီ တာဝန်ထမ်းဆောင်စေသည်။ ကျေးလက်ကျန်းမာရေး လုပ်သားများကလည်း ကျေးရွာအုပ်စုတိုင်းတွင် တာဝန်ထမ်းဆောင်လျက်ရှိသည်။

အင်းတော်ကြီးရွှေမဥ္ဇူစေတီတော် ဗုဒ္ဓပူဇနီယပွဲတော်ကို နှစ်စဉ် တပေါင်းလဆန်း ၈ ရက်နေ့မှ လဆုတ် ၁ နေ့နံနက်အထိကုန်းပွဲ၊ ရေပွဲ၊ ပြပွဲ၊ ပြိုင်ပွဲ၊ ပျော်ပွဲ၊ ရှင်ပွဲတို့ဖြင့် ဆင်ယင်ကျင်းပတော်မူသည်။ ရွှေမဥ္ဇူစေတီတော်ပွဲတော်သည် ဒေသခံတိုင်းရင်းသားအများစုတို့၏ ပူဇော်ပွဲဟူ၍လည်းကောင်း၊ မြန်မာနိုင်ငံအရပ်ရပ်မှ တိုင်းရင်းသားများ ချစ်ခင်ရင်းနှီးစွာ မျက်နှာစုံညီစုဝေးကြရာ ပွဲတော်ကြီးဖြစ်၍ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပွဲတော်ဟူ၍လည်းကောင်း ခေါ်ဆိုကြသည်။

ရွှေမဥ္ဇူစေတီတော်တွင် ညဈေးတန်း၊ ရပ်ကွက်ကျေးရွာအလိုက် ယာယီနေထိုင်တည်းခိုသော တဲနန်း၊ ဘုရားဖူးလာဗုဒ္ဓဘာသာဝင် ဧည့်သည်များတည်းခိုနားနေရန် တဲတန်းအဆောက်အအုံ၊ ပြခန်း၊ ကျန်းမာရေးဆေးပေး ခန်း၊ လုံခြုံရေးစခန်း၊ ဌာနဆိုင်ရာ ယာယီနေထိုင်ရန် မင်းတဲ၊ သောက်ချိုးရေ တံတား၊ သံဃာတော်များတည်းခို ကျိန်းစက်ရာကျောင်း၊ သံဃာတော်များ ဆွမ်းဘုဉ်းပေးရာကျောင်း၊ ဇာတ်ရုံ၊ ရုပ်ရှင်ရုံ၊ ဗီဒီယိုရုံ၊ မီးစက်ရုံ၊ ပွဲတော်ကျင်းပရေးကော်မတီရုံး စသည်ဖြင့် လူနေမနီးသည့် ဒေသတွင် ကြီးကျယ်ခမ်းနားထည်ဝါသော ပွဲတော်ကြီးကို ဆင်ယင်ကျင်းပနိုင်သည်မှာ အထူးအံ့ဩလောက်ပေသည်။ ဒေသခံနယ်မြေလူထု၏ ဘာသာသာသနာအပေါ် ထူးခြားသည့် ယုံကြည်သက်ဝင်မှုပင် ဖြစ်သည်။

တပေါင်းလ၏ လပြည့်ညသည် မြူတိမ်များကင်းစင်နေသဖြင့် လမင်းကြီးမှာ ထိန်ထိန်သာနေသည်။ အင်းတော်ကြီးရေပြင်ကျယ်ကြီးမှာ လရောင်အောက်တွင် ငွေရောင်တောက်ပနေသည်။ အင်းရေပြင်ကျယ်ကြီးကိုဖြတ်သန်းတိုက်ခတ်လာသည့် လေတဖြူးဖြူးကြောင့် လှိုင်းတွန့်ကလေးများ တဖျပ်ဖျပ်လှုပ်နေသည်။ အင်းရေပြင်တွင် ပုံဒေါင်း စက်လှေများ ဟိုမှသည်မှ လှုပ်လာခေါက်တုံ့သွားလာနေကြသည်မှာ စင်ရော်ငှက်ကလေးများ ပျံသန်းနေသည်နှင့် တူလှပေတော့သည်။ ဘုရားပွဲတော်တွင်



ဘုရားဖူးများ ပျားပန်းခပ်နေသည်။ ကုန်းမြေမှ စေတီတော်ရင်ပြင်ပေါ်သို့ နတ်လမ်းအတိုင်း ဘုရားဖူးသွားကြရသည်။ ဘုရားဖူးပြည်သူ ဗုဒ္ဓဘာသာဝင် သူတော်စင်များ နယ်မြေအေးချမ်းသာယာမှု၏ အရသာကို လက်တွေ့တဝကြီးခံစားနေကြရသည်။

အင်းတော်ကြီးဒေသ၏ ထူးခြားမှုတစ်ခုမှာ ဆင်ဖြူတော်များ မွေးဖွားပေးရာဒေသတစ်ခုပင်ဖြစ်သည်။ ၁၇–၃–၁၉၅၈ ခုနှစ်တွင် ဆင်ဖြူတော်မကို မွေးဖွားခဲ့သည်။ မြန်မာသက္ကရာဇ် ၁၃၅၁ ခုနှစ်တွင်လည်း ဆင်ဖြူတော်တစ်စီးမွေးဖွားပေးခဲ့ဖူးသည်။ ရှေးယခင်က ဆင်များကျက်စားရာ၊ ဆင်ဖြူတော်များမွေးဖွားရာဒေသဖြစ်ခဲ့သည်။

အင်းတော်ကြီးဝန်းကျင်ဒေသတွင် ညီညာပြန့်ပြူးနေသည့် မြေယာများ၊ မြေလွတ်မြေရိုင်းများနှင့် လယ်ကွက်များကိုတွေ့ရ၏။ အချို့လယ်ကွက်များမှာ လယ်တောများပင်ဖြစ်နေပေပြီ။ ကန်သင်းများပင် ကျန်ရှိနေသေးသည်။ အင်းတော်ကြီးရေပြင်မြင့်တက် ကျယ်ပြန့်လာသောကြောင့် လယ်ကွက်များပျက်သည်ဟု ဆိုကြသည်။ အချို့ကလည်း ဆူလွယ် နပ်လွယ် ရွှေကျင်ကျောက်တူး စသည့်လုပ်ငန်းများရှိကြသဖြင့် လယ်ယာများကို စွန့်လွှတ်သွားကြသည်ဟု ဆိုသည်။ မည်သို့ပင်ဖြစ်စေ ညီညာပြန့်ပြူးကျယ်ဝန်းပြီး မြေဩဇာထက်သန်သည့် အင်းတော်ကြီးဒေသတွင် မူလရှိရင်းစွဲလယ်ယာဟောင်းများကိုလည်း ထိန်းသိမ်းကြရပေမည်။ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများကိုလည်း တိုးချဲ့ခုတ်ထွင် စိုက်ပျိုးကြရပေမည်။ အင်းတော်ကြီးဒေသတွင် မြေယာများကလည်းပေါများသည်။ ရာသီဥတုကလည်းမျှတသည်။ အင်းရေပြင်ကျယ်ကြီးကိုလည်း ရေလိုသည့်အခါ အချိန်မရွေးအသုံးပြုနိုင်သည်။

မြန်မာနိုင်ငံတွင် မိုးစပါး၊ နွေစပါး၊ တစ်မိုးနှစ်သီး၊ ရေနက်စပါး၊ စပါးငါး စသည်ဖြင့် တိုးချဲ့စိုက်ပျိုးလျက်ရှိသည်။ ထိုအပြင် ရေလွှမ်းသည့်

အောက်မြန်မာနိုင်ငံဒေသများမှာပင် ရေနက်ကွင်း၊ ရေကြီးတွင်းများကို စိုက်ပျိုးမြေများအဖြစ် ဖော်ထုတ်လျက်ရှိသည်။

အင်းတော်ကြီးဒေသတွင် မြန်မာနိုင်ငံအခြားဒေသများနည်းတူ တိုးတက်ဖြစ်ထွန်းစေလိုသည်။ ရေနုတ်မြောင်း၊ ရေသွင်းမြောင်း၊ ရေစုပ်စက်ကြီးများဖြင့် သီးညှပ်သီးထပ်များ စိုက်ပျိုးဖြစ်ထွန်းစေလိုသည်။ သဘာဝရေအရင်းအမြစ်များကလည်း အလျှံပယ်နေသည်။ ရေမြေ၊ ရာသီဥတုကလည်း ဘက်စုံအခြေအနေပေးနေသည်။

အင်းတော်ကြီးဒေသတွင် စိုက်ပျိုးမြေများကို တိုးချဲ့လုပ်ကိုင်ပါက အင်းတော်ကြီးဒေသတွင်သာမက နိုင်ငံတော်အတွက်ပါ အကျိုးဖြစ်ထွန်းနိုင်သည်။ ညီညာကျယ်ဝန်းသည့် အင်းတော်ကြီးလွင်ပြင်ကြီးကို ကြည့်၍ စိတ်အစဉ်တွင် ပုံရိပ်ထင်ကျန်ရစ်ခဲ့လေသည်။

တစ်ချိန်က နယ်မြေအေးချမ်းသာယာမှု မရှိခဲ့ပါဟုပြောကြသည်။ အခုတော့သူတို့ပြောစကား ဒဏ္ဍာရီပုံပြင်အလား ထင်မှတ်မှားစရာပင်။ နယ်မြေအေးချမ်းသဖြင့် ဘုရားဖူးအပြန်ခရီးကို ညချမ်းအချိန်မှာ စတင်ခဲ့ကြသည်။ နန့်မွန်းတောင်ထိပ်မှ လှမ်းမျှော်၍သမင်လည်ပြန်ကြည့်မိသည်။ ငွေသင်ဖြူးခင်းထားသည့် အင်းရေပြင်ကျယ်တွင် လျှပ်စစ်မီးများနှင့် ထိန်ထိန်ညီးနေသည့် သမိုင်းဝင်ရွှေမဥ္ဇူစေတီတော်ကို အဝေးမှတဖန် ဖူးမျှော်ရပြန်သည်မှာ ကြည်နူးစရာပင်၊ အင်းတော်ကြီးဒေသသို့ နောက်တစ်ကြိမ်ပြန်လည်ရောက်ရှိနိုင်ပါရန် ရွှေမဥ္ဇူဘုရားတွင် ဆုတောင်းခဲ့သည်။ အပြန်ခရီးတွင်ဟိုပင်သို့မရောက်၊ နယ်မြေဒေသကလည်းအေးချမ်း၊ ခရီးလမ်းဆက်သွယ်ရေးကလည်း လုံခြုံချောမွေ့၊ ရာသီဥတုကလည်းသာယာ၊ ညအခါ လသာသာတွင်ဘုရားဖူးသွားလာ အတက်အဆင်းကားများကို ရှောင်ကွင်းယင်း ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီးအတိုင်း အပြန်ခရီးဆက်ခဲ့ပါတော့သည်။

## ကျောက်စာများက ပြောသည့်အလှူရှင်များ
## မြတောင်မြို့ ဖောင်တော်ဦးစေတီတော်

မြတောင်မြို့ဟောင်းကား ကသာခရိုင်အတွင်း ရှေးအကျဆုံး မြို့ဟောင်းတစ်မြို့ဖြစ်သည်။ တကောင်းမြို့ဟောင်းနှင့် နယ်မြေချင်းဆက်စပ်လျက်ရှိသည်။ မြတောင်မြို့ကို သက္ကရာဇ် ၁၀၂-ခုနှစ်၊ မိုးညှင်းမြို့စား စတင်တည်ထောင်ခဲ့သည်။ ဇမ္ဗူဒီပဥဆောင်းကျမ်း၌ ဆိုသည်၊ မြတောင်မြို့ကို အနော်ရထာမင်းလက်ထက် ကင်းမြို့ (၄၃) မြို့တည်ရာတွင် မြို့တစ်မြို့အဖြစ် ဒုတိယအကြိမ်ထပ်မံတည်ဆောက်ခဲ့သည်။ မြတောင်မြို့သည် မြို့စား စဉ်ဆက်အုပ်ချုပ်ခဲ့သည့် မြို့ဟောင်းမြို့ဖြစ်သည်။

အလောင်းစည်သူမင်းကြီးသည် သက္ကရာဇ် ၄၆၀ ပြည့်နှစ်၊ ကဆုန်လဆန်း (၂) ရက် စနေနေ့တွင် လားဟူကို မြတောင်အမည်ပြောင်းသည်။ မြရောင်လွှမ်းသည့် တောင်ခြေ၌ရှိသဖြင့် မြတောင်ဟု အမည်တွင်ခဲ့သည်။ နယ်မြေပိုင်းခြားသတ်မှတ်ပေးတော်မူသည်-

| | | |
|---|---|---|
| (၁) | အရှေ့အလား | - ကမ်းသီတာကြီး၊ ကမ်းသီတာငယ်၊ ကမ်းသီတာချောင်းနုတ်ထိပ်၊ကျွန်းပင်ပျိုကြီး၊ လောင်းတော်ဦး၊ လောင်းတော်ပုံအထိ။ |
| (၂) | အရှေ့တောင်အလား | - စစ်မက်တောင်တန်းအထိ။ |
| (၃) | တောင်အလား | - တကောင်းတောင်တော်ခြေရင်းအထိ။ |

(၄) အနောက်တောင် အလား – ကြက်တူရွေးကျွန်း၊ ရွာသစ်၊ ထန်းတစ်ပင်၊ ငစဉ်ကိုင်၊ ကန်တွင်းအထိ။
(၅) အနောက်အလား – ရွှေစင်ချောင်းစီးလဲရေကျ။
(၆) အနောက်မြောက် အလား – ဖအိုင်းတောင်၊ မင်းဝံတောင်ရိုးအထိ။
(၇) မြောက်အလား – ကူမွေးတောင်၊ နတ်ဆုံတောင်အထိ။
(၈) အရှေ့မြောက်အလား – ကျောက်ပုံချောင်း၊ စကားများချောင်း၊ မြင်ဝါးခင်ကိုးတောင်ပို့ကုန်းတန်း၊ ငါးအိုးဆိပ်ကမ်း၊ ဘုရားသုံးဆူအထိ။

မြတောင်နယ်အဝန်းကား ၂၃ ယူဇနာ၊ ၃ ဂါဝုတ်၊ ဥသဘ ၃၅ ရှိသည်။

ဘိုးတော်ဘုရားလက်ထက်တွင် သမီးတော် သိရိသုတရတနာစန္ဒာဒေဝီအား မြတောင်မြို့စား ခန့်အပ်တော်မူသည်။ စန္ဒာဒေဝီမင်းသမီးလက်ထက် မြတောင်နယ်မြေသည် အလွန်ကျဉ်းမြောင်းလှပါကြောင်း မြေပုံနှင့်တကွ ဘိုးတော်ဘုရားထံ လျှောက်ထားကြသည်။ ထိုအခါ မဲဇာမြစ်အထက်ပိုင်းကို အပိုင်စားရသော ခေါင်းတုံးစော်ဘွားအား ခေါ်တော်မူ၍ မဲဇာမြစ်အလယ်ပိုင်းကို သမီးတော်အားလက်ဖွဲ့ရန် ဘိုးတော်ဘုရားမိန့်တော်မူသည်။ ခေါင်းတုံးစော်ဘွားကလည်း ဝမ်းမြောက်ဝမ်းသာစွာဖြင့် မဲဇာ မြစ်အလယ်ပိုင်းကို ခုနစ်ရွာဖွဲ့၍ သမီးတော်မြတောင်စားအား လက်ဖွဲ့သည်။

မဲဇာခုနစ်ရွာကား တံခွန်တိုင်၊ နွယ်ချို၊ ကွမ်းချောင်း၊ ခွန်နန်း၊ အောင်သာကုန်း၊ တဲကြီးကုန်း၊ ကျောင်းကုန်းရွာများဖြစ်သည်။ ထိုအခါမှစ၍ မဲဇာခုနစ်ရွာနယ်မြေသည် အင်္ဂလိပ်အစိုးရလက်ထက်တိုင် မြတောင်နယ်ဖြစ်



ခဲ့သည်။

သာယာဝတီမင်းကြီးလက်ထက်တွင် မြတောင်မြို့စာရေး၊ သူကြီးတို့နှင့် မိုးမိတ်မြို့အမတ်၊ စစ်ကဲ၊ မြို့စာရေးတို့ကို ရှေ့တော်သို့ ခေါ်၍ နယ်မြေ အမိန့်တော်သတ်မှတ်တော်မူသည်။

"မိုးမိတ်မြို့နှင့် မြတောင်နယ်မြေမှာ လောင်းတော်ဦး၊ လောင်းတော်ပဲ့ဘုရားက ရွှေလီချောင်းအလယ်ကြောကို လျှောက်၍ ချောင်းကောက်ကောက်စင်းစင်းရေဝတီထိဆီးသွေးသား မှတ်တော်မူသည့်အတိုင်း မိုးမိတ်မြို့နယ်ဖြစ်စေ၊ မိုးမိတ်မြို့နယ်သို့ပါသည့်အချင်းဖြစ် ကျေးရွာနယ်မြေက အခွန်ကွမ်းဘိုးတို့ကို မြတောင်က အနားခံစေ၊ သက္ကရာဇ် ၁၂၀၆ ခု၊ တပို့တွဲလဆန်း ၁၃ ရက်ဘုရား အမိန့် တော်"

မိုးမိတ်ရာဇဝင်တော်ကြီးတွင် –

"စပ်ခံဆောင်းမင်းကား ပါကလားတစ်ဆယ့်နှစ်ပြင်၌ မျက်စီးယို ယွင်းလျက်ရှိသော ဆည်မြောင်းကန်ချောင်းတို့ကို ထပ်မံပြုပြင်ခြင်းနှင့် မိုင်းတိုင်းမြို့မှ ယခုမြတောင်ဟုခေါ်သော လားဟူသို့သွားရာလမ်းခရီးတို့ ကိုအသစ်စီမံပြုလုပ်ခြင်းအားဖြင့် လူသူစည်ကားချမ်းသာစေလေသည်။"

(ပါကလားမှာ ပါကွမ်လားဟူသော ရှမ်းဘာသာစကားမှဖြစ်လာသည်။ ပါ–မှာအပြင်++ကွမ်–မှာ=အကျယ်+လာ–မှာ အရှည်အလျားကို ဆိုလိုသည်။ ရှည်လျားကျယ်ပြန့်သော လွင်ပြင်ကြီးဟုဆိုလိုသည်။ လားဟူကား အပေါက်အရှည်ကြီး ဖြစ်သည်=တောင်ကြားကြီးဟုဆိုလိုသည်။)

မင်းတုန်းမင်းနှင့်ကနောင်မင်းသားတို့က ပုဂံမင်းကိုနန်းချ၍ ရွှေဘိုမြို့မှ စစ်ခင်းရာ ပန်းပဲမြို့ဝန်ဦးမှိုသည် မင်းတုန်းမင်း

ညီနောင်တို့ဘက်မှပါဝင်ခဲ့သည်။ မင်းတုန်းမင်းဘုရင် ဖြစ်လာသောအခါ စွမ်းစွမ်းတမံအမှုတော်ထမ်းရွက်ခဲ့သူ ဦးမှိုအား အဂ္ဂမဟာသေနာပတိဝန်ကြီး ခန့်အပ်တော်မူ၏။ သေနာပတိဝန်ကြီးအရာထား၍ မြတောင်မြို့ကိုလည်း စားစေသဖြင့် မြတောင်မြို့စားသေနာပတိဝန်ကြီး မဟာမင်းလှကျော်သူဟု ထင်ရှားသည်။

သက္ကရာဇ် ၁၂၂၈–ခုနှစ် ပန်းတိမ်အရေးတော်ပုံတွင် စစ်ကိုင်းစစ်ကြောင်းမှ လိုက်ပါလျက်အမှုတော်ကိုစွန့်စွန့်စားစားထမ်းရွက်ခဲ့သည်။ ထို့ကြောင့် မြတောင်ဝန်ကြီးအားမဟာသီရိဇေယျနှင့်အပြင် မင်းကြီးမဟာနော်ရထာရွှေဘွဲ့တော်နှင့်အညာမြစ်စဉ်ရာထူးကိုပါ ချီးမြှင့်ခြင်းခံရလေသည်။ အညာမြစ်စဉ်မှာ ကသာ၊ မြတောင်၊ ချွန်းတောင်၊ တကောင်း၊ ဟင်္ဂမော်၊ ကြံညှပ်မြို့များဖြစ်သည်။

သက္ကရာဇ် ၁၂၂၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော်(၁၃)တွင် မင်းတုန်းမင်းတရားကြီးက လွှတ်တော်ဝန်မင်းဆုံးဖြတ်စေပြီး မြတောင်နှင့်မိုးမိတ်နယ်မြေကိုစစ်ဆေးသတ်မှတ်စေခဲ့သည်–

"မိုးမိတ်နှင့်မြတောင်နယ်မြေမှာလောင်းတော်ဦး၊ လောင်းတော်ပဲ့ဘုရားကသည် မိုးမိတ်စီရင်စု၊ ဝက်တူးငါးရပ်နယ်မြေ ကျေးရွာများကိုချန်လှပ်၍ ရွှေလီချောင်းအလယ်ကြောကောက်ကောက်စင်းစင်း ဧရာဝတီထိဆီးသွေးသား သတ်မှတ်တော်မူသည့်အတိုင်း တောင်ဘက်ကို မြတောင်နယ်မြေ၊ မြောက်ဘက်ကို မိုးမိတ်နယ်မြေဖြစ်စေဟူ၍ နာခံတော်နေမျိုးနော်ရထာပြန် အမိန့်တော်....."။

ငါးရပ်နယ်မြေဆိုသည်မှာ မျဉ်းလေးပင်၊ ဝက်တူး၊ နေပူရွာ၊ ဒေါင့်ကြီးရွာ၊ သံပုရာရွာတို့ဖြစ်သည်။ ထိုငါးရွာကို အုပ်ချုပ်သူသည် ကောက်ခံရရှိသော အခွန်အတုတ်များကို မြတောင်မြို့စားမင်းထံပို့ရသည်။

မြတောင်မြို့သူကြီးသည် နှစ်စဉ်ပြည့်ရှင်မင်းထံ ကျေးဇူးသစ္စာတော်



စောင့်သိသောအနေဖြင့် ဖျဉ်တစ်စုံနှင့်ငါးကျပ်သားခုတ်ငွေဖလားတစ်လုံး လက်ဆောင်ဆက်ရသည်။အိမ်ရှေ့မင်းထံလည်းအလားတူပင် ဖျဉ်တဘက်နှင့် နှစ်ကျပ်သားခုတ်ငွေဖလားတစ်လုံး လက်ဆောင်ဆက်ရသည်။

မြတောင်မြို့သည် မြန်မာနိုင်ငံ၏ နောက်ဆုံးသရဖူဖြစ်သော သီပေါမင်းတရား၏မိဖုရားစုဖုရားလတ် အပိုင်စားရသောမြို့ဖြစ်သည်။ မြတောင်မင်းသမီးစုဖုရားလတ်သည် မန္တလေးတောင် မြောက်ဘက်၊ အရှေ့ပြင်မဟာဝိသုဒ္ဓါရာမတိုက်အတွင်း ကျောင်းတစ်ဆောင်ဆောက်လုပ်လှူဒါန်းခဲ့ရာ ထိုကျောင်းကိုမြတောင်ကျောင်းဟု ခေါ်တွင်စေသည်။

စုဖုရားလတ် လက်ထက်မြတောင်ဝန်မင်းကား မင်းထင်ရာဇသမန္တစည်သူဘွဲ့ရ(ဦးဖေ)ဖြစ်လေသည်။ မြတောင်ဝန်မင်းဦးဖေကား မြတောင်မြို့ကို အစဉ်မပျက်အုပ်ချုပ်လာသော မြတောင်မြို့သူကြီးအမျိုးအနွယ်မှ ဖြစ်လေသည်။

## မြတောင်ရွာဖောင်တော်ဦးစေတီတော်

အနော်ရထာမင်းကြီးသည် သက္ကရာဇ် ၃၇၉ ခုနှစ်တွင် နန်းတက်တော်မူ၍ နန်းသက်(၁၆)နှစ်မြောက် သက္ကရာဇ် ၃၉၅ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက် သောကြာနေ့၌ ကမ္ဘောဇတိုင်းနှင့်တမ္ပဒီပတိုင်းနှစ်ထက်စပ်ကြားကင်းမြို့ ၄၃ မြို့ကို တစ်ပြိုင်နက်တစ်ချက်တည်း တည်ထောင်ပြုစုတော်မူခဲ့ရာ မြတောင်သည်လည်း မြို့တစ်မြို့အပါအဝင်ဖြစ်သည်။

ထို့နောက်ထီးလှိုင်ကျန်စစ်သားမင်းကြီး၏မြေးတော်အလောင်းစည်သူမင်းကြီးသည် သက္ကရာဇ် ၄၅၀–အဝင်ပေါက္ကံမြို့နန်းစံခွင်ဝယ် ဆယ်ပါးသောမင်းကျင့်တရားတို့နှင့် မမှားအောင်နေပြီးမှ သက္ကရာဇ် ၄၆၀ ပြည့်နှစ်၊ ကဆုန်လဆန်း ၂ ရက် စနေနေ့ ၂ ချက်တီးအချိန်တွင် အလောင်းစည်သူမင်းကြီးသည်မြတောင်မြို့ဟု မချိုသောသြဘာနှင့် ထောပနာပြုပြီး သာသနာမှုကိစ္စနှင့် ဂန္ဓမာလနဂရာအပြန်တွင် မြတောင်မြို့ပြည်ခွင်တွင် စံဝင်ရပ်ဆိုင်းတော်မူပြီးလျှင် သက္ကရာဇ် ၅၀၇ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်စနေနေ့အရောက်တွင် စစ်သည်တော်ဗိုလ်ခြေဆင်၍ တက်ရောက်လျှင် အုတ်တစ်ချပ်ကျနှင့် တည်သကိုးကွယ်တော်မူပြီးမှ ဖောင်စကြာနာဝါစုံမျှောမည်ကြံရာတွင် ဖောင်ကော်ရှင်မမျှောသောကြောင့် ဖောင်တော်ဦးတွင် အထူးကိုးကွယ်တော်မူသောဖောင်တော်ဦးရုပ်ပွားတော် ကို စေတီတော်မြတ်ရှေ့တွင် အုတ်ဂူတည်တော်မူ၍ ပူဇော်ပင့်ဆောင်ခဲ့ရသောကြောင့် စေတီတော်မြတ်ဘုရားအားလည်း ဖောင်တော်ဦးအမည်သား၍



ခေါ်ဝေါ်ပြောပညတ် သမုတ်အပ်လေသည်။

သက္ကရာဇ် ၉၀၈ ခုနှစ် ပထမမင်းခေါင်ကြီးအရောက် မြတောင်ပြည်ခွင်၌ စံနန်းတော်တည်ထွင်၍ စေတီရှင်ဖောင်တော်ဦးကို ကြည်နူးစေတနာ ၁၂ ရက်နှင့်ပြီးမြောက်ပါသည်၊ ကိုယ်တော်တိုင်ပါ ချီးမြှောက်ပြင်ဆင်တော်မူလေသည်။

သက္ကရာဇ် ၁၁၁၅ ခုနှစ် ရတနာသိင်္ယကုန်းဘောင်ဟုဆိုအပ်သော ရွှေဘိုမြို့တည် နန်းတည်အလောင်းမင်းရားကြီးဘုရား ဦးအောင်ဇေယျသည် ၎င်း ၁၁၁၅ ခုနှစ် အဝမြို့ကို အောင်တော်မူပြီးနောက် မြစ်ညာသို့ နယ်ပယ်သိမ်းကြုံးစုရုံးနှိမ်နင်းတော်မူရန် ဖောင်တော်နှင့်ဆန်ခဲ့၍ မိုးကောင်း၊ မိုးညှင်း၊ ဗရင်းတွင်းကအပြန် မြတောင်မြို့ နဂရုံတွင် စံဝင်တော်မူပြီးမှ ဖောင်တော်ဦးမြတ်ဘုရား ပျက်ပြားယိုယွင်းလျက်ရှိသည်ကို ရဲမက်တော်လူဗိုလ်တို့ အုတ်ချပ်ရေ (၁၀၀၀၀၀) တစ်သိန်းကို မယိမ်းအောင်စာရင်းဂရိုနှင့် တင်ပို့တော်မူပြီးလျှင် စေတီရှင်ဓာတ်မြတ်စဉ်ကို ပြင်ဆင်တော်မူရန် တဝ၊ ဇရပ်ကြီးဆောက်လုပ်ရန်တစ်ဌာန၊ ဖိုးလက်ခစရိတ်ငွေတို့ကို မြတောင်မြို့နေသူကြီးအားပေးသနားတော်မူပြီးမှ ဇရပ်ကြီးဘုရားရှေ့တွင် တည်ထွင်ကာဆောက်လုပ်လှူဒါန်းခဲ့လေသည်။

ဘိုးတော်ဘုရားလက်ထက် သမီးတော်သီရိရတနာဒေဝီမင်းသမီးကို မြို့နယ်ပယ်နှင့်တကွ မြို့စားပေးသနားတော်မူ၍ ၎င်းဖောင်တော်ဦးမြတ်စွာဘုရားကို မြတောင်မြို့သူကြီးဝဏ္ဏသမန္တစည်သူ၊ ၎င်း၏အစ်ကိုအစ်အရင်မောင်ဖျော်တို့ကို ဆင့်ဆိုစေခိုင်းတော်မူ၍ ၎င်းမြို့၌သီတင်းသုံးနေထိုင်တော်မူကြကုန်သော ဆရာတော်မထေရ်ကြီးတို့နှင့်တကွ ပြုပြင်သည်။ သက္ကရာဇ် ၁၁၅၅ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်၊ ကြာသပတေးနေ့ စေတီတော်ပတ်လည် ခြိမ်းခြိမ်းညိုးညံ အသံထွေပြားလှုပ်ရှားလေသည်။ ဒုတိယပစ္စယံသို့ ရောက်သောအခါ ရွှေဆင်းတု၊ ငွေဆင်းတု၊

ကြေးဆင်းတုတစ်ဆူ၊ မြေဆင်းတုခုနစ်ဆူ၊ သားရိုးဆင်းတု ၃၂၇ ဆူ ရလေသည်။ သက္ကရာဇ် ၁၁၅၅ ခု တပေါင်းလဆန်း ၈ ရက်နေ့ တနင်္လာနေ့သည စေတီတော်ထီးမှ တန်ခိုးပြတော်မူသည်။ ထိုစေတီတော်အား အသစ်တိုးပွားရှဲငွေသားဆင်းတု ၃၆၊ သားရိုးဆင်းတု ၃၀၊ နှစ်ရပ်ပေါင်း ၄၃၈ ဆူ တို့ကို ဌာပနာတိုက်ခန်း အဆန်းတကျယ်တင့်တယ်စွာ စီမံခင်းကျင်း ပြုစုဖန်ဆင်းဖွဲ့စိုက်၍ အုပ်ချုပ်ရေ ၁၁၅၀၀၀၊ ပန်းရံလက်ခငွေ ၁၇၀ ကို ပေးသနားတော်မူ၍ တည်ထားကိုးကွယ်တော်မူပြီးမှ ရွှေသားသင်္ကန်း တို့ဖြင့် မွမ်းမံချယ်လျက်ဆက်ကပ်လှူဒါန်းတော်မူလေသည်။

သက္ကရာဇ် ၁၂၄၂ ခုနှစ် မြတောင်မြို့ ခြောက်မြို့ဝန်မင်းထင်ရာဇသမန္တစည်သူကို အစအဦးအကြီးအမှူးပြု၍ ၎င်းမြတောင်မြို့ပြာသာဒ် ကျောင်းတော်ကြီး၌ သီတင်းသုံးနေတော်မူသော ဆရာတော်သံဃာတော် တို့နှင့်တကွကြီးကြပ်ပြုပြင်၍ ရွှေထီးအသစ်ကိုထပ်မံတင်လှူတော်မူပြန် လေသည်။

သက္ကရာဇ် ၁၂၄၃ ခု၊ ကဆုန်လတိုင်းရောက်လျှင် လေပြင်းမုန်တိုင်း သည်းထန်စွာလာပြန်သဖြင့် ရတနာရွှေထီးရှုမငြိးသည့် ချရားသီးနှင့်တကွ မြေသို့ကျလေသည်။ ထို့နောက် ၁၂၄၄ ခုနှစ်ရောက်သောအခါ မြတောင် မြို့ထိန်းမင်း ဦးစီ၊ ဇနီးဒေါ်ချို သားသမီးတစ်စုတို့ကအသစ်တစ်ဖန်ထပ်မံ ပူဇော်၍ ရွှေထီးတင်လှူတော်မူပြီးနောက် ၁၂၄၅ ခုနှစ်ရောက်လျှင် မြတောင်မြို့ထိန်းမင်းဦးစီ၊ မြို့ထိန်းကတော်ဒေါ်ချို၊ သားမောင်ကံ၊ သမီးမယ်ငွေတို့က ရွှေဆိုင်း ၃၃၈၇ ဆိုင်း၊ အဖိုးသင့်ငွေ ၆၇၇၄/- သစ်စေးချိန်သား ၁၇၀၊ အဘိုးသင့် ၁၀၉/-ဟင်္သပြဒါးချိန်သား (၅၆) အဘိုးသင့်ငွေ ၆၀/-ရွှေချလက်ခ ၈၄၅ အစုစုအရပ်ရပ်တန်ဖိုးသော ငွေပေါင်း ၇၇၈၈/-အမှတ်အသား ဇယားထား၍ ဖောင်တော်ဦးမြတ်စွာ ဘုရားအား သင်္ကန်းအပြည့် ဖိနပ်တော်အထိမွမ်းမံလှူဒါန်းဆက်ကပ်ပူဇော် တော်မူသည်။



၁၂၄၆ ခုနှစ်မြန်မာနိုင်ငံတော်ကို စိုးပိုင်သသော၊ ဇကရိဘုရင်မ လက်ထက်တိုင်ရောက်သောအခါ ၁၂၆၅ ခုနှစ်တွင် ရှောပနိဝန်မင်းကြီး အမိန့်အရ ရှေးမင်းတို့အဆက်ဆက် အစဉ်မပျက်လှူဒါန်းပြင်ဆင်ပွဲသဘင် ပြုလုပ်သည်ကို စေ့စုံစီစစ်မေးမြန်းပြဋ္ဌာန်းပြီးလျှင် မြတောင်မြို့ဖောင်တော် ဦးစေတီ တည်ရာတောင်တော်ပတ်လည်ဝန်းကျင်ကို သုတ်သင်ရှင်းလင်း ရန်နှင့် စေတီတော်မြတ်လစ်လပ်သည့်အရာများကိုပြုပြင်ရန် ရည်သန်ပြီး လျှင်တစ်နှစ်အတွက်(၆၀/-)သောငွေများကို ဘဏ်တိုက်တော်က ထုတ်ပေးရာ နှစ်စဉ်ရရှိသည့်တစ်ရပ်၊ ထို့နောက်သက္ကရာဇ် ၁၂၆၈ ခုနှစ် ပတ္တမြား ဒိစတြိတ်သပိတ်ကျင်းမြို့ရုံးတော်ပိုင် ဝန်ထောက်တော်မင်း ဦးတိုးသား လက်ထက် ၎င်းဖောင်တော်ဦးစေတီတော်အား ဝတ္ထာကံမြေ များကိုပိုင်းခြား သတ်မှတ်သည်မှာ အရှေ့အလား လောင်းကတော့တောင် ခြေရင်း၊ တောင် အလား ကြို့ကုန်းလှည်းလမ်းအင်းတိုင်အထိ၊ အနောက် အလား တံတား ချောင်းစီလဲရေကျဇရာဝတီမြစ်ကမ်းအထိ၊ မြောက်အလား ထုံးကောက် ကောက်စင်းစင်းမြိုင်ကြီးအထိ နယ်မြေ ၄ ရပ်သားကန့် ပိုင်းခြားသတ်မှတ် ပြီးလျှင် ဇကရိဘုရင်မထံအရောက် ပါလီမန်အရောက် ရုံးတော်သို့ဆောင် ဆက်သသည်တစ်ရပ်။

ထို့နောက်ဂိုဏ်းအုပ်ဆရာတော်ဘုရားကြီးများကို အမှူးထား၍ ဒါယကာ၊ ဒါယိကာမအပေါင်းသူတော်ကောင်းတို့က ထပ်လောင်းပြင်ဆင် စေတနာရှင်နှင့်ပြုပြင်အားထုတ်ကြသဖြင့် စေတီတော်မြတ်၏ ထီးတော် ဟောင်းနွမ်းသည်ကိုထပ်မံရွှေချပြီး ရွှေထီးတင်လှူပူဇော်ကြသည်။

ဤသို့သော အချင်းအရာအစဉ်အလာအားဖြင့် မင်္ဂလာသဗ္ဗူ ဂုဏ်အပေါင်းစုသော သုံးလူ့မြတ် ဖောင်တော်ဦးစေတီဘဂဝါကို မင်းတကာ အဆက်ဆက်တို့မှစ၍ မပျက်စဉ်လာ ပြင်ဆင်လှူဒါန်းလျက် ရှိပါသည်။ ဖောင်တော်ဦးစေတီတော်ကား မြတောင်မြို့ဦး ဖောင်တော်ဦး ဆောင်ပေါ်တွင် ကြည်ညိုစဖွယ်တင့်တယ်စွာ သပ္ပာယ်စွာ တည်ရှိပါတော့သည်။

## မြတောင်မြို့ မဟာသုတဘောဂသူဌေးမင်း ဦးစိ

မြတောင်မြို့ဖောင်တော်ဦးစေတီတော်၏ ရင်ပြင်၌ကျောက်စာနှစ်ချပ်စိုက်ထူလျက်ရှိရာ အရှေ့ဘက်ကျောက်စာကားဘုရားဒါယကာကြီးသူဌေးမင်းဦးစိ၏ ကုသိုလ်တော်ကျောက်စာဖြစ်ပါသည်။ ထိုကျောက်စာပါအရ

မြတောင်မြို့ ရပ်ဌာနတွင် ပဥ္စင်္ဂအင်္ဂါ ကျင့်ဝတ်သီဘာဂကို ခါနိစ္စမရှေ့စာရိတ္တအလေ့ဖြင့် တစ်နေ့မပြတ် သူတော်မြတ်တို့ ကွပ်ညှပ်ဆုံးမ၊ ဩဝါဒသင်းကြူးချီရန့်မဉ္ဇူကို ခံယူကျင့်သုံး၍ နေလေ့ရှိပါသော၊ ဘုရားဒါယိကာဦးစီ၊ ဘုရားအစ်မဒေါ်ချို၊ သားမောင်ကာ၊ သမီးမငွေတို့သည် သံသရာဘေးဒုက္ခမှ လွတ်မြောက်ကြရန်၊ ရည်သန်သောသဒ္ဓါတရားဖြင့်မြတ်ဘုရားသာသနာတော်၌–

(၁) မြေစိုက်စေတီတော် – ၁ ဆူ
(၂) ရုပ်တော်မူ – ၃ ဆူ
(၃) တင်ပလ္လင်ခွေ – ၂ ဆူ
(၄) ရဟန်းတော် – ၁၀ ပါး
(၅) သာမဏေ – ၅ ပါး
(၆) တံတားကြီး – ၂ စင်း
(၇) သိမ်ပြာသာဒ် – ၁ ဆောင်
(၈) ဇရပ်ကြီး – ၃ ဆောင်



(၉) ကျောင်းကြီး – ၄ ဆောင်
(၁၀) မှန်စီရွှေချ တံခွန်တိုင် – ၂ ခု
(၁၁) ရေတွင်း – ၁ တွင်း
(၁၂) ဘုရားရွှေသင်္ကန်းကပ်ရန် – ၃၃၈၇ ဆိုင်း
ရွှေဆိုင်းဆုရေ
(၁၃) ကထိန်အတွက်ဒွိစုံဝရိတ်သင်္ကန်း – ၃၃၃ စုံ
(၁၄) အရုဏ်ခံပြာသာဒ် – ၁ ဆောင်
(၁၅) တိစီတိုက်သင်္ကန်း – ၁၅၆ စုံ
(၁၆) ကထိန်မှ တစ်ပါးသံဃိက – ၁၇၀
သင်္ကန်းပေါင်း
(၁၇) ဓမ္မကွန္တာရွှေစာအင်္ကျီပေါင်း – ၁၄၀၆ အင်္ကျီ
(၁၈) ကတ္တိပါသင်္ကန်း – ၁ ထည်
(၁၉) သတ္တာလပ်သင်္ကန်း – ၇ ထည်
(၂၀) ကြေးစည်ကြီး – ၂ လုံး
(၂၁) ရွှေပိန်းချသားရိုးကမ္ဗဝါ – ၇ ဆူ
(၂၂) ခေါင်းလောင်းကြီး – ၁ လုံး
(၂၃) သံသပိတ် – ၇ လုံး

အားလုံးကုန်ကျငွေပေါင်း နှစ်သောင်း၊ ခုနှစ်ထောင်၊ သုံးရာရှစ်ဆယ်၊ သုံးကျပ်တို့ကို နန်းအမတနိဗ္ဗာန်ကို ရည်သန်ပြဋ္ဌာန်း၍ လှူဒါန်းပူဇော်ခဲ့ကြောင်း သိရပါသည်။

## ထူးခြားပေသည် ကျောက်စေတီ

သုံးလောကထွတ်တင် သဗ္ဗညုမြတ်စွာဘုရားသခင်၏ သာသနာတော်ကြီးတည်တံ့ပြန့်ပွားထွန်းကားစေရေးကို အစဉ်အလေးထားဆောင်ရွက်တော်မူကြသော သာသနာ့အာဇာနည်ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များ၊ ပရိယတ်၊ ပဋိပတ်၊ တာဝန်ကိုစွမ်းနိုင်သမျှကြိုးပမ်းထမ်းဆောင်နေကြသောသာသနာ့နွယ်ဝင်သီလရှင်ဆရာကြီးများနှင့်သာသနာ့ဝန်ထမ်းများအား ဒါနစေတနာထက်သန်စွာဖြင့် အစဉ်လှူဒါန်းထောက်ပံ့နေကြသော ဒါယကာ၊ ဒါယိကာမများအား ပူဇော်ဂုဏ်ပြုချီးမြှင့်သော အားဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အမိန့်ကြော်ငြာစာအမှတ် (၂/၉၉) အရ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များဆပ်ကပ်လှူဒါန်းပူဇော်ရာ စစ်ကိုင်းတိုင်း၊ ထီးချိုင့်မြို့နယ် ကျောက်စေတီစာသင်တိုက်၏ ဦးစီးပဓာနနာယကဆရာတော် နိုင်ငံတော်ဩဝါဒရစရိယ ဘဒ္ဒန္တဝါယမသည် “အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ” ဘွဲ့တံဆိပ်တော်ဆပ်ကပ် လှူဒါန်း ပူဇော်ခြင်းခံခဲ့ရပါသည်။

ဂါမေဝါယဒိဝါရညေ၊ နိန္နေဝါယဒိဝါထလေ။
ယတ္တအရဟန္တေဝိဟရန္တိ၊ တံဘူမိရာမဏေယျကံ။

ဂါမေဝါ၊ ရွာ၌လည်းကောင်း၊ ယဒိ ထိုမှတပါး၊ အရညေဝါ တော၌လည်းကောင်း၊ နိန္နေဝါ နိမ့်ဝှမ်းသောအရပ်၌လည်းကောင်း၊ ယဒိ ထိုမှတပါး၊



ထလေဝါ ကြည်းကုန်း၌လည်းကောင်း၊ ယတ္တ အကြင်အရပ်၌ အရဟန္တေ ပူဇော်အထူးကို ခံယူတော်မူထိုက်သော ပုဂ္ဂိုလ်တို့သည် ဝိဟရန္တိ နေကုန်၏။

တံဘူမိ၊ သူတော်ကောင်းများနေရာထိုမြေအရပ်သည် ရာမဏေယျကံ၊ အလွန်တင့်တယ်မွေ့လျော်ဖွယ်ရှိ၏။

ဤဓမ္မပဒပါဠိတော်လာသည့်အတိုင်း သူတော်ကောင်းများသီတင်းသုံးစံနေတော်မူရာ အရပ်သည်ရွာဖြစ်စေ၊ တောဖြစ်စေ၊ နိမ့်သောအရပ်ဖြစ်စေ၊ မြင့်သောအရပ်ဖြစ်စေ၊ ပုဂ္ဂိုလ်ကိုစွဲမှီ၍ တင့်တယ်မွေ့လျော်ဖွယ်အသွင်ကို ဆောင်မြဲဖြစ်လေသည်။

ထီးချိုင့်မြို့ကျောက်စေတီတောင်တော်မြတ်သည် အဝေးမှလှမ်းမျှော်၍ ရှုသည်ပင်ဖြစ်စေ၊ တောင်ထိပ်မှပတ်ဝန်းကျင်ကို လှမ်းမျှော်၍ ရှုသည်ပင်ဖြစ်စေ၊အလွန်လှူချင်စဖွယ်တင့်တယ်သော တောင်ထူး တောင်မြတ် ဖြစ်လေသည်။

ဤတောင်တော်မြတ် ဤသို့ရှုချင်စဖွယ်တင့်တယ်သာယာခြင်းကား ရှေးအခါမှစ၍ သူတော်ကောင်းများကိန်းအောင်းမှီခိုရာ ဌာနဖြစ်သောကြောင့် ပါတည်း။

ကျောက်စေတီတောင်တော်မြတ်သည် မြန်မာနိုင်ငံမြေပုံအရ ကံ့ကော်တောင်တန်းကြီး၏အဆုံးသတ်ရာဌာနထူးဖြစ်ပါသည်။ ကံ့ကော်တောင်တန်းကြီးသည် ဆီးနှင်းတို့ဖြင့်မပြတ် ဖုံးလွှမ်းခြင်းကြောင့် ဟိမာလယ မည်သော ကမ္ဘာကျော်ဟိမဝန္တာတောင်ကြီးမှ တောင်ဘက်သို့ ဖြာထွက်လာသော ကူမွန်တောင်ကြီးရှိ၏။ ထိုကူမွန်တောင်တန်းကြီးသည် ကချင်ပြည်နယ်၊ မိုးကောင်းချောင်းနှင့် နမ့်ရင်းချောင်းတို့ အရောက်တွင်ငုပ်၍ထိုချောင်း ဖျားမှ လွန်လာသောအခါ ကံ့ကော်တောင်တန်းဟူသောအမည်ဖြင့်ပေါ်၍ တောင်ဘက်သို့ဆင်းလာရာ ထီးချိုင့်မြို့တည်ရာဌာနသို့တိုင်လေသည်။

ထီးချိုင့်ဌာနသို့ရောက်သောအခါ ရွှေကူတောင်၊ မင်္ဂလာရန်ကင်းတောင်၊ မြသိန်းတန်တောင်၊ ရန်ကင်းတောင်၊ ကျောက်စေတီတောင်ဟူ၍ တောင်ငယ်အများအခြံအရံဖြင့် အဆုံးသတ်ခဲ့လေသည်။ ထို့ကြောင့် ကျောက်စေတီတောင်သည် နောက်ခံတောင်အရံတို့ဖြင့် တင့်တယ်လှပေသည်။

ကျောက်စေတီကျောင်းတိုက်သည် မြို့၏ရာဟုထောင့်သေလာပဗ္ဗတအမည်ရသော ကျောက်တောင်ထိပ်ဦးတွင်တည်ရှိသဖြင့် အရပ်လေး မျက်နှာမှသဒ္ဓါကြည်နူးဖူးမြင်နိုင်ကြသည်။ မန္တလေးအောက်အရပ်ဌာနေ မှ ဧရာဝတီမြစ်ကြောင်းခရီးဖြင့် ဆန်တက်လာသောသင်္ဘော၊ မော်တော်၊ ပဲ့ဒေါင်နှင့် လှေသမ္ဗာန်ဟူသမျှတို့သည် ကျောက်စေတီတောင်တော်မြတ် ကို ဦးခိုက်ပြီးမှ ထီးချိုင့်မြို့ဆိပ်ကမ်းသို့ဆိုက်ကပ်ကြရ၏။ ညချမ်းအချိန်တွင် မြို့ဦးတောင်ထိပ်မှ မြသိန်းတန်စေတီတော်၊ မြို့လည်ကုန်းမြင့်ပေါ်မှ ရွှေစည်းခုံစေတီတော်၊ မြို့အနောက်မှ ကျောက်စေတီဘုရားတို့အား ပူဇော် ထားသော လျှပ်စစ်မီးရောင်စုံတို့၏အလင်းရှိန်ရောင်မှာ တစ်မြို့လုံးဝန်း ထိန်အောင် မီးမောင်းထိုးပြထားသကဲ့သို့ရှိနေကြ၏။

ထို့ကြောင့်ဖူးမြင်ရသူတို့၏ စိတ်နှလုံးတွင် ကြည်နူးမဆုံးဖြစ်ကြရ၏။ သဒ္ဓါဖြိုး၍စေတနာမိုးရွာခဲ့ကြ၏။ ဤကျောင်းတိုက်သည် ကျောင်းတောင်ထိပ်၌တည်ထားသဖြင့် ယခင်က စောင်းတန်းလှေကားများမရှိခဲ့ပေ၊ ရှေးယခင်သက်ကြီးရွယ်အိုများကျောင်းတစ်ခေါက်ရောက်ရန် ခက်ခဲလှသည်။ ယခုအခါ စောင်းတန်းလှေကားတောင်ပတ်ကားလမ်းများဖြင့် လေးပတ်လေးတန်မှ သွယ်ဆင့်၍ထားသဖြင့် အလွယ်တကူတက်ရောက်နိုင်ကြလေသည်။



ထိုကျောက်စေတီတောင်တော်၌ ဦးဝိစိတ္တစသော မထေရ်ကြီး များ သီတင်းသုံးတော်မူခဲ့ကြရာ ကောဇာသက္ကရာဇ် ၁၃၁၅ ခုနှစ်မှ စ၍ သီတင်းသုံးစံနေတော်မူသော မထေရ်သည်ကား ဆရာတော်ဦးဝါယမ ဖြစ်လေသည်။

ဆရာတော်လောင်းဦးဝါယမကို ခမည်းတော်ဦးအေး၊ မယ်တော် ဒေါ်အေးတို့မှ ၁၂၇၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၁ ရက် (၂၁-၁-၁၉၁၄) ဗုဒ္ဓဟူးနေ့နံနက် ၄-နာရီတွင် ထီးချိုင့်မြို့နယ် ဆားတွင်းရွာတွင် ဖွားမြင်သည်။(ဆားတွင်းရွာသည် ထီးချိုင့်-မဲဇာကားလမ်းပေါ်တွင်ရှိပြီး ထီးချိုင့်မှ ဖ မိုင်ကွာဝေးသည်)။ ၁၂၈၀ ခုနှစ်တွင် ဆားတွင်းဆရာတော် ဦးဝိမလကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ရောက်သည်။(ပရိယတ်၊ ပဋိပတ်စွယ်စုံ တတ်အောင်သင်ပေးခဲ့သော ဆရာတော်ဦးဝိမလ၏ငယ်ဆရာရင်းကား အခြားမဟုတ်၊ မန္တလေးနန်းတွင်းသူ၊ နန်းတွင်းသားများကို စာပေပို့ချပေးခဲ့သော သာသနာတွင်အလွန်ထင်ရှားသဖြင့် ချွန်းတောင်ဂိုဏ်း၊ မြတောင်ဂိုဏ်း၊ ထီးချိုင့်ဂိုဏ်း သုံးဂိုဏ်းအုပ်ချုပ်ရန် သာသနာပိုင်ဆရာတော်များ၏ ခန့်အပ်ခြင်းကိုခံရသော ဆားတွင်းကျောင်းတွင် ပျံလွန်တော်မူသည့် ဆရာတော်ကြီးဦးစန္ဒပင်ဖြစ်တော်မူလေသည်။) ၁၂၁၅ ခုနှစ်တန်ခူးလပြည့်ကျော် ၇ ရက် တနင်္ဂနွေနေ့ ထီးချိုင့်မြို့ ပေါက်ကုန်းတောင်ပေါ် ကျောင်းဂိုဏ်းချုပ် ဆရာတော်ဦးသောဘိတကို ဥပဇ္ဈာယ်ပြု၍ဆားတွင်းကျောင်း "ခဏ္ဍသိမ်"၌ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ရောက်ပါသည်။

၁၂၉၇ ခုနှစ်တွင် ထီးချိုင့်မြို့ကျောက်စေတီ ပရိယတ္တိစာသင်တိုက်ဆရာတော် ဦးဝဏ္ဏမထေရ်ထံတွင် သင်ရိုးကျမ်းစာများ ကုန်စင်အောင်သင်ကြားပြီး၊ ထိုမှတစ်ဆင့် မန္တလေးမြို့အနောက်ပြင်စတုဆိုက်၊

မဏိရတနာအုတ်ကျောင်းဆရာတော် ဦးဇဂရမထေရ်ထံ နိဿယည်းခံနေထိုင်လျက် စိနည်းငါးကျမ်း၊ အဘိဓမ္မာခုနှစ်ကျမ်း၊ သုတ်သုံးကျမ်းနှာသ/ ဋီကာကျော်၊ ရူပသိဒ္ဓိ၊ တခါစသော ကျမ်းများကို အဋ္ဌကထာဋီကာနှင့် တကွသယ်ယူခဲ့သည်။

စာလိုက်ခဲ့သောဆရာတော်များမှာ မန္တလေးမြို့ အနောက်ခင်မကန်တိုက် မိုးကားကျောင်းဆရာတော် ဦးပညာဘိဝံသ၊ တောင်သမန်တိုက်ရေလွှတ်ရန်ရှောင် အုတ်ကျောင်းဆရာတော် ဦးသီဟ၊ စတုတိုက်ရွှေဘိုကျောင်းဆရာတော် ဦးဇဂရ မိုးကောင်းတိုက် မော်လမြိုင်အုတ်ကျောင်းဆရာတော် ဦးအာသဘ၊ ချမ်းသာကြီးတောင်တိုက် ရတနာဘုံမြင့်ကျောင်းဆရာတော် ဦးနန္ဒမဉ္ဇူ၊ အနောက်ခင်မကန်ကျောင်းတိုက် အုတ်လှေကားကျောင်းဆရာတော် ဦးရာဇိန္ဒဗုဒ္ဓိ၊ ငွေချိုတိုက်မအူပင် အုတ်ကျောင်းဆရာတော် ဦးဇဂရဗုဒ္ဓိစသော ဆရာတော်များထံတွင် နေ့ဝါညဝါတို့ကို မပျက်မကွက် ဆက်လက်သင်ယူခဲ့သည်။

ဆရာတော်ဘုရားကြီးသည် ၁၃၁၄ ခုနှစ်မှစ၍ ၁၃၆၀ ပြည့်နှစ်တိုင်အောင် (၄၆) ကြိမ်တိုင် ထီးချိုင့်မြို့ကျောင်းစေတီပရိယတ္တိစာသင်တိုက်တွင် တပည့်ရဟန်းသာမဏေတို့အား မူလတန်း၊ အငယ်တန်း၊ အလယ်တန်း၊ အကြီးတန်းဆိုင်ရာ ပြဋ္ဌာန်းကျမ်းစာများနှင့် ပါဠိတော်၊ အဋ္ဌထကာ၊ ဋီကာကျမ်းများကို နေ့၊ ညမပြတ် သင်ကြားပို့ချပေးတော်မူခဲ့သည်။

**ဆရာတော်ဘုရားကြီးသည် "ဝိနေယေဠိကေသာသနံဠိတိ၊ ဝိနယောနာမသာနသသအာယု"ရှိသည့်အတိုင်း ဝိနည်းဒေသနာတော်ကြီးသည် တည်ကုန်လျှင် သာသနာတော်ကြီးသည်လည်း တည်တံ့၏။ ဝိနည်းသည်ကား သာသနာတော်မြတ်ကြီး နှလုံးသွေးကြောဖြစ်ကြောင်း သိတော်မူသည့်အတိုင်း ဝိနည်းဒေသနာတော်ကို အဓိကထားကာ**



"ထီးချိုင့်မြို့နယ်လုံးဆိုင်ရာ ဝိနယာဓိကစာမေးပွဲ"ဟု အမည်ပေးကျက်ရဟန်းရှင်ငယ်များကိုကိုယ်ကျင့်တရားကောင်းမွန်စေရေး၊ သာသနာတော်ကြီးအရှည်သဖြင့် တည်တံ့စေရေးကို အလေးမူ၍ လိင်–ဒဏ်–သေခိယ–စုဒ္ဒသ–ခန္ဓကဝဋ်–ဝိနည်းငယ်လေးစောင်–ကခါစသည်တို့ကို အဆင့်သဘောမျိုးဖြင့် အာဂုံပြန်စာမေးပွဲကို ကျင်းပပေးတော်မူခဲ့သည်မှာ (၃၁) ကြိမ်မြောက်ပင်ရှိခဲ့ပြီဖြစ်သည်။ ရှင်ရဟန်းငယ်များ အခြေခံပညာရပ်များရရှိကာမူ ငယ်၊ လတ်၊ အကြီးတန်းအတွက် အထောက်အကူများစွာ ဖြစ်စေသည်။ တပည့်သံဃာတော်များကို ဒေသနာတော်နှင့် အညီ ဆုံးမဩဝါဒပေးလျက်အကျင့်စာရိတ္တ မြင့်မြတ်လှ၍ (၁၀) ဝါပြည့် တင်းပြီးသောတပည့် သံဃာတော်များအား ထီးချိုင့်မြို့နယ်အသီးသီးတို့၌ လစ်လပ်နေသောကျောင်းတိုက် (၅၈) တိုက်တို့တွင် သာသနာပြုစေသည်။ သာသနာတော်နှင့်ပတ်သက်သမျှ အဓိကရုဏ်းမှန်သမျှကို မေတ္တာဖြင့်ဖြေရှင်းပေးတော်မူ၍ သာသနာပြုတော်မူခဲ့ပါသည်။ ထို့ပြင် ထီးချိုင့်မြို့အစိုးရပါဠိပထမပြန်စာမေးပွဲကြီး၏ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်တော်မူသည်။

ဆရာတော်ဘုရားကြီးသည် ထီးချိုင့်မြို့ မြသိန်းတန်စေတီတော်မြတ်ကြီး၏ ဩဝါဒါစရိယ ဆရာတော်အဖြစ်လည်းကောင်း မွေးဖွားရာဇာတိ ဆားကွင်းကျေးရွာ အဘယမာရဇိန်စေတီတော်နှင့် လောကမာရဇိန်စေတီတော်နှစ်ဆူ ပျက်စီးယိုယွင်းနေသည်ကို ဘက်စုံမွမ်းမံပြင်ဆင်တော်မူသည်။

ဆရာတော်ဘုရားကြီးသည် ကလေးအရွယ်ငယ်စဉ်ကာလမှစ၍ ပကတိကြည်လင်သော မထေရ်ဖြစ်တော်မူလေသည်။အခြားသော ကလေးများကဲ့သို့ ကြမ်းတမ်းသောကစားခြင်းမျိုး၌ ဝါသနာမပါချေ။ ကြမ်းတမ်းသောစကားမျိုးကိုလည်း ပြောဆိုခြင်းမရှိခဲ့၊ ပင်ကိုအားဖြင့် နူးညံ့သိမ်မွေ့သောမထေရ်မြတ်ဖြစ်တော်မူ၏။ သီလ၊ သမာဓိ၊ ပညာ

ဂုဏ်ရည်နှင့်ပြည့်စုံခြင်း၊ အမျက်ဒေါသနည်း၍ ပြောဆိုရာတွင်နူးညံ့သိမ်မွေ့ခြင်း၊ အရာရာကိုသည်းခံနိုင်ခြင်း၊ သက်တော်ဝါတော်ကြီးရင့်ခြင်း၊ ပရိယတ္တိ၊ ပဋိပတ္တိအလုပ်တို့ကို မပြတ်အားထုတ်တော်မူခြင်း၊ ရဟန်းရှင်လူတို့အား ဒေသနာတော်နည်းနှင့် မပြတ်ဆုံးမခြင်းတို့ကြောင့် ရဟန်းရှင်လူတို့၏ ကြည်ညိုမှုလေးစားမှုကို မပြတ်ခံယူလျက်ရှိပါသည်။

ဆရာတော်ဘုရားကြီးသည် ပထမနှင့်ဒုတိယအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးတွင် သံဃာ့သမ္မုတိရ သံဃာ့ကိုယ်စားလှယ်အဖြစ်ဖြင့် (၂) ကြိမ်တိုင်တိုင်လည်းကောင်း၊ တတိယနှင့်စတုတ္ထအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးတွင် ဆရာတော်၏ သီလ၊ သမာဓိ၊ ပညာဂုဏ်တို့ကို လေးစားယုံကြည်သဖြင့် မြို့နယ်သံဃနာယကဥက္ကဋ္ဌအဖြစ်ဖြင့် (၂) ကြိမ်တိုင်တိုင် တာဝန်ပေးအပ်ခြင်းခံရသည်။

ဤသို့ ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီး အရှည်တည်တံ့စေနိုင် ရေး၊ ကိုယ်ကျင့်တရား ပိုမိုကောင်းမွန်စေရေးဟူသော ရည်ရွယ်ချက်ဖြင့် ဦးစီးဦးကိုင် အပင်ပန်းခံကာ ဆောင်ရွက်တော်မူခဲ့သည်။ ဆရာတော်ဘုရားကြီး၏ သာသနာကြီးကို ကြည်ညိုလေးစား အလေးထားသည့် အရှုသယတတ်ခံအား ကောင်းခြင်းဆိုသည့် အချက်ကို ကွက်ကွက်ကွင်းကွင်း သိမြင်နိုင်လေသည်။ သာသနာတော်ကြီး ထာဝစဉ်တည်တံ့ရေးကို အလေးထား၍ အခါအခွင့်သင့်တိုင်း ဩဝါဒကထာ ချီးမြှင့်တော်မူသည်။

"ကိုယ့်သာသနာကိုယ်က မစောင့်ရှောက်လျှင် မည်သူကစောင့်ရှောက်မလဲ"

"စိတ်ရှည်စွဲသန်၊ သည်းညည်းခံ ပြုရန်သာသနာ"

"စိတ်ကောင်း၊ စာတတ်၊ ပုဂ္ဂိုလ်မြတ်၊ လိုအပ်သာသနာ"

"စာပင်မတတ်၊ စိတ်ကောင်းမြတ်၊ လိုအပ်သာသနာ"



၁၃၄၅ ခုနှစ် ဆရာတော်၏သက်တော် ၇၀ ပြည့်နှစ်တွင် ကျေးဇူးတော်ရှင် တည်တောဆရာတော်ဘုရားကြီး (နိုင်ငံတော်ဩဝါဒါစရိယ၊ မြန်မာစာဩဝါဒါစရိယ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ကအောက်ပါ အတိုင်း ရေးသားခဲ့သည်–

ထီးချိုင့်မြို့ ကျောက်စေတီဆရာတော်သည် အကျင့်သီလအာစာရနှင့် ပြည့်ဝတော်မူသည့်အားလျော်စွာ သီလ၏ဆွဲဆောင်မှုကြောင့် မြင်သူတကာ၏ ချစ်ကြည်လေးစားခြင်းကို ခံယူတော်မူရပေသည်။ ဆရာတော်သည် သာသနာတော်၏ တိုးတက်ကြီးပွားမှုကိုလည်း မပြတ်ကြိုးစား တော်မူ၏။ ပရိယတ္တိသဒ္ဓမ္မပဋိပတ္တိသဒ္ဓမ္မအဓိဂမသဒ္ဓမ္မတည်းဟူသောသာသနာတော် (၃) ရပ်တို့တွင် ပရိယတ္တိသဒ္ဓမ္မသည် အခြေခံဖြစ်၏။ ပရိယတ္တိသဒ္ဓမ္မသည် ပဓာနဖြစ်၏။ ပရိယတ္တိသဒ္ဓမ္မ တည်နေသမျှကာလပတ်လုံး ကျန်သောသဒ္ဓမ္မတရားများသည်လည်း ကေန်တည်နေနိုင်သည်ဟု ပြတ်ပြတ်သားသား ယုံကြည်တော်မူ၏။ ထို့ကြောင့် ပရိယတ္တိသာသနာတော်ကြီး ထွန်းလင်းတောက်ပအောင် ကိုယ်တော်တိုင်လည်းစာပေပို့ချတော်မူသည်။ တပည့်များကိုလည်း စာပေပို့ချပေးတော်မူ၏။ ဤမှတစ်ပါး သာသနာတော်၏ အသက်ဖြစ်သော ဝိနည်းတရားပြန့်ပွားတော်မူစေရန် ဝိနယာဓိက စာတော်ပြန်ပွဲကြီးကို နှစ်စဉ်နှစ်တိုင်း ဦးဆောင်ကျင်းပပေးတော်မူခဲ့၏။"

ဥယျာဉ်တစ်ခု၌ မြေကလည်းကောင်း၊ မျိုးစေ့ကလည်းသန့်မာ၊ ရေလောင်းပေါင်းသင်းမှုကလည်း မှန်ကန်ပါက မြန်မကြာ အပွင့်အသီးတို့ ရင့်ကြီးလာရသကဲ့သို့ ကျောင်းတိုက်ကြီး၌လည်း ဆရာဒကာလက်တွဲ၍ အခက်အခဲဟူသမျှ ကျော်ဖြတ်ကာ ဝိနယာဓိက စာမေးပွဲကြီးကို ရွှေရာဘု

ချိန်တိုင် မပျက်မကွက် ဆက်လက်ကျင်းပပေးနိုင်ခြင်းကြောင့် နုနယ်ပျိုမြစ် ရဟန်းသာမဏေများသည် ပရိယတ္တိအခြေခံရကြပြီး၊ ထိုမှတစ်ဆင့်တက်၍ ပထမပြန်စာမေးပွဲများကို ဝင်ရောက်ဖြေဆိုခဲ့ရာ ငယ်၊ လတ်၊ ကြီးနှင့် ဓမ္မာစရိယစာချတန်းများ အောင်မြင်တော်မူခဲ့ပြီး သာသနာဓဇ ဓမ္မစရိယ သာသနာ့အာဇာနည်များ ပေါ်ထွန်းတော်မူခဲ့ကြသည်။ ဤကား ဝိနယာဓိက စာမေးပွဲ၏ အသီးအပွင့်များဟု ဆိုရပေသည်။

တောင်ထိပ်၌ ကြာပေါက်သည်သို့ သေလာပဗ္ဗတ ကျောက်တောင်ထိပ်မှ သာသနာ့ဥယျာဉ်ကြီး၌ကား တစ်နေ့တခြား စည်းကားတိုးတက်လျက်ရှိသည်။ အပွင့်အသီး အခက်အရွက်တို့ဖြင့် တင့်တယ်ဝေဆာနေ၏။ ဗုဒ္ဓ၏ ပိဋကတ်တော်များကို နေ့ညမနား ပို့ချသင်ကြားနေသော စာပေသံတို့သည် ထီးချိုင့်မြို့၏ အဇ္ဈာခွင် ထက်ဝန်းကျင်ကို ငွေနှင်းနှင့်အတူလွှမ်းခြုံ၍ ထားကြ၏။ လေညှင်းနှင့်အတူ ပျံ့လွင့်၍နေကြ၏။ လမင်းကို ရံပတ်၍နေသော ကြယ်တာရာနက္ခတ်တို့နှင့်အတူ လှည့်လည်ကာ အသံမစဲအောင် ပျံ့ဝဲရစ်ပတ်နေကြ၏။

နံနက် ၄ နာရီမှ ည ၁၀ နာရီအချိန်တိုင် မြို့တော်၏ ကောင်းကင်နဘံဝေယံအထက်၌ ပျံတက်နေကြသော အသံများကား အခြားအသံများမဟုတ်၊ ကျောက်စေတီတောင်တော်ထိပ်မှ အောင်နိမိတ်တရားအရောင်အဝါတို့သည်ငါးထောင်သာသနာမဆိတ်မကွယ်စေဖို့ အကြိတ်အနယ် အားထုတ်ရွတ်အံတော်မူနေကြသည့် သာသနာ့ပျိုးပင်ကလေးများ၏ အသံတို့သာ ဖြစ်ပါသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ဘွဲ့တံဆိပ်ခံ ဆရာတော်ကြီးဖြစ်သည့် နိုင်ငံတော်ဩဝါဒါစရိယ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရသက်တော်ရှည်ထီးချိုင့်မြို့ ကျောက်စေတီ ဆရာတော်ဘုရားကြီးအား ၁၃၆၀ ပြည့်နှစ်၊ တပေါင်းလပြည့်နေ့တွင် ရန်ကုန်မြို့၌ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်ခဲ့ပါသည်။



ဆရာတော်ဘုရားကြီးသည် ယခုအခါ သက်တော် (၈၆)၊ ဝါတော် (၆၆) ဝါ ရှိပြီဖြစ်ပါသည်။ ဆရာတော်ဘုရားကြီးသည် သက်တော်ရာကျော်တည်၍ ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးကို ဆထက်လွန်ကျူးပြုစုတော်မူနိုင်ပါစေသော်ဟူသော မွန်မြတ်သော စိတ်ထားဖြင့် နိုင်ငံတော်အစိုးရနှင့်တကွ ဆရာတော်ဘုရားကြီး၏ တပည့် ဒါယကာ၊ ဒါယိကာမနယ်တော်သူ နယ်တော်သားများက ဘွဲ့တံဆိပ်တော် ကြိုဆိုပွဲနှင့် ဂုဏပူဇာသဘင်ပွဲကို ချီးဝှဲ့အားထုတ် ပြုလုပ်ပူဇော်လျက် ရှိကြပါသည်။

ပူဇာစပူဇာနေယျာနံ၊ ဧတံမင်္ဂလမုတ္တမံ ဟူသော မင်္ဂလာတရားတော်နှင့်အညီ ဆရာတော်ဘုရား၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်များကား အမှန်စင်စစ် ပူဇော်ခြင်းငှာထိုက်သော ပူဇနေယျဖြစ်တော်မူ၏။ ပူဇော်ခြင်းငှာထိုက်သော ပူဇနေယျဂုဏ်တော်တို့ကို ပူဇော်ခွင့်ရသော ယခုအချိန်တွင် ဝမ်းသာရွှင်ပျော် ပူဇော်ကြရခြင်းကား မကောင်းမှုအကုသိုလ်ကို ဖြတ်လှီး၍ အမြတ်တည်းဟူသော ကုသိုလ်တရားတိုးပွားရန် အစစ်ဧကန်ပင် ဖြစ်သောကြောင့် နွမ်းညစ်မညှိုး၊ ကုသိုလ်တိုးအောင် ဆော်နိုးယခု ရေးသားခြင်းပြုလိုက်ရပါသတည်း။ ။

# မြန်မာမျိုးကိုးကြစရာ ဖြိုးကြွသာသနာတော်

ဧရာဝတီမြစ်ကြီးသည် မေခနှင့် မေလိခမြစ်နှစ်သွယ်ဆုံရာမှ ဧရာဝတီမြစ်ကြီး စတင်ဖြစ်ပေါ်လာပြီး မြန်မာနိုင်ငံ၏ အလယ်တည့်တည့် မြောက်ဘက်မှ တောင်ဘက်သို့ စီးဆင်းခဲ့သည်။ ကံ့ကော်အမည်ရှိသော တောင်တန်းကြီးသည် ဧရာဝတီမြစ်၏ အနောက်ဖက်တွင် မြစ်နှင့်ပြိုင်၍ ဝေးချည်တစ်လှည့်၊ နီးချည်တစ်ခါ ယှဉ်တွဲ၍ လိုက်ပါခဲ့သည်၊ ဧရာဝတီမြစ်၏ ပထမမြစ်ကျဉ်း၊ ဒုတိယမြစ်ကျဉ်းများကို ကျော်လွန်၍ ရွှေကူမြို့အောက် မိုးဒါးတစ်လျှောက် ရောက်သောအခါ ထိုတောင်တန်းသည် မြစ်နှင့် အတော်အတန်နီးကပ်လာသည်၊ ထို့မှအောက်ပိုင်းတွင် ကံ့ကော်တောင် တန်းနှင့် ဧရာဝတီမြစ်တို့သည် အလွန်နီးကပ်စွာ ယှဉ်ပြိုင်ခဲ့ကြသည်။ ကံ့ကော်တောင်တန်းသည် စစ်ကိုင်းတိုင်း၊ ထီးချိုင့်မြို့တည်နေရာသို့ ရောက်သောအခါ အဆုံးသတ်ကျန်ရစ်၍ ဧရာဝတီသည် လွတ်လပ်စွာ တောင်ဘက်သို့ စီးဆင်းသွားရာ မကြာမီ ထီးချိုင့်အောက်ဖက်နားတွင် မင်းဝံတောင်တန်းနှင့် ယှဉ်ပြိုင်သွားကြပြန်သည်။

ကံ့ကော်တောင်တန်းနှင့် မင်းဝံတောင်တန်းတို့အကြားသည် ရှစ်မိုင်မျှ ကွာဝေး၍ မြောက်ဘက်တွင် တဖြည်းဖြည်း ကျဉ်းမြောင်းသွားရာ မနံလည်အောက်တိုက်သို့ ရောက်သေအခါ နှစ်မိုင်ကျော် သုံးမိုင်ခန့်မျှသာ ကျယ်ဝန်းတော့သည်။ ထိုတောင်ကြားမြေပြင်၏ အနောက်ဖက် မင်းဝံတောင်ခြေတွင် မဲဇာမြစ် စီးဆင်းလျက်ရှိသည်။ အရှေ့ဘက်မှ ကံ့ကော်



တောင်တန်း၊ အနောက်ဘက်မှ မင်းဝံတောင်တန်း။ တောင်တန်းနှစ်သွယ် အကြားအလယ်တွင် မဲဇာမြစ် ဖြတ်သန်းစီးဆင်းသည့် မြေပြင်ကွင်းကို ထီးချိုင့်မြို့ မြောက်ဘက်အရပ်ဖြစ်၍ ထီးချိုင့်မြောက်ပြင်ကွင်းဟု ခေါ်ဆိုကြသည်။

ထီးချိုင့်မြောက်ပြင်ကွင်းတွင် တည်တောအုပ်စု၊ တွင်းကြီးအုပ်စု၊ ကံပေါက်အုပ်စု၊ အလည်တောအုပ်စု၊ လေသာအုပ်စု၊ ကျောက်အိုက်အုပ်စု၊ ကွမ်းတောင်အုပ်စုများပါဝင်သည်။ ကံပေါက်အုပ်စုတွင် ကံပေါက်၊ "ဆားတွင်း"၊ ထန်ကုန်း၊ ရွှေလီရွာများပါဝင်သည်။

ထီးချိုင့်မြောက်ပြင်ကွင်းသည် ကံ့ကော်တောင်တန်းနှင့် မင်းဝံတောင်တန်းတို့အကြား၌ တည်ရှိသော မြေပြင်သစ်တောဖြစ်ပါသည်။ ရှေးပဝေသဏီကပင် လူသားများ နေထိုင်ရာဌာနဖြစ်၍ စေတီဟောင်းများ ဗောဓိသတ္တရုပ်ပွားတော်များ၊ မြေကတုတ်များ၊ ကျုံးဟောင်းများကို ယနေ့တိုင်တွေ့မြင်နိုင်သည်။ ကုန်းဘောင်ခေတ်တွင် ဘိုးတော်မင်းတရားသည် သမီးတော် သီရိသုတရတနာစန္ဒာဒေဝီအား မြတောင်မြို့စား ခန့်အပ်ဝေဟ်မူသည်။

ထိုစဉ်က မြတောင်မင်းသမီးကိုယ်စား စစ်ကဲကြီး ဗိုလ်မြရွှဲက ရွာကြီးရှစ်ရွာ၊ ကျောင်းတိုက်ကြီး ငါးတိုက်၊ ရေကန်ကြီးသုံးကန်တို့ကို တစ်ပြိုင်နက်တည်း တည်ခဲ့သည်။ စစ်ကဲကြီးဗိုလ်မြရွှဲသည် မိမိအုပ်ချုပ်သော နယ်မြေအတွင်း၌ နယ်သူနယ်သားများအား အလွယ်တကူရရှိရန် ဆားကျင်းများကိုလည်း တူးဖော်ပေးခဲ့သည်။ ယခုဆားတွင်းရွာသည် ဗိုလ်မြရွှဲ၏ ဆားတွင်းအနီး၌ တည်ရှိသောကြောင့် "ဆားတွင်းရွာ" ဟု အများက ခေါ်ဝေါ်ကြခြင်းဖြစ်သည်။

ထိုစဉ်က မြတောင်မင်းသမီးကိုယ်စား ဗိုလ်မြရွှဲ တည်ထောင်သောကွင်းသည် [illegible]တည်နယ်အဆုံး ဓိးမြှုကျင်းရွာ မြောက်ဘက်ချောင်းပေါက်

မှ ပေါက်ကုန်းရွာအထိ ကျယ်ဝန်းသည်။ ဤ အသစ်ထည်ထောင်သော ရွာကြီးရှစ်ရွာ မူလတည်ခဲ့ပြီး ကံပေါက်၊ မြင်းစု၊ ဆားတွင်း၊ ရွှေလီ၊ ပေါက်ကုန်း ငှင်းခြောက်ရွာနှင့် ပေါင်းသော် ရွာပေါင်းတစ်ဆယ့်လေးရွာကို လူနေအိမ်ခြေပေါင်း (၇၀၀) ရှိ၍ "မင်းသမီးစားကွင်း" ဟု ခေါ် ဝေါ် သမုတ်ခဲ့သည်။

ဘိုးတော်ဘုရားနတ်ထီးလွှဲသော် မြေးတော်အိမ်ရှေ့မင်း နန်းတက်သည်။ ကောဇာသက္ကရာဇ် ၁၁၈၅ ခုနှစ်တွင် မြန်မာနှင့်အင်္ဂလိပ်တို့ ပထမ စစ်ပွဲ ဆင်နွှဲကြရသည်။ မြန်မာတို့ အရေးနိမ့်၍ ကောဇာသက္ကရာဇ် ၁၁၈၇ ခုနှစ်တွင် ရန္တပိုစာချုပ်ဖြင့် တစ်ဘက်သတ် ချုပ်ဆိုခြင်းခံခဲ့ရသည်။ မြန်မာနှင့်အင်္ဂလိပ်တို့ စစ်ပွဲဆင်နွှဲပြီး၍ မြန်မာပိုင်နက်အတွင်းသို့ အင်္ဂလိပ်များ ချင်းနင်းဝင်ရောက်လာသောအခါ စစ်ကဲကြီး ဗိုလ်မြရွှေသည် "လူကွဲရှင်ကွဲ ဖြစ်ပါက နွားကွဲလျှင် ကျားဆွဲမည်" ဟူသော ဥပမာကို လက်သုံးထားပြီး တစ်ဘက်ရန်သူများ ဝင်ရောက်လာမည့် ဘေးအန္တရာယ်ကို ကာကွယ်ရန် ယခင်တည်ဆောက်ထားသော ရွာရှစ်ရွာအနက် အလည်တောရွာကို ဗဟိုထား၍ တစ်ရွာတည်း စုပေါင်းတည်ထောင်ခဲ့လေသည်။ ထိုစဉ်ကပင် ထီးချိုင့်မြောက်ပြင်ကွင်းသည် တိုင်းတစ်ပါးသား အင်္ဂလိပ်တို့၏ နယ်ချဲ့ စိုးမိုး အုပ်ချုပ်မှုကို မလိုလားခဲ့ကြပေ။ သို့သော်လည်း နယ်ချဲ့ အင်္ဂလိပ်တို့သည် ကျူးကျော်စစ်သုံးကြိမ်ဆင်နွှဲ၍ မြန်မာနိုင်ငံကို သိမ်းပိုက်ကျွန်ပြုခဲ့သည်။

ဆားတွင်းရွာကလေးသည် ထီးချိုင့်မြောက်ပြင်၊ ထီးချိုင့် – မဲဇာကားလမ်းပေါ်တွင် တည်ရှိပြီး ထီးချိုင့်မြို့မှ ခြောက်မိုင်ခန့်ကွာဝေးသည်။ ရွာ၏ အရှေ့ဘက်တွင် မြင့်မားမတ်စောက်သည့် ကံ့ကော်တောင်တန်းရှိပြီး ရွာ၏ အနောက်ဘက်တွင်ကား စိမ်းမြစိုလွင် လယ်ကွင်းပြင်တို့ဖြင့် တန်ဆာဆင်ထားသည့် လယ်သမားရွာကလေးတစ်ရွာဖြစ်သည်။



တောင်ခြေမှ ကွေ့ပတ်စီးဆင်းလာသည့် စမ်းချောင်းငယ်ကလေးကား ဆားတွင်းရွာဦးကိုပတ်၍ လယ်ကွင်းဆီသို့ စီးဆင်းသွားသည်။ ထိုစမ်းချောင်းကလေးသည် မြေကြည်လင်ပြီး တစ်နှစ်ပတ်လုံးမပြတ် စီးဆင်းနေသည်။ ဆားတွင်းရွာသူ ရွာသားများအား တစ်နှစ်ပတ်လုံး သောက်သုံးရေ ဝေငှပေးနေသည်။ ပိုလျှံသည့်ရေများ လယ်ကွင်း ယာခင်းများသို့ စိုက်ပျိုးရေ အောင်ရေပေးနေ သည်။ အများပြည်သူများ ခရီးတစ်ထောက်နား၍ စမ်းချောင်းဘေးတွင် ခိုနားပြီးသောက်သုံး ကြသည်။ ထိုစမ်းချောင်း၏နံဘေး ရွာဦးဆရာတော်၏ ကျောင်းဝင်းတွင်ရှိ ဆပ်သွား၊ ဖူးခြုံများက တစ်ရွာလုံးသင်းထုံနေသည်။ စမ်း ချောင်းကလေးနှင့် ဆပ်သွားဖူးခြုံများကား ရွာသူရွာသား ခရီးသွား ဧည့်သည်များ အမောအပန်းပြေစေပါသည်။ ခရီးသွားများ တစ်ထောက် နားနေရာစခန်း ထောက်ဖြစ်၏။ ဘိုးဘွားတို့၏ ရွာတည်ထားပုံမှာ ကောင်း လှသဖြင့် နှစ်သက်ဖွယ်ရာ တင့်တယ်လှပသည့် ရွာတစ်ရွာဖြစ်သည်။

သို့ရာတွင် အေးချမ်းသာယာလှသည့် ဆားတွင်းရွာကလေးသည် အင်္ဂလိပ်နယ်ချဲ့စနစ်အောက်တွင် အကျည်းတန်အရုပ်ဆိုးခဲ့ရသည်။ အင်္ဂလိပ်လက်အောက်တွင် အင်္ဂလိပ်စစ်တပ်၊ အမေရိကန်စစ်တပ်၊ ဂျပန်စစ်တပ် စသည်ဖြင့် စစ်တပ်နှင့်ရွာ၊ ရွာနှင့်စစ်တပ် ပြတ်သည်ဟူ၍မရှိ၊ အင်းတော်မဲဇာထီးချိုင့် လမ်းမကြီးပေါ်တွင် ရှိသဖြင့် စစ်လမ်းကျသည့် နေရာဖြစ်သည်။ နယ်ချဲ့ စစ်တပ်များ နားခိုစခန်းချရာဖြစ်သည်၊ ထို့ကြောင့် တိုက်ပွဲများ မကြာ မကြာဖြစ်ပွားသည်။ နယ်ချဲ့တို့၏ ဗုံးဒဏ်၊ အမြောက်ဒဏ်၊ လေယာဉ်ပစ် စက်သေနတ်ဒဏ်ကြိမ်ဖန်များစွာခံစားခဲ့ရသည်။ ပြင်းထန်သည့် တိုက်ပွဲ များအကြားတွင် ဆားတွင်းရွာကလေး ကြေမွပျက်စီးခဲ့ရသည်။ ကျန်ရှိသည်များကိုလည်း မီးရှို့ဖျက်စီးခြင်းခံရပြန်သည်။ ကျွဲနှစ်ကောင်ခတ် သည့်ကြားမှ မြေဇာပင်ပမာ ဆားတွင်းရွာ

ကလေး ရှင်သန်ခက်ခဲလှသည်။ စစ်ဘေးစစ်ဒဏ်ကြောင့် ရွာသူရွာသားများမှာ အိုးမဲ့အိမ်မဲ့ဖြစ်ပြီး သစ်ပင်များအောက်တွင် ဆင်းရဲပင်ပန်းစွာ နေထိုင်ကြရသည်။

မြန်မာများသည် ရှေးယခင်ကပင် ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုး၊ ကိုယ့်ဘုရင်၊ ကိုယ့်သခင်နှင့် အေးချမ်းစွာ နေထိုင်ခဲ့ကြသည်။ ကိုယ့်ဘာသာ ကိုယ့်သာသနာ၏ အဆုံးအမအောက်တွင် မျှတစွာနေထိုင်ခဲ့ကြသည်။ ကိုယ့်လယ်ယာကိုယ်လုပ်၍ ဖူလုံစွာ အသက်မွေးခဲ့ကြသည်။ အင်္ဂလိပ်နယ်ချဲ့စနစ်အောက်တွင် အနေအထိုင်ဆင်းရဲခြင်း၊ အစားအသောက်ဆင်းရဲခြင်း၊ ရောဂါဘယများကျရောက်ခြင်း၊ စစ်ဘေးစစ်ဒဏ်ခံရခြင်း စသည်များတို့ကြောင့် နယ်ချဲ့စနစ်ကို ရွံရှာမုန်းတီးလာကြသည်။ နယ်ချဲ့များအား အခါသင့် အခွင့်သာတိုင်း ဆန့်ကျင်ရန်ကြိုးပမ်းကြသည်။ ဆားတွင်းရွာကလေးသည်လည်း ထိုနည်းအတူပင်။

ဆားတွင်းရွာဦးဆရာတော်ဦးဝိမလသည်ကား အိမ်ရှေ့ပူအိမ်နောက်မချမ်းသာဖြစ်ခဲ့ရသည်၊ ရွာသူရွာသားများဒုက္ခပင်လယ်ဝေသည်နှင့်အမျှ မိမိလည်းမျှဝေခံစားနေရသည်၊နယ်ချဲ့တို့၏ ဖုံးဒဏ်စက်သေနတ်ဒဏ်ကြောင့် ရွာဦးဆရာတော်ဘုရား၏ကျောင်း မီးလောင်ပျက်စီးခဲ့ရသည်။ ဘုရား၊ တန်ဆောင်း၊ သိမ်၊ ကျောင်း၊ ဇရပ်စသည့်သာသနိကအဆောက်အဦများဆုံးရှုံးခဲ့ရသည်။ ဆရာတော်သည်စိတ်မချမ်းမြေ့စွာနှင့် ရွာ၏မြောက်ဘက်ကုံ့ကော်တန်စောင်း "မပေါ်ရာက" (မပေါ်ရာကျောင်း) တွင်တဲတန်းလျားကြီးထိုး၍ ဘုန်းတော်ကြီးကျောင်းပြောင်းရွှေ့ခဲ့ရသည်၊ ထိုကျောင်းကြီးတွင်ကိုရင်ကျောင်းသားများအား စာဝါမပျက်သင်ကြားပို့ချပေးခဲ့သည်၊ အမျိုးသားဘာသာ သာသနာအတွက်မပြတ်အားထုတ်ခဲ့သည်။



ဆားတွင်းရွာဆရာတော် ဦးဝိမလလည်းပရိယတ်၊ ပဋိပတ်ပြည့်စုံရုံမျှမက ဘုရားဟောဝိနည်းကို အလေးထားကာ အနေအထိုင်အကျင့်အကြံကောင်းမှုကြောင့် ရဟန်းရှင်လူအပေါင်းတို့၏ ကြည်ညိုလေးစားအားထားခြင်းကို ခံယူရသည့်ဘုန်းတော်ကြီးတစ်ပါးဖြစ်သည်။ ဘုန်းတော်ကြီးဦးဝိမလသည် နန်းတွင်းဆရာတော်ကြီး ဦးစန္ဒ၏အန္တေဝါသိကတပည့်ရင်းဖြစ်သဖြင့် အဘက်ဘက်မှ ထက်မြက်တော်မူခဲ့သည်။

ထီးချိုင့်မြို့မြောက်ပြင်ဆားတွင်းရွာ " ရွှေပြည်အေးစေတီတော်ကြီး" ကို ၁၂၈၂ ခုနှစ်၊ ပြာသိုလပြည့် တနင်္ဂနွေနေ့တွင် တည်ထားကိုးကွယ်ခဲ့သည်။ ထိုစေတီကြီးကို ဆရာတော်ဦးဝိမလက ဦးစီးနာယကပြု၍ ထီးချိုင့်မြောက်ပြင်ရှိ နယ်သူနယ်သားများနှင့် တကွ တိုင်းသားပြည်သူဗုဒ္ဓဘာသာဝင်အပေါင်းတို့ ရာဟုခံတွင်းမှ လွတ်ကင်းလိုသည့်စန္ဒာလမင်းကြီးသဖွယ်၊ သူရိန်လက်တွင်းမှလွတ်ကင်းလိုသည့် နေမင်းကြီးအလား ပုလိပ်ရောဂါ၊ ကျောက်ရောဂါစသော(ဇဖ)ပါးသောဘေးဘယာတွေ၊ ဝေးကွာပျောက်ကင်း၍ ဖိနှိပ်ချုပ်ချယ်နေသော ကိုလိုနီမိစ္ဆာကောင်များ၏ လက်အောက်မှ မြန်မကြာလွတ်မြောက်၍ အအေးဓာတ်သို့ရောက်ရပါစေခြင်းအကျိုး၊ နောင်တမလွန်သောဘဝတို့၌လည်း အပါယ်စသော ဝဋ်ဒုက္ခအပေါင်းမှ လွတ်မြောက်ကြလျက်၊ နတ်ခြောက်ထပ်စိုးစံလူ့ဘုံတွင်တစ်ဖန် ပြန်ရောက်က ကိုယ့်မင်းကိုယ့်ချင်းနှင့်တွေ့ကြုံ၊ ထိုသို့ ဘုံကြဉ်လည်ရာဘဝတို့၌လည်း လူကောင်း၊ နတ်ကောင်းတွေဖြစ်စေရန် အကြောင်းနှင့်ယှဉ်းကုသိုလ်အကျိုးဆက်ကြောင့် တို့တိုင်းသားပြည်သူတွေ နိဗ္ဗာန်တိုင်ရောက်မျက်မှောက်ပြုနိုင်ကြပါစေသော်ဟု ရည်ရွယ်ပန်ဆုတောင့်တခြင်းအမှုဖြင့် ၁၂၈၂ ခုနှစ်၊ ပြာသိုလပြည့် တနင်္ဂနွေနေ့တွင် ပန္နက်များရိုက်လျက်မြေကျင်းအနက်သုံးတောင်တူးပြီး ရွှေ၊ ငွေ၊ မြ၊ ဖလ်လေးတန်သောအုတ်တို့ဖြင့် အုတ်မြစ်ချကာ ဘုရားဓာတ်မွေသရီနှင့် ဓမ္မစေတီပဋိစ္စသမုပ္ပါဒ်တို့

ကို ဌာပနာတည်အုပ်၍ စေတီတော်ကြီးအပြီးလုပ်ကာ တံတိုင်းကွေ့ပတ်ကာရန်ပြီး စေတီရံက(၃၂)ဆူ၊ အုတ်ပြာသဒ်က(၅)ဆူ၊ အနောက်မုခ်ပြာသာဒ်စောင်းတန်းအဆင်းတွင် နားကင်းတတ်သော ခြသေ့်နှစ်ကောင်၊ ယင်းသို့သော အဆောင်အယောင်တို့ဖြင့် ၂နှစ်တိုင်တိုင် စီမံအားထုတ်ပြုလုပ်တော်မူခဲ့သည်။

၁၂၈၄ ခုနှစ်၊ တပေါင်းလပြည့် ကြာသပတေးနေ့တွင်ဓာတ်၊ ရုပ်သေး၊ အငြိမ့်သဘင်တို့ဖြင့်တသိမ့်သိမ့်ပူဇော်ကာ ရွှေထီးတင်သ၍ မြန်မာနိုင်ငံတော်ကြီး နယ်ချဲ့လက်အောက်မှ လွတ်မြောက်လျက် တိုင်းပြည်အေးချမ်းသာယာပါစေဆိုသောဆန္ဒဖြင့်စေတီတော်မြတ်ကို "ရွှေပြည်အေးစေတီတော်"ဟုဘွဲ့မည်တော်နာမဆပ်ကပ်ကြလျက်–

- ကျောင်းသားသပိတ်ကြီးအောင်မြင်ပါစေ။
- ထောင်သွင်းအကျဉ်းချထားသော ဆရာတော်တွေလွတ်မြောက်ပါစေ။
- တောင်းဆိုထားသည့်ကိုယ်ပိုင်အုပ်ချုပ်ရေးရပါစေ။
- ကိုလိုနီလက်အောက်မှ အမြန်လွတ်မြောက်ပါစေ။
- သုံးဆယ့်တစ်ဘုံရွှတ်မြုံမှ လွတ်ခုံကျော်လွှားနိုင်ပါစေ။

ဟု ဆုတောင်းပတ္ထနာဆို၍ ဗုဒ္ဓဘိသေက မင်္ဂလာအခမ်းအနားဖြင့် ရွှေပြည်အေးစေတီတော်ကြီးအား တည်ထားပူဇော်ခဲ့ကြသည်။

## ရွှေပြည်အေးစေတီတော်တေးထပ်

မျိုးမြန်မာသာသနာကြီးရာတဲ့–ကိုးရာမဲ့အချိန်တွင်
ရိုးရာကွဲမတိမ်ချင်တယ်–မြတ်စိန်ရှင်တည်ပွဲ။
ရွှေပြည်အေးစိန္တေ့ရှင်ကို–နှိမ်ချွေလျှင်မုချအောင်ပွဲ
သို့မို့ကြောင့်များတကာရယ်–ထက်သန္ဓါလက်စွဲ



ပျက်မကွာယှက်တွဲလို့–လွတ်လပ်ပွဲတောင်းဆိုပါ။
ကောင်းမှုကိုမှန်မလွဲပါဘူး–ပြန်လှန်ဘဲထိန်းရမည်သာ။
ရန်စငြိမ်းတိုင်းနဂရာမှာ–မဆိုင်းသားရွာသည့်မိုးလိုပ၊
မြန်မာမျိုးကိုးကြစရာ–ဖြိုးကြွသာသနာ
စေတီထွန်းလို့ခွန်ဖြာလှစ်တယ်–အောင်ရေစာအောင်ကြောင်းပလေ။
(ညောင်ပင်သာခမ္မာရုံ အရှင်ပညာဝံသရေးသည့် ဆားတွင်း ရွှေပြည်အေးဘုရားမှထုတ်နုတ်ဖော်ပြပါသည်)

ဤရွှေပြည်အေးဘုရားသမိုင်းမှပင် ရဟန်းရှင်လူပြည်သူများသည် အမျိုးဘာသာ သာသနာထိခိုက်ပျက်ပြားရသဖြင့် အားကိုးရာမဲ့ဖြစ်ရပုံ၊ ရောဂါအမျိုးမျိုး၊ ဘေးဒုက္ခဆိုးအမျိုးမျိုးကျရောက်ကြရပုံ၊ နယ်ချဲ့လက်အောက်မှ လွတ်မြောက်ရန်ရုန်းထွက်ကြရပုံ၊ ကိုယ့်မင်း ကိုယ့်ချင်းကိုယ့်ဘုရင် ကိုယ့်သခင် နှင့်နေထိုင်လိုကြပုံစသည့် နယ်ချဲ့ဆန့်ကျင်ရေးသမိုင်းတစ်စိတ်တစ်ဒေသကို ဖော်ညွှန်းပြသခဲ့ပေသည်။ သူ့ကျွန်မခံလိုသည့်စိတ်ဓာတ်၊ တိုင်းပြည်နှင့် လူမျိုးကိုချစ်မြတ်နိုးသည့်စိတ်ဓာတ်၊ မြန်မာနိုင်ငံကြီး နယ်ချဲ့စနစ်အောက်မှ လွတ်မြောက်လိုသည့် မြန်မာတိုင်းရင်းသားမျိုးချစ်များ၏ စိတ်ဓာတ်သည် ဘုရားတည် ကျောင်းဆောက်သည့်နေရာမှာပင် မေ့ပျောက်၍မရနိုင်ကြောင်း သမိုင်းအထောက်အထားပြခဲ့လေသည်။

ဆားတွင်းရွာ "ရွှေပြည်အေးစေတီတော်ကြီး" ထီးတော်တင်လှူပူဇော်သောအခါ ပန်းရံဆရာကြီးဦးဒိဘိုးကလည်း အောက်ပါအတိုင်း ရေးစပ်ပူဇော်ခဲ့ပါသည်။ ထီးချိုင့်မြောက်ပြင်သားတို့၏ ကဗျာဉာဏ်ရင့်သန်ပုံကို မြည်းစမ်းကြည့်စေလိုပါသည်။

ဇရာဝတီရေဇလာနဒီ ယှက်ဖြာသန်းပေသော၊ လက်ယာကမ်း
တေဇာလွှိုင်တဲ့၊ ရွှေညာခရိုင်ထီးချိုင့်နဂရာက၊အပြီးတိုင်ဆ၍

ခြောက်မိုင်ဝေးသည့်မြောက်ခရိုင်ကျေးဆားတွင်းဂါမ၊ အများခပင်း အာစရခြိုးမျှော်မှီးရသော၊ ဘုန်းတော်ကြီးဦးဝိမလအမ္ဗးကဝိတာဝ ဥက္ကဋ္ဌပြု၍၊ ဗုဒ္ဓအမှုအတိထာဝရ၊ ဘုရားတပည့်တော်ဒကာမများ သိုင်းခြုံမှီး၍၊ ဝိုင်းအုံပြီး ဘဂဝါအမြိုက်ခံဖို့ မဟာတိုင်ခံစေတီတော် ကြီးစွာကို၊ မွေသရိဖျော်မှီးစရာတည်ထားလို့၊ ဤအပါးမြေပထဝီ ကောင်းဟု၊ စေတီအပေါင်းအလုံးဖွဲ့ယူ၍၊ သုံးဆယ့်နှစ်ဆူမဟာရံ လှည့်ပြီး၊ ဘဂဝါအရဟံ၏ ဓါတ်ပေါင်းကိုယ်စီနှင့် ပြဿဒ်ပေါင်းကို ရဧတော့ငါးထောင်၊ ဘုရားမြောက်လို့ အနောက်မုခ်က လျှောက် အဟုတ်စောင်းတန်းအဆင်းနှစ်ဖက်၊ ခေါင်းပန်းနကင်းအတက်ဖွေ လွင်၍ ပြောင်းတဲ့၊ ငွေခြံသေ့နှစ်ကောင်အမှန်အရာမှီး၍၊ ရန်ကာဆီးဖို့ ထုံးနည်းစံတမျှတင်ရမှာဖြင့်၊ မဟာဝင်အတု ညီမျှစွာပြုပေတော့၊ သိဟာဗာဟုမင်းဧက္ကရာဇ်တို့လို၊ သနင်းပရမ ဘဂဝါကို အသရေ လင်းစွာပွားပြီး၊ ရွှေတွင်းရှာဘုရားကြီး ဖြောင့်သဒ္ဓါပြီးကြွယ်အောင် တစ်ထောင့်နှစ်ရာကိုးဆယ့်ခြောက်မှာ၊ ထီးလှုံ့ကြွ၍၊ ဂိမန္တကဆုန် ဆန်းဆယ်ရက်၊ ရဂုံစခန်းနယ်အပျက်၊ တစ်မျိုးလေမုန်ဆိုးကြောင့် ပုထိုးမြေဝသုန်ကျိုး၍ ထီးပါကျ၊ အတီးဟာသနှင့် အလှူငွေခံ၊ မူမသွေတစ်ဖန် ဘုရားပြင်အပြီး၊ အများဘဝင်ငြိုးလောက်အောင် ရတနာအသီးဖော်၍၊ မဟာ ထီးတော်ကို စနစ်ချယ်လို့၊ အသစ်ဝယ်ပြီး ယခုထပ်အတင် အနုစာတ်သဘင်တို့နှင့် ချိန်ခါအညီကောင်းတဲ့၊ မိန်ရာသီတပေါင်း ထွက်လောင်း၍၊ ရက်ကောင်းအသရေဖျာပေသော၊ ငွေစန္ဒာ ပုဏ္ဏမိတ်၊ ယုန်တံဆိပ်ပြည့်သောနေ့၊ အတိလျှော မရွေကောင်းရန် အချိန်၊ ဒေါင်းဖန်အိမ်နေ့ခြည်လက်ကော့၊ ရွှေစိရွက်ထိန်ညီ



ဖျာပေသော၊ သိင်္ဂီရတနာဆွတ်ယူမှီး၍၊ အထွတ်သရဖူ ထီးဘုရားအတင်၊ အများမြင်အောင် နဝရန်ကြိုးသွယ်၍၊ မြတ်ပုထိုး ဝယ်မကွယ်ငြားဘဲ၊ ဗြဟ္မာသိကြားအခြေခံထား၍၊ ဝေဇယံရထား နှင့် ထီးတော်ယူပြီး၊ အပြီးတော်တမူအထက်အတင်၊ မပျက်အစဉ် မှတ်ယူကြည့်ရအောင်၊ သပ္ပုရိသကလျာဆွေအပေါင်းတို့အား၊ စာခွေမောင်းခတ်လိုက်ရပါသည်ခင်ဗျာ။

## သမိုင်းခြေရာ ရှာဖွေခြင်း

ကျွန်တော်တို့ငယ်ရွယ်စဉ် မူလတန်းကျောင်းသားဘဝက ပန်းပဲမောင်တင့်တယ် ဇာတ်ကြောင်းကိုကျောင်းသင်ခန်းစာတွင် သင်ကြားခဲ့ရသည်။ နှစ်ပေါင်းလေးဆယ်ကျော်ငါးဆယ်နီးပါး ရှိပြီဖြစ်သည်။ မှတ်သားမိသမျှဆိုရပါမူ မောင်တင့်တယ်သည် အလွန်ခွန်အားဗလကောင်းသည့် ပန်းပဲဆရာကြီးတစ်ဦးဖြစ်သည်။ မောင်တင့်တယ်၏ ခွန်အားဗလကောင်းခြင်းသည် တကောင်းနေပြည်တော်တွင် ထင်ပေါ်ကျော်ကြားလာသည်။ တကောင်းဘုရင်က ထီးနန်းလုယူမှာစိုးရိမ်၏။ မောင်တင့်တယ်ကို ဖမ်းဆီးရာလွတ် မြောက်ထွက်ပြေးသွားသည်။ ဘုရင်ကမောင်တင့်တယ်၏ နှမကိုမိဖုရားမြှောက်၏။ မောင်တင့်တယ်ကို သူကောင်း ပြုမည်ဆိုပြီး သူ၏နှမအားခေါ်ခိုင်းသည်။ မောင်တင့်တယ်ကို ဖမ်းမိသည့်အခါ စကားပင်တွင် ဖိုကျင်ထိုးသတ်သည်။ သူ၏နှမလည်း စကားပင်တွင် မီးပုံထဲသို့ခုန်ဆင်း၏။ မောင်တင့်တယ် တို့မောင်နှမနှစ်ယောက် နတ်စိမ်းဖြစ်ကြသည်။ စကားပင်ကို ဧရာဝတီ မြစ်အတိုင်း မျှောချလိုက်ရာပုပ္ပါးတောင်တွင် မင်းမဟာဂီရိမောင်နှမဖြစ်၍ အထင်အရှားကိုးကွယ်ကြသည်။

ဤသည်မှာ ပန်းပဲမောင်တင့်တယ်၏ ဇာတ်လမ်းပုံကြမ်းမျှသာ ဖြစ်သည်။ တကယ့်ဖြစ်ရပ်လော၊ ဒဏ္ဍာရီလော၊ ပုံပြင်လော မဓောကြောနိုင်။ ကျွန်တော်တို့နေထိုင်သည့် နှလုံးသားတွင် တကောင်း



နေပြည်တော်ကြီးနှင့် တကောင်းဘုရင်၊ ရိုးသားကြိုးစားစွာ လုပ်ကိုင် စားသောက်နေသည့် အလွန်ခွန်အားဗလကောင်းသည့် ပန်းပဲဆရာ မောင်တင့်တယ်၏ ပုံရိပ်များထင်ကျန်ခဲ့သည်။ တကောင်းသမိုင်းကြောင်းနှင့် ပန်းပဲမောင်တင့်တယ်ကို ဆက်နွှယ်၍မြင်နေမိ၏။ လက်တွေ့လေ့လာ သည့်အခါ "သံထိုဝရွနတောင်"၊ "မောင်တင့်တယ်ကုန်း"၊ "မောင်တင့်တယ် မြို့ရိုး"၊ "မောင်တင့်တယ် သံချော်တန်း"ဟူသော အမည်များ၊ တကောင်း ဝန်းကျင်တွင် "သံချက်ဖိုကြီးများ"၊ "မင်းမဟာဂီရိနတ်ကွန်း" စသည်တို့မှာ အထင်အရှား ရှိနေသည်ကို တွေ့ရသည်။

တကောင်းမြို့ဟောင်းအရှေ့တောင်ဘက် ၁၀ မိုင် ခန့်အကွာ သောင်းဝှက်တောင်ခေါ် ကျောက်တန်းတောင် (ဒေသခံများကသံထိုဝရွန တောင်ဟုလည်းခေါ်ကြသည်။) တောင်၏ခြေရင်း၌ "နတ်တလင်းကုန်း"၊ ဟုခေါ်သော "မောင်တင့်တယ် ကုန်း" ရှိသည်။ သောင်းဝှက်တောင် ခြေရင်း "သင်ပေါင်းကွင်း" ၏ အနောက်ဘက်တောစပ်တစ်နေရာ ဖြစ်သည်။ ထိုနေရာသည် သောင်းဝှက်တောင်ခြေရှိ ဒေါ်မကြီးလှည်းဆိပ်မှ အနောက်ဘက် သင်ပေါင်းကွင်း "နတ်ရေကန်" ခေါ် ရေပူစမ်းနှင့် "မောင်တင့်တယ် သံချော်တန်း" ဟုခေါ်သော မြို့ရိုးသဏ္ဌာန်ကုန်းတန်း ရှိသည်။ ဒေသခံများက "မောင်တင့်တယ်မြို့ရိုး" ဟုခေါ်ကြသည်။ တောင်နှင့်မြောက်အလျား ပေ ၁၄၀၀ ၊ အမြင့်ရှစ်ပေနှင့် ထု ၅၀ ပေ ခန့်ရှိသော မြေကုန်းတန်းတစ်ခုရှိသည်။ ၎င်းကုန်းတန်းသည် တောင်ဘက်အစပ်တွင် ထောင့်ကျယ် ၁၀၀ ဒီဂရီခန့် ကွေ့ဝိုက်ပြီး အရှေ့ဘက်ရှိ ညွန်တော်ဆီသို့ ပေ ၁၀၀ ခန့်ဆက်သွားသည်။ ညွန်တောအရောက်တွင် မြေကုန်းတန်းအစား ကျောက်တန်းတစ်ခု တွေ့ရသည်။ ပေ ၃၀၀ ခန့်ကျယ်သော ၎င်းညွန်တောအလွန်တွင် ကျောက်တန်းသည် သင်ပေါင်းကွင်း၌ ပေ ၆၀၀ ခန့်အထိ အရှေ့စူးစူးသို့

ဆက်သွယ်တန်းလျက်ရှိနေသည်။ ထို့ကြောင့် မောင်တင့်တယ်ကုန်းဟုခေါ်သောနေရာတွင် အရှေ့နှင့်အနောက်တန်းနေသော ပေ ၉၀၀ ခန့်ကျောက်တန်းတစ်ခုနှင့် ဆက်လာပြီး မြောက်ဘက်သို့ကွေ့ကာ ပေ ၁၄၀၀ ခန့်ရှည်သည့် မြေကုန်းတန်းတစ်ခုတွေ့ရသည်။ တကောင်းရာဇဝင်လာ ပန်းပဲ မောင်တင့်တယ်၏ မြို့ရိုးကုန်းဟုခေါ်ကြသည်။ ကျောက်သားနှင့် မြေသားကုန်းတန်းတို့၏ အရှည်မှာ ပေပေါင်း ၂၃၀၀ ခန့်ရှိသည်။ ပုံသဏ္ဌာန်မှာ ကျင်တွယ်ပုံ ထောင့်ချိုးသဏ္ဌာန်ရှိပါသည်။ မြေသား ကုန်းတန်းပေါ်တွင် ကျောက်တုံးအချို့ ထပ်ဆင့်လျက်တွေ့ရပြီး ၎င်းကျောက်တုံးများသည် အရှေ့ဘက်ကျောက်တန်းများနှင့် အမျိုးတူ အဖြူရောင်ကျောက်ပွတစ်မျိုးဖြစ်သည်။ ၎င်းကျောက်တန်းများကို ဒေသခံများက "မောင်တင့်တယ်ချော်တန်း" ဟုခေါ်ဝေါ်လျက်ရှိကြသည်။ ဒေသခံများ အထူးအလေးအနက်ထားရာ ဒေသတစ်ခုဖြစ်သည်။

ပန်းပဲမောင်တင့်တယ်ကုန်း၊ မောင်တင့်တယ်မြို့ရိုး၊ မောင်တင့်တယ်ချော်တန်းဟု ဒေသခံများက အယူအစွဲရှိနေကြလျှင် ပန်းပဲလုပ်ငန်းနှင့် ဆက်နွှယ်နေသည့် သံသတ္တုပစ္စည်းများအကြောင်းကိုလည်း တကောင်းဝန်းကျင်တွင် စူးစမ်းရှာဖွေရန် လိုအပ်နေပေပြီ။

တကောင်းတောင်ဘက် ၁၀ မိုင်ခန့်အကွာ ဧရာဝတီမြစ်အရှေ့ဘက်ကမ်းပေါ်ရှိ ပုတီးဖြူရွာ၏ အရှေ့မြောက်ဘက် ၂ ဖာလုံခန့်အကွာတွင် မြေနီကျင်းတစ်ခုကို တွေ့ရသည်။ ၎င်းမြေနီကျင်း အတွင်း သံချက်ဖိုဟောင်းများဟု ယူဆရသော မီးဖိုဟောင်းနေရာ ငါးခုတွေ့ရသည်။ အကောင်းပကတိနီးပါး အတိုင်း တွေ့မြင်ရသော မီးဖိုမှာ အလျား ၁၂ ပေခန့်ရှိသည်။ ဖိုဝနေရာအမြင့်သုံးပေခန့်နှင့် ဖိုဝအကျယ် ငါးပေခန့် အမိုးဖွင့်အဝိုင်းပုံသဏ္ဌာန်ရှိသည်။ ဖိုဝကိုမြေအုတ်နှင့်မြေနီ သရွတ်မံကာ ပြုလုပ် ထားခြင်းဖြစ်၍ ဖိုဝနှုတ်ခမ်းတစ်လျှောက် မီးကျွမ်းလောင်ထားသည့်



သဏ္ဌာန်နက်ပြာရောင်အဆင်းရှိကာ ကျန်အစိတ်အပိုင်းများမှာ အနီရင့်ရောင်ရှိသည်။ မီးထိုးပေါက်နေရာမှာ အမိုးခုံးလှော်သဏ္ဌာန် အရှည် ခြောက်ပေနှင့် အမြင့်တစ်ပေခွဲခန့်ရှိသည်။ မီးထိုးပေါက်အမိုးမှာ ခါးလယ်ပိုင်းမှ ပြိုကျပျက်စီးလျက်တွေ့ရသည်။ ၎င်းမီးဖိုကို ရွာသားများက "ငကျွဲဆေးတံအိုးကြီး" ဟု သိရှိကြသည်။ (ကြီးမားသည့်ဆေးတံအိုးကြီးသဏ္ဌာန်ရှိသောကြောင့်တင်စားခေါ်ဝေါ် ကြခြင်းဖြစ်တန်ရာသည်၊ ဤဆေးတံကို သောက်သုံးသူမှာသာမန်မဟုတ် ကျွဲပေါက်ကြီးကဲ့သို့ ကြီးမားပြီး ခွန်အားကောင်းသူဖြစ်နိုင်၏ဟု တွေးထင်၍ ပြောဆိုကြခြင်း ဖြစ်နိုင်သည်။) မီးဖိုအနီးတွင် အိုးခြမ်းပဲ့ကဲ့သို့မြေထည်ပစ္စည်းအစအနများ၊ စဉ့်ထည်ပစ္စည်းအစအနများနှင့် စဉ့်တောင့်အပိုင်းအစများဟူ၍ ရှာဖွေမတွေ့ရသဖြင့် အိုးဖိုသို့မဟုတ် စဉ့်ဖိုဟောင်းတစ်ခုဖြစ်မည်ဟု မထင်ရပါ။ အကယ်၍စဉ့်ဖိုဖြစ်လျှင် မီးထိုးပေါက်နေရာမှ စဉ့်အိုးနှင့်စဉ့်တောက်များကို ထည့်သွင်းရမည်ဖြစ်ပြီး ဖိုမကိုလည်းအဖုံးများဖြင့် ဖုံးအုပ်ထားပြီး မီးခိုးခေါင်းတိုင်နေရာလည်း ရှိရမည်ဖြစ်သည်။ ယခုမီးဖိုဟောင်း၏ မီးထိုးပေါက်မှာ စဉ့်အိုးများ သွတ်သွင်းနိုင်လောက်အောင် အမြင့် နေရာမရှိပေ။ မီးဖိုခေါင်းတိုင် နေရာ မပါခြင်း၊ အိုးကွဲများအနီး၌ မတွေ့ရခြင်းတို့ကြောင့် သံချက်ဖိုသာဖြစ် သည်ဟု သမိုင်းပညာရှင် များက ခန့်မှန်းကြပါသည်။ ၎င်းဖိုဟောင်းတည်ရှိရာမြေနီကျင်းမှာ သံဓာတ်ပါသော အနီရောင်မြေမျိုးဖြစ်သည်။ ၎င်းမြေလွှာခြောက်ပေခန့်အနက်တွင်လည်း သံကျောက်ပါသော ကျောက်လွှာတစ်လွှာကိုတွေ့ရသည်။ သို့ဖြစ်၍ ပုတီးဖြူရွာအနီးမှ တွေ့ရသော မီးဖိုဟောင်းမှာ ဒေသတွင်းထွက်ဖြစ်သော သံရိုင်းကိုသန့်စင်ပြီး လူတို့သုံးစွဲသော သံသတ္တုပြုလုပ်ရန် အသုံးပြုသည့်မီးဖိုဖြစ်ရမည်ဟုယူဆပါသည်။ ၎င်းဖိုများအနီးတွင် ပြန့်ကျဲနေသော မီးသင့်ချော်တုံးများကိုလည်းတွေ့ရသည်။

ဆက်သွယ်တန်းလျက်ရှိနေသည်။ထို့ကြောင့် မောင်တင့်တယ်ကုန်းဟု ခေါ်သောနေရာတွင် အရှေ့နှင့်အနောက်တန်းနေသော ပေ ၉၀၀ ခန့်ကျောက်တန်းတစ်ခုနှင့် ဆက်လာပြီး မြောက်ဘက်သို့ကွေ့ကာ ပေ ၁၄၀၀ ခန့်ရှည်သည့် မြေကုန်းတန်းတစ်ခုတွေ့ရသည်။ တကောင်းရာဇဝင်လာ ပန်းပဲ မောင်တင့်တယ်၏ မြို့ရိုးကုန်းဟုခေါ်ကြသည်။ ကျောက်သားနှင့် မြေသားကုန်းတန်းတို့၏ အရှည်မှာ ပေပေါင်း ၂၃၀၀ ခန့်ရှိသည်။ ပုံသဏ္ဌာန်မှာ ကျင်တွယ်ပုံ ထောင့်ချိုးသဏ္ဌာန်ရှိပါသည်။ မြေသား ကုန်းတန်းပေါ်တွင် ကျောက်တုံးအချို့ ထပ်ဆင့်လျက်တွေ့ရပြီး ၎င်းကျောက်တုံးများသည် အရှေ့ဘက်ကျောက်တန်းများနှင့် အမျိုးတူ အဖြူရောင်ကျောက်ပွတစ်မျိုးဖြစ်သည်။ ၎င်းကျောက်တန်းများကို ဒေသခံများက "မောင်တင့်တယ်ချော်တန်း" ဟုခေါ်ဝေါ်လျက်ရှိကြသည်။ ဒေသခံများ အထူးအလေးအနက်ထားရာ ဒေသတစ်ခုဖြစ်သည်။

ပန်းပဲမောင်တင့်တယ်ကုန်း၊ မောင်တင့်တယ်မြို့ရိုး၊ မောင်တင့်တယ်ချော်တန်းဟု ဒေသခံများက အယူအစွဲရှိနေကြလျှင် ပန်းပဲလုပ်ငန်းနှင့် ဆက်နွှယ်နေသည့် သံသတ္တုပစ္စည်းများအကြောင်းကိုလည်း တကောင်းဝန်းကျင်တွင် စူးစမ်းရှာဖွေရန် လိုအပ်နေပေပြီ။

တကောင်းတောင်ဘက် ၁၀ မိုင်ခန့်အကွာ ဧရာဝတီမြစ်အရှေ့ဘက်ကမ်းပေါ်ရှိ ပုတီးဖြူရွာ၏ အရှေ့မြောက်ဘက် ၂ ဖာလုံခန့်အကွာတွင် မြေနီကျင်းတစ်ခုကို တွေ့ရသည်။ ၎င်းမြေနီကျင်း အတွင်း သံချက်ဖိုဟောင်းများဟု ယူဆရသော မီးဖိုဟောင်းနေရာ ငါးခုတွေ့ရသည်။ အကောင်းပကတိနီးပါး အတိုင်း တွေ့မြင်ရသော မီးဖိုမှာ အလျား ၁၂ ပေခန့်ရှိသည်။ ဖိုဝနေရာအမြင့်သုံးပေခန့်နှင့် ဖိုဝအကျယ် ငါးပေခန့် အမိုးဖွင့်အဝိုင်းပုံသဏ္ဌာန်ရှိသည်။ ဖိုဝကိုမြေအုတ်နှင့်မြေနီ သရွတ်မံကာ ပြုလုပ် ထားခြင်းဖြစ်၍ ဖိုဝနှုတ်ခမ်းတစ်လျှောက် မီးကျွမ်းလောင်ထားသည့်



သဏ္ဌာန်နက်ပြာရောင်အဆင်းရှိကာ ကျန်အစိတ်အပိုင်းများမှာ အနီရင့်ရောင်ရှိသည်။ မီးထိုးပေါက်နေရာမှာ အမိုးခုံးလှေယာသဏ္ဌာန် အရှည်ခြောက်ပေနှင့် အမြင့်တစ်ပေခွဲခန့်ရှိသည်။ မီးထိုးပေါက်အမိုးမှာ ခါးလယ်ပိုင်းမှ ပြိုကျပျက်စီးလျက်တွေ့ရသည်။ ၎င်းမီးဖိုကို ရွာသားများက "ငကျွဲဆေးတံအိုးကြီး" ဟု သိရှိကြသည်။ (ကြီးမားသည့်ဆေးတံအိုးကြီးသဏ္ဌာန်ရှိသောကြောင့်တင်စားခေါ်ဝေါ် ကြခြင်းဖြစ်တန်ရာသည်၊ ဤဆေးတံကို သောက်သုံးသူမှာသာမန်မဟုတ် ကျွဲပေါက်ကြီးကဲ့သို့ ကြီးမားပြီး ခွန်အားကောင်းသူဖြစ်နိုင်၏ဟု တွေးထင်၍ ပြောဆိုကြခြင်းဖြစ်နိုင်သည်။) မီးဖိုအနီးတွင် အိုးခြမ်းပဲ့ကဲ့သို့မြေထည်ပစ္စည်းအစအနများ၊ စဉ့်ထည်ပစ္စည်းအစအနများနှင့် စဉ့်တောင့်အပိုင်းအစများဟူ၍ ရှာဖွေမတွေ့ရသဖြင့် အိုးဖိုသို့မဟုတ် စဉ့်ဖိုဟောင်းတစ်ခုဖြစ်မည်ဟု မထင်ရပါ။ အကယ်၍စဉ့်ဖိုဖြစ်လျှင် မီးထိုးပေါက်နေရာမှ စဉ့်အိုးနှင့်စဉ့်တောက်များကို ထည့်သွင်းရမည်ဖြစ်ပြီး ဖိုမကိုလည်းအဖုံးများဖြင့် ဖုံးအုပ်ထားပြီး မီးခိုးခေါင်းတိုင်နေရာလည်း ရှိရမည်ဖြစ်သည်။ ယခုမီးဖိုဟောင်း၏ မီးထိုးပေါက်မှာ စဉ့်အိုးများ သွတ်သွင်းနိုင်လောက်အောင် အမြင့် နေရာမရှိပေ။ မီးဖိုခေါင်းတိုင် နေရာ မပါခြင်း၊ အိုးကွဲများအနီး၌ မတွေ့ရခြင်းတို့ကြောင့် သံချက်ဖိုသာဖြစ် သည်ဟု သမိုင်းပညာရှင် များက ခန့်မှန်းကြပါသည်။ ၎င်းဖိုဟောင်းတည်ရှိရာမြေနီကျင်းမှာ သံဓာတ်ပါသော အနီရောင်မြေမျိုးဖြစ်သည်။ ၎င်းမြေလွှာခြောက်ပေခန့်အနက်တွင်လည်း သံကျောက်ပါသော ကျောက်လွှာတစ်လွှာကိုတွေ့ရသည်။ သို့ဖြစ်၍ ပုတီးဖြူရွာအနီးမှ တွေ့ရသော မီးဖိုဟောင်းမှာ ဒေသတွင်းထွက်ဖြစ်သော သံရိုင်းကိုသန့်စင်ပြီး လူတို့သုံးစွဲသော သံသတ္တုပြုလုပ်ရန် အသုံးပြုသည့်မီးဖိုဖြစ်ရမည်ဟုယူဆပါသည်။ ၎င်းဖိုများအနီးတွင် ပြန့်ကျဲနေသော မီးသင့်ချော်တုံးများကိုလည်းတွေ့ရသည်။

တကောင်း– ကြံ့ညှပ်ဟု တွဲဘက်သုံးနှုန်းသော စကားလုံးကို အညာဒေသ လူတိုင်းနီးပါး ကြားဖူးကြပါသည်။ ကြံ့ညှပ်ရွာ မြောက်ဘက် ၁၀မိုင်ခန့်အကွာတွင်ကြံ့ညှပ်မှပုတီးဖြူသို့ သွားသောလှည်းလမ်း၏ အနောက်ဘက်တိုက် ၁၀၀ ခန့်အကွာ ဦးအောင်သန်းလေး၏ ကြံခင်း အတွင်းရှိ မြေနီကျင်း၌လည်း မီးဖိုဟောင်းအပျက်အစီးတစ်ခု တွေ့ရသည်။ တစ်ဧကခန့်ကျယ်သော မြေနီကျင်း၏ တောင်ဘက်ပိုင်းတွင်လည်း ဖိုဟောင်းအုတ်မြစ်နေရာများဟု ယူဆရသည့် နေရာဟောင်းငါးခုခန့် တွေ့ရသည်။ မြေနီကျင်း၏အောက်ခံမြေသားတွင် သံကျောက်လွှာထပ် များ ထွက်ပေါ်လျက်တွေ့ရသည်။

ကြံ့ညှပ်ရွာတောင်ဘက်ကြံ့ညှပ်နှင့်မြင်သာရွာအကြား ရွှေမြင့်ဦး ဘုရားကုန်းတွင် မီးဖိုဟောင်းနေရာများကို ရှာဖွေတွေ့ရှိရသည်။ ၎င်းနေရာ များမှာ သဲနှုန်းမြေများဖုံးအုပ်နေလျက် မြေပြင်တွင်အဝိုင်းပုံဖိုဝအချို့ မြင်ရသည်။ အချို့မှာလူနေတဲအိမ်များအကြားတွင်ရှိသည်။ ဖိုဟောင်း စုစုပေါင်း ခုနစ်ခုခန့်ရှိမည်ဟု သိရသည်။

တကောင်းမြို့ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရှေ့တွင် အဝိုင်းပုံသဏ္ဌာန်ရှိသော ဖိုဟောင်းသဏ္ဌာန် အုတ်ရိုးများကို တွေ့ရှိ ရသည်။ အုတ်ရိုးများတည်နေရာသည် တကောင်းမြို့ "သီရိဇေယျာ ခန်းမဆောင်ကြီး" ရှေ့ အလောင်း မင်းတရားကြီးကောင်းမှု "ဇိနအောင်ချာ ရွှေဘုံသာစေတီ" တံတိုင်းနှင့် တကောင်းသမိုင်းနှင့် ဆက်နွှယ်နေသည့် "ပေါက်ကျိုင်းဘုရား" တံတိုင်းတို့အကြား ပေ ၅၀ ခန့်ကျယ်သော ရွာလမ်း၏အလယ်တွင်ဖြစ်သည်။ အဝိုင်းပုံအု တ်ရိုးနှစ်ခု ခန့်တွေ့ရသည်။

ကုန်လုပ်ဆက်ဆံရေးအပေါ်တွင် အခြေပြုသောလူနေမှုဘဝ ပြောင်းလဲမှုကို ဖန်တီးသည့်အကြောင်းအရာတို့တွင် ကုန်ထုတ်ကိရိယာ ပြောင်းလဲလာမှုသည် အကြောင်းတရားတစ်ရပ်ပင်ဖြစ်ပေသည်။



သမိုင်းဦးဘုံမြေခေတ်အတွင်းက ကုန်ထုတ်ကိရိယာများ ပြောင်းလဲလာမှု ကြောင့် ကုန်ထုတ်လုပ်နည်းနှင့်စနစ်များပါပြောင်းလဲခဲ့ပုံ၊ ယင်းတို့ကို အခြေပြု၍ လူနေမှုဘဝတိုးတက်ခဲ့ပုံကို တွေ့ခဲ့ရပြီးဖြစ်သည်။

ခရစ်နှစ်ပေါ် ဦးကာလတွင် အရှေ့တောင်အာရှလူတို့သည် ကြေး၏အသုံးကိုသိခဲ့၏။ ကြေးသွန်းအတတ်ကိုတတ်သိလာကြ၏။ ကျောက်လက်နက်ထက် ကြေးလက်နက်ကပို၍ အစွမ်းထက်ကြောင်း သိလာကြ၏။ ကျောက်ချောခေတ်မှ ကြေးခေတ်သို့ ပြောင်းလဲလာ၏။ ခရစ်ပေါ် ဦးလောက်ကဟု ခန့်မှန်းရသော ဧရာဝတီမြစ်ဝှမ်း၊ မကွေးခရိုင်၊ ဗိသနိုးမြို့ဟောင်းတွင် သံပစ္စည်းအချို့ကို တွေ့ရသည်။ ကြေးခေတ်မှ သံခေတ်သို့ ပြောင်းလဲလာ၏။ မြန်မာနိုင်ငံတွင် ရှေးဦးပေါ် ပေါက်ခဲ့သော ပဒေသရာဇ်နိုင်ငံတို့အနက် သုဝဏ္ဏဘူမိ၊ တကောင်းနှင့်ဝေသာလီ နိုင်ငံငယ်တို့သည် ထင်ရှားသည်ဟု သမိုင်းပညာရှင်ဗိုလ်မှူးဘရှင်က "အနော်ရထာအရင်ကမြန်မာနိုင်ငံတွင်" ရေးသားဖော်ပြထားသည်။

တကောင်းနယ်ပယ်တွင် ပန်းပဲဆရာကြီးမောင်တင့်တယ် ဇာတ်လမ်း၊ "မောင်တင့်တယ်ကုန်း"၊ "မောင်တင့်တယ်သံချော်တန်း" ဟုဒေသခံများက ယနေ့တိုင်အစွဲအလမ်းကြီးမားနေကြသည်။ ဒဏ္ဍာရီဟုပင်ဆိုဆို ပုံပြင်ဟု ပင်ပြောပြော ဒေသခံတို့၏အစွဲကား အသည်းနှလုံးသားအထိ တိုးဝင် နေသည်။ တကောင်းဒေသပတ်ဝန်းကျင်တွင် "သံထိုဝရွှေနံ့တောင် "၊ "သံတောင်"၊ "ဘော်တောင်"၊ "ဒုဏ္ဍာပါလတောင်" ဟူသော ဒေသအခေါ်အဝေါ်များနှင့် သံချက်ဖိုကြီးများရှိနေသည်မှာ ဒဏ္ဍာရီ မဟုတ်၊ ပုံပြင်မဟုတ်၊ တကယ့်မျက်မြင်ကိုယ်တွေ့ အရှိတရား ဖြစ်သည်။ ဤအကြောင်းနှင့်ပတ်သက်၍ ဆရာကြီးဦးဖိုးလတ်က ရှေးဟောင်းမြန်မာ ရာဇဝင်နှင့် ယဉ်ကျေးမှုသုတေသနစာစောင်တွင် အောက်ပါအတိုင်း ရေးသားခဲ့သည်။

"ရှေးဟောင်းလူမျိုးတို့၏ သမိုင်းဆိုင်ရာ ရာဇဝင်များကို ယင်းတို့၌ သဘာဝနှင့်ဆန့်ကျင်သော အချက်အလက်များပါရှိမှုဖြင့် တန်ဖိုးမရှိ၊ မဟုတ်မမှန်ဟုတထစ်ချမယူဆရာ၊ ဤသို့ ဒဏ္ဍာရီဆန်သောပုံပြင် အကြောင်းအရာတို့မှ အဟုတ်အမှန်ဖြစ်ပျက်ခဲ့သော အကြောင်းအရာများကို ရွေးချယ်စိစစ်၍ ယူဆနိုင်သည့် သာဓကများလည်းအများပင်ရှိသည်။ လူမျိုးခြားနှင့်နိုင်ငံခြား မှတ်တမ်း၊ မှတ်စာသမိုင်းရာဇဝင်တို့တွင်ဖော်ပြခြင်းမရှိက မြန်မာနိုင်ငံတော်အတွက် နောက်ကြောင်းရာဇဝင်စပ်လျဉ်း၍ မြန်မာတို့၏သမိုင်းရာဇဝင်ကို မည်သို့မျှအတိအကျမယူဆနိုင်ဟူသော စိတ်နေစိတ်ထားမှာ လွန်စွာဟောက်ပြန်၍ တစ်ဖက်သတ်ကျလွန်းလှပေသည်"။

မည်သို့ပင်ဆိုစေ တကောင်းဝန်းကျင်တွင် ပန်းပဲဆရာကြီး မောင်တင့်တယ်နှင့် ဆက်နွယ်နေသည့်သံသတ္တုဆိုင်ရာ အထောက်အထားများတွေ့ရှိနေသည်ကား အမှန်ပင်ဖြစ်ပေတော့သည်။

## တကောင်းပြသနာအဖြေရှာ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် ဝန်ကြီးများ (၂၉–၇–၁၉၉၇) နေ့တွင် တကောင်းမြို့ဟောင်းသို့ရောက်ရှိစဉ်–

(က) မြန်မာအစနှင့်ပတ်သက်သည့် အထောက်အထားများ ရှာဖွေရန်။

(ခ) တကောင်းမြို့ဟောင်းသည် အညာပုဂံမြို့ဟောင်းနှင့် ရှုပ်ထွေးနေ၍ မည်သည့်မြို့ရိုး၊ မြို့တာသည် တကောင်းမြို့နှင့်သက်ဆိုင်ကြောင်း သုတေသန ပြုလေ့လာရန်။

(ဂ) တကောင်းမြို့ဟောင်းနှင့် ပက်သက်သည့် အစောပိုင်းကာလ မြန်မာ့သမိုင်းကြောင်းကို အထောက်အထား တိကျစွာ ရှာဖွေလေ့လာရန်။

ထို့ပြင် (၂၀–၁၀–၁၉၉၇) နေ့တွင် ဗိဿနိုးမြို့ဟောင်း တူးဖော်မှု လုပ်ငန်းများ ကြည့်ရှုစစ်ဆေးစဉ်–

(က) မြန်မာသမိုင်းကာလ အစောဆုံးဖြစ်သော ပျူခေတ်နှင့် တကောင်းခေတ်ကာလ ယဉ်ကျေးမှုဆက်စပ်ချက်များအား လေ့လာ သုတေသနပြုရန်။

(ခ) ပျူခေတ်ယဉ်ကျေးမှု တကောင်းမြို့ဟောင်းတွင် ထွန်းကားခဲ့ မှုရှိ၊ မရှိ သုတေသနပြုရန်။

ထပ်ဆင့်လမ်းညွှန်ခဲ့ပါသည်။

မြန်မာ့သမိုင်းပုံပြင်နှင့် မိရိုးဖလာယုံကြည်ချက်များအရ တကောင်းမြို့သည်ရှေးဟောင်းမြန်မာနိုင်ငံ၏ ထင်ရှားကျော်ကြားသောမြို့တစ်မြို့ဖြစ်ခဲ့သည်။ မြန်မာနိုင်ငံသမိုင်းခေတ်ဦးဆိုင်ရာ အခန်းကဏ္ဍသည် မထင်မရှား မှုန်မွှားမွှားမျှသာရှိချေသည်။ သမိုင်းပုံပြင်များ၊ ဒဏ္ဍာရီများနှင့် မိရိုးဖလာယုံကြည်ချက်များနှင့် ရောပြွန်းလျက်ရှိသည်။ တိမ်မြုပ်ပျောက်ကွယ်နေသော သမိုင်းကွင်းဆက် များကို ဖြည့်စွက်တင်ပြရန်လိုပေသည်။ တူးဖော်တွေ့ရှိသော မြေလွှာအနေအထားနှင့် တွေ့ရှိသောရှေးဟောင်းပစ္စည်းများဖြစ်သည့် အိုးအင်ခွက်ယောက်၊ ဆင်တုရုပ်တု၊ အုတ်ခွက်ဘုရား၊ ဒင်္ဂါးကျောက်စာ၊ ပုတီးစေ့၊ လူအသုံးအဆောင်ပစ္စည်းများနှင့် အုတ်အင်္ဂတေ ဗိသုကာအဆောက်အအုံတည်ဆောက်အသုံးပြုပုံ စသည်တို့ကို နှိုင်းယှဉ်လေ့လာ၍ ယဉ်ကျေးမှု ထွန်းကားသည့် ခေတ်ကာလကိုပိုင်းခြားသတ်မှတ်နိုင်ပေသည်။

တကောင်းနှင့်အညာပုဂံမြို့ဟောင်းကို တူးဖော်ရာမှ တွေ့ရှိရသော အထောက်အထားများအရ တကောင်းမြို့ဟောင်း တွင် နေထိုင်ခဲ့ကြသော သူတို့တွင် အသက်မွေးဝမ်းကြောင်းနှင့် ပက်သက်၍ လယ်ယာထွန်ယက်စိုက်ပျိုးခြင်း၊ ဥယျာဉ်စိုက်ပျိုးခြင်း၊ ဗိသုကာပန်းရန်၊ ပန်းပဲ၊ ပန်းတဉ်း၊ ပန်းထိမ်ပညာ၊ ကျောက်ဆစ်ပညာ၊ လက်သမားပညာ၊ အိုးလုပ်ငန်းနှင့် ပုတီး၊ လက်ကောက်လုပ်ငန်း စသောလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကြောင်း ပြုခဲ့ကြောင်း တွေ့ရပေသည်။ သံမြားသွားနှင့်ဓား အစရှိသည်တို့ကို တွေ့ရှိခြင်းနှင့် ကျုံးမြို့ရိုးတည်ဆောက်ပုံတို့ကို ထောက်ဆ၍ ကာကွယ်ရေးတပ်သားများ၊ အပ်ချုပ်သူလူတန်းစားများ ရှိခဲ့မည် ဟုလည်း ယူဆရပေသည်။

တကောင်းမြို့ဟောင်းသည် ရှေးထုံးစဉ်လာသမိုင်းအရ မြန်မာမှုနယ်ပယ်တွင် "သမိုင်းအစ" ဖြစ်သည်ဟု သမိုင်းအစဉ်အလာကြီးမားခဲ့



သောမြို့ဟောင်းတစ်မြို့ဖြစ်ပါသည်။ ယင်းသမိုင်းအစဉ်အလာကို မည်မျှအထောက်အကူပြုမည်နည်းဆိုသော ရည်ရွယ်ချက်ဖြင့် (၁၉၆၇-၆၉ မှ ၁၉၉၂- ၉၃) ထိကုန်းပေါင်း ၁၆ ကုန်းနှင့်စမ်းသပ်တူးကျင်း ၁၃ ကျင်း တို့ကိုတူးဖော်သုတေသနပြုခဲ့ပါသည်။ ၁၉၉၇- ၉၈ ခုနှစ်တွင် ကုန်းပေါင်း ၂ ကုန်း အမှတ်(၁၇ နှင့် ၁၈) နှင့် ၁၉၉၈-၉၉ ခုနှစ်တွင် ကုန်းပေါင်း ၂ ကုန်း (အမှတ် ၁၉ နှင့် ၂၀) တို့ကို တူးဖော်သုတေသနပြုခဲ့ပါသည်။

ယင်းသို့တူးဖော်သုတေသနပြုရာတွင်တွေ့ရှိရသော ရှေးဟောင်းယဉ်ကျေးမှုပစ္စည်းများအရ သမိုင်းမှတ်တမ်းများတွင် တွေ့ရှိရသော မင်းစဉ်မင်းဆက်များအားလည်းကောင်း၊ "မြန်မာအစ တကောင်းက" ဟူသော အဆိုအားလည်းကောင်း ထောက်ခံမှုပေးနိုင်သည့် အထောက်အထားများကို တွေ့ရှိရခြင်းမရှိသေးပါ။

သမိုင်းအစဉ်အလာကြီးမားသော ရှေးဟောင်းမြို့တစ်မြို့ဖြစ်ခဲ့သော်လည်း ယနေ့အထိ တူးဖော်တွေ့ရသော ရှေးဟောင်းပစ္စည်းများ၏လက်ရာနှင့် ပုံသဏ္ဍာန်များကို သုတေသနပြုလေ့လာတွေ့ရှိချက်အရ ပုဂံခေတ်အစောပိုင်းထက် ရှေးကျသော အထောက်အကူပစ္စည်းများကို တွေ့ရှိရမှုအလွန်နည်းပါးပြီး ပုဂံခေတ်အစောပိုင်းကာလနှင့် ယင်းခေတ်နောက်ပိုင်း လက်ရာ ပစ္စည်းများသာ အတွေ့ရများပါသည်။ ဤသည်မှာ ယဉ်ကျေးမှု ဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနဦးစီးဌာန၏ တကောင်းမြို့ဟောင်းတူးဖော်မှု အစီရင်ခံစာကို ခြုံငုံသုံးသပ်ချက်ဖြစ်ပါသည်။

ပညာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံသမိုင်းအဖွဲ့၏ တကောင်းမြို့ဟောင်း ကွင်းဆင်းသုတေသနအစီရင်ခံစာပါ လေ့လာတွေ့ရှိချက်များအပေါ် ခြုံငုံသုံးသပ်ချက်နှင့် အကြံပြုမှုများကို ကောက်နုတ်တင်ပြလိုပေသည်။

(က) တကောင်းမြို့ဟောင်းသုံးမြို့–

(၁) မြို့ဟောင်းအမှတ် (၁) (မြောက်လတ္တီတွဒ် ၂၃ ဒီဂရီ ၃၀ မိနစ် ၁၀ စက္ကန့်မှ ၂၃ ဒီဂရီ ၃၀ မိနစ် ၃၀ စက္ကန့်နှင့် အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၀ မိနစ် ၃၀ စက္ကန့်မှ ၉၆ ဒီဂရီ ၀၁ မိနစ် ၅ စက္ကန့်)။ အမှတ် (၁) မြို့ဟောင်းသည် အလျား ၈၈၀ ကိုက်နှင့် အနံ ၄၄၀ ကိုက်ခန့်ဘဲဥပုံ အလျားရှည်မြို့ဝန်းတစ်ခုဖြစ်၍၊ ဧက ၈၀ ခန့် ကျယ်ဝန်းသည်။ လက်ရှိမြို့ဟောင်း၏ တစ်နေရာတွင် ကျုံးနေရာမှ မြို့ရိုးအထိပေ ၂၀ ခန့်အမြင့်ရှိသည်။

(၂) မြို့ဟောင်းအမှတ် (၂) (မြောက်လတ္တီတွဒ် ၂၃ ဒီဂရီ ၂၉မိနစ် ၂၈စက္ကန့်မှ ၂၃ဒီဂရီ ၃၀ မိနစ် ၁၃ စက္ကန့်နှင့် အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၀ မိနစ် ၄၁ စက္ကန့်မှ ၉၆ ဒီဂရီ ၀၁ မိနစ် ၅ စက္ကန့်)။ အမှတ် (၂) မြို့ဟောင်းသည် တောင်မြောက်အလျား ၁၃၅၀ ကိုက်၊ အရှေ့နှင့် အနောက် အနံ ၈၀ ကိုက်ခန့်ရှိ၍ ဧက ၂၁၀ ခန့် ကျယ်သည်။ အလယ်ပိုင်းတွင် လေးထောင့်ပုံ အကျယ် ၃– ဧကခန့်ရှိသော မြေတံတိုင်းရံသည့် ကွက်လပ်တစ်ခုရှိသည်။ အရှေ့ဘက်နှင့် တောင်ဘက် မြို့ရိုးဟောင်း၊ ကျုံးဟောင်းတို့သည် အမြင့် ၁၀ ပေခန့် ကျန်ရှိပြီး၊ ကျုံအကျယ်ပေ ၄၀ ခန့်တွေ့ရသည်။ အနောက်ဘက်ဧရာဝတီ မြစ်ကမ်းတစ်လျှောက် မြို့ရိုးနှင့်ကျုံးတို့ကို မတွေ့ရပါ။

(၃) မြို့ဟောင်းအမှတ် (၃)၊ တကောင်းနှင့်အညာပုဂံ ကိုင့်လျက်အပြင်မြို့ဟောင်း။ (မြောက်လတ္တီ တွဒ် ၂၃ဒီဂရီ



၂၉ မိနစ် ၁၁စက္ကန့်မှ ၂၃ဒီဂရီ ၃၀ မိနစ် ၂၈ စက္ကန့်နှင့် အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၀ မိနစ် ၄၀စက္ကန့်မှ ၉၆ ဒီဂရီ ၀၁ မိနစ် ၁၀ စက္ကန့်)။ အမှတ် (၃) မြို့ဟောင်းသည် မြို့ဟောင်းအမှတ် (၁) နှင့် (၂) တို့၏ မြို့ကွက်များအပါအဝင် တောင်မြောက်အလျား ၂၆၄၀ ကိုက်နှင့် အရှေ့အနောက်အနံ ၉၉၀ ကိုက် ခန့်ရှိပြီး အကျယ်အဝန်းမှာ ဧက ၅၄၀ ခန့်ရှိပါသည်။

ယခုအချိန်ကွင်းဆင်းလေ့လာရေးခရီးစဉ်တွင် တွေ့ရသော တကောင်းအရှေ့ဘက် ၂ မိုင်ခန့်အကွာ တလားဝချောင်းနှင့် လပိုင်တင်အနီးမှ "ဘုရားထောင်" ကုန်းနှင့် "လေးထောင့်ကန်" ထပ်မံ ကွင်းဆင်းပြီး စမ်းသပ်တူးဖော်သင့် ပါသည်။ ("ဘုရားထောင်"ဟူသော အမည်မှာ သရေခေတ္တရာမြို့ ဟောင်းမှ "ဘုရားထောင်"နှင့် ကျိုက္ကသာမြို့ဟောင်းမှ "ဘုရားတစ်ထောင်ကုန်း"တို့နှင့် ဆင်တူအမည် မျိုးဖြစ်သည်။)

ထို့ပြင် တကောင်းတောင်ဘက် ဆံညှပ်ကုန်းနှင့်မကျီးကုန်းသွားသောလမ်းအတိုင်း ဧရာဝတီမြစ်ကမ်းတစ်လျှောက် တောင်ကုန်း များမှ ရှေးအရိုးအိုးများ ပေါ်ထွက်လျက်ရှိသည့်နေရာများကိုလည်း ထပ်မံလေ့လာစမ်းသပ်တူးဖော်သင့်ပါသည်။

ကြံညှပ်မြို့ဟောင်းမှ စုဆောင်းထားသော ကျောက်ချော လက်နက်ပစ္စည်းများ၊ ရှေးမြေပုတီး စသည်များကို ထောက်ရှု၍ ရှေးဟောင်းနေရာတစ်ခုဖြစ်ကြောင်းတွေ့ရပါသည်။

တကောင်းမြို့ဟောင်းမှ အရှေ့တောင်ဘက် ၁၀မိုင်ခန့် အကွာ သောင်းဝက်တောင်ခေါ် ကျောက်တန်းတောင်၏ ခြေရင်း၌ "နတ်တလင်းကုန်း" ဟုခေါ်သော "မောင်တင့်တယ်ကုန်း" ရှိပါသည်။ ထိုကုန်း၏ အနောက်ဘက်မြေပြန့်တွင် "နတ်ရေကန်" ခေါ် "ရေပူစမ်း" နှင့်

"မောင်တင့်တယ်ချော်တန်း"ခေါ် မြေမြို့ရိုး သဏ္ဌာန်ကုန်းတန်းများ ရှိပါသည်။

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ တက္ကသိုလ်များ သမိုင်းသုတေသနဌာနမှ တကောင်းအနီးဝန်းကျင်ဒေသ ကွင်းဆင်း သုတေသန အစီရင်ခံစာ အကြံပြုချက်စာတမ်းတွင် အောက်ပါအတိုင်း ဖော်ပြထားသည်။

## (၁) ကျောက်ခေတ်သုတေသန

တကောင်းမြို့ဟောင်းဒေသတွင် ရှေးဟောင်းသုတေသန ဦးစီးဌာနက ၁၉၆၇–၆၈ နှင့် ၁၉၆၈–၆၉ ဘဏ္ဍာရေးနှစ်များအတွင်း နှစ်ကြိမ်တူးဖော် စဉ် တွေ့ရှိရသောအထောက်အထားများမှာ ပုဂံခေတ်ပိုင်းဆိုင်ရာ အထောက်အထားများက ဖြစ်သည်ဟုဆိုသော်လည်း ကျောက်ခေတ် အထောက်အထားအချို့ရကြောင်း သိရသည်။ ယင်းတို့မှာ ကျောက်ခေတ် နှောင်းလူတို့ အသုံးပြုလေ့ရှိသော စင်းချောကျောက်လက်နက် ငယ်များဖြစ်သည်။ ၎င်းတို့ကို အပေါ်ယံမြေဆီလွှာ (မြေလွှာအမှတ် – ၁ နှင့် မြေလွှာအမှတ် –၂) ဖြစ်သော ပုဂံခေတ်လူနေမှုမြေလွှာ မှ တူးဖော်တွေ့ရှိခြင်းကြောင့် တကောင်း၌ ကျောက်ခေတ်နှောင်း လေ့ထွန်းကားခဲ့သည်ဟု အတည်ပြုရန် မဖြစ်နိုင်ပေ။ နှောင်းခေတ်လူတို့ တစ်နေရာမှတစ်နေရာသို့ အထူးအဆန်းပစ္စည်းတစ်ရပ်အနေဖြင့် ပြောင်းရွှေ့ယူဆောင်သုံးစွဲခဲ့ကြခြင်းသာ ဖြစ်မည်ဟုယူဆရသည်။ (ဦးသန်းဆွေ၊ တကောင်းမြို့ဟောင်းတူးဖော် လေ့လာတွေ့ရှိချက်များ၊ ၁၉၉၃၊ စာ–၂၁၈ ၌ဆိုသည်။)

တက္ကသိုလ်များသမိုင်းသုတေသနဌာန၊ တကောင်းမြို့ဟောင်း ကွင်းဆင်းအဖွဲ့သည် ယခင်နှစ်ကတစ်ကြိမ် ကွင်းဆင်းခဲ့စဉ်က



တကောင်း၏ အနောက်ဘက်မင်းဝံတောင်တန်းရှိ ငပိအိုးချောင်းနှင့် ဇင်းချောင်းဒေသ၌ ကျောက်လက်နက်များတွေ့ဖူးကြောင်းစုံစမ်း သိရှိရသည်။ ယခုခရီးစဉ်တွင် တကောင်းအနီးကြံညှပ်၊ ဗိုလ်ကုန်းနှင့် တုံငယ် ကျေးရွာတို့မှာ ကျောက်ခေတ်အထောက်အထားအချို့ထပ်မံ တွေ့ရှိရသည်။ ကျောက်လက်နက်များတွေ့ရှိရာ တွေ့ရှိရသောအထောက် အထားတို့မှာ အရေအတွက်များပြားလျက်ရှိရာ ယင်းဒေသနှင့်အနီး တစ်ဝိုက်မှကျောက်ခေတ်ဆိုင်ရာအထောက်အထားများကို အလေးထား၍ လေ့လာသင့်ပြီဖြစ်သည်။ တကောင်းမြို့ဟောင်း သမိုင်းကိုလေ့လာရာ တွင်အကြိုသမိုင်းခေတ်က ၎င်းဒေသအနီး လူမှုဆိုင်ရာအထောက် အထားများကိုလည်း ဆက်လက်လေ့လာသင့်ကြောင်းတင်ပြအပ် ပါသည်။

## (၂) အရိုးအိုးကုန်းများ

တကောင်းတွင် ၁၉၆၇–၆၈ နှင့် ၁၉၆၈–၆၉ တူးဖော်မှု မှပျူလူမျိုး တို့ကဲ့သို့ ကွယ်လွန်သူတို့၏ ရုပ်လောင်းကိုမီးရှို့၍ကြွင်းကျန်ရစ်သော အရိုးအစအနနှင့်ပြာများကို ကျောက်အိုး မြေအိုးများတွင် ထည့်ကာ မြှုပ်နှံထားလေ့ရှိကြောင်း အထောက်အထားမတွေ့ရဟုဆိုသည်။ (ဦးသန်းဆွေ၊ ၁၉၉၃–ခုနှစ်၊ စာ–၂၀၀–၂၀၉။) သို့ရာတွင် လူနေကုန်းများကို တူးဖော်စဉ်မြေလွှာအဆင့်ဆင့်ကို တွေ့ရတတ်ပြီး မြေလွှာအတွင်း၌လည်း အိုးခြမ်းပဲ့၊ အရိုး၊ အစအန၊ ပြာ၊ မီးသွေး စသည်တို့ကိုတွေ့ရသည်ဟုလည်း ဖော်ပြ ပါသည်။ (ဦးသန်းဆွေ ၁၉၉၃ ခုနှစ်၊ စာ ၂၀၀။) ရှေးဟောင်း သုတေသနဌာနက တကောင်းကို ၁၉၉၂– ၉၃ ခုနှစ်အတွင်း တတိယအကြိမ်ပြန်လည်တူးဖော်သောအခါ အမှတ် (၁၅) ကုန်းတူးဖော်မှုမှ အိုးတစ်လုံး (ဌာပနာအိုး) နှင့် ၎င်းအိုးအတွင်းမှ

အရိုးနှင့်သေးငယ်သောရောင်စုံကျောက်များတွေ့ရသည်။ ကျောက်တုံးရေစုစုပေါင်း ၅၆ လုံးရှိပြီး အားလုံးသည် အလယ်တွင်အပေါက်ပါသည်ဟုသိရသည်။ (ဦးကိုကို၊ ၁၉၉၃၊စာ-၂၃)

ဤကွင်းဆင်းအဖွဲ့သည် တကောင်းဒေသအတွင်း တကောင်းတောင်ဘက် ၈ မိုင်အကွာ ပုတီးဖြူရွာနှင့် ၆ မိုင် ကွာရှိ ဆံညှပ်ကုန်းရွာအနီးမှ အရိုးအိုးကုန်းများကိုတွေ့ရပြီး၊ ၎င်းကုန်းတို့မှ အရိုးအစအနများနှင့် ပုတီးစေ့များကိုလည်းရခဲ့သည်။ ၎င်းကုန်းတို့မှာ သေသူတို့၏ ရုပ်ကြွင်းကို မီးရှို့ပြီးအရိုးပြာကို အိုးတွင်ထည့်၍ သင်္ဂြိုဟ်သော သင်္ချိုင်းကုန်းနေရာများဖြစ်လာနိုင်ပါသည်။ သို့ဖြစ်၍ တကောင်းမြို့ဟောင်းကို တူးဖော်လေ့လာသော အခါ၎င်းမြို့ဟောင်းအနီးဝန်းကျင်ရှိ ရှေးဟောင်းသင်္ချိုင်းကုန်း နေရာများကိုလည်း ရှာဖွေဖော်ထုတ်ပြီး တူးဖော်လေ့လာသင့်ကြောင်း တင်ပြအပ်ပါသည်။

## (၃) မြို့ရိုးကုန်းများ

### (က) တကောင်းမြို့ဟောင်းနေရာ

တကောင်းဒေသတွင်အသစ်တွေ့မြို့ရိုးဟု အမည်ပေးထားသော တကောင်း အမှတ် ၃ မြို့ဟောင်းရာသည် အမှတ်(၁) နှင့် အမှတ် (၂) မြို့ဟောင်းတို့ထက် ပုံသဏ္ဍာန်အရွယ်အစားနှင့် ပျက်စီးပြုန်းတီးမှုအနေအထားအရရှေးကျမည်ဟု ခန့်မှန်းရသည်။ ၎င်းမြို့ဟောင်းရာကို ယခင်ကအစမ်းတွင်း အမှတ်(၁၅) နေရာတူးဖော်လေ့လာခဲ့ပြီးဖြစ်ပါသည်။

၁။ မြို့အမှတ် (၁) နှင့်မြို့အမှတ် (၃) မြို့ဆက်နေရာ
၂။ မြို့အမှတ် (၂) နှင့်မြို့အမှတ် (၃) မြို့ဆက်နေရာ
၃။ မြို့အမှတ် (၃) နှင့်အစမ်းတွင်းအမှတ် (၁၂) အနီး မြို့ဝင်ပေါက်ဟု ယူဆရသောနေရာ



တို့ကို တူးဖော်လေ့လာသင့်သည်ဟု ယူဆပါသည်။ အဘယ်ကြောင့်ဆိုသော် မြို့ဆက်နေရာများကို တူးဖော်ခြင်းဖြင့်မြို့တစ်ခုနှင့်တစ်ခုခေတ်ကာလကွဲပြားမှုကို သိနိုင်မည်ဖြစ်ပါသည်။

### (ခ) မောင်တင့်တယ်ကုန်း။

တကောင်းဒေသတွင်း သောင်းဝှက်တောင်ခြေရှိ သင်ပေါင်းကွင်းမှာ ထူးခြားမှုရှိပါသည်။ "နတ်တလင်းကုန်း" "နတ်ရေကန်" နှင့်"မောင်တင့်တယ်ကုန်း"တို့မှာနတ်ကြီးသော နေရာဟုအယူအဆရှိသောကြောင့် ဒေသခံတို့ အထူးအလေးအမြတ်ထားသော နေရာများဖြစ်ပါသည်။

### (၃) သံချက်ဖိုကုန်းများ

မြန်မာနိုင်ငံ ရှေးဟောင်းမြို့များထွန်းကားသောခေတ်မှာ သံခေတ်ဟုဆိုနိုင်ပေသည်။ တူးဖော်လေ့လာပြီးသမျှသော ရှေးဟောင်းတိုင်းမှာ သံထည်ပစ္စည်းများကိုတွေ့ရသည်။ ၎င်းပစ္စည်းများထုတ်လုပ်ရန်အတွက် သံသတ္တုကို ဒေသတွင်းမှာပင်ထုတ်လုပ်နိုင်သည်ဟုယူဆရသည်။ မြန်မာနိုင်ငံတွင် သံသတ္တုကို အသုံးပြုခြင်းသည်ခရစ်နှစ်ဦးကာလခန့်ကပင်စတင်ခဲ့ပြီး ယနေ့ကာလအထိပင်ဖြစ်သည်။ တကောင်းနှင့်အနီးဝန်းကျင်တွင် သံချက်ဖိုကုန်း ၂၀ ခန့်တွေ့ရသည်။ သံချက်ဖိုကုန်းများကို အထူးပြုလုပ်လေ့လာသင့်သည်ဟု ယူဆပါသည်။

"မြန်မာအစတကောင်းက၊ ပြောကြအစဉ်အလာ၊ သာကီနွယ်ရင်း၊ ဝင်ရောက်ခြင်း၊ မင်းအဘိရာဇာ" ဟူသည် ကျွန်တော်တို့ငယ်စဉ်ကပင် ရင်းနှီးကျွမ်းဝင်ပြီးဖြစ်သည်။ သာလွန်မင်းအမေး၊ တောင်ဖီလာဆရာတော်အဖြေကျမ်းတွင်လည်း "တကောင်းသည်မြန်မာပြည်၏အမွန်" ဟုပါရှိရာ "မြန်မာပြည်၏အစတကောင်း" ဖြစ်ကြောင်းမှတ်သားနားလည်

မိပါသည်။ ထို့ပြင် "တကောင်းအဘိရာဇာ၊ တို့ဗမာသာကီမျိုး ဟာမို့၊ မညှိုးဂုဏ်တေဇာ" ဟူသည့် အမျိုးသားသီချင်းသည် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် ဇာတိမာန်ထက်သန်စေပြီး အင်အားတစ်ရပ်ဖြစ်စေခဲ့ပါသည်။ ထို့ကြောင့် တကောင်းသည် မြန်မာ့သမိုင်းကြောင်းတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်နေသည်။

ဆရာကြီး ဖေမောင်တင်၏ တကောင်းပြဿနာတွင် အောက်ပါအတိုင်း ရေးသားထားသည်-

"ထို့ကြောင့် ယခုတကောင်းရာဇဝင်စကားတွင်လည်း ရှေ့ဆရာနှင့် နောက်ဆရာများ သဘောကွဲလွဲအဆိုနှစ်ပြင်ရှိနေချက်ကို ကျွန်ုပ်တို့သည် ဤသို့ဆိုကြသည်-တကားဟု မှတ်သားထား၍ ရှေ့သို့ဆက်လက်စုံစမ်းရန် လိုပေသည်။ ဤတကောင်းစကားမှာ မြန်မာလူမျိုး၊ မြန်မာသမိုင်း၏ မူလမြစ်ရင်းနှင့် သက်ဆိုင်သောကြောင့် အခြားသောရာဇဝင်စကားများထက် အရေးကြီးလေသည်။ မြန်မာရာဇဝင်တစ်လျှောက်လုံး "မြန်မာအစတကောင်းက "ဟုစွဲမှတ်ခဲ့ကြလေသည်။ "တို့ဗမာသာကီမျိုး" ဟူ၍လည်းဂုဏ်တက်ခဲ့ကြသည်။ ဤသို့ယူမှတ်ခဲ့ကြသော စကားများသည် သို့လော သို့လောဖြစ်ကာ မသဲမကွဲတွေဝေဝိုးဝါးဖြစ်ခဲ့လျှင် စိတ်ဓာတ်လှုပ်ရှား တောင်စဉ်ရေမရဖြစ်နေမည်ကို စိုးရသည်။ မည်သို့ပင်ဖြစ်စေကာမူ ကိုယ့်မျိုးရိုး၊ ကိုယ့်ဇာတိ၊ ကိုယ်မူလကိုအမှန်အတိုင်း အတိအကျ သိရှိထားရန် အရေးကြီးလေသည် အမျိုးသားစိတ်ဓာတ်ကြွနိုင်မှု၊ မျိုးချစ်စိတ်ဓာတ်ရင့်သန်မှု၊ အမျိုးသားညီညွတ်မှု၊ အမျိုးသားကြိုးပမ်းမှုများ အတွက်လည်း အရေးကြီးသည်။ ရာဇဝင်ပညာ တိကျ မှန်ကန်မှုအတွက်လည်း အရေးကြီးသည်"။



တကောင်း၏သမိုင်းကြောင်းကို ဟုတ်တိုင်းမှန်ရာ တိကျမှန်ကန်စွာ သိရှိမှတ်ယူထားကြရန် တကောင်းပြဿနာ အဖြေမှန်ရှာရန် အရေးကြီးပေသည်။

## သစ်လည်းသစ်၍ ဖြစ်လည်းဖြစ်၏

"ဟောင်းလည်းဟောင်း၍မကောင်းသည့် အရာလည်းရှိသည်၊
ဟောင်းသာဟောင်း၍ကောင်းသောအရာလည်းရှိသည်။
သစ်ကားသစ်၍ မဖြစ်သည့်အရာလည်း ရှိသည်။ သစ်လည်း
သစ်၍ဖြစ်သည့်အရာလည်းရှိသည်။"

ဟူ၍ ရွှေဘုံနိဒါန်းကျမ်းတွင်ဆိုခဲ့၏။ ယင်းတို့အနက် ဟောင်းသာဟောင်း၍ ကောင်းသောအရာနှင့်သစ်လည်းသစ်၍ ဖြစ်လည်း ဖြစ်ရသည့် အရာများကို တကောင်းမြို့ဟောင်းတွင် တွေ့မြင်ရသည်။

တကောင်းမြို့ဟောင်းသည် ရေကြောင်းခရီးဖြင့် ဆန်တက်သော် မန္တလေးမြို့အထက် ရေမိုင် ၁၂၇ မိုင် အကွာ ဧရာဝတီမြစ် အရှေ့ဘက်ကမ်းပေါ်တွင်တည်ရှိပြီး အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၁ မိနစ်၊ မြောက်လတ္တီတွဒ် ၂၃ ဒီဂရီ ၃၀ မိနစ်တွင် တည်ရှိသည်။ တကောင်းမြို့ဟောင်းသည် မန္တလေးတိုင်း၏ မြောက်ဘက်အစွန်ဆုံးတွင်ရှိပြီး ဧရာဝတီမြစ်နှင့် မင်းဝံတောင်တန်းကို နောက်ခံပြုလျက် လှပသောရေမြေတောတောင် ပတ်ဝန်းကျင်တို့ဖြင့် ဝန်းရံလျက်ရှိသည်။ စေတီပုထိုးဟောင်းများ၊ ကျုံးမြို့ရိုးများက ရှေးဟောင်းမြို့တစ်မြို့ဖြစ်ကြောင်း သက်သေပြလျက်ရှိသည်။ ဇမ္ဗူဒီပဉဆောင်းကျမ်းတွင်-

"တကောင်းနယ်ကား အရှေ့လားသော် တရုတ်လမ်းမ၊
တောင်ကိုလားသော် ဖလူးတောင်၊ အနောက်ကို လားသော် ပယင်း
တွင်း၊ မြောက်ကိုလားသော် တင်းမြစ်နား"

စသည်ဖြင့်ဖော်ပြထားသည်။

တကောင်းမြို့ဟောင်းနှင့်ပတ်သက်၍ မြန်မာရာဇဝင် ကြီးများတွင် တခမ်းတနားရေးသားဖော်ပြထားသည်၊ တကောင်း မြို့၏ အမည်များကို "သံသာရပူရ" ဟူ၍လည်းကောင်း၊ "ရဋ္ဌပူရ" ဟူ၍လည်းကောင်း၊ "သင်းကွဲ" ဟူ၍လည်းကောင်း၊ "တကောင်း" ဟူ၍လည်းကောင်း အမည်တွင်ခဲ့ကြောင်းမှန်နန်းရာဇဝင်တော်ကြီးတွင်လာရှိသည်။ ထို့ပြင် "သင်္ကဿရဋ္ဌ" ဟူ၍လည်းကောင်း၊ "ပဉ္စာတကောင်း" ဟူ၍လည်းကောင်း တွေ့ရသည်၊ တကောင်းဟူသည်မှာ ရှမ်းဘာသာအားဖြင့် "စည်းကူးတို့" ဟုအဓိပ္ပာယ်ရကြောင်း၊ ဆိုလိုရင်းမှာ (တ+ကောင်) ဟူသောစကားရပ်တွင် "တ" မှာ ကူးတို့ဆိပ်ဖြစ်ပြီး "ကောင်"မှာ အစုအပုံ (ဝါ) ကုန်ပစ္စည်းများ စုပုံရာ ကူးတို့ဆိပ်ဟူ၍ပင် ဖြစ်ကြောင်းသိရလေသည်။ ကောက်ပဲသီးနှံ ဆန်ရေစပါးပေါများပြီး ကူးသန်းရောင်းဝယ်ရေးလည်း ကောင်းခဲ့သည့် မြို့ကြီးဟု ပညာရှင်များက မှတ်တမ်းတင်ခဲ့သည်။ ထိုစဉ်က တကောင်း မြို့မှာ "ဆိပ်ကမ်းမြို့" ဖြစ်၍ "ကသာမြို့" မှာကုန်ပစ္စည်းများရောင်းဝယ်ရာ "ဈေး" မြို့ဖြစ်သည်ဟု ဒေသခံများရှေးအစဉ်စကားကို ယခုတိုင်ပြောဆို နေဆဲရှိကြသည်။

မှန်နန်းရာဇဝင်တော်ကြီး၌ အိန္ဒိယ၏နိုင်ငံ ကပ္ပိလဝတ်ပြည်မှ အဘိရာဇာမည်သော သကျသာကီဝင်မင်းသည် ဗိုလ်ခြေအလုံးအရင်းဖြင့် မဇ္ဈိမဒေသမှ ဖဲခဲ့ပြီး သင်္ကဿရဋ္ဌ မည်သော တကောင်းပြည်ကို လက်မှန်မဆွ စတင်တည်ထောင် စံနေတော်မူသည်။ သို့ဖြင့်သားတော် အစဉ် မြေးတော်အဆက် ဆက်လက်အုပ်စိုးခဲ့ရာ မင်းပေါင်းသုံးကျိပ် သုံးပါးမျှအထိ ကြာမြင့်ခဲ့သည်။ ထိုမင်းတို့ဆုံးစွန်သော ဘိန္နကရာဇာ မင်းကြီးလက်ထက်၌ တကောင်းပြည်ကြီးပျက်စီးခဲ့ရလေသည်။

မဇ္ဈိမဒေသမှ ဂေါတမမြတ်စွာဘုရားထင်ရှားပွင့်တော်မူစဉ် သကျသာကီဝင်မင်းများအထဲမှ ဓဇရာဇာအမည်ရှိသော သကျသာကီပင်



မင်းသည် မြန်မာနိုင်ငံသို့ ချဉ်းနင်းဝင်ရောက်ပြီး လျှင် တကောင်းမြို့အနီးရှိ အညာပုဂံမြို့ကို စတင်တည်ထောင်ပြီး နောက် ဒုတိယပဉ္စာတကောင်း မင်းဆက်ကို စတင်တည်ထောင်ခဲ့ လေသည်။ ၎င်းမင်းဆက်တွင် သတို့မဟာရာဇာမင်းအထိ တစ်ကျိပ်ခုနစ်ပါးသောမင်းတို့သည် အစဉ်အဆက်စိုးစံတော်မူခဲ့ ကြလေသည်ဟု ဖော်ပြယားသည်။

မြန်မာနိုင်ငံသမိုင်းခေတ်ဦးဆိုင်ရာ အခန်းကဏ္ဍသည် မထင်မရှား မှုန်ဝါးဝါးမျှသာရှိချေသည်။ သမိုင်းပုံပြင်များ၊ ဒဏ္ဍာရီများ၊ မိရိုးဖလာ ယုံကြည်ချက်များဖြင့် ရောပြွမ်းလျက်ရှိသည်။ "မြေကြီးသည် စာအုပ်ဖြစ်ပြီး၊ ရှေးဟောင်းဝတ္ထုပစ္စည်း တို့မှာ စာသားစာပိုဒ်များဖြစ်သည်" ဟု ရှေးဟောင်းသုတေသီများက ဆိုခဲ့သည်။ မြန်မာနိုင်ငံ ရှေးဟောင်း သုတေသနဌာန၏ တူးဖော်တွေ့ရှိချက်အရ ရှေးဟောင်းပစ္စည်းများ ဖြစ်သည့် အိုး၊ အင်၊ ခွက်ယောက်၊ ဆင်းတု၊ ရုပ်တု၊ အုတ်ခွက်ဘုရား၊ ဒင်္ဂါးကျောက်စာ၊ ပုတီးစေ့၊ လူ့အသုံးအဆောင်ပစ္စည်းများနှင့် အင်္ဂတေ၊ ဗိသုကာ အဆောက်အအုံတည်ဆောက်အသုံးပြုပုံ စသည်တို့ကို နှိုင်းယှဉ်လေ့လာ၍ ယဉ်ကျေးမှုထွန်းကားသည့် ခေတ်ကာလကို ပိုင်းခြား သတ်မှတ်နိုင်ပေသည်။

တကောင်းမြို့ဟောင်းတူးဖော်ရာမှ တွေ့ရှိရသော အထောက် အထားတို့အရ မြို့ရိုး၊ မြို့တာ၊ ကျုံး၊ သုရဲခို စသည်တို့ဖြင့် အခိုင်အမာ မြို့ပြတည်ဆောက်နေထိုင်ကြသည်ကို ထောက်ဆ၍ မြင့်မားသော ယဉ်ကျေးမှုအဆင့်အတန်းရှိသည့် လူများနေထိုင်ကြရာ မြို့ဖြစ်ခဲ့ကြောင်း သိရသည်။ တကောင်းမြို့ဟောင်းတွင် နေထိုင်ခဲ့ကြသောသူတို့တွင် အသက်မွေးဝမ်းကျောင်းမှုနှင့်ပတ်သက်၍ လယ်ယာထွန်ယက် စိုက်ပျိုးခြင်း၊ ဥယျာဉ်စိုက်ပျိုးခြင်း၊ ဗိသုကာ၊ ပန်းရန်၊ ပန်းပဲ၊ ပန်းတင်း၊ ပန်းထိမ်၊ ကျောက်ဆစ်၊ လက်သမား၊ အိုးလုပ်ငန်းနှင့် ပုတီးလက်ကောက်

စသည့်လုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုခဲ့ကြောင်း တွေးဆရသည်။သံမြား၊ သံသွား၊ ဓား၊ လှံ အစရှိသည်တို့ကို တွေ့ရှိရခြင်းနှင့် ကျုံးမြို့ရိုးတည်ဆောက်ပုံတို့ကို ထောက်ဆ၍ ကာကွယ်ရေး လုပ်ငန်းများ၊ စစ်မက်ရေးရာများ ထင်ထင်ရှားရှား ရှိနေပြီဖြစ်ကြောင်း ယူဆရသည်။ ရှေးဟောင်းသုတေသနက တူးဖော်သောအခါ တကောင်းမြို့ရိုး၏ ပုံသဏ္ဍာန်အကျယ်အဝန်း ကို ထင်ထင်ရှားရှားတွေ့ရသည်။

ပုဂံခေတ်ကျောက်စာများအရ ထိုခေတ်က ကဒူးတို့သည် တကောင်းမြို့ဝန်းကျင်နှင့် မူးမြစ်ဝှမ်းအထက်ပိုင်း ဒီပဲယင်း ဒေသတို့တွင် နေထိုင်ခဲ့ကြကြောင်းသိရသည်။ တကောင်းကို စတင်တည်ထောင်သည့် အချိန်က မြန်မာနိုင်ငံအထက်ပိုင်းတွင် အရှေ့ဘက်၌ ပျူလူမျိုး၊ အနောက်ဘက်၌ ကမ်းယံလူမျိုး၊ မြောက်ဘက်၌ သက်လူမျိုး၊ ရောဝတီ၊ စစ်တောင်း၊ သံလွင်တို့၌ မွန်လူမျိုးများရှိနှင့်ကြပြီး သမိုင်းဆရာတို့က ယူဆသည်။

အလောင်းမင်းတရားကြီးသည် ဆင်ဘိုမှန်ကင်းမှ ပြန်လည်စုဆင်းတော်မူသောအခါ တကောင်းမြို့တွင်စံနေတော်မူပြီး သက္ကရာဇ် ၁၁၁၅ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁၄ ရက်နေ့ စေတီတည်စေ၍ ရွှေထီးအထွဋ်တင်လှူပြီးလျှင်“ဓိနအောင်ချာ ရွှေဘုံသာ”ဟူသော ကျောက်စာကမ္ပည်းနှာမ်တော်ကို လှူတော်မူသည်။

တကောင်းမြို့ဟောင်းတည်နေရာသည်“ရောဝတီ၊ ရွှေလီနှင့် မဲဇာမြစ်” တို့ပေါင်းဆုံရာအောက်ဘက်အနီးတွင်ရှိသည်။ ထိုခေတ်က ရေလမ်းတစ်ခုတည်းကိုသာအားထားရသဖြင့် ခရီးလမ်းဆက်သွယ်ရေး ကောင်းမွန်သည်။ မြစ်နှစ်ဘက်ကာရံထားပြီး အနောက်ဘက်တွင် မင်းဝံတောင်တန်းကြီး ကာဆီးထားသဖြင့် သဘာဝအတားအဆီးများက ရန်သူများ၏ နှောင့်ယှက်ဖျက်ဆီးမှုကို ကာကွယ်နိုင်သည်။ မြစ်ဆုံဒေသ



ဖြစ်သဖြင့် ကျယ်ပြန့်သော နုန်းတင်မြေနုကျွန်းများ ပေါ်ထွန်းပြီးသီးနှံ မျိုးစုံစိုက်ပျိုးနိုင်၏။ ထို့ပြင် မိုင်းတိုင်း ၁၂ ပြင်(တစ်ဆယ့်နှစ်ပြင်) ဆိုသည်မှာ တကောင်းမြို့ပြထွန်းကားစဉ်က တာလဝချောင်းတို့ပေါင်းဆုံ စီးဆင်းကြကုန်သော ချောင်းပေါင်း တစ်ဆယ့်နှစ်ချောင်း တို့ကို ပြုပြင်ကာ လယ်ယာနိုင်ငံတည်ဆောက်ခဲ့သော တကောင်းမြို့၏ ကျောထောက် နောက်ခံစပါးကျီနယ်ကြီးဖြစ်၏။ ချောင်းပေါင်း ၁၂ ချောင်းတွင် အုပ်ချုပ်သူ ထမုန်လူကြီး ၁၂ ဦးရှိသောကြောင့် မိုင်းတိုင်း ၁၂ ပြင် ဟုယနေ့တိုင် ခေါ်ဆိုကြဆဲ ဖြစ်သည်။

မိုင်းတိုင်းမှ အရှေ့ဘက်ကိုကျော်လျှင် ရွှေလီမြစ်သို့ ရောက်၏။ မိုင်းတိုင်းမှမြောက်ဘက်တောင်ကြားကိုကျော်လျှင် မြတောင်နယ်ဖြစ်သော ပါကလား ၁၂ ပြင်ကိုရောက်၏။ မိုင်းတိုင်းမှ တောင်ဘက်သောင်းဝှက် တောင်ကိုကျော်လျှင် တုံကွဲယား ၁၂ ကိုရောက်၏။ မိုင်းတိုင်း ၁၂ ပြင်၊ ပါကလား ၁၂ ပြင်၊ တုံကွဲယား ၁၂ ပြင်တို့သည် မင်းတုန်းမင်းတရားကြီး လက်ထက်တိုင် စည်ကားသာယာလျက် တကောင်းမြို့မှတစ်ဆင့် မိုင်းတိုင်းသို့ ကြေးနန်းလမ်းဖောက်လုပ်ခဲ့ကြောင်း သိရသည်။ လယ်ယာချောင်း မြောင်းဟောင်းများ၊ ရှေးဟောင်းသာသနိက အဆောက်အအုံများ စသည့် သမိုင်းဆိုင်ရာအထောက်အထားများ ယနေ့တိုင်တွေ့ ရှိနိုင်ပါသည်။

ဤသည်တို့မှာ ဟောင်းသာဟောင်း၍ကောင်းသော အရာများ ဖြစ်သည့် တကောင်းမြို့ဟောင်း၏ကောင်းခြင်းလက္ခဏာများဖြစ်သည်။ ရှေးမြန်မာဘုရင်များ၏ မြို့ပြပြည်ရွာတည်ထောင် နေထိုင်ပုံ စနစ်ကျနမှုကို လည်းဆင်ခြင်သင့်ပေသည်။ တကောင်း၏ သမိုင်းဟောင်းကိုရာဇဝင် အစောင်စောင်တွင် အကျယ်တဝင့် ရေးသားခဲ့ကြပြီးဖြစ်၍ အထူး မဆိုလိုတော့ပြီ။ တကောင်းသမိုင်းသစ်၏ စာမျက်နှာကိုသာဖွင့်ဆိုလို

ပေပြီ။ သမိုင်းဟောင်းက ကောင်းခဲ့သောတကောင်းသည် ယခုလည်း တိုးတက်ကောင်းမွန်လျက် အမွေကောင်းကိုခံယူလျက်ရှိပေသည်။

အညာဆန်ရောဝတီသဘော်ကြီးဖြင့် တကောင်းမြို့ဟောင်း ဆိပ်ကမ်းသို့ဆိုက်ကပ်လျှင် ဆိုင်းဘုတ်ကြီးကိုထင်ထင် ရှားရှားအဝေးမှပင် တွေ့မြင်နိုင်ပါသည်။

**"တကောင်းမြို့တောင်းမှ လှိုက်လှဲစွာကြိုဆိုပါ၏"**

လမ်းဟောင်းမှလမ်းကြောင်းသည် ရှည်လျားသည့်မြေနီလမ်းကြောင်းဖြစ်၏။ အုတ်မြို့ရိုးဟောင်းကိုဖြတ်၍ ဖောက်လုပ်ထားသည့် မြို့ရိုးအပိုင်းအစများ၊ အုတ်ကျိုးအပိုင်းအစများ စတင်တွေ့ရသည်။ တကောင်း "မြို့ဦးဘုရား" ၊ "ပေါက်ကျိုင်းဘုရား"၊ အလောင်းမင်းတရားကြီးကောင်းမှု "ဇိနအောင်ချာ ရွှေဘုံသာ" စေတီတော်မြတ်တို့ကို အထင်အရှားဖူးမြော်ရသည်။ ထို့ပြင် ရှေးဟောင်းသုတေသနဦးစီးဌာနမှ တူးဖော်နေသောတကောင်းမြို့ ဟောင်းကုန်းအမှတ် (၁၈)၊ ကုန်းအမှတ် (၁၉) များတူးဖော်နေမှုများကိုတွေ့ရှိနိုင်သည်။ ထို့ကြောင့်လည်း တကောင်းမြို့ဟောင်း တွင်တာဝန်ထမ်းဆောင်ခဲ့သော ဗြိတိသျှ အရာထမ်းတစ်ဦးက အောက်ပါအတိုင်းမျက်မြင်ကိုယ်တွေ့ မှတ်တမ်းတင် ခဲ့ပါသည်။

"မြို့ဟောင်းများအနက် တကယ့်မြို့ဟောင်းစစ်စစ်မှာ ပုဂံနှင့် တကောင်းတို့သာဖြစ်သည်။ တကောင်းမြို့ရိုးမှာပုဂံထက် ပိုကျယ်ပြီး ပို၍ညီညာပါသည်၊ တကောင်းမြို့ဟောင်းသည် တစ်မိုင်ခန့်မျှရောဝတီနှင့် မျဉ်းပြိုင်နေပါသည်၊ တကောင်းမြို့ရိုး၏ အမြင့်နှင့်ထုထည်တို့သည် ယနေ့တိုင် အထင်အရှား ကျန်နေသေးသည်၊ ကြီးမားသော အုတ်ခဲကြီးများ မပျောက်မပျက်ရှိနေသည်၊ ဘုရားမှဒ်ဦးအဝင်ဝ ကျောက်ခုံပေါ်တွင် နှစ်ပေါင်း ၁၇၀၀ ကျော်သက်တမ်းရှိသော အုတ်ကျိုးအုတ်ပဲ့



များရှိပြီး၊ ထိုအပေါ်တွင်ဗုဒ္ဓရုပ်ပွားတော်များရှိသည်။ ကျောက်ပြားတစ်ချပ်ပေါ်တွင် ခရစ်နှစ် (၄၁၆) အေဒီဟု ကမ္ဗည်းထိုးထားသည်။"

"တကောင်းစံပြကျေးရွာ"

လမ်းသစ်ဘက်မှတက်လျှင် မြို့ရိုးကိုကျော်၍တကောင်း တိုက်နယ်ဆေးရုံ၊ တကောင်းရဲကင်းစခန်း၊ အခြေခံပညာအထက်တန်းကျောင်း၊ ပြည်သူ့ဈေး၊ သီရိဇေယျာခန်းမဆောင်များကိုတွေ့ရသည်။ တိုးတက်ပြောင်းလဲနေသည့် ရွာကြီးတစ်ရွာ၏ဂုဏ်သရေကို ဖော်ညွှန်းနေသည်။ ကျေးရွာအဆင့်ဖြစ်သော်လည်း သီရိဇေယျာခန်းမဆောင်ကြီးမှာ ကျယ်ဝန်းလှသည်။ ဧည့်သည်များနားနေရန်ပင် စီစဉ်ဆောင်ရွက်ထားသည်။

"တကောင်းမြို့ဟောင်းကို စံပြကျေးရွာထူထောင်ခဲ့ပါတယ်၊ စံပြကျေးရွာနှင့်အညီလမ်းများတိုးချဲ့ခြင်း၊ လမ်းနဲ့မလွတ်တဲ့ ဝင်းခြံတွေ ပြောင်းရွှေ့ခြင်း၊ သစ်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်း ပြုလုပ်ရပါတယ်။ စံပြကျေးရွာထူထောင်စမှာတော့ လူအားငွေအား စိုက်ထုတ်ရပါတယ်။ အခက်အခဲရှိပါတယ်။ အခုတော့ လမ်းကျယ်ကြီးများနဲ့ တကောင်းစံပြကျေးရွာကြီး ဖြစ်နေပါပြီ"။

ကျေးရွာငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ (ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ) ဥက္ကဋ္ဌက ရှင်းလင်းပြောပြပါသည်။

"တကောင်းအထက်တန်းကျောင်းမှာ ကွန်ပျူတာ တပ်ဆင်ပြီးပြီဗျ…ပညာရေးဝန်ကြီးကိုယ်တိုင် ကြွရောက်ချီးမြှင့်ပေးတယ်"

ဟု ဆရာတစ်ဦးကရှင်းလင်းပြပါသည်။

တကောင်းစံပြကျေးရွာကြီးသို့ လှည့်လည်ကြည့်ရှုကြရာ ရွာနှင့်မလိုက်တိုက်ကြီး၊ တာကြီးများဆောက်လုပ်ထားသည်ကို တွေ့ရသည်။ ကိုယ်ပိုင်တိုက်ကြီးများတွင် ကိုယ်ပိုင်မီးစက်များ အသုံးပြုနေကြသည်ကိုတွေ့ရသည်။

" ရွာထဲမှာတိုက်တွေများလို့ အံ့သြနေသလား။ ကြံခင်းထဲမှာလည်းကိုယ်ပိုင်တိုက်နဲ့၊ ကိုယ်ပိုင်မီးစက်နဲ့၊ ကိုယ်ပိုင် လယ်ထွန်စက်နဲ့၊ ကြံစိုက်ပျိုးမှုက တစ်ခေတ်ပြောင်းလဲစေပါတယ်"

ရွာသားတစ်ဦးကရှင်းပြပါသည်။

"ကြံအပြင် မြေပဲ၊ ငှက်ပျော၊ ကြက်သွန်၊ ပဲမျိုးစုံစိုက်ပျိုးပါတယ်၊ တောင်သူတစ်ဦးကို မြေဧကငါးဆယ်၊ ရှစ်ဆယ်၊ တစ်ရာ အထိ စိုက်ပျိုးကြပါတယ်၊ ကိုယ်ပိုင်လယ်ထွန်စက်၊ လက်တွန်းထွန်စက်၊ ချွေလှေ့စက်၊ နွားစာစဉ်းစက်များနှင့် တောင်သူလုပ်ကိုင်ကြပါတယ်၊ လက်မှုလယ်ယာက စက်မှုလယ်ယာကို ပြောင်းလဲနေပြီလို့ ပြောရမှာဖြစ်ပါတယ်၊ တောင်သူတစ်ဦးကို ပျမ်းမျှ တစ်နှစ် သိန်းနှစ်ဆယ်ခန့်ရကြပါတယ်။"

စိုက်ပျိုးရေးလုပ်ငန်းများကတောင်သူလယ်သမားများဘဝကို ပြောင်းလဲစေပါသည်။ စာရေးသူတွေ့ရှိသမျှကျေးရွာများတွင် တကောင်းစံပြကျေးရွာကြီးသည် စိုက်ပျိုးရေးတွင်လည်း စံပြဟု ပင်ဆိုရပေမည်၊ တိုးတက်မှုအရှိဆုံးဟုဆိုရပေမည်။ ကြံခင်း၊ စိုက်ခင်းများသို့ ကိုယ်ပိုင် ဒီ–တီ မော်တော်ဆိုင်ကယ်များဖြင့် သွားသူများရှိနေကြသည်။ တကောင်းစံပြကျေးရွာကြီး၏ တိုးတက်ပြောင်းလဲမှုများကို လှည့်လည်ကြည့်ရှုနေစဉ် မော်တော်ဆိုင်ကယ်တစ်စီး ဝိုးခနဲအနီးမှဖြတ်စီးသွားသည်။

ရပ်ကွက်တိုင်းတွင် ဗီဒီယိုရုံများရှိသည်၊ လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်များရှိသည်။ နံနက်စာစားသောက်ရန် ရန်ကုန်မှ ဧည့်သည်



များနှင့် စားသောက်ဆိုင်တစ်ဆိုင်သို့ ဝင်ရောက် စားသောက်ကြသပ်ရပ်သည်၊ သန့်ရှင်းသည်၊ လတ်ဆတ်သည်၊ အဆင့်မီသည်။ စားသောက်ဆိုင်တွင် ကိုယ်ပိုင် မီးစက်၊ ပန်ကာနှင့် ရေခဲသေတ္တာများ တွေ့ရသည်။ ဧည့်သည်တော်များအထူးနှစ်သက်ကြသည်၊ စေတနာလေးက ရောစွက်လိုက်သေးသည်။

"စီးပွားရေးဖွံ့ဖြိုးတိုးတက်လာတော့ ရာဇဝတ်မှုတွေ ကျဆင်းလာပါတယ်၊ ဒေသခံများဟာ ရာဇဝတ်မှုကျူးလွန်တာနည်းပါးပါတယ်၊ အခြားဒေသများက လာရောက်ပြီး ပြစ်မှုကျူးလွန်ရင်လည်း အမြန်ဆုံးဖော်ထုတ်နိုင်ပါတယ်"

ဟူ၍ စခန်းမှူးကြီးကရှင်းပြပါသည်။

ခရီးလမ်းပန်းဆက်သွယ်ရေးကလည်း လုံခြုံချောမွေ့သည်။ ရောဝတီဝုံဆန်သဘောင်္ဘောများ နေ့စဉ်ပုံမှန်ဆိုက်ကပ်သည်။ တကောင်း– သပိတ်ကျင်း အမြန်ယာဉ်ငယ်လိုင်း၊ ထီးချိုင့်– တကောင်းယာဉ်ငယ်လိုင်း နေ့စဉ်ပြေးဆွဲနေသည်။ မန္တလေးမြို့သို့နေ့ချင်းပေါက် ခရီးရောက်နိုင်သည်။

"နိုင်ငံတော်အကြီးအကဲများက တကောင်းမြို့ဟောင်းကို "မြို့အဆင့်" သတ်မှတ်ပါတယ်။ မီး၊ လျှပ်စစ်မီးစက်၊ စာတိုက်များလည်းတိုးချဲ့ပေးပါတယ်။ ၄၈ မိုင် ၄ ဖာလုံ ရှိပြီး၊ ၃၄ ပေကျယ်တဲ့ သပိတ်ကျင်း– တကောင်းလမ်း ဖောက်လုပ်နေပါပြီ။ ၆၆ မိုင်ရှည်တဲ့ တကောင်း–ကသာလမ်းကိုလည်း လမ်းအူကြောင်းရှာဖွေနေပါပြီ။ မကြာမီကာလအတွင်းမှာ မန္တလေး–တကောင်း–ကသာ–ဗန်းမော် လမ်းမကြီးပြီးစီးပါတော့မယ်။ မန္တလေးအထက်ပိုင်း ဧရာဝတီအရှေ့ခြမ်းဒေသ တိုးတက်ဖွံ့ဖြိုးစေရန် နိုင်ငံတော်အကြီးအကဲ လမ်းညွှန်ချက်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နေပါတယ်"

မကြာမီ မန္တလေး– တကောင်း– ကသာ– ဗန်းမော် လမ်းမကြီး ပေါ်ထွန်းလာပေတော့မည်။ တကောင်းဝန်းကျင်တွင် တောင်သူများ စိုက်ပျိုးသည့် စပါး၊ ကြံ၊ ကျွန်းကုန် ကိုင်းကုန် များကလည်း စုံလင်လှသည်။ သစ်တောထွက်ပစ္စည်းများလည်း ကျောထောက်နောက်ခံရှိသည်။ ထို့ပြင် တွင်းထွက်သယံဇာတပစ္စည်းများကိုလည်း ထုတ်ယူနေဆဲဖြစ်သည်။ သဘာဝသယံဇာတများကလည်း ပေါများလှသည်။ အတိတ်က တကောင်းမြို့ကြီးကဲ့သို့ ကြက်ပျံမကျ စည်ကားပေတော့မည်ဟု စိတ်အစဉ်တွင် မြင်ယောင်နေမိတော့သည်။

တကောင်းမြို့ဟောင်းသည်ကား ဟောင်းလည်းဟောင်း၍ ကောင်းလည်းကောင်းခဲ့သည်။ တကောင်းမြို့သစ်သည်ကား သစ်လည်းသစ်၍ ဖြစ်လည်းဖြစ်သည့် အရာပေတည်း။

## နိုင်ငံခြားငွေ ရှာဖွေ ကြိုးပမ်း ခရိုမိုက်ထုတ်လုပ်ငန်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် သပိတ်ကျင်းမြို့နယ်၊ အင်းနက် (သာယာကုန်း) ရွာရှိတကောင်းတောင်ခရိုမိုက်ထုတ်လုပ်ရေးစခန်းသို့ ရောက်ရှိကြပါသည်။ လုပ်ငန်းခွင်ရုံး၌ သတ္တုတွင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ အမှတ် (၃) သတ္တုတွင်းလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ၊ ဦးဆန်းထွန်းနှင့် သိပ္ပံနှင့်နည်းပညာအကြံပေးအဖွဲ့ (မြန်မာ) လီမိတက်မှအကြံပေး၊ ဗိုလ်ဦးကျော်ဇေတို့က တကောင်းတောင်၌ ခရိုမိုက်သတ္တုသိုက် စမ်းသပ်ရှာဖွေတွေ့ရှိခဲ့ပုံ၊ ခရိုမိုက်သတ္တု၏အရည်အသွေး၊ သတ္တုသိုက်၏ အလားအလာ၊ သတ္တုသိုက်ထုတ်လုပ်မှုအခြေအနေ၊ ထုတ်လုပ်ပြီးသတ္တုပမာဏ၊ ပြည်ပတင်ပို့နိုင်မှု အခြေအနေနှင့် သိပ္ပံနှင့်နည်းပညာအကြံပေးအဖွဲ့ (မြန်မာ)လီမိတက်တို့ အကျိုးတူ ပူးပေါင်းဆောင်ရွက်နေမှုကိုလည်းကောင်း၊ တကောင်းတောင်၌ နီကယ်နှင့် သတ္တုရှာဖွေ တိုင်းတာမှု၊ သတ္တုသိုက်၏အလားအလာ၊ ဘူမိဗေဒအနေအထား၊ နီကယ်သတ္တုရိုင်းထွက်ရှိနိုင်မည့် အခြေအနေတို့နှင့်စပ်လျဉ်း၍ အသီးသီးရှင်းလင်း တင်ပြကြပါသည်။

တကောင်းတောင်ဒေသသည် မန္တလေးတိုင်း၊ သပိတ်ကျင်းမြို့နယ်နှင့် စစ်ကိုင်းတိုင်း၊ ထီးချိုင့်မြို့နယ်အတွင်းတည်ရှိပြီး၊ အရှေ့ဘက်တွင်

မိုင်းတိုင်း ၁၂ ပြင်၊ အနောက်ဘက်တွင်ဧရာဝတီမြစ်၊ တောင်ဘက်တွင် တကောင်းမြို့ဟောင်းနှင့် မြောက်ဘက်တွင်မြတောင်မြို့ဟောင်းတို့ အကြားထီးထီးမားမား သီးခြားထင်ရှားစွာ တည်ရှိနေပါသည်။

တကောင်းတောင်ကို တောင်စဉ်၊ တောင်ဝှမ်း အထပ်ထပ်ကာရံလျက်ရှိရာ ထိုကာရံနေသော တောင်စဉ်တောင်ဝှမ်းတို့ကို ကန့်လန့်ကာတောင်များဟု ခေါ်ဝေါ်ကြပါသည်။ ထိုသို့တောင်စဉ်တောင်ဝှမ်း အထပ်ထပ်ကာရံနေမှုကြောင့် တောရိုင်းတိရစ္ဆာန်ကြီးများ ကျက်စားပျော်ပါးရာဌာနကြီး တစ်ခုလည်းဖြစ်နေသည်။ ထို့ကြောင့်တကောင်းတောင်အနီးတွင် ဆင်ကျုံးများတည်၍ တောဆင်ရိုင်းများကို ဖမ်းယူခဲ့ကြသည်။

ဤတကောင်းတောင်မှပင်ဆင်ဖြူရတနာများ မကြာခဏပေါ်ပေါက်တတ်သည်။ သက္ကရာဇ် ၁၂၀၈ ခုနှစ်ပုဂံမင်းတရား လက်ထက်၌ ဤတကောင်းတောင်မှ ဆင်ဖြူတော်တစ်စီးရမိကြောင်း ဒုတိယမဟာရာဇဝင်တော်ကြီး စာ–၃၇၀ ၌ဆိုလေသည်။ သက္ကရာဇ် ၁၂၁၇ ခုနှစ်မင်းတုန်းမင်းတရားလက်ထက်တွင်လည်း ဆင်ဖြူတော်တစ်စီးကြော့ဖမ်းရမိကြောင်း မန္တလေးရတနာပုံမဟာရာဇဝင်တော်ကြီး စာ– ၅၃ ၌ဆိုသည်၊ ထို့ပြင်ဝိတိုရိယဘုရင်မလက်ထက်ကလည်း ဤတောင်မှဆင်ဖြူတော်တစ်စီး ရမိဖူးကြောင်းသိရသည်။

တကောင်းတောင်ဒေသခရီးမိုက်စီမံကိန်းသို့ အောက်ဖော်ပြပါလမ်းကြောင်း များဖြင့်သွားလာနိုင်သည်–

(က) မန္တလေးမှဗန်းမော်–ကသာ ဧရာဝတီသင်္ဘောဖြင့် ဧရာဝတီမြစ် အတိုင်းဆန်တက်၍သပိတ်ကျင်းမြို့နယ် သာယာကုန်းကျေးရွာသို့လည်းကောင်း ။



(ခ) မန္တလေးမှသပိတ်ကျင်းမြို့သို့မန္တလေးသပိတ်ကျင်းကားဖြင့်လည်းကောင်း၊ သပိတ်ကျင်း မြို့မှဧရာဝတီသင်္ဘောအဆန်ဖြင့် သာယာကုန်း ကျေးရွာသို့လည်းကောင်း၊

(ဂ) သပိတ်ကျင်းကားလမ်းမကြီးအတိုင်း မန္တလေးမြို့မှ ၇၉မိုင်အကွာခုနှစ်မိုင်ကျေးရွာအနီးမှ ဖောက်လုပ်ထားသော တကောင်း–သပိတ်ကျင်းကားလမ်းအတိုင်း လည်းကောင်း ။

(ဃ) မန္တလေးမှရွှေဘို–မြစ်ကြီးနားပြည်ထောင်စုလမ်းမကြီးအတိုင်းထီးချိုင့် မြို့သို့လည်းကောင်း၊ ထီးချိုင့်မြို့မှ ဧရာဝတီမြစ်ကြောင်းအတိုင်းသ င်္ဘော သို့မဟုတ်စက်လှေဖြင့် သာယာကုန်းကျေးရွာသို့လည်းကောင်းသွားလာ နိုင်သည်။

ဤစီမံကိန်းတည်ရှိရာသာယာကုန်းကျေးရွာသည် သမအေးရာသီဥတုရှိပြီး နှစ်စဉ်ပျမ်းမျှမိုးရေချိန် ၈၀ လက်မခန့်ရှိပါသည်။ ဇူလိုင်လနှင့်ဩဂုတ်လတို့တွင် မိုးအများဆုံးရွာသွန်းတတ်၍၊ ဇန်နဝါရီလတွင် အအေးဆုံးလဖြစ်ပါသည်၊ တကောင်းတောင်မကြီးတစ်ဝိုက်တွင် သဘာဝပေါက်ပင်များမှာအင်၊ အင်ကြင်း၊ သစ်ရာ၊ ပျဉ်းကတိုး၊ သန်း၊ ဖန်းကား၊ ပိတောက်နှင့်တောင်သပြေပင်များပေါက်ရောက်သည့် နေရာအနည်းငယ်တွင်ကျွန်းပင်များကိုတွေ့ရှိရ၍ ဝါးရုံတောများနေရာ အနှံ့တွင်တွေ့ရသည်။ ဤဒေသရှိတောင်များသည် ဆာပင်ကီနိုက်ကျောက်၊ ဒန်းနိုက်ကျောက်နှင့်သျှစ်ကျောက်များ ဖုံးအုပ်ထားသည်ဖြစ်ရာ မြေအောက်ရေထိန်းသိမ်းထားနိုင်ခြင်း မရှိသဖြင့် ပေါက်ရောက်သောသဘာဝသစ်ပင်များမှာလည်းသစ်ကြီး ဝါးကြီးရှားပါး၍ ဖြောင့်တန်းမှု မရှိသောသစ်ပင်လတ်များကိုသာတွေ့ရသည်၊ တောင်ချိုင့်ဝှမ်းများတွင် မြက်ကိုင်းလွင်ပြင်ကြီးများတွေ့ရသည်။

တကောင်းတောင်ဒေသတွင် တွေ့ရှိရသော ခရိုမိုက်သတ္တုများမှာ ၎င်းတို့၏ သွင်ပြင်လက္ခဏာများအရ အယ်လ်ပိုင်းအမျိုးအစား ဖိုဒီဖောင်းသတ္တုသိုက်များဖြစ်သည်။ ဖိုဒီဖောင်းသတ္တုသိုက်များသည် ခရိုမီယံပါဝင်မှုမြင့်မားသည့် သတ္တုသိုက်များ၏ မူရင်းအရင်းအမြစ် ဖြစ်သည်၊ ခရိုမီယံပါဝင်မှု ၄၅ ရာခိုင်နှုန်းကျော်ရှိပြီး ခရိုမီယံနှင့်သတ္တုတို့၏ အချိုးအမှတ်သည် (၂း၁) ထက်များပါသည်။ ထို့ပြင် ကျားသစ်ကွက်ပုံ ခရိုမိုက်ကျောက်များကို ဖိုဒီဖောင်းအမျိုးအစား သတ္တုသိုက်များတွင်သာ တွေ့ရသည်။

တကောင်းတောင်ဒေသတွင် ဓာတ်သတ္တုတူးဖော်ခြင်းလုပ်ငန်းများကို ပုဂ္ဂလိကလုပ်ငန်းရှင်ဦးကျော်ညွန့်သည် ၁၉၅၂ ခုနှစ်မှ စတင်ကာ လုပ်ငန်းဆောင်ရွက်ခဲ့သည်။ ၁၉၅၅ ခုနှစ်မှ ၁၉၅၇ ခုနှစ်များအတွင်း ယူဂိုဆလပ်ပညာရှင်များသည် တကောင်းတောင်ဒေသ၏ ဓာတ်သတ္တုဖြစ်ထွန်းမှုကို လေ့လာခဲ့သည်။ ခရိုမိုက်နုန်းမြေ ဖြစ်ထွန်းမှုကို ကိုက်သန်းပေါင်း ၅၀ ခန့်ရှိကြောင်းနှင့်တကောင်းတောင်တွင် နီကယ်ဆီလီကိတ် ၅ ရာခိုင်နှုန်းမှ ၈ ရာခိုင်နှုန်းခန့်ထိပါဝင်သော သတ္တုရိုင်းတန်ချိန် ၂ သိန်းမှ ၄ သိန်းခန့်ရှိကြောင်းဖော်ပြခဲ့ပါသည်။

၁၉၅၈ ခုနှစ်တွင်ဓာတ်သတ္တုတိုးချဲ့လုပ်ကိုင်ရေးကော်ပိုရေးရှင်းမှ ဦးတေအာလာရစ်သည်လည်းကောင်း၊ ၁၉၆၇ ခုနှစ်တွင်ဦးစိန်မြင့်သည်လည်းကောင်း၊ ၁၉၇၃–၇၄ ခုနှစ်တွင် ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနမှ ဦးပါသည်လည်းကောင်း၊ ရွှေတောင်၊ ငါးလင်း ငါးဒေသရှိ မင်းဂနိုးစ်သတ္တုသိုက်များကို အသီးသီးလေ့လာခဲ့သည်။

၁၉၇၆–၇၇ ခုနှစ်တွင်ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနမှဦးပါနှင့်အဖွဲ့သည် ဘူမိဗေဒမြေပုံကြမ်းရေးဆွဲခြင်း၊ သဲချောင်း



နမူနာကောက်ယူခြင်း တို့ကိုဆောင်ရွက်ခဲ့သည်၊ ၁၉၈၀–၈၁ ခုနှစ်တွင်ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တု ရှာဖွေရေးဦးစီးဌာနမှ ဦးစိုးကြည်နှင့်အဖွဲ့သည် ကျောက်နမူနာများခွဲခြားခြင်း၊ အင်းနက်တောင်တွင် နီကယ်ဆီလီကိတ်ဖြစ်ထွန်းမှုလေ့လာခြင်း၊ ခရိုမိုက်ဖော်ကွက်များရှာဖွေတိုင်းတာခြင်း၊ ခရိုမိုက်ဖြစ်ထွန်းမှုလေ့လာခြင်းများပြုလုပ်ခဲ့ပါသည်။

၁၉၈၀ ခုနှစ်မှ ၁၉၈၅ ခုနှစ်အတွင်းအမှတ် (၂) စက်မှုဝန်ကြီးဌာနလက်အောက်ရှိ စက်မှုဆောင်ရွက်မှုလုပ်ငန်းကော်ပိုရေးရှင်းမှ ပညာရှင်များနှင့်ဂျာမနီပညာရှင်များပါဝင်သောအဖွဲ့သည် တကောင်းတောင်ဒေသတွင် ဓာတ်သတ္တုဖြစ်ထွန်းမှုများကို အသေးစိတ်ရှာဖွေလေ့လာခဲ့သည်။ ထိုသို့လေ့လာရာတွင် တကောင်းတောင်မကြီးပေါ်တွင် နီကယ်ပါဝင်မှု ၂.၁၆ ရာနှုန်းရှိသော နီကယ်သတ္တုရိုင်းတန်ချိန် ၃၀ သန်းခန့်ရှိကြောင်း ဖော်ပြခဲ့ပါသည်။

နီကယ်ဖြစ်ထွန်းမှုလေ့လာစဉ်အတွင်း တကောင်းတောင် ခရိုမိုက်ဖြစ်ထွန်းမှုကို ပူးတွဲလေ့လာခဲ့ရာ ခရိုမိုက်ဖြစ်ထွန်းမှုစုစုပေါင်း ၄၈ နေရာတွေ့ရှိခဲ့ရသည်။ ၎င်းတို့အနက်မှ တန်ချိန်ပမာဏနှင့်သတ္တုအရည်အသွေးကောင်းမွန်သည့်နေရာ ၁၁ နေရာတွေ့ရှိရာ၎င်း ၁၁ နေရာမှာ ခရိုမီယံအောက်ဆိုက် ၄၈.၅၇ ရာခိုင်နှုန်း ပါဝင်သော ခရိုမိုက်တန်ချိန်ပေါင်း ၁၄၇၀၀ တန်ရှိနိုင်ကြောင်း ဖော်ပြခဲ့သည်။

၁၉၈၆–၈၇ ခုနှစ်တွင်အမှတ် (၃) သတ္တုတွင်းလုပ်ငန်းမှ ဦးညာဏ်ဆွေ၊ သတ္တုတွင်းအင်ဂျင်နီယာ (တ) နှင့်အဖွဲ့သည်ပျမ်းမျှ ခရိုမီယံအောက်ဆိုက် ၄၇.၅၂ ရာခိုင်နှုန်းရှိ ခရိုမိုက်သတ္တုတန်ချိန် ၁၉၃၉ တန်ထုတ်လုပ်ခဲ့ပြီး၊ ဦးရဲမြင့် ဘူမိဗေဒအရာထမ်း (တ)နှင့် အဖွဲ့မှ အရည်အသွေး ထိန်းသိမ်းရေးလုပ်ငန်းနှင့် ခရိုမိုက်လုပ်ကွက်သစ်များရှာဖွေခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ ၁၉၈၇–၈၈ ခုနှစ်အတွင်း ဆက်လက်

ထုတ်လုပ်နိုင်မည့် ခရိုမိုက်သတ္တုလက်ကျန်ပမာဏ သ – ၂ အဆင့် ၃၁၇၁ တန် တွက်ချက်ခဲ့ပါသည်။

၁၉၈၇–၈၈ ခုနှစ်တွင်အမှတ် (၃) သတ္တုတွင်းလုပ်ငန်းမှ ဦးဉာဏ်ဆွေ၊ သတ္တုတွင်းအင်ဂျင်နီယာ (တ)နှင့်အဖွဲ့သည် ပျမ်းမျှ ခရိုမီယံအောက်ဆိုဒ် ၄၈.၂ ရာခိုင်နှုန်းရှိ ခရိုမိုက်သတ္တုတန်ချိန် ၄၆၁၉ တန် ထုတ်လုပ်ခဲ့ပြီး၊ ဦးရဲမြင့်၊ ဦးမြင့်အေး၊ (ဘူမိဗေဒ အရာထမ်း တ) နှင့်အဖွဲ့သည် အရည်အသွေးထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်ခဲ့ပြီး ခရိုမိုက် သတ္တုလက်ကျန် တန်ချိန်ပမာဏ သ – ၂ အဆင့် ၃၈၃၀ တန် နှင့် သ – ၃ အဆင့် ၁၀၀၃ တန် တွက်ချက်ခဲ့ပါသည်။

၁၉၈၉–၉၀ ခုနှစ်တွင် ဦးဉာဏ်ဆွေနှင့်အဖွဲ့မှပင် ပျမ်းမျှ ခရိုမီယံ အောက်ဆိုဒ် ၄၀.၄၇ ရာခိုင်နှုန်းရှိ ခရိုမိုက်သတ္တုတန်ချိန် ၄၃၈၆ တန်ထုတ်လုပ်ခဲ့ပြီး၊ ဦးမြင့်သိန်းနှင့် ဦးဇော်ဝင်း (ဘူမိဗေဒလက်ထောက် – ၄) တို့မှ အရည်အသွေးထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်ခဲ့ပြီး ခရိုမိုက် သတ္တုလက်ကျန် တန်ချိန်ပမာဏ သ – ၂ အဆင့် ၁၆၂၄ တန် နှင့် သ –၃ အဆင့် ၂၀၈ တန် တွက်ချက်ခဲ့ပါသည်။

ခရိုမိုက်စီမံကိန်းကို သတ္တုတွင်းဝန်ကြီးဌာန၏ ၇–၇–၉၄ နေ့ ခွင့်ပြုမိန့် အမှတ် ၂ (အထူး) ၉၄ အရ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားမှု စနစ်ဖြင့် သတ္တုတွင်းဝန်ကြီးဌာန အမှတ် (၃) သတ္တုတွင်း လုပ်ငန်းနှင့် သိပ္ပံနှင့်နည်းပညာအကြံပေးအဖွဲ့ (မြန်မာ) လီမိတက်တို့မှ ၇–၇–၉၄ နေ့တွင် နှစ်ဖက်သဘောတူစာချုပ်ချုပ်ဆိုပြီး ထုတ်လုပ်ရေး လုပ်ငန်းများ ကို စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

တကောင်းတောင်မကြီး၏ တောင်ခြေဝန်းကျင်ဒေသ အဓိကခရိုမိုက် လုပ်ကွက် များမှာ စိုင်စားတွင်းလုပ်ကွက်၊ ကျောက်လောင်း လုပ်ကွက်၊ စတက် (၃) လုပ်ကွက်၊ ရွှေတောင် (၁) လုပ်ကွက်၊ ရွှေတောင် (၂)



လုပ်ကွက်၊ တောင်မကြီးလုပ်ကွက်၊ သံတွင်း လုပ်ကွက်၊ အမ် – ၂ လုပ်ကွက်၊ စိုင်ထိုးကျလုပ်ကွက်၊ ၁ – အေတွင်းလုပ်ကွက် စသည့် လုပ်ကွက်များဖြစ်သည်။ စီမံကိန်းဧရိယာမှာ ၆၆ စတုရန်းမိုင်ရှိပါသည်။ တကောင်းတောင်ဒေသ၏ အမြင့်ဆုံးအပိုင်းသည် ပင်လယ်ရေမြ မျက်နှာပြင်အထက်ပေပေါင်း ၂၄၃၂ ပေရှိပြီး အနိမ့်ဆုံးအပိုင်းသည် ၅၀၀ ပေရှိသည်။

တကောင်းတောင်ဒေသတစ်ခုလုံးတွင် တီအက်စီပြုလုပ်ခဲ့သော မှတ်တမ်းများအရ ခရိုမိုက်ခိုအောင်းသောနေရာပေါင်း ၄၀ ရှိပါသည်။ ယင်းလုပ်ကွက် ၄၀ တွင် တီအက်စီ၊ ဘာရေ၊ သတာလ (၃) တို့မှ လုပ်ကွက် ၂၀ ခန့် တူးဖော်ခဲ့ပြီး၊ သိပ္ပံနှင့်နည်းပညာအကြံပေးအဖွဲ့(မြန်မာ) လီမိတက် (စတက်) မှ လုပ်ကွက် ၈ ခု ဖွင့်လှစ်တူးဖော်ခဲ့ပါသည်။ ခရိုမိုက် သတ္တုသိုက်များ၏ တန်ချိန်ပမာဏ အရည်အသွေးနှင့် လမ်းပန်း ဆက်သွယ်ရေး လွယ်ကူမှုစသည်တို့အပေါ် မူတည်လျက် ခရိုမိုက်သတ္တု လုပ်ကွက် ၇ ခုမှ ထုတ်လုပ်ခဲ့ပါသည်။

ခရိုမိုက်သတ္တုများထုတ်လုပ်ရာတွင် လစားဝန်ထမ်းလူအင်အားမှာ စီမံကိန်း ဒါရိုက်တာနှင့် အမှတ် (၃) သတ္တုတွင်းလုပ်ငန်းမှ တာဝန်ခံ အင်ဂျင်နီယာနှစ်ဦး အပါအဝင်အထိ ဝန်ထမ်း ၃၅ ဦးဖြင့် ဆောင်ရွက် လျက်ရှိပါသည်။ ထို့ပြင် နေ့စားတန်စား လုပ်သားများမှာလုပ်ငန်းရာသီ အလိုက် ၅၀ ဦးမှ ၁၅၀ ဦးအထိ ရှိပါသည်။ လုပ်သားများမှာ ဒေသခံ ကျေးရွာများဖြစ်သော အင်းနက်၊ ကျော်ပင်ကုန်း၊ တောင်တစ်လုံး၊ ရေလည်ကျွန်းနှင့် မောင်းကုန်းကျေးရွာများမှ ဖြစ်ပါသည်။

ဤစီမံကိန်းတွင် အသုံးပြုလျက်ရှိသော စက်ကိရိယာများမှာ –

၁။ ဘူဒိုဇာ ဒီ ၆ – ဒီ ၁

၂။ အဲယားမင်း ကွန်ပရက်ဆာကြီး ၁

| | |
|---|---|
| ၃။ ချိုင်းနား ကွန်ပရက်ဆာလတ် | ၁ |
| ၄။ ချိုင်းနား ကွန်ပရက်ဆာငယ် | ၁ |
| ၅။ ယာမဟာ ဂျင်နရေတာ | ၁ |
| ၆။ ဘော့စ်တင့်ပ် ဂျင်နရေတာ | ၁ |
| ၇။ ကူဘိုတာ ဂျင်နရေတာ ၅/၆ | ၁ |
| ၈။ ဝါးတားပန့် | ၂ |
| ၉။ ချိုင်းနားအင်ဂျင် | ၁ |
| ၁၀။ ဘက်ထရီချာချာ | ၁ |
| ၁၁။ အာတီစက် | ၁ |
| ၁၂။ အီဆူးဇူး ထရပ်တစ်ပါ | ၁ |
| ၁၃။ ကွန်ဒိုဖိုး ဒီတစ်ပါ | ၁ |
| ၁၄။ ကွန်ဒိုတူး ဒီတစ်ပါ | ၁ |
| ၁၅။ တိုယိုတာ လန်ခရူဆာ | ၁ |
| ၁၆။ ဂျက်ဟန်းမား (ဂျပန်) | ၂ |
| ၁၇။ ဂျက်ဟန်းမား (တရုတ်) | ၂ |
| ၁၈။ ဝဲလ်ဒီထရန်စဖော်မာ | ၁ |

ရင်းနှီးမြှုပ်နှံမှုပမာဏမှာ စီမံကိန်းအကောင်အထည် ဖော်စဉ်ကာလက ရင်းနှီးမြှုပ်နှံမှုအနေဖြင့် ကျပ် ၁၀ သိန်းသာ လျာထားသတ်မှတ်ခဲ့သော်လည်း စီမံကိန်းစတင်ဆောင်ရွက်သည့် ၁၉၉၄-၉၅ မှ ၁၉၉၇-၉၈ ဘဏ္ဍာနှစ် နိဝင်ဘာလအထိ စုစုပေါင်း ကုန်ကျစရိတ်မှာ ကျပ် (၈၂၁၄၅၀၄၅) ကျပ်သန်း (၈၂.၁) ကျော်ဖြစ်သည်။

ထုတ်လုပ်မှုပမာဏမှာ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွင်း တစ်ဖက်ပါအတိုင်း ဖြစ်သည် -



| ဘဏ္ဍာရေးနှစ် | ထုတ်လုပ်မှု | |
|---|---|---|
| ၁၉၉၄-၉၅ | ၆၈၅ | မက်ထရစ်တန် |
| ၁၉၉၅-၉၆ | ၁၈၅၀ | ။ |
| ၁၉၉၆-၉၇ | ၃၂၄၇ | ။ |
| ၁၉၉၇-၉၈ | ၂၄၃၅ | ။ |

သတ္တုရှာဖွေရေးလုပ်ငန်းများကို ၁၉၉၆-၉၇ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း ဘွဲ့လွန်အသုံးချဘူမိဗေဒဌာန (ပညာရေး သမဝါယမအသင်း လီမိတက်) ကို လုပ်ငန်းအပ်နှံ၍ သတ္တုကြောအသစ်များ ထပ်မံရှာဖွေခြင်းနှင့် ဘူမိဗေဒအသေးစိတ်တိုင်းတာရေးနှင့် ဘူမိရူပဗေဒဆိုင်ရာ တိုင်းတာရေးလုပ်ငန်းများကို စနစ်တကျလုပ်ဆောင်ခဲ့သည်။ ၁၉၉၈-၉၉ ခုနှစ်တွင် ခရိုမိုက်သတ္တုတန်ချိန် (၅၀၀၀) ထုတ်လုပ်ရန် လျာထား သတ်မှတ်ထားသည်။

သယ်ယူပို့ဆောင်မှုကို တကောင်းတောင်ဒေသ အင်နက်ဆိပ်ကမ်းမှ ရန်ကုန်မြို့ ထီးတန်းကျောက်မီးသွေးဆိပ်ကမ်းသို့ ဧရာဝတီမြစ်ကြောင်းအတိုင်း စီဘီတွဲများဖြင့် သယ်ယူခဲ့ပါသည်။ ပြည်ပတင်ပို့ရောင်းချမှုမှာ ၁၉၉၆-၉၇ ဘဏ္ဍာရေးနှစ်အတွင်း ဂျပန်နိုင်ငံ (Kinsho Mataichi coporation) သို့ ၁၉၉၆ ခုနှစ်၊ ဩဂုတ်လတွင် တင်ပို့ရောင်းချခဲ့ပြီး ၁၉၉၇ ခုနှစ်၊ မတ်လတွင် နမူနာအဖြစ် ဂျပန်နိုင်ငံသို့ မက်ထရစ်တန် (၂၀) တင်ပို့ခဲ့ပါသည်။

တကောင်းတောင်ဒေသ ခရိုမိုက်ထုတ်လုပ်ရေးစီမံကိန်းတွင် ယခုနှစ်အတွင်း ခရိုမိုက်လုပ်ကွက်သစ်များ ဖော်ထုတ်ခဲ့ခြင်း၊ သတ္တုသိုက်တန်ချိန်ပမာဏများ ခန့်မှန်းနိုင်ခဲ့ခြင်း၊ လုပ်ကွက်အသီးသီးသို့ ဆက်သွယ်ရေးလမ်းကြောင်းများ ဖောက်လုပ်ခဲ့ခြင်း စသည့်အဓိက

လုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီးဖြစ်ရာ လာမည့်ပွင့်လင်းရာသီတွင် သတ္တုထုတ်လုပ်မှုများ ပိုမိုဆောင်ရွက်လာနိုင်မည်ဖြစ်သည်။ ဤစီမံကိန်းတွင် တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများအနေဖြင့် လည်းကောင်း၊ တွင်းလုပ်သားများအနေဖြင့်လည်းကောင်း၊ ယခုနှစ်အတွင်း တွေ့ကြုံ ခဲ့ရသည့်အခက်အခဲများ၊ အားနည်းချက်များအပေါ် အခြေခံ၍လိုအပ်ချက်များပြုပြင်ပြောင်းလဲခြင်းဖြင့် အားသာချက်များရရှိရန် ကြိုးစားကြရမည်ဖြစ်သည်။ ဤသို့ဒေသဟောင်းတွင် ဝန်ထမ်းဟောင်း လုပ်သားဟောင်းများဖြင့် ယခင်လုပ်ငန်းဟောင်းအား ဆောင်ရွက်နိုင် ကြမည်ဆိုပါက ခရိုမိုက်ထုတ်လုပ်ရေးလုပ်ငန်းသမိုင်းတွင် အောင်မြင်မှုမှတ်တမ်းတင်နိုင်မည်ဖြစ်သည်။ နိုင်ငံတော်နှင့် ကုမ္ပဏီ အကျိုးတူ လုပ်ငန်းများ ပိုမိုအောင်မြင်ဖြစ်ထွန်းလာပြီး အခြားသတ္တုသိုက်များလည်း ရှာဖွေထုတ်လုပ်လာနိုင်မည်ဖြစ်ပေသည်။

## မြစ်ရောကမ်းနံ့ဘေးက စမှာယ်နဂိုရ်ကင်းမြို့

အနော်ရထာမင်းနန်းတက်သောအခါ မြန်မာပိုင်နက်နယ်မြေမှာ ကျယ်ဝန်းလှသေးသည်မဟုတ်၊ ရှိရင်းမြန်မာနိုင်ငံမှာလည်း သူတစ်လူ ငါတစ်မင်း အကွဲကွဲအပြားပြားဖြစ်နေသည်။ အနော်ရထာမင်းသည် မြန်မာစစ်သည်တော်များကို စနစ်တကျစုရုံးသည်။ ရဲစွမ်းသတ္တိရှိသူများကို အရေးပေါ်လာလျှင် ဆင့်ခေါ်နိုင်ရန် ထောင်ပြုမြို့ ရာပြုမြို့ ကျိပ်ပြုမြို့များကိုတည်ထောင်သည်။ ဤသို့ဖြင့် ပုဂံခေတ်တွင် မြန်မာ့လူစွမ်းကောင်းများဟု ကျော်ကြားခဲ့သော စစ်သည်တော်များ ပေါ်ထွန်းလာခဲ့သည်။ မော်ကွန်းထိုးလောက်သည့် စစ်၂သည်တော်ကြီးများကို လက်ရုံးသဖွယ်ပြုကာ အနော်ရထာမင်းသည် ပထမဆုံးအကြိမ် မြန်မာနိုင်ငံတော်ကို သွေးစည်းညီညွတ်စေသည်။

ပုဂံခေတ်ကျောက်စာများတွင် အလှူရှင်တစ်ဦးက အောက်ပါအတိုင်းရေးထိုးထားသည်–

"ဤငါကောင်းမှုကို မဖျက်ဆီးဘဲ ပြုပြင်စောင့်ရှောက်သူတို့သည် ကောင်းမှု၏အကျိုးကို ငါနှင့်ထပ်တူရပါစေ။ ပုဂံအထက်ညောင်ဦးမှ ငဆောင်းချမ်းတိုင်အောင်လည်းကောင်း၊ ပုဂံအောက်သီရိပစ္စယာမှ ထားဝယ်တိုင်အောင်လည်းကောင်း၊ ဤအရပ်များအတွင်းရှိ မြေပုံအလုံးမျှ အရေအတွက်ရှိသော လာလတ္တံ့သော ဘုရားတို့ကိုဖူးမြော်ရပါစေသတည်း"

ဤသည်ကိုထောက်၍ ထိုခေတ်ထိုအချိန်က မြန်မာနိုင်ငံတောင်ဘက်တွင်ထားဝယ်၊ မြောက်ဘက်တွင်ငဆောင်းချမ်းတိုင် မြန်မာနိုင်ငံတော်၏နယ်နိမိတ်အဖြစ် သတ်မှတ်နိုင်ကြောင်းသိရှိရသည်။ အနော်ရထာမင်းကြီးသည် ယူနန်ကိုချင်းချိုင်းနား၊ ယိုးဒယား၊ ဇင်းမယ်၊ ကမ္ဘောဇ စသောနိုင်ငံများကိုပါ အုပ်စိုးနိုင်ခဲ့ကြောင်း သမိုင်းပညာရှင် ဂျီအီးဟာဗေးကရေးသားခဲ့သည်။

အနော်ရထာမင်းကြီးသည် ပထမမြန်မာနိုင်ငံတော်ကြီးကိုအောင်မြင်စွာစည်းရုံးတည်ထောင်ပြီးနောက် နန်းစောနှင့် အခြားပြည်ပအန္တရာယ်များကို ကာကွယ်စိမ့်သောငှာ ကင်းမြို့ပေါင်း ၄၃ မြို့ကိုတစ်ပြိုင်နက်တစ်ချက်တည်း တည်ထောင်ခဲ့သည်။ ယင်းကင်းမြို့များအနက်ကောင်းစင်၊ ကောင်းတုံ၊ ငရန်းငရင်း၊ ရွှေကူ၊ ယင်းခဲ၊ မိုးတား၊ ကသာ၊ကြံညှပ်၊ ထီးချိုင့်၊ မြတောင်၊ တကောင်း၊ ဟင်းမဗော် (ဟသ်ဗော်)၊ "စမ္မာယ်နဂိုရ်"၊ ငစဉ်ကူး စသည့်မြို့ဟောင်းများမှာ အထက်အညာ ဧရာဝတီမြစ်ကမ်းဝဲယာရှိ ကင်းမြို့ဟောင်းများဖြစ်ကြပါသည်။ အချို့မှာ မြို့များအဖြစ်ဆက်လက်တည်ရှိနေကြပြီး အချို့မှာ ရွာကြီးရွာငယ်များအဖြစ် တည်ရှိနေကြသည်။ အချို့မှာ ကွယ်ပျောက်လျက်ရှိကြသည်။ ယင်းအနော်ရထာမင်း၏ ကင်းမြို့များအနက် အထက်အညာ ဧရာဝတီမြစ်ကမ်း ဝဲယာတွင်ရှာဖွေတွေ့ရှိရသည့် ကင်းမြို့ဟောင်းများကို တင်ပြလိုပေသည်။

"ညောင်ဦးကကမ်းပါးပြို၊ စမ္မာယ်နဂိုရ်ကနွားမပေါင်ကျိုး" ဆိုသောစကားပုံသည် ကျွန်ုပ်တို့နှင့် ရင်းနှီးကျွမ်းဝင်ပြီးဖြစ်သည်။ တစ်နေရာနှင့်တစ်နေရာ ဝေးကွာလှသဖြင့် မဆီမဆိုင်ဖြစ်ရပ်တို့၌ ခိုင်းနှိုင်းသော စကားပုံဖြစ်ပါသည်။ ညောင်ဦးမြို့သည် ပုဂံမြို့အနီး၌ တည်ရှိပြီး ဧရာဝတီမြစ်ကမ်းအနီးတွင်ရှိသည်၊ စမ္မာယ်နဂိုရ်သည်ကား သပိတ်ကျင်းမြို့နယ်အတွင်း ပါဝင်ပြီးဧရာဝတီမြစ်အထက်ပိုင်းရှိ ကင်းမြို့ဟောင်းတစ်မြို့ဖြစ်ခဲ့သည်။ ညောင်ဦးမြို့



သည် "ရွှေစည်းခုံစေတီတော်ကြီး" တည်ရှိရာမြို့ဖြစ်၍ ထင်ရှားသည့်မြို့နယ်တစ်မြို့နယ်ဖြစ်သည်။ စမ္မာယ်နဂိုရ်သည်ကား ယခုအခါ မထင်မရှားရွာငယ်လေးတစ်ရွာမျှသာ ဖြစ်ပါသည်။

မန္တလေးမြို့မှ ဧရာဝတီမြစ်ကြောင်းအတိုင်းဆန်တက်လာလျှင်တတိယမြစ်ကျဉ်းကို ဖြတ်ရသည်။ ဒေသအခေါ် "ကျောက်တွင်း"ဟုခေါ်၏။ အဆန်ခရီးတွင်ကျောက်တွင်းအထွက်၊ အစုန်ခရီးတွင် ကျောက်တွင်းအဝင်တွင် ဧရာဝတီမြစ်အတွင်းသို့ ထိုးထွက်နေသည့် ကျောက်တောင်ကြီးတစ်ခုရှိသည်။ "သိမ်းတောင်" ဟုခေါ်၏။ သိမ်းတောင်အလွန် ကျောက်တွင်းအထွက် ဧရာဝတီမြစ်အရှေ့ဘက်ကမ်းတွင် စမ္မာယ်နဂိုရ်ရွာကလေးကိုတွေ့ရသည်။ စေတီပုထိုးများ၊ ဘုရား၊ တန်ဆောင်း၊ သိမ်၊ ကျောင်းဇရပ်များမန်ကျည်းပင်အိုကြီးများက ရှေးဟောင်းမြို့တစ်မြို့ ဖြစ်ခဲ့ဖူးကြောင်း သာဓကဆောင်နေသည်။ ဧရာဝတီမြစ်ဆိပ်တွင် ထင်းတင်သည့်အညာလှေကြီးများ ဆိုက်ကပ်ထားသည်။ ဝါးဖောင်တွဲရှန် ဝါးများစုစည်းနေသည်ကိုလည်းမြင်တွေ့ခဲ့ရ၏။ ဧရာဝတီမြစ်ပြင်မှလှမ်းမျှော်၍ကြည့်လျှင် သာယာသည့်ရွာကလေးတစ်ရွာဖြစ်ပါသည်။

စမ္မာယ်နဂိုရ်ကိုစတင်တည်ထောင်သောမင်းကား သုမုန္ဒရီ သက္ကရာဇ်၁၁၇ ခုနှစ်၊ နန်းတက်နှစ် ၁၃၂ ခုနှစ်တွင် နတ်ရွာစံသော မိုးမိတ်ဟော်နန်းရှင်စောခန်းသောင်ဖြစ်သည်။ စောခန်းသောင်သည် သက္ကရာဇ်၁၃၀ ပြည့်နှစ်တွင် ဆိန်ခန်းဆိုင်ခေါ် မင်းတိုင်ပင်အမတ်ကြီးနှင့် တိုင်ပင်၍ဧရာဝတီမြစ်နှင့် မလယ်မြစ်တို့အကြား၌ "စံပါနန့်ကျို" ဟူသော ခံတပ်မြို့တည်ထောင်ခဲ့သည်။ အဓိပ္ပာယ်မှာ စံ– အနီးအပါး၊ ပါနန့်ကျို– ရေရှိသောမြစ်ကြီးဟု ဆိုလို၍ "မြစ်ကြီး၏အနီး၌တည်ရှိသောမြို့" ဟုအဓိပ္ပာယ်ရသည်။ ထိုစံပါနန့်ကျိုကိုပင် မြန်မာများက စမ္မာယ်နဂိုရ်ဟု ခေါ်ဝေါ်ကြခြင်းဖြစ်သည်။

ဇမ္ဗူဒီပဥဆောင်းကျမ်းတွင် –

"မိုးမိတ်ပေါ်နန်းရှင် စော်ခန်းသောင်လက်ထက်တွင် ဧရာဝတီမြစ်အထက်ပိုင်းကို အုပ်စိုးခဲ့ပြီး သက္ကရာဇ် ၃၇၉ အနော်ရထာမင်း နန်းတက်သောအခါ ဧရာဝတီမြစ်အထက်ပိုင်းနှင့် အောက်ပိုင်း ကိုးခရိုင် တို့ကိုအနော်ရထာမင်းအား မေတ္တာဖြင့် အပ်နှင်းခဲ့သည်။"

သက္ကရာဇ်၃၉၅– ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက် သောကြာနေ့တွင်ကမ္ဘောဇတိုင်းနှင့် တမ္ပဒီပတိုင်း နှစ်ဖက်အကြား ကင်းစမြို့ပေါင်း ၄၃ မြို့ကို အနော်ရထာမင်းစောတည်ရာတွင် စမ္ပာယ်နဂိုရ်သည် ကင်းမြို့တစ်မြို့ဖြစ်ခဲ့သည်။

အနော်ရထာမင်းပြုပြင်တည်ထားသော စမ္ပာယ်နဂိုရ်မြို့သည် နှစ်ကာလရှည်ကြာသဖြင့် ပျက်စီးခဲ့ရာ မိုးမိတ်စော်ဘွား ဆေစိန်ဖ တတိယ အကြိမ်ပြုပြင်ခဲ့သည်။ ဆေစိန်ဖနန်းစံခြောက်နှစ်မြောက်သက္ကရာဇ် ၇၅၂ ခု၊ ကဆုန်လဆန်း ၅ ရက်အင်္ဂါနေ့နံနက် ၁ ချက်တီးကျော် ၃ မောင်းတွင် လဂ်နှင့် အင်္ဂါပူးချက်မြို့တာ ၃၄၅၊ တံခါးခြောက်၊ မြို့ရိုးအရပ် ၁၇ တောင်၊ မြို့ရိုးအုတ်မြစ် ၂တောင်၊ ပြအိုးလေးလုံး၊ တန်ဆောင်းလေးခု၊ ကျုံးအနက် ၁၅ တောင်၊ မြို့ရိုးကျုံးအကွာတာ ၂၀၊ ကျုံးအကျယ် ၂၅ တောင် ရှိသောစမ္ပာယ်နဂိုရ်မြို့ကို အုတ်၊ အင်္ဂတေ တို့ဖြင့်ထပ်မံပြုပြင်ပါသည်။

မှန်နန်းရာဇဝင်တော်ကြီး ဒုတိယတွဲစာ– ၃၀၄၊ ၃၀၅ တွင် "ဘဝရှင်မင်းတရားကြီးသည် စီးတော်ဆင်နှင့် တိုက်ဆင်တစ်ရာ့ငါးဆယ် မြစ်တစ်ထောင်ကို ဘယနန်သူနှင့် ဒေဝကမ္မာတို့ကို အကြီးခန့်တော်မူ၍ ဧရာဝတီမြစ် အနောက်ဘက်ကြောင်း "စမ္ပာယ်နဂိုရ်သို့တိုင်" ချီတက်ရသည်။ ထိုမှတစ်ဆင့် ရတနာရွှေဖောင်တော်စီး၍ မူးမတ်အပေါင်းခြံရံလျက် စည်းမောင်း၊ ပတ်သာ၊ ခရာ၊ တံပိုး မြစ်လုံးပုံတင်ထပ်မျှ တီးမှုတ်၍



သိကြားမင်း၏အသရေကဲ့သို့ အလွန်တင့်တယ်စံပယ်စွာ ရတနာပူရက ချီသည်။ ရတနာပူရမှသည် ခိုတောင်တွင် စခန်းချတော်မူသည်။ ခိုတောင်မှသည် အုန်းကစည်တွင် ချသည်။ အုန်းကစည်ကသည် ငစဉ့်ကိုင်တွင် ချသည်။ ငစဉ့်ကိုင်ကသည် သစ်ဆိမ့်တွင် ချသည်။ ထိုမှသည် ငစဉ့်ကူးတွင် ချသည်။ ထိုမှသည် ကပွတ်တွင်ချသည်။ ထိုမှသည်သီဟတောတွင် ချသည်။ သီဟတောဘုရားရှင်ကို ရွှေတန်ဆောင်း၊ ငွေတန်ဆောင်း၊ ရွှေပန်း၊ ငွေပန်းတို့ဖြင့် ပူဇော်တော်မူသည်။ သီဟတောမှသည်မွန်သာချောင်းတွင်ချသည်။ ထိုမှသည်စမ္ပာယ်နဂိုရ်တစ်ဖက်မလည်တွင် ချသည်။ စမ္ပာယ်နဂိုရ်ကသည် မိုးမိတ်သို့ချီသည်" ဟုဖော်ပြထားရာ စမ္ပာယ်နဂိုရ်သည် မိုးမိတ်၏ ရှေ့တန်းလုံခြုံရေးအတွက်တည်ထားဟန် တူပေသည်။

ထို့အပြင် –

"ဤသို့ခန်းရန်တော်မူပြီးမှ အုန်းဘောင်စော်ဘွား၊ မိုးမိတ်စော်ဘွား တို့ကိုလည်း သားမယားနှင့်တကွ ဟံသာဝတီသို့ပို့လေသည်။ စမ္ပာယ်နဂိုရ် တွင် လှေတပ်အပေါင်းတို့ကိုလည်း စမ္ပာယ်နဂိုရ်မှသည်အင်းရွာ၊ သာဂရသို့ အလျှင်အမြန်ဆန်ရသည်။ ယင်းသို့စီရင်ခံအပ်တော်မူ၍ သက္ကရာဇ် ၉၁၈ ခု၊ တပေါင်းလဆန်း ၁၁ ရက်နေ့ မိုးမိတ်မှမိုးကောင်း၊ မိုးညှင်းသို့ ချီတော်မူသည်။ ထီးကျဉ်း(ထီးချိုင့်) သို့ရောက်လျှင် လှေကိုတံတားဖွဲ့၍ ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ စစ်သည်ဗိုလ်ပါတို့ကို လျှောက်စေ၍ တစ်ဖက်သို့ ရောက်လျှင် တပ်စဉ်အတိုင်းချီတက်ရသည်ဟု ဖော်ပြထားသည်။ (အင်းရွာ၊ သာဂရ၊ ထီးကျဉ်းတို့မှာ ဧရာဝတီမြစ်ကမ်းဝဲယာရှိ မြို့ရွာများ ဖြစ်ပြီး ယနေ့တိုင်စည်ပင်လျက်ရှိသည်)။"

စမ္ပာယ်နဂိုရ်သည် အုတ်ဖြင့်တည်ဆောက်ထားသော မြို့ဖြစ်၍ ယနေ့အထိ မြို့ရိုးအစအနများကို မြင်နိုင်ပါသည်။ ရှေးအခါကဧရာဝတီမြစ်သည် စမ္ပာယ်နဂိုရ်၏ အရှေ့ဘက်မှစီးဆင်း၍ ယနေ့မဲဇာမြစ်

ခေါ်သော မလယ်မြစ်သည်ကား စမှာယ်နကိုရ်၏ အနောက်ဘက်မှ စီးဆင်းသည်။ ထို့ကြောင့် စမှာယ်နကိုရ်ကုန်းမြေသည် ဧရာဝတီမြစ်နှင့် မဲဇာမြစ် (မလယ်မြစ်) တို့အကြား၌ တည်ရှိသည်။

ထိုစဉ်က ဧရာဝတီမြစ်သည် စမှာယ်နကိုရ်အောက်ကျောက်အိုးဌာနတွင်ထွက်၍ မဲဇာမြစ်သည်ကား မလယ်မြို့အရပ်တွင် ထွက်၍ ဧရာဝတီမြစ်နှင့် ပူးပေါင်းပါသည်။ နောင်သောအခါ ဧရာဝတီမြစ်ရေသည် ၎င်းမြို့ဟောင်းကိုတိုက်ဖြိုစား၍ တုံယေအရပ်တွင် မဲဇာမြစ်နှင့် ပူးပေါင်းကြသည်။ တကောင်းမြို့အရှေ့ဘက်မှစီးဆင်းသော ဧရာဝတီမြစ်သည်ပိတ်သွားသည်။ ထို့ကြောင့် တကောင်းမြို့၊ စမှာယ်နကိုရ်မြို့တို့သည် မူလဧရာဝတီမြစ်၏ အနောက်ဘက်ကမ်း၌ဖြစ်ပါလျက် ယနေ့ ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်းသို့ရောက်သွားကြပါသည်။ ဧရာဝတီမြစ်ကြောင်းပြောင်းလဲပုံကို လေ့လာကြည့်ရှုနိုင်သည်။

စမှာယ်နကိုရ်သည် ယနေ့အိမ်ခြေတစ်ရာခန့်ရှိသော ရွာလေးတစ်ရွာမျှသာဖြစ်ပါသည်။ သီပေါမင်းပါတော်မူပြီးနောက် အင်္ဂလိပ်ခေတ်ဦးအထိ မြို့ပိုင်အုပ်ချုပ်သော မြို့တစ်မြို့ဖြစ်ခဲ့သည်။ စမှာယ်နကိုရ်မြို့အုပ် ဦးပေါသည် ကဗျာအရေးအသား ကောင်းမွန်ကြောင်း ထင်ရှားခဲ့သည်။

ဖော်ပြပါလေးချိုးကဗျာသည် စမှာယ်နကိုရ်မြို့အုပ်ဦးပေါ ရေးသားသော မန္တလေးမြို့ မိုးဘွဲ့ဖြစ်ကြောင်း သိရှိရသည်။

- ကြိုင်ပျံ့ရှား၊ မြသားငယ်တည့်ဂီရိနောင်
  လေလွင့်တိုင်း၊ ထုံလှိုင်မွှန်ပြေနှင့်
  ပန်းယက်ခြွေ၊ ဝါရွှေတင့်၊ ငါးငွေမင့်တောင် ။
- နန်းရွှေပြည်၊ နေတည်တိုင်းကိုဗလ
  ဝိုက်သိုင်းလို့ရီမှောင်၊ ညီနောင်ကြီးတောင်နှစ်လုံး ။
- ရေမီးငယ်လျှံ၊ မွေ့တာတ်ကယ်တည်ထောင်စံတဲ့



မန်းနက်သန် ရန်မာန်မဲ့ငယ်၊ ခိုးလွင်တဲ့မှုန်း ။

မန္တလေးမြို့မှ ဧရာဝတီမြစ်လမ်းကြောင်းအတိုင်း ဆန်တက်ခဲ့ပါလျှင် ခရီးမိုင်ပေါင်းကိုးဆယ်ကျော်ခန့်တွင် ဧရာဝတီမြစ်အရှေ့ဘက်ကမ်း မလယ်မြို့ဟောင်း၏ တစ်ဖက်ကမ်း စမှာယ်နကိုရ်ကင်းမြို့ဟောင်းကို ယနေ့တိုင်ထင်ရှားစွာ မြင်တွေ့နိုင်ပါသည်။

## မလည်မြို့ဟောင်း (သို့မဟုတ်) သုနာပရန္တတိုင်း၏ ခံမြို့

မင်းတရားမယ်တော်အေးချင်း အပိုဒ် ၄၆– ၌

"ရှင်ဘရန်ငူး ၊ စဉ့်ကူးက ၊ ပွဲဦးပွဲနှောင်း ၊ လက်နက်ပေါင်းနှင့် တကောင်း "မလည်" ၊ ရှမ်းပြည်ဝေးရပ် ၊ ကြာညှပ်မြတောင် ၊ နှံ့အောင်ဖွေရှာ ၊ ကမ်းသီတာနှင့် ၊ ကသာဝန်းပတ် ၊ ဆော်ခတ်စည်မောင်း၊ ခြောင်းခြောင်းချွန်းချွန်း၊ ငရှန်းငရင်း ၊ ကုန်အောင်ချင်းက ၊ ကုန်းတွင်းဇမ္ဗူ၊ လူတို့တန်ဆောင် ....."။

စသည်ဖြင့် ရေးသားဖွဲ့ဆိုထားရာ စဉ့်ကူး၊ ကြာညှပ်၊ တကောင်း၊ မြတောင် ၊ ကသာစသည်တို့မှာအထက်အညာ ဧရာဝတီမြစ်ကမ်းဝဲယာရှိ ရှေးမြို့ဟောင်းများဖြစ်ခဲ့ကြပြီး၊ ယခုတိုင် စည်ပင်လျက်ရှိပေသည်။ ယင်းတို့အနက် "မလည်မြို့" ဟောင်း၏ တွေ့ရှိချက်များကို တင်ပြလိုပေသည်။

ဧရာဝတီမြစ်ကြီး၏ တတိယမြစ်ကျဉ်း (ကျောက်တွင်း) အဝင်ဝတွင် "သိမ်းတောင်" ဟုခေါ်သည့်တောင်ကြီးကို ထီးထီးမားမားတွေ့ရသည်။ သိမ်းတောင်ပေါ်တွင် စေတီပုထိုးများ တည်ထားကိုးကွယ်ထားသည်ကို အဝေးမှမြင်နိုင်သည်။ သိမ်းတောင်၏အနောက်ကျောဘက်တွင်စာတ်တော်တောင်ရှိသည်။ ဧရာဝတီခရီးအစုန်အဆန်ဟူသမျှ သိမ်းတောင်နှင့်တွေ့ရသည်ချည်းဖြစ်သည်။ သိမ်းတောင်ဝဲကြီးမှာ ဧရာဝတီမြစ်ရေတက်ချိန်တွင် ဧရာဝတီမြစ်တစ်လျှောက် အန္တရာယ်ကြီးမားဆုံးဝဲကြီးဖြစ်သည်။



ဧရာဝတီမြစ်တစ်ဖက်သိမ်းတောင်နှင့် မျက်စောင်းထိုးခန့်တွင် "မရိုးတောင်" ကိုတွေ့ရသည်။ ဧရာဝတီမြစ်ရေသည် သိမ်းတောင်ကို မလွဲမသွေဦးခိုက်ပြီးနောက် မရိုးတောင်ဘက်သို့ ရွေ့လျားသွားသည်။ မရိုးတောင်ကြီးမှာအဝေးမှလှမ်းမျှော်ကြည့်လိုက်လျှင် ဧရာဝတီမြစ်ကြီးကို ကန့်လန့်ကာပိတ်ဆို့ထားသည်ဟုထင်ရ၏။ စုန်ဆင်းလာသမျှ မရိုးတောင်နှင့်တွေ့ဆုံကြရသည်ဖြစ်သည်။ မြန်မာစွယ်စုံကျမ်းတွင် –

"မွန်ဂိုတာတာတို့သည် ရေကြောင်း၊ ကြည်းကြောင်း အလုံးအရင်းဖြင့်စုန်ဆင်းလာရာ ကတူး (ကန္တူ) တို့၏ အချက်ချာဒေသဖြစ်သော တကောင်း (သင်းကွဲ)တွင် ခံတပ်ပြုလုပ်၍ ခုခံပြန်သည်။ ခရစ်နှစ် ၁၂၈၄ ခုနှစ်ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် တကောင်းကျ၏။ ရှေ့သို့ဆက်လက် စုန်ဆင်းလာရာ မလည်ရပ်သို့ရောက်စဉ် မွန်ဂိုတာတာ တို့အား မလည်အောက်ရှိ "မရိုးတောင်"၌ ဆက်လက် ခုခံပြန်သည်။"

ဟုရေးသားထားရာ "မရိုးတောင်"သည် ပုဂံခေတ်၏သဘာဝခံတပ်ကြီးဖြစ်ခဲ့၏။ မွန်ဂိုတာတာများက မြန်မာစစ်တပ်ကြီးအား မတန်၍ မာန်လျှော့သွားပြီ ဟုထင်သော်လည်း မြန်မာစစ်သူကြီးများက အညံ့မခံ ထီးချိုင့်မြသိန်းတန်တောင်၊ တကောင်းမြို့ဟောင်း၊ မလည်အောက် မရိုးတောင်တို့မှ အကြိမ်ကြိမ် ခုခံခဲ့ကြောင်းတွေ့ရသည်။

ကုန်းဘောင်ခေတ်မတိုင်မီက တည်ဆောက်ခဲ့သော အုတ်တံတိုင်းကာ မြို့အတော်တော်များများကို သုနာပရန္တတိုင်းအတွင်း နေရာပျံ့နှံ့လျက်တွေ့ရသည်။ ထိုမြို့များသည် ပုဂံခေတ်(သို့မဟုတ်) ပုဂံခေတ်လွန်ခေတ်များတွင် တည်ဆောက်ခဲ့ကြခြင်းဖြစ်သည်။ ခံမြို့ရှိခြင်းမှာ ဒေသ၏အရေးပါမှုကို ဖော်ပြသကဲ့သို့ရှိပါသည်။ ဆိုလိုသည်မှာ ဗဟိုအုပ်ချုပ်ရေးခိုင်မာတောင့်တင်းသောအချိန်၌ ထိုခံမြို့များသည် မြို့တော်၏ လုံခြုံရေးကိုကာကွယ်ပေးထားသော ဗျူဟာမြောက်ရှေ့တန်းစခန်းများဖြစ်သည်။

သုနာပရန္တတိုင်းအတွင်းရှိခံမြို့များ

| မြို့ | တာ | လူအား |
| --- | --- | --- |
| – | – | – |
| ကျောက်မြောင်း | – | ၇၀ |
| – | – | – |
| မလည် | ၄၀၀ | ၃၀ |

မဟာရာဇဝင်တော်ကြီးတွင်လည်း –

"အလောင်းစည်သူမင်းကြီးကား ဘုန်းလက်ရုံးအာဏာနှင့် ပြည့်စုံတော်မူ၏။ တရုတ်ရောအခါ မလည်တောင်ခြေအရပ်တွင် ရတနာ အထိပေါ်သည်။ လူနှင့်လျှောက်လာကြသောကြောင့် ရေအား၊ ကြည်းအား ဆန်တော်မူ၍ ထိုပတ္တမြားကို ကောက်ယူတော်မူသည်။ လေ့အဝ ခြောက်တောင်တစ်စင်း ပြည့်တော်မူ၍ရသော ပတ္တမြားတို့ကို ရွှေဘုရား၊ သဗ္ဗညုဘုရားမှာ ဌာပနာတော်မူသောအခါ ပေါက်ပေါက်ပြု၍ ပူဇော်တော်မူ၏ "

ဟူ၍ မလည်နှင့်ပတ်သက်သည့် သမိုင်းအထောက်အထားတစ်ခုကိုလည်း တွေ့ရသည်။

မလည်ရွာ၊ သိမ်းတောင်နှင့်မရိုးတောင်တို့သည် တတိယမြစ်ကျိုး အဝင်ဝတွင် ဖိုခနောက်ဆိုင်ပမာတည်ရှိနေကြသည်။ မလည်နှင့်ပတ်သက်၍ သမိုင်းဆိုင်ရာအချက်အလက်များကို ရှာဖွေရာ အောက်ပါအတိုင်းတွေ့ရပြန်သည်။

ကပိလဝတ်ပြည်မှ အဘိရာဇာမည်သော သကျသာကီဝင်မင်းသည် မိမိဗိုလ်ခြေအလုံးအရင်းကို ယူ၍မဇ္ဈိမဒေသမှ သင်္ကဿရဋ္ဌမည်သော တကောင်းပြည်ကြီးကို တည်ထောင်စံနေတော်မူ၏။ ပထမအဘိရာဇာမင်း



ကား မင်း ၃၃ တက်ရှည်ကြာ၏။ ယင်းတို့သည် တကောင်းပြည်ကြီးကို အစဉ်အတိုင်း မင်းပြုတော်မူကုန်သည်။ ၎င်းတို့ အဆုံးစွန်ဖြစ်သော ဘိန္နကရာဇာမင်းကြီးလက်ထက် တကောင်းပြည်ကြီး ပျက်စီးလေလျှင် ဘိန္နကမင်းကြီးသည် စုရုံးမိသမျှ ဗိုလ်ခြေအလုံးအရင်းနှင့် "မလည်ချောင်း"ဝင်၍ နေတော်မူ၏။

ထိုစဉ် မလည်ချောင်းသည် ယခုမဲဇာချောင်းပင်တည်း။ မဲဇာမြစ်သည် ရှေးကာလက လည်ရွာအနီး ဧရာဝတီနှင့် တွေ့ဆုံသောကြောင့် ချောင်းဝရွာ၏ အမည်ဖြင့် မလည်ချောင်းဟု ခေါ်ခဲ့ကြသည်။ မလည်ချောင်းကျွေ့ပတ်စီးဆင်းရာတောင်တန်းကိုလည်း မလည်တောင်တန်းဟုခေါ်သည်။

ဘိန္နကမင်းကွယ်လွန်သောအခါ နောက်လိုက်နောက်ပါအခြံအရံ ဗိုလ်ပါသုံးစုကွဲလေသည်။ တစ်စုကား မလည်ချောင်းမှဧရာဝတီမြစ်အတိုင်း စုန်ဆင်း၍ ပျူကမ်းယံသက်တို့အရပ်တွင် မုဒုစိတ္တ စသော သာကီဝင်မင်းတို့နေရာ သုနာပရန္တတိုင်းသို့ ဝင်ကြလေ၏။ တစ်စုကား နာဂဆိန်မိဖုရားကြီးနှင့်အတူနေမြဲ မလည်ချောင်းမြစ်ဝှမ်း၌သာနေကြ၏။ တစ်စုကား ဘိန္နကမင်းကွယ်လွန်တော်မူရာ အလယ်တောင်မှ ကုံကော်တောင်ကြားလမ်းကိုဖြတ်၍ အရှေ့ဘက်သို့ စီးဆင်းပြီး ဧရာဝတီမြစ်ကို ဖြတ်ကူး၍ ရွှေလီမြစ်ဝတွင်ရှိသော ယခုပျဉ်းလေးပင်ရွာအနီး "ကမ်းသီတာ"အမည်ရှိသော မြို့ကိုတည်ထောင်၍နေသည်။ ထို့ကြောင့် တကောင်း၊ မလည်၊ ကမ်းသီတာမြို့ဟောင်းများသည် ဆက်နွယ်လျက်ရှိနေကြသည်။ ထီးချိုင့်မြို့မြောက်ပြင် ၁၂ မိုင်ကွာ ဓါးဖြူကျင်းရွာအနီး အလယ်တောင်ကုန်းတွင် ဘိသိက်တော်ခံသန်လျက်တော်တစ်စင်း၊ သန်လျက်တိုများ၊ အောင်းလုံမျာ၊ ပြအိုးများတူးဖော်တွေ့ရှိရပါသည်။ ပြတိုက်သို့ပေးပို့ထားပါသည်၊ ဘိန္နကမင်း မဲဇာချောင်းအတွင်း ပုန်းအောင်း

နေစဉ် ကွယ်လွန်အနိစ္စ ရောက်သည့်နေရာဟု ယူဆပါသည်။ ဘိနကမင်း၏ အသုံးအဆောင်ပစ္စည်းများဟုလည်း ယူဆနိုင်ဖွယ်ရှိပါသည်။

မလည်မြို့၏ သမိုင်းကြောင်းသည်ကား တကောင်းမြို့ဟောင်းနှင့် ဆက်နွှယ်နေသဖြင့် ရှည်ကြာလှပြီဖြစ်ပေသည်။ မလည်သူ မလည်သားများက ယင်းတို့၏ဒေသသည် ပျူစောထီး၏ မွေးဖွားရာဇာတိအဖြစ် ဂုဏ်ယူပြောဆိုတတ်ကြသည်။ မလည်ဝန်းကျင်တွင် ထင်ရှားသော သမိုင်းအမှတ်အသားများ ထင်ကျန်ရှိနေပါသေးသည်။ ခေတ်ကာလကြာရှည်လာသည့်အခါ ဒဏ္ဍာရီပုံပြင်များသဖွယ် ပြောဆိုနေကြရပေသည်။

ယခုအခါ မလည်ရွာကြီးသည် စစ်ကိုင်းတိုင်း၊ ကန့်ဘလူမြို့နယ်၊ ဧရာဝတီမြစ်ကြီး၏ တတိယမြစ်ကျဉ်းအဝင် ဧရာဝတီမြစ်၏အနောက်ဘက်ကမ်းတွင်တည်ရှိသည်။ မလည်တောင်ယံ နောက်ခံထား၍ တည်ထားသောရွာဖြစ်၍ ဧရာဝတီကို အထက်စီးမှ မြင်တွေ့ရသည်။ ရွာဦးတွင် ရွှေတောင်ဦးစေတီတော်၊ ရွှေမုဋ္ဌောစေတီတော်၊ ရတနာမဥ္ဇူစေတီတော်များသည် သမိုင်းဝင်ထင်ရှားသည့် စေတီတော်များဖြစ်သည်။ သမိုင်းမှတ်တမ်းမတင်နိုင်သေးသည့် စေတီဟောင်း ၊ စေတီပျက်များကား များစွာရှိနေပါသေးသည်။ ထို့ပြင် မလည်မြို့ဦးပျူစောထီးမင်း စေတီတော်၊ ဗန်းမော်ဝန်း မင်းစောင်းတန်းများမှာ ယနေ့တိုင်အထင်အရှားတွေ့မြင်နိုင်ပါသေးသည်။ စာရေးသူတို့ မလည်ရွာသို့ ရောက်ရှိစဉ် ဆရာတော်ဘုရားများဦးစီး၍ စေတီဟောင်းများ ပြုပြင်နေသည်ကို မြင်တွေ့ခဲ့ရသည်။

မလည်မြို့ဟောင်းသည် ရှေးဟောင်းမြို့တစ်မြို့ ဖြစ်သည်နှင့်အညီ မြို့ရိုးဟောင်းများ၊ ကျုံး၊ မြောင်း ဟောင်းများ ယနေ့တိုင်တွေ့မြင်နိုင်ပါသေးသည်။ မြို့ရိုးနှစ်ထပ်ကာရံထားသည်ဟု ဆိုသည်။ မြို့ရိုး၏ တစ်ထပ်မှာ ရတနာမဥ္ဇူဘုရားမြောက်ဘက်မှစိန်ပန်းကျောင်း အနောက်ဘက်၊ ထိုမှ



မြို့လည်ကျောင်းတောင်ဘက်မှ အရှေ့ဘက်ဧရာဝတီသို့စီးဆင်းသည်ကို တွေ့ရသည်။

စိန်ပန်းဆရာတော်ဘုရားကြီးက–

"သမိုင်းဝင်မြို့ရိုးတွေ ပျောက်ပျက်မှာစိုးရိမ်ရပါတယ်၊ မြို့ရိုးတွေပေါ်မှာ လူနေအိမ်ခြေတွေတိုးချဲ့ဆောက်လုပ်နေကြပြီ။ မြို့ရိုးက အုတ်ချပ်ကြီးတွေဟာလည်းကြီးမားတယ်။ ခိုင်လဲခိုင်ခန့်တယ်။ ကျောက်ပြားကြီးတွေလို့ ထင်မှတ်ရပါတယ်။ အမှတ်အသားတွေလည်း တွေ့ရပြန်တယ်။ မြို့ရိုးက ကျောက်ပြားတွေကို လူအများသုံးစွဲနေကြပါတယ်။ သမိုင်းဝင်ယဉ်ကျေးမှုအမွေအနှစ်တွေကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ကြဖို့ ဆရာတော်က တာဝန်ရှိသူတွေကို ပြောပြပေးစေချင်ပါတယ်။"ဟူ၍ မိန့်ကြားခဲ့ဖူးပါသည်။ မလည်မြို့တွင်းတွင် ထင်ရှားသည့် သမိုင်းဝင် အထောက်အထားများရှိသကဲ့သို့ မလည်မြို့ဝန်းကျင်တွင်လည်း ထင်ရှားသည့် အထောက်အထားများ ရှိနေပါသည်။ မလည်မြို့ အနောက်ဘက် ခုနစ်မိုင်ခန့်အကွာ မယ်ဇတောတွင် ကျောက်ဖြစ်ရုပ်ကြွင်းကြီးများ တွေ့ရသည်။ ဆရာတော်ဘုရားက ပြောပြရာတွင်–

"ရုပ်ကြွင်းများ ဦးခေါင်းခွံများ၊ မေးရိုးများ၊ သွားများအထင်အရှားတွေ့ရပါတယ်။ သွားများက နှစ်လက်မခွဲ သုံးလက်မလောက်ရှိတယ်၊ အရိုးစုများဟာတစ်ကောင်အပေါ် တစ်ကောင်ထပ်နေတယ်၊ ဆရာတော်တို့ ငယ်စဉ်က ထိုမေးရိုးကြီးများကို ယူခဲ့ပြီးကျောင်းမှာ ကစားပါတယ်၊ ကျောင်းမှာမထားကောင်းဘူး ဆိုလို့ ဧရာဝတီမြစ်ထဲ ပစ်ချခဲ့ပါတယ်၊ ထိုမေးရိုးကြီးများကို နိုင်ငံခြားသားများ၊ သုတေသနပညာရှင်များလာရောက်ယူသွားကြပါတယ်၊ အခုအချိန်အထိ အကောင်အထည်မပေါ်သေးပါဘူး၊ ပျောက်ပျက်ဆုံးရှုံးသွားမှာ စိုးရိမ်မိပါတယ်။"

ချောင်းသာဘက်အရိုးတောင်တွင်လည်း အရိုးစုကြီးများကို တွေ့ရှိကြောင်း၊ အရိုးစုကြီးများသည် ခေတ်သစ်လူသားများ၏ အရိုးစုထက်များစွာ ကြီးမားကြောင်း၊ ထို့ပြင် ပျူခေတ်ငွေအိုးများလည်းတွေ့ရကြောင်း ပြောပြသည်။

မယ်ဇတောဘက်တွင် ချောင်းရေတိုက်စားသဖြင့် ပန်းကန်များ အထပ်လိုက်ပေါ်လာကြောင်းတွေ့ရသည်။ မလည်ရွာဆေးဆရာကြီး တစ်ဦး၏ အိမ်တွင်သိမ်းဆည်းထားသည့် ပန်းကန်ကြီးတစ်လုံးကို ပြသပါသည်။ ပန်းကန်ကြီးမှာမြေပန်းကန်ဖြစ်သော်လည်း ကြွေရည်သုတ်ထားသည်ဟု ထင်ရသည်။ လက်ရာမြောက်လှ၏။ မလည်အနောက်ဘက်ရှိကျေးရွာများမှာ လည်း စိတ်ဝင်စားဖွယ်ရာဖြစ်၏။ ပစိကြီး၊ ပစိလေး၊ မင်းတိုင်ပင်စခန်း၊ နေ့ကျော်၊ တကောင်းလမ်းခွဲ စသောရွာများကိုတွေ့ရသည်။ မလည်ဝန်းကျင်တွင် ဆက်လက်၍သုတေသနပြုစရာများစွာ ကျန်ရှိနေပါသေးသည်။ မလည်ရွာဇာတိ အဘွားအိုတစ်ဦးကမူ-

"မလည်ရွာဟာ စစ်လမ်းကျတဲ့ရွာတစ်ရွာဖြစ်ပါတယ်။ ဒုတိယကမ္ဘာစစ်အတွင်းမှာ ဗုံးဒဏ်အကြိမ်ကြိမ်ခံခဲ့ရပါတယ်။ ရှေးဟောင်း အဆောက်အအုံတွေ ဗုံးဒဏ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့ရပါတယ်။ မလည်ရွာမှာ ဘယ်နေရာကျင်းတူးတူး အုတ်ကျိုးအုတ်ပဲ့တွေနဲ့၊ ဗုံးဆန်အမြောက်ဆန်နဲ့ လက်ပစ်ဗုံးတွေ တွေ့ရပါတယ်" ဟူ၍ ရှင်းလင်းပြောပြပါသည်။

မလည်ရွာကြီးသည် ဧရာဝတီမြစ်ကမ်းပေါ်တွင် အေးဆေးတည်ငြိမ်စွာတည်ရှိပါသည်။ တောင်နောက်ခံဖြင့် အနားသတ်ထားသည်။ ရှေးဟောင်းမြို့တစ်မြို့ဖြစ်သဖြင့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကလည်း ပေါများလှသည်။ သာသနာတော်ထွန်းကားရာ ဒေသဖြစ်သဖြင့် စိန်ပန်းဘုန်းတော်ကြီးကျောင်းတိုက်၊ မြို့လယ်ကျောင်းတိုက်၊ ဒက္ခိဏာ



ရာမကျောင်းတိုက်၊ သတိပဋ္ဌာန်ကျောင်းတိုက်၊ မဟာပညာရာမကျောင်းတိုက် စသည့် ကျောင်းတိုက်ကြီးများမှာ ကျယ်ပြန့် စည်ကားလှသည်။

ဧရာဝတီမြစ်ကမ်းနားတစ်လျှောက်တွင် ကုက္ကိုပင်ကြီးများ စီတန်းပေါက်ရောက်နေ၏။ ဆိပ်ကမ်းတွင် အညာလှေကြီး ဆိုက်ကပ် ထားသည်၊ ဧရာဝတီသင်္ဘောဆိပ် ရွာကြီးတစ်ရွာဖြစ်ပြီး မလည်လိုင်း၊ ကွင်းငယ်လိုင်း၊ ကြာညှပ်လိုင်း၊ တကောင်းအမြန်ယာဉ်လိုင်း စသည့် ရေယာဉ်လိုင်းများလည်းရှိသည်။

မလည်ရွာကြီးသည် အိမ်ထောင်စု (၆၀၀) ခန့်ရှိပြီး၊ တိုက်နယ်ဆေးရုံ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်း၊ ဈေး၊ တွဲဖက်အခြေခံပညာအထက်တန်းကျောင်းများဖြင့် စည်ကားသည့်ရွာကြီးတစ်ရွာဖြစ်သည်။

"၁၉၉၅- ၉၆ ပညာသင်နှစ်မှာ တွဲဖက်အထက်တန်းကျောင်းက အခြေခံပညာအထက်တန်းကို ၆၉- ရာခိုင်နှုန်းကျော်အောင်မြင်ပါတယ်။ ဒီရွာမှာ တာဝန်ကျတဲ့ဆရာဝန်ဇနီးမောင်နှံကလည်း စိတ်တူကိုယ်တူ စိတ်ရောကိုယ်ပါ ကလေးများပညာရေးကို ကူညီသင်ကြား ပေးပါတယ်" ဟူ၍ ရွာသားတစ်ဦးက ပြောပြပါသည်။

မလည်ရွာဦး ရွှေတောင်ဦးစေတီတော်မှ လှမ်းမျှော်၍ကြည့်လိုက်လျှင်မရိုးတောင်၊ သိမ်းတောင်နှင့် ပုဂံခေတ် ကင်းမြို့ဟောင်းတစ်မြို့ဖြစ်ခဲ့သည့် စပ္ပာယ်နဂိုရ်ရွာလေးကို မြင်တွေ့ရသည်။ မလည်နှင့် စပ္ပာယ်နဂိုရ်အမြန်ကူးတို့အမြဲရှိသည်။ ယင်းကူးတို့သည် ယခင်က ငှက်သမ္ဗာန်များဖြင့် လူသားတို့၏ လုပ်အားနှင့် တရွေ့ရွေ့လှော်ခတ်နေသည်ကိုမြင်တွေ့ခဲ့ရာ၊ ယခုအခါပဲ့ထောင်များ၊ စက်လှေများ၊ မော်တော်များ စသည့်စက်တပ်ယာဉ်များဖြင့် ကူးခတ်ပြေးဆွဲလျက်ရှိကြောင်း တွေ့ရသည်။ တိုးတက်ပြောင်းလဲလာသည့်သဘောပင်ဖြစ်သည် ။

## ရွှေမင်းဝံတောင်ခြေကချွန်းတောင်မြို့ဟောင်း

ထီးချိုင့်မြို့နယ်အတွင်း ထင်ရှားသောရှေးဟောင်းမြို့ (၄) မြို့ပါဝင်သည်။ ယင်းတို့မှာ မြတောင်မြို့၊ ကွမ်းတောင်မြို့၊ ချွန်းတောင်နှင့် တုံငယ်မြို့ဟောင်းများ ဖြစ်သည်။

"မြန်မာအစ တကောင်းက၊ ပြောကြအစဉ်အလာ၊ သာကီနွယ်တွင်းဝင်ရောက်ခြင်း၊ မင်းအဘိရာဇာ" ဟူသည် ကျွန်တော်တို့ငယ်စဉ်ကပင် ရင်းနှီးကျွမ်းဝင်ခဲ့ပြီး ဖြစ်သည်။ "တကောင်းအဘိရာဇာ၊ ဒို့ဗမာ သာကီမျိုးနွယ်ဟာမို့၊ မညှိုးဂုဏ်တေဇာ" ဟုသော သီချင်းသည် လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် ပြည်သူတို့၏ နှလုံးသားကို လှုပ်ရှား တက်ကြွစေပြီး အင်အားတစ်ရပ်ဖြစ်စေခဲ့သည်။

"မြန်မာအစတကောင်းက" ဟူသည် လူတိုင်းနီးပါးကြားဖူးကြပြီး လက်ခံယုံကြည်ထားကြသော်လည်း "တကောင်းအစတုံငယ်ဝ" ဟူ၍ သိရှိလက်ခံထားသူ အလွန်နည်းပါးလှပေသည်။ အစဉ်အလာအားဖြင့် "တုံငယ်မြို့" သည်တကောင်းထက်ရှေးကျကြောင်း ရပ်ရွာလူကြီးသူမများ ယခုတိုင် စွဲမြဲယုံကြည်ယူဆလျက်ရှိကြသည်။ "အောအံ့ညောင်း တကောင်းတည်၊ တကောင်းတည်စတုံငယ်ဝ" ဟူ၍အစဉ်အလာ ပြောစမှတ်ဆိုရိုးစကားရှိခဲ့သည်။ ထိုသကော်တာ ဆိုရိုးစကား၏အဓိပ္ပာယ်မှာ ဘိုးတော်အဋ္ဌနမင်းကြီး ဖြိုးကြွင်းသက္ကရာဇ် (ဝ) မဟာသက္ကရာဇ် ၁၁၃-ခုနှစ်တွင် တကောင်းမြို့ကြီးကို စတင်တည်ထောင်ခဲ့ကြောင်း ထိုတကောင်း



မြို့ကြီး မတည်ထောင်မီအချိန်ကပင် ဧရာဝတီမြစ်အနောက်ဘက်၊ ဧရာဝတီနှင့်မဲဇာမြစ်တို့ ပေါင်းဆုံရာတွင်ရှိသည့် "တုံငယ်ဝ" အရပ်တွင်အဘိရာဇာမင်းကြီးသည် ယာယီတဲနန်းတည်ဆောက်နေထိုင်ခဲ့ကြောင်း အစဉ်အလာအားဖြင့် စွဲမြဲယုံကြည်လျက်ရှိနေကြခြင်း ဖြစ်ပေသည်။

မြန်မာနိုင်ငံသမိုင်းခေတ်ဦးဆိုင်ရာ အခန်းကဏ္ဍသည် မထင်မရှား မှုန်မွှားမွှားမျှသာရှိချေသည်။ သမိုင်းပုံပြင်များ၊ ဒဏ္ဍာရီများ၊ မိရိုးဖလာ ယုံကြည်မှုများဖြင့် ရောပြွမ်းလျက်ရှိသည်။ တုံငယ်မြို့ဟောင်းနှင့် ပတ်သက်၍ သမိုင်းဆိုင်ရာအထောက်အထားများမှာ မှုံဝါးဝါးဖြစ်နေသော်လည်း တုံငယ်မြို့ဟောင်းနှင့်ကပ်လျက်တည်ရှိသည့် ချွန်းတောင်မြို့ဟောင်း၏ သမိုင်းဆိုင်ရာ အထောက်အထား များကား ယနေ့တိုင် ထင်ထင်ရှားရှားရှိနေဆဲပင်။

ချွန်းတောင်မြို့ဟောင်းသည် တုံငယ်မြို့ဟောင်း၏ အထက်နားတွင် တည်ရှိသည်။ တုံငယ်နှင့်ချွန်းတောင်မှာ ယခုအခါ ကျေးရွာအုပ်စုတစ်စုတည်းဖြစ်၏။ ချွန်းတောင်မြို့သည် ထီးချိုင့်မြို့၊ မြတောင်မြို့များနှင့် တစ်ပြိုင်တည်းတည်ထားကြောင်း ဇမ္ဗူဒီပဥဆောင်းကျမ်းကဆိုသည်။ ထို့ကြောင့် ထီးချိုင့်၊ မြတောင်၊ ချွန်းတောင်မြို့များမှာ အမွှာညီနောင်မြို့များ ဖြစ်ကြပြီး သမိုင်းကြောင်းလည်း ရှည်ကြာလှပြီဖြစ်သည်။ ပထမ မြန်မာနိုင်ငံတော်ကြီးကို စည်းရုံးတည်ထောင်ခဲ့သော အနော်ရထာမင်းကြီးသည် ကင်းမြို့ (၄၃) မြို့ကိုတစ်ပြိုင်တည်း တည်ခဲ့ရာတွင် ထီးချိုင့်၊ မြတောင်၊ ချွန်းတောင်မြို့များကို ထပ်မံတည်ထောင်ခဲ့ပြန်သည်။

ချွန်းတောင်မြို့သည် ဧရာဝတီနှင့်မဲဇာမြစ်တို့ဆုံရာ တုံငယ်ဝအထက် မင်းဝံတောင်ခြေ၌ ကပ်၍တည်ရှိသောကြောင့် တောတောင်များနှင့် ဆက်စပ်နေသည်၊ မင်းဝံတောင်မှကျဆင်းသော ရေတံခွန်သည် မြို့တွင်းမှ

ဖြစ်၍ မဲဇာမြစ်အတွင်းသက်ဆင်းလျက်ရှိသည်။ ထို့ကြောင့် ကောဇာသက္ကရာဇ် ၁၁၉၄– ခု၊ လေးကျွန်းမာန်အောင် ဘုရား ဒါယကာမင်းတရား လက်ထက်မြို့တွင်းသို့ ဆင်ဖြူတော်တစ်စီးဝင်ရောက်လာဖူး၏။ ထိုဆင်ဖြူတော်ဖမ်းယူ၍ မင်းအားဆက်သရာ မင်းကြီးအလွန်တရာ နှစ်သက်လှ၍ ဆင်ဖြူရှင်ဘွဲ့ကိုခံယူတော်မူသည်။

ချွန်းတောင်မြို့သည် ရှေးဟောင်းမြို့ဖြစ်သောကြောင့် သာသနိက အဆောက်အအုံများ ပေါ်များလှသည်။ ဘိုးတော်မင်းတရား ကောင်းမှု ရွှေဂူကြီးဘုရား၊ သီပေါမင်း နံတော်သင့်ရာဇမုနိဘုရားများဖူးတွေ့ရသည်။ ယခုအခါ ချွန်းတောင်မြို့တွင် ထင်ရှားသောဘုရား နှစ်ဆူဖူးတွေ့နိုင်သည်။ တစ်ဆူမှာ တောင်ထိပ်၌ ရှိသောမြသိန်းတန်စေတီတော်နှင့် မဟာမုနိ ကြေးရုပ်ပွားတော်ကြီး ဖြစ်လေသည်၊ ချွန်းတောင်မြို့ မြသိန်းတန် စေတီတော်သည် ထီးချိုင့်မြို့ မြသိန်းတန်စေတီကဲ့သို့ သိရိမဟာသောက မင်းကြီး စတင်တည်ထားပြီး အလောင်းစည်သူမင်းကြီး ထပ်မံပြုပြင်ကာ မိဖုရားကြီးကတစ်သိန်းတန်သော မြတဘက်တော်ကို လှူဒါန်းခြင်း ကြောင့် မြသိန်းတန်ဟူသော ဘွဲ့အမည်တွင်သည်ဟု အဆိုရှိသည်။

ချွန်းတောင်မြို့သည် သီပေါမင်းတရား၏ မယ်တော်လောင်းရှည်မြို့စား "သီရိမဟာသုပဘာဒေဝီ" မိဖုရား၏ ခမည်းတော် မိုးနဲဗိုလ်မှူးမင်း အပိုင်စားသောမြို့ဖြစ်၏။ မိုးနဲဗိုလ်မှူးမင်းကား လောင်းရှည်မြို့စားမိဖုရား၏ ခမည်းတော်ဖြစ်ရုံမျှမက မင်းတုန်းမင်းတရားကြီး၏ ဘဒွေးတော်လည်း ဖြစ်သည်၊ မင်းတုန်းမင်းတရားကြီး လွန်စွာအားထားရသည့်ဗိုလ်မှူးမင်း လည်းဖြစ်သည်။ ကောဇာသက္ကရာဇ် ၁၂၁၆– ခုနှစ်၊ နယုန်လတွင် ကျိုင်းရုံးကြီးမြို့ အစွန်အနားကျေးရွာများ ထိပါးနှောင့်ယှက်မှုကို ဘဝရှင် မင်းတုန်းမင်းတရားကြီး၏ အမိန့်ဖြင့် နှိမ်နင်းသုတ်သင်ခဲ့သည်။



မိုးနဲဗိုလ်မှူးမင်း ကွယ်လွန်သောအခါ သီပေါမင်း၏ အစ်မတော် "သုသီရိပဘာဝတီမင်းသမီး" အပိုင်စား၏ သီပေါမင်းတရားလက်ထက် ချွန်းတောင်မြို့ကိုအပိုင်စား အသနားခံရသူကား သီပေါမင်း၏မိဖုရား စုဖုရားလတ်၏အပျိုတော် "သုသီရိစန္ဒာဝတီ" ဖြစ်သည်။ ချွန်းတောင်မြို့စား အပျိုတော်သုသီရိစန္ဒာဝတီကား ၁၂၄၇– ခုနှစ် တန်ဆောင်မုန်းလပြည့် ကျော် ၉–ရက်နေ့ သူရိယသင်္ဘောဖြင့်သီပေါမင်း၊ မိဖုရားကြီးများနှင့်အတူ အိန္ဒိယ(မဒရပ်) သို့လိုက်ပါသွားရသည်၊ ချွန်းတောင်မြို့သည်လည်း သောင်းကျန်းသူများဖျက်ဆီးမှုကြောင့် ပျက်စီးခဲ့ရသည်။

ချွန်းတောင်မြို့ဟောင်းသည် ရှေးဟောင်းမြို့ဖြစ်သောကြောင့် ရှေးဟောင်းသာသနိက အဆောက်အအုံများ ပေါ်များလှသော်လည်း မြို့ပျက်သည်မှာ ရှည်ကြာ၍ ပြုစုစောင့်ရှောက်မည့်သူမရှိခြင်းကြောင့် ယခုအခါမြို့အပျက်များသာ တွေ့မြင်ရတော့သည်။ ယခင်က မြသိန်းတန် တောင်ထိပ်မှ တောင်ခြေအထိအမိုးအကာတို့ဖြင့် တန်ဆာဆင်ထားသော စောင်းတန်းကြီးရှိခဲ့ဖူးသည်။ တောမီးလောင်သွားသောကြောင့် ယခုအခါ အုတ်လှေကားအဆင့်ဆင့်ကိုသာ မြင်တွေ့နိုင်သေးသည်။

ထိုစောင်းတန်းကြီးသည်ကား ချွန်းတောင်မြို့သူကြီးမင်း ဦးစိုးမင်း၏ အစ်မ "ရွှေထီးတစ်လက်ရ အဝေးရောက်အပျိုတော်ဒေါ်ဆွဲမိ" လှူဒါန်းခဲ့သည် စောင်းတန်းကြီးဖြစ်သည်။ ဒေါ်ဆွဲမိသည် ထိုစဉ်က မြတောင်၊ ချွန်းတောင်မြို့များနှင့် ခေတ်ပြိုင်မန်လည်မြို့၊ မြို့ဝန်မင်း၏ ကြင်ရာတော် ဖြစ်လာသည်၊ ဝန်ကတော်ဒေါ်ဆွဲမိသည် မန်လည်မြို့သို့ရောက်သည့်အခါ မန်လည်တောင်ကုန်းနှင့် မြောက်ကုန်းတို့၏အကြား အုတ်စောင်းတန်းကြီး ကိုလည်းထိုဒေါ်ဆွဲမိပင် လှူဒါန်းခဲ့သည်။ ထို့ကြောင့် ဒေါ်ဆွဲမိကို အရပ်သူအရပ်သားတို့က "ဒေါ်စောင်းတန်း"ဟုခေါ်ဝေါ်ခဲ့ကြသည်။

ထိုဝန်ကတော်ဒေါ်စောင်းတန်းသည် အလွန်သဒ္ဓါတရားကောင်းသောကြောင့် မန်လည်ဆရာတော်ဘုရားကြီးက ဒေါ်စောင်းတန်းဘွဲ့သံချိုနှစ်ပုဒ် ရေးသားချီးမွမ်းတော်မူခဲ့သည်-

### ဒေါ်စောင်းတန်းဘွဲ့သံချို

"မခြီးသင့်သော်တော၊ ထီးတစ်ပွင့် အသရေလှုံလို့၊ အနေဂုဏ်
သူထက်ကဲပါတဲ့၊ မမဆွဲရွှယ်ကလျာမှာတော့၊ သမ္ဘာရွှေ
သာမညပေမို့၊ သဒ္ဓါရေညာကဋ္ဌတို့လို၊ ထူးစာဂရွှေဝသီ။ ။"
"သူ့အသွေးအတွေးနှင့် ချင့်ရမှာဖြင့်၊ ရှေးယခင်ကမ္ဘာဘာက၊
မယ်သာခါကလျာဏီကဲ့သို့၊ ပါရမီစာဂီမြတ်ကိုလ၊ ခါမညီရာသီ
စပ်အောင်ပ၊ မလပ်လေခါတရုံမှ၊ ချာမချွန်ကျွန်မမေ့လေဘူး၊
သမ္ဘာခံ သဒ္ဓါဟန်မှန်စေလေ့ငယ်နှင့် သိန်းပြည့်သင့်ပြီ ။ ။"

### စိန်တလားတော်လှူသောဘွဲ့သံချို

"သိန်မနှုန်းဘောဘူး၊ စိန်ဘုန်းဂုဏ်မဟာတဲ့၊ စုံသမ္ဘာထုံပါရင်း ပေမို့
ဘုံကြာမှာဒုမ္မာခင်းငယ်နှင့်၊ နတ်မင်းငယ်ဆွေသဟာသို့၊ ဝေဇယန်
ရွှေစံကွန်ကိုလ၊ ချန်ယွန်းကာကိုယ်တော်ဝင်တဲ့၊ ခါသဘင်ပြည်
တော်ကူးမှာလ၊ပွဲဦးတာဝေစံလို့၊ ညာနေရုံပန်ခဲ့ဖူးရော့ထင့်၊
ထူးပေတောင်းစေနာတော်။ ။"
"ဘိုးအင်္ဂကိုး မျက်ကယ်ရောင်စုံခြယ်လို့၊ ဘုံတနယ်ပဒေသာက၊
တပြည်လာရွှေဇာအုပ်ကယ်နှင့်၊ ရာရုပ်စုံပျံမည်မည်သို့၊ ဟန်ချီချီရှု
မအားနိုင်ဘူး၊ ကြယ်ကျောက်စီစိန်တလားငဲ့ပြင်၊ မြတ်ဖျား
ကိုယ်တော်စံဘို့၊ ပျိုတော်ရုံမြတခဲလိုဘဲ၊ လှလှရွှဲရွှယ်ကလျာတဲ့၊
မမဆွဲမယ်ကညာက၊ ကြွယ်သဒ္ဓါရည်ဆုထူးငယ်နှင့်၊ ထံတော်မှာ
ပန်ရောင်ဖူးပါလို့ဦးညွှန့်ပူဇော်။ ။"



ချွန်းတောင်မြို့ဟောင်း၏သမိုင်းကြောင်းကား လွမ်းမောဖွယ်ကျန်ရစ်ခဲ့လေပြီ၊ ချွန်းတောင်မြို့ဟောင်း၏ နေရာတိုင်းလိုလိုပင် ပြိုပျက်နေသည့် စေတီပုထိုးများဟောင်းနွမ်းပျက်စီးနေသည့် အနုပညာလက်ရာမြောက်သိမ်ကျောင်းဇရပ်များကိုတွေ့ရှိရသည်။ တောမီးလောင်၍ပျက်စီးသွားသော မြသိန်းတန်စောင်းတန်းကြီးသည်ကား အုတ်ခုံများအုတ်တိုင်များကို တောများဖုံးလွှမ်းနေသည့်ကြားမှပင် မြင်တွေ့နိုင်သေးသည်။ မြသိန်းတန်တောင်နှင့် ချွန်းတောင်မြို့ကို သွယ်တန်းထားသည့်လှေကားအပိုင်းအစများ ယနေ့တိုင်တွေ့မြင်နိုင်သေးသည်။ အုတ်ခင်းတံတားဦးမှ ထန်းတောမှာ ညှိုညှိုမှိုင်းမှိုင်းနှင့် လွမ်းမောစရာပင် ဖြစ်တော့သည်။ ရွာလယ်မှာဖြတ်သန်း စီးဆင်းနေသည့် ရေတံခွန်ချောင်း ကူးသစ်သားတံတားလေးမှာလည်း မခိုင့်တခိုင်ယိမ်းယိုင်လျက်ရှိသည်။

"ကျွန်တော်တို့ ဘိုးဘွားများ ပြောကြားဖူးတာကတော့ ချွန်းတောင်မြို့ကြီး ကောင်းစားစဉ်ကဘုန်းတော်ကြီးကျောင်း (၃၀) ခန့်ရှိတယ်လို့သိရပါတယ်။ စေတီဘုရားတွေကတော့ အနံ့အပြားပါပဲ၊ လက်ရှိကျွန်တော်တို့ရွာသားများရဲ့ အင်အားနဲ့တော့ ဒီလောက်များပြားလှတဲ့ စေတီပုထိုးတွေ၊ အဆောက်အအုံတွေ ပြုပြင်နိုင်ဖို့ မလွယ်ပါဘူး၊ မန္တလေးပွဲစားကြီးများကလည်း တတ်နိုင်သလောက် ပြုပြင်ကြပါတယ်။"

ဟု ရွာလူကြီးတစ်ဦးကပြောပြပါသည်။

ယခုအခါ ချွန်းတောင်ရွာကလေးမှာ အိမ်ထောင်စုတစ်ရာကျော်နှစ်ရာခန့်မျှသာရှိမည်ဖြစ်ပေသည်၊ ဤရွာအင်အားနှင့် များပြားလှသည့် ရှေးဟောင်းသာသနိက အဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရန်မလွယ်ကူပေ၊ ရှေးဟောင်းအဆောက်အအုံများက အလှူရှင်များမျှော်နေသည်ဟုပင် မြင်ယောင်မိပေသည်။

"ဟောဒီဘုရားကြီးကတော့ သမိုင်းဝင်သကျမုနိရုပ်ပွားတော်ကြီး ပေါ့ဗျာ၊ အလွန်ထူးခြားပါတယ်၊ လွန်ခဲ့တဲ့နှစ်ကခိုးသူများဟာ ဘုရားကြီး သံတိုင်များလွှနဲ့ဖြတ်ပြီး ရွှေများ ပွတ်ယူခဲ့ပါတယ်၊ ဘုရားကြီးရဲ့တန်ခိုးတော်ကြောင့် ရွှေပွတ်သူခိုး မကြာမီမှာ ဖမ်းမိပါတယ်၊ အခုအချိန်မှာတော့ အစောင့်အရှောက်ကင်းမဲ့ သလို ဖြစ်နေပါတယ်"

ဂေါပကလူကြီး တစ်ဦးကရှင်းလင်းပြောပြပါသည်။

ရှေးမြန်မာမင်းများ ချွန်းတောင်မြို့တည်နေရာ ရွေးချယ်ထားပုံမှာ သဘာဝကျလှသည်၊ မြို့၏ အရှေ့မျက်နှာတွင် ဧရာဝတီနှင့် မဲဇာမြစ်တို့ ပေါင်းဆုံကြသည်၊ ထိုခေတ်က ခရီးသွားလာရေးသည် ရေလမ်း တစ်ခုတည်းကိုသာ အားထားရသဖြင့် ဧရာဝတီကြောင်း၊ မဲဇာကြောင်း အတိုင်း လိုရာခရီးသွားလာနိုင်ကြသည်။ မြစ်နှစ်ဘက်ကာရံထားသဖြင့် ရန်သူများကိုလည်း ကာဆီးထားသကဲ့သို့ရှိသည်။ သဘာဝကျုံးမြောင်းကြီးကဲ့သို့ ဖြစ်နေ၏။ ဧရာဝတီနှင့် မဲဇာတို့ပေါင်းဆုံရာဒေသဖြစ်သဖြင့် မြေနုကျွန်းများလည်း များစွာပေါ်ထွန်းသည်။ ထိုမြေနုကျွန်းများတွင် ဆောင်းစိုက်ပျိုးသီးနှံများ လည်းများစွာဖြစ်ထွန်းလှသည်။

နောက်ကျောဘက်တွင် မင်းဝံတောင်ကို နောက်ခံပြု၍တည်ထားသည်၊ သဘာဝမြို့ရိုးကြီးသဖွယ် ခံတပ်ကြီးသဖွယ် ရန်သူများကို တားဆီးကာကွယ်ထား၏။ ထို့ပြင်မင်းဝံတောင်ကြောတွင် မြန်မာ့ရတနာ ကျွန်းရွှေဝါနှင့် အခြားအဖိုးတန်သစ်ပင်များ၊ ဝါးများ ပေါများလှသည်၊ မင်းဝံတောင်ခြေနှင့် မဲဇာမြစ်အကြားနေရာများတွင် လယ်ယာများ စိုက်ပျိုးကြ၏။

ထို့ကြောင့်ပင် ချွန်းတောင်မြို့ကိုစတင်တည်ထောင်စဉ်က ရှေ့တန်းတင်မြို့အဖြစ် တည်ထောင်ခဲ့၏၊ အနော်ရထာမင်းစောက ကင်းမြို့အဖြစ် ထပ်မံ၍ အတည်ပြုတည်ထားပြန်သည်။ စီးပွားရေးကောင်းမွန်သည့် ဒေသ



ဖြစ်ကြောင်းလည်း သမိုင်းဝင်သာသနိကအဆောက်အအုံများက အထင်အရှားသက်သေပြနေသည်။ ချွန်းတောင်မြို့ ပျက်စီးသည့်အခါ ချွန်းတောင်မြို့သူမြို့သားများ မန္တလေးမြို့နှင့် ကသာမြို့ခရိုင်အတွင်း အနှံ့အပြားပြောင်းရွှေ့သွားကြ၏။ ထီးချိုင့်မြို့တွင် ချွန်းတောင်ဟောင်းမှ ပြောင်းရွှေ့လာသောရပ်ကွက်ကို "ချွန်းတောင်တန်း" ဟူ၍ ယနေ့တိုင်ခေါ်တွင်လျက်ရှိသည်။

မင်းဝံတောင်ခြေတစ်တန်းတွင် တောမရွာ၊ မရသိမ်ရွာ၊ ဝါးဘိုးချောင်း ရွာ၊ ဖက်တဲရွာ၊ ကြဆုချောင်းရွာ၊ ကျွန်းချောင်းရွာ၊ ငွေးပင်ချောင်းရွာ၊ "ချွန်းတောင်ရွာ"၊ ဝဲကြီးရွာ၊ မြကန်သာရွာ၊ တုံငယ်အထက်ရွာ၊ တုံငယ်အောက်ရွာ၊ ဘိုကုန်းရွာဟူ၍ ရွာစဉ်တန်း လျက်တည်ရှိသည်၊ ချွန်းတောင်ရွာသည် ထိုမင်းဝံတောင်တန်း ရွာစဉ်များ၏ အလယ်ဗဟိုတွင်ရှိသည်။ ဘိုကုန်းရွာသည် ဧရာဝတီမြစ် တစ်ဖက်ကမ်း တကောင်းမြို့ဟောင်းနှင့် မျက်စောင်းထိုးခန့်ရှိ၏။ တုံငယ်ဘိုကုန်းမှ တကောင်းမြို့နှင့်ဆက်သွယ်ထားသည့် ရှေးဟောင်း တာဘောင်လမ်းကြီးလည်းရှိသည်။

မင်းဝံတောင်ကြောမှ ကျွန်းနှင့်သစ်မာများကို နိုင်ငံတော်အစိုးရနှင့် ပုဂ္ဂလိကများမှ ထုတ်လုပ်ကြ၏။ မင်းဝံတောင်ခြေတွင် ဘိုကုန်းအထိ သစ်ထုတ်လုပ်ရေးကားလမ်းမှာ ဖြောင့်ဖြူးစွာရှိနေ၏။ ထိုသစ်ထုတ်လုပ်ရေးကားလမ်းသည် ချွန်းတောင်မြို့ဟောင်းကို ဖြတ်၍သွားသည်။

ချွန်းတောင်မြို့နှင့် ကောလင်းမြို့၊ ဝန်းသိုမြို့တို့သည် မင်းဝံတောင်ခြားလျက်ကျောချင်းကပ်၊ ရင်ချင်းအပ်လျက်တည်ရှိနေကြသည်၊ ကောလင်းမြို့နယ် ကျောက်ပုထိုးဒေသ အထူးသတ္တု (၂) စတင်တည်ဆောက်စဉ်က လိုအပ်သည့်ပစ္စည်းများကို ဧရာဝတီမြစ်အတိုင်း သင်္ဘောများဖြင့် တင်ပို့၏။ ဘိုကုန်းဆိပ်ကမ်းတွင် စုပုံ၍မင်းဝံတောင်တန်းသစ်ထုတ်ရေး လမ်းကြောအတိုင်း မဲဇာမြစ်ကမ်းပေါ်ရှိ တောမရွာသို့ရောက်၏။ တောမရွာမှမင်းဝံတောင်ကိုကျော်၍ ကျောက်ပုထိုးအထူးသတ္တု (၂) သို့ ပို့ဆောင်ပေးသည်။ ထီးချိုင့်မြို့နယ်နှင့် ကောလင်း၊ ဝန်းသိုမြို့

နယ်များသည် ဤခရီးလမ်းအတိုင်း အဆက်အသွယ်များကြသည်။ ကျောက်ပုထိုးမှ ရွှေဘိုမြစ်ကြီးနား ပြည်ထောင်စုလမ်း (မဟာဗျူဟာလမ်း) သို့ခရီးဆက်နိုင်သည်။

ယခုအခါ တိုင်းသစ်တည်၍ ပြည်သစ်ဆောက်နေချိန်ဖြစ်ပါသည်၊ မြန်မာနိုင်ငံအဝန်း လမ်းတံတားများဖေါက်လုပ်လျက်ရှိရာ မင်းဝံတောင်ကြောသစ်ထုတ်လုပ်ရေး လမ်းဟောင်းကိုပြုပြင်ဆောက်လုပ်နိုင်ပါက ရောဝတီနှင့် မဟာဗျူဟာလမ်းဆက်ကြောင်းကြီးတစ်ခုပေါ် ထွန်းလာမည်ဖြစ်ပေသည်။ မင်းဝံတစ်ကြောမှ သစ်တောထွက်ပစ္စည်းများလည်း ထုတ်လုပ်နိုင်မည်ဖြစ်၏၊ ကောလင်း၊ ဝန်းသိုနှင့် ထီးချိုင့်နယ်ကုန်ပစ္စည်းများဖလှယ်နိုင်ကြပေမည်။

ထို့ပြင် ချွန်းတောင်မြို့ဟောင်းအနီး မင်းဝံတောင်ကြောတွင် ရေတံခွန်ငယ်တစ်ခုရှိ၏။ အင်အားကြီးလျှင် ဒေသသုံးလျှပ်စစ်ဓွမ်းအားထုတ်လုပ်နိုင်မည်ဖြစ်သည်၊ မင်းဝံတောင်တန်းနှင့် မဲဇာမြစ်အကြားကျေးရွာများလျှပ်စစ်မီး ထိန်ထိန်ညီးနိုင်၏။ ရေတံခွန်အားငယ်လျှင် ရေတံခွန်မှ စီးဆင်းသောရေများကို စနစ်တကျသိုလှောင်၍ နွေမိုးဆောင်းရာသီမရွေး သီးနှံများ စိုက်ပျိုးနိုင်မည်။ နွေစပါးစိုက်ပျိုးနိုင်မည်။ သီးထပ်သီးညှပ်များလည်းစိုက်ပျိုးနိုင်ပေမည်။ ယခုအခါ ရေတံခွန်မှရေများ အလဟသမဲဇာချောင်းအတွင်းသို့ စီးဆင်းနေ၏။ သဘာဝရေအရင်းအမြစ်များ စနစ်တကျအသုံးပြုကြရပေမည်။

ခေတ်စနစ်နှင့်အညီ လမ်းတံတားတည်ဆောက်မှုများ၊ ဆည်မြောင်း၊ ကန်ချောင်းတည်ဆောက်မှုများနှင့် ချွန်းတောင်မြို့ဟောင်းမှ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ပြန်လည်၍ဘက်စုံပြုပြင်မွမ်းမံမှုများပေါင်းစပ်၍ပေးနိုင်မည်ဆိုလျှင် အတိတ်သမိုင်းကကြီးကျယ်စည်ကားခဲ့သည့် ချွန်းတောင်မြို့ကြီး ကဲ့သို့သာယာစည်ပင်နေမည်ကို မြင်ယောင်မိသေးတော့သည် ။

## ကတူးကနန်းတို့၏ ဒေသင်ပွဲများ

စစ်ကိုင်းတိုင်း၊ ကသာခရိုင်၊ ဗန်းမောက်မြို့နယ် ကနန်း ဒေသအတွင်းရှိ ကနန်းတိုင်းရင်းသားများအားလုံးက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ အသင်းဝင်အဆိုပြုလွှာများ စုပေါင်းပေးအပ်ပွဲအခမ်းအနားကို ဗန်းမောက်မြို့နယ် ဟော်ယောရွာ၌ ကျင်းပသည်။ ယင်းအခမ်းအနားသို့ စစ်ကိုင်းတိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက၊ ဗိုလ်ချုပ်စိုးဝင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဝင်းစိန်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ် သူရအောင်ကိုတို့တက်ရောက်အမှာ စကားပြောကြသည်။

ကတူးကနန်းတို့သည် မြန်မာဘုရင်များအား ရှေ့ခွန်ဆက်သက်သက် မဟုတ်၊ အရေးတော်ပေါ် လာတိုင်း မြန်မာဘုရင်များဘက်မှ ပါဝင်တိုက်ခိုက်ခဲ့ကြသည်။ ရှေ့မှူးတို့၏ မှတ်တမ်းများအရ မြန်မာသက္ကရာဇ်(၉၆၀) ပြည့်နှစ် အင်းဝနေပြည်တော်ကို ဒုတိယအကြိမ်တည်ထောင်သော ညောင်ရမ်းမင်းလက်ထက်တွင် မူးမြစ်ဖျားဒေသရှိ မန်တန်ကျေးရွာ၊ ပင်းသာကျေးရွာမှ ဒိုင်းခုနစ်ချပ်၊ ပင်လောင်းပင်ချိုင်းရွာမှ ဒိုင်းခြောက်ချပ်ကိုကိုင်ဆောင်၍ ညောင်ရမ်းမင်းတရားဘက်မှ တပ်မှူးသွေးသောက်ဘွဲ့အမည်များဖြင့် အမှုတော်ထမ်းရွက်ခဲ့ကြသည်။ (မြန်မာတပ် ဖွဲ့စည်းပုံအရ ဒိုင်းတစ်ချပ်ကိုင်သွေးသောက် တစ်ယောက်လျှင် အရန်တပ်သား ခုနစ်ယောက်ပါရှိသည်။ သွေးသောက်အဆင့်သည် ဘုရင်၏သစ္စာခံ

အဆင့်ဖြစ်သည်။ သာမန်တပ်သားသည် ဒိုင်းကိုင်ဆောင်ခွင့် မရပေ၊ အရေးတော်ပေါ်သည့်အခါ အမှုတော်ကို သက်စွန့်ဆံဖျား ထမ်းရွက်သူကို သာလျှင် ဒိုင်းကိုအပ်၍ သွေးသောက်ဘွဲ့ပေးသည်။ ပင်းသာမှ ဒိုင်းခုနှစ်ချပ်ရ၏။ သွေးသောက်ခုနှစ်ယောက်နှင့် တပ်သား ၄၉ ယောက်အမှုထမ်းရသောမြို့။ ပင်ချိုင်းသည် ဒိုင်းခြောက်ချပ်ရ၏၊ သွေးသောက်ခြောက်ယောက်နှင့် တပ်သား ၄၂ ယောက်အမှုထမ်းရသောမြို့ ဖြစ်ကြောင်း ရှေးမူးများ မှတ်တမ်းအရသိရသည်။)

ကောဇာသက္ကရာဇ် ၉၆၁– ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက်နေ့တွင် ဆင်ဖြူများရှင်သည် သားတော်ကြီးကို မိုးကောင်းမိုးညှင်း သို့ချီစေသည်။ ထိုစဉ်ဥပရာဇာမင်း၏ ကြည်းကြောင်းတပ်တွင် မဲဇာမြစ်ဖျားခေါင်တုံးစော်ဘွား ဘိကွန်းလိုက်ပါ၍ မြန်မာဘုရင်တပ်ဘက်မှ ကူညီခဲ့သည်။

တစ်ဖန် မိုးကောင်းမိုးညှင်း စစ်တမ်းများအရ ကတူးကနန်းတို့သည် အနောက်ဘက်လွှန်မင်းတရားကြီး လက်ထက်သက္ကရာဇ် ၉၆၉– ခုနှစ်တွင် ပြည်၊ တောင်ငူ၊ ထားဝယ်ကြောင်းနှင့် ဇင်းမယ်ကြောင်းများ၌ မြန်မာဘုရင်များဘက်မှ စစ်မှုထမ်းကြောင်း ဖော်ပြထားသည် ။

ကုန်းဘောင်ခေတ် ဆင်ဖြူရှင်မင်းတရားလက်ထက် ယိုးဒယားသို့ စစ်ချီရာ၌လည်း ကတူးကနန်းသွေးသောက်ကြီးများ ပါဝင်ခဲ့သည်။ သက္ကရာဇ် ၁၁၂၈ ခုနှစ်၊ အင်းဝမှ ဗိုလ်ချုပ်ဝန်ကြီး မဟာစည်သူ၏ စစ်ကြောင်းတွင် ကတူးကနန်း သွေးသောက်ကြီးများပါဝင်ခဲ့သည်။ တစ်ဖန် သက္ကရာဇ် ၁၁၃၀ ပြည့်နှစ်တွင် အမြောက်ဝန်နေမျိုးသီဟသူရသည် ဧရာဝတီအနောက်ဘက်မှ မိုးကောင်းသို့ချီတက်ရာတွင် ကတူးကနန်း သွေးသောက်ကြီးများပါဝင်ပြန်သည်။



ကုန်းဘောင်ခေတ် ဘကြီးတော်ဘုရားလက်ထက် အင်္ဂလိပ်နယ်ချဲ့တို့ကို တွန်းလှန်တိုက်ခိုက်ရသော စစ်ပွဲများတွင်လည်း ကတူးကနန်း သွေးသောက်ကြီးများ ပါဝင်ခဲ့ကြောင်း ကနန်းရွာ ပေမှတ်တမ်း တစ်စောင်တွင်တွေ့ရသည်။ ယင်းပေမှတ်တမ်းအရ ကတူးကနန်း သွေးသောက်ကြီးများသည် အင်္ဂလိပ်မြန်မာဒုတိယစစ်ပွဲ၌ ချင်းတွင်းကြောင်းမှတစ်ဆင့် အာသံမဏိပူရ၊ ကသည်းပြည်ဘက်သို့ ချီတက်ရကြောင်း သိရသည်။ ထိုစစ်ကြောင်းတွင် ကတူးကနန်းတို့သည် လက်ျာတောင်ပံ၊ လက်ဝဲတောင်ပံများမှ ချီတက်ကြရသည်။

တပ်သားအဖြစ်လိုက်ပါရသူတစ်ယောက်အတွက် နယ်မြေကျေးရွာလူထုက ငွေ ၃၀– ကျပ်စီပေးရသည်။ ထို့အပြင် စစ်စရိတ်အတွက် ကနန်းမ၊ ကနန်းဘွား ရှေးမူးနှစ်ယောက်တို့နှင့် နယ်မြေများမှငွေများကို ကောက်ခံ၍ ကျီဝန်မှတစ်ဆင့် ဘုရင်သို့ဆက်သရကြောင်း သိရပြန်သည်။ ထို့ကြောင့် ပုဂံမင်းလက်ထက် နယ်ချဲ့အင်္ဂလိပ်တို့ကို တွန်းလှန်မောင်းထုတ်သော စစ်ပွဲများ၌ ကတူးကနန်းများက လူအင်အား၊ ငွေအင်အား ပါဝင်ကူညီတိုက်ခိုက်ပေးခဲ့ကြောင်း တွေ့ရှိရသည်။

သေနတ်မီးပေါက်များ၊ လေးမြားလက်နက်များ၊ ဓားလှံတုတ်များကို စွဲကိုင်၍ မြန်မာနိုင်ငံ၏ရန်သူမှန်သမျှကို မြန်မာဘုရင်များဘက်မှ တွန်းလှန်တိုက်ခိုက်ခဲ့ကြသော ကတူးကနန်းတို့သည် ရိုးသားကြသည်၊ သစ္စာရှိကြသည်၊ ခေါင်းဆောင်ကောင်းလျှင် နောက်လိုက်ကောင်းများ ဖြစ်ကြသည်။ မိမိတို့လူမျိုးနှင့် အရှင်သခင်တို့အပေါ် သစ္စာရှိကြသည်၊ အမိန့်ကိုနာခံတတ်ပြီး ပွင့်လင်းစွာ ပြောဆိုဆက်ဆံတတ်ကြသည်။

သီပေါမင်းတရားနှင့် မြတောင်မင်းသမီးဖြစ်သော စုဖုရားလတ်တို့ ပါတော်မူချိန်တွင် မြန်မာနိုင်ငံမြောက်ပိုင်း၌ရှိသော မြို့စားရွာစားရှေးမူးတို့အတွင်းဝယ် ဂယက်ရိုက်ခတ်လာသည်၊ အင်္ဂလိပ်တို့လက်အောက်သို့

ဝင်ရမည်လော၊ အင်္ဂလိပ်များကိုခုခံတိုက်ခိုက်ရမည်လော၊ ဤပြဿနာ အဖြေရှာရန်ခက်လှသည်။ အဆုတ်ရအတက်ရခက်သော နိုင်ငံရေး အခြေအနေတွင် ဝန်းသိုစော်ဘွားကြီးဦးအောင်မြတ်မှုကား အရှင်နှစ်ပါး ပါသွားပြီးနောက် မည်သည့်နိုင်ငံသားကိုမျှဒူးမထောက်၊ ဦးမချ၊ သေလျှင်သေ၊ တစ်သက်တစ်ခါသေစမြဲဖြစ်၍ အသေခံတိုက်မည် ဖြစ်ကြောင်း ခိုင်မာပြတ်သားစွာ ဆုံးဖြတ်လိုက်သည်။

ကတူးကနန်းတို့က ဦးအောင်မြတ်ကို မိမိတို့ခေါင်းဆောင်ဟု ခံယူထားကြသည်။ ဝန်းသိုစော်ဘွားခေါင်းဆောင်သော နယ်ချဲ့ တော်လှန်ရေးတွင် တစ်ခဲနက်ပါဝင်လာကြသည်။ ဝန်းသိုစော်ဘွားကြီးနှင့် နယ်ချဲ့ဆန့်ကျင်ရေးတပ်ဖွဲ့များသည် ဗြိတိသျှလက်အောက်ခံ "ချိုးတောင်၊ မော်က၊ စက်တော၊ မဲဇာသီလ၊ မော်တိတ်၊ မြတောင်၊ ထီးချိုင့်" တို့တွင် တပ်စွဲနေသည့် ဗြိတိသျှတပ်များကို ဝန်းရံတိုက်ခိုက်ခဲ့သည်။

ဝန်းသိုစော်ဘွားကြီးနှင့် ကတူးကနန်း တိုင်းရင်းသားမျိုးချစ်တော်လှန် ရေးသမားများသည် အင်္ဂလိပ်များကို "မှန်ကင်းတောင်"၊ "ကောလင်းရွာမ"၊ "ကျိုင်းခွင်"၊ "မန်လောင်မန်စီ"၊ "ကွဲကောကြီးချောင်း"၊ "ပင်မုံကျောက် သုံးလုံးစခန်း"၊ "ဆည်ကြီးတောင်စခန်း" တို့မှ သဲသဲမဲမဲ တိုက်ခိုက်ကြ သည်။ ယင်းတိုက်ပွဲများတွင် ကတူးကနန်းသွေးသောက်ကြီးများသည် နယ်ချဲ့စစ်သားများကို အနီးကပ်ထိုးနှက်တိုက်ခိုက် သတ်ဖြတ်ခဲ့ကြသည်။

ကတူးကနန်းတို့၏ ဒေသနှင့်ပတ်သက်၍ ဦးသိန်းဖေမြင့်၏ "မြစ်များဧရာရောင်စုံဖြာ" တွင် အောက်ပါအတိုင်း မှတ်တမ်းတင်ခဲ့သည်။

"ကသာခရိုင် ပင်လယ်ဘူးမြို့နယ်နှင့် ဗန်းမောက်မြို့နယ်များသည် ဗမာပြည် ကွန်မြူနစ်ပါတီ၏ အခိုင်အမာအခြေချခဲ့သော မြို့နယ် များဖြစ်သည်၊ သူတို့သည် တောတောင်များကို အားကိုး၏။ မိုင်းသုံတောင်၊ ဇီးဖြူတောင်၊ နန္ဒွင်းတောင်၊ မင်းဝံတောင် စသော





တောင်တန်းကြီးများ၊ တောတောင်ခြောက်ကမ်းပါး စိမ့်ကြီး မြိုင်ကြီးများပေါများလှသည်။ မိုင်းသုံတောင်ကြီးသည် အမြဲစိမ်းလန်းနေ၏၊ ထိုတောတောင်ချောင်ကျသော ဒေသများ တွင် ကတူးကနန်းများ နေထိုင်ကြသည်။ သူတို့သည် ပြင်ပ လောကနှင့် များစွာအဆက်ပြတ်နေသူများ ဖြစ်သည်။ ဗကပတို့သည် ထိုသို့နောက်ကျနေခြင်းကို ကောင်းစွာအသုံးချ ခဲ့သည်။ ပြည်သူတို့၏ ခေတ်နောက်ကျခြင်းဖြစ်နေမှုသည် ဗကပတို့၏အားကိုးရာ လဲလျောင်းရာ ခိုအောင်းရာ ကိုးကွယ်ရာ ဖြစ်ခဲ့သည်။ ပြည်သူ့တပ်မတော်၏ မဟာဗျူဟာ နည်းဗျူဟာနှင့် ပြည်သူ့စစ်ကိုသုံးလာသည်နှင့်အမျှ ကတူး ကနန်းများကို နိုင်ငံရေး နိုးကြားစေသည်။ ဤသည်ပင်လျှင် တိုက်ပွဲကို အဆုံးအဖြတ် ပေးသောအကြောင်းဖြစ်သည်။ ကသာခရိုင်အတွင်း တပ်မတော်က ဆင်နွှဲခဲ့သော နိုင်ငံရေး၊ စည်းရုံးရေး၊ စစ်ရေးတိုက်ပွဲများသည် လုပ်သားပြည်သူများအားလုံးအတွက် အားကျအရေးယူရန်နှင့် သင်ခန်းစာများယူရန် လည်းကောင်း မှတ်တမ်းတင်ထားအပ် ပေသည်။"

ဗမာပြည်ကွန်မြူနစ်ပါတီသည် ကသာခရိုင်ပင်လယ်ဘူးမြို့နယ်နှင့် ဗန်းမောက်မြို့နယ်များမှလူထု၏ ရိုးသားပွင့်လင်းမှု၊ ယုံကြည်လွယ်မှု၊ အသိပညာအားနည်းမှု၊ စီးပွားရေး လူမှုရေးနိမ့်ကျမှုများကို အခွင့်ကောင်း ယူ၍ ၁၉၄၇– ၄၈ ခုနှစ်များတွင် ဝင်ရောက်လှုပ်ရှားခဲ့ကြသည်။

ဗကပများသည် ၁၉၄၈–၄၉ ခုနှစ်မှ ၁၉၆၉–၇၀ ခုနှစ်များအထိ နှစ်ပေါင်း ၂၀– ကျော်မျှပင်လယ်ဘူးမြို့နယ်အတွင်းရှိ ကျေးရွာများကို လွှမ်းမိုးခဲ့သည်။ ယင်းတို့သည် ဖြ၄– လမ်းစဉ်ကိုကိုင်စွဲပြီး မြို့နယ်အတွင်းရှိ လုပ်သားပြည်သူများနှင့် ရဟန်းတော်များကိုပါ နည်းအမျိုးမျိုးဖြင့်

ညှင်းပန်းနှိပ်စက်ခြင်း၊ ဗုဒ္ဓသာသနာတော်ကို ဖျက်ဆီးခြင်းများ ပြုလုပ်ခဲ့လေသည်။ ကသာခရိုင်အတွင်း ပင်လယ်ဘူးမြို့နယ်နှင့် ဗန်းမောက်မြို့နယ်များအား လွှမ်းမိုးလျက်ရှိသော ဗကပများကို ၁၉၅၁–ခုနှစ်မှ ၁၉၆၂–ခုနှစ်အထိ တပ်မတော်တပ်ရင်းတပ်ဖွဲ့ အသီးသီးက "ရွှေလီစစ်ဆင်ရေး"၊ "ထောဂေါစစ်ဆင်ရေး" များဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့သည်။ သောင်းကျန်းသူဗကပများကို ချေမှုန်းတိုက်ခိုက်ရာတွင် ပြည်သူလူထု၏ နီးကြားတက်ကြွသော ပူးပေါင်းပါဝင်မှုဖြင့် အောင်မြင်မှုများရရှိသည်။

၁၉၆၈– ခုနှစ်တွင် တပ်မတော်ပြည်သူပူးပေါင်းချေမှုန်းမှုကြောင့် ပြိုကွဲကျဆင်းနေသော ဗကပများသည် ၎င်းတို့ဒေသအတွင်းရှိ အင်အားကို စုစည်း၍ "ရောဝတီမြစ်ဖျားတိုင်း တိုက်ခိုက်ရေးတပ်ဖွဲ့" ကိုဖွဲ့စည်းခဲ့သည်။ ယင်းတိုက်ခိုက်ရေးတပ်သည် စိတ်ဓာတ်ကျဆင်းနေသော နောက်လိုက်များအား စိတ်ဓာတ်မြှင့်တင်နိုင်ရန် "ထိုးစစ်ကို ထိုးစစ်ဖြင့်ချေမှုန်းရမည်" ဟု ကြွေးကြော်ပြီး ဆက်သွယ်ရေးခက်ခဲ၍ လူအင်အားနည်းသော ပြည်သူ့ရဲစခန်းများကို ဝင်ရောက်တိုက်ခိုက်ခြင်း၊ တပ်မတော်အားခြုံခိုတိုက်ခိုက်ခြင်းများ ပြုလုပ်လာကြသည်။

ဗကပများသည် ရောဝတီတိုက်ခိုက်ရေးအဖွဲ့၊ ဖွဲ့စည်းပြီး အာဏာလွှမ်းမိုးရေးအတွက် နည်းမျိုးစုံဖြင့် ပြုလုပ်သော်လည်း တပ်မတော်နှင့် ပြည်သူလူထု၏ ပူးပေါင်းချေမှုန်းမှုစွမ်းအားကို မခံမရပ်နိုင်ဖြစ်၍ တောနက်ရှိရာသို့ တိမ်းရှောင်သွားကြသည်။ ထိုသို့တိမ်းရှောင်ရာတွင် ယင်းတို့နှင့်တစ်ပါတည်း ကျေးရွာများကို အတင်းအကျပ်တောတွင်းသို့ ရွှေ့ပြောင်းစေခဲ့သည်။ မရွှေ့ပြောင်းလိုသော ကျေးရွာကို ဖျက်ဆီးခြင်း၊ ကျေးရွာသားများအား သတ်ဖြတ်ခြင်း စသည်များပြုလုပ်ကြသည်။ ထို့ကြောင့် ကျေးရွာလူထုသည် မိမိကျေးရွာနေအိမ် စပါးကျီနှင့် လယ်ယာ



များကိုစွန့်ပြီး ဗကပများ သတ်မှတ်ပေးထားသော နေရာများတွင် ဆင်းရဲပင်ပန်းစွာ နေထိုင်ခဲ့ရသည်။

ထို့အပြင် ဗကပများသည် "ကနန်းမြေ" နှင့် "မန်စီနယ်မြေ"တို့ရှိကျေးရွာများကို ဗန်းမောက်မြို့နှင့် အဆက်အသွယ်ပြတ်စေကာ ရွာလုံးကျွတ်တောခိုစေသည်၊ ဆန်စပါးကျွဲနွားရိက္ခာမျိုးစုံကို တောတွင်းသို့ အတင်းအဓမ္မပြောင်းစေပြီး ယင်းတို့၏ အမာခံ ရောဝတီတိုက်ခိုက်ရေးတပ်ကိုလည်း အဘက်ဘက်မှအင်အားဖြည့်လျက် တပ်အင်အားပြခြင်း၊ လက်နက်ပြ၍ခြိမ်းခြောက်ခြင်းများရှိလာသည်။ တစ်ရွာနှင့်တစ်ရွာ အဝင်အထွက်ရှိခြင်းကိုလည်းကောင်း၊ ဗန်းမောက်မြို့နယ်သို့ အဝင်အထွက်ရှိနေသူများကို ရန်သူသတင်းပေးနေသူများဟု စွပ်စွဲကာ သတ်ဖြတ်ညှင်းဆဲမှုများ ပြုလုပ်လာသည်။

အထူးသဖြင့် ဗကပများသည် "ကနန်းဒေ၊ ကဇာတ်ဖား" ကျေးရွာအနီး ၃ မိုင်ခန့်အကွာ တောတွင်းရှိထိပ်တုံးအချုပ်စခန်း ပြုလုပ်၍ အထင်မှားခံရသူ အမျိုးသမီး ၃ ဦး၊ အမျိုးသား ၂၂ ဦး တို့အား မညှာမတာ ပြုကျင့်သတ်ဖြတ်လာကြသည်။

ဗကပများသည် ရွှေ့ပြောင်းကျေးရွာများမှ ဆက်ကြေးနှင့် ရိက္ခာကို တောင်းယူရာတွင် ၎င်းတို့အလိုရှိသော ကြက်၊ ဆန်နှင့် အခြားရိက္ခာများ မည်၍မည်မျှကို မည်သည့်နေ့ရက် မည်သည့်အချိန်တွင်လာရောက်ပေးရမည်ဟု ရေးသား၍တောင်းဆိုသည်။ အဆိုပါသစ်ငုတ်တိုကို"သစ်ငုတ်တိုရွာခေါင်း" ဟုခေါ်သည်။ ကျေးရွာလူကြီးများသည် တောင်းဆိုသည့် ဆက်ကြေးနှင့် ရိက္ခာများကို ယင်းသစ်ငုတ်တိုသို့သွားရောက်ပေးပို့ရသည်။ ဤကဲ့သို့ သောင်းကျန်းသူများ၏ညှင်းပန်းနှိပ်စက်မှုများကို ကျေးရွာလူထုသည် မခံမရပ်နိုင်ဖြစ်ကာ ရရှိရာကျေးရွာလက်နက်များကို စွဲကိုင်ပြီး သောင်းကျန်းသူများအား ဆန့်ကျင်တိုက်ခိုက်ကြသည်။

ပြည်သူ့တပ်မတော်၏ ဦးဆောင်ကွပ်ကဲမှုဖြင့် ကျေးရွာလူထုအား ဒေသန္တရကျေးရွာလုပ် လက်နက်များကိုတပ်ဆင်ပြီး ချေမှုန်းရေးအဖွဲ့၊ နောက်ယောင်ခံအဖွဲ့၊ သတင်းပို့အဖွဲ့ စသည်ဖြင့် စနစ်တကျဖွဲ့စည်းပေးခဲ့သောကြောင့် သောင်းကျန်းသူဆန့်ကျင်ချေမှုန်းရေးတွင် စနစ်တကျပါဝင်လာသည်။ ကျေးရွာလူထု၏ စွမ်းအားဖြင့်ပင် သောင်းကျန်းသူ အင်းအားကိုခွဲထုတ်ရေး၊ ပြိုကွဲသွားသော သောင်းကျန်းသူများ ပြန်လည်မစုစည်းနိုင်ရေး၊ အဆက်အသွယ်ဖြတ်တောက်ရေး စသည့်ပြည်သူ့စစ်အသွင်လှုပ်ရှားမှုများကို စီမံချက်များချမှတ်ဆောင်ရွက်ခဲ့သည်။

ဗန်းမော်မြို့နယ် မန်တုန်၊ ကြောင်လည်၊ နန့်ခင်၊ နောင်ကွတ်၊ ရွှေချောင်း၊ မန်ကျီကုန်း၊ ဟောယော စသည့်ကျေးရွာများတွင် ဌာနေပြည်သူ့စစ်ဖွဲ့စည်း၍ တပ်မတော်နှင့် လက်တွဲကာ ဗကပများကို ဆန့်ကျင်တိုက်ခိုက်ခဲ့ကြသည်။

၁၉၆၉ ခုနှစ် မေလ ၅ ရက်နေ့တွင် "ကနန်း" လူမျိုးအများစုနေထိုင်ရာ ကနန်းဒေသစိတ်တွင် အောင်ပွဲရခဲ့သည်။ ၁၉၇၀– ပြည့်နှစ် မေလ ၅ ရက်နေ့မှစ၍ "သောင်းကျန်းသူဆန့်ကျင်ရေး ကနန်းအောင်ပွဲ" အထိမ်းအမှတ်များကို နှစ်စဉ်၊ မေလ ၅ ရက်နေ့တွင် ကျင်းပခဲ့သည်။ ကနန်းဒေသစိတ်မှ အောင်ပွဲကို နမူနာယူ၍ အခြားဒေသစိတ်များတွင်လည်း ပြည်သူ့စစ်များကိုဖွဲ့စည်းကာ ဗကပတို့၏ မြစ်ဖျားတိုင်းဒေသဌာနချုပ်အား တပ်မတော်နှင့်ပြည်သူတို့ ပူးပေါင်းတိုက်ခိုက်ချေမှုန်းခဲ့သည်။

တပ်မတော်နှင့်ပြည်သူ့စစ်များ လက်တွဲ၍ သောင်းကျန်းသူများအား အမြစ်ဖြတ်ချေမှုန်းရာတွင် ရောဝတီတိုက်ခိုက်ရေးတပ်သည် ကစဉ့်ကလျား ပြိုကွဲကျဆင်းသွားသောကြောင့် ၁၉၆၉ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်နေ့တွင် သောင်းကျန်းသူ အမြစ်ဖြတ် ချေမှုန်းရေး ပထမအဆင့်



အောင်ပွဲကို ကျင်းပနိုင်ခဲ့သည်။ ၁၉၇၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁၉ရက်နေ့တွင် ပင်လယ်ဘူးမြို့နယ် ကာမဲဒေသအတွင်းရှိနေသော ဗကပတို့၏ မြစ်ဖျားတိုင်းစစ်ဌာနချုပ်အား တပ်မတော်နှင့် ပြည်သူ့စစ်များပူးပေါင်း၍ တိုက်ခိုက်ချေမှုန်းခဲ့သည်။ ဗကပတို့၏ မြစ်ဖျားတိုင်းဒေသ တည်ဆောက်ရေး ရည်မှန်းချက်ပျက်ခဲ့ရပြီး ဒေသခံကဒူးကနန်းများ အောင်ပွဲခံနိုင်ခဲ့ပါသည်။

# ဝန်းသိုနယ်ကနယ်ချဲ့ဆန့်ကျင်ရေး

စစ်ကိုင်းတိုင်း၊ ကသာခရိုင်၊ ပင်လယ်ဘူးမြို့နယ်နှင့် ဗန်းမောက်မြို့နယ်တို့သည် မြန်မာ၊ ရှမ်း၊ ကတူး ကနန်းစသော မြန်မာတိုင်းရင်းသားများနေထိုင်ရာ ဒေသဖြစ်သည်။ ဒေသခံတိုင်းရင်းသားများသည်ဗုဒ္ဓဘာသာကိုကိုင်းရှိုင်းကိုးကွယ်သူများဖြစ်ပြီး အေးချမ်းစွာနေထိုင်စားသောက်လိုသောသူများဖြစ်သည်။ ပေါင်းသင်းဆက်ဆံရေးတွင် ရိုးသားပွင့်လင်းမှုရှိကြပြီး အချင်းချင်းရိုင်းပင်းကူညီတတ်သည့် စိတ်ရင်းကောင်းများရှိကြသည်။ မတရားမှု၊ လိမ်လည်လှည့်ဖျားမှုများကို စက်ဆုတ်ရွံရှာပြီး မဟုတ်မခံတတ်သောစိတ်ဓာတ်လည်းရှိကြသည်။ လယ်ယာဥယျာဉ်ခြံမြေနှင့် သစ်တောထွက်ပစ္စည်းများကို စိုက်ပျိုးထုတ်လုပ်နေထိုင်စားသောက်သူများဖြစ်သည်နှင့်အညီ မိမိတို့နယ်မြေကို ခင်တွယ်သည့်စိတ်ဓာတ်၊ မိမိလူမျိုးကိုချစ်မြတ်နိုးကြသည့် စိတ်ဓာတ် ရှေးယခင်ကပင် ပြည့်စုံသူများဖြစ်ကြသည်။

သီပေါမင်းပါတော်မမူမီ နယ်ချဲ့တို့၏ ကျူးကျော်စော်ကားမှုကို ပြန်လည်တွန်းလှန်ရန် ၁၂၄၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်နေ့စွဲဖြင့် နေပြည်တော်ကဆင့်ဆိုလိုက်သော တပ်လှန့်တချွန်တော်သည် မြန်မာ၊ ရှမ်း၊ ကတူးကနန်းတို့၏ ဒေသရှိ ရွှေခွန်မှူး၊ ငွေခွန်မှူး၊ စော်ဘွားများ၊ မြို့ဝန်များ၊ မြို့စားများထံရောက်ရှိလာသည့်အခါ မြန်မာဘုရင်ဘက်မှ ကူညီတိုက်ခိုက်ရန် စစ်သားများစုဆောင်းကြသည်။ သွေးသောက်ကြီးများ



ကလည်း ဓားသွေး၍ အားမွေးထားကြသည်။ အထောက်တော်များကို နေပြည်တော်သို့စေလွှတ်ပြီး အရေးတော်ပုံကို စုံစမ်းနေကြသည်။ မည်သည့်နည်းနှင့်မဆို ဘုရင့်တပ်များက အင်္ဂလိပ်တို့ကို ဆီးကြိုဟန့်တားတိုက်ခိုက်ကြမည်ဟု မျှော်လင့်ကြသည်။ နေပြည်တော်မှ နောက်ထပ်ဆင့်ဆိုသော စစ်ချီရန်အမိန့်စာကိုစောင့်ဆိုင်းနေစဉ် မမျှော်လင့်သောရက်ပိုင်းအတွင်း အခုအခံကောင်းစွာမရှိဘဲ အင်္ဂလိပ်တို့က မြန်မာဘုရင်သီပေါမင်းကို ဖမ်းဆီးသွားပြီဖြစ်ကြောင်း ကြားသိရသောအခါ တိုက်ပွဲဝင်ရန် အသင့်စောင့်နေကြသော မြန်မာ၊ ရှမ်း၊ ကတူး၊ ကနန်းသွေးသောက်ကြီးများမှာ များစွာ ကြေကွဲဝမ်းနည်းကြသည်။ လှံစွမ်း ဓားစွမ်းမပြလိုက်ရဘဲ ထီးနန်းဆုံးရှုံးခဲ့ရသဖြင့် လွန်စွာခံပြင်းခဲ့ကြသည်။

ဝန်းသိုစော်ဘွားကြီး ဦးအောင်မြတ်မှုကား အရှင်နှစ်ပါး ပါတော်မူပြီးနောက် မည်သည့်နိုင်ငံသားကိုမျှ ဒူးမထောက်ဦးမချဘဲ သေလိုလျှင်သေ၊ တစ်သက်မှာတစ်ခါ သေရစမြဲဖြစ်၍ အသေခံတိုက်မည်ဖြစ်ကြောင်း ခိုင်မာပြတ်သားစွာ ဆုံးဖြတ်လိုက်သည်။ ဝန်းသိုစော်ဘွားကြီးသည် ဝန်းသိုခရိုင်အတွင်းပါရှိသည့် ပင်လယ်ဘူးမြို့နယ်တွင် ငယ်စဉ်က မင်္ဂလာစော်ဘွား (လက်ထောက်စော်ဘွား) ဘဝကပင် နေထိုင်ခဲ့သည်။ ဝန်းသိုစစ်တမ်းတွင်–

> "ဝန်းသိုမြို့ကို ဟံသာဝတီ ဆင်ဖြူရှင်မင်းလက်ထက် ကိုးခရိုင်ဖွဲ့တော်မူသည်။" မိုးတားတစ်ခရိုင်၊ အင်းတော်တစ်ခရိုင်၊ ထီးချိုင့်တစ်ခရိုင်၊ မဲဇာတစ်ခရိုင်၊ ဗန်းမော်တစ်ခရိုင်၊ ပင်းသာပင်းချိုင်းတစ်ခရိုင်၊ အင်ထောက်သာတစ်ခရိုင်၊ မိုင်းကိုင်တစ်ခရိုင်၊ မန်လောစီဓားတစ်ခရိုင်" ဖွဲ့၍ ဝန်းသိုမြို့ကို စော်ဘွားစော်ညီ သနားတော်မူသည်" ဟုပါရှိသည်။

ဝန်းသိုစော်ဘွားကြီးသည် ဝန်းသိုမြို့တွင် ဟော်နန်းရှိသော်လည်း နယ်ပယ်ငြိမ်းချမ်းသာယာရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ရှေးရှု၍ ပင်လယ်ဘူးမြို့နယ်တွင် ပြောင်းရွှေ့နေထိုင်သည်။ ထို့ကြောင့် မြန်မာ၊ ရှမ်း၊ ကတူး၊ ကနန်း တို့သည် ဝန်းသိုစော်ဘွားကြီးကို မိမိတို့ ခေါင်းဆောင်ဟု ခံယူထားကြသည်။ ဝန်းသိုစော်ဘွားခေါင်းဆောင်သော နယ်ချဲ့တော်လှန်ရေးတွင် တစ်ခဲနက်ပါဝင်လာကြသည်။ ဝန်းသိုစော်ဘွား၏ခေါင်းဆောင်မှုဖြင့် နယ်ချဲ့အင်္ဂလိပ်တို့အား ရှုပ်ရှုပ်ချွချွတော်လှန်ခဲ့ကြသည်။

တိုင်းရင်းသားပေါင်းစုံတို့သည် ရရာလက်နက်စွဲကိုင်၍ နယ်ချဲ့အစိုးရကိုခုခံတွန်းလှန်ကြရာ၌ လက်နက်အင်အားမမျှသော်လည်း ဇာတိသွေး ဇာတိမာန် ထက်သန်ကြသဖြင့် နယ်မြေဒေသအလိုက် ရာဇဝင်ပြောင်သည့် တိုက်ပွဲကြီးများ ဆင်နွှဲနိုင်ခဲ့ကြသည်။ ခုခံရေး တိုက်ပွဲများ ဖြစ်ပွားခဲ့သည်များကို ထိုစဉ်က မြန်မာပြည်အနှံ့တွင်ရှိခဲ့သော အင်္ဂလိပ်စစ်သချိုင်းများကိုကြည့်၍လည်းကောင်း၊ အင်္ဂလိပ်မှတ်တမ်းများအရလည်းကောင်း သိရသည်။ အင်္ဂလိပ်တို့သည် အထူးစစ်ဆင်ရေးနည်းများဖြင့် နယ်ချဲ့ဆန့်ကျင်ရေး လှုပ်ရှားမှုများကို ငြိမ်ဝပ်အောင်ကြိုးပမ်းခဲ့သည့်အပြင် စစ်ရေးအရထိရောက်စွာ အရေးယူဆောင်ရွက်နိုင်ရန် ဖမ်းဆီးသတ်ဖြတ်နှိပ်စက်သည့် အနိဋ္ဌာရုံများကိုလည်း ပြုကျင့်သည်။ နယ်ချဲ့ဆန့်ကျင်ရေး လှုပ်ရှားမှုများကို စိတ်ဓာတ်စစ်ဆင်ရေးနည်းများဖြင့် ဖြိုခွဲသည်။ မြို့နေလူထု ထိတ်လန့်တုန်လှုပ်စေရန်ရည်ရွယ်၍ ပစ်သတ်ခံရသူများ၏ အလောင်းများကို အများမြင်သာအောင် လမ်းတစ်လျှောက်သယ်ယူသွားလေ့ရှိသည်။ ထို့အပြင် ဘုံဘေဂေဇက်သတင်းစာကလည်း တစ်ဖက်ပါအတိုင်း ရေးသားထားသည် –



"အင်္ဂလိပ်တို့သည် ပြည်သူတို့၏ အညှဉ်းခံ၍ကျိုးနွံခြင်းကို တုန်လှုပ်ချောက်ချားစေသောနည်းဖြင့် ရယူရန်အတွက် အမှုကိစ္စ အမြောက်အမြားတွင် သံသယမကင်းရုံဖြင့် အထောက်အထားမခိုင်လုံဘဲ ရက်ရက်စက်စက် ပစ်ခတ်လေ့ရှိသည်။"

ကိုလိုနီခေတ်ဦး နယ်ချဲ့ဆန့်ကျင်ရေးသမိုင်းကို ထိုစဉ်က မြန်မာပြည် ၏ မဟာဝန်ရှင်တော်မင်းကြီးဖြစ်ခဲ့သူ ချားလ်စ်ကရော့စပိတ်ကသူ့ကျွန်မခံလိုသောဇာတိမာန်ဖြင့် ဆန့်ကျင်ခုခံခဲ့ကြသည်ကို ဓားပြတိုက်မှု၊ ဆူပူသောင်းကျန်းမှုဟုဖော်ပြကြသည်။ ခုခံဆန့်ကျင်ရေးသမားများကို သူခိုးများ၊ ဓားပြများ၊ လူဆိုးများဟုဆိုသည်။

အင်္ဂလိပ်အာဏာပိုင်တို့က ခေတ်ဦးနယ်ချဲ့ဆန့်ကျင်ရေးကို ခိုးဆိုးတိုက်ခိုက်ဓားပြတိုက်မှုဟု မှတ်တမ်းတင်ကြသည်။ အကြမ်းဖက်၍ ရက်ရက်စက်စက်နှိပ်ကွပ်ချေမှုန်းခဲ့သည်။ သူ့ကျွန်မခံလိုသောဇာတိမာန်ဖြင့် ခုခံဆန့်ကျင်တိုက်ပွဲဝင်ခဲ့ကြသူများသည် အင်္ဂလိပ်တို့၏ လုံ့စွပ်များ၊ သေနတ်ပြောင်းဝနှင့် ကြိုးစင်တွင် သူခိုးဓားပြအဖြစ် ဇာတ်သိမ်းခဲ့ကြရသည်။ ထိုသို့လက်နက်နှင့် အကြမ်းဖက်နှိမ်နင်းခြင်းထက် ပိုမိုအစွမ်းထက်သောလက်နက်သည် မဟာဝန်ရှင်တော်မင်းကြီး ကရော့စပိတ်၏ အထက်မြန်မာပြည်ကျေးရွာ စည်းမျဉ်းဥပဒေဖြစ်၏။ ထိုကျေးရွာစည်းမျဉ်းဥပဒေနယ်ချဲ့ဆန့်ကျင်ရေးသမားများ၏ မိဘဆွေမျိုးသားချင်းများကို အရေးပိုင်က နယ်နှင်နိုင်သည်။ အနီးအဝေးကြိုက်ရာဒေသသို့ ပို့နိုင်သည်။ အချို့မိသားစုများမှာ အလွန်ဝေးလံရာဟူးကောင်းတောင်ကြား ဒေသအထိလွင့်စင်သွားကြသည်။ ရွာအနီးတွင် တိုက်ပွဲဖြစ်လျှင် ခုခံဆန့်ကျင်ရေးသမားများကို ကူညီလျှင် လက်ခံလျှင် တစ်ရွာလုံးဒဏ်ရိုက်နိုင်သည်။ အပြစ်ပေးနိုင်သည်။ ရွှေ့ပြောင်းပစ်နိုင်သည်။

အထက်မြန်မာပြည် ကျေး ရွာစည်းမျဉ်းဥပဒေ၏ အရင်းအမြစ်သည် ( ) ဖြစ်၏။ အောက်မြန်မာပြည်၌ ၁၈၈၀ ပြည့်နှစ်က စတင်ကျင့်သုံးသည်။ အတိုကောက်အားဖြင့် (Act- II )ဟုခေါ်သည်။ ထိုအက်တ်၏ ပုဒ်မ ၂၀ ကိုအထက်မြန်မာပြည်ကျေးရွာစည်းမျဉ်းဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းကာ ထိထိရောက်ရောက် ကျင့်သုံးခဲ့ခြင်းဖြစ်သည်။ ထိုပုဒ်မဖြင့် နယ်နှင်ခံရသူသည် ရပ်သူရွာသားများက အထူးပို့သည်ဟု နားလည်ကြသည်။ ပြောဆိုခဲ့ကြသည်။ ထင်ရှားသော နာမည်ကြီးသော ခုခံဝန့်ကျင်ရေးသမားများ၏ မိသားစုများ၊ ဆွေမျိုးသားချင်းများကို တစ်ရပ်တစ်ကျေးဝေးရာနယ်မြေများကို ပို့လိုက်သောအခါ အိမ်ခြေ၊ ယာခြေ၊ အလုပ်အကိုင်စီးပွားရေးပျက်လျက် တစ်ရပ်တစ်ကျေးတွင် ကြောက်ကြောက်ရွံ့ရွံ့ဆင်းဆင်းရဲရဲဖြင့် ငုံ့လျှိုးမှိန်ကုပ်နေကြရသည်။ သူခိုးဓားပြကြီးများ၏ ဆွေမျိုးသားချင်းများအဖြစ် မျက်နှာငယ်၊ ဂုဏ်ငယ်၊ လူထဲမဝင် ဖြစ်ကြရသည်။ ထို့ကြောင့် တိုက်ပွဲဝင်၍ အာဇာနည်များ အကြောင်း လေသံလုံးဝမဟ၊ ဆွေမျိုးတော်ကြောင်းမပြောဝံ့၊ ဇာတ်မြှုပ်နေကြရသဖြင့် သားမြေးများ၊ ငယ်ရွယ်သူများသည် အာဇာနည်ဘိုးဘ၊ ဦးကြီး၊ ဦးလေး၊ အစ်ကိုများ အကြောင်းမသိခဲ့ကြရချေ။

သီပေါမင်းကိုလွယ်ကူစွာ နန်းချနိုင်ခဲ့သော အင်္ဂလိပ်တို့သည် တိုင်းရင်းသားတို့၏ လက်နက်စွဲကိုင်တော်လှန်မှုကို ၁၀ နှစ် ကျော်မျှ ပြင်းပြင်းထန်ထန် နှိမ်နင်းခဲ့ရသည်။ တိုင်းရင်းသားတို့၏ နယ်ချဲ့ဆန့်ကျင်ရေးလှုပ်ရှားမှုမှာ ကြီးမားပြင်းထန်လှသည်။ အင်္ဂလိပ်နယ်ချဲ့တို့ ကျိုးလန့်ဇာ စားဖြစ်စေခဲ့သည့် နယ်ချဲ့ဆန့်ကျင်ရေးသည် မန္တလေးကို ဗဟိုပြု၍ တောင်ဘက်ထားဝယ်၊ တနင်္သာရီအထိ၊ အရှေ့ဘက်ရှမ်းကုန်းမြင့် တစ်ခွင်တစ်ပြင်၊ မြောက်ဘက်ကချင်တောင်တန်းအထိ၊ အနောက်ဘက်ချင်း



တောင်တန်းနှင့် ရခိုင်ပြည်နယ်အထိ ကျယ်ပြန့်ခဲ့သည်။ အချို့တိုက်ပွဲများသည် လူအင်အား ၄၀၀၀ ခန့်အထိပါဝင်၍ မြို့များကို ရက်အတန်ကြာသိမ်းပိုက်ထားနိုင်ခဲ့သည်။ တိုက်ပွဲများတွင်တောင်ပေါ်မြေပြန့်တိုင်းရင်းသားပေါင်းစုံပါဝင်သည်။ မန္တလေးကိုသိမ်းယူစဉ်ဗြိတိသျှတို့ လက်နက်ကိုင်အင်အား ၁၀၀၀၀ ခန့်သာ သုံးခဲ့ရသော်လည်း လက်နက်ကိုင်တော်လှန်မှုကို စစ်အင်အား ၃၂၀၀၀၊ ပုလိပ်အင်အား ၂၆၀၀၀၊ စုစုပေါင်း လက်နက်ကိုင်အင်အား ၅၀၀၀၀ ကျော်မျှသုံး၍ နှိမ်နင်းရသည်။ တိုက်ပွဲဝင် တိုင်းရင်းသားမျိုးချစ်တို့သည် နယ်ချဲ့ဗြိတိသျှတို့ ချိုးနှိမ်ပြောဆိုသကဲ့သို့ သူခိုးဓားပြများ မဟုတ်ကြချေ။ အမျိုးသားရေးအတွက် အသက်ကိုပဓာနမထားသည့် အာဇာနည်သူရဲကောင်းများဖြစ်ကြသည်။ နယ်ချဲ့အင်အားကို သိသင့်သလောက်သိသော်လည်း သူ့ကျွန်ဘဝတွင် မနေလို၍ အသက်ကို အရင်းတည်ကာ ရှုပ်ရှုပ်ချွံချွံ စွန့်စားခဲ့ကြခြင်းဖြစ်သည်။

ထိုစဉ်ကမန္တလေးနှင့်ဗန်းမော်အကြား အင်္ဂလိပ်ဆန့်ကျင်ရေးတိုက်ပွဲများကြီးထွားနေပုံကို ကသာသတင်းထောက်က စက်တင်ဘာလ ၆–ရက်နေ့ထုတ် ပိုင်အိုးနီးယားသတင်းစာသို့ အောက်ပါအတိုင်း သတင်းပေးပို့ခဲ့သည် –

"အိန္ဒိယမှ စစ်အင်အားဖြည့်တင်းရန် စီစဉ်ချက်နှင့် နှိမ်နင်းရေးလုပ်ငန်းမှာ နှောင့်နှေးကြန့်ကြာ၍ စိုးရိမ်ဖွယ်ရှိလေသည်။ သူပုန်များကိုပြတ်ပြတ်သားသား အစွမ်းကုန်ချေမှုန်းသုတ်သင်ရေးလမ်းစဉ်ကို မယုံကြည်ကြသူများ မန္တလေးနှင့်ဗန်းမော်အကြား ဒေသသို့ ခရီးတစ်ခေါက်လာရောက်စေလိုကြောင်း၊ အခြေအနေမှာ ပြောမယုံကြုံဖူးမှ သဘောပေါက်မည်ဖြစ်သည်။ ကျွန်ုပ်တို့သာလက်မနေးပါက နယ်မြေတစ်ခုလုံးမှာ သူပုန်

မင်းသားနှင့် ဝန်းသိုစော်ဘွားလက်တွင်းသို့ သက်ဆင်းကျရောက်သွားမည်မှာ မလွဲပေ။ ဝန်းသိုစော်ဘွားသည် လူအင်အား၊ ငွေအင်အား နှင့် ဩဇာတိက္ကမကြီးသူ တစ်ဦးဖြစ်၍ အထက်မြန်မာပြည်တွင် အင်အား အကြီးဆုံးရန်သူဖြစ်ကြောင်း " ... ကသာသတင်းထောက်က ဆက်လက် ရေးသားထားသည်မှာ "အတွင်းပိုင်းတစ်ခုလုံး မငြိမ်မသက်ဆူပွက်လျက်ရှိနေသည်။ မော်လူး၊ မိုးညှင်း၊ ပန်လုံ၊ ဝန်းသိုသူပုန်စော်ဘွားများ၊ ခေါင်းဆောင်များ လွန်စွာအင်အားတောင့်တင်းသည်။ မဲဇာမြစ် ကမ်းတွင်လူ ၄၀၀၀ ခန့်စုရုံးစေလျက်ရှိသည်။ ဝန်းသိုနယ်၏ တိုက်ပွဲဝင်အင်အား ၁၀၀၀ ရှိကြောင်း၊ ဝန်းသိုမြို့မှာ သစ်တပ် အခိုင်အခံ့နှင့် အမြောက်၊ စိန်ပြောင်းများရှိကြောင်း နောက်ထပ် လူအင်အားစု၍အမြောက်၊ စိန်ပြောင်းများ သွန်းလုပ် နေကြောင်း သတင်းရသည်။"

ဝန်းသိုစော်ဘွားကြီးသည် မှန်ကင်းတောင်တိုက်ပွဲ၊ ကောလင်းရွာမတိုက်ပွဲ၊ ကျိုင်းခွင်တိုက်ပွဲ၊ ပန်လောင်မန်စီဒေသ၊ ကျွဲကောကြီးချောင်း၊ ပင်လုံကျောက်သုံးလုံးစခန်း၊ ဆည်ကြီးတောင်စခန်း စသည်တို့တွင် နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲပေါင်းများစွာ ပြင်းပြင်းထန်ထန်ဖြစ်ပွားခဲ့သည်။

နယ်ချဲ့အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံကို သိမ်းပိုက်ပြီးသောအခါ နယ်ချဲ့တော်လှန်ရေး ပြင်းထန်ခဲ့သည့်ဒေသဖြစ်သော ပင်လယ်ဘူးမြို့နယ် အား (အက်တူး)နယ်မြေအဖြစ်သတ်မှတ်ခြင်းခံရသည်။ အပြစ်ရှိသူများကို ပို့လွှတ်ခြင်း၊ မြို့နယ်အတွင်း ဘိန်းဆိုင်၊ အရက်ဆိုင်များဖွင့်လှစ်ရောင်းချ စေခြင်း၊ အခွန်အတုတ်များမတရားကောက်ခံခြင်း စသည်များဖြင့် နယ်မြေလူထု၏ လူမှုရေးဘဝနိမ့်ကျသည်ထက် နိမ့်ကျအောင်ဖန်တီး ခဲ့ကြသည်။



ဤသည်တို့ကား ၁၈၈၆ ခုနှစ်အတွင်း မြန်မာပြည်၏ အခြေအနေနှင့် ယင်းအခြေအနေများ၏ ဖြစ်ရပ်များအပေါ် သတင်းစာကြီးများ၏ ဝေဖန်သုံးသပ်ချက်၊ ပြစ်တင်ချက်အာဘော်များဖြစ်ကြပါသည်။ တိုင်းပြည်နှင့် လူမျိုးပါ အင်္ဂလိပ်လက်တွင်းသို့သက်ဆင်းကျရောက်လျက် လွတ်လပ်ရေး ဆုံးရှုံးသွားသည့် မြန်မာပြည်၏ ၁၈၈၆– ၈၇ ခုနှစ် ဖြစ်ရပ်များနှင့် အခြေအနေများအား ထူးဆန်းလှသည်မဟုတ်ပေ။ စစ်ကာလအတွင်း ခါးသီးသောအတွေ့အကြုံများ၊ ရင်နင့်ဖွယ်ဖြစ်ရပ်များနှင့် လွတ်လပ်ရေး ဆုံးရှုံး၍ သူ့ကျွန်လုံးလုံး ဖြစ်ရသောဘဝတွင် ရွံ့မုန်းထိတ်လန့် ကြောက်ရွံ့ဖွယ်၊ သတိတရားရဖွယ် အခြေအနေများဖြစ်ကြပါသည်။ အင်္ဂလိပ်စိုးမိုးမှုကို လက်မခံဘဲ ခုခံဆန့်ကျင်ခဲ့ကြသည့် မျိုးချစ်သားကောင်းအပေါင်းတို့အား ဓားပြများအဖြစ် မှတ်တမ်းတင်ခံရလျက် အင်္ဂလိပ်အာဏာပိုင်များ၏ ကြိုးစင်နှင့် သေနတ်ပြောင်းဝတွင် ဇာတ်သိမ်းခဲ့ရသည်။

အင်္ဂလိပ်နယ်ချဲ့တို့သည် နယ်ချဲ့ဆန့်ကျင်ရေး ခေါင်းဆောင်များ၏ အခန်းကဏ္ဍကို သေးသိမ်မေးမှိန်စေရန်နှင့် ဂုဏ်သိက္ခာကျဆင်းစေရန် နယ်ချဲ့ဆန့်ကျင်ရေးသမားများကို ဓားပြများဟူ၍လည်းကောင်း၊ နယ်ချဲ့ဆန့်ကျင်သူတို့၏ လှုပ်ရှားမှုများကို ဆူပူသောင်းကျန်းမှုများဟူ၍ လည်းကောင်း မှတ်တမ်းတင်ခဲ့ကြသည်။ စင်စစ်မြန်မာတိုင်းရင်းသားတို့၏ နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲသည် အင်္ဂလိပ်သမိုင်းဆရာအချို့ မှတ်တမ်းတင်ရေးသားသကဲ့သို့ ဓားပြတိုက်ခြင်း၊ ဆူပူသောင်းကျန်းခြင်း မဟုတ်ဘဲ အမျိုး၊ ဘာသာ၊ သာသနာတော် အတွက်တိုက်ပွဲဝင်ခဲ့ခြင်းသာ ဖြစ်ပါသည်။ အင်္ဂလိပ်တို့ကနယ်ချဲ့ဆန့်ကျင်သူတို့အားနှိပ်ကွပ်သတ်ဖြတ်ခဲ့သည်ကို ရပ်ရွာငြိမ်းချမ်းမှုရအောင် ပြုလုပ်ခြင်း ဖြစ်သည်ဟု ရေးသားမှတ်တမ်းတင်ခဲ့ကြသည်မှာ မြန်မာတိုင်းရင်းသားတို့၏ နယ်ချဲ့ဆန့်ကျင်ရေးကို မေးမှိန် အောင်ပြုလုပ်ခြင်းသာဖြစ်ပါကြောင်း။ ။

## မင်းလောင်းဘွဲ့ မန်လည်သံချို

ဤသံချိုကို အင်္ဂလိပ်နယ်ချဲ့တို့အား လက်နက်ကိုင်တော်လှန်သော စောရန်ပိုင်မင်းသားကို ရည်ညွှန်း၍ ဖွဲ့ဆိုထားခြင်းဖြစ်သည်။ စောရန်ပိုင်နှင့် စောရန်နိုင်မင်းသားတို့သည် မင်းတုန်းမင်းတရားကြီး၏ သားတော် မက္ကရာမင်းသားနှင့် တရုတ်တန်းခင်ခင်လေးတို့မှ ဖွားမြင်ကြသူများ ဖြစ်သည်။ စောရန်ပိုင်မင်းသားသည် "သတိုးကုလ္လာသူရိယ" ဘွဲ့ရ၍၊ ညီတော် စောရန်နိုင်သားသည်ကား "သတိုးကုလ္လာစန္ဒ" ဘွဲ့အမည်ရလေသည်။ သီပေါမင်းပါတော်မူသောအခါ မင်းသားတို့သည် အင်္ဂလိပ်၏ ကျွန်မခံလိုသဖြင့် ဗိုလ်ဖေ၊–ဗိုလ်ယန်တို့ကိုဗိုလ်မှူး ဗိုလ်ချုပ်ခန့်အပ်ပြီးလျှင် ဗိုလ်ထောက်ဗိုလ်ငယ် (၁၀၀) တပ်သားနှစ်သောင်းခန့်ဖြင့်အင်းဝစီရင်စု၊ ချောင်းခွ ရွာမှ စတင်၍လှုပ်ရှားထကြွခဲ့ကြသည်။ ချောင်းခွ ရွာမှ စတင်လှုပ်ရှားကြသောကြောင့် ၎င်းတို့ကိုချောင်းခွ မင်းသားများဟု ခေါ်ဝေါ်ခဲ့ကြသည်။ ထိုမင်းသားတို့၏ အင်အားအလွန်ကြီး မားသည် ဖြစ်၍ အင်္ဂလိပ်အစိုးရတို့စိုးရွံ့သောကြောင့်မင်းသားများကို ဖမ်းဆီးပေးပါက ဆုတော်ငွေ ၆၀၀၀ိ/– လက်အောက်ခံဗိုလ်များကိုဖမ်းဆီး ပေးပါက ဆုတော်ငွေ –၅၀၀ိ/– စီပေးမည်ဖြစ်ကြောင်း ကြေညာခဲ့ရသည်။

မင်းသားများသည် လူထုအင်အားများစွာဖြင့်လှုပ်ရှားတိုက်ခိုက်ခဲ့ကြသော်လည်း လက်နက်အင်အားခြင်းမတူသောကြောင့် တပ်များကို ဆုတ်ခွာ၍မြစ်အနောက်ဘက်သို့ကူးပြီးလျှင်တိုက်ပြန်သော်လည်း အင်အားချင်း မမျှကြ၍ ဆုတ်ခွာရုပ်သိမ်းပြီးလျှင် မန္တလေးမြို့တွင်းဝင်ကာ



လျှို့ဝှက်ကြံစည်ခဲ့ကြလေသည်။ ဤအကြောင်းကို အင်္ဂလိပ်အစိုးရများ သိသဖြင့် မြို့တံခါးလေးမျက်နှာတွင် အစောင့်အရှောက်များစွာထား၍ ဖမ်းဆီးရာ ညီတော်စောရန်နိုင်ကိုဖမ်းမိ၍ ရန်ကုန်သို့ပို့လိုက်သည်။ ရန်ကုန်မှတစ်ဆင့် ကာလကတ္တားမြို့သို့ပို့ထားရာ ထိုမြို့မှာပင်အသက်ထက်ဆုံးနေထိုင်ခဲ့ရသည်။

စောရန်ပိုင်မင်းသားသည်ကား အခြံအရံများနှင့်တကွ မြို့မှထွက်လေသည်။ မြို့ပြင်သို့ဘေးမသီရန်မခရောက်သောအခါ မတ္တရာ၊ အုတ်ဖိုဉမင်လမ်းဖြင့် ရှမ်းပြည်သို့တက်လေသည်။ စောရန်ပိုင်မင်းသား ရှမ်းပြည်တက်လာကြောင်း သတင်းကြားရလျှင် ရှမ်းပြည်ရှိစော်ဘွား မြို့စားတို့က ဆင်တပ် မြင်းတပ်တို့ဖြင့်ကြိုဆိုကာ သိန္နီမြို့၌နေစေပြီး လက်နက်ကိုင်လူတစ်သောင်းခန့်ဖြင့် အင်္ဂလိပ်တို့အား ခုခံခဲ့ကြသည်။ အင်္ဂလိပ်တို့နှင့် လက်နက်ချင်းမမျှ၍ သိန္နီမှ တောင်ပိုင်းသို့ဆုတ်ခွာရသည်။ တောင်ပိုင်းအရပ်၌ စောရန်ပိုင်မင်းသား ဗိုလ်ရှုသဘင်ခံယူနေသော သတင်းကို အင်္ဂလိပ်များကကြားသိ၍ လက်နက်ကိုင်လူအမြောက်အမြားဖြင့် တက်၍တိုက်လေ၏။ ထိုတိုက်ပွဲတွင် ၃–ကြိမ်တိုင်တိုင် အင်္ဂလိပ်ဘက်မှ ဆုတ်ခွာရသည်။ နောက်တစ်ကြိမ်တိုက်ပွဲတွင် စောရန်ပိုင်ဘက်မှ ဗိုလ်ချုပ်ကျဆုံးသဖြင့် မင်းသား၏တပ်များဆုတ်ခွာရသည်။

စောရန်ပိုင်မင်းသားသည် တောင်ပိုင်းနယ်အတွင်း အင်္ဂလိပ်တို့၏ တပ်များအလုံးအရင်းဖြင့်ဝင်ရောက်လာသောကြောင့် တောင်ပိုင်းနယ်မှ မိုးမိတ်နယ်သို့ပြောင်းရွှေ့လှုပ်ရှားခဲ့သည်။ မိုးမိတ်စော်ဘွားအမတ်များသည် မိုးမိတ်နယ်အတွင်း ဝင်ရောက်လာသော စောရန်ပိုင်မင်းသားအဖွဲ့မှ ပူးပေါင်း၍ တိုက်ခိုက်ကြလေသည်။ ထိုအခါ မင်းသားဘက်မှရှမ်း၊ ကချင်၊ ပလောင်၊ လီဆူး စသောလူမျိုးစုအားလုံးစုပေါင်းပါဝင်ခဲ့ကြသဖြင့် မင်းသား၏ အင်အားသည်အလွန်ကြီးမားခဲ့လေသည်။

အင်္ဂလိပ်မြန်မာစစ်ပွဲတွင် လူစွမ်း၊ ငွေစွမ်းမပြေလိုက်ရမီ လက်နက်ချ ခဲ့ရသည့် ဗိုလ်မှူးတပ်မှူး၊ မြင်းစီး၊ မြင်းခေါင်းရဲမက်အပေါင်းတို့သည် သူ့ကျွန် မခံလိုသည့်စိတ်ဖြင့် နယ်မြေအနှံ့ အန်တုဆန့်ကျင် တိုက်ပွဲဝင်နေကြပြီ ဖြစ်သည်။ ဗြိတိသျှတပ်များကပိုက်စိပ်တိုက်၍ အပြင်းအထန်လိုက်လံ တိုက်ခိုက်ချေမှုန်းခဲ့သော်လည်း ခုခံရေးအရှိန်မှာ လျော့ပါးသွားခြင်းမရှိဘဲ ၁၈၈၆ ခုနှစ် ဒုတိယနှစ်ဝက်ပိုင်းတွင် ပြင်းထန်လျက်ရှိခဲ့သည်။ ထိုသို့ရှိနေ ခဲ့သည့် ၁၈၈၆ ခုနှစ်မြန်မာပြည်၏ အခြေအနေကို "အမရစ်တာဘဇာ ပက်ထရစ်ကာ" သတင်းစာက "သပွတ်အူမြန်မာပြည်" ဟူသည့်ခေါင်းစဉ် ဖြင့် ရှည်လျားစွာ ဝေဖန် ရေးသားခဲ့သည်–

"မြန်မာပြည်၏ ပြဿနာမှာတဖြည်းဖြည်းနှင့်အလွန်ကြီးမားခဲ့ လေသည်။ လွန်ခဲ့သည့်ခြောက်လက လော့ဒပ်ဖရင်က မြန်မာ့စစ်သည်ခေတ်သစ်စစ်ပွဲများတွင်ငွေကုန်အနည်းဆုံးနှင့် သွေးထွက်သံယိုအနည်းဆုံးစစ်ပွဲဖြစ်သည်ဟု ဝင့်ကြွားခဲ့သည်။ သီပေါမင်းကိုနန်းချစဉ် ပေါင်စတာလင် (၃၅၀၀၀၀) ကုန်သည်။ ငြိမ်ဝပ်ပိပြားအောင်နှိမ်နင်းရသည်မှာသန်းချီ၍ကုန်နေသည်၊ ခုခံဆန့်ကျင်ရေးမှာ တစ်စတစ်စဖြင့် ပြင်းထန်နက်ရှိုင်းလာသည်"။

ဤသို့ဖြင့် ၁၈၈၆ – ခုနှစ်ကုန်ပိုင်းသို့ရောက်လာသည်။ မြန်မာ ပြည်၏အခြေအနေမှာထူးခြားကောင်းမွန်လာခြင်းမရှိဘဲ နယ်မြေအနှံ့ တိုက်ပွဲများပြင်းထန်လျက်ရှိသည်။၁၈၈၆– ခုနှစ် စက်တင်ဘာ၊ အောက် တိုဘာ၊ နိုဝင်ဘာလထုတ်အိန္ဒိယသတင်းစာများတွင် မြန်မာပြည် အရပ်ရပ်မှ တိုက်ပွဲသတင်းများဖြင့် ပြည့်စွက်နေသည်။ စက်တင်ဘာလ (၇)ရက် နေ့စွဲဖြင့် ရေးသားထားသည့် " စတိတ်မင်း" သတင်းစာကလည်း အောက်ပါ အတိုင်းရေးသားထားသည်–



"ယခုလအတွင်း ဗြိတိသျှတပ်စခန်းများကို မြန်မာများကတစ်စည်း တစ်လုံးတည်း ဝင်ရောက်တိုက်ခိုက်ရန်စိုင်းပြင်းနေကြကြောင်းထင် ရှားသည်။ ဧရာဝတီမြစ်ကမ်းတစ်လျှောက်ရှိ မြန်မာတစ်မျိုးသား လုံးနီးပါး တော်လှန်ရေးအလံအောက်သို့ဝင်ရောက်စုစည်းလျက် ရှိကြသည်"။

မန္တလေး– ဗန်းမော်အကြားရှိ နယ်မြေအခြေအနေများကို ကသာသတင်းထောက်က စက်တင်ဘာလ(၆) ရက်နေ့တွင် "ပိုင်အိုနီးယားသတင်းစာ" သို့အောက်ပါအတိုင်းသတင်းပေးပို့ခဲ့သည်–

"အိန္ဒိယမှ စစ်အင်အားဖြည့်တင်းရန်စီစဉ်ချက်နှင့် နှိမ်နင်းရေး လုပ်ငန်းမှာနှောင့်နှေးကြန့်ကြာ၍ စိုးရိမ်ဖွယ်ရှိလေသည်။ သူပုန်များကိုပြတ်ပြတ်သားသားအစွမ်းကုန် ချေမှုန်းသုတ်သင်ရေး လမ်းစဉ်ကို မယုံကြည်သူများအား "မန္တလေးနှင့်ဗန်းမော်"အကြား ဒေသသို့ ခရီးတစ်ခေါက်လာရောက်စေလိုကြောင်း၊ အခြေအနေ မှာ ပြောမယုံ ကြုံဖူးမှသဘောပေါက်မည်ဖြစ်သည်။ ကျွန်ုပ်တို့သာ လက်နှေးပါက နယ်မြေတစ်ခုလုံးမှာ သူပုန်မင်းသားနှင့် ဝန်းသို စော်ဘွားလက်တွင်းသို့ သက်ဆင်းကျရောက်မည်မှာ မလွဲပေ"။

ထိုအခါကာလက နိုင်ငံခြားသားအင်္ဂလိပ်နယ်ချဲ့သမားများအား အရှင်သခင်အဖြစ်အသိအမှတ်မပြုလိုကုန်သော မျိုးချစ်ပုဂ္ဂိုလ်တို့သည် ကိုယ်အားဖြင့်လည်းကောင်း၊ နှုတ်အားဖြင့်လည်းကောင်း၊ စိတ်အားဖြင့် လည်းကောင်း၊ စောရန်ပိုင်မင်းသားဘက်မှ အားပေးကူညီခဲ့ကြသည်။ ထိုအချိန်က ကုန်းဘောင်ခေတ်နှောင်းစာပေလောကတွင် – နေတစ်ဆူ လတစ်ပါးပမာထင်ရှားခဲ့သည့် မကာရလောပအကျော်၊ မန်လည် ဆရာတော်ဘုရားကြီးသည်ထိုအရေးတော်ပုံ၌ ကိုယ်အားဖြင့် အားပေး

ကူညီခြင်း မပြုနိုင်သော်လည်း မင်းသားကိုထောက်ခံသည့်အနေဖြင့် သံချိုတစ်ပုဒ် ရေးသား၍ အားပေးခြင်းအမှုပြုခဲ့ပေသည်။

ဘုန်းမဏီဟာမိုနှန်း မိဿမိုန်သာမိုန်သည့်ပြင်၊ ကြံ့ပိန်ကာသေွမ
လွှတ်ဘဲ၊ ဓိဝိန်ချွေကာဆွတ်ပါရော့၊ ရုံးကျလွှတ်ဝရဓိန် ။ ။
သမယ ကာလ ကာလဝန်နှင့်၊ ခါမလွန်နတ်ရှင်ကိန်းငယ်ကြောင့်၊
ရှောင်တိမ်းစေလိုလိုဖန်မို့၊ အို--လန်ဒန်ပင်လယ်ဝန်းပါတဲ့
တစ်နိုင်ငံနောက်ပြည်ကျွန်းငယ်သို့၊ ဘထွေးတော်ရဝေဟွန်းငယ်က၊
ယွန်းတဲ့မှိန်မှိန်။ ။
နိမ္မိတ၊ ဝသပါဝီမာရ်တို့၊ မတူတန်တူဟန်ဂုဏ်နှင့်၊ ရန်တစ်မှုန်သူပုန်
လုပ်ပါလို့၊ သမ္ဗုဒ်ကယ်မာရဖိန်သို့၊ ဂုဏ်သိမ်ဒေဘင်မိစ္ဆာတူသည့်
နယ်၊ ယခုသည်အလိုသို့၊ ဘုန်းရွှေကိုယ်ပွင့်မည့်ဆိုက်ကယ်နှင့်၊
မင်္ဂလာခါတော်ဆိုက်ပြီမို့၊ ကိန်းအလိုက်ဗျာဒိတ်ချိန်၊ ပရိစ္ဆိန်မလွဲ။
အင်္ဂလန်လူမျိုး ငယ်တစ်နိုင်ငံက၊ နောက်ကျွန်းရန်မိစ္ဆာဟန့်
သော်လည်း။ဘယ်ခံနိုင်မည်ထိမထင်ပ၊ စနစ်စဉ်စိန်ညာရှန်းငယ်နှင့်၊
ရွှေဘုန်းတော်တေဇာပြောင်တဲ့၊ ပြည်ကုန်းဘောင်နတ်ရှင်သွေးပေမို့
အရေးတော်ကြာမထောင့်ပါဘူး၊ သမ္ဘာတော်ကူနွှာစောင့်ပါလိမ့်၊
ဘေးတော်လောင်းမြေး။

## ကောက်စိုက်သမများ၏ မျိုးချစ်ဂီတသံ

ကိုလိုနီခေတ်ဦး တော်လှန်ရေးကာလ ဖြစ်ရပ်အချို့ကို ကောက်စိုက်သမများက ကောက်စိုက်တေးများဖြင့် ရင်ဖွင့်ခဲ့ကြသည်။ ကောက်စိုက်တေးများမှာ ဝန်းသိုစော်ဘွားဦးအောင်မြတ်နှင့်ခေါင်းဆောင်အချို့၏ တော်လှန်ရေးသမိုင်းများပါနီးနွယ်ဆက်စပ်လျက်ရှိနေသောကြောင့်လည်း ပိုမိုအသက်ဝင်လျက်လည်းရှိနေပါသည်။

နယ်ချဲ့အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံကိုသိမ်းယူရာတွင် ရက်သတ္တနှစ်ပတ်ခန့်သာကြာခဲ့သော်လည်း သိမ်းပိုက်ပြီးနယ်မြေများကို ငြိမ်ဝပ်ပိပြားအောင် ဆယ်နှစ်ဆယ်မိုးမက ကြိုးစားပြီးမှရယူနိုင်ခဲ့သည်။ ထိုနယ်ချဲ့ဆန့်ကျင်ရေးစစ်ပွဲများတွင် ဝန်းသိုစော်ဘွားကြီးခေါင်းဆောင်သည့်နယ်ချဲ့ဆန့်ကျင်ရေးသည် အပြင်းအထန်ဆုံးဖြစ်သည်ဟု နိုင်ငံခြားသတင်းစာများက ရေးသားကြသည်။

ထီးချိုင့်မြောက်ပြင်အရပ်ကား အရှေ့ဘက်တွင်ကံ့ကော်တောင်တန်း၊ အနောက်ဘက်တွင်မင်းဝံတောင်တန်း၊ အလယ်တွင် မဲဇာမြစ်ဖြတ်လျက်ရှိသည်။ ဝန်းသိုနှင့်ထီးချိုင့်မြို့တို့သည် မင်းဝံတောင်တန်းကိုကျောခြင်းကပ်လျက်ရှိနေသည်။ နယ်ချဲ့ဆန့်ကျင်ရေး ကာလ၌လည်း ဝန်းသိုစော်ဘွား၏ ဦးဆောင်မှုအောက်တွင် နယ်ချဲ့အင်္ဂလိပ်များကို ဆန့်ကျင်တိုက်ပွဲဝင်ခဲ့ကြသည်။ ထိုခံစားမှုများသည် ကြေးမုံသဏ္ဍာန် တရေးရေးထင်ဟပ်လာပြီး ကောက်စိုက်သမများ၏ ရင်တွင်းသို့ စူးစူးနင့်နင့် ဝေဒနာဖြစ်လာခဲ့ပေသည်။

ထိုဝေဒနာသည် ရင်တွင်း၌ တင်းကြပ်လာသောအခါ နှလုံးသားမှ ယိုစိမ့်ပွင့်ထွက်လာသည်မှာ ဓမ္မတာပင်ဖြစ်သည်။ ကောက်စိုက်ရာ လယ်ကွင်းထဲအထိ တိုးဝှေ့ဝင်လာသည်။ ထိုအခါ ကောက်စိုက်သမတို့၏ တေးသံဖြစ်ပေါ်လာသည်။ ထီးချိုင့်မြောက်ပြင်ကွင်း ကောက်စိုက်သမတို့၏ "စစ်ထွက်အဲချင်း" သည် လယ်ကွင်းပြင်သို့ ပျံလွင့်လျှက်ရှိပါတော့သည်။

- ရွှေဖုံသယ်လွမ်းဖွယ်တစ်ချို့၊ မေတ္တာရယ်လောင်းပါးတဲ့၊ ငယ်ပေါင်းတို့လေး။
- မလာ မလာ၊ ဟိုလထဲကမလာ၊ စစ်ထွက်တာမို့ကြာခဲ့ပြီလေး ။
- မြင်းနီမသားလည်ဆံဖွားနဲ့၊ ငွေခါးပိုက်ကာလိုက်သတဲ့လေး ။
- မောင်းသံ၊ စစ်ထွက်မည်တဲ့၊ မင်းဝံဆီကကြားခဲ့လေး.....။
- စော်ဘွားမြတ်နောင်၊ တဘောင်သံကြား၊ စစ်ထွက်သွားမို့ပျို မတားရက်ပါလေတော့။
- စစ်မှာတမူ၊ ရန်သူသံကြား၊ ဗိုလ်ခြေအားနဲ့ လင်သားလိုက်တော့ လေး။
- ကောက်ငန်းကျဲကျဲ၊ နေပူထဲ၊ မောင်လည်းအားမငယ်၊ ရိက္ခာသွယ်စစ်မယ်ကောက်ကြောင်းကွဲ့လေး။
- ဓါတ်ရထားနဲ့နတ်လမ်းဆော်၊ ကုလားခေါ် လဲမင်ကြောင်ရဲ့မို့၊ လက်ထဲခါးပိုက်ခေါင်းဖြတ်လိုက်တော့လေး ။
- မြင်းမနီ၊ စစ်ချီတော့ကာစီးစရာ။
- ဖောင်းဝန်စိမ်း၊ စစ်ငြိမ်းတော့ကာစီးစရာ။
- ဖောင်းဝတ်ပြာ၊ စစ်သာတော့ကာစီစရာလေး ။
- ရှည်သွားရယ်တစ်ထွေ၊ မြွေစွယ်ရဲ့အလား၊ မြားမှာစိုက်လို့၊ ညှို့ကိုလျှားလေး။



- ကိုင်းတောကြီးရယ်၊ ကျားဆီးသော်လဲ၊ သည်တိုက်ပွဲကိုနွှဲရတော့မယ်လေး ။
- မြင်းခြေတိုင်၊ မြင်းကြိမ်လုံး၊ ကုန်းကာလဲကောက်၊ ငေါက်လို့လဲမေး။
- ဗိုလ်ခြေတစ်ရာ၊ ရိက္ခာလဲယူ၊ အိုးစားတူနဲ့၊ အောင်ထုတော့မယ် လေး ။
- ကြေးကိုထရံ၊ သံကိုလှေကား၊ ကိုးမြို့ရယ်ပိုင်၊ ခရိုင်သားမို့ ပါးလိုက်တယ်၊ ရန်သူရှားစေလေးလေလေ့ ။

အထက်ပါအဲချင်းကို ကောက်စိုက်သမတိုင်းဆိုချင်၍မရပါ၊ ဗုံသမားနှစ်ယောက် လင်းကွင်းသမားတစ်ယောက်၊ ပေါင်းသုံးယောက်က "ဗုံရိုက်" မှသာလျှင် " ဗုံတိုက်" ရပါသည်။ ဗုံရိုက်သည်ဆိုသည်မှာ သီဆိုစေလိုသည့် ကောက်စိုက်သမကို ကောင်ငန်းမချဲ့သာအောင် ဆီးဝိုက်ထားခြင်းဖြစ်ပါသည်။ ဗုံသမားနှင့်ကောက်စိုက်သမတို့ ဆိုတီးတီးကြခြင်းကို ဗုံတိုက်သည်ဟု ခေါ်ခြင်းဖြစ်ပါသည်။ လေးလေးတွဲ့တွဲ့ဆွဲဆွဲငင်ငင် သီဆိုကြပါသည်။ ဗုံကိုလွယ်ထားသည့်ကြိုးမှာ ဗုံတို့ကိုကျက်ထားသည့်သားရေနှင့် တစ်ဆက်တည်းဆွဲထားပါသည်။ ဗုံသစ်သားခေါင်း လက်လှည့်သင့်နေရာတွင် သားရေကြိုးပြားတစ်ချပ်ကို ဆွဲ၍လွှတ်လိုက်ရာသားရေနှင့် ဗုံသစ်စည်တို့ ရိုက်ခတ်မှုကြောင့် မြည်လာသည့်အသံကို စည်းဝါးအဖြစ် အသုံးပြုပါသည်။

ထိုသို့ ဗုံရိုက်တော့မည်ဆိုပါက အဲချင်းဆိုပါစေကြောင်း ဗုံဝိုက်တေးကို ဗုံသမားက ဆိုရပါသည်။

ဗုံညိုကိုလွယ်ကာလျှောက်
တစ်ယောက်ကဲတဲ့ခိုင်သဇင် မှန်းမိပေါ်ခြင်
စစ်ထွက်ရင် စာမခွေနဲ့။

မာပါစေ ညောင်ရေလောင်း၊ သွန်းဆုချွေတောင်း

(အိုဗျာ) အောက်ပါစေကြောင်း ။

"မောင်ကြီးမှာဗုံလွယ်ပြီး နမထံသို့ ရောက်ခဲ့ပါပြီ။ ခိုင်သဇင်အလှ နမကိုဖြင့် မောင်ကြီးရည်မှန်းပါသည်။ မောင်ကြီးလက်မထပ်မီ စစ်ထွက်လျှင်ဖြင့် လွမ်းစာမခွေပါနဲ့တော့၊ မာပါစေကြောင်း ၊ အောင်ပါစေကြောင်းကို ညောင်ရေလောင်းပြီး ဆုတောင်းပေးပါ ချစ်နမရယ်" ဟူ၍ အထက်ပါ အဲချင်း တောင်းလိုက်ပါသည်။ ထိုအခါ ကောက်စိုက်သမက စစ်ထွက် အဲချင်း (၀၁) စစ်ချီအဲချင်းကို သီဆိုရပါသည်။ အဓိပ္ပာယ်မှာ "မေတ္တာ သက်ဝင်ချစ်ခင်ရပါတဲ့ - မောင်ကြီးရွှေဗုံ သည်ရယ်၊ လွမ်းဖွယ် ကောင်းအောင် သီဆိုပြပါမယ်" ဟူ၍ ပြောပြလိုက်ပါသည်။

"မောင်ကြီးစစ်ထွက်တာကြာပြီမို့ မယ်ဆီမလာကြာခဲ့သည်မှာ ဟိုအရင်ကတည်းကပါ၊ မြင်းကြီးစီးပြီး ရွှေဓားပိုက်လို့ လိုက်သွားတာဖြင့် မင်းဝံတောင်ဆီက တော်လှန်ရေးတပ်သားတွေ စုဆောင်းတဲ့မောင်းသံ ကြားကတည်းကပါ။ ဒို့ရဲ့ခေါင်းဆောင်ကြီး ဝန်းသိုစော်ဘွား ဦးအောင်မြတ် ခေါင်းဆောင်ပြီး တပ်ထွက်မှာမို့ ပျို့မတားရက်တော့ပါဘူး ရန်သူနယ်ချဲ့တွေ ဝင်ရောက်လာကတည်းက လင်ရောသားပါ စစ်ထဲ လိုက်တော့တယ်။ ဓာတ်ရထားနဲ့ ရန်သူတွေခေါ် လာသော်လည်း တို့ဗိုလ်ခြေအင်အားနဲ့ ခေါင်းဖြတ်လိုက်ရုံပေါ့၊ ထက်မြတ်တဲ့ရှဉ်သွားကို မြားဦးမှာတပ်ပြီး လေးကြိုးအစုံယူသွားပါ၊ ဓားတိုက်ပွဲသွားရာလမ်းမှာ ကိုင်းတောကြီးများ၊ ကျားတောကြီးများ။ ဆီးကာနေသော်လည်း တိုက်ပွဲကို နွှဲလိုက်ပါ။"

"မြင်းဝတ်တန်ဆာ၊ ရိက္ခာယူပြီး သွေးသောက်အိုးစားနဲ့ တိုက်ပွဲ အောင်မြင်အောင်နွှဲလိုက်ပါ၊ တို့အရှင်သည် ကိုးခရိုင်ကို စိုးပိုင်တဲ့သခင်၊



တို့စိတ်ဓာတ်မှာ ကြေးဖြင့်ပြုလုပ်ထားသည့်ထရံ သံဖြင့်ပြုလုပ်ထားသည့် လှေကားတွေလို လုံခြုံခိုင်မာ တောင့်တင်းလှပါတယ်"။

ကောက်စိုက်သမသည် ကဗျာလက်နက်ဖြင့် နယ်ချဲ့ဆန့်ကျင်ရေး အတွက် တပ်လှန့်နှိုးဆော်လိုက်ခြင်း ဖြစ်ပါသည်။ ရင်တွင်းမှခံစားချက်များ ကို ပွင့်ပွင့်လင်းလင်း ၊ ရဲရဲတင်းတင်း တင်ပြလာသည့်အခါ ကျေးလက် ကဗျာထဲမှ သမိုင်းတစ်စွန်းတစ်စကို ခြေရာကောက်လာနိုင်ခဲ့သည်။

ထီးချိုင့်မြောက်ပြင်မဲဇာမြစ်ဝဲယာမှ ကောက်စိုက်သမစစ်ထွက် အဲချင်းသည်– ထိုခေတ်ထိုအခါက စစ်ရေးအခြေအနေနှင့် တိုင်းရင်းသား ခေါင်းဆောင်များ၏ မှန်ကန်သည့်ခေါင်းဆောင်မှု၊ မျိုးချစ်မြန်မာများ၏ နယ်ချဲ့များကို ဆန့်ကျင်လိုသည့်စိတ်ဓာတ်၊ အိမ်သူသက်ထားကောက်စိုက် သမများ၏ အားပေးတိုက်တွန်းမှု အစရှိသည့်ခေတ်အခြေအနေများကို ထင်ဟပ်ဖော်ပြခဲ့ပါသည်။ ကောက်စိုက်သမများသည် နယ်ချဲ့ဆန့်ကျင် ရေးသမိုင်းတွင် အုတ်တစ်ချပ်သဲတစ်ပွင့်ပမာ ကျရာတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြပြီး ဖြစ်လေသည်။

ကျေးလက်ရိုးရာ တေးများသည်ကျေးလက်သဘာဝ၊ ကျေးလက် အလှ၊ ကျေးလက်ယဉ်ကျေးမှု၊ ကျေးလက်ဓလေ့ထုံးစံတို့ ပြွန်းသော ရောင်စုံချယ်ထားသည့် အတိတ်ပန်းချီကားများ ဖြစ်သည်။ ဆွတ်ပျံ့ သာမောဖွယ်ကောင်းလှသည်။ ဘိုးဘွား ဘီဘင်တို့၏ချစ်မြတ်နိုးဖွယ် ရိုးရာ ကျေးလက်တေးများသည် လယ်တောယာတောသာမက မြို့ပြပြည်ရွာ အနှံ့ခရီးဆန့် နိုင်ပါစေဟု ဆန္ဒပြုမိပါသည်။

# ရှေးဟောင်းလယ်ယာများ ပြန်လည်ဖော်ထုတ်

ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံဖြစ်ပါသည်။ ထို့ကြောင့်လည်း စီးပွားရေးဦးတည်ချက် (၄) ရပ်တွင် "စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး"ဟူ၍ ဦးတည်ချက်ချမှတ်ခဲ့ပါသည်။

စစ်ကိုင်းတိုင်း ထီးချိုင့်မြို့နယ်သည် အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၇ မိနစ် ၁၃ စက္ကန့်မှ ၉၆ ဒီဂရီ ၂၉ မိနစ် ၂၇ စက္ကန့်၊ မြောက်လတ္တီတွဒ် ၂၃ ဒီဂရီ ၃၀ မိနစ် ၄၂ စက္ကန့်မှ ၂၄ ဒီဂရီ ၁၅ မိနစ် ၂၆ စက္ကန့်အတွင်း တည်ရှိပြီး မြောက်ဘက်တွင် ကသာမြို့နယ်နှင့် အင်းတော်မြို့နယ်၊ အရှေ့ဘက်တွင် မိုးမိတ်မြို့နယ်၊ တောင်ဘက်တွင် သပိတ်ကျင်းမြို့နယ်၊ အနောက်ဘက်တွင် ကောလင်းမြို့နယ်နှင့် ဝန်းသိုမြို့နယ်တို့ တည်ရှိသည်။

ထီးချိုင့်မြို့နယ်သည် စတုရန်းကေ ၄၄၆၃၈၁ ကေရှိပြီး၊ ဧရိယာစတုရန်းမိုင်ပေါင်း ၆၉၇ ဒသမ ၄၇ ကျယ်ဝန်း၍ မြေအနေအထားမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လက်ရှိစိုက်ပျိုး မြေဧရိယာ - ၇၁၆၄၈ ကေ
(ခ) သီးသန့်သစ်တောကြိုးဝိုင်း - ၂၀၈၃၀၃ ကေ
(ဂ) သီးသန့်မဟုတ်သော သစ်တော (အပတော) - ၇၆၆၇၀ ကေ



(ဃ) စိုက်ပျိုးနိုင်သော မြေရိုင်း - ၁၂၅၉၈ ကေ
(င) စိုက်ပျိုးခြင်းမပြုနိုင်သော မြေများ- ၈၀၀၀၉ ကေ

မြို့နယ်စာရင်းကောက်ယူရေးအဖွဲ့၏ ဆောင်ရွက်ခဲ့သည့်လုပ်ငန်းပမာဏမှာ-

(က) ကျေးရွာအုပ်စုပေါင်း - ၂၉ အုပ်စု
(ခ) ရပ်ကွက်ပေါင်း - ၄ ရပ်ကွက်
(ဂ) ကျေးရွာပေါင်း - ၁၁၀ ရွာ
(ဃ) ကွင်းပေါင်း - ၂၃၆ ကွင်း
(င) အကွက်ပေါင်း - ၇ ကွက်
(စ) သစ်တောကြိုးဝိုင်း - ၈ ခု

မြို့နယ်စာရင်းကောက်ယူရေးအဖွဲ့မှ ကွင်းဆင်းစစ်ဆေး၍ စာရင်းကောက်ယူသဖြင့် မူလစာရင်းထက် ကေ ၇၉၉၄ ကေတိုးလာပြီး ၊ သစ်တောကြိုးဝိုင်းကျူးကျော်စိုက်ကေမှာ ၉၇၁၁ ကေဖြစ်သည်။ မြေလွတ်မြေရိုင်းများကို ထပ်မံဖော်ထုတ်ခဲ့ရာ အောက်ပါအတိုင်း တွေ့ရသည်-

(က) နန်းပေါင်းအပတော - ၃၀၀၀ ကေ
(ခ) ဟင်္သာအပတော - ၁၀၀၀ ကေ
(ဂ) မဲဇာအပတော - ၁၅၀၀ ကေ

အထက်ပါ မြေရိုင်းများအနက် ထီးချိုင့်မြို့နယ် ဌာနဆိုင်ရာဝန်ထမ်းများမှ သုံးနှစ်စီမံကိန်းဖြင့် ခုတ်ထွင်ရှင်းလင်းလျက်ရှိရာ ယခုနှစ်တွင် လေသာအုပ်စု၊ မန်ကျည်းပင် ကျေးရွာအနီး မဲဇာအပတော၌မြေရိုင်းကေ ၂၀၀ ခုတ်ထွင်ရှင်းလင်းပြီးဖြစ်သည်။

ကသာခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးခင်မြင့်၊ အမှတ် (၂) ထောက်ပံ့နှင့် ပို့ဆောင်ရေးသင်တန်း

ကျောင်း (ရွှေဘို) မှ ဗိုလ်ကြီးအောင်ဝင်း၊ ထီးချိုင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်ရီတို့သည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် မြေရိုင်းများဖော်ထုတ်ရန် ဟသ်ာ၊ နန်းပေါင်းဒေသသို့ ခရီးထွက်ခဲ့ကြပါသည်။

တကောင်းမြို့ပြထွန်းကားစဉ်က ဧရာဝတီနှင့် ရွှေလီမြစ်တို့အကြားတွင် နယ်ကြီးသုံးနယ်ရှိခဲ့သည်။ ယင်းတို့ကား မြောက်ဘက်တွင် ပါကလား ၁၂ ပြင်၊ ၁၂ ခရိုင်၊ အရှေ့ဘက်တွင် မိုင်းတိုင်း ၁၂ ပြင်၊ တောင်ဘက်တွင် တုံကွဲယား ၁၂ ပြင်တို့ဖြစ်သည်။

မိုင်းတိုင်းဆိုသည်မှာ တကောင်းမြို့ပြထွန်းကားစဉ်အချိန်က တကောင်းမြို့၏လက်အောက်ခံဖြစ်၏။ တာလဝချောင်းတို့ပေါင်းဆုံစီးဆင်းကြကုန်သော ချောင်းပေါင်း ၁၂ ချောင်းတို့ကိုပြုပြင်ကာ လယ်ယာနိုင်ငံတည်ထောင်ခဲ့သော တကောင်းမြို့၏စပါးကျီနယ်ကြီး ဖြစ်သည်။ ချောင်းပေါင်း ၁၂ ချောင်းအတွင်းအုပ်ချုပ်သူထမုန်လူကြီး ၁၂ ဦးရှိသောကြောင့် မိုင်းတိုင်း ၁၂ ပြင်ဟု ယနေ့တိုင်ခေါ်တွင်ကြဆဲဖြစ်သည်။

မိုင်းတိုင်းမှ အရှေ့ဘက်သို့သွားလျှင် ရွှေလီမြစ်သို့ရောက်၏။ ၂၈ မိုင်ကွာဝေးသည်။ မိုင်းတိုင်းမှ မြောက်ဘက်တောင်ကြားလမ်းကိုကျော်လျှင် မြဇတာင်နယ်မြေဖြစ်သော ပါကလား ၁၂ ပြင်ကို ရောက်၏။ မိုင်းတိုင်းမှ တောင်ဘက်သောင်းဝှက်တောင်ကိုကျော်လျှင် တုံကွဲယား ၁၂ ပြင်ကို ရောက်၏။ ကောဇာ ၁၁၇ – ၁၃၂ တွင် ပါကလား ၁၂ ပြင်၌ ဆည်မြောင်းများကို ပြင်ဆင်စေ၏။ တန်စပါးအများအပြား စိုက်ပျိုးခဲ့ပြီး မိုင်းတိုင်းမှ မြဝတောင်သို့ လမ်းဖောက်ပေးခဲ့သည်။

မိုင်းတိုင်းနယ်သည် အရှေ့ဘက်တွင် မိုင်းတိုင်းတောင်တန်း ၊ အနောက်ဘက်တွင် တကောင်းတောင်တန်းများ ကာရံနေသော လွင်ပြင်ကျယ်ကြီးဖြစ်သည်။ အရှေ့ဘက် ကျောက်အိုးချောင်းတစ်လျှောက်၌



တစ်စဉ်တစ်တန်း ၊ အနောက်ဘက်ကြေးနန်းလမ်းတစ်လျှောက်၌တစ်စဉ်တစ်တန်းအားဖြင့် ရွာနှစ်တန်း ပြိုင်၍တည်နေသည်။ ကျေးရွာပေါင်း ၄၀ ခန့်ရှိသည်။ အချို့မြို့ရွာများ၊ မြို့ရိုး၊ ကျုံးမြောင်းများဖြင့် မပျက်မစီး ယနေ့တိုင်အထိ ရှိနေသေးသည်။ ယနေ့တိုင် မိုင်းတိုင်း၊ ရင်ခွင်၊ ပေကုန်း၊ ဥသျှစ်ကုန်း ဟူ၍ ရွာလေးရွာ လူနေအိမ်ခြေမပျက် တည်ရှိနေသေးသည်။

မင်းတုန်းမင်းတရား၏လွှတ်တော်ပြန်တမ်းအရ နယ်မြေခွဲဝေသောအခါ – ဝက်တူးငါးရပ်နယ်မြေ၊ ပါကလား တစ်ဆယ့်နှစ်ရပ်နယ်မြေနှင့် မိုင်းတိုင်း တစ်ဆယ့်နှစ်ရပ်နယ်မြေများသည် မြဝတောင်နယ်အတွင်းသို့ ပါဝင်လာသည်။ မိုင်းတိုင်း ၁၂ ပြင်၊ ပါကလား ၁၂ ပြင်၊ တုံကွဲယား ၁၂ ပြင်တို့မှာ မင်းတုန်းမင်းလက်ထက်တိုင် စည်ပင်သာယာလျက်–တကောင်းမြို့မှတဆင့် မိုင်းတိုင်းသို့ ကြေးနန်းလမ်းဖောက်လုပ်ခဲ့သည်။ မင်းတုန်းမင်းလက်ထက်တွင်ပင် သောင်းကျန်းသူများဖျက်ဆီးမှုကြောင့် နယ်ကြီးသုံးနယ် ပျက်စီးခဲ့ရသည်။

သီပေါမင်းတရားလက်ထက် ၁၂၄၃ ခုနှစ်တွင် "မဟာသုတဘောဂ"ဘွဲ့တံဆိပ်ရ သူဌေးမင်း ဦးစီသည် မိုင်းတိုင်းမြို့အနီး ဥသျှစ်ကုန်းကျေးရွာဇာတိဖြစ်သည်။ လယ်ကူလီစာရင်းငှားဘဝတွင် စပါးတင်း ၃၀၀၀ ထွက်သော မိုင်းတိုင်းခရိုင်အုပ်မင်း၏လယ်များကို လုပ်ကိုင်ခဲ့ရသည်။ ရိုးသားကြိုးစားလုပ်အားဖြင့်ထူထောင်ခဲ့ရာ ဘုရားဒကာ၊ ကျောင်းဒကာ သူဌေးမင်း ဘွဲ့ရရှိခဲ့သည်။ သောင်းကျန်းသူများဒဏ်ကြောင့် မိုင်းတိုင်း ပျက်စီးခဲ့ရသည့်အခါ မြဝတောင်မြို့သို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။ မြဝတောင်မြို့သူကြီး ဖြစ်ခဲ့၏။

မိုင်းတိုင်း ၁၂ ပြင်သည် ရေကောင်းမြေကောင်းဖြစ်၍ ရှေးယခင်က လွန်စွာသာယာဝပြောခဲ့ကြောင်းကို ဘုရားပျက်၊ ကျောင်းပျက်၊ ရွာပျက်၊ ဆည်မြောင်းချောင်းကန်၊ လယ်ယာဟောင်းများက သက်သေခံလျက်ရှိ

သည်။ မိုင်းတိုင်း ၁၂ ပြင်မှထွက်ရှိသော ကုန်ပစ္စည်းများမှာ မြတောင်မြို့ဟောင်းနှင့် တကောင်းမြို့ဟောင်းများသို့ စုပုံရောက်ရှိကြဟန်တူသည်။ ထို့ကြောင့် တကောင်းမြို့၏အမည်မှာ "စည်းကူးတို့"ကုန်ပစ္စည်းများ စုပုံရောက်ရှိရာ ဆိပ်ကမ်းဟုအမည်ရသည်။

မြတောင်မြို့အနီးတွင် "ပါကလား"ဟူသောအမည်ဖြင့် မြို့သစ်တစ်မြို့ရှိခဲ့သည်။ ပါကလားမြို့၏အရှေ့ဘက်တကောင်းတောင်တန်းနှင့် သစ်တောလေးရပ်မှ စီးကျသောချောင်းပေါင်းတစ်ဆယ့်နှစ်ချောင်းတို့ကို အမှီပြု၍ရွာပေါင်းတစ်ဆယ့်နှစ်ရွာကိုလည်း တည်ထားလေသည်။ ထိုရွာများကို ပါကလား တစ်ဆယ့်နှစ်ရွာ (တစ်ဆယ့်နှစ်ပြင်ဟုခေါ်သည်)။ ထိုရွာများအနက် တုံးပုံ၊ ချိုတ်သင်၊ ဝန်တင်ကုန်း ၊ ပေါက်နက် စသည့်ရွာများသာ ယခုအခါကျန်ရှိ၍ ဟသ်ာ၊ နန်းပေါင်း ၊ မောက်တို၊ ဝါးဘိုးချောင်း၊ ယင်းကိုင်း စသောရွာများမှာ တောဖုံး၍သွားခဲ့ချေပြီ။

ထိုစဉ်က အိမ်ခြေနှစ်ဆယ့်ငါးအိမ်လျှင်တစ်တိုင်၊ တစ်တိုင်လျှင်ခေါင်းအကြီးတစ်ယောက်ဟု ဖွဲ့စည်းရာမိုင်းတိုင်းမြို့၌ ရှစ်တိုင်ရှစ်ခေါင်းရှိ၍ ပါကလားရွာတို့၌ ငါးတိုင်ငါးခေါင်းစီရှိကြကြောင်း မိုးမိတ်ရာဇဝင်တော်ကြီး ၁၅၂ ၌ဆိုပေသည်။ (ပါကလား = ပါကွမ်လား - ရှည်လျားကျယ်ပြန့်သော ကွင်းပြင်ကြီး)။

စာရေးသူတို့အဖွဲ့သည် ထွန်စက်ကားသုံးစီးဖြင့် မြန်မာ့သစ်လုပ်ငန်း၊ ရွှေလီမြတောင်သစ်ထုတ်ရေးကားလမ်းအတိုင်း ပါကလားပြင်ကြီးကိုဖြတ်၍မောင်းနှင်ခဲ့ရာ ဟသ်ာရွာဟောင်းသို့ ရောက်ရှိခဲ့သည်။ မြတောင်နှင့် ဟသ်ာရွာမှာ မိုင်နှစ်ဆယ်ကျော်သုံးဆယ်နီးပါးရှိရာ ၃ နာရီခန့်မောင်းနှင်ခဲ့ရ၏။ ထူးခြားသည်မှာ တောင်ထူထပ်သည့် အညာဒေသတွင် တောင်တက်တောင်ဆင်းလုံးဝမရှိ၊ ပကတိကျယ်ပြန့်သောလွင်ပြင်ကြီးကို ဖြတ်သန်းခဲ့ရသည်၊ ဟသ်ာချောင်းဘေးတွင် စခန်းချပြီး မြေလွတ်မြေရိုင်းများ ကွင်းဆင်းစစ်ဆေး ရှာဖွေခဲ့ကြသည်။



ဟသ်ာနန်းပေါင်း ရွာဟောင်းကုန်းများတွင် ယနေ့တိုင် မန်ကျည်းပင်အိုကြီးများ ၊ ထန်းပင်များ ၊ ဗိုလ်တဲများ အထင်အရှားရှိနေပါသေးသည်။ မြန်မာဘုရင်များလက်ထက်မှစ၍ ဆည်မြောင်း၊ ကန်ချောင်းများ တည်ဆောက်ပြီး လယ်ယာစိုက်ပျိုးခဲ့ကြောင်း သမိုင်းအထောက်အထားများ တွေ့ရသည်။ စာရေးသူတို့အဖွဲ့သည် ဦးပု၏လယ်ကွင်းဟောင်းကြီးဆီသို့ ရောက်ခဲ့ကြသည်။ ကန်သင်းမပျက် ကန်မပျက်ပင် ရှိနေသေးသည်။ ရှေ့မှီနောက်မှီ ပုဂ္ဂိုလ်တို့၏ပြောပြချက်အရ ဦးပုသည် ဟသ်ာရွာသူကြီးဖြစ်သည်။ ဗြိတိသျှအုပ်ချုပ်မှုအောက်တွင် စတီးဘရားသားသစ်ကုမ္ပဏီမှ သစ်များကို ကံထရိုက်ယူ၍ထုတ်လုပ်ခဲ့သည်။ သစ်လုပ်သား ဆင်လုပ်သားများ စားသောက်ရန်အတွက် ဆင်သုံးကောင်ဖြင့် လယ်ယာများဖော်ထုတ်ခဲ့ရာ ယင်း၏လယ်ကွင်းမှ တစ်နှစ်လျှင်စပါးတင်းသုံးထောင် ထွက်ရှိသည်ဟုဆိုသည်။ အင်္ဂလိပ်နှင့်ဂျပန်တို့ တိုက်ပွဲပြင်းထန်သဖြင့် ဟသ်ာရွာအထိနာခဲ့သည်။ ရွာပျက်ခဲ့ရသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိခဲ့ပြီးနောက် ပြည်တွင်းသောင်းကျန်းမှု ဒဏ်ကြောင့် ဟသ်ာ၊ နန်းပေါင်း ၊ မောက်တို စသော သီးခြားသူကြီးပိုင်ရွာများ ချိုတ်သင်ရွာသို့ ပြောင်းရွှေ့ခဲ့ရသည်။

ဟသ်ာနန်းပေါင်းဒေသသည် ကျယ်ပြောသောလွင်ပြင်ကြီးများရှိသည်။ မြေဆီ ဩဇာထက်သန်သည်။ ရာသီဥတု ကောင်းမွန်သည်။ တစ်နှစ်ပတ်လုံး ရေမပြတ်သည့် အင်းပေါင်း ၉၉ လုံးရှိသည်ဟု ဒေသခံများက ဆိုသည်။ ဟသ်ာချောင်းမှာ တစ်နှစ်ပတ်လုံးနီးပါး ချောင်းရေစီးနေသည်။ နန်းပေါင်း ဆိုသည့်ချောင်းများပေါင်းဆုံရာ အရပ်ဟုဆိုကြသည်။ ဦးပု ကန်လယ်ကွင်းနည်းတူ မကျိုးလွင်၊ မျက်တိုလွင် စသောလွင်ပြင်ကြီးများ ရှိသေးသည်။

ဟသ်ာချောင်းထိပ်တွင် တိုင်းရင်းသား လီဆူးအိမ်ထောင်စု ကိုးအိမ်ထောင်စု တွေ့ရှိခဲ့ရသည်။ ကချင်ပြည်နယ်မှ လာရောက်၍ မြေသစ်

ယာသစ်များ ရှာဖွေခဲ့ကြရာ ဟသ်ာနန်းပေါင်းဒေသသည် အကျယ်ပြန့်ဆုံးနှင့် မြေဆီဩဇာ အကောင်းဆုံးဟုဆိုသည်။ မြေရိုင်းများကို ခုတ်ထွင်ရှင်းလင်း၍ စိုက်ပျိုးနေကြပြီး တောင်ယာပြောင်းများမှာ ကြီးမားပြီး အရသာလည်းရှိလှ၏။

ကျွန်တော်တို့ငယ်စဉ်ကတည်းက ရင်းနှီးကျွမ်းဝင်ပြီး ဝေါဟာရစကားများရှိခဲ့ပါသည်။ "ဒို့မြေဒို့မြေ"၊ "အမိမြေ"၊ "အမိမြေကိုတစ်လက်မမှအထိမခံ"၊ "အမိမြေမှသားကောင်းများ"၊ "မြေဆီဩဇာ"၊ "ပဒေသာမြေမှာခသည်"၊ "မြေကြီးကရှေ့သီးသည်"၊ "အရင်းစစ်အမြစ်မြေက"၊ "ဝသုန်ဣျမြေတိုင်တည်သက်သေထားသည်" စသည်ဖြင့် မြေကိုအဓိကထားသည့် ဝေါဟာရများဖြစ်သည်။ မြေကြီးသည်လူသားတို့အတွက်သစ္စာအရှိဆုံးဖြစ်သည်။ လူ့ဘဝအသက်ရှင်သန်ရေးဖြစ်သည့် စားဝတ်နေရေးသည် မြေကြီးနှင့်ဆက်နွှယ်နေ၏။ ထို့ကြောင့် စျေးကွက်စီးပွားရေးစနစ်အရရင်းနှီးမြှုပ်နှံမှုများပြုလုပ်ကြရာတွင် မြေယာကဏ္ဍရင်းနှီးမြှုပ်နှံမှုသည် စိတ်အချရဆုံးဟုယူဆမိပါသည်။

မိုင်းတိုင်း၊ ဟသ်ာ၊ နန်းပေါင်းမြေရိုင်းများ ဖော်ထုတ်ခြင်းအားဖြင့် နယ်မြေဒေသဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ မြန်မာ့သစ်လုပ်ငန်း၊ သစ်ထုတ်ရေးလမ်းဟောင်းများလည်း ရှိပြီးဖြစ်ရာ ထိုလမ်းကြောင်းဟောင်းများ ပြန်လည်ဖော်ထုတ်နိုင်ပါက ရက်သတ္တတစ်ပတ်နီးပါးမျှ ခရီးသွားရသည့် ဧရာဝတီနှင့်ရွှေလီသည် ၄–၅ နာရီအတွင်းခရီးပေါက်နိုင်သည်။ ဧရာဝတီနှင့်ရွှေလီဖြတ်လမ်းကြီး ပေါ်ပေါက်လာမည်ဖြစ်သည်။ မိုင်းတိုင်း၊ ဟသ်ာ၊ နန်းပေါင်းဒေသသည် မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ ရှမ်းပြည်နယ် သုံးမြေဆုံဒေသဖြစ်ရာ ပြည်တွင်းမငြိမ်မသက်ဖြစ်ပါက သူပုန်သူကန်တို့ဝင်ရောက်အခြေစိုက်သည့် ဒေသဖြစ်ခဲ့ဖူးကြောင်း သမိုင်းအထောက်အထားများက သတိပေးနေသည်။



သို့ဖြစ်၍ ဒေသများအကျိုး နိုင်ငံအကျိုးကို မျှော်ကိုး၍ မြန်မာဘုရင်များလက်ထက်မှ စပါးကျီကြီးများကို ပြန်လည်ဖော်ထုတ်နိုင်ကြရန် တိုက်တွန်းရပါ၏။

## ရွှေဥဒေါင်းစာပေဆု

စစ်ကိုင်းတိုင်း၊ ထီးချိုင့်မြို့တွင်စာဆိုတော်နေ့အထိမ်းအမှတ် ဟောပြောပွဲများကို နှစ်စဉ်ကျင်းပခဲ့ပါသည်။ စာပေဟောပြောပွဲများကို ရန်ကုန်မှစာရေးဆရာကြီးများ ဖိတ်ကြားခဲ့ပါသည်။ စာပေဟောပြောပွဲများ ကျင်းပရာ မြို့နယ်အတွင်း မြတောင်နှင့်ကမ်းနီးရွာကြီးများကို တိုးချဲ့၍ပြုလုပ်နိုင်ခဲ့သည်။ ထိုစာပေဟောပြောပွဲမှာ အစဉ်အလာတစ်ခုသဖွယ် ဖြစ်နေ၏။ ထီးချိုင့်စာပေဟောပြောပွဲတွင် ထီးချိုင့်–ကမ်းနီး–မြတောင်– သုံးဌာနကျင်းပလေ့ရှိသည်။

ယင်းကဲ့သို့ ကျင်းပရာမှာလည်း အကြောင်းများရှိပါသည်၊ မြတောင်သည် မြန်မာမင်းများလက်ထက်ကစ၍ သမိုင်းဝင်ရှေးဟောင်းမြို့ တစ်မြို့ဖြစ်၏။ ရောက်လာသမျှစာရေးဆရာများကို မြတောင်သို့ပို့၍ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို လေ့လာစေခဲ့ပါသည်။ ယခုလည်း အထက်တန်းကျောင်းနှင့်စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်သည်၊ လူနေမှုအရ အဆင့်အတန်းမြင့်သည့် ရွာကြီးတစ်ရွာဖြစ်သည်။

ကမ်းနီးရွာကြီးသည်လည်း မြန်မာမင်းများလက်ထက်မှ ဆိပ်ကမ်းရွာကြီးဖြစ်သည်၊ သင်္ဘောဆိပ်၊ အထက်တန်းကျောင်း၊ ရဲကင်းစခန်း၊ ဆေးပေးခန်း၊ နံနက်ဈေးစသည်ဖြင့် စည်ကားသည့်ရွာကြီး တစ်ရွာဖြစ်သည်။ခေတ်ပညာတတ်များလည်း ထွန်းကားသည်။ ဤရွာကြီး နှစ်ရွာ၏ထူးခြားမှုမှာ မြန်မာစာပေလောကတွင် ထင်ရှားသည့်ဆရာကြီး



ရွှေဥဒေါင်းနေထိုင်သွားခဲ့ခြင်းပင် ဖြစ်သည်။ ဆရာကြီးရွှေဥဒေါင်း၏ စာပေအမွေများကျန်ရှိခဲ့သည်။

၁၉၂၀– ပြည့်နှစ်တွင်ဆရာကြီးရွှေဥဒေါင်းသည် မြတောင်သူ ဒေါ်ကြီးစိုးနှင့် အိမ်ထောင်ပြုခဲ့သည်၊ ၁၉၂၂– ခုနှစ်တွင် ကမ်းနီးရွာ၌ ကျောင်းဆရာပြုလုပ်ခဲ့သည်။ ဤအကြောင်းကို ဆရာကြီးရွှေဥဒေါင်း၏ တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များတွင်–

"နောက်ဆုံး၌ မြတောင်အထက် "ကမ်းနီးရွာ" တွင်အင်္ဂလိပ် ကျောင်းထောင်ဖို့ စီစဉ်လေ၏။ ကမ်းနီးရွာ၌သစ်ကုန်သည် လေးငါးဦးရှိ၍ ၎င်းတို့တွင် ကျောင်းသားအရွယ်သားများလည်းရှိကြသည်။ မိဘများသည်သားများကို အင်္ဂလိပ်စာသင်လို၍ မြို့ကြီးများသို့ပို့ချင်ကြသော်လည်း (မြန်မာမိဘများ၏ထုံးစံအတိုင်း) သားကလေးများကိုစိတ်မချခြင်း၊ အစားအသောက်ဆင်းရဲမည်ကို စိုးရိမ်ခြင်း၊ မခွဲခွာနိုင်ခြင်းစသော အခက်အခဲများကြောင့် ရွာကျောင်း၌သာထားကြရာ ကိုဝင့်မော်က ကျွန်ုပ်အကြောင်း ပြော၍၊ အင်္ဂလိပ်စာသင်ဖို့ တိုက်တွန်းလိုက်ရာတွင် ဝမ်းမြောက်ဝမ်းသာသဘောတူကြလေသည်။ သစ်ကုန်သည် သုံးဦးသည် အိမ်တစ်လုံးကိုဝယ်၍ ကျောင်းတည်ပြီးလျှင် ကျောင်းသားများ စုဆောင်းလိုက်ရာ ၁၅ ယောက်နှင့်ကျောင်းလခ တစ်ရာကျော် ခန့်ရလေသည်။ ထိုစဉ်ကမူ ထင်း၊ ရေ၊ နေအိမ်စသည် တို့ရသော လင်မယားနှစ်ယောက်အတွက် ၎င်းငွေမျှသည် ကောင်းစွာ လုံလောက်သည်ဖြစ်၍ ကျွန်ုပ်သည်၎င်းအလုပ်ကိုလက်ခံလိုက်လေသည်။ သို့ဖြစ်၍ ဖေဖော်ဝါရီလဆန်းတွင် ကျွန်ုပ်တို့လင်မယားသည် ယောက်ဖလေးတစ်ယောက်နှင့်အတူ ကမ်းနီးရွာသို့ ပြောင်းရွှေ့ သွားကြလေ၏ "ဟူ၍ရေးသားထားသည်။

ဆရာကြီးရွှေဥဒေါင်း၏ တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များတွင် "ကျောင်းဆရာဖြစ်ရပြန်ခြင်း၊ ကျေနပ်ဖွယ်သောနှစ်၊ လပ်ကီး မြင်းစီးကောင်းဖြစ်ချင်သည်၊ လျှော်လိုက်ရခြင်း၊ မြင်းစီးဝါသနာ၊ အပတ်တကုတ်လေ့ကျင့်ပုံ၊ တောအုပ်ကိုသိန်းဖေ၊ ကိုသိန်းဖေနှင့်လပ်ကီး၊ လပ်ကီးနှင့်အုန်းခွံ၊ မိတ်ဆွေသုံးယောက်၊ မခံချင်သောသတ္တိပြမှု၊ လောင်စာနှင့်အုန်းသင်၊ သေလောက်သောမြင်းပွဲ၊ သီချောင်းတို့အား လပ်ကီးပျက်လေပြီ၊ ခဏခဏတွေ့ကြုံခြင်း၊ လူသတ်သည်ဟုစွပ်စွဲခြင်း၊ ဆင်နှင့်တောလည်ခြင်း၊ ကံကောင်းလို့ဆင်နင်းမခံရ၊ လူသေမှုဖြစ်ဦးမလို့၊ လက်ဖြောင့်ခြင်း၊ တောကောင်ခြောက်ကြခြင်း၊ ကျားသစ်တွေ့ရခြင်း၊ တောဝက်ထွက်ပြေးပုံ၊ ကိုသိန်းဖေ၏ လက်စွမ်းကို၊ ကိုသိန်းဖေနှင့်ကျွန်ုပ်၊ ကျားကိုက်သောမြင်း၊ လင့်စောင့်ခြင်း၊ တောကောင်ဝင်လာခြင်း၊ ယုံချင်မှယုံမပျော်ပိုက်စရာဖမ်းဆီးချက်များ၊ ကျေးစွပ်သောလူ၊ မြစ်ရိုးသားတို့၏ – ဉာဉ်ဆိုး၊ ကမ်းနီးရွာမှထွက်ခွာခြင်း" စသည်တို့မှာ ကမ်းနီးရွာနှင့် ကမ်းနီးရွာဝန်းကျင်တို့၏ ခေတ်သမိုင်းကြောင်း တစ်စေ့တစ်စောင်း ဖော်ပြနေသကဲ့သို့ရှိသည်။

ကမ်းနီးရွာတွင်ဆရာကြီးရွှေဥဒေါင်းနှင့် ဒေါ်ကြီးစိုးတို့နေထိုင်ခဲ့သည့်အိမ်ကလေး ယခုတိုင်ကျန်ရှိနေသေးသည်။ ထိုအိမ်ကလေးသည် ရွှေဥဒေါင်းပြတိုက်ငယ်ကလေးသဖွယ်ဖြစ်နေ၏။ "ဦးဖေသိန်း" ဟူ၍ ကျွန်းသားပျဉ်ပြားပေါ်တွင် ငွေသားစာလုံးဖြင့်သေသပ်စွာ ရေးသားထားသည့်ဆိုင်းဘုတ်၊ ဆေးတံအိုးကောက်ကြီးခဲလျက် ရိုက်ကူးထားသော ဆရာကြီးရွှေဥဒေါင်း၏ပုံ၊ ရုပ်ရည်ခံ့ညားလှပသည့် ဒေါ်ကြီးစိုး၏ပုံ၊ ရွှေဥဒေါင်းနှင့်ဒေါ်ကြီးစိုး ဖနီးမောင်နှံတွဲလျက် ရိုက်ကူးထားသည့်ပုံ၊ ဆရာကြီးရွှေဥဒေါင်းပါဝင်သည့် မြန်မာနိုင်ငံစာရေးဆရာများအသင်းပုံ၊ ဆရာကြီးရွှေဥဒေါင်း ဆိုဗီယက်နိုင်ငံသို့ မြန်မာနိုင်ငံစာရေးဆရာများ



ကိုယ်စားသွားရောက်ပုံ၊ ဆိုဗီယက်မှ အမှတ်တရလက်ဆောင်ပေးသည့် သုံးမြှောင့်ပုံ ဖန်လုံးလေးစသည်တို့မှာ ရွှေဥဒေါင်းဆိုင်ရာ အမှတ်အသား အထောက်အထားများပင်ဖြစ်သည်။

ကမ်းနီးရွာသို့ ရောက်ရှိကြသည့် စာရေးဆရာကြီးများ၊ စာပေဝါသနာရှင်များ၊ အနုပညာရှင်များ ဒေါ်ကြီးစိုး၏ နေအိမ်သို့ရောက်ကြသည်။ ထို့ပြင် ဆရာကြီးစာသင်ခဲ့သည့် ကျောင်းဟောင်းရာ၊ မြင်းစီးလေ့ကျင့်ခဲ့သည့် လမ်းမကြီး၊ မြင်းကုန်းပေါ်တွင်တင်သည့် သက္ကလပ်စအထူများနှင့် ဆရာကြီးရွှေဥဒေါင်း၏ အသုံးအဆောင်များကိုလည်း ယနေ့တိုင် တွေ့နိုင်သေးသည်။ ဆရာကြီးရွှေဥဒေါင်းနှင့်ဆက်နွှယ်နေသည့် ပစ္စည်းများ စုဆောင်း၍ ပြတိုက်ကလေးသဖွယ် ထိန်းသိမ်းထားလျှင် ကောင်းမည်ဟု စိတ်ကူးမိသည်။ ကြာလျှင် အားလုံးပျောက်ပျက်ကုန်ပေတော့မည်။

ရောက်ရှိလာသည့် စာပေဝါသနာရှင်များအား မလွတ်တမ်း ညီ့ဝတ်ကျေပွန်စွာ ညည့်ခံပြုစုသူမှာ ဒေါ်ကြီးစိုး၏ တူမအရင်း မမြင့်မြင့်သန်းပင် ဖြစ်ပါသည်။ ဧည့်ခံပြုစုရင်း စာရေးဆရာများ၏ မေးသမျှကိုလည်း မှတ်သားမိသမျှဖြေပေးရသေးသည်။ မမြင့်မြင့်သန်းနှင့် စကားစပ်မိမှပင် ဆရာကြီးရွှေဥဒေါင်း၏ စာပေဆုအကြောင်းသိရပေတော့သည်။

> ကျွန်မမြင့်မြင့်သန်းပါရှင်၊ ကျွန်မကအညာကျေးတောသူပါ၊ ခေါင်းရွက်ဗျပ်ထိုး ဈေးရောင်းစားနေတဲ့ဈေးသည်တစ်ဦးပါ၊ ကျွန်မက အညာကျေးတောသူ တစ်ယောက်ရဲ့ လေနဲ့ပွင့်ပွင့်လင်းလင်းပဲ ပြောတတ်ပါတယ်၊ စိတ်ထဲမှာ ခံစားနေသမျှ ပြောမှာနော်၊ အမှားပါရင် သည်းခံခွင့်လွှတ်ကြပါ၊ စာပေစိတ်ရှိသူတိုင်းဝိုင်းဝန်းကူညီဖြေရှင်းပေးကြပါ၊ ကျွန်မအဘိုးဘိုးဘွားတို့ကို ပြုစုစောင့်ရှောက်နေရတာနဲ့ စာကောင်းကောင်းမသင်ခဲ့ရဘူးရှင့်၊ ကျွန်မစိတ်ထဲရှိတာပြောမယ်နော်။

ဘိုးဘိုးနဲ့ဘွားဘွားဆိုတာဆရာကြီးရွှေဥဒေါင်းနဲ့ ဇနီး ဒေါ်ကြီးစိုးပါ၊ကျွန်မတို့မြေးအဘွားကကက်တူအကျိုးပေးပါ၊ ဘွားဘွားဟာ ဘိုးဘိုးရဲ့ပါရမီဖြည့်ဖက်ဇနီးပါ၊ ဘိုးဘိုးရဲ့ဆိုးမွေကောင်းမွေကို ခံစားရတဲ့သူပါ၊ ဘိုးဘိုးဟာသူစိတ်ထင်တိုင်း လုပ်လေ့လုပ်ထရှိပါတယ်၊ ဘိုးဘိုးသေခါနီးမှာ ပေါင်ရိုးကြီးနဲ့ဒုက္ခတကြီးပါ၊ ဘိုးဘိုးဟာဘွားဘွားနဲ့ကျွန်မရဲ့လက်ထဲမှာ အသက်ဆုံးခဲ့ရပါတယ်၊ဘွားဘွားရဲ့ သည်းညည်းခံနိုင်မှုတွေကိုတော့ အကျယ်ချဲ့မပြောချင်တော့ပါဘူးရှင်၊ ဘိုးဘိုးရေးခဲ့တဲ့ တစ်သက်တာမှတ်တမ်းနဲ့အတွေးအခေါ်များ စာအုပ်မှာသာဖတ်ကြည့်ကြပါတော့။

သူတို့ဇနီးမောင်နှံ နှစ်ပေါင်းငါးဆယ်ကျော် သေတပန်သက်တစ်ဆုံးရိုးမြေကျပေါင်းသင်းသွားကြပါတယ်။ ဘွားဘွားလဲ အသက်အရွယ်ကြီးပြီး ဒုက္ခတဘဝနဲ့ ကွယ်လွန်ခဲ့ရပါတယ်၊ ကွယ်လွန်ခါနီးမှာ မျက်စိခွဲထားရလို့မမြင်ရ၊ တင်ပါးခွက်လျှောလို့ လမ်းမသွားနိုင်၊ ကျင်ကြီးကျင်ငယ်ကို မြှောခွက်ထိုးပေးမှ သွားနိုင်တဲ့ဘဝပါ၊ ဒီဒုက္ခတကာလဟာ ငါးနှစ် ခြောက်နှစ်နီးပါး ကြာခဲ့ပါတယ်။ ကျွန်မတို့လက်ထဲမှာကွယ်လွန်ပြီး ကျွန်မတို့ ကောင်းကောင်းသဂြိုဟ်ခဲ့ပါတယ်၊ ဟောဒီမှာ ဓာတ်ပုံအထောက်အထားတွေ၊ ဘယ်သူကမှသဂြိုဟ်စရိတ်ရယ်လို့တစ်ပြားမှ ပို့မပေးပါဘူး၊ ဒါတွေဘာကြောင့် ရေးရေးနေရသလဲဆိုရင် အနှစ်နှစ်ဆယ်ကျော်နေလာရတဲ့ ကျွန်မရဲ့ဒုက္ခကို ဘယ်သူမှ သိကြမှာမဟုတ်ပါဘူး။ ဒီလိုပြုစုစောင့်ရှောက်ခဲ့ရတာကို ဆင်းရဲတယ်၊ ပင်ပန်းတယ်လို့တစ်ချက်ကလေးမှ စေတနာ မကွက်ခဲ့ပါဘူး၊ ဘွားဘွားကကျွန်မအဖေရဲ့အစ်မအရင်းပါ။ ကျွန်မက တူမ



အရင်းပါ၊ ငယ်စဉ်ကတည်းကအဖေနဲ့အမေ ကွယ်လွန် သွားတော့ ဘိုးဘိုးဘွားဘွားတို့နဲ့ ကြီးပြင်းခဲ့ရပါတယ်၊ သူတို့ဟာ ကျွန်မမိဘပါဘဲ၊ ကျွန်မတို့က တောသူတောင်သားတွေဆိုတော့ စာချုပ်စာတမ်းနဲ့မွေးခဲ့တာ မရှိပါဘူး။

ဘွားဘွားမကွယ်လွန်မီကျွန်မတို့မန္တလေးကိုသွားကြပါတယ်၊ ရွှေဥဒေါင်းစာပေဆုနဲ့ပတ်သက်လို့ ဘွားဘွားသဘောတူခဲ့ပါတယ်။ ကတိစာချုပ်ကိုကျွန်မကိုယ်တိုင်ရေးတာပါ၊ ဒါလဲ ဒီအတိုင်းရေးဆိုလို့ ကူးပြီးရေးခဲ့တာပါ၊ ကျွန်မတို့ မြေးအဘွားဟာ ရှေ့ရေးတွေကို ကြိုတင်မတွေးခဲ့ပါဘူး၊ တွေးလဲမတွေးတတ်ပါဘူး။

ဘွားဘွားကဘာပြောခဲ့သလဲ ဆရာကြီးရဲ့စာမူခတွေနဲ့ "ရွှေဥဒေါင်း စာပေဆု"ပေးပါ။ ကျန်တဲ့ငွေတစ်ဝက်ကိုတော့ ကျွန်မတူမလေးကိုပေးပါ၊ ကျွန်မတူမလေးကိုလည်း ကျွန်မတို့ ရှိစဉ်ကလို စောင့်ရှောက်ပါလို့ရိုးသားစွာ အားကိုးတကြီး ပြောခဲ့ပါတယ်။ ရမ်းနီသူကြီးကတော်ဒေါ်ပဲ (အမေပဲ) သက်ရှိထင်ရှားရှိနေပါသေးတယ်။

"ရွှေဥဒေါင်းစာပေဆုပေးဖို့ "ဆိုပြီးသဘောတူခဲ့တာ အနှစ် (၂၀) ရှိပါပြီရှင်၊ တိတိကျကျပြောရရင် (၂-၁၂-၇၉ ) ရက်နေ့ကပါ၊ ဒီနေ့အချိန်ထိတော့ ဘာမှထူးခြား မလာသေးဘူး။ မြန်မာနိုင်ငံမှာ အခြားစာပေဆုတွေ အသီးသီးပေါ်ပေါက်နေပါပြီရှင်၊အဲဒီစာပေဆုတွေဟာ ရွှေဥဒေါင်းစာပေဆုထက် နောက်ကျပါတယ်။ သို့ပေမဲ့ ရွှေဥဒေါင်းစာပေဆုကြီးကတော့ ပေါ်ပေါက်မလာသေးပါလားရှင်၊ဘာကြောင့်လဲလူကြောင့် လား၊ ငွေကြောင့်လား၊ အခြားဘာအခက်အခဲများရှိနေပါသလဲ။

လူကြောင့်ဆိုရင်တော့ လူရှိသေး၊ ရှင်ရှိသေးစွမ်းဆောင်နိုင်တဲ့လူ ပုဂ္ဂိုလ်တွေနဲ့ အစားထိုးပေါ့ရှင်၊ ငွေကြောင့်လား၊ ဘိုးဘိုးရဲ့ စာအုပ်တွေ၊ ရုပ်ပြတွေ၊ အမြဲတမ်းထွက်နေတာ ဖတ်ရှုရပါတယ်၊ စာအုပ်ဈေးတွေကလည်း မနည်းလှပါဘူး။ စာမူခတွေ ဘယ်လောက်များများ ရနေပါသလဲ၊ မည်သူ့အမည်နဲ့ဘဏ်မှာ ထားသလဲ၊ တစ်ဦးတစ်ယောက် တည်းလား၊ ဘွားဘွားဖွဲ့စည်းပေး ထားတဲ့အဖွဲ့အစည်းအမည်နဲ့လား၊ ကျွန်မတို့ဘာတစ်ခုမှ မသိရသေးပါလား။

ဘွားဘွားဖွဲ့စည်းပေးထားတဲ့ အဖွဲ့အစည်း ဆိုလို့ ဘာဘာ လူထုဦးလှ၊ ဆရာကြီးသော်တာဆွေတို့ဟာ သင်္ခါရသဘောအတိုင်း ကွယ်လွန်ခဲ့ကြပါပြီ၊ သက်ရှိထင်ရှားဆိုလို့ ဘဘဦးသုခပဲ ရှိတော့တယ်၊ဘဘဦးသုခဆိုရင်လဲအသက် အရွယ်ကြီးရင့်နေပါပြီ၊ စွမ်းဆောင်နိုင်ပါ့မလား၊ အခြားသူများကလည်း စွမ်းဆောင်နိုင်စွမ်းမရှိတော့ဘူးဆိုရင်တော့ ရွှေဥဒေါင်း စာပေဆုကြီး ရေစုံမျောရပါတော့မယ်။

အခြားအကြောင်းကြောင်းတွေကြောင့်ဆိုရင်တော့ ကျွန်မတို့ ပညာမဲ့တော့သူတွေ ဉာဏ်မမှီပါဘူးရှင်၊ ကျွန်မဆန္ဒကတော့.....

ရွှေဥဒေါင်း စာပေဆုကြီး အမြန်ပေါ်ပေါက်စေလိုပါတယ်"

မမြင့်မြင့်သန်းက ရှင်းလင်းပြောပြပါသည်။ ရွှေဥဒေါင်းစာပေဆုနှင့် ပတ်သက်၍ အသေးစိတ်လေ့လာဖတ်ရှုနိုင်ရန် ရှမဝရုပ်စုံမဂ္ဂဇင်းတွင် ဆရာသော်တာဆွေရေးသားသည့် ကျွန်တော့်ဘဝဇာတ်ကြောင်း (၁၆၆) ကို မူရင်းအတိုင်းတင်ပြလိုက်ရပါသည်။

ရွှေဥဒေါင်းဆု။

ဆရာကြီးကွယ်လွန်ခဲ့ပြီဖြစ်သော်လည်း ဆရာကြီး၏စာတွေက မသေ၊ ဝတ္ထုတွေရော၊ ဆောင်းပါးတွေရော၊ ဘာသာရေး၊ အတွေးအခေါ်



စာပေတွေရော၊ တရားဓမ္မဆွေးနွေးခန်းတွေရော၊ အလျှဉ်မပြတ်ရိုက်နှိပ်နေရသည်။ ယင်းနှင့်ပတ်သက်၍ ဒေါ်ကြီးစိုးကကျွန်တော့်ဆီ ရေးလိုက်သော စာတစ်စောင်ကို နမူနာအဖြစ်ဖော်ပြရသည် -

ကမ်းနီ ၁၃၊ ၉ ၊ ၇၉

မောင်ဆွေ

ဒေါ်ကြီးစာရေးလိုက်တယ်၊ မင်းပေးတဲ့စာကိုလည်းရပါတယ်၊ မင်းရဲ့စာရတော့ ဒေါ်ကြီးသိပ်ဝမ်းသာတယ်၊ တို့မိသားစု ဟိုတုန်းက အတူတကွနေခဲ့ကြတာတွေကို သတိရလိုက်တာသားရယ်။

ပထမ်ဆရာသိန်းဝတ္ထုအတွက် စရန်ငွေတစ်ထောင်လည်းရပါပြီ၊ အဲဒီစာအုပ်ရိုက်တဲ့လူကို မင်းကမန္တလေးလူထုဦးလှဆီ ညွှန်လိုက်တာလည်းသိရပါတယ်၊ နောက်လည်းစာအုပ်ရိုက်တဲ့လူတွေကိုဒီလိုပဲညွှန်လိုက်ပါ၊ တို့လူချင်း မတွေ့ရတော့ပေမယ့် စာနဲ့တွေ့ရတော့ဝမ်းသာလှတယ်ကွယ်။

ရှမဝမှာ ဆရာကြီးအကြောင်း မင်းရေးတာတွေကိုဖတ်ရတော့ ဒေါ်ကြီးအတွက်အပျင်းပြေ၊ အလွမ်းပြေပေါ့ကွယ်။

ဒီငွေဒီဌမတ္တံ့ရိုက်ဖြစ်လျှင်လည်း ဒေါ်ကြီးဆီနှစ်အုပ်လောက် ပို့ပေးပါလို့ပြောလိုက်စမ်းပါ၊ မောင်ဆွေတို့ မိသားစုကျန်းမာဖို့ ဆုတောင်းမေတ္တာပို့ပါတယ်၊ ဒေါ်ကြီးတို့ အိမ်သားအားလုံးလည်း ကျန်းမာချမ်းသာကြပါတယ်။

မင်းတို့ဆရာကြီးဒီနှစ် ၉၀ ပြည့်တဲ့အထိမ်းအမှတ်နဲ့ ဆွမ်းကပ်ဦးမယ်၊ မြန်မာလို တန်ဆောင်မုန်းလဆန်း ၂ ရက်နေ့ပေါ့ မောင်ဆွေတို့ သာဓုခေါ်ကြပေရော.........။

ဒေါ်ကြီးစိုး

ယင်းအချိန်၌ ဒေါ်ကြီးစိုးသည်သတ္တဝါတို့၏ သင်္ခါရတရားကို စဉ်းစား၍ နေပေပြီ၊ ထိုနောက်၌ ဆရာကြီး၏ စာမူများနှင့် ပတ်သက်၍ လူထုဦးလှဆီမှ ကျွန်တော့်ဆီ ရောက်လာသောစာမှာ ---

၄-၁၂-၈၉

ကိုသော်တာဆွေ

ဒေါ်အမာလွှတ်တယ်ကြားလို့ ဒေါ်ကြီးစိုး မန္တလေးရောက်လာတယ်။ ဒီမှာ ၁၄ ရက်လောက် နေသွားပြီး ဒီနေ့ သခေါ်ဘ်နဲ့ ကမ်းနီကို ပြန်သွားပါပြီ။

ကျွန်တော်တို့နဲ့ တိုင်ပင်ပြီး အခုပူးတွဲပေးလိုက်တဲ့စာကို ကိုသော်တာဆွေ ဆီပို့ခိုင်းပါတယ်၊ ကျွန်တော်တို့အားလုံးတစ်ယောက် တစ်စောင်စီပေါ့။ ဒီစာကိုရေးသူက ဒေါ်ဒေါ်နဲ့အတူနေသူ တူမလေးမြင့်မြင့်ဖြစ်ပါတယ်။

ဒေါ်ကြီးစိုး ကျန်းမာရေး ကောင်းတယ်။

ဒေါ်အမာလဲ နေကောင်းပါတယ်၊ ကိုသော်တာဆွေက သူ့အကြောင်း စာရေးပေးတာကို ကျေးဇူးတင်ပြီး ဝမ်းသာလှ ပါတယ်-တဲ့။

မေတ္တာပို့သလျက်
မောင်လှ

၎င်းနှင့်ပူးတွဲပါစာမှာ-----

၁၃၄၁- ခု၊ နတ်တော်လဆန်း ၁၄ ရက် (၂-၁၂-၇၉)
ဒေါ်ကြီးစိုး မန္တလေးကိုခေတ္တလာခိုက်
ဆရာကြီးရွှေဥဒေါင်း၏ စာမူများကိစ္စ။

ဆရာကြီး၏ဇနီးဖြစ်သူ ကျွန်မ မစိုးမရှိသည့်နောက်၊ ဆရာကြီး ရွှေဥဒေါင်း၏ စာမူများအတွက်ရသောငွေများကို (၁)ဒါရိုက်တာ



ဦးသုခ (၂)လူထုဦးလှ (၃)စာရေးဆရာ သော်တာဆွေ (၄) ဦးဝင်းတင်တို့ ၄ ဦးတိုင်ပင်ပြီး၊ သင့်လျော်သည်ကိုစဉ်းစားပြီး၊ သင့်လျော်သည့်စာပေဆုများပေးဖို့ ကျွန်မကတာဝန်လွှဲအပ်ခဲ့ပါသည်။

အသိသက်သေများ
၁။ ကိုအောင်ဖြိုး (တိုင်းရင်းဆေးသိပ္ပံ၊ မန္တလေး)
၂။ လူထုဒေါ်အမာ
၃။ ဒေါ်ပဲ (ကမ်းနီ)

ဒေါ်ကြီးစိုး
ကမ်းနီ
ထိုးချိုင့်မြို့ ။

ဆရာကြီး၏ စာမူပိုင်ခွင့်အရပ်ရပ်မှ စုဆောင်းရရှိသည့် ဥစ္စာပူဇော်ခများကို အထက်ပါအဖွဲ့၏ ကွပ်ကဲချက်ဖြင့် ငွေစာရင်းတစ်ရပ် ဖွဲ့စည်းထားပြီးနောက် “ရွှေဥဒေါင်းစာပေဆု” အမည်ဖြင့် စာပေဆုတစ်ရပ် တီထွင်ချီးမြှင့်သွားမည် ဖြစ်ပါသည်။

အထက်ပါအစီအစဉ်အရ ကျွန်ုပ်တို့စာပေနယ်တွင် “ ရွှေဥဒေါင်း ဆု ” ဟု ပေါ်ပေါက်ဖြစ်မြောက်လာအောင် ကျွန်တော်တို့ဆောင်ရွက်ရပါတော့မည်ဖြစ်ပါသတည်း ။

သော်တာဆွေ
၃၁- ၁- ၈၇

# စခန်းအောင်မြေ

အညာဒေသတွင်ဆီးနှင်းများတစ်ဖွဲဖွဲကျနေသည်။ မြောက်လေပြည်ကတိုက်ခတ်နေ၏ ဆီးနှင်းများအကြားတွင်လေကိုဆန်၍ စက်ဘီးစီးရသည်မှာ အသည်းခိုက်မျှချမ်းအေးလှ၏၊ ကတ္တရာလမ်းမကြီးပေါ်ဖြစ်၍ ခရီးသွားနှုန်းပိုမိုမြန်နေသည်။ ပို၍မြန်လေ ပို၍အေးလေဖြစ်၏။ နားရွက်များအေး၍ နှာရည်များကျလာသည်။ တစ်နာရီခန့် ခရီးသွားမိသော် လမ်းဆုံဖြစ်သည့် ဆားတွင်းရွာသို့ရောက်သည်။

ဆားတွင်းရွာလမ်းခွဲမှ ထန်းကုန်းရွာသို့ခရီးဆက်ရ၏။ ယခုနှစ်တွင် မိုးလေဝသမှန်ကန်သည်၊ အောက်တိုဘာလကုန်ပိုင်းတွင် ရွာသွန်းသည့် မိုးကြောင့်ချောင်းစွတ်မြောင်းစွတ်များရေရှိနေသေးသည်။ စက်ဘီးများကလှူကိုတစ်လှည့်စီးကြပြန်၏။ ထန်းကုန်းမှကန်ပေါက်ရွာသို့ လယ်ကန်သင်းလမ်းအတိုင်းဖြတ်ရပြန်၏။ ဝန်းကျင်တစ်ခုလုံး စပါးများဝင်းဝါနေသည်။ နောက်မိုးများသဖြင့် လယ်ကွင်းထဲမှရေများ ဖောက်ထုတ်နေရသည်။ စပါးများရိတ်သိမ်းရန် နောက်ကျနေကြခြင်းဖြစ်သည်။ အချို့နွေစပါးစိုက်ရန် ပြင်ဆင်နေကြပြီ။

ကုန်းဘောင်ခေတ်နှောင်းမြတောင်မင်းသမီးနှင့် စစ်ကဲကြီးဗိုလ်မြရွှေတို့ဦးစီး၍ နယ်သူနယ်သားများ ဆန်စပါးဖူလုံစေရန်တည်ထားခဲ့သည့် "မင်းသမီးစားကွင်း"ဖြစ်သည်။ ကန်ကြီးသုံးကန်တည်ထားခဲ့ရာ ကန်ကြီးကျိုးပေါက်သွားသဖြင့်"ကံပေါက်" ရွာဟုခေါ်တွင်ကြောင်း သိရသည်၊



ကံပေါက်ရွာရောက်လျှင် ရှေ့ခရီးဆက်၍ စက်ဘီးမစီးနိုင်ဘဲ ကံပေါက်ရွာတွင် စက်ဘီးများအပ်နှံ၍ ခြေလျင်ခရီးစခဲ့ကြပြန်သည်။

ကံပေါက်ရွာလွန်သော်လယ်ကွင်းအနည်းငယ်ကိုသာ ဖြတ်ရ၏။ ချောင်းပေါက်မြောင်းပေါက်များတွေ့ရသည်။ အချို့ချောင်းငယ်မြောင်းငယ်များကိုတုံးတံတားငယ်များကူးပေးထားခဲ့ကြ၏။ ချောင်းပေါက် မြောင်းပေါက်များမှနှုတ်တင်ထားသည့် သဲသောင်များကိုလည်းတွေ့ရသည်။ ယင်းသဲသောင်များပေါ်တွင် ကိုင်းတောကြီးများထူထပ်စွာ ပေါက်ရောက်နေသည်။ ကျယ်ပြန့်သည့်ကိုင်းကွင်းကြီးကိုကျော်ဖြတ်ရ၏။ ဤမြေလွတ် မြေရိုင်းများ ဖော်ထုတ်၍ သီးနှံများ စိုက်ပျိုးနိုင်လျှင် ကောင်းမည်ဟုစိတ်ကူးယဉ်မိသည်။ ကိုင်းကွင်းကိုလွန်သော် တစ်ဖန်လယ်ကွင်းကိုဖြတ်ရပြန်သည်။ နံနက်(၁၁) နာရီခန့်တွင် ရည်မှန်းချက်ထားရာ ဇီးသောင်ရွာသို့ရောက်ရှိကြသည်။ မဲဇာမြစ်တွင်း ရေဆင်း၍ချိုးလိုက်ရာ အမောအပန်းပြေ၍ လန်းဆန်းလာသည်။

ဇီးသောင်အုပ်စုတွင် ဇီးသောင်(အရှေ့)၊ ဇီးသောင်(အနောက်)၊ ပေါက်ပင်ကွေ့(အရှေ့)၊ ပေါက်ပင်ကွေ့(အနောက်)ဟူ၍ ရွာပေါင်း ၄ ရွာရှိသည်။ အိမ်ထောင်စု သုံးရာခန့်ရှိ၏။ အရှေ့အနောက်ရွာများဖြစ်နေကြခြင်းမှာ မဲဇာမြစ်ကမ်း အရှေ့ဘက်နှင့် အနောက်ဘက်ခွဲခြား၍တည်ထားခြင်းကြောင့်ဖြစ်သည်။ တစ်အုပ်စုလုံး တောင်သူလယ်သမားများချည်း ဖြစ်၏။

ဇီးသောင်အုပ်စုတွင် နယ်လှည့်လှုပ်ရှားမှုများ စတင်ကြသည်။ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများဖတ်ရှုစေ၏။ ဓာတ်ပုံပြပွဲတွင် ယနေ့နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများ၊ စိုက်ပျိုးစွမ်းအားပြည့်ထွန်းကား၊ စက်မှုစွမ်းအားခေတ်ကျော်လွှား၊ တည်ဆောက်ပြုပြင်မြန်ပြည်တစ်ခွင်နှင့် နိုင်ငံတော်အကြီးအကဲများ၏ ခရီးစဉ်များပြသထားသည်။ ထို့ပြင် အမျိုးသားများနှင့် အေအိုင်ဒီအက်စ် အန္တရာယ်၊ ကမ်းသီတာ၊ ဈေးထိုးရောစသော

လက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေပေးသည်။ သင့်ဘဝကျန်းမာပြည့်စုံလာစေရန် ရေကောင်းရေသန့် သောက်သုံးပါ။ သင့်ဘဝကျန်းမာပြည့်စုံလာစေရန် ယင်လုံအိမ်သာသုံးပါ။ အမျိုးသားကာကွယ်ဆေးတိုက်နေ့၊ အမျိုးသားအနာကြီးရောဂါကာကွယ်ရေး ပိုစတာများ လူစည်ကားရာနေရာတွင်ကပ်ကြသည်။

ကျေးရွာတိုင်းတွင်တစ်ရွာလျှင် ဗီဒီယိုတစ်ရုံရှိသည်။ ထိုညက ဇီးသောင်ရွာတွင် ပြသသည့်ဇာတ်ကားမှာ "အမေဆိုတာ တစ်ခါကသမီးပါ" ဆိုသည့်ဇာတ်ကားဖြစ်သည်။ လွင်မိုး၊ နန္ဒာလှိုင်၊ မင်းမော်ကွန်းနှင့် အိန္ဒြာကျော်ဇင် တို့ပါဝင်သည်။ ဗီဒီယိုဇာတ်ကားလူကြိုက်များ၍ လူစုပြီးသားဖြစ်နေသည်။ ကျွန်တော်တို့တွင်ပါလာသည့် "မြန်မာပြည် တန်ခိုးကြီးဘုရားများ"၊"ဆွေးနွေးနားထောင် ကျန်းမာအောင်"၊ "ကျန်းမာရေးအတွက် ရည်ညွှန်းချက်"၊ "ပိုလီယို"၊ "ချစ်အဆိပ်" စသည့်ဗီဒီယိုခွေများကို အခမဲ့ပြသပေးသည်။

ကျေးရွာသားများတို့၏ ဆန္ဒသဘောထားများကို သိရှိရန်လည်း လိုအပ်ပေသည်။ ထို့ကြောင့် ကျေးရွာတာဝန်ရှိ လူကြီးများ၊ ရွာမိရွာဖများ၊ ရှေ့မီနောက်မီလူကြီးများနှင့် စကားလက်ဆုံပြောခဲ့ကြသည်။

အဘဦးညိုမောင်မှာ အသက်ခုနစ်ဆယ်ဟုဆိုရသော်လည်း သန်သန်မာမာ ဖျတ်ဖျတ်လတ်လတ် ရှိလှသည်။ မကြာမီကပင် နွားတစ်ရှဉ်းနှင့် လယ်ထဲ မှတက်လာသည်ကိုမြင်လိုက်ရသည်။ မိသားစု၏စီးပွားရေးကို ဦးဆောင်ဦးရွက်ပြုနေဆဲပင်။

"အဘညိုဒီနှစ်စပါးဘယ်လောက်ရပါသလဲ"

"ဒီနှစ်တော့မိုးကောင်းတယ်ဗျို့၊ စပါးတင်းတစ်ထောင်လောက်ရမယ်"

"စပါးအပြင်အခြားသီးနှံများစိုက်ပါသေးသလား"



"ရိုးပြတ်ထဲမှာသီးထပ်သီးညှပ်အဖြစ် မြေပဲနဲ့နေကြာစိုက်ပါတယ်"

"အဘတို့စားသုံးဖို့ဆန်ဆီလဲ မပူရဘူးပေါ့နော်"

"နှစ်စဉ်နိုင်ငံတော်ကိုတာဝန်ကျေစပါး ရောင်းချပေးပါတယ်"။

"အဘ ကျွန်တော်မသိလို့တစ်ခုမေးပါရစေ၊ ကံပေါက်ကဇီးသောင်ကိုလာခဲ့တော့ ကိုင်းတောကြီးဖြတ်ခဲ့ရတယ်။ မြေလွတ်မြေရိုင်းတွေကို ခုတ်ထွင်ရှင်းလင်း မလုပ်ကြဘူးလား"။

"မြေလွတ်မြေရိုင်းတွေမဟုတ်ဘူးဆရာလေးရဲ့ ယခင်ကတော့ဦးပိုင်ရှိပြီးသား လယ်ကွက်တွေပေါ့၊ အဲဒီထဲမှာ ကျွန်တော်စပါးတစ်ထောင်ထွက်လောက် ပျက်သွားသေးတယ်။ ကျွန်တော်လယ်တစ်ကွက်ထဲ ပျိုးတစ်ထောင်ကျတယ်။ မြောက်ပြင်ကွင်းမှာ အကျယ်ဆုံးလယ်ကွက်ကြီးပေါ့"။

"လယ်ကွက်တွေကဘာကြောင့်တောရိုင်းမြေတွေဖြစ်သွားရတာလဲ"။

"ဒီလိုဗျ ယခင်ကနိုင်ငံတော်ပုံပိုးမှုနဲ့ မဲဇာရေကာတာကြီးရှိခဲ့တယ်၊ မဲဇာရွာက ဆင်ဖြူဆိပ်အထိပေါ့ဗျာ၊ မဲဇာမြစ်ရေဟာ မိုးရာသီမှာ မြစ်ရေအတက်ကြမ်းပြီး ရေစီးအလွန်သန်ပါတယ်၊ မဲဇာမြစ်ရေလျှံရင် မြစ်ကမ်းဝဲယာစိုက်ခင်းသီးနှံများ ဆုံးရှုံးမှုနဲ့ရင်ဆိုင်ရပါတယ်။ ဒေသခံများအနေနဲ့ မြစ်ကမ်းဝဲယာရှိ ချောင်းပေါက်မြောင်းပေါက်များကို လုပ်အားဖြင့် နှစ်စဉ်ပိတ်ဆို့ ခဲ့ကြပါတယ်၊ သို့ပေမဲ့နည်းမကျွမ်းကျင်မှု၊ ငွေကြေးမလုံလောက်မှုကြောင့် ရေကာတာများ၊ တာတမံများကျိုးပေါက်ခဲ့ရတယ်"။

"မဲဇာဆင်ဖြူဆိပ် တာတမံတည်ဆောက်ရေးလုပ်ငန်းကို ၁၉၇၈–၇၉ ဘဏ္ဍာရေးနှစ်မှစတင်ပြီး ဆည်မြောင်းဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါတယ်။ ငွေကျပ် ၉၇၃၀၀၀ိ အကုန်အကျခံခဲ့ပါတယ်၊ ဒေသခံများကလဲ လူထုလုပ်အားခ အပြည့်အဝပါဝင်ခဲ့ကြပါတယ်"။

"မဲဇာဆင်ဖြူဆိပ်တာတမံကြောင့် လေသာအုပ်စု၊ ဇီးသောင် အုပ်စု၊ ဆင်ဖြူဆိပ်အုပ်စု၊ ကံပေါက်အုပ်စု၊ ကွင်းကြီးအုပ်စု၊ တည်တောအုပ်စု အောက်ပိုင်းအထိ လယ်မြေဧက သုံးထောင်လောက်အကျိုးဖြစ်ထွန်းခဲ့ပါတယ်"။

"ဒါပြင်မဲဇာကွင်း၊ ဇီးသောင်ကွင်း၊ ပေါက်ပင်ကွေ့ကွင်း၊ ဆင်ဖြူဆိပ်ကွင်းများမှာ မြေရိုင်းဧက တစ်ထောင်ကျော်တစ်ဆက်တစ်စပ်တည်း ဖော်ထုတ်နိုင်ပါတယ်"။

လယ်သမားကြီး ဦးညိုမောင်က အားပါးတရရှင်းပြပါတယ်။

ထို့နောက် ကျေးရွာဥက္ကဋ္ဌကြီးကဆက်လက်၍ ပြောပြသည် ။

"မဲဇာဆင်ဖြူဆိပ်တာရိုး ရွှေညောင်ပင်ပေါက်ကို ကိုယ့်အားကိုယ်ကိုးနဲ့ လုပ်ခဲ့ကြပါတယ်၊ စနစ်တကျမလုပ်နိုင်ခဲ့ဘူး၊ ဆည်မြောင်းဌာနကဦးစီးပြီး လုပ်မယ်ဆိုရင် ကျေးရွာအုပ်စုသားများကလဲ လူအားငွေအား ကူညီပံ့ပိုးကြဖို့ ဆန္ဒရှိကြပါတယ် "။

"မနေ့က ကသာခရိုင်မှာ အစည်းအဝေးတက်ပါတယ်" ။

"အစည်းအဝေးမှာဘာတွေများ အမိန့်ရှိပါသလဲ" ။

"ဆန်စပါးအပြည့်အဝစိုက်ဖို့၊ ဒီနှစ်နွေစပါးကို မိုးစပါးစိုက်ဧက တစ်ဝက်ပြည့်အောင်စိုက်ဖို့၊ တာဝန်ရှိလူကြီးများကိုယ်ကျိုးမရှာကြဖို့၊ စည်းလုံးညီညွတ်ကြဖို့၊ ဆန်စပါးအပြည့်အဝရှိပြီး စည်းလုံးညီညွတ်မှုရှိလျှင် ဘယ်သူကိုမှကြောက်စရာမလိုဘူး၊ ကိုယ့်အားကိုယ်ကိုးရမယ်လို့ မှာကြားပါမယ်"။

ယနေ့အစည်းအဝေးတွင် ကျေးရွာအုပ်စုအေးချမ်းဖြိုးကောင်စီလူကြီးများ၊ ရွာမိရွာဖလယ်သမားကြီးများ၊ ကျေးရွာပြည်ခိုင်ဖြိုးလူငယ်များ တောင်သူလယ်သမားများတက်ရောက်ကြသည်။ ဝိုင်းဝန်းဆွေးနွေးအကြံပေးကြသည်။ ရင်းရင်းနှီးနှီးချစ်ခင်မှုကိုဖြစ်စေ၏။ စကားဝိုင်းကလေး တော်တော်စိုပြည်သည်။



နောက်တစ်နေ့နံနက်စောစောထ၍ ဆောင်းမီးဖိုနံဘေးတွင် ပေါင်းတင်းအဝစားကြပြီး ခရီးဆက်ကြသည်။ ဇီးသောင် (အရှေ့) ရွာမှ ကူးတို့ဖြင့်မဲဇာမြစ်ကိုဖြတ်ကူးကြ၏။ ဇီးသောင်း (အနောက်) ရွာမှ မင်းဝံတောင်ခြေဆီသို့ဦးတည်၍ ခရီးဆက်ကြသည်။ တောတောင်များ ထူထပ်ပိတ်ဆို့နေ၏။ ဆီးနှင်းများတစ်ဖြောက်ဖြောက်ကျနေသည်။ ချောင်းမြောင်းများမှာရေမပြတ်သေး တသွင်သွင်စီးဆင်းနေသည်။ တောကိုဖြတ်၊ တောင်ကိုပတ်၊ ချောင်းမြောင်းများကို ကျော်ဖြတ်၍ တောတောင်အနှံ့ ရှာဖွေကြသည်။ ကျွန်တော်တို့ယခုရောက်နေသည်မှာ မဲဇာမြစ်နှင့် မင်းဝံတောင်အကြား "မဲဇာအပတော" ဖြစ်၏။ ထီးချိုင့်မြို့နယ်ဝန်ထမ်းများ စိုက်ကွင်းအတွက် ဧကနှစ်ရာတစ်ဆက်တစ်စပ်တည်း တောရှင်း ခုတ်ထွင်ပြီး ဖြစ်သည်။ ဆက်လက်ပြီးဝန်ထမ်းစိုက်ကွင်းများ ဖော်ထုတ် နိုင်ရန် မြေလွတ်မြေရိုင်းများ ရှာဖွေနေကြခြင်းပင်ဖြစ်သည်။ ကျွန်တော်တို့ရှေ့မှ ခြောက်ဆယ်ကျော် ခုနှစ်ဆယ်အရွယ်ရှိ ကျေးရွာလူကြီးများမှာ ခရီးကြာလေခြေလှမ်းသွက်လေဖြစ်၏။ ကျွန်တော်တို့အသက်အရွယ် သုံးဆယ်ကျော် လေးဆယ်ကျော်တို့မှာ သူတို့ကိုမှီအောင် မနည်းကြီးကြိုးစားလိုက်နေရသည်။ ကျေးရွာလူကြီးများက မြေယာများကိုရှာဖွေပြသကြသည်။ သည်တောသည်တောင်များကို ကြည့်ရှုရသည်မှာ အားပါးတရရှိလှ၏။ ဤဒေသတွင်လယ်ယာများ၊ ကိုင်းကျွန်းများအပြင် သစ်တောထွက် သယံဇာတများမှာ သုံးစား၍ မကုန်နိုင်အောင်များပြားလှ၏။ ဒေသခံများပိုလျှံသည့်အပြင် အခြားဒေသများမှပင် လာရောက်၍ရင်းနှီးမြှုပ်နှံလုပ်ကိုင်နေသည်ကို တွေ့မြင်ခဲ့ရသည်။ ကျွန်တော်တို့လည်း စိတ်ကူးယဉ်ခဲ့ကြပါသည်။

မဲဇာသစ်တောနှင့်နယ်မြေချင်းဆက်စပ်နေသည့် ဇီးသောင်အုပ်စု ပေါက်ပင်ကွေ့ (အနောက်) ရွာ "ဆုတောင်းပြည့်ကျောက်စေတီဘုရား" သို့ဝင်ဖူးမြော်ခဲ့ကြပါသည်။

(အောင်မြေသာစံ၊ သောင်ယံသဲကပုလဲလိုလိုခင်းသာတယ်ကိုး ၂။ (နေညိုညို) ၂ တိုးရိုစီးပါလို့၊ ခရီးသာသာလမ်းမှာလ၊ ရွှေတဲ့ရွှေမြစ်ညာ) ၂ (ရွှေလက်ကယ်ကိုင်ကာသိတာသောင်ကမ်းခြေ) ၂။ (စိမ်းရွှေကယ်ဖြူပြာ၊ညိုမှောင်ဝါသွေး တိမ်စွယ်ရိပ်ကယ်ကမေး) ၂။ရွှေပြည်တော်မျှော်တိုင်းဝေး ။ (ရွှေသွေးမျက်ခြယ်၊ လေပြည်ယူသိမ်း၊ မြစိမ်းရောင်ညိုညို၊ မှိုင်းမှိုင်း ရေတဲ့ရေကန်သာ) ၂။ (ပဒုံရွှေကြာ၊ အနံ့ဝေဆာ၊ ရဂုံဘွေ့မှာညီးညီးညင်းညင်း) ၂။ (ကြိုင်မွှေးမာလာပန်းရုံကသင်း) ၂။

တစ်ဆင့်တက်သော်၊ တစ်တောင်ကျော်၊ တစ်မော်ရုံလျှိုး၊ တစ်ချိုးကိုး၊ တစ်မိုးသောက်လျှင်၊ တစ်နေဝင်၊ တစ်ခွင်မြိုင်ကြီး၊ ဂနိုင်စီး (တောကြီးငယ်တောင်တကာ၊ သေလာတောင်စောင်း၊ မိတ်အပေါင်းငယ်သာတွေ၊ သပြေပင်နန်း၊ ရေယာဉ်စမ်းငယ်နှင့်၊ စခန်းရောက်အောင်မြေ) ၂။ (အပန်းငယ်ပြေကာဗလာထူလွှန်း၊ သံသာငှက်ကယ်ကညွန်း) ၂။ နှစ်ကိုယ်စံ၊ ဖန်တိုင်းကျွမ်း။ ( အလွမ်းငယ်တွေ၊ ဆော်လေကဖြူး၊ သာပျံ့ပျူး၊ မာလာငုံဖူး၊ ထုံနံ့မြူး၊ သာထူးဆန်း) ၂။ (နန်းရွှေတောင်မြင့်၊ နတ်ကယ်စံရှာ၊ လွမ်းလေအောင်ဆင့်၊ ထပ်ကာကြုံလာ) ၂။ (မလုံလေ ပါပဲတွေ၊ ရွှေရင်အုံချမ်းမြအေး)
(သဖြန်) (မလေးကုန်ချစ်တဲ့မှန်နှစ်ကယ်လေး၊ တောချောင်မှာမောင်အိပ်လို့၊ တောင်ထိပ်မှာကျွေး) ၂ (တောင်တောင်မြင့်ဂန္ဓမာ၊ ကြာတိုင်းမွှေး) ၂ ရေကန်သာကြာတိုင်းအေး၊ (ရွှေပြည်တော်မျှော်တိုင်းဝေး ) ၂။

သက္ကရာဇ် ၁၁၄၃–ခုနှစ်တွင် နန်းတက်တော်မူသော ဘိုးတော်ဘုရား၏ မြောက်ရွှေရေးဆောင်မိဖုရား "သီရိမဟာသုဓမ္မာဒေဝီ" ၏ သားတော်ပုခန်းမင်းသား မင်းမျက်သင့်၍ "မဲဇာသစ်တောသို့ " အပို့ခံရစဉ်က ခမည်းတော်ထံရေးသားဆက်သွင်းခဲ့သည့် "အောင်မြေသာစံ ပတ်ပျိုး"



မှအချို့အပိုဒ်များကို တီးတိုးရေရွတ်မိ၏။ နေပြည်တော်သို့ ပြန်လည်ရောက်ရှိပါရန် ဆုမွန်ကောင်းတောင်းဆို၍ တည်ထားသောစေတီတော်ဖြစ်၍ "ဆုတောင်းပြည့် " စေတီဟု တည်သမုတ်သည်။

ကျွန်တော်တို့သည် ယခုအခါ မဲဇာသစ်တောကြီးအတွင်းသို့ရောက်ရှိနေကြ၏။ မင်းမျက်သင့်၍မဲဇာသစ်တောသို့ အပို့ခံရခြင်းမဟုတ်ပါ၊ ပြည်သူများ အသိပညာဗဟုသုတရရှိပြီး အမှန်တရားပြန့်ပွားရေးအတွက် ပြန်ကြားအသိပေးခြင်း၊ ဗဟုသုတကြွယ်ဝစေရေးအတွက် ပညာပေးခြင်း၊ ကိုယ်စိတ်နှစ်ပါးအပန်းဖြေစေရေးအတွက် ဖျော်ဖြေပေးခြင်းစသည့် လုပ်ငန်းများကိုကျေးရွာများအထိ ရောက်အောင်နယ်လှည့်စာကြည့်တိုက်များ ဖွင့်လှစ်၍ တစ်ရွာဝင်တစ်ရွာထွက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ တာဝန်များကို အားကြိုးမာန်တက် ဆောင်ရွက်နေကြခြင်းသာ ဖြစ်ပါတော့သည်။

# မဲဇာ–ရောဝတီဖြတ်လမ်း

အာရှဘဏ်ချေးငွေဖြင့် စစ်ကိုင်းတိုင်း၊ သစ်ထုတ်ရေးစီမံကိန်းကျွန်းသစ်ထုတ်လုပ်ခြင်းကို ဆောင်ရွက်ခဲ့ရာ ပင်လယ်ဘူးမြို့နယ်တွင် "တကြိုင်းတမော" နှင့် " နန့်တော" ကြိုးဝိုင်းများမှာ အရေးပါသည့် ကြိုးဝိုင်းများဖြစ်သည်။ ထို့ပြင် သစ်ထုတ်လုပ်မှုမြင့်တင်နိုင်ရေးအတွက် အာရှဘဏ်စီမံကိန်းဖြင့် ပင်လယ်ဘူးမြို့နယ်နှင့် ဖောင်းပြင်မြို့နယ် ၃၆ မိုင်ကားလမ်းဖောက်လုပ်ရေးများကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သည်။

အင်းတော်မြို့နယ်နှင့် ထီးချိုင့်မြို့နယ်များမှ ထွက်ရှိသည့်သစ်များကို ရောတီမြစ်ဆိပ်သို့ အရောက်ပို့နိုင်ရန်အတွက် မဲဇာ–ထီးချိုင့်လမ်း သစ်သယ်ယူပို့ဆောင်ရေး စီမံကိန်းကိုစတင်ခဲ့ပါသည်၊ စီမံကိန်း၏ရည်ရွယ်ချက်မှာ –

(က) သစ်သယ်ယူပို့ဆောင်မှုအပါအဝင် သယ်ယူပို့ဆောင်မှု လုပ်ငန်းများဆိုင်ရာ ပံ့ပိုးမှုများ တွင်ကျယ်တိုးတက် ရရှိလာစေရေး၊

(ခ) သစ်သယ်ယူပို့ဆောင်မှု ဖြန့်ဖြူးမှု စွမ်းအားစုများကို ဖြည့်ဆည်းပံ့ပိုးရေးနှင့် သစ်ဖြန့်ဖြူးရေး၌ တွင်ကျယ်စွာ ဖြန့်ဖြူးနိုင်ရေးနှင့် နိုင်ငံ ခြားသို့တင်ပို့ရောင်းချနိုင်ရေး ။

(ဂ) သစ်သယ်ယူပို့ဆောင်မှုကိုင်တွယ်မှုစရိတ်ကျဆင်းရေး။

(ဃ) သစ်သယ်ယူပို့ဆောင်မှု နည်းစနစ်များစမ်းသပ်ရေးတို့ဖြစ်ပါသည်။



သစ်သယ်ယူပို့ဆောင်ရေး စီမံကိန်းအကောင်အထည် ဖော်ရာတွင် ပါဝင်သည့် လုပ်ငန်းဌာနများမှာ–

(က) မြန်မာ့မီးရထား

(ခ) ပြည်တွင်းရေကြောင်းပို့ဆောင်ရေး

(ဂ) ပြည်သူ့ဆောက်လုပ်ရေး

(ဃ) မြန်မာ့သစ်လုပ်ငန်း

အကောင်အထည်ဖော်မည့်ကာလမှာ ဝန်ကြီးအဖွဲ့၏ (၃/ ၁၁၇) ကြိမ်မြောက်အစည်းအဝေးမှ ဆုံးဖြတ်ချက်အရ ဤစီမံကိန်းအား (၁၉–၄–၈၅) နေ့တွင် အတည်ပြုခဲ့ပြီး (၁–၁၀–၈၅) နေ့တွင် စာချုပ်ချုပ်ဆိုခဲ့သည်။ ထောက်ပံ့သည့်အဖွဲ့အစည်းမှာ ကမ္ဘာ့ဘဏ်ဖြစ်သည်။

| | |
|---|---|
| – စတင်အကောင်အထည်ဖော်သည့်နှစ် | ၁၉၈၇/၈၈ |
| – ပြီးစီးရမည့်နှစ် | |
| (က) မူလစီမံကိန်းအရ | ၃၀–၉–၈၉ |
| (ခ) လက်ရှိပြင်ဆင်သတ်မှတ်ချက်အရ | ၃၁–၃–၉၂ |

သစ်သယ်ယူပို့ဆောင်ရေးအတွက် ကမ္ဘာ့ဘဏ်မှချေးငွေ ၂၂.၁၃သန်းနှင့် မြန်မာနိုင်ငံအစိုးရထည့်ဝင်ငွေ ၁၀၅.၉၄ သန်းတို့ဖြစ်ပါသည်။

| | အသုံးပြုအင်အား | ဌာန | အငှား |
|---|---|---|---|
| (က) | လမ်းဖောက်စက် | ၄–စီး | |
| (ခ) | မြေညှိစက် | ၃–စီး | |
| (ဂ) | မြေတင်စက် | ၄–စီး | |
| (ဃ) | ဟီးနိုးတစ်ပါ | ၁–စီး | |
| (င) | လမ်းကြိတ်စက် | ၃–စီး | |
| (စ) | ဟီးနိုးကာရီ | ၂–စီး | |
| (ဆ) | ရေဘောက်ဆာ | ၁–စီး | |

(ဈ) မြေသယ်ယာဉ် ၁၆–စီး

(ည) ကျောက်တိုက်ကား ၁၆–စီး

**လမ်းအခြေအနေ**

(က) လမ်းအရှည် ၂၀မိုင်၂ဖာလုံ

(ခ) လမ်းအကျယ်

| | |
|---|---|
| –မြေလမ်းဘောင်အပေါ် | ၂၄ပေ/ အောက်ခြေနှစ်ပေ |
| ၂လက်မ×၄လက်မခင်းခြင်း | ၁၆–ပေ |
| ကတ္တရာခင်းခြင်း | ၁၄ပေ (လိုအပ်သောနေရာများတွင်၁၆–ပေ |
| လမ်းဧရိယာ | ၁၀၀–ပေ |

**အသုံးပြုပစ္စည်းများ**

| | | | |
|---|---|---|---|
| ၂လက်မ×၄လက်မကျောက် | – | ၁၈၈၃၈ | ကျင်း |
| ၁လက်မ×၂လက်မကျောက် | – | ၅၈၇၈ | ကျင်း |
| ¾လက်မ×⅜လက်မကျောက် | – | ၂၀၉၇ | ကျင်း |
| ကတ္တရာ | – | ၈၈၃ | ကျင်း |

**တံတားအရေအတွက်**

| | | | |
|---|---|---|---|
| သစ်သားတံတား | – | ၂၂ | စင်း |
| သစ်သားကွန်ကရစ်တံတား | – | ၉ | စင်း |
| ရေကျော်တံတား | – | ၁ | စင်း |
| ပြွန်တံတား | – | ၄၃ | စင်း |

**အကျိုးကျေးဇူးများ–**

(က) မဲဇာထီးချိုင့်လမ်း ဖောက်လုပ်ပြီးစီးသွားသောကြောင့် မြန်မာ့သစ်လုပ်ငန်းပိုင် သစ်များအား ထီးချိုင့်သစ်ဆိပ်သို့ သယ်ချနိုင်ပြီး မန်းဖောင်ဖွဲ့ရေးသို့ လွယ်ကူစွာအပ်နှံနိုင်သည်။

(ခ) မြန်မာ့သစ်လုပ်ငန်းမှ အင်အားများကိုလိုအပ်သလိုလွယ်ကူစွာပြောင်းရွှေ့နိုင်ပါသည်။



(ဂ) နယ်မြေလူထုအနေဖြင့် သွားလာရေးလွယ်ကူစွာ ခက်ခဲနေရာမှလွယ်ကူလာခဲ့ပါသည်။

(ဃ) မြို့နယ်အတွင်းလယ်ယာထွက်ကုန် ကိုင်းကျွန်း၊ ဥယျာဉ်ခြံမြေထွက်ပစ္စည်းများ ရေထွက်ကုန်ပစ္စည်းများသယ်ယူရေးလွယ် ကူလာပါသည်။

(င) လမ်းပန်းဆက်သွယ်ရေး ခက်ခဲဝေးလံသော ထီးချိုင့်မြို့နယ် အတွင်းရှိ ကျေးရွာများမှာ အရှိန်အဟုန်ဖြင့် တိုးတက်ဖွံ့ဖြိုးလာပြီး ဖြစ်သည်။

(စ) နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ တာဝန်ကြီး လေးရပ်တွင်ပါဝင်သည့် တာဝန်ကြီးတစ်ရပ်ဖြစ်သော "လမ်းပန်း ဆက်သွယ်မှုလုံခြုံချောမွေ့စေရေး" တာဝန်ကို အကောင်အထည် ဖော်နိုင်ခဲ့ပြီး ဖြစ်ပါသည်။

ထီးချိုင့်မြို့နယ်သည် တောတောင်များ၊ မြစ်ချောင်းများ ဝန်းရံပြီး ခရီးလမ်းပန်းဆက်သွယ်ရေး ခက်ခဲသည့်မြို့နယ် တစ်မြို့ဖြစ်ပါသည်။ ဧရာဝတီရေလမ်းတစ်ခုကိုသာ အားထား၍ သွားလာနေရသည်။ ယခုအခါ မဲဇာထီးချိုင့် ဧရာဝတီဖြတ်လမ်းမှတစ်ဆင့် ပြည်ထောင်စုလမ်းမကြီးအတိုင်း မန္တလေးနှင့် လိုင်းကားပြေးဆွဲလျက်ရှိသည်။ " ဘင်ကားများ " " ရွှေခြသေ့် " "ရွှေထီးမန်း " " အောင်သိဟ " မှန်လုံကားကြီးများ နေ့စဉ်ပြေးဆွဲလျက် ရှိသည်။

ထို့ပြင် ထီးချိုင့်အင်းတော် ကသာ၊ ထီးချိုင့် အင်းတော် ဗန်းမောက်၊ ထီးချိုင့် မဲဇာကားလိုင်းများ နေ့စဉ် ပြေးဆွဲလျက်ရှိသည်။ ပြည်ထောင်စုလမ်းမကြီးအတိုင်း မိုးညှင်း၊ ဟိုပင်၊ မိုးကောင်း၊ မြစ်ကြီးနား၊ ကျောက်စိမ်းတွင်းနယ်မြေများသို့ နေ့ချင်းပေါက် ခရီးရောက်နိုင်သည်။ ထို့ပြင် မန္တလေး– မြစ်ကြီးနား မီးရထားလမ်းသို့လည်း နာရီပိုင်းအတွင်း ရောက်ရှိနိုင်သည်။ မြို့နယ်အတွင်းတွင်ထီးချိုင့်ကွမ်းတုံကားလိုင်း၊ ထီးချိုင့် လေသာ ကားလိုင်းများ နေ့စဉ်ပြေးဆွဲလျက်ရှိရာ မဲဇာ ဧရာဝတီဖြတ်လမ်း၏ ကျေးဇူးကြောင့် ထီးချိုင့်မြို့နယ်သည် လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာကြောင်း တွေ့ရှိရပေသည်။

# နွေကိုအန်တုရ၍

ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ မြို့နယ်ရုံးများသည် နယ်လှည့်လှုပ်ရှားဆောင်ရွက်မှုများကို တစ်ရွာဝင်၊ တစ်ရွာထွက် ဆောင်ရွက်လျက်ရှိပါသည်။ နယ်လှည့်လှုပ်ရှား ဆောင်ရွက်မှုလုပ်ငန်းများတွင် နယ်လှည့်စာကြည့်တိုက်များ ဖွင့်လှစ်ခြင်း၊ နံရံကပ်စာစောင်များ ပြသခြင်း၊ ဓာတ်ပုံပြခန်းများ ပြသခြင်း၊ ဟောပြော ပွဲများ ပြုလုပ်ခြင်းနှင့် ဗီဒီယိုပြသခြင်းများ ပါဝင်ပါသည်။

နယ်လှည့်လှုပ်ရှား ဆောင်ရွက်မှုများကို လစဉ်စီမံချက်ဖြင့် ဆောင်ရွက်ခဲ့ရာ ယခုလတွင် ထီးချိုင့်မြို့နယ်အတွင်း မဲဇာချောင်းကမ်းပေါ်ရှိ ဆင်ဖြူဆိပ်အုပ်စုသို့ သွားရောက်ရန် စီစဉ်ခဲ့ပါသည်။ ယခုကဲ့သို့ ပွင့်လင်းရာသီတွင် မဲဇာချောင်း ဝဲယာရှိ ကျေးရွာများကို ဦးစားပေးရသည်။ မဲဇာ ဝဲယာရွာများသည် ခရီးလမ်းပန်း ဆက်သွယ်ရေး ခက်ခဲသည်။ နွေအခါတွင် ဖုန်ထူပြီး၊ မိုးရွာလျှင် ရွံ့ဗွက်ထူသည်။ ဧရာဝတီနှင့် မဲဇာမြစ်ရေတက်လျှင် ရေတစ်ဝက်၊ ကုန်းတစ်ဝက်နှင့် သွားလာရေး ခက်ခဲသည်။ မဲဇာချောင်း ရေများမှသာ မော်တော်များ၊ ပဲ့ထောင်များနှင့် ခရီးသွားနိုင်သည်။ သို့သော် အတက်ကြမ်းပြီး အစီးသန်လှသည့် မဲဇာရေကြောင့် မြစ်ဝမှ ခရီးတစ်ဝက် မျှသာ သွားလာနိုင်သည်။ ဆောင်းရာသီတွင်လည်း အအေးလွန်ကဲသဖြင့် အနွေးထည်နှင့် ခြုံစောင်များ တနင့်တပိုး သယ်ဆောင်ကြရသည်။ ဤ အခက်အခဲများကြောင့် ယခုကဲ့သို့ အချိန်ရာသီမျိုးတွင်သာ ဤကျေးရွာ များကိုရွေးချယ်ရခြင်းဖြစ်သည်။



နံနက်ခင်းတွင် မြူနှင်းများ ဝေနေသည်။ အအေးဓာတ်ကား ထွေး ပက်နေဆဲ၊ နေပူဒဏ်မထိအောင် အချိန်စော၍ ခရီးထွက်ရသည်။ စာအုပ်ထုပ်များကျောပိုးကာ ဧရာဝတီကို ကျောခိုင်း၍ အနောက်ဘက် တည့်တည့် မင်းဝံတောင်ဆီသို့ ဦးတည်၍ ခရီးဆက်နေကြသည်။ ပတ်ဝန်း ကျင်အားလုံး ခြောက်သွေ့နေ၏။ မင်းဝံတောင်တန်းကြီးပင် စောစောစီးစီး အရွက်များကြွေနေပြီ။ အစိမ်းရောင်မှ အနီရောင်သို့ ပြောင်းနေ၏။ မင်း ဝံတောင်ခြေတွင် မဲဇာစီးဆင်းနေသည်။

ဧရာဝတီနှင့် မဲဇာမြစ်အကြား အင်း အိုင် ချောင်း မြောင်းများကို ဖြတ်သန်းရသည်။ ကြမ်းတပ်ကြီးအင်း၊ ဆောက်တောအင်း၊ ကျောရိုးအင်း၊ ပက္ကားအင်း၊ ချောင်းကမ်းအင်း စသည်များ ယခုနှစ်မိုးခေါင်ပြီး ပူပြင်းသည့် ရာသီဥတုဒဏ်ကြောင့် ရေခန်းစပြုနေပြီ။

နံနက်ခင်းသည်ပင် ပူအိုက်လာ၏။ ချွေးသီးချွေးပေါက်များ ကျလာ သည်၊ အတန်ကြာခရီး ဆက်မိလျှင် ပူးပြင်းခြောက်သွေ့သော ကန္တာရမှ စိမ်းစိုအေးမြသော အိုအေစစ်အတွင်းသို့ ရုတ်တရက် ရောက်ရှိသွားသည် ဟု ထင်ရ၏။

မျက်စိတစ်ဆုံး နွေစပါးများ စိုက်ပျိုးထားခြင်းပင်၊ အင်း အိုင် ချောင်း မြောင်းများမှ လက်ကျန်ရေကို ခွဲဝေမျှတ သောက်သုံးကြ၏။ ရေမလုံ လောက်သည့် နေရာများတွင် မြေအောက်မှ ရေများကို ငါးပေါက်တွင်း၊ လေးပေါက်တွင်း၊ တစ်ပေါက်တွင်းတူး၍ ရေစုပ်စက်များဖြင့် စုပ်တင်နေ ကြ ၏။ လယ်ကန်သင်းများတွင် ရေစုပ်စက်သံများ ဆူညံနေသည်။ ပိုက်လုံးကြီး များ အပြည့် ရေထွက်နေ၏။ လယ်သမားကြီးများ ကိုယ့်အားကိုယ် ကိုးလျက် ပူပြင်းခြောက်သွေ့သော နေကို အံတုနေကြခြင်းပင် ဖြစ်သည်။ ရေသွင်း ပြီး နွေစပါးခင်းများကို ဓာတ်မြေဩဇာများ ကြဲပက်နေသည်ကို လည်း မြင်တွေ့ခဲ့ရ၏။ စပါးခင်းကြီးများမှာ စိမ်းညို့နေသည်။ စပါးခင်းကို

ဖြတ်သန်း၍ တိုက်ခတ်လာသည့် လေနုအေးကြောင့် အမောအပန်းပြေစေပါသည်။ စိမ်းစိုနေသည့် နွေစပါးခင်းများကို ဝင်းဝါနေသည့် နေကြောင့်စိုက်ခင်းများနှင့် အနားသတ်ထား၏။ နေကြာခင်းကြီးများမှာ မျက်စိတဆုံး၊ နေကြာပန်းများမှာ နေရောင်အောက်တွင် ပနာရလှသည်။ ယခု ရာသီတွင် သီးကြမ်းစိုက်ခင်းများဖြစ်သော စားတော်ပဲ၊ မြေထောက်ပဲ၊ ပုဂံပဲ၊ ပဲပုပ်၊ နံ့နံ့၊ ဆီစားမုန်ညင်း၊ နှမ်းပန်း စသည်များ ရိတ်သိမ်းနေကြပြီ ။

ယခုကျွန်တော်တို့ဖြတ်သန်းနေကြသည့်ကွင်းပြင်ကြီးကို "ရိုက်ကွ င်း" ဟုဒေသသားများက ခေါ်ဝေါ်ကြ၏။ အရှေ့ဘက်တွင် ဧရာဝတီနှင့် အနောက်ဘက်တွင် မဲဇာချောင်းတို့နှင့် အနားသတ်ထားသည်။ ဧရာဝတီနှင့် မဲဇာမြစ်ရေများ လွှမ်းမိုးမှုကြောင့် မြေဩဇာအလွန်ထက်သန်သည်။ ယခင်အခါများက ကျိုးပင်၊ တဇင်းပင် စသည့်ရေညှိပေါက်ရောက်သော အပင်များ၊ ယင်းကိုင်းတောကြီးများ ကြီးစိုးနေသည်။ လူသားတို့၏ စွမ်းပကားဖြင့် စိုက်ပျိုးမြေများဖြစ်ထွန်းလာသည်။ စပါးအပြင်သီးထပ် အဖြစ် ဆောင်းမြေပဲနှင့် နေကြာများ စိုက်ပျိုးထားကြ၏။ မဲဇာချောင်းဘေးတွင် နေကြာတင်းတစ်ထောင်ကျော် ထွက်ရှိသော တောင်သူလယ်သမားကြီးများ ရှိနေကြပြီး သီးနှံဈေးကလည်းကောင်း၏။ တောင်သူလယ်သမားကြီးများ မြို့သို့တက်၍ တိုက်ဆောက်ကားစီးနေကြပြီ။ အလုပ်လုပ်သူများ အလုပ်လုပ်သလောက် အကျိုးခံစားနေကြရသည်ကို မြင်တွေ့ခဲ့ရ၏။

လမ်းတစ်လျှောက်တွင် နိုင်ငံတော်သို့ စပါးရောင်းချရန် စပါးအဝယ်ဒိုင်သို့ဦးတည်နေသော နွားလှည်း၊ ကျွဲလှည်း အချို့ကိုတွေ့ရ၏။ လယ်သမားအတော်များများ ထွန်စက်နောက်တွဲယာဉ်များ၊ မော်တော်ကားများ၊ ထော်လာဂျီများဖြင့် စပါးဒိုင်သို့တင်ပို့ရောင်းချ နေကြပြီ။ ထွန်စက် ကြီးများ၊ လက်တွန်းထွန်စက်များ၊ သီးနှံခြွေစက်များ၊ ရေစုပ်စက်များ တွေ့ခဲ့ရ၏။



လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနေသည့် သဘောပင် ဖြစ်သည်။

နေမွန်းတည့်ချိန်ရောက်မှ မဲဇာမြစ်ကမ်းတွင် တည်ထားသော ဆင်ဖြူဆိပ်ရွာကြီးသို့ ရောက်၏။ မဲဇာမြစ်ရေသောက်ချိုးလိုက်ရသဖြင့် ပင်ပန်းသမျှ၊ နွမ်းနွယ်ခဲ့သမျှ ရှင်လန်းအားတက်ရသည်။ ဆင်ဖြူဆိပ် အုပ်စုတွင် ဆင်ဖြူဆိပ်အရှေ့၊ ဆင်ဖြူဆိပ်အနောက်၊ လင်းပိုင်တင်၊ ရေပေါက်ကြီး၊ ကျွန်းပင်သာရွာများ ပါဝင်သည်။ မဲဇာမြစ်ဝဲယာတွင် တည်ထားကြပြီး အိမ်ထောင်စု ငါးရာခန့်ရှိသည်။ လယ်ယာမြေစိုက်ပျိုးရေး အခြေခံ ကျေးရွာများဖြစ်၏။ သစ်၊ ဝါး၊ သက်ကယ် စသောသစ်တော ထွက်ပစ္စည်းများပူးတွဲလုပ်ဆောင်ကြသဖြင့် တောင်သူလယ်သမားများ ဝင်ငွေကောင်း ကြသည်။

စာရေးသူသည် လွန်ခဲ့သည့်အနှစ်သုံးဆယ်နီးပါးက ထိုရွာများသို့ ရောက်ခဲ့ဖူးပါ၏။ မဲဇာဝဲယာတွင် တဲအိမ်ငယ်ကလေးများသာတွေ့ရသည်။ ရွာလမ်းများတွင် ရွှံ့ဗွက်ထူလှ၏။ ခြင်ကိုက်ဖြုတ်ကိုက်လှသဖြင့် လက်နှစ်ဖက် အနားမနေရ။ ပြင်းထန်သည့်ငှက်ဖျားဒဏ်ကလည်း သေရွာသို့ ပို့ဆောင် ပေးနေသည်။ ပတ်ဝန်းကျင်တစ်ခုလုံး တောတောင်များက လွှမ်းမိုးနေ၏။ ပြည်တွင်း သောင်းကျန်းသူများ ကြီးစိုးရာဒေသ ဖြစ်ခဲ့သည်။ နီးရာဓားကို ကြောက်ရ၏။ တောင်သူလယ်သမားများ ခေါင်းပြားအောင် မအိပ်ရ။ ကျိုးလန့်စာစား နေကြရသည်။ ပြည်တွင်းသောင်းကျန်းမှုကြောင့် မိမိရပ်၊ မိမိလယ်ယာ၊ ကျွဲနွား ဆွေမျိုးသားချင်းများကို စွန့်ခွာ၍ လုံခြုံမှုရှိရာသို့ တိမ်းရှောင် နေကြရ၏။

စနစ်ဟောင်း ခေတ်ဟောင်းမှ အဖြစ်မျိုးစုံသည် ခေတ်ကုန်သွားပြီ ဖြစ်သည်။ ဗုဒ္ဓဘာသာထွန်းကားရာ ဒေသဖြစ်သဖြင့် ရွာတိုင်းတွင်

ဘုန်းတော်ကြီးကျောင်းများ ရှိသည်။ ကျောင်းဝန်းကြီးများမှာ ကျယ်ဝန်းလှပြီး အဆောက်အအုံများကလည်း ခန့်ထည်လှသည်။ တစ်ရွာတစ်ကျောင်း စာသင်ကျောင်းများ ရှိနေသည်။ နိုင်ငံတော်မှ ဖွံ့ဖြိုးရေးပြုပြင်ထိန်းသိမ်းစရိတ်များ ရရှိကြ၏။ ထိုကျောင်းများတွင် ဒေသခံဘွဲ့ရဆရာများ ကိုယ်တိုင်သင်ကြား နေကြသည်။ မိဘအိမ်တွင်ဆန်မပူရ၊ ဆီမပူရ၊ ကျောင်းအားချိန်တွင် မိဘလုပ်ငန်းကူညီနိုင်သေးသည်။ သူတို့ဘဝအားကျဖို့ပင် ကောင်းတော့သည်။

သစ်ဝါးများပေါများရာဒေသဖြစ်သဖြင့် ပျဉ်ထောင်၊ ပျဉ်ခင်းအိမ်ကြီးအိမ်ကောင်းများပေါလှသည်။ အချို့အိမ်များကို သွပ်မိုးအဖွေးသားမြင်ရ၏။ အိမ်ခေါင်မိုးတွင် တီဗီအင်တာနာတိုင်များ တွေ့ရသည်။ဗီဒီယိုရုံရှာတိုင်းတွေ့ရသည်။ ခွေးနှင့်နန္ဒလိုင်တို့ကြော်ငြာထားသည်ကို တွေ့ရ၏။ နိုင်ငံခြားကားများနှင့် ပူးတွဲပြသည်။ ရွာထဲတွင် စပါးကြိတ်ခွဲရန် ငါးပုံခွဲစက်များ၊ ဟာလာစက်များ တွေ့ရ၏။

မဲဇာဝဲယာကျေးရွာများတွင် တူညီသည့်အချက်များ ရှိနေသည်။ သောင်းကျန်းသူများ လုံးဝချုပ်ငြိမ်းပြီဖြစ်သည်။ နယ်မြေအေးချမ်းသာယာ၏။ တောင်သူလယ်သမားများ ခေါင်းပြားအောင် အိပ်နိုင်ကြပြီ။ ကျွဲခိုးနွားခိုးမရှိ၊ လယ်ယာမြေကို အေးချမ်းစွာ လုပ်ကိုင်နိုင်ကြသည်။ သီးထပ်သီးညှပ်များ စိုက်ပျိုးကြသည်။ နွေစပါးများ ရေတင်စိုက်ပျိုးနေကြသည်။ မဲဇာချောင်းနှင့် မင်းဝံတောင်အကြား မဲဇာအပတောများတွင် မြေလွတ်မြေလပ်မြေရိုင်းများ ခုတ်ထွင်၍ လယ်ယာမြေများ တိုးချဲ့စိုက်ပျိုးနေကြသည်။ ခြုံ၍ဆိုရသော် မဲဇာဝဲယာ ကျေးရွာများသည်နယ်မြေအေးချမ်းသာယာနေပြီဖြစ်သဖြင့် တောင်သူလယ်သမားကြီးများ အပိုအလုပ်များကိုစိတ်မဝင်စား၊ ဒေသဖွံ့ဖြိုးရေးနှင့် စိုက်ပျိုးရေးဘက်သို့ သာဦးတည်နေကြကြောင်း မြင်တွေ့ခဲ့ရသည်။

## မန္တလေး– ကသာ– ဗန်းမော်ဧရာဝတီအရှေ့ခြမ်းလမ်းမကြီး သပိတ်ကျင်း– တကောင်း– ကသာလမ်းပိုင်း

ဧရာဝတီမြစ်အနောက်ဘက်ကမ်းတွင် မန္တလေး– ရွှေဘို– မြစ်ကြီးနား မဟာဗျူဟာလမ်းမကြီးနှင့် အရှေ့ဘက်ကမ်းတွင် မန္တလေး– သပိတ်ကျင်း– မိုးကုတ်– မိုးမိတ်– မဘိမ်း– ဗန်းမော်– မြစ်ကြီးနား ပြည်ထောင်စုလမ်းများရှိပြီး ဖြစ်ပါသည်။ ၎င်းလမ်းများနည်းတူ ဧရာဝတီအရှေ့ဘက်ကမ်းတစ်လျှောက်မြို့/ ရွာကြီးများအတွက် အနီးကပ်ဆက်သွယ်ပေးနိုင်သည့် မော်တော်ကားလမ်း ထပ်မံဖောက်လုပ်ပေးခြင်းအားဖြင့် အဆိုပါဒေသများ၏ လူမှုရေး၊ စီးပွားရေး အခြေအနေများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သကဲ့သို့ သစ်တော၊ သတ္တုစသည့် သဘာဝသယံဇာတပစ္စည်းများ ထွက်ရှိရာဒေသများသို့ အလွယ်တကူဆက်သွယ်သွားလာနိုင်မည်ဖြစ်၍ သယံဇာတပစ္စည်းများ ထုတ်ယူထိန်းသိမ်းစောင့်ရှောက်မှုများကိုလည်း ထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

မန္တလေးနှင့်ကသာမြို့အတွင်း ဧရာဝတီမြစ်တစ်လျှောက်ရှိမြို့/ ရွာများမှ ပြည်သူများသည် ဧရာဝတီမြစ်ကြောင်းတစ်လျှောက် သွားလာနေသောသင်္ဘော၊ စက်လှေများကို အဓိကထား၍ ကုန်ကူးသန်းရောင်းဝယ်သွားလာလျှက်ရှိပါသည်။ ထိုသို့သွားလာရာတွင် မန္တလေးမှကသာသို့ ပုံမှန်အားဖြင့် တစ်ညအိပ်နှစ်ရက်ခရီးသွားရသော်လည်း နွေရာသီ

ဧရာဝတီမြစ်အတွင်း သဲသောင်ထွန်းချိန်တွင် ရေယာဉ်များ သောင်တင်၍ ရက်သတ္တတစ်ပတ်ခန့် ခရီးကြန့်ကြာတတ်သည်။

သပိတ်ကျင်းမြို့နယ် တကောင်းရွာကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) (၂၇- ၇- ၉၇) ရက်နေ့ ခရီးစဉ်တွင် တကောင်းရွာအား "တကောင်းမြို့" အဖြစ်သတ်မှတ်ပြောင်းလဲအတည်ပြုခဲ့ပြီး၊ တကောင်းဒေသ၏ စီးပွားရေး၊ လူမှုရေး၊ ကုန်စည်ကူးသန်းရောင်းဝယ်ရေး၊ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ သပိတ်ကျင်း-မိုးကုတ်လမ်းပေါ်ရှိ (၇) မိုင်ခွဲမှ တကောင်းထိ လမ်းအူကြောင်းရှာဖွေဖောက်ရန် လမ်းညွှန်မှာကြားခဲ့သည်။

အတွင်းရေးမှူး(၁) ၏ လမ်းညွှန်ချက်နှင့် အညီဆောင်ရွက်ရန် မန္တလေးတိုင်း အင်ဂျင်နီယာမှူးကြီး အစီအစဉ်ဖြင့် မန္တလေးတိုင်း ဆောက်လုပ်ရေး စီမံကိန်းလုပ်ငန်း အထူးအဖွဲ့(၁၄)၊ ဒု- အင်ဂျင်နီယာမှူးကြီးခေါင်းဆောင်သော အင်ဂျင်နီယာအဖွဲ့သည် "သပိတ်ကျင်းတကောင်းအပိုင်း" ပဏာမ ကွင်းဆင်းလေ့လာခြင်း လုပ်ငန်းကို (၅- ၈- ၉၇) နေ့တကောင်းသို့ ပဏာမလေ့လာရေးခရီးစဉ်ကို စတင်ခဲ့ပြီး "သပိတ်ကျင်းတကောင်းပိုင်း" လုပ်ငန်းကို (၂၇- ၃- ၉၈) နေ့တွင် လုပ်ငန်းစတင်ခဲ့သည်။

တစ်ဖန်နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေမှ ဧရာဝတီအရှေ့ခြမ်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် "တကောင်းမှကသာ" ထိလမ်းသစ် ဆက်လက်ဖောက်လုပ်ရန် လမ်းညွှန်ချက်အရ (၂၅- ၂- ၉၉) ရက်နေ့မှ (၂၈- ၂- ၉၉) နေ့အတွင်း ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ အင်ဂျင်နီယာချုပ် (လမ်း) အထက်မြန်မာပြည်တို့ ဦးဆောင်ပြီး တာဝန်ရှိ အင်ဂျင်နီယာများနှင့်အတူ လမ်းအူကြောင်းကိုကွင်းဆင်းလေ့လာခဲ့ကြသည်။ "တကောင်းကသာ" လမ်းအပိုင်းလုပ်ငန်းကို (၁၇- ၃- ၉၉)နေ့တွင်လုပ်ငန်းစတင်ခဲ့ပါသည်။



လမ်းအူကြောင်းကွင်းဆင်းလေ့လာရေးအဖွဲ့သည် ဧရာဝတီမြစ်ရိုးတစ်လျှောက်ရှိမြို့/ ရွာကြီးများ၏ လူမှုရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ၎င်းတို့နှင့် အနီးကပ်ဆက်သွယ်ဖောက်လုပ်နိုင်မည့် လမ်းအူကြောင်းကို ဦးစားပေးလေ့လာခဲ့ပါသည်။

လေ့လာတွေ့ရှိချက်အရ လမ်းအူကြောင်းဖြတ်သန်းရာမြေပြင်အနေအထားကို သုံးပိုင်းခွဲ၍ဖော်ပြနိုင်ပါသည်။ ၎င်းတို့မှာဧရာဝတီမြစ်ရိုးတစ်လျှောက်နှင့်ရွှေလီမြစ်ရိုးတစ်လျှောက် ယှဉ်လျှက်မိုးတွင်းကာလသုံးလခန့် ရေတက်တတ်သောရေလွှမ်းမိုးရာဒေသ၊ ရေလွတ်သည့်ကုန်းမြေပြန့်ဒေသနှင့်တောင်ခြေကုန်းကျောဒေသတို့ဖြစ်ပါသည်။ ယခုလျာထားချက် လမ်းအူကြောင်းမှာ ရေလွတ်သည့်ကုန်းမြေပြန့်ဒေသ (၄၀) မိုင်ခန့်နှင့် တောင်ခြေကုန်းကျောဒေသ (၂၉) မိုင်ခန့်တို့တစ်လျှောက်တွင်ဖောက်လုပ်ရန်ဖြစ်ပါသည်။

တကောင်းမြို့သည် ပင်လယ်ရေပြင်အထက် (၃၁၀) ပေခန့်ရှိတောင်ကုန်းပေါ်တွင်တည်ရှိ၍ မိုးရာသီရေကြီးလျှင် မြို့ကုန်းပေါ်သို့ တက်ရောက်ခြင်းမရှိကြောင်း စုံစမ်းသိရှိရသဖြင့် လျာထားလမ်းအူကြောင်းကိုရေလွတ်ရာ (၃၀၀) ကွန်တိုမျဉ်းကြောင်းအပေါ်ပိုင်းမှ ရွေးချယ်စီစဉ်ဆောင်ရွက်ခဲ့ပါသည်။

တကောင်းမြို့မှ အင်းနက်သို့လမ်းကြောင်းမှာ ဧရာဝတီမြစ်ရေဝင်သည့်ကျွန်းဒေသဖြစ်နေသဖြင့် တကောင်းမှအရှေ့ဘက်သို့ပတ်ပြီး၊ တကောင်းတောင်ခြေမှ ဖောက်လုပ်ရန်ရွေးချယ်ခဲ့ပါသည်။ အင်းနက်မှ ချိတ်သင်ရွာအထိ လမ်းအူကြောင်းမှာ ကျေးရွာများအရှေ့ဘက် မြေမြင့်ပိုင်း မှဖြတ်သန်းပြီး ချိတ်သင်ရွာမှ ရွှေလီမြစ်ထိလမ်းကြောင်းမှာ

အင်ဒေါင်း သစ်တောကြိုးဝိုင်းအတွင်း မြေမြင့်ပိုင်းမှဖြတ်သန်းသွားရန် ရွေးချယ်ခဲ့ပါသည်။ ရွှေလီမြစ်ကမ်း ငအိုးရွာမှအင်းဒရန်းရွာအထိ လမ်းကြောင်းမှာ ယင်းခဲသစ်တောကြိုးဝိုင်းအတွင်းမှ ဖြတ်သန်းပြီး မြေမြင့် မြေပြန့်ဒေသ ဖြစ်ပါသည်။ အင်းဒရန်းနှင့် ပလွေလျှိုရွာမှာ ဧရာဝတီ မြစ်ကမ်းနားအထိ ဧရာဝတီမြစ်ရေဝပ်ဒေသ (၁) မိုင်ခန့်ပါဝင်ပြီး ရေနက် (၁၀) ပေခန့်ရှိသဖြင့် တာပေါင် (၁၅) ပေခန့်အမြင့်မြေဖို့ရန် လိုအပ် မည်ဖြစ်ပါသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးဗိုလ်ချုပ်စောထွန်း၊ ဒုတိယ ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် တာဝန်ရှိအင်ဂျင်နီယာများလိုက်ပါပြီး သပိတ်ကျင်း- တကောင်း- ကသာလမ်းအပိုင်း ရွေးချယ်ထားသော လမ်းအူကြောင်းကို (၂-၄-၉၉ မှ ၄-၄-၉၉) နေ့အထိ အသေးစိတ် လေ့လာကြည့်ရှုစစ်ဆေးပြီး လမ်းအူကြောင်းနောက်ဆုံးရွေးချယ်အတည် ပြုခဲ့သည်။

ရွေးချယ်အတည်ပြုချက်အရ မန္တလေး- သပိတ်ကျင်း- တကောင်း- ကသာလမ်းအရှည်မှာ -

| | | |
|---|---|---|
| မန္တလေးမှ သပိတ်ကျင်း (၇) မိုင်စခန်းထိ | = | ၇၉ မိုင် |
| (၇) မိုင်မှ တကောင်းထိ | = | ၄၈ မိုင် ၄ ဖာလုံ |
| တကောင်းမှရွှေလီမြစ်ကူးနေရာ (ငအိုရွာ) ထိ | = | ၅၉ မိုင် ၆ ဖာလုံ |
| ငအိုရွာမှ ကသာမြို့အရှေ့ဘက်ကမ်းအထိ | = | ၁၀ မိုင် |
| | | ၁၉၇ မိုင် ၂ ဖာလုံ |

သပိတ်ကျင်း (၇)မိုင်မှတကောင်းမြို့အထိ (၄၈) မိုင်(၄) ဖာလုံ အတွင်းတည်ဆောက်ရမည့် တံတားများမှာ ပေ (၃၀၀)တံတား ၁ စင်း၊ ပေ (၁၂၀) တံတား ၁ စင်း၊ ပေ (၁၀၀) တံတား ၃ စင်း၊ ပေ(၉၀) တံတား ၁ စင်း၊ ပေ (၈၀) တံတား ၃ စင်း၊ ပေ (၆၀) တံတား ၄ စင်း၊ ပေ (၄၀)



တံတား ၂၀ စင်း တို့ပါဝင်ပါသည်။ ထို့ပြင် ပြွန်တံတားငယ် (၁၆၇) လုံး ခန့် ထည့်သွင်းတည်ဆောက်ပေးရန် လိုအပ်ပါသည်။

တကောင်းမြို့မှကသာမြို့တစ်ဘက်ကမ်းရှိ အင်ဒရန့်ရွာအထိ (၉၆) မိုင် (၆) ဖာလုံအတွင်းပေ (၂၀၀၀) ခန့် အကျယ်တည်ဆောက်ရမည့် ရွှေလီမြစ်ကူးတံတားကြီးမှလွဲ၍ အခြားတံတားများမှာ ပေ (၁၀၀) နှင့် ၎င်းအောက်တံတားများသာဖြစ်ပါသည်။ ပေ (၁၀၀) တံတား ၁- စင်း၊ ပေ (၇၀) တံတား ၁- စင်း၊ ပေ (၅၀) တံတား ၁- စင်းနှင့် ပေ (၄၀) တံတား ၁၃-စင်းတို့ပါဝင်ပါသည်။ ထို့အပြင် ပြွန်တံတားငယ် (၄၅၀) လုံး ခန့်ထည့်သွင်းတည်ဆောက်ပေးရန်လိုအပ်ပါမည်။

ဖြတ်သန်းဆောက်လုပ်ရမည့်ချောင်းများနှင့် ခန့်မှန်းတံတားအရှည် မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ချောင်းအမည် | ခန့်မှန်းတံတားအရှည် (ပေ) |
|---|---|---|
| ၁။ | ကျွန်းချောင်း | ၄၀ |
| ၂။ | ကျောက်အိုးချောင်း | ၁၀၀ |
| ၃။ | ကိုးပင်ချောင်း | ၄၀ |
| ၄။ | ရေရှင်ချောင်း | ၄၀ |
| ၅။ | ကမ်းနီချောင်း | ၄၀ |
| ၆။ | နဂါးတောင်ချောင်း | ၄၀ |
| ၇။ | ကြည်ချောင်း | ၄၀ |
| ၈။ | နန်းဘုံချောင်း | ၄၀ |
| ၉။ | မကျည်းရှိချောင်း | ၄၀ |
| ၁၀။ | ဝါးဘိုးချောင်း | ၄၀ |
| ၁၁။ | စစ်သည်ချောင်း | ၄၀ |

| | | |
|---|---|---|
| ၁၂။ | သရက် | ၄၀ |
| ၁၃။ | ငရန်း | ၄၀ |
| ၁၄။ | နလို | ၇၀ |
| ၁၅။ | သဲဖြူ | ၅၀ |
| ၁၆။ | နွယ်ချို | ၄၀ |
| ၁၇။ | ရွှေလီ | ၂၀၀၀ |

သပိတ်ကျင်း- တကောင်း -ကသာလမ်းအား အောက်ပါအတိုင်း (၂) ပိုင်း ခွဲ၍ ဖောက်လုပ်ရန် စီစဉ်ထားပါသည်။

(က) သပိတ်ကျင်း-တကောင်းအပိုင်း (၄၈ မိုင် ၄ ဖာလုံ) ကို မန္တလေး မြို့ရိုလမ်းအထူးအဖွဲ့ (၁၄) မှ ဒုအင်ဂျင်နီယာမှူးကြီး ဦးသော်က ဦးစီးသည့် အင်ဂျင်နီယာအဖွဲ့မှ ဆောင်ရွက်ပါသည်။

(ခ)တကောင်း- ကသာအပိုင်း (၆၉ မိုင် ၆ ဖာလုံ) ကို သီးသန့် ထပ်မံဖွဲ့စည်းခဲ့သည့် အင်ဂျင်နီယာမှူး ဦးအေးနိုင်ထွန်း ဦးစီးသည့် တကောင်း- ကသာလမ်း ဖောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့မှ ဆောင်ရွက်ပါသည်။

ယခုအခါသပိတ်ကျင်း- တကောင်း- ကသာလမ်းမကြီးမှာ မြေသားလမ်းဖောက်လုပ်ပြီးစီးသည့်အခြေအနေရှိနေပါသည်။ မန္တလေးမှတကောင်းသို့ ရွှေခြသေ့၊ ဖွဲ၊ အောင်လံတော် မှန်လုံကားကြီးများ ပြေးဆွဲလျက်ရှိရာ နံနက် (၁၀း ၃၀) နာရီတွင် တကောင်းသို့ရောက်သည်။ မန္တလေးနှင့်တကောင်းနေ့ချင်းပြန်ပြေးဆွဲရန် စီစဉ်နေကြ၏။ မန္တလေးမှ မြတောင်သို့ ရွှေခြသေ့၊ အောင်လံတော်မှန်လုံကားကြီးများ ပြေးဆွဲလျက်ရှိရာ မြတောင်သို့ (၁၁း ၃၀) နာရီရောက်၏။ မြတောင်တွင် နံနက်စာစားနိုင်သည်။ တကောင်းနှင့်မြတောင်အတွင်း တောင်သူကြီးများ



နံနက်ချင်းပြန် ကြံခင်းထဲသွားနေကြသည်ကို တွေ့ရ၏။ မြတောင်မှ တကောင်းသို့ နံနက်ချင်းပြန်ကုန်စိမ်းများ၊ သားငါးများဝယ်ပြန်သည်ကို တွေ့ရသည်။ မြတောင်မှဧရာဝတီမြစ်ကို ဖြတ်၍ ကူးတို့ဖြင့်ကူးရသည်။ ပင်ပန်းခဲ့သမျှ ဧရာဝတီကိုဖြတ်၍ တိုက်ခတ်လာသည့် လေနုအေးကြောင့် အမောအပန်းပြေစေသည်။ မှော်ထဲသို့သွားကြမည့်ကားတန်းကြီးများ မြတောင်မှထီးချိုင့်သို့ ဇက်ဖြင့်ကူးဖြတ်နေကြ၏။ ဧရာဝတီမြစ်ကူး တံတားသာ တည်ဆောက်ခဲ့လျှင် ဧရာဝတီမြစ်အရှေ့ဘက်နှင့် အနောက်ဘက် ပေါင်းကူးတံတားသဖွယ်ဖြစ်၏။ ထီးချိုင့်မြို့မှမန္တလေး- ရွှေဘို- မြစ်ကြီးနားဗျူဟာလမ်းမကြီး၊ မန္တလေး- မြစ်ကြီးနားရထားလမ်းသို့ဆက်သွယ်ပြီးသားဖြစ်၏။

မန္တလေး- သပိတ်ကျင်း- တကောင်း- ကသာလမ်းသည် ကြံနှင့် ပဲမျိုးစုံစသည့်လယ်ယာထွက် သီးနှံများဖြစ်ထွန်းရာ ဒေသတစ်လျှောက် ဖောက်လုပ်ထားသည့် လမ်းမကြီးဖြစ်သဖြင့် ဧရာဝတီမြစ် အရှေ့ဘက်ကမ်းတစ်လျှောက်ရှိမြို့/ရွာ များ၏လူမှုရေး၊ စီးပွားရေးအခြေအနေမှာ တစ်ဟုန်ထိုးတိုးတက်လာသည်။ ယခင်က ရေလမ်းတစ်ခုတည်းကိုသာ အားထားနေရသည့် ဒေသဖြစ်သဖြင့် မန္တလေးသို့သင်္ဘောဖြင့် နှစ်ရက်သုံးရက်ကြာမှရောက်ရှိရာ ယခုအခါ ကားလမ်းဖြင့် ခရီးသွားရာ ငါးနာရီမျှသာကြာတော့သည်။ ကူးသန်းသွားလာရေးလွယ်ကူလာသဖြင့် ဒေသခံ ပြည်သူလူထုကြီးမှာ အထူးဝမ်းမြောက်ကျေးဇူးတင်လျက်ရှိကြသည်။

ဤလမ်းမကြီးဝဲယာတွင် စိုက်ပျိုးသီးနှံများအပြင် မြေလွတ်မြေရိုင်းများကလည်း ကျန်ရှိနေသေးသည်။ မကြာမီကာလအတွင်း လယ်ယာရွှေမြေများ ဖြစ်ထွန်းပေတော့မည်။ ထို့ပြင်ကသာသစ်တောကြိုးဝိုင်း ၊ ရွှေလီသစ်ထုတ်ရေး ဒေသအတွင်းရှိကျွန်း၊ သစ်မာနှင့် အခြားအဖိုးတန်သစ်ဝါးများကိုလည်းစနစ်တကျထိန်းသိမ်းစောင့်ရှောက် ထုတ်လုပ်နိုင်သည်။

ဤလမ်းမကြီးပေါ်တွင် သတ္တုများ ထုတ်လုပ်လျက်ရှိ၏။ တစ်ပိုင်တစ်နိုင်ရွှေကျင်လုပ်ငန်းများရှိသကဲ့သို့ ဖက်စပ်ထုတ်လုပ်နေသည့် ခရိုမိုက်သတ္တုထုတ်လုပ်ရေး လုပ်ငန်းများလည်း တကောင်းတောင်တွင်တွေ့ရှိရ၏။ ထို့ပြင်တကောင်းတောင်မှ နီကယ်သတ္တုတန်သန်း (၄၀) ခန့်လည်း ဖြစ်ထွန်းလျက်ရှိပြီး ထုတ်ယူရရှိနိုင်ကြောင်း လေ့လာတွေ့ရှိရသည်။

ထို့အပြင် နိုင်ငံတော်အကြီးအကဲများ၏ အမြော်အမြင်ကြီးမားစွာဖြင့် လမ်းညွှန်ဖော်ထုတ်ခဲ့သည့် လမ်းကြီးသည်မြန်မာနိုင်ငံရှိပြည်ထောင်စုလမ်းမကြီး (၈) စင်းတွင် နောက်ထပ်(၁) စင်းတိုး၍မန္တလေး– ကသာ–ဗန်းမော် (ရောအရှေ့ခြမ်း) မဟာဗျူဟာ လမ်းမကြီးပေါ်ထွန်းလာပြီဖြစ်ကြောင်း တင်ပြရပေသည်။

## လွမ်းလို့ကျန်

ဒီအချိန်ဒီရာသီရောက်ရင် ကျွန်တော့်စိတ်တွေ ဖောက်ပြန်လာတယ် "ပွတ်ရည်" ရာသီချိန်ပေါ့ဗျာ၊ ပွတ်ရည်လို့တောင်မခေါ်ချင်ပါဘူး၊ "သကာရည်" လို့သာခေါ်သင့်ပါတယ်။ အမှန်ကတော့ ပွတ်ရည်ပါ၊ ကြံပင်တွေကိုအရည်ရအောင် စက်နဲ့ကြိတ်၊ ကြံရည်တွေကို ဒယ်အိုးကြီးထဲမှာထည့်၊ ထင်းတွေလောင်စာတွေနဲ့ကျို၊ များမကြာမီကြံရည်တွေဟာ ဒယ်အိုးထဲမှာ ပွက်ပွက်ဆူနေတော့တာပါဘဲ၊ ကြံရည်တွေပွက်ပွက်ဆူနေသလို ကျွန်တော်ရင်တွင်းမှာ ပွက်ပွက်ဆူနေပါတယ်။ ပတ်ဝန်းကျင်မှာလည်း ပွက်လောရိုက်နေတာပါပဲ၊ ပညတ်သွားရာခေါ်သက်ပါဆိုသလိုများဖြစ်နေသလား၊ ဒါကြောင့် ပွက်ရည်လို့မခေါ်ဘဲ သကာရည်လို့ခေါ်ရင်တောင်ကောင်းမလားလို့ အကြံပြုတင်ပြတာပါ။

"သကာရည် ထားပါတော့ဗျာ၊ သကာရည်ဖြစ်တဲ့အထိ အဆင့်ဆင့်ဆောင်ရွက်ရပုံပြောပါဦး"

"အရင်းစစ်တော့ အမြစ်မြေက" ဆိုသလိုပါပဲဗျာ၊ ပထမဦးဆုံးစိုက်ပျိုးမြေအမျိုးအစားရွေးချယ်ရပါတယ်။

"ကြံပင်တွေဟာဘယ်လိုမြေအမျိုးအစားပိုကြိုက်ပါသလဲ"

"ကျွန်တော်တို့တောင်သူအခေါ် ပြောရရင်တော့ "ကျွန်းပင်" ပေါက်တဲ့မြေ၊ "ဝါးပင်ပေါက်တဲ့မြေ" ၊ "တောင့်ကပ်ပျော့ပေါက်တဲ့မြေ" တွေကိုအဓိကထားပြီးရွေးချယ်ရပါတယ်။"

"ဘယ်လိုမြေမျိုးတွေရှောင်သင့်သလဲ။"

"အင်တိုင်းဆန်တဲ့မြေ၊ သဲဆန်တဲ့မြေ၊ ရွှံ့စေးဆန်တဲ့မြေတွေကို ရှောင်သင့်ပါတယ်။"

"ဘာကြောင့်မြေအမျိုးအစားရွေးရတာလဲ။"

ကြံပင်တွေဟာ မြေအမျိုးအစားကြိုက်နှစ်သက်လျှင်၊ တစ်ကြိမ်စိုက်ထားလျှင်ငါးနှစ်ခြောက်နှစ်ထိစားရပါတယ်၊ မြေမကောင်းရင်တော့ နှစ်နှစ်သုံးနှစ်ဟာအရေးကုန်ပါပဲ။

"ကြံပင်စိုက်ဖို့စတင်ဆောင်ရွက်ရပုံပြောပါဦး"။

တောရိုင်းမြေတွေကိုခုတ်ထွင်ရပါတယ်။ အချို့တောရိုင်းတွေဟာ သစ်ပင်ကြီးတွေအာခမ္မပါပဲ၊ သစ်ကြီးဝါးကြီးပေါက်မှလဲ မြေကောင်းတာကိုး၊ အဲဒီသစ်ပင်ကြီးတွေကို ခုတ်ထွင်ပြီး ဖြတ်တောက်ရပါတယ်။ အဲဒီသစ်တုံးတွေကိုဆင်နဲ့ ကျွဲနဲ့ နွားနဲ့စုပုံရပါတယ်၊ ဒါကိုဒေသအခေါ်အဝေါ်နဲ့ပြောရရင် "တုံးထုတ်"တယ်လို့ခေါ်ပါတယ်။ ပြောတော့တာလွယ်တာပါဗျာ၊ တကယ်လုပ်ကြည့်တော့ အသက်နဲ့ရင်းရပါတယ်၊ ကျွန်တော်အခင်းနားခြင်းတောရိုင်းခုတ်ထွင်ရင်း သစ်ပင်ဖိမိလို့ ပွဲချင်းပြီး သေပါရောလား၊ ကိုယ့်အပေါ် အမှုမပတ်အောင် မနည်းကြီးရှောင်ရတယ်။

"ကျွဲ နွားကတော့ဟုတ်ပါပြီ၊ ဆင်တွေကဘယ်ကရသလဲ"

ပုဂ္ဂလိကဆင်တွေ၊ သစ်ထုတ်ရေးဆင်တွေပေါ့ဗျာ၊ သစ်ထုတ်ရေးဆင်တွေဆင်ကျောင်းထွက်တဲ့အခါ "နားလည်မှုနဲ့" ခေါ်ရတာပေါ့၊ ကံကြီးလို့ပေါ့ဗျာ ဆင်လိုက်လို့ပြေးလိုက်ရတာ၊ ဆင်ဦးစီးနဲ့တွေ့လို့ အသက်ဘေးချမ်းသာရတယ်။

"ခင်ဗျားတို့အလုပ်က သက်စွန့်ဆံဖျားပါလား။"

ဆင်တွေ ကျွဲတွေနဲ့စုပုံထားတဲ့သစ်တုံးတွေကို မီးရှို့ရပါတယ်၊ ဒါကို



"ကျွန်းခွေ" တယ်လို့ခေါ်ပါတယ်။ ကျွန်တော်ခြေတွေလက်တွေကြည့်ပါဦးဗျာ၊ ကျွန်တော်လက်မှာ သစ်ပင်တွေခုတ်ရလွန်းလို့ "အသားမာ" တက်ပြီး "ကျွဲပခုံး" ထနေပြီ၊ ကျွန်တော်ခြေထောက်တွေမှာလည်း "ခတ်ချို" နဲ့"သမန်းရှ" ထားတာမြင်မကောင်းပါဘဲ။

"တောရိုင်းတွေခုတ်ထွင်ရတယ်ဆိုတော့ လွတ်လွတ်ကင်းကင်းများ ရှိပါသလား။"

"ဘယ်ကလာလွတ်ကင်းရမှာလဲဗျာ၊ ကြိုးဝိုင်းတွေရော အပတောတွေရောဝင်ပြီး ခုတ်ကြတော့တာပဲ။"

"သက်ဆိုင်ရာကတားဆီးရင်နားလည်မှုနဲ့ကြည့်ပြီး လုပ်ရတာပေါ့ဗျာ၊ ခုတ်ထွင်ရှင်းလင်းပြီးတော့ "ဦးပိုင်" ဖောက်ရတယ်။"

"တရားဝင်သလား"

နားလည်မှုပါပဲဆရာရယ်။

"အင်း..... ခင်ဗျားတို့အလုပ်က နားလည်မှုတွေများလွန်းလှချည်လား၊ ထားပါတော့ဗျာ မြေခုတ်ထွင်ပြီး ဘာဆက်လုပ်ကြသလဲ။"

မြေရိုင်းခုတ်ထွင်ပြီးထွန်ယက်စိုက်ပျိုးဖို့ ကျွဲ နွားထွန်ထယ် ကိရိယာတန်ဆာပလာလိုတယ်ပေါ့ဗျာ၊ ထွန်ထယ်ဆိုတာကတော့ ကျွန်တော်တို့က မိရိုးဖလာတောင်သူတွေမို့ ကိုယ်တိုင်လုပ်ပါတယ်၊ ကျွဲ နွားကတော့ဝယ်ယူရတယ်။

"နွားတစ်ရှဉ်းပေါက်ဈေး ဘယ်လောက်ရှိသလဲ။"

အနည်းဆုံးငါးသောင်း တစ်သိန်းလောက်ပေးမှ လုပ်ငန်းခွင်မှာ ဝင်နိုင်ပါတယ်။

"စိုက်ပျိုးဖို့ကြံမျိုးတွေ ဘယ်ကရသလဲ။"

ကြံမျိုးတွေကိုဝယ်ယူရပါတယ်၊ ကြံမျိုးတစ်ဧကရှစ်သောင်း

တစ်သိန်းလောက်ရှိပါတယ်။ ကြွပင်မျိုးတစ်ကေဝယ်ရင် ခြောက်ကေ၊ ခုနစ်ကေလောက်စိုက်နိုင်ပါတယ်။

"ငွေအရင်းအနှီးကမနည်းပါလား။"

အသက်နဲ့လဲပြီး ငွေနဲ့ရင်းရတဲ့ အလုပ်ဆိုပါတော့ဗျာ၊ အခုမှအစရှိပါသေးတယ်။

"ဒီငွေတွေဘယ်ကရသလဲ။"

မန္တလေးသကာရည်ပွဲစားတွေထံမှာ ငွေကြိုတင်ယူရပါတယ်။

"ကြွပင်စိုက်ပျိုးပြီး အချိန်ဘယ်လောက်ကြာမှ ငွေပေါ်သလဲ။"

ငွေပေါ်ဖို့မမေးပါနဲ့ဦးဗျာ၊ အကြမ်းဖျင်းအားဖြင့်တော့ ကြွပင်တစ်နှစ်သားလောက်ရမှ ကြွကြိတ်ဖို့စီစဉ်ရတယ်။

"ကြွကြိတ်ဖို့ဘာတွေများလိုအပ်ပါသလဲ။"

အများကြီးလိုတာပေါ့ဗျာ၊ကြွကြိတ်တုံး၊ တရုတ်ဂျင်မာတစ်ဆယ်၊ ဆယ့်နှစ်လုံး၊ ကြွချက်တဲ့ဒယ်အိုးကြီးခြောက်လုံး၊ ဒီဇယ်ဆီပုံး၊ ဓါတုဗေဒ ဆေးဝါးနဲ့ အခြားလိုအပ်တဲ့ပစ္စည်းတွေ။

"ကာလတန်ဖိုး။"

ဘယ်နည်းမလဲ၊ ကြိတ်တုံးကနှစ်သိန်းခန့်၊ ဂျင်မာကတစ်သိန်းခန့်ရှိနေပြီ။

ဒါကအစပျိုးရုံရှိပါသေးတယ်၊ ကြွပင်တွေကိုခုတ်ရပါတယ်၊ ကြွခုတ်ခနေ့စားလဲရှိပါတယ်၊ ကေပြတ်လဲရှိပါတယ်၊ ကေပြတ်က တစ်ကေနှစ်ထောင့်ငါးရာခန့်ပေးရပါတယ်။

"နေ့စားခ"

ကျွန်တော်တို့ဒေသမှာ ဓါးမတစ်ချောင်းနိုင်တဲ့ ကလေးတစ်ယောက်ဆိုရင်နေ့စားခ တစ်ရာတစ်ရာ့ငါးဆယ်ပေးရတယ်၊ မူလတန်းကျောင်းသားအရွယ်ကလေးတွေပေါ့ ယောကျာ်းလေး၊ မိန်းကလေး၊ တချို့လဲကျောင်း



နားချိန်ပေါ့၊ တချို့လဲကျောင်းမတက်နိုင်ရှာကြတော့ပါဘူး။ မိသားစုလိုက်ကြွခုတ်ထွက်ကြရတယ်။

"ခုတ်ပြီးကြွတွေဘာလုပ်ရသလဲ"

ခုတ်ပြီးကြွတွေကို လှည်းပေါ်တင်ရတယ်၊ ကြွတင်၊ ကြွတိုက်ခတို့ပိုလာပြန်တာပေါ့၊ ကြွပင်တွေကို နွားလှည်းပေါ်တင်ပြီးကြွစက်ရှိရာပို့ရတယ်။

"ကိုယ်ပိုင်ကြွကြိတ်စက်မရှိရင်"

အငှားကြွကြိတ်စက်နဲ့ကြိတ်ရပါတယ်။

"ငှားရမ်းခဘယ်လိုပေးရပါသလဲ"

"ရှေ့ခြောက်၊ နောက်လေးတဲ့"

သကာရည်ပိုင်းဆယ်ပိုင်းထွက်ရင်၊ ကြွခင်းရှင်ကခြောက်ပိုင်း၊ ကြွကြိတ်စက်ပိုင်ရှင်ကိုလေးပိုင်းပေးရပါတယ်၊ သို့ပေမယ့် မိမိရဲ့ကြွခင်းက အခြေအနေမကောင်းဘူးဆိုရင် "ဖက်စား" ပေးရပါတယ်၊ ထက်ဝက်စားပေါ့။

"ကြွပင်တွေကြွကြိတ်စက်ထဲရောက်လာတော့"

ကြွကြိတ်စက်ထဲ ထည့်ပြီး ကြိတ်ရပါတယ်။ ကြွကြိတ်ရာမှာ အဓိကတော့ "ဖိုဆရာ" ပေါ့၊ သူ့ရဲ့ကျွမ်းကျင်မှုမှာမူတည်ပြီး ဖိုဆရာတစ်ယောက်တစ်လငါးထောင်ကတစ်သောင်းအထိပေးရပါတယ်၊ ဖိုဆရာလခက မနည်းပါလား။

ဒါအကင်းရှိပါသေးတယ်။ ထမင်းလဲကျွေးရပါတယ်၊ ဆေးလိပ်အရက်ကြိုက်တတ်ရင် အရက်တိုက်ရသေးတယ်၊ အင်း- အလကားသောက်ရတော့ကြိုက်တဲ့လူကများပါတယ်၊ အဝတ်လျှော်ဆပ်ပြာကစပြီး ဝယ်ပေးရပါတယ်။ ဖိုဆရာကအရေးကြီးတယ်မဟုတ်လား၊ ဖိုဆရာသဝဲ်ရင်ကြွခင်းရှင်သေတော့တာပဲ၊ သကာရည် "မထိုင်ဘဲ" နဲ့

အရည်ကြည်တွေများရင်တော့ ကြံခင်းရှင်သေဖို့သာပြင်၊ အဲဒီတော့ ဖိုဆရာစိတ်ကြိုက် အလိုလိုက်နေတယ်ပေါ့ဗျာ ။

"ကြံကြိတ်စက်နဲ့ကြံချက်ဖိုမှာ ဘယ်နှစ်ယောက်ငှားရသလဲ။"

ဖိုမှာက ဖိုဆရာရယ်၊ လက်ထောက်ရယ်၊ ကြိတ်တုံးမှာက စက်မောင်းတဲ့လူရယ်၊ ကြံပင်ထည့်တဲ့လူ လေးငါးယောက်လုပ်ရပါတယ်။

"သူတို့ရဲ့လုပ်ခ"

တစ်လသုံးထောင်လောက် ပေးရပါတယ်၊ ထမင်းကျွေးရတယ်၊ ဆေးလိပ်၊ ကွမ်းယာ၊ ဆပ်ပြာချောင်း၊ ခေါင်းလိမ်းဆီ ၊ ကြိုက်တတ်ရင် အရက်လဲ စီစဉ်ပေးရပါတယ်။

ကြံကြိတ်ချိန်မှာ မမျှော်လင့်ဘဲ ဖြစ်လာတဲ့ပြဿနာတွေက ရှိသေးတယ်၊ ကြံစက်ထဲလက်ပါသွားလို့ လက်ဖြတ်သူလဲ မနည်းဘူး၊ အချို့မိန်းကလေးတွေ စက်ပတ်ကြိုးထဲ ဆံပင်ပါသွားလို့ ဦးခေါင်းခွံကွာသွား၊ အချို့ပွက်ရည်ဒယ်အိုးထဲကျလို့ အပူလောင်ပြီးသေတယ်။ ဒီအခါမှာ ပြဿနာတွေရှင်းရတာမနည်းတော့ဘူး၊ သောင်းချီ သိန်းချီကုန်ပါတယ်၊ ကြံကြိတ်ချိန်မှာ ရင်တမမနေရတယ်။

"ကြံချက်ရာသီမှာ လုပ်သားအင်အားတွေအများကြီးပါလား။"

မြင်တဲ့အတိုင်းပါဘဲဗျား၊ ထမင်းအိုး ဟင်းအိုးကြီးတွေလေ၊ အလှူကြီးပေးနေသလားထင်ရတယ်။ နေ့မီး၊ ညမီးတွေနဲ့လေ၊ အလှူအစ်မကတော့ မီးဖိုချောင်ထဲကမထွက်ရတော့ဘူး၊ လူရုပ်တောင်ကောင်းကောင်းမပေါ်ချင်ဘူး။

"သကာရည်ထည့်တဲ့ပိုင်းတွေ ဘယ်ကယူသလဲ။"

မန္တလေးပွဲရုံက သကာရည်ပိုင်းတွေယူပြီးထည့်ရတယ်၊ တစ်ပိုင်းကို အချိန်ရှစ်ဆယ်က တစ်ရာအထိရှိပါတယ်။ ဖိုဆရာရဲ့ကျွမ်းကျင်မှုပေါ်မှာ မူတည်ပါတယ်။



"တစ်ကေဘယ်နှစ်ပိုင်းထွက်လဲ။"

မြေကောင်းရင် ပိုင်းသုံးဆယ်ကျော်လောက်ထွက်ပါတယ်၊ မြေညံ့ရင်တော့တစ်ဆယ့်နှစ်ဆယ်ပါတယ်။

"မြေပေါ်မှာမူတည်တာပေါ့"

ဒါကြောင့် ကြံခင်းစတည်ကတည်းက မြေကောင်း၊ မြေညံ့ရွေးရတာပေါ့ဗျာ၊ "တစ်တီတူး" ကုန်းမှာလုပ်မိရင်တော့ ဘဝပျက်ပြီပေါ့၊ ကြံစိုက်လို့ကြီးပွားတဲ့လူရှိသလို ဘဝပျက်သွားတဲ့လူတွေလဲအများကြီးပါ။

"ကြံကြိတ်တဲ့ကုန်ကျစရိတ်တွေ ဘယ်ကရသလဲ။"

သကာရည်ပွဲရုံကထပ်ပြီး ကြံကြိတ်စရိတ်ထပ်တောင်းရပါတယ်၊ သကာရည်ပိုင်းကိုလဲ လိုသလောက်တောင်းရပါတယ်။ ကြံကြိတ်စရိတ် လုံလုံလောက်လောက်ရတဲ့အခါလဲရှိတယ်၊ မရတဲ့အခါလဲရှိတယ်၊ ကြံကြိတ်စရိတ်မလုံလောက်ရင်တော့ လုပ်ငန်းခါးပြတ်မခံနိုင်တာနဲ့ မှတ်ရည်ပိုင်းတွေကို အပြင်ထုတ်ရောင်းရတယ်။ အမှန်ပြောရရင်တော့ ပွဲစားမသိအောင် ရောင်းရတာပေါ့ဗျာ၊ ကြံကြိတ်ချိန်ဆိုရင်တော့ သကာရည်ပွဲစားနဲ့ ကျွန်တော်တို့ကြံတောင်သူတွေဟာ ထုတ်ဆီးတိုးသလိုပါပဲ။

"သကာရည်ပိုင်းတွေ ဘယ်ကိုပို့သလဲ"

နီးစပ်ရာသဘော်ဆိပ်၊ မော်တော်ဆိပ်ကိုပို့ပါတယ်။

"သဘော်ဆိပ်ရောက်ရင်တော့ စိတ်ချရပြီပေါ့"

အဲဒီကျမှဘဝစတော့တာပဲ။

ဆိပ်ကမ်းမှာ သကာရည်ပိုင်းတွေ စုပုံထားတုန်းမိုးရွာလိုက်ရင်တော့ ဘဝပျက်ပြီ၊ သကာရည်တွေက မိုးနဲ့မတည့်ဘူး၊ မိုးနဲ့ထိလိုက်ရင် အရည်ပျော်ကုန်တယ်၊ သကာရည်ပိုင်းတွေဆိပ်ကမ်းရောက်တယ်ဆိုရင်ဘဲ "ကျေးဇူးရှင်" တွေပေါ်လာခဲ့ပြီ။

"ကျေးဇူးရှင်တွေ။"

ဟုတ်တယ်၊ ပေါများလိုက်တဲ့ကျေးဇူးရှင်တွေ၊ အဖွဲ့အစည်းတွေ၊ သင်္ကာရည်တစ်ပိုင်းတစ်ရာပေးရမယ်တဲ့၊ တစ်ဖွဲ့ကငါးဆယ်ပေးရမယ်တဲ့၊ တစ်ဖွဲ့ကနှစ်ဆယ်ပေးရမယ်တဲ့။

"ဘာအတွက်ကောက်ခံသလဲ။"

အထွေထွေရန်ပုံငွေတဲ့၊ ကျောင်းဆောက်ဖို့တဲ့၊ ကျွန်တော်တို့ ကျောင်းသားကတည်းက ဆောက်နေတဲ့ကျောင်း၊ ကျွန်တော်သားသမီးတွေ ကျောင်းသားဖြစ်နေပြီ၊ ကျောင်းကမပြီးသေးဘူးတဲ့ဗျာ၊ ကျွန်တော်တို့နယ်ကကောက်ခံရရှိတဲ့ ငွေနဲ့ကျောင်းဆောက်မယ်ဆိုရင် "ရွှေကျောင်း" ကြီးတောင်ဆောက်နိုင်ပါတယ်။

"နိုင်ငံတော်ကကင်းလွတ်ခွင့်ပေးထားတာပဲ။"

နိုင်ငံတော်က ကင်းလွတ်ခွင့်ပေးထားပေမယ် သူတို့ကမကင်းလွတ်နိုင်ဘူးတဲ့၊ ရန်ပုံငွေမပေးရင် မတင်ရဘူးလို့ ပြောတယ် သင်္ကာရည်ပိုင်းတွေကို သိမ်းဆည်းတယ်။

"သူတို့ရန်ပုံငွေပေးပြီးရင် တာဝန်ယူသလား။"

ငွေယူတာကလွဲလို့ ဘာမှတာဝန်မယူဘူး၊ ဒီဆိပ်ကမ်းက ရန်ပုံငွေကောက်ပြီးနောက်ဆိပ်ကမ်းအတွက်တာဝန်မယူဘူး၊ သင်္ဘောကုန်တင်ဖို့လဲတာဝန်မယူဘူး၊ သင်္ဘောသင်္ကာရည်ပိုင်း တင်ရတာလဲ လေလံဆွဲရသလိုပါပဲဗျာ။

"ဘယ်လိုဗျ"

သင်္ကာရည်တစ်ပိုင်း ပုံမှန်တန်ဆာခတော့နှစ်ဆယ်အစိတ်၊ သို့ပေမဲ့ တစ်ရာကျပ်ပေးမှမန္တလေးကိုတင်မယ်၊ နောက်ထပ်ဆိပ်ကမ်းကတစ်ရာ့ငါးဆယ် ပေးတယ်ဆိုပြီး ဈေးတက်လာပြန်၊ ဈေးပြိုင်စနစ်ပေါ့ဗျာ။

"သင်္ကာရည်ပိုင်းတွေ မတင်တော့ဘူးလား။"



အင်း ..... တောင်းတဲ့အတိုင်းမပေးတဲ့ဆိပ်ကမ်းကတော့ ခွဲတမ်းအတိုင်းအစိတ်သုံးဆယ်တာဝန်ကျတင်သွားတယ်၊ သင်္ကာရည်ပိုင်းတွေက ဆိပ်ကမ်းမှာထပ်ရောက်၊ တောင်ပုံရာပုံဒီအပတ်ဈေးညှိလို့မရ၊ ဒီတစ်ခါဒို့အလှည့်ရောက်တော့မှာပဲဆိုပြီး အားခဲထားပေမယ့် အစုန်သင်္ဘောက ကုန်တင်မသွားတော့ သင်္ကာရည်ပိုင်းတွေဆိပ်ကမ်းမှာ "လွှမ်းလို့ကျန်" ရစ်ခဲ့ရတယ်၊ ဆိပ်ကမ်းစောင့်ခပိုတက်ရပြန်တယ်၊ မိုးလေဝသအခြေအနေမကောင်း၊ မန္တလေးပွဲစားကလဲမျှော်ရှာရောမယ်၊ ကြံစိုက်စရိတ်ကြိတ်စရိတ်တွေအများကြီးယူထားတာကိုး။

"တောင်းတဲ့အတိုင်းပေးရင်"

အဲဒီဆိပ်ကမ်းမျိုးမှာ သင်္ကာရည်ပိုင်း လေးငါးရာတစ်ပါတည်းတင်သွားတော့တာပါပဲ၊ ညဥ့်အိပ်ညဥ့်နေပြီးစောင့်တင်ပေးတယ်။

ဦးသာဝ (ရ–ယ–က ဥက္ကဋ္ဌ)

ခက်တယ်ဗျာ ဒီနှစ်မှာမိုးလေဝသကလည်းမမှန်၊ တောင်သူတွေကလည်း မဖြစ်ထွန်း၊ ကောက်လိုက်ရတဲ့ကြေးတွေကလည်း စုံလို့၊ အခုလဲလာနေပြီ ဥက္ကဋ္ဌတစ်ယောက်ဖြတ်ပိုင်းငါးဆယ်တဲ့၊ သင်္ကာရည်တစ်ပိုင်းကျပ်တစ်ရာ ကောက်ပေးရမတဲ့၊ တောင်သူအချင်းချင်းဆိုတော့ မျက်နှာပူလှပြီ၊ ကျွန်တော်ကနယ်စပ်ဥက္ကဋ္ဌ ဆိုတော့ ပိုဆိုးတာပေါ့ ကျွန်တော်တို့နဲ့ နယ်မြေဆက်စပ်နေတဲ့ နယ်မှာ သင်္ကာရည်တစ်ပိုင်း ကျပ်ငါးဆယ် ကောက်သတဲ့၊ တောင်သူတွေကကျွန်တော်တို့ နယ်မြေဆိပ်ကမ်းမှာ သင်္ကာရည်ပိုင်း မတင်ဘဲတခြားနယ်မြေဆိပ်ကမ်းမှာ တင်နေကြပြီ၊ ဟောဒီမှာ ဖြတ်ပိုင်းတွေ၊ ခက်ပါတယ်ဗျာ၊ အခြေခံအဖွဲ့အစည်းဆိုတော့ ခိုင်းတဲ့အတိုင်း လုပ်ရမှာပါပဲ၊ သင်္ကာရည်ပိုင်းတွေသူတို့ကိုယ်တိုင်လာစစ်နိုင်တာမှမဟုတ်တာ၊ အချို့နားလည်မှုပေါ့၊ အထက်တစ်ဝက်၊ အောက်တစ်ဝက်ပေါ့။

ဆရာကြီးမောင်စိုး (အငြိမ်းစား စစ်မှုထမ်း)

တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်း ဖြစ်နေကြပြီ၊ သူတို့လုပ်ထုံးကြောင့် ကုန်စည်စီးဆင်းမှုမှန်ကန်ရေး၊ ကုန်ဈေးနှုန်း ကျဆင်းရေးဆိုတဲ့ နိုင်ငံတော်ရဲ့ ရည်ရွယ်ချက်ကို အဟန့်အတားဖြစ်နေပြီ၊ ယခင်နှစ်ကလဲ ဘယ်စက်ရုံကဝယ်၊ ဘယ်သမဝါယမဝယ်တယ်နဲ့ "ဂိတ်" တွေချပြီးစစ်ဆေးသိမ်းယူ၊ သူတို့ကိုယ်တိုင်ပုဂ္ဂလိကပွဲရုံတွေရောင်းစား နောက်ဆုံးတော့ တာဝန်ရှိသူတွေ၊ ဂိတ်တွေ "ပွ"ကြတာပါပဲ။ အငြိမ်းစားယူပြီး ကျုပ်ကိုယ်တိုင်ကြံတောင်သူလုပ်နေတာဗျ၊ တာဝန် ရှိတဲ့လူကြီးတွေ သိအောင်တင်ပြမှုဖြစ်မယ် ။

ဦးမောင်ကြီး (အငြိမ်းစား)

အစိုးရအလုပ်ကအနားယူပြီး ကြံတောင်သူလုပ်မိပါတယ်၊ တစ်သက်လုံး "ဆရာ" အခေါ်ခံခဲ့ရတာ အခုတော့ တစ်နှစ်ထဲ ကျေပါပြီဗျာ၊ ဝန်ထမ်းဘဝက သူတစ်ပါးအပေါ် မညှာမတာပြုမူ ဆောက်ရွက်မိခဲ့လို့ ဝဋ်လည်တာများလားလို့ ထင်မိပါတယ်။ ဝဋ်ရှိရင်ကျေပါစေတော့ ဘယ်သူ ကိုပြောရမှန်းလည်းမသိ၊ ကြံဆိုတာအစဉ်မချိုဘူးဗျို့၊ ကုန်အထွက်ကလည်းညံ့ ဈေးကလည်းကျ၊ အကောက်အစားကလည်းများ၊ ဒီနှစ် ကြံသကာရည်ခါးနေပြီ ။

ကိုမောင်မောင်ဦး (ဘီအက်စ်စီ ဂုဏ်ထူးတန်း)

မိဘမျိုးရိုးကတောင်သူပါဗျာ၊ တောင်သူလုပ်စားရတာ ကျော့ပူပေမယ့် ဝမ်းအေးတယ်လို့ကြားဖူးတယ်၊ အင်း... အခုတော့ကြံတောင်သူ ဘဝထဲမှာ ပူလောင်နေတယ်ဗျာ၊ ခေတ်ပညာတတ်အောင်သင်ပြီး တောင်သူလယ်သမား ဘဝမြှင့်တင်မယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ လခစား မလုပ်ဘဲကြံတောင်သူဝင်လုပ်ခဲ့ မိတာ၊ အခုတော့ ကိုယ်တိုင်"ခံ" နေရပြီ ဗျာကြည့်ပါဦး၊ နံနက်



လေးနာရီထ၊ အညာဆောင်းရဲ့ ဆီးနှင်းတွေထဲမှာ ချမ်းချမ်းအေးအေးနဲ့ ဒုက္ခခံ ကျွဲနွားနဲ့ တုဖက်ပြီးရုန်း၊ သကာရည်ဖြစ်လာအောင် လူအား ငွေအား စိုက်ထုတ်၊ အခုတော့ တောင်းသမျှပေး၊ ကြံကြိတ်စက်နဲ့ ဆိပ်ကမ်း ပြေးရတာခြေပြတ်တော့မယ်။ သကာရည်တစ်ပိုင်း ငါးရာကျော် တစ်ထောင်လောက်ကုန်မှ မန္တလေးပွဲရုံရောက်တော့တယ်၊ ပွဲရုံရောက်တော့ ဘယ်ဈေးနဲ့ဖြတ်မလဲ မသိသေးဘူး၊ ဒီနှစ်ပွဲရုံကြွေး ကျေနိုင်ပါ့မလား၊ မနှစ်ကကြွေးကျန်သေးတယ်။

သဇ္ဈေသဏ္ဍာ ၊ ကမ္ဘာသကာ

## သွေးချင်းတို့၏ အောင်ချမ်းသာ

ကွမ်းဘောင်ရွာသည် ရှေးအခါကမြို့ဖြစ်ပြီး၊ မန်လည် ၅– မြို့တွင် ပါဝင်သော မြို့တစ်မြို့ဖြစ်သည်။ မန်လည်ငါးရပ်၏ သမိုင်းအကျဉ်းကား ပါဠိလိပုတ်ပြည် ဓမ္မာသာရမင်း လက်ထက်နရဒေဝအမတ်ကစတင်၍ မန်လည်ငါးမြို့ကို တည်ထောင်သည်။ နရဒေဝအမတ်မှ သုံးဆက်မြောက် နရသိခ်အမတ်လက်ထက်တွင် အိန္ဒိယပြည်၌ သီရိဓမ္မာသောကမင်းကြီး လက်ထက်စေတီပေါင်းရှစ်သောင်းလေးထောင်တည်ထားရာ၊ ဓာတ်တော်နှစ်ဆူဝေစုရသဖြင့် မန်လည်ငါးရပ်၌ ရွှေမုဋ္ဌောတစ်ဆူ၊ စေတီလှတစ်ဆူ တည်ထားလေသည်။

မန်လည်ငါးမြို့ကို ပညာဝိမံသနကထာကျမ်း၌ (၁)အင်းတော် (၂)စင်းခေါင်း (၃)နန်ဘ (၄)ကွမ်းဘောင် (၅) နာသဲဟုပြ၍ ဇမ္ဗူဒီပဥဆောင်းကျမ်း၌ကား– (၁) နန်မား (၂) အင်းတော် (၃) ခင်လိန် (၄) ကွမ်းဘောင် (၅) ပင်သည်ဟူ၍ ဆိုလေသည်။ ပညာဝိမံသနကျမ်းအလို နာသဲဟူသည် ယခုအခေါ် "နန့်သဲ" ဖြစ်ဟန်ရှိ၍၊ ဇမ္ဗူဒီပဥဆောင်းကျမ်းအလို ပင်သည်ဆိုသည်မှာ ယခုပင်သချေကိုဆိုလိုဟန်ရှိသည်။ နန်ဘ၊ နန်းပါးကား ယခု "နဘား" ဖြစ်သည်။ ကျမ်းနှစ်စောင်လုံးတွင် "ကွမ်းဘောင်" ကို အညီအညွတ်ပြဆိုကြသည်။ ဓာတ်တော်နှစ်ဆူကို စေတီတော်နှစ်ဆူ တည်ထားကိုးကွယ်"ရွှေမုဋ္ဌောစေတီ" ကိုကွမ်းဘောင်၌တည်၍၊ "စေတီလှ" ကိုနံ့သဲရွာ၌တည်ထားကိုးကွယ်သည်။



ကွမ်းဘောင်မြို့ဟောင်းသည် ယခုအခါတွင် ကွမ်းဘောင်ရွာငယ်တစ်ရွာမျှသာဖြစ်ပြီး၊ ကွမ်းဘောင်ချောင်းပေါ်တွင် အေးချမ်းသာယာစွာ တည်ရှိပါသည်။ ကွမ်းဘောင်ချောင်းမှာ မဲဇာချောင်းအတွင်းသို့ စီးဝင်သည်။ သမိုင်းဝင်ရွှေမုဋ္ဌောစေတီတော်ကား ရွာဦးကွမ်းဘောင်ချောင်းဘေးတွင် တည်ရှိနေ၏။

ကွမ်းဘောင်ချောင်းသည် ထီးချိုင့်မြို့နယ်နှင့် အင်းတော်မြို့နယ်တို့၏ အစဖြစ်သော တောင်ကြားမှစတင်စီးဆင်းလာသော ချောင်းငယ်တစ်ခုဖြစ်၏။ ထိုချောင်းငယ်သည် အရှေ့ထက်ကံ့ကော်တောင်တန်း၊ အနောက်ဘက်မှ ကင်းစမ်းတောင်တန်းတို့၏ အကြားလွင်ပြင်ကိုဖြတ်၍ မဲဇာမြစ်အတွင်းသို့စီးဝင်သည်။

ထိုချောင်းငယ်၏ ဝဲယာတို့၌ ကျောက်ပေါက်ချောင်းရွာ၊ သဖန်းကိုင်းရွာ၊ လယ်မီးရွာ၊ ရွှေကျောင်းရွာ၊ ပဲခင်းရွာ၊ ကျောက်အိုက်ရွာ၊ ဗိုလ်ကုန်းရွာ၊ ကွမ်းတုံရွာ၊ ဓီးဖြူကျင်းရွာ၊ အင်းတိမ်ရွာ၊ လေသာကုန်းရွာ၊ အောင်သာကုန်းရွာများတည်ရှိသည်။

ထိုချောင်းသည် ကျဉ်းမြောင်းသော တောင်ကြားလွင်ပြင်ကို ဖြတ်ရသောကြောင့် ချောင်း၏အထက်ပိုင်း၌ စိုက်ပျိုးရေးအတွက် အလွန်အကျိုးမပြုနိုင်ချေ၊ ချောင်းအောက်ပိုင်းဖြစ်သော ဓီးဖြူကျင်း၊ အင်းတိမ်၊ လေသာကုန်းရွာတို့၌ကား၊ စိုက်ပျိုးမြေဧရိယာများများတွင် အတော်အတန် အကျိုးပြုလေသည်။

အကယ်၍ထိုချောင်းကိုလေသာနှင့် အလယ်တောအကြား သရက်ချောင်းဘက်ကို ဖြတ်ဆင်းစေ၍ ကြမ်းတပ်ကြီး၊ ကြမ်းတပ်ကလေး ချောင်းရိုးကလေးနှင့် ဆက်သွယ်နိုင်ပါမူ ထီးချိုင့်မြောက်ပြင်ကွင်းအတွက် အလွန် အကျိုးအများလာလိမ့်မည်ဟုယူဆမိပါသည်။

သက္ကရာဇ် (၇၇၈) ခုနှစ်တွင် ကသည်းပြည်ထကြွသောကြောင့် ဘုရင်မင်းခေါင်ကြီးက မိုးမိတ်စော်ဘွားကို ငါတူတော်ကသည်းသို့ ချီတက် နှိမ်နင်းရမည်ဟု ခန့်တော်မူသည်၊ ကိုးသိန်းသခင်က ညီတော်စော်ဘွား အငါ်ကိုဗိုလ်ပြု၍လွှတ်လိုက်သည်။ စော်ဘွားအငါ်သည် စစ်သည်အလုံး အရင်းဖြင့် ချီတက်လာပြီး၊ မြတောင်မြို့သို့ရောက်သောအခါ တပ်ချ၍ နေလေသည်။ ဆက်လက်၍ ချီတက်ရာ ဆင်ဖိုဆင်မ၊ ကွမ်းဘောင်၊ နဘား တိုင်ချို၍ နဘား၌ တပ်ချနေ၏။ တပ်ကြီးကိုလည်းခြိမ့်အောင်တည်လေ သည်။ ထို့နောက်စစ်ကဲကြီးများကို မော်လုံး၊ သောင်သွပ်ထိအောင် နောက်ပါအလုပ်သမားလူတစ်ရာဖြင့် ခရီးလမ်းကို ရှင်းလင်း၍ စစ်ကဲများ ဆောက်လုပ်ရမည်ဟုစေခိုင်းလိုက်သည်။

စော်ဘွားအငါ်တပ်ကြီး ချိမ့်ချိမ့်သဲမျှ ချီတက်လာကြောင်း သတင်းကြား၍ ကသည်းကလက်နက်ချသဖြင့် ပြေငြိမ်းသွားလေသည်။ စော်ဘွားအငါ်သည် ကသည်းပြည်ကို အေးချမ်းစွာအောင်မြင်၍ အင်တွဲအရပ်တွင် တစ်လခွဲကြာမျှတပ်တည်၍နေလေသည်။

ဤအကြောင်းကို ဘုရင်မင်းခေါင်ကြားသိတော်မူလျှင် အားရတော် မူလှ၍ ငါ၏တူတော်ငယ်လည်း အလွန်တစ်ရာအစွမ်းသတ္တိနှင့် ရဲရင့် သန်မြန်ပေသည်။ ဆင်ခြေရာ မြင်းခြေရာကျရာမာန်လည်ငါးရပ်ကို စားလေတော့ဟု ပေးအပ်သနားတော်မူလေသည်။

စောဘွားအငါ်သည် မန်လည်ငါးရပ်အပါအဝင် “ကွမ်းဘောင်”၌ နေထိုင်၍ နရသိခ်အမတ်တည်ထားသော ကွမ်းဘောင်ရွှေမုဋ္ဌောဘုရားကို အသစ်တစ်ဖန် မွမ်းမံတည်ထားပြီး ကွမ်းဘောင်ဘုရားတောင်၌လည်း စေတီပုထိုးများ တည်ထားလေသည်။

စေတီများ တည်ထားပြီးနောက်စစ်ကဲကြမ်း၊ စစ်ကဲနုတို့အား နှင်တို့ နှစ်ယောက်သည် ငါ့ဥစ္စာစောင့်လှပေသည်။ ငါ့ကျေးဇူးကို ခံယူတော့ဟု



မန်လည်ငါးရပ်ကို ပေးအပ်စီရင်စေ၍ မိမိမူကား မြတောင်မြို့သို့ သွားရောက်နေထိုင်လေသည်။စစ်ကဲကြမ်း၊ စစ်ကဲနု၊ သူရဲကောင်းနှစ်ဦး မန်လည်ငါးရပ်ကို ချီတက်စဉ် စစ်ကဲကြမ်းဘုရားကြီးကို တည်ထားခဲ့သည်။ (စစ်ကဲကြမ်းဘုရားကား ထီးချိုင့်မြောက်ပြင် ကျက်သရေချောင်းရွာနှင့် ပေါက်ကုန်းရွာအကြား၌ တည်ရှိသည်။)

ထို့ကြောင့်ထီးချိုင့်နယ်မြေသည် မဏိပူရကသည်းတို့စစ်ချီရာတွင် စစ်လမ်းကြောင်းဖြစ်ခဲ့ကြောင်း သမိုင်းအထောက်အထားများ ယနေ့တိုင် အခိုင်အမာတွေ့ရသည်။

ကွမ်းဘောင်အုပ်စုသည် ထီးချိုင့်မြို့နယ်အဆုံး အင်းတော်မြို့နယ် အစပ်တွင် တည်ရှိသည်။ ယခင်က ကွမ်းဘောင်အုပ်စုတွင် ကွမ်းဘောင်၊ ဆယ်လံ၊ လယ်မီး၊ ကျောက်ပေါက်ချောင်း၊ ကွမ်းဘူးတော၊ ဂဟဲ၊ လွင်ကြီး စသည့်ရွာများ ပါဝင်သည့် အုပ်စုကြီးတစ်ခုဖြစ်သည်။ မြန်မာနိုင်ငံတော် လွတ်လပ်ရေးရရှိပြီးနောက် ပြည်တွင်းသောင်းကျန်းသူများကြောင့် ကွမ်းဘူးတော၊ ဂဟဲနှင့် လွင်ကြီးရွာများပျက်စီးခဲ့ရသည်။ ရွာသူရွာသားများ လည်း ပြည်တွင်းသောင်းကျန်းမှုဒဏ်ကို ပြင်းပြင်းထန်ထန်ခံခဲ့ရသည်။

ကာလအားဖြင့် ၁၉၇၀– ပြည့်နှစ်ခန့်ကဖြစ်ပါသည်။ ပြည်တွင်း သောင်းကျန်းမှုဒဏ်သည် ကချင်ပြည်နယ်မှ ညီနောင်ဖွားသွေးချင်း လီဆူး တိုင်းရင်းသားများလည်း ခံစားခဲ့ရပါသည်။

မြန်မာတိုင်းရင်းသားများသည် မိမိတို့၏ ဇာတိချက်ကြွေ မွေးရပ်မြေ ကို ခင်တွယ်ကြသည်။ မိမိတို့၏ ဆွေမျိုးသားချင်းများကို ချစ်ခင်ကြသည်။ မိမိတို့၏ လယ်ယာများကို မြတ်နိုးကြသည်။

သို့သော် ပြည်တွင်းသောင်းကျန်းမှုဒဏ်ကြောင့် မိမိတို့ဇာတိ၊ ဆွေမျိုး၊ လယ်ယာကျွဲနွားများကို စွန့်လွှတ်ခဲ့ရသည်။ မိကွဲ ဖကွဲ ဆွေကွဲ မျိုးကွဲ ဖြစ်ခဲ့ရသည်။ မိမိတို့ဘဝလုံခြုံမှုရှိရာ၊ ရေကြည်ရာ မြက်နုရာသို့ ရှာဖွေခဲ့ကြရာ စစ်ကိုင်းတိုင်း ထီးချိုင့်မြို့နယ်အတွင်းသို့ ရောက်ရှိခဲ့ကြသည်။

ထိုစဉ် ထီးချိုင့်မြို့နယ်မှ တာဝန်ရှိသူ ဒေသဆိုင်ရာအာဏာပိုင်များက ညီနောင်သားချင်းလီဆူးတိုင်းရင်းသားတို့၏ ဘဝကို ကိုယ်ချင်းစာနာကြသည်၊ ညှာတာထောက်ထားကြသည်။ မိမိတို့သည်ပင်လျှင် ပြည်တွင်းသောင်းကျန်းမှုလက်အောက်မှ မကြာသေးမီကာလအတွင်းမှ လွတ်မြောက်ခဲ့ကြရသည်၊ ပြည်တွင်းသောင်းကျန်းမှုဒဏ်ကို ကိုယ်တိုင်ခံစားကြရသည်။ အညိုရောင်နယ်မြေမှ ပြည်တွင်းသောင်းကျန်းသူများချုပ်ငြိမ်းပြီး အဖြူရောင်နယ်မြေဖြစ်ခဲ့သည်မှာ မကြာလှသေး။

ယခင်သောင်းကျန်းမှုဒဏ်ကြောင့် ပျက်စီးခဲ့ရသည့် ကွမ်းဘူးတောနှင့် ဂဟဲရွာများကို ပြန်လည်တည်ဆောက်ရန် လိုအပ်လာသည်။ ထို့ကြောင့် လီဆူးတိုင်းရင်းသားများအား စံနစ်တစ်ကျ စီစစ်လက်ခံခဲ့သည်။ ရွာကွက်ရိုက်ပေးသည်။ လမ်းကျယ်ကြီးများ သတ်မှတ်ပေးသည်။ နောင်အနာဂတ်တွင် ကားသွားနိုင်ရန်အတွက်ပါ ကြိုတင်ပြင်ဆင်ခဲ့ သည်၊ တဲအိမ်များတန်းစီ၍ စနစ်တစ်ကျဆောက်လုပ်ပေးခဲ့သည်။ ဘုန်းတော်ကြီးကျောင်းများ၊ ဘုရားရှစ်ခိုးကျောင်းများ၊ မူလတန်းကျောင်းရာများသတ်မှတ်ပေးခဲ့ပြီး၊ မူလတန်းကျောင်းဆောက်လုပ်ခွင့်လှစ်ပေးခဲ့သည်၊ ယခင်က ပျက်စီးခဲ့သည့် လယ်ယာဟောင်းများကို တန်းစီဇယားဖြင့်ချထားပေးခဲ့သည်။ လူသစ်စိတ်သစ်ဖြင့် ရွာသစ်တည်၍ ပြည်သစ်ဆောက်ခဲ့သည်၊ အေးချမ်းသာယာစွာ နေထိုင်ကြပြီး အောင်မြင်တိုးတက်စေရန် ရည်ရွယ်၍ သွေးချင်းတို့၏ရွာကို "အောင်ချမ်းသာ" ဟုအမည်ပေးခဲ့ကြသည်၊

လီဆူးတိုင်းရင်းသားများသည် မူလကပင် ဖွဲ့လုံ့လဝီရိယရှိသူများဖြစ်ကြသည်။ လယ်ယာမြေကို ချစ်မြတ်နိုးကြသည်။ မြေယာများကကျယ်ပြောညီညာလှသည်။ ရာသီဥတုက မျှတကောင်းမွန်သည်။ ဒေသ



အေးချမ်းသည်။ ဂျီမနှင့် ပဲခင်းတော တွေ့ကြပြီ၊ တောင်ယာများကိုဆက်တိုက်ခုတ်ကြသည်။ စူးထိုးစိုက်ကြသည်။ တောင်ယာစနစ်မှလယ်ကွက်ယာကွက်များ ဖော်ထုတ်၍ စိုက်ပျိုးလာကြသည်၊ ကျွဲနွားများအသုံးပြုလာကြပြီး သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များ အသုံးပြုလာကြသည်။ အိမ်တိုင်းတွင် ကြက်ဝက်တစ်နိုင် မွေးမြူရေးရှိသည်။ တောင်ကျချောင်းရေများကို ဝါးဘိုးဝါးကြီးများဖြင့် အိမ်အရောက်သွယ်တန်းကြသည်။ သဘာဝအတိုင်း စီးဆင်းနေသည့် ချောင်းရေ၏အကူအညီဖြင့်ဆန်ဖွတ်သည်။ မောင်းထောင်းသည်။ ဆုံကြိတ်သည်။ ရေလွှဲဆည်များပြုလုပ်၍ လယ်ကွင်းယာကွင်းများဆီသို့ ပို့လွှတ်ပေးသည်။

အနှစ်နှစ်ဆယ်ကျော် သုံးဆယ်နီးပါး ကြာခဲ့ပါပြီ၊ လီဆူးတိုင်းရင်းသားသွေးချင်းများ၏ အောင်ချမ်းသာသို့ တာဝန်ဖြင့် ဒုတိယအကြိမ်ရောက်ခဲ့ရပြန်ပြီ။ အခြေအနေများမှာ အစစအရာရာ တိုးတက်ပြောင်းလဲ၍ နေချေပြီ၊

ယခင်ကမိုင်နှစ်ဆယ်ကျော်သုံးဆယ်ခရီး ခြေလျင်လမ်းမှတစ်ပါးအခြားမရှိ၊ ယခုအောင်ချမ်းသာအထိ ကားလမ်းပေါက်နေပြီ၊ ရွာအဝင်ခြံကျယ်ကြီးတွင် အုတ်နံကပ်ဘုရားကျောင်းကို ခံ့ခံ့ညားညားတည်ဆောက်ထားသည်။ ရွာတန်းရှည်ကြီးတွင်သ မိုးဖွေးဖွေးနှင့် အိမ်အတော်များများတွေ့ရသည်။ အချို့အိမ်ခေါင်မိုးများတွင် တီဗီအင်တာနာတိုင်များတွေ့ရသည်။ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို အောင်ချမ်းသာရွာတွင် လီဆူးတိုင်းရင်းသားများနှင့် အတူကြည့်ရှုခဲ့ရသည်။ လျှပ်စစ်ဓါတ်အား ရရှိရန်မျှော်လင့်နေကြသည်။ ရွာလယ်တွင် ဗီဒီယိုရုံနှင့် လက်ဖက်ရည်ဆိုင်ကုန်မျိုးစုံများရှိနေပြီး သမားရိုးကျလယ်ယာစိုက်ပျိုးရေးအပြင် ကျွဲကောရောက်၊ သံပုရာ၊ လိမ္မော်၊ စတားအေပရယ် စသည့်သီးနှံများ ခြံကျယ်ကြီးများဖြင့် စိုက်ပျိုးထားကြသည်။ သူတို့၏ စိုက်ပျိုးရေးလုပ်ငန်းများကို

လိုက်လံပြသကြသည်။ အောင်ချမ်းသာရွာ၏ လီဆူတိုင်းရင်းသား ကိုတုံးတားက –

"ဟောဒီမြောင်းကို တစ်ဖက်ပိတ်ပြီး ရေမြောင်းသွယ်ထားတယ်။ ဒီရေမြောင်းကစပါးစိုက်ဧရိယာဧကနှစ်ရာကျော်လောက် ရေသောက်နိုင်ပါတယ်။ ဒီမြောင်းကို ကျွန်တော်တစ်ဦးတည်း တူးဖော်ထားပါတယ်၊ ကျပ်ငါးသောင်းခန့်ကုန်ကျပါတယ်။ နောက်ပိုင်း ရွာသားတွေလဲ ထည့်ဝင်လာကြပါလိမ့်မယ်၊ မြောင်းကိုတိုးချဲ့ဖို့ စီစဉ်ထားပါတယ်"

ကိုတုံးတားက သူ၏ ရေမြောင်းနှင့် စိုက်ကွင်းကိုလိုက်လံ ပြသသည်။

"သမားရိုးကျသီးနှံများအပြင် အခြားသီးနှံများစိုက်ပျိုးရန် အစီအစဉ်ရှိပါသလား၊ "ရှိပါတယ်၊ လိမ္မော်ပင်မျိုးငါးရာ ပျိုးထားပါတယ်။"ဒီဒေသ ရာသီဥတုဟာ ကျွန်တော်တို့နေထိုင်ခဲ့တဲ့မြစ်ကြီးနား၊ ဝိုင်းမော်ရာသီဥတုနဲ့ တူပါတယ်၊ ဒါကြောင့် လိမ္မော်နဲ့စတားအေပရယ်များ ဖြစ်ထွန်း အောင်မြင်ပါတယ်"။

ကျွန်တော်တို့၏ အဖွဲ့ခေါင်းဆောင်မှာ စစ်ဆင်ရေးကာလအတွင်း ကချင်ပြည်နယ်ဝိုင်းမော်မြို့နယ်တွင် အချိန်ကြာမြင့်စွာ တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပါသည်။ ယခုအခါ မမျှော်လင့်ဘဲ ထီးချိုင့်မြို့နယ်တွင် ဝိုင်းမော်မြို့နယ်မှ လီဆူးတိုင်းရင်းသားများနှင့် တွေ့ဆုံရသည့်အခါ အံ့သြဝမ်းသာဖြစ်နေ၏။ နှစ်ပေါင်းများစွာ ကွဲကွာနေသည့် ညီအစ်ကို မောင်နှမရင်းချာများ ပြန်တွေ့ဆုံရသကဲ့သို့ စကားလက်ဆုံ ပြောမကုန် ဖြစ်နေကြသည်။ ပုဂ္ဂိုလ်ရေး ရင်းနှီးမှုကြောင့် ကျွန်တော်တို့၏လုပ်ငန်းတာဝန်များ ပိုမိုအောင်မြင်ခဲ့ပါသည်။



"လိမ္မော်နဲ့စတားအေပရယ်ပင်တွေမြင်တော့ ကချင်ပြည်နယ်ကို သတိရတယ်ဗျာ၊ ရေမြေရာသီဥတုဟာ ကချင်ပြည်နယ်နဲ့ တူနိုင်တယ်။ သီးနှံတွေအများဆုံး ထွက်အောင်စိုက်ကြပါ။ ထုတ်ကုန်တွေ ပေါများ လာရင် ခင်ဗျားတို့ဝင်းခြံထဲ ကုန်တင်ကားတွေ ရောက်ရှိလာပါလိမ့်မယ်။ ကျွန်တော်ပင်စင် ယူပြီး ဒီဒေသမှာ ခင်ဗျားတို့နဲ့အတူလိမ္မော်ခြံ တည်ချင်စိတ်ပေါက်လာပြီဗျာ။"

အောင်ချမ်းသာရွာသည်ထီးချိုင့်နှင့် အင်းတော်မြို့များနှင့် မိုင်နှစ်ဆယ်ကျော် သုံးဆယ်နီးပါး ခြေလျင်ခရီးသွားမှရောက်ရှိသည်။ ယခုအခါမူ ရွှေဘို– မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီးနှင့် ငါးမိုင်မျှသာ ဝေးတော့သည်။ ဈေးကွက်သို့ အချိန်တိုအတွင်းရောက်ရှိနိုင်သည်။ ကျေးရွာဝန်းကျင် ခြံဝင်းကျယ်ကြီးများကို လှည့်လည်ကြည့်ရှုနေစဉ် လီဆူးတိုင်းရင်းသူတစ်ဦး ထမ်းတောင်းများနှင့် တွေ့ရသည်။ သံပုရာသီးအပြည့်ပါသည့် ထမ်းတောင်းများဖြစ်၏။

"အမေဘယ်ဆီသွားရောင်းမလဲ"

"အင်းတော်ကိုသွားမယ်"

"ခရီးအဝေးကြီး၊ အချိန်မီရောက်ပါ့မလား"

"တဖြည်းဖြည်းသွားရင် ညနေရောက်ပါတယ်၊ နံနက်ဈေးမီပါတ ယ်"

အောင်ချမ်းသာရွာနှစ်ရွာအကြားစာသင်ကျောင်းတွင် အစည်းအဝေးပြုလုပ်ကြ၏။ လျင်မြန်စွာတိုးတက်ပြောင်းလဲလာသည့် လူဦးရေနှင့် အိမ်ထောင်စုများကြောင့် အောင်ချမ်းသာ (၁) နှင့် အောင်ချမ်းသာ (၂) ဟူ၍ နှစ်ရွာတည်ထောင်ထားရသည်။ နှစ်ရွာအကြား စမ်းချောင်းငယ်လေးခြားထားသည်။

"ဆရာကြီးကဒီရွာဇာတိလား"

"မဟုတ်ပါဘူး၊ စစ်ကိုင်းခရိုင်မြောင်နယ်ကပါ"

"အိမ်ထောင်ရှိပြီလား"

"ဟုတ်ကဲ့၊ ဒီရွာမှာပဲ လီဆူးတိုင်းရင်းသူတစ်ဦးနဲ့ အိမ်ထောင်ပြုပါတယ်"

"ကိုယ့်ဒေသပြန်ဖို့ အစီအစဉ်ရှိပါသလား"

"မပြန်တော့ပါဘူး၊ ဒီရွာမှာဇနီးမယား၊ သမီးသားတွေနဲ့ပြည့်ပြည့်စုံစုံဖြစ်နေပါပြီ၊ ယောက္ခမကြီးကလယ်တစ်စား၊ ကျွဲတစ်ရှဉ်း၊ ဝက်တစ်ကောင်၊ ကြက်တစ်အုပ်လက်ဖွဲ့လိုက်တဲ့အတွက် စားရေးဝတ်ရေးလဲ ဖူလုံပါတယ်"

"ဆရာမလဲကိုယ့်ဒေသပြန်ဖို့ အစီအစဉ်များ ရှိပါသလား"

"ဆရာကြီးအတိုင်းပါပဲ"

တိုင်းရင်းသားညီနောင်ဘွားလီဆူးများက စိုက်ပျိုးရေးကုန်ထုတ်လုပ်ငန်းကို အားသွန်ခွန်စိုက်လုပ်ကိုင်နေကြသည်။ တောင်ယာစနစ်မှ ကျွဲနွားများဖြင့် လယ်ကွင်းပြင်တွင်ထွန်ရေးဝင်နေကြသည်။ လက်မှုလယ်ယာမှစက်မှုလယ်ယာသို့ ကူးပြောင်းရန်ကြိုးစားနေကြသည်။ ရေစုပ်စက်၊ လယ်ထွန်စက်၊ စပါးကြိတ်ခွဲစက်များ ရွာထဲတွင် တွေ့မြင်ခဲ့ရသည်။ စိုက်ပျိုးရေးယာက်မွေးမြူဖက်၍ လူ့ဘောင်သစ်သို့ ချီတက်နေကြပြီ၊ တိုင်းပြည် တည်ငြိမ်အေးချမ်းသာယာမှု၏ ရလဒ်ကို လီဆူးတိုင်းရင်းသားများ အပြည့်အဝခံစားနေကြသည်။ လီဆူးတိုင်းရင်းသားသွေးချင်းတို့၏ အောင်ချမ်းသာသို့ နောက်တစ်ခေါက်ပြန်လည်ရောက်ရှိမည်ဆိုလျှင်—

## အလှတိုးသည့် ထီးချိုင့်နယ်မြေ

ရွှေကဲ့ကော်တောင်ကြီးက
ကာဆီးလို့ရှေ့ရပ်ဆီ
အနောက်မှာ မင်းဝံနန်း
မှောင်သန်းလို့ရှိ။
မြမင်းဝံ ရှေ့ကမ်းပါးမှာတော့
ရွှေလျှား ဓာနဒီ
သာညီတဲ့စခန်း။
တစ်ခါရောက်
တစ်ခေါက် မပြန်ချင်တဲ့
သံချိုလွင် အဆိုတေးတွေနဲ့
ပျိုလေးတွေ လယ်ယာပျော်တဲ့
နယ်အကျော် ထီးချိုင့်ကွင်းကို
မင်းမြင်လှည့်စမ်း ။

နိုင်ငံတော်သြဝါဒါစရိယ မြန်မာစာသြဝါဒါစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ တည်တောဆရာတော်ဘုရားကြီး (ထီးချိုင့်နတ်စိုး) ၏ထီးချိုင့်ဖိတ်ခေါ် သံကဗျာ၏ ပထမအပိုဒ်ဖြစ်ပါသည်။

ထီးချိုင့်နယ်မြေသည် အရှေ့ဘက်နှင့် မြောက်ဘက်တွင် ကဲ့ကော်တောင်တန်း၊ အနောက်ဘက်တွင်မင်းဝံတောင်တန်းနှင့် မဲဇာမြစ်၊ တောင်ဘက်တွင် ဧရာဝတီမြစ်ကြီးကာဆီးလျှက်ရှိပါသည်။ မြစ်၊ ချောင်း၊

အင်း၊ အိုင်၊ တောတောင်များထူထပ်စွာကာဆီးထားသဖြင့် ခရီးလမ်းဆက်သွယ်ရေး ခက်ခဲပြီး ပတ်ဝန်းကျင်နှင့်အဆက်အသွယ်ပြတ်တောက်နေသည့်နယ်မြေဖြစ်ပါသည်။သို့ကြောင့်လည်း မြန်မာဘုရင်များလက်ထက်က မင်းပြစ်မင်းဒဏ်သင့်သူများအား ပို့လွှတ်ရာ ရာဇဒဏ်မြေအဖြစ်သတ်မှတ်ခြင်းခံခဲ့ရသည်။

"တစ်ကျွန်းလောက်ပင်ဝေးမည်ထင်ခဲ့ စီးသွင်ညိုရစ်မဲဇာမြစ်လည်း တစ်တစ်ထွန်းဘိ ချုံအတိနှင့် တောကြီးဆိတ်သုံ့၊ ဆီကျုံကျုံငယ် ငုဝံမပေါ် မမျှော်ပါရ နေကိုတလည်း ဘယ်ကရှေ့နောက် ဘယ်တောင်မြောက်ဟု တွေးထောက်မမှန်" လက်ဝဲသုန္ဒရအမတ်ကြီး မဲဇာသစ်တောရောက်စဉ်က မြစ်မဲဇာဝဲယာသည် နေအရောင်ပင်မထိုးနိုင်လောက်အောင် သစ်တောဝါးတောကြီးများ အုပ်ဆိုင်းကာ မိုးလျှက်ရှိကြောင်း ထိုပြင်–

"လေလည်းရောရာ မိုးမပါဘဲ သံဝါဖျောက်ဖျောက် ဆီးနှင်းပေါက်လည်းမိုးလောက်ပြင်းထန်" ဟူ၍လည်းကောင်း၊ "ကြည့်ရှုလေရာ ကြောက်ဖွယ်သာတည့်၊ ပြာပြာလွလွမှိုင်းပြမှောင်မှောင် တောနှင့်တောင်" ဟူ၍လည်းကောင်း စပ်ဆိုထားသည်။ ရတု၊ ကဗျာတို့၏ သဘောဇာတိကို စပ်ဆိုသူ၏ စိတ်နှလုံးကဖန်တီးပေး၏။ စာဆိုသူ၏ စိတ်နှလုံးသည် ကြိမ်မီးအုံးသကဲ့သို့ပူပန်သောကရောက်နေသောအချိန်၌ စပ်ဆိုသောကဗျာဖြစ်လျှင် ထိုကဗျာတွင် ဂရုဏာရသအဖွဲ့များကိုလည်း တွေ့ရတတ်သည်။ အမတ်ကြီး၏ နှလုံးသားမှပွင့်ထွက်လာသည့် ရေးသားသီကုံးမှုကြောင့်လည်း "မဲဇာ" သည်သမိုင်းတွင်မှတ်တမ်းတစ်ခုအဖြစ် ထင်ကျန်ရစ်ခဲ့သည်။ ယင်း"မဲဇာ" သည်ထီးချိုင့်မြို့နယ်အတွင်းရှိပြီး ထီးချိုင့်မြို့နှင့် ရှစ်မိုင်ခန့်သာကွာဝေးပါသည်။



မြန်မာဘုရင်များ အုပ်စိုးသည့်ခေတ်ကုန်ဆုံးပြီးနောက် နယ်ချဲ့တိုင်းတစ်ပါးသားများအုပ်စိုးမှုအောက်တွင် မဲဇာဒေသသည် သူ့ကျွန်အဖြစ်နှံ့နစ်ခဲ့ရသည်။ မြန်မာနိုင်ငံလွတ်လပ်ရေးရရှိသော်လည်း လွတ်လပ်ရေး၏အရသာကိုမဲဇာသားတို့ အပြည့်အဝမခံစားရပေ။ ပြည်တွင်းသောင်းကျန်းသူများသည် မင်းဝံတောင်ကျောနှင့် မဲဇာမြစ်ဝဲယာတို့တွင် အခြေစိုက်ခဲ့ကြသည်။ သောင်းကျန်းမှုဒဏ်ကို ခါးသည်းစွာခံစားခဲ့ရသည်။ ဖွံ့ဖြိုးတိုးတက်မှုများစွာ နောက်ကျခဲ့ရသည်။

နယ်မြေဒေသတစ်ခု၏ ဖွံ့ဖြိုးတိုးတက်မှုသည် ခရီးလမ်းပန်းပေါ်တွင်တည်မှီလျှက်ရှိသည်။ ထီးချိုင့်မြို့နယ်သည် တောင်ပတ်လည်ဝိုင်းကာထားသဖြင့် ဧရာဝတီရေလမ်းတစ်ခုတည်းကိုသာ အားကိုးအားထားပြု၍ ခရီးသွားလာနေကြသည်။ ဘိုးဘွားမိဘများလက်ထက်က ရွက်လှေကြီးများဖြင့် စုန်ဆန်သွားလာခဲ့ကြရာ မန္တလေးနှင့် အညာတစ်လခန့်ကြာ၏။ ကျွန်တော်တို့ငယ်စဉ်က မန္တလေး– ဗန်းမော်သင်္ဘော ရက်သတ္တတစ်ပတ်လျှင်တစ်ကြိမ်မျှသာရှိခဲ့၏။ အထက်အညာကျေးရွာနေ ပြည်သူများမန္တလေးရောက်ဖူးသူ အလွန်ရှားသည်။

ထီးချိုင့်မြို့နယ်၏ ဖွံ့ဖြိုးတိုးတက်မှုကို ရွှေဘို– မြစ်ကြီးနားပြည်ထောင်စုလမ်းမကြီးဖြင့် စတင်ခဲ့သည်ဟုဆိုရပေမည်။ ထိုလမ်းမကြီးသည် အင်းတော်မြို့နယ်အတွင်း မဲဇာမြစ်ကျဉ်းကို ခိုင်ခံ့သော ကြိုးတံတားကြီးဖြင့် ဖြတ်ကူးဆောက်လုပ်ခဲ့သည်။ ထိုတံတားကြီးကို နိုင်ငံတော်မှ ကျပ်ငွေ ၄၅ သိန်းအကုန်အကျခံ၍ မြန်မာအင်ဂျင်နီယာများဖြင့် လုပသေသပ်စွာ ဆောက်လုပ်ခဲ့သည်။ ထိုမဟာဗျူဟာလမ်း (ပြည်ထောင်စုလမ်းမကြီး) သည်ထီးချိုင့်မြို့မှ မိုင် ၂၀ ခန့်သာကွာဝေးသည်။ ထီးချိုင့်မြို့မှ ထိုလမ်းမကြီးသို့ ဆက်သွယ်မိလျှင် အထက်အောက် မြန်မာနိုင်ငံ တစ်နံတစ်လျား မော်တော်ကားများဖြင့် လျင်မြန်စွာ ခရီးဆက်နိုင်ပေမည်။

ပြည်ထောင်စုလမ်းမကြီးနှင့် ထီးချိုင့်မြို့ဧရာဝတီမြစ်ဆိပ်သို့ တိုက်ရိုက်ဖောက်လုပ်ထားသည့်မဲဇာ– ထီးချိုင့်လမ်းကို ဝန်ကြီးအဖွဲ့၏ (၃/၁၁၇) ကြိမ်မြောက် အစည်းအဝေးမှ ဆုံးဖြတ်ချက်ချခဲ့သည်။ ယင်းစီမံကိန်းအား ၉– ၄– ၈၅ ရက်နေ့တွင် အတည်ပြုခဲ့ပြီး ၁– ၁၀– ၈၅ ရက်နေ့တွင် စာချုပ်ချုပ်ဆိုခဲ့ပါသည်။ ထောက်ပံ့သည့်အဖွဲ့အစည်းမှာ ကမ္ဘာ့ဘဏ်ဖြစ်ပါသည်။ သစ်သယ်ယူပို့ဆောင်ရေးအတွက် ကမ္ဘာ့ဘဏ်မှချေးငွေမှာ ၂၂ ဒသမ ၁၃ သန်းနှင့် မြန်မာနိုင်ငံအစိုးရထည့်ငွေမှာ ၁၀၅ ဒသမ ၉၄၁ သန်း ဖြစ်သည်။ လမ်းအရှည်မှာ ၂၀ မိုင် ၂ဖာလုံဖြစ်ပြီး လမ်းအကျယ်မှာလမ်းဧရိယာ ၁၀၀ ပေဖြစ်ပြီး၊ ကတ္တရာခင်းခြင်းမှာ ၁၆ လဖြစ်ပါသည်။

ယခုအခါမန္တလေးနှင့်ထီးချိုင့် အဝေးပြေးကားများ တိုက်ရိုက်ပြေးဆွဲလျက်ရှိပါသည်။ ရွှေထီးမန်းကားသင်း၊ ရွှေခြင်္သေ့ကားသင်းများမှ ဗင်ကားများ၊ မှန်လုံကားကြီးများ၊ ဟိုင်းလပ်ကားများ နေ့စဉ်ပြေးဆွဲလျက်ရှိသည်။

စပါးစိုက်ပျိုးမှု ထုတ်လုပ်မှုအပြည့်အဝအောင်မြင်စေရန်အတွက် ရေရရှိရေးသည်အဓိက ဖြစ်သည်။ ရေကိုနည်းလမ်းမျိုးစုံဖြင့် ရှာဖွေလျက်ရှိသည်။ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနသည် ရေရရှိရေးကို နည်းလမ်းငါးသွယ်ဖြင့် ကြံဆဖော်ထုတ်လျက်ရှိသည်။ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းဦးစီးဌာနတို့ပူးပေါင်း၍ နွေစပါး စိုက်ပျိုးရန်အတွက် ထီးချိုင့်မြို့နယ် မဲဇာချောင်းတွင် ဇက်တာပန့်ရေစုပ်စက်ကြီး လေးလုံးဖြင့် မဲဇာချောင်းမှ ရေကိုစုပ်၍ နွေစပါးနှင့် အခြားသီးနှံများ စိုက်ပျိုးလျက်ရှိပါသည်။



- မိုးအခါဝယ် ရေသွင်းလို့
  လယ်ကွင်းက မြသဏ္ဍာန်
  ဆောင်းအခါ ရွှေရည်လူးတယ်
  ခူး ရိတ်ကြပြန်။
  ကောက်ပြီးလျှင် မြေပဲနှင့်
  မစဲဘူး ပြန်အလှန်
  နိုင်ငံတော်သာရေး၏
  သည်ကွင်းရယ် သည်မြေက
  သည်လူတွေ သည်ခေတ်မှာ
  အားသစ်ဖို့ကျွေး ။
- မြစ်မဲဇာ ဝဲယာကမ်းမှာတော့
  ရှူဝမ်းကြ ဆန်းတကြယ်
  ပွင့်နေကြာ ရွှေရောင်လင်းတယ်
  ဝင်း ထိန်လို့ကွယ် ။
  တစ်ပွင့်လျှင် ပေမကပေဘူး
  ဧရာမ အံ့စဖွယ်
  မြန်တနယ်အကျိုး ။
  သီးညှပ်ကယ် သီးထပ်နှင့်
  သီးမလပ် မြေပေါက်ပင်ငယ်
  ရွှေမြောက်ပြင် ဝေဆာလို့
  ပဒေသာ မြေမှာခတယ်
  ကွင်း အလှတိုး ။